ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)

ဗုဒ္ဓယဉ်ကျေးမှု

# မြန်မာ့ဓလေ့ပွဲတော်များ

ဒုတိယအကြိမ်



အလင်းသစ်
စာပေ
(၂၀၀၇ ခုနှစ်တွင် တည်ထောင်သည်)

- အလှူအားလုံးတွင် တရားအလှူ၊ ပညာအလှူ ဝမှါနေသည် အမြတ်ဆုံးဖြစ်၏။

(မြတ်ဗုဒ္ဓ)

- စကြဝဠာအပြည့် ထိုင်နေတော်မူကြသော ဘုရားသင်္ဃာ ဗုဒ္ဓရဟန္တာတို့အား ပစ္စည်းလေးပါး ပေးလှူခြင်းထက် လေးပါဒရှိသော ဂါထာတစ်ပုဒ်ကို ဟောပြောပို့ချ ကြားစေခြင်းက ပိုမြတ်၏။

(အရှင်မဟာဗုဒ္ဓဃောသ)

အလင်းသစ်စာစဉ် - (၁၃၀)

# ဗုဒ္ဓယဉ်ကျေးမှု
# မြန်မာ့ဓလေ့ ပွဲတော်များ

ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)

မူပိုင် ဗုဒ္ဓစာပေအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပုံနှိပ်သည်။

- အလှူအားလုံးတွင် တရားအလှူ၊ ပညာအလှူ မှုသာနေသည် အမြတ်ဆုံးဖြစ်၏။

(မြတ်စွာ)

- ကြွဝင်္ကာအပြည့် ထိုင်နေတော်မူကြသော ဘုရားသခင်ကား ဗုဒ္ဓရဟန္တာတို့အား ပစ္စည်း လေးပါး ပေးလှူရခြင်းထက် လေးပါဒရှိသော ဂါထာတစ်ပုဒ်ကို ဟောပြောပို့ချ ကြားရာ ရခြင်းက ပိုမြတ်၏။

(အရှင်မဟာဗုဒ္ဓယောသ)

အလင်းသစ်စာစဉ် - (၁၃၀)

# ဗုဒ္ဓယဉ်ကျေးမှု
# မြန်မာ့ဓလေ့ ပွဲတော်များ

## ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)

မူပိုင် ဗုဒ္ဓစာပေအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပုံနှိပ်သည်။

အမှတ် ၂၈၀၂၉
ရက်စွဲ ၈.၁၀.၁၂

**ပုံနှိပ်မှတ်တမ်း**

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (ဒုတိယအကြိမ်)

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၃၅၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၄၂၄၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၂၉၅၀၄၁၂

ဦးဉာဏ်အောင်၊ အလင်းသစ်စာပေ၊ အခန်း(၆၀၁)၊ အမှတ်(၁၇)၊ ၅၂-လမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေသည်။ မျက်နှာဖုံးဖလင်-Eagle၊ မျက်နှာဖုံးဒီဇိုင်း-ဗကျီလင်းဝဏ္ဏ၊ အတွင်းဖလင်-အောင်ဇော်(ပုံရိပ်ရှင်)၊ ကွန်ပျူတာစာစီ- အလင်းသစ်၊ အဖုံးနှင့်အတွင်းစာသား-ကာလာဖုန်ပုံနှိပ်တိုက်၊ အမှတ်(၁၈၄)၊ ၃၁ လမ်း၊ ရန်ကုန်မြို့တွင်ပုံနှိပ်၍ မျိုးမျိုးစာအုပ်ချုပ်လုပ်ငန်းတွင် စာအုပ်ချုပ်သည်။

အလင်းသစ်စာပေ
အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၈၇၀၃၈၄၈ က ထုတ်လုပ်ဖြန့်ချိသည်။

၂၉၄.၃
အေးနိုင်၊ ဦး၊ မွှာစရိယ(ဘီအေ)
ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ခလေ့ပွဲတော်များ။
မွှာစရိယဦးအေးနိုင်(ဘီအေ)၊ - ရန်ကုန်၊
အလင်းသစ်စာပေ၊ ၂၀၁၂ ။
၃၂၀ - စာ၊ ၁၃ × ၂၀.၅ စင်တီ။
(၁) ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ခလေ့ပွဲတော်များ

# မာတိကာ


– ကျမ်းဦးနိဒါန်း ..... ၁၅

**နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲ**

၁။ ဗုဒ္ဓယဉ်ကျေးမှု ..... ၁၉
၂။ သမ္ဗုဒ္ဓေဂါထာနှင့် ဂေါတမဘုရားလောင်း ..... ၂၀
၃။ အပါဒါန် ပါဠိတော်နှင့် သောတတ္ထကီကျမ်း ..... ၂၁
၄။ ဗျာဒိတ်ဆိုသည်မှာ ..... ၂၃
၅။ ဘုရားရှင်များနှင့် ဗျာဒိတ်တော် ..... ၂၄
၆။ နှစ်ကျိပ်ရှစ်ဆူဘုရားများ ..... ၂၅
၇။ တဏှင်္ကရာဘုရား ..... ၂၇
၈။ မေဓင်္ကရာဘုရား ..... ၂၈
၉။ သရဏင်္ကရာဘုရား ..... ၂၈
၁၀။ ပူဇော်ပွဲ စတင်ခဲ့သည့်ခေတ် ..... ၂၈
၁၁။ ရန်ကုန်မြို့မှ လေးမြို့နယ် နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲ ..... ၂၉

**ဘုရားအနေကဇာတင်ပွဲ**

၁။ အနေကဇာတင်ဆိုသည်မှာ ..... ၃၃
၂။ အနေကဇာတင်ပွဲ ဖြစ်ပေါ်လာပုံ ..... ၃၄
၃။ ထိုပွဲစတင်ပေါ်လာသည့်ခေတ် ..... ၄၀
၄။ အနေကဇာတင်လှေ့ရှိသော စေတီ ..... ၄၁
၅။ ဘုရားအနေကဇာတင် ဆင်ယင်ကျင်းပပုံ ..... ၄၃
၆။ ဘုရားအနေကဇာတင်ခြင်း အကျိုး ..... ၄၅

၇။ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား ..... ၄၇

## ဘုရားကိုးဆူ ပူဇော်ပွဲ

၁။ ဘုရားကိုးဆူဆိုသည်မှာ ..... ၅၃
၂။ ဘုရားကိုးဆူ ပူဇော်ပွဲအစ အာယုဝဍ္ဎနက ..... ၅၅
၃။ မြန်မာနိုင်ငံနှင့် ဘုရားကိုးဆူ ပူဇော်ပွဲ ..... ၅၉
၄။ ပူဇော်ပွဲ ကျင်းပပုံ ..... ၆၁
၅။ ပူဇော်ပွဲနှင့် အကျိုးအမြတ် ..... ၆၅

## ရှင်ဥပဂုတ် ပူဇော်ပွဲ

၁။ ရှင်ဥပဂုတ်ဆိုသည်မှာ ..... ၆၉
၂။ ဘိုးတော်ဘုရားလက်ထက်က ပြဿနာ ..... ၇၀
၃။ ရှင်ဥပဂုတ်နှင့် ရှင်လေးပါး ..... ၇၁
၄။ ဆရာတော်ကြီးများ၏ သဘောထားယူဆချက် ..... ၇၃
၅။ ဝဇီရဗုဒ္ဓိဋီကာကျမ်းအဆို ..... ၇၄
၆။ လောကပညတ္တိကျမ်းနှင့် ဒိဗျာဝဒါနသက္ကတကျမ်း ..... ၇၄
၇။ ရှင်ဥပဂုတ် အမှန်တကယ်ရှိခဲ့သလား ..... ၇၅
၈။ လောကပညတ္တိကျမ်းနှင့် ရှင်ဥပဂုတ် ..... ၇၇
၉။ မှန်နန်းမှတ်ချက်နှင့် ပညာရှင်များအမြင် ..... ၇၈
၁၀။ ရှင်ဥပဂုတ် သက်တော်ထင်ရှား ရှိသေးသလား ..... ၈၀
၁၁။ အရှင်ဥပဂုတ် ပူဇော်ပွဲ ..... ၈၃

## အာစရိယပူဇော်ပွဲ

၁။ အာစရိယဆိုသည်မှာ ..... ၈၇
၂။ ဆရာအမျိုးမျိုး ..... ၈၈
၃။ ဆရာကျင့်ဝတ်နှင့် ဂုဏ်အင်္ဂါ ..... ၈၉
၄။ ဆရာအရေးကြီးပုံ ..... ၉၁
၅။ ဆရာ့ကျေးဇူး ..... ၉၄
၆။ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ..... ၉၅
၇။ အာစရိယပူဇော်ပွဲအစ စူဠသူဌေးတပည့်က ..... ၉၈

၈။ ပူဇော်ပွဲဓလေ့နှင့် မြန်မာနိုင်ငံ ..... ၁၀၀
၉။ ပူဇော်ပွဲ ကျင်းပပုံ ..... ၁၀၁
၁၀။ ရှိခိုးကန်တော့နည်း ..... ၁၀၂
၁၁။ ပူဇော်ပုံ ပူဇော်နည်း ..... ၁၀၃
၁၂။ ပူဇော်ပွဲ အကျိုးအမြတ် ..... ၁၀၄

**သီတင်းကျွတ် သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲ**

၁။ ပူဇော်ပွဲ အစဉ်အလာ ..... ၁၀၆
၂။ မြန်မာဘုရင်တို့ ကန်တော့ခံပွဲ ..... ၁၀၈
၃။ လုပ်သားပြည်သူတို့၏ ဝါကျွတ်ကန်တော့ပွဲ ..... ၁၁၀
၄။ ပူဇော်ပုံ ပူဇော်နည်း နှစ်မျိုး ..... ၁၁၀
၅။ အကောင်းဆုံး ပူဇော်ခြင်း ..... ၁၁၁
၆။ ဘုရားချီးမွမ်းခံရသူများ ..... ၁၁၂
၇။ အကျိုးရှိသော ပူဇော်ကန်တော့နည်း ..... ၁၁၃
၈။ ပူဇော်ခြင်းအကျိုး ..... ၁၁၆
၉။ အပြစ်ပပျောက်စေနိုင်သည့် ဓလေ့ကောင်း ..... ၁၁၈

**အသံမစဲ ပဋ္ဌာန်းရွတ်ဆို ပူဇော်ပွဲ**

၁။ ပဋ္ဌာန်းဆိုတာဘာလဲ ..... ၁၂၁
၂။ ပဋ္ဌာန်းအမည်ရပုံ ..... ၁၂၁
၃။ အနန္တနယသမန္တ ပဋ္ဌာန်းကျမ်း ..... ၁၂၃
၄။ နက်နဲ ကြီးကျယ် ကျမ်းပင်လယ် ..... ၁၂၄
၅။ ပဋ္ဌာန်းတရားတော်နှင့် သဗ္ဗညုတဉာဏ်တော် ..... ၁၂၆
၆။ ပဋ္ဌာန်းတရားနှင့် ဗုဒ္ဓဘာသာဝင်များ ..... ၁၂၇
၇။ ညောင်ရမ်းခေတ်က ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲ ..... ၁၂၉
၈။ ဆဋ္ဌသင်္ဂါယနာနှင့် အသံမစဲ ပဋ္ဌာန်းရွတ်ပွဲ ..... ၁၃၀
၉။ အသံမစဲ ရွတ်ဆိုပူဇော်ကြပုံ ..... ၁၃၂
၁၀။ ပူဇော်ပွဲ ကျင်းပပုံ ..... ၁၃၅
၁၁။ ပူဇော်ပွဲ၏အကျိုး ..... ၁၃၅

## ပရိတ်တရားတော် ရွတ်ဖတ်နာယူပွဲ


၁။ ပရိတ်တရားဆိုသည်မှာ ..... ၁၃၇
၂။ ဘုရားမပွင့်မီက ပရိတ်ရွတ်မှု အစဉ်အလာ ..... ၁၃၉
၃။ ဗုဒ္ဓလက်ထက်က ပရိတ်ရွတ်ဆိုမှုများ ..... ၁၄၁
၄။ မိလိန္ဒမင်းကြီးတို့ခေတ် ပရိတ်ရွတ်ဆိုခြင်း အလေ့အထ ..... ၁၄၅
၅။ ရှင်မဟာဗုဒ္ဓဃောသခေတ် သီရိလင်္ကာ၌ ပရိတ်ရွတ်ခြင်း အလေ့အထ ..... ၁၄၆
၆။ ပရိတ်ရွတ်ဖတ်နာယူမှုနှင့် မြန်မာနိုင်ငံ ..... ၁၄၇
၇။ မျက်မှောက်ခေတ် ပရိတ်ရွတ်ဖတ် နာယူပွဲ ..... ၁၅၀
၈။ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည် ..... ၁၅၁
၉။ ပရိတ်ရွတ်ဖတ် နာယူရကျိုး ..... ၁၅၃
၁၀။ ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်အင်္ဂါလေးပါး ..... ၁၅၆
၁၁။ ပရိတ်နာယူသော ပုဂ္ဂိုလ်အင်္ဂါလေးပါး ..... ၁၅၇
၁၂။ ပရိတ်တရားတော်၏ အာဏာစက်တန်ခိုး ..... ၁၅၈


## ဆွမ်းသွတ်တရား နာယူပွဲ


၁။ ဆွမ်းစဉ်ပွဲ ..... ၁၆၁
၂။ သပိတ်သွတ် တရားနာယူပွဲ ..... ၁၆၁
၃။ ဆွမ်းသွတ် တရားနာပွဲ ..... ၁၆၂
၄။ သရဏဂုံတင်ပွဲ ..... ၁၆၃
၅။ ဇာဏုသောဏိသုတ် ..... ၁၆၅
၆။ ပရဒတ္တူပ ဇီဝိက ပြိတ္တာမျိုးသာ ..... ၁၆၆
၇။ စူဠသေဋ္ဌိပေတဝတ္ထု ..... ၁၆၇
၈။ အကျိုးဖြစ်နိုင်သော အင်္ဂါသုံးရပ် ..... ၁၆၈
၉။ တိရောကုဋ္ဋပေတဝတ္ထု ..... ၁၇၀


## ဆွမ်းတော်ကြီး လောင်းလှူပွဲ


၁။ ဆွမ်းတော်ကြီး လောင်းလှူပွဲ ဆိုသည်မှာ ..... ၁၇၅

၂။ သံဃဒါန ဆွမ်းတော်ကြီး လောင်းလှူပွဲ ..... ၁၇၆
၃။ သံဃိကဒါန အကျိုးကြီးပုံ ..... ၁၇၆
၄။ ဘုရားရှင်လက်ထက်က ဆွမ်းတော်ကြီး
လောင်းလှူပွဲ ..... ၁၇၇
၅။ သီဟိုဠ်နိုင်ငံ ဆွမ်းတော်ကြီး လောင်းလှူပွဲ ..... ၁၈၀
၆။ မြန်မာနိုင်ငံ ဆွမ်းတော်ကြီး လောင်းလှူပွဲ ..... ၁၈၁
၇။ အလှူပွဲများ၌ သတိထားစရာ ..... ၁၈၂
၈။ ရွှေငွေပစ္စည်း လှူဒါန်းပုံ ..... ၁၈၃
၉။ ကာလိက လေးပါး ..... ၁၈၄
၁၀။ ဆွမ်းတော်ကြီး လောင်းလှူရကျိုး ..... ၁၈၆

## စတုဒိသာကျွေးပွဲနှင့် နိဗ္ဗာန်ဈေး အလှူပွဲ

၁။ ကုသိုလ်များစွာ ပြုလုပ်ပါ ..... ၁၈၉
၂။ စတုဒိသာကျွေးပွဲ ..... ၁၉၀
၃။ နိဗ္ဗာန်ဈေး အလှူပွဲ ..... ၁၉၃
၄။ မိလိန္ဒပဥှာကျမ်းနှင့် နိဗ္ဗာန်ဈေးအလှူပွဲ ..... ၁၉၄
၅။ နိဗ္ဗာန်ဈေး အလှူပွဲ ကျင်းပပြုလုပ်ပုံ ..... ၁၉၇
၆။ အလှူပွဲများနှင့် အကျိုးတရား ..... ၁၉၈

## မဟာဒုက် ဆွမ်းအလှူပွဲ

၁။ မဟာဒုက် ဆိုသည်မှာ ..... ၂၀၀
၂။ မဟာဒုက်ပွဲအစ ကဿပဘုရားရှင်
လက်ထက်တော်က ..... ၂၀၁
၃။ မဟာဒုက်နှင့် ငါးကြင်းလေးကောင် ..... ၂၀၃
၄။ ဘုရားနှင့် သိကြား ..... ၂၀၃
၅။ နိဗ္ဗာန်ဆော်နှင့် မဟာဒုက် ..... ၂၀၄
၆။ မဟာဒုက် သပိတ်တော်ကိုရပြီ ..... ၂၀၅
၇။ ဆွမ်းအလှူ၏ ဒိဋ္ဌမေ့အကျိုး ..... ၂၀၆
၈။ မဟာဒုက် ဆွမ်းအလှူနှင့် စာရေးတံ ဆွမ်းအလှူ ..... ၂၀၇

၉။ မျက်မှောက်ခေတ် မဟာဒုက်ပွဲ ..... ၂၀၈
၁၀။ မြသပိတ်ငါးရာ အပ်နှင်းခြင်း ..... ၂၀၉
၁၁။ ဘုရားနှင့် မြသပိတ်ကြီး မဲပေါက်သူ ..... ၂၁၀
၁၂။ ဆွမ်းသပိတ်ငါးရာနှင့် လှူဒါန်းကြပုံအဖုံဖုံ ..... ၂၁၁
၁၃။ အရဏ်တက်ချိန်နှင့် မဟာဒုက်ပွဲ အခမ်းအနား ..... ၂၁၂
၁၄။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ..... ၂၁၃
၁၅။ မဟာဒုက်ပွဲနှင့် အကျိုးတရား ..... ၂၁၄
၁၆။ ဒိဋ္ဌဓမ္မ အကျိုးပေးနိုင်သလား ..... ၂၁၆

## ရှင်ပြုမင်္ဂလာပွဲ

၁။ ရှင်နှင့် သာမဏေ ..... ၂၂၀
၂။ ရှင်သာမဏေအစ ရာဟုလာက ..... ၂၂၁
၃။ မြန်မာတို့ ရှင်ပြုခြင်းဓလေ့ ..... ၂၂၂
၄။ ရှင်ပြုခြင်း၏ ရည်ရွယ်ချက်များ ..... ၂၂၃
၅။ ရှေးခေတ် ရှင်ပြုပုံ ..... ၂၂၅
၆။ မျက်မှောက်ခေတ် ရှင်ပြုပုံ ..... ၂၂၇
၇။ ရှင်လောင်းလှည့်ခြင်းဓလေ့ ..... ၂၂၈
၈။ ရှင်လောင်းနှင့်ပတ်သက်သည့် မြန်မာ့ယဉ်ကျေးမှု ..... ၂၃၁
၉။ အကျိုးရှိအောင် ရှင်ပြုကြပါ ..... ၂၃၃

## ထိမ်းမြားမင်္ဂလာပွဲ

၁။ ဗုဒ္ဓယဉ်ကျေးမှုပွဲ ..... ၂၃၅
၂။ ထိမ်းမြားမင်္ဂလာဆိုသည်မှာ ..... ၂၃၆
၃။ ထိမ်းမြားမင်္ဂလာနှင့် လောကလူ့ဘောင် ..... ၂၃၇
၄။ ထိမ်းမြားခြင်း ၁၀ မျိုး ..... ၂၃၈
၅။ ထိမ်းမြားမင်္ဂလာပွဲသုံးမျိုး ..... ၂၄၂
၆။ စေ့စပ်ကြောင်းလမ်း မင်္ဂလာပွဲ ..... ၂၄၃
၇။ ဘုရားလက်ထက်တော်က စေ့စပ်ပွဲ ..... ၂၄၃
၈။ မြတ်ဗုဒ္ဓ၏ အိမ်ထောင်ရေးတရား ..... ၂၄၅

၉။ မြတ်ဗုဒ္ဓ၏အိမ်ထောင်ရေးတရား .... ၂၄၅
၁၀။ နေဥ္စယသူဌေး၏ ချစ်သမီးကိုပေးသော
ဩဝါဒ ၁၀ ချက် ..... ၂၄၇

## အိမ်တက်မင်္ဂလာပွဲ

၁။ အိမ်တက်မင်္ဂလာပွဲ ဆိုသည်မှာ ..... ၂၅၁
၂။ မြန်မာလူမျိုးတို့၏ အိမ်တက်မင်္ဂလာပွဲ ..... ၂၅၂
၃။ သာကီဝင်မင်းသားတို့၏ အိမ်တက်မင်္ဂလာပွဲ ..... ၂၅၃
၄။ မာဂဓတိုင်းသား အမတ်ကြီးများ၏ အိမ်တက်
မင်္ဂလာပွဲ ..... ၂၅၆

## ရတုသဘင်ပွဲနှင့် မွေးနေ့မင်္ဂလာပွဲများ

၁။ ရတုသဘင်ပွဲနှင့် မြန်မာ့ယဥ်ကျေးမှု ..... ၂၆၁
၂။ အနောက်တိုင်းယဥ်ကျေးမှုနှင့် ဂျူဗလီ ..... ၂၆၂
၃။ ဂျူဗလီအမျိုးမျိုး ..... ၂၆၃
၄။ ဂျူဗလီပွဲမှ ရတုသဘင်ပွဲသို့ ..... ၂၆၃
၅။ စိန်ရတုသဘင်နှင့် ရာပြည့်ပွဲများ ..... ၂၆၅
၆။ ရတုသဘင်အစ ရန်ကုန်တက္ကသိုလ်က ..... ၂၆၆
၇။ ရတုသဘင်ပွဲများနှင့် အကျိုးအမြတ် ..... ၂၆၇
၈။ မွေးနေ့မင်္ဂလာပွဲ ..... ၂၆၈
၉။ ရှင်သီဝလိ၏ မွေးနေ့မင်္ဂလာပွဲ ..... ၂၆၉
၁၀ ။ မွေးနေ့မင်္ဂလာလား၊ မွေးရက်မင်္ဂလာလား ..... ၂၇၂
၁၁။ မွေးနေ့မင်္ဂလာပွဲ ကျင်းပပုံ ..... ၂၇၃
၁၂။ မွန်မြတ်သော အစဥ်အလာ ..... ၂၇၃

## ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ

၁။ ဘုရားရှင်လက်ထက် ဧတဒဂ်ဘွဲ့ ..... ၂၇၆
၂။ သီရိလင်္ကာ(သီဟိုဠ်)နိုင်ငံ ရဟန်းတော်များဆိုင်ရာ
ဘွဲ့တံဆိပ်တော်များ ..... ၂၇၇
၃။ မြန်မာဘုရင်များလက်ထက်

သာသနာရေးဆိုင်ရာဘွဲ့များ ..... ၂၇၈
၄။ ရာဇဂုရုနှင့် ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ..... ၂၈၀
၅။ စာတော်ချများ အင်္ဂါ ..... ၂၈၁
၆။ ဗြိတိသျှအစိုးရက ဆက်ကပ်သောဘွဲ့ ..... ၂၈၂
၇။ သာသနာပိုင် ဆရာတော်ဘုရားကြီး၏
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့နှင်းသဘင် ..... ၂၈၄
၈။ ခရိုင်ဝန်ရှင်တော်မင်းကြီးများ၏
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့နှင်းသဘင် ..... ၂၈၇
၉။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က
ဆက်ကပ်သောဘွဲ့များ ..... ၂၈၉
၁၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်က ဆက်ကပ်သောဘွဲ့များ ..... ၂၉၄
၁၂။ ဘွဲ့တံဆိပ်တော် အဆောင်အယောင်များ ..... ၂၉၅
၁၃။ ခမ်းနားစည်ကားသည့် ဘွဲ့တံဆိပ်တော်
ဆက်ကပ်ပွဲကြီး ..... ၂၉၆
၁၄။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်
ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကပြဋ္ဌာန်းပြီး
ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ
ဘွဲ့တံဆိပ်တော်များ ..... ၂၉၉
၁၅။ အမျိုးသား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်လေးမျိုး ..... ၃၀၀
၁၆။ အမျိုးသမီး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်လေးမျိုး ..... ၃၀၁
၁၇။ ပထမစာချ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ၏
ဂုဏ်အင်္ဂါအရည်အချင်း ..... ၃၀၁
၁၈။ ပထမဆင့် ကမ္မဋ္ဌာန်းနည်းပြဆရာ
(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ ဂုဏ်အင်္ဂါများ ..... ၃၀၂
၁၉။ ပထမဆင့် ဓမ္မကထိက (မဟာဓမ္မကထိကဗဟုဇန
ဟိတဓရ) ၏ ဂုဏ်အင်္ဂါများ ..... ၃၀၃

၂၀။ အဆင့်မြင့်သာသနာပြု (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ
ဇောတိက) ၏ဂုဏ်အင်္ဂါများ ..... ၃၀၄
၂၁။ ပထမဆင့်သာသနာပြု (အဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဓဇ) ၏ ဂုဏ်အင်္ဂါများ ..... ၃၀၄
၂၂။ ဒုတိယဆင့်သာသနာပြု(မဟာသဒ္ဓမ္မဇောတိကဓဇ)
၏ ဂုဏ်အင်္ဂါများ ..... ၃၀၅
၂၃။ အဆင့်မြင့် သာသနာနုဂ္ဂဟ အမျိုးသား
(အဂ္ဂမဟာသိရီသုဓမ္မ မဏိဇောတဓရ)
သာသနာနုဂ္ဂဟ အမျိုးသမီး
(အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ) တို့၏ ဂုဏ်အင်္ဂါများ ..... ၃၀၆
၂၄။ ပထမအကြိမ် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်
လှူဒါန်းခြင်း ..... ၃၀၇
– နိဂုံး ..... ၃၀၉
– မှီငြမ်းပြုသည့် ကျမ်းကိုးစာရင်း ..... ၃၁၁

ဤစာအုပ်ကို ရေးသားပြုစုခြင်းမှာ -

၁။ ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ပွဲတော်များ၏ အဓိပ္ပာယ်ကို အသေးစိတ် သိမြင်နားလည်စေလိုခြင်း၊

၂။ မြန်မာ့ဓလေ့ပွဲတော်များ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း သိရှိ နားလည်စေလိုခြင်း၊

၃။ ယင်းသို့ သိမြင်နားလည်သဖြင့် မြန်မာ့ဓလေ့ပွဲတော်များကို မြတ်နိုးသောစိတ်၊ အစဉ်တစိုက် ထိန်းသိမ်းလိုစိတ်များ ပေါ်လာစေလိုခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ကျမ်းဦးနိဒါန်း

**ရိုးရာဓလေ့ ထုံးစံပွဲများ**

ကမ္ဘာ့လူသားတို့၏ ရိုးရာဓလေ့ထုံးစံပွဲများသည် အမျိုးသားယဉ်ကျေးမှုများတွင် တစ်ခု အပါအဝင် ဖြစ်သည်။ ထိုရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံပွဲများသည် ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း၌ပင် ရှိကြပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်နိုင်ငံတည်း၌ပင် မြန်မာ၊ ရှမ်း၊ ကရင်၊ ကချင်၊ ကယား၊ ချင်း၊ ရခိုင်၊ ထားဝယ် စသည်ဖြင့် လူမျိုးအသီးသီးရှိကြရာ ထိုလူမျိုးတိုင်း၌ မိမိတို့ ဆိုင်ရာ ဆိုင်ရာ ယဉ်ကျေးမှု ဓလေ့ ထုံးစံပွဲများ အသီးသီးရှိကြသည်။

'ယဉ်ကျေးမှုကွယ်ပျောက်လျှင် လူမျိုးပါ ကွယ်ပျောက်တတ်သည်' ဆိုသည့်သဘောကို လူမျိုးတိုင်းက လက်ခံထားကြသည်။ သို့ဖြစ်၍ မိမိတို့ယဉ်ကျေးမှု မကွယ်ပျောက်အောင် လူမျိုးတိုင်း ထိန်းသိမ်းကြရသည်။ ကာကွယ်ကြရသည်။ ရှင်သန်ကြီးထွားအောင် ပြုစုပျိုးထောင်ကြရသည်။ သို့ရာတွင် မိမိတို့ယဉ်ကျေးမှုများကို ထိန်းသိမ်းလိုစိတ်၊ ကာကွယ်လိုစိတ်၊ ပြုစုပျိုးထောင်လိုစိတ်မျိုး ဖြစ်ပေါ်လာရန်အတွက် ပထမတွင် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုများကို ချစ်မြတ်နိုးတတ်သော စိတ်ဓာတ်မျိုးရှိရန် လိုပေသည်။ ချစ်မြတ်နိုးလာမှ အမျိုးသားယဉ်ကျေးမှုများကို တည်တံ့အောင် (ဝါ) တိုးတက်ဖွံ့ဖြိုးအောင် အစဉ်စောင့်ရှောက်နိုင်ပေမည်။ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုများကို ချစ်မြတ်နိုးစိတ်များ ဖြစ်ပေါ်ဖို့ရန်

အခြေခံ အကြောင်းတရားများမှာ အမျိုးသားယဉ်ကျေးမှုများအကြောင်းကို အခြေခံကျကျ အသေးစိတ် နားလည်သိမြင်ထားခြင်းပင် ဖြစ်သည်။

## ဤစာအုပ်ဖြစ်ပေါ်လာရပုံ

ဤအချက်ကို ရည်ရွယ်၍ ဤစာအုပ်ပြုစုသူသည် 'ဆယ့်နှစ်ရာသီ မြန်မာ့ရိုးရာ ရာသီပွဲတော်များ' စာအုပ်ကို ၁၉၈၀ ပြည့်နှစ်က ရေးသား၍ သာသနာရေးဦးစီးဌာနက ဖြန့်ချိ ထုတ်ဝေခဲ့ပါသည်။ သို့ရာတွင် ထို စာအုပ်၌ မြန်မာလူမျိုးတို့ လရာသီအလိုက် ကျင်းပပြုလုပ်လေ့ရှိကြသည့် ရာသီပွဲတော်များသာ ပါရှိပါသည်။

ရာသီအလိုက် ကျင်းပခြင်းမဟုတ်ဘဲ မိမိတို့အဆင်ပြေသည့် ရာသီဥတု၊ အချိန်အခါတို့၌ ထိုက်သင့်သလို ပြုလုပ်လေ့ရှိကြသော 'ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ ထုံးစံပွဲငယ်ကလေးများ' ကျန်ရှိနေပေသေးသည်။ ထိုပွဲငယ်ကလေးများမှာ 'နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲ၊ ဘုရားအနေကဇာတင်ပွဲ' စသော ပွဲငယ်များဖြစ်ပါသည်။ ထိုပွဲငယ်များကား ဗုဒ္ဓတရားတော်များနှင့် ဆက်စပ်နေသည့် ပွဲငယ်ကလေးများဖြစ်၍ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများအဖို့ ဆယ့်နှစ်ရာသီ ပွဲတော်ကြီးများထက် ပို၍အရေးကြီးပေသည်။ ဗုဒ္ဓဘာသာဝင်တိုင်း ထိုဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံ ပွဲငယ်ကလေးများအကြောင်းကို အခြေခံကျကျ နားလည်သိမြင်ထားကြရန် လိုပါသည်။

ထို့ကြောင့် ဤစာအုပ် ရေးသားပြုစုသူသည် ဗုဒ္ဓဘာသာဝင်များနှင့် အခြားသုတေသီပုဂ္ဂိုလ်တို့အား မြန်မာ့ဓလေ့ ထုံးစံပွဲငယ်များအကြောင်းကို အခြေခံကျကျ လေ့လာသိရှိ နားလည်ကြရန် ရည်ရွယ်၍ ထိုပွဲငယ်များ အကြောင်းကို ကြိုးကြိုးစားစား သုတေသနပြုကာ 'ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ ပွဲတော်များ' ဟူသော အမည်ဖြင့် ရိုက်နှိပ်ဖြန့်ချိလိုက်ခြင်း ဖြစ်ပါသည်။

## စာအုပ်ရေးသားပုံ အစီအစဉ်

ဤစာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်း နိဒါန်းကို တင်ပြပြီးသည့်နောက် စာဖတ်ပရိသတ်များအား ဤစာအုပ်နှင့် မိတ်ဆက်ပေးလိုပါသေး

သည်။ ဤစာအုပ်ပြုစုသူသည် စာအုပ်တွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ ထုံးစံပွဲ ၁၉ ပွဲကို ရေးသားတင်ပြထားပါသည်။ မာတိကာ ပွဲစဉ်၌ ၁၇ ပွဲ ဖြစ်သော်လည်း အမှတ် ၁၃ ၌ စတုဒိသာကျွေးပွဲနှင့် နိဗ္ဗာန်ဈေးအလှူပွဲ ဟုလည်းကောင်း၊ အမှတ် ၁၇ ၌ 'ရတုသဘင်ပွဲနှင့် မွေးနေ့မင်္ဂလာပွဲ' ဟု လည်းကောင်း ပွဲနှစ်ပွဲစီ ပူးတွဲတင်ပြထားသောကြောင့် အရေအတွက် အားဖြင့် ၁၉ ပွဲဖြစ်ပါသည်။

ထို ၁၉ ပွဲတွင် ရတုသဘင်ပွဲနှင့် မွေးနေ့မင်္ဂလာပွဲမှတစ်ပါး အခြား ၁၇ ပွဲတို့မှာ ရှင်တော်ဗုဒ္ဓ ဟောညွှန်ပြသည့် ဩဝါဒဒေသနာတော်များမှ ဆက်နွယ်ဆင်းသက်လာသည့် 'ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ ထုံးစံပွဲ' များ ဖြစ်ပါသည်။ ရတုသဘင်ပွဲမှာ အနောက်တိုင်းယဉ်ကျေးမှုနှင့် ဆက်နွယ် သည့် မြန်မာ့ဓလေ့ ထုံးစံပွဲဖြစ်သကဲ့သို့ မွေးနေ့မင်္ဂလာပွဲမှာလည်း ဗြာဟ္မဏ ယဉ်ကျေးမှုမှ ဆင်းသက်လာသည့် မြန်မာ့ဓလေ့ထုံးစံပွဲ ဖြစ်ပါသည်။ ဤသို့ မြန်မာ့ဓလေ့ထုံးစံပွဲများမှာ သုံးမျိုးသုံးစား ကွဲပြားနေသော်လည်း အရေအတွက်များသောပွဲတို့၏ အမည်ကိုလိုက်၍ ယေဘုယျနည်းအား ဖြင့် ဤစာအုပ်ကို 'ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ပွဲတော်များ' ဟု အမည် ပေးထားခြင်း ဖြစ်ပါသည်။

ထို မြန်မာ့ဓလေ့ ထုံးစံပွဲများအကြောင်းကို တင်ပြရာတွင် –

၁။ ဓလေ့ထုံးစံပွဲ၏ အဓိပ္ပာယ်၊

၂။ ဓလေ့ထုံးစံပွဲ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်း၊

၃။ ဓလေ့ထုံးစံပွဲကျင်းပပုံ

ဟူသော အကြောင်းအရာသုံးခုကို ပဓာနပြု၍ ပွဲတိုင်းတွင် အပိုင်းသုံးပိုင်း ပိုင်းကာ ဖွင့်ဆိုတင်ပြထားပါသည်။ ထိုအပိုင်းသုံးပိုင်းတို့ကို ဖွင့်ဆိုရာ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ရာဇဝင်၊ မဟာဝင်၊ စွယ်စုံကျမ်း စသော လောကီ၊ လောကုတ္တရာ ခိုင်မာသော အထောက်အထားများဖြင့် တန်ဆာဆင်ကာ ရေးသား ပြုစုထားပါသည်။

'ရှင်ဥပဂုတ်ရဟန္တာဆိုတာ တကယ်မရှိပါဘူး' ဟု တချို့က ဆိုကြ သည်။ ထို့ပြင် 'ရှင်ဥပဂုတ်ဆိုတာ ထေရဝါဒမှာမရှိ၊ မဟာယာနကလာတဲ့

မထေရ်တစ်ပါးရဲ့ နာမည်ဖြစ်တယ်' ဟု ဆိုသူများရှိသကဲ့သို့ 'ရှင်ဥပဂုတ် ရဟန္တာ ယခုတိုင် ရှိသေးတယ်' ဟု ယူဆသူများလည်း ရှိကြသည်။ ဤသို့အားဖြင့် ရှင်ဥပဂုတ် ရဟန္တာနှင့်ပတ်သက်သည့် ပြဿနာပေါင်းစုံ၏ အဖြေကို 'ရှင်ဥပဂုတ်ပူဇော်ပွဲ' အကြောင်း၌ စိတ်ဝင်စားဖွယ် လေ့လာ ဖတ်ရှုကြရမည်ဖြစ်ပါသည်။

မြန်မာဗုဒ္ဓဘာသာဝင်တို့ 'ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ' တို့ သုံးစွဲကြသည့်အကြောင်းကို လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်တို့ ကွယ်လွန် သေဆုံးသည့်အခါ 'သရဏဂုံတင်' ကြရသည့်အကြောင်းကို လည်း ကောင်း၊ ဆွမ်းတော်ကြီးလောင်းလှူပွဲ စသော အလှူပွဲများ၌ ရွှေငွေပစ္စည်း များ လှူဒါန်းပုံ လှူဒါန်းနည်းကို လည်းကောင်း၊ နိဗ္ဗာန်ဈေးခေါ်ရသည့် အကြောင်းကိုလည်းကောင်း၊ မဟာဒုက် ဆွမ်းအလှူနှင့် စာရေးတံဆွမ်း အလှူတို့ တခြားစီဖြစ်ပုံတို့ကိုလည်းကောင်း၊ ပရိတ်တရားတော် ရွတ်ဖတ် နာယူပွဲ၊ ဆွမ်းသွတ် တရားနာယူပွဲ စသော မြန်မာ့ဓလေ့ ထုံးစံပွဲများ၌ မှတ်သားဖွယ်ရာ ဖတ်ရှုကြရမည် ဖြစ်ပါသည်။

အချုပ်ဆိုရသော် ဤစာအုပ်သည် ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ ထုံးစံပွဲများနှင့်ပတ်သက်၍ လောကီ၊ လောကုတ္တရာ ဗဟုသုတအဖြာဖြာ တို့ကို ရှာဖွေစုဆောင်းတင်ပြထားသည့် စာအုပ်ဖြစ်ပါသည်။ ဤစာအုပ် ပါ ဗဟုသုတအဖြာဖြာတို့ဖြင့် စာဖတ်ပရိသတ်များသန္တာန်၌ အမျိုးသား ယဉ်ကျေးမှုကို ချစ်မြတ်နိုးစိတ်၊ ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားလို စိတ်များ ဖြစ်ပေါ်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသတည်း။

**ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)**
အငြိမ်းစား–လက်ထောက်ညွှန်ကြားရေးမှူး
သာသနာရေးရာနှင့် စာမေးပွဲဌာနခွဲ
သာသနာရေးဦးစီးဌာန

❒

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲ

## ဗုဒ္ဓယဉ်ကျေးမှု

ဗုဒ္ဓယဉ်ကျေးမှုဟူသော ဝေါဟာရကား အဓိပ္ပာယ် အလွန် ကျယ်ဝန်းလှပါသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား ၄၅ နှစ်ပတ်လုံး ဟောကြားလမ်းညွှန်တော်မူခဲ့သည့် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ တရားတော်အစုံသည် ဗုဒ္ဓယဉ်ကျေးမှုများပင် ဖြစ်ပါသည်။ ထိုမျှ ကျယ်ဝန်းများပြားလှသည့် ဗုဒ္ဓယဉ်ကျေးမှုများကို အနှစ်ချုပ်၍ စုစည်းလိုက်လျှင် ကိုယ်နှင့်ဆိုင်သော ယဉ်ကျေးမှု၊ နှုတ်နှင့်ဆိုင်သော ယဉ်ကျေးမှု၊ စိတ်နှင့်ဆိုင်သော ယဉ်ကျေးမှုဟူ၍ သုံးမျိုးသုံးစားသာ ရှိပေသည်။

အချို့နေရာ၌ ယဉ်ကျေးမှု ဟူသော ဝေါဟာရသည် လူမျိုးတိုင်း၌ ရှိကြသော သုခုမအနုပညာရပ်များ၊ ဗိသုကာပညာများနှင့် ဓလေ့ထုံးစံများကို ခေါ်ဆိုသော်လည်း ဤအခန်း တွင် တင်ပြမည့် ယဉ်ကျေးမှုများမှာ 'ဗုဒ္ဓယဉ်ကျေးမှု' ဟူသော ခေါင်းစဉ်နှင့်အညီ ရှင်တော်ဗုဒ္ဓ ဟောညွှန်ပြခဲ့သည့် ကိုယ်နှုတ်စိတ်တို့၏ ယဉ်ကျေးမှုများပင် ဖြစ်ပါသည်။

အမှန်စင်စစ် ဗုဒ္ဓယဉ်ကျေးမှုဆိုသည်မှာ အပြစ်ကင်း၍ ကောင်းကျိုးတရား ဖြစ်ပွားနိုင်သော လုပ်ငန်းမွန်များ ဖြစ်လေရာ လျှုဒါန်းပေးကမ်းခြင်း ဒါနမှု၊ သတ်ခြင်း၊ ခိုးခြင်း၊ လိမ်ပြောခြင်း စသည်တို့ကို ရှောင်ကြဉ် စောင့်

ထိန်းသော သီလမှု၊ ရတနာသုံးပါးဂုဏ်တော်များနှင့် ပရိတ်တရားများ ရွတ်ပွားခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်း အားထုတ်ခြင်း စသော ဘာဝနာမှုများပင် ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုသော် ဘုရားအနေကဇာတင်ပွဲ၊ ဘုရားကိုးဆူ ပူဇော်ပွဲ၊ ရှင်ဥပဂုတ်ပူဇော်ပွဲ၊ သက်ကြီးဝါကြီး ပူဇော်ပွဲ၊ အာစရိယပူဇော်ပွဲ၊ ဆွမ်းတော်ကြီးကပ်ပွဲ စသော ပွဲများနှင့် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်များ၊ သိင်္ဂါလောဝါဒသုတ်၊ ဝသလသုတ်၊ ပရာဘဝသုတ်များလာ လူ့ကျင့်ဝတ်များ၊ ဓမ္မရေးရာ စကားပုံများ စသည်တို့သည် ဗုဒ္ဓယဉ်ကျေးမှုများပင် ဖြစ်ပါသည်။

## သမ္ဗုဒ္ဓေဂါထာနှင့် ဂေါတမဘုရားလောင်း

နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲကား တဏှင်္ကရာ ဘုရားအစ ဂေါတမဘုရား အဆုံးရှိသည့် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့အား ပူဇော်သည့်ပွဲဖြစ်၍ ဘုရားကိုးဆူ ဆက်ကပ်ပူဇော်ပွဲ၊ ဘုရားအနေကဇာတင်ပွဲ စသည့် ပွဲတော်များကဲ့သို့ပင် ဗုဒ္ဓယဉ်ကျေးမှုပွဲ ဖြစ်ပါသည်။ နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲများ အကြောင်းကို မတင်ပြမီ ထိုနှစ်ကျိပ်ရှစ်ဆူ ဘုရားများနှင့် ဆက်စပ်သည့် ဗဟုသုတဖြစ်စရာ အကြောင်းအရာများကို ရှေးဦးစွာ တင်ပြပါမည်။

သမ္ဗုဒ္ဓေဂါထာဆိုလျှင် ဗုဒ္ဓဘာသာဝင်တိုင်းလိုလို သိကြသည်။ ကြားဖူးကြသည်။ အချို့မှာ သမ္ဗုဒ္ဓေ ဂါထာကို ကလေးဘဝကပင် ရရှိခဲ့ကြသည်။ အရေးကြုံလာသည့်အခါ၌ ဖြစ်စေ၊ ရံဖန်ရံခါဖြစ်စေ၊ အမြဲတစေဖြစ်စေ၊ ရက်ပိုင်း၊ လပိုင်းဖြင့် အဓိဋ္ဌာန်၍ဖြစ်စေ ဗုဒ္ဓဘာသာဝင်တို့ အများဆုံး ရွတ်ဖတ်လေ့ရှိကြသည့် ဂါထာဖြစ်သည်။

ထိုဂါထာမှာ 'ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ (၅၁၂၀၂၈)သော ဘုရားရှင်တို့ကို ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏' ဟု ဘုရားအပေါင်းမြောက်မြားစွာကို ရှိခိုးသော (နမက္ကာရ)ဂါထာဖြစ်သည်။ ရှေးက သီရိလင်္ကာ (သီဟိုဠ်ကျွန်း) နိုင်ငံသား ဆရာတော်များ စီရင်ရေးသားခဲ့သည့် သီဟိုဠ်ဖြစ် ဘုရားရှိခိုး

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။


ဂါထာဖြစ်သည်ဟု သောတတ္ထကီ နိဿယကျမ်းဆရာက နိဿယနိဒါန်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ကျွန်ုပ်တို့ ဂေါတမဘုရားအလောင်း ပါရမီဖြည့်ခဲ့ရသောကာလမှာ အသင်္ချေ နှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်းကာလဖြစ်သည်။ ဤသမ္ဗုဒ္ဓေဂါထာလာ ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူသော ဘုရားများကား ထိုအချိန်ကာလတစ်လျှောက် ဂေါတမဘုရားအလောင်း ဖူးမြော်ဆုတောင်းခဲ့ရသော ဘုရားရှင်ပေါင်း ဖြစ်ပါသည်။

## အပဒါနပါဠိတော်နှင့် သောတတ္ထကီကျမ်း

ဗုဒ္ဓအပဒါန် ပါဠိတော်၌ –

ငါသည် ရှေးရှေးက ဘုရားရှင်တို့၏ အထံတော်၌ စိတ်ဖြင့်သာလျှင် ဘုရားအဖြစ်ကို ဆုတောင်းခဲ့၏။ ထိုဆုတောင်းခဲ့ရသော ဘုရားရှင်တို့ကား မရေမတွက်နိုင်ကုန်။ ဝါ၊ အသင်္ချေယျ ဖြစ်ကုန်၏ – ဟု ဘုရားရှင်ကိုယ်တိုင် ဟောတော်မူခဲ့ပါသည်။ သောတတ္ထကီကျမ်း၌ကား ထိုဗုဒ္ဓ အပဒါန် ပါဠိတော် အဖွင့်သဘောအနေဖြင့် 'ဂေါတမဘုရားလောင်းသည် ခုနစ် အသင်္ချေ ကာလပတ်လုံး ဘုရားအဖြစ်ကို စိတ်ဖြင့်သာ ကြံဆောင်တောင့်တခဲ့ပြီ။ ကိုးအသင်္ချေကာလပတ်လုံး နှုတ်ဖြင့်သာ ဆုတောင်းခဲ့သည်။ လေးအသင်္ချေကာလပတ်လုံး ကိုယ်နှုတ်နှစ်ပါးဖြင့် ဆုတောင်းခဲ့သည်။ ထိုသို့ ကြံစည်ဆုတောင်းခဲ့သောကြောင့် ဘုရားဖြစ်တော်မူရပြီ' ဟု ဖွင့်ဆိုပြထားပေသည်။

သောတတ္ထကီကျမ်း ဆိုသည်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အကြောင်းအရာ အဖြစ်အပျက်တို့ကို ပြဆိုထားသောကျမ်းဟု အဓိပ္ပာယ်ရသည်။ 'သုဂတတ္ထကီ' ဟု ဖြစ်လာသည်။ မြတ်စွာဘုရား၏ အဖြစ်အပျက် အကြောင်းအရာများကား အဘယ်သို့နည်းဟု အဓိပ္ပာယ်ရသည်။ (သုဂတ= မြတ်စွာဘုရား+အတ္ထ=အကြောင်းအရာ+ကီ=အဘယ်နည်း)။

မှန်ပါသည်၊ ယခု သာသနာတော်၌ သင်ယူလေ့လာလျက်ရှိကြသည့် နိကာယ်ငါးရပ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရ ကျမ်းဂန်များ၌



၂၈၀၂၅

ဒီပင်္ကရာဘုရားလက်ထက် သုမေဓာအဖြစ်မှစ၍ လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်းအတွင်း၌သာ ဂေါတမဘုရားလောင်း၏ ဖြစ်စဉ်ကို ဖော်ပြကြ သည်။ ထို့ကြောင့် အရှင်မဟာ ဗုဒ္ဓဃောသ၊ အရှင်ဓမ္မပါလ၊ အရှင် ဥပသေန၊ အရှင်ဗုဒ္ဓဒတ္တ စသော အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့ မပြ ဆိုဘဲ ထားခဲ့သည့် ဒီပင်္ကရာ ဘုရားလက်ထက် သုမေဓာဘဝမတိုင်မီ ၁၆ အသင်္ချေအတွင်း၌ ဖြစ်ပျက်ခဲ့သော ဂေါတမ ဘုရားလောင်း၏ အဖြစ် အပျက်များကို သောတတ္ထကီကျမ်း၌ အကျဉ်းချုံး၍ ဖွင့်ဆိုပြထားပါသည်။

ထို သောတတ္ထကီကျမ်းကို သီဟိုဠ်ကျွန်း အနုရာဓမြို့၊ မဟာဝိဟာရ ကျောင်းတိုက်နေ အရှင်စူဠဗုဒ္ဓ ဃောသမထေရ် ဖွင့်ဆို ရေးသားသည်။ အရှင်စူဠဗုဒ္ဓဃောသမထေရ်ကား အဋ္ဌကထာဆရာကြီး အရှင်မဟာ ဗုဒ္ဓ ဃောသမထေရ်နှင့် ခေတ်ပြိုင်ဖြစ်သည်။ ထိုမထေရ်ပင် အရှင်မဟာ ဗုဒ္ဓဃောသမထေရ်အား အဘိဓမ္မာ အဋ္ဌကထာကို စီရင်တော်မူပါဟု တောင်းပန်ခဲ့ဖူးကြောင်း 'ဝိသုဒ္ဓါစာရသီလေန နိပုဏာမလဗုဒ္ဓိနာ၊ ဘိက္ခုနာ ဗုဒ္ဓဃောသေန' ဟု အဋ္ဌသာလိနီအဋ္ဌကထာ ကျမ်းဦးအစ ဂန္ထာရမ္ဘကထာ၌ မိန့်ဆိုထားသည်ကို တွေ့ရပေသည်။

ထိုသောတတ္ထကီကျမ်း၏ အဆိုအမိန့်များသည် 'ဗြဟ္မဒေဝ မြတ်စွာဘုရားကိုလည်းကောင်း၊ ပေါရာဏ ဂေါတမမြတ်စွာဘုရားကို လည်းကောင်း ဖူးမြင်ဆုတောင်းခဲ့၍ တစ်ပါးကုန်သော မြတ်စွာဘုရားတို့၏ အထံတော်၌ အကျွန်ုပ်နှင့် အရှင်ဘုရား၏ ပေါင်းဆုံရခြင်းသည် များလှ ပါပြီ' ဆိုသည့် ယသောဓရာထေရီ အပဒါန်လာ ယသောဓရာထေရီ၏ လျှောက်ထားချက်များကိုလည်း ဖွင့်ပြသကဲ့သို့ ဖြစ်ပေသည်။ ဆိုလိုသည် မှာ ဂေါတမဘုရားလောင်း ဘုရားဖြစ်ရန် စိတ်ဖြင့်ကြံစည် တောင့်တခဲ့သည့် အချိန်ကာလမှာ ခုနစ်အသင်္ချေ ကြာသည်။ ထိုခုနစ်အသင်္ချေအတွင်း၌ ပွင့်တော်မူခဲ့သော ဘုရားရှင်ပေါင်းကား တစ်သိန်းနှစ်သောင်း ငါးထောင် ၁၂၅၀၀၀ ဖြစ်သည်။ ထိုဘုရားရှင်များမှာ ဗြဟ္မဒေဝဘုရား ဖြစ်သည်။

နှုတ်ဖြင့် ဆုတောင်းခဲ့ရသည့် ကိုးအသင်္ချေအတွင်း၌ ပွင့်တော်မူခဲ့ သော ဘုရားပေါင်းမှာ သုံးသိန်း ရှစ်သောင်းခုနစ်ထောင်(၃၈၇၀၀၀)

ဖြစ်သည်။ ထိုဘုရားများတွင် ပေါရာဏ ဂေါတမဘုရားမှာ အစဆုံးဘုရား ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ဂေါတမဘုရားလောင်းသည် ၁၆ အသင်္ချေ အတွင်း၌ ဗြဟ္မဒေဝဘုရားလက်ထက်မှစပြီး စိတ်ဖြင့် ကြံစည်ဆုတောင်း ခဲ့လျက် ပေါရာဏဂေါတမဘုရားလက်ထက်မှစ၍ နှုတ်မြွက်ဆုတောင်းခဲ့ သည်ဟု အဓိပ္ပာယ်ရလေသည်။

## ဗျာဒိတ်ဆိုသည်မှာ

ဤသို့ဖြင့် တစ်ဆယ့်ခြောက် အသင်္ချေကာလအတွင်း၌ ဂေါတမ ဘုရားလောင်း ဖူးတွေ့၍ စိတ်နှုတ်တို့ဖြင့် ဘုရားဖြစ်ရန် ဆုတောင်းပတ္ထနာ ပြုခဲ့သည့် ဘုရားရှင်ပေါင်းမှာ ငါးသိန်းတစ်သောင်းနှစ်ထောင် (၁၂၅၀၀၀+ ၃၈၇၀၀၀=၅၁၂၀၀၀) ဖြစ်သည်။

သို့ရာတွင် ဂေါတမဘုရားလောင်းသည် ထိုဘုရားရှင်များ ထံတော် တွင် 'နောင်အခါတွင် ဘုရားဖြစ်မည်' ဟု ဟောကြားတော်မူခြင်းဆိုသည့် ဗျာဒိတ်တော်ကို မရရှိခဲ့ပါချေ။

ဗျာဒိတ် ဆိုသည်မှာ 'ဗျာကရဏ' ဟူသော ပါဠိနှင့် နီးနွယ် ဆက်သွယ်၍ ထိုဗျာကရဏ ပါဠိ၏ အနက်အဓိပ္ပာယ်ကို ဖော်ပြသော မြန်မာဝေါဟာရသက်သက်ဖြစ်သည်။ ဗျာကရဏဟူသောပုဒ်မှာ ဝိ+ အာ+ ကရဏ သုံးပုဒ်တို့ကို တွဲစပ်ထားသော ပါဠိဖြစ်သည်။ ဗုဒ္ဓရှင်တော် မြတ်ဘုရားက အထူးပိုင်းခြား၍ ဟောတော်မူခြင်းဟု အဓိပ္ပာယ်ရသည်။ (ဝိ=အထူး+အာ=ပိုင်းခြား၍+ကရဏ=ဟောဆိုခြင်း)

ဤသူသည် မည်သည့်အချိန်၌ ဘုရားဖြစ်လိမ့်မည် စသည်ဖြင့် အထူးပိုင်းခြား ဟောကြားတော်မူခြင်းဟု ဆိုလိုပေသည်။

အလောင်းမင်းတရားလက်ထက် စိန္တကျော်သူဘွဲ့ခံ စာဆိုတော်ကြီး ဦးညြကကဝိလက္ခဏာ သတ်ပုံကျမ်းအဆုံး အမှာစကားရပ်၌ – ဗျာဒိတ် ဟူသော စကားနှင့်စပ်၍ ရှေးသတ်ပုံကြီးက (ပ)သတ်နှင့် (ဗျာဒိပ်) ဟု စပ်ဆိုထားသည်။ ပညာရှိအများတို့က (တ)သတ်နှင့် ဗျာဒိတ်ဟုသာ စပ်ဆိုကြသည့်အပြင် သဒ္ဒါမှာလည်း ဗျာဒိတဟူ၍ လည်းကောင်း၊

ဗျာကတဟူ၍လည်းကောင်း ရှိသည်။ သို့ဖြစ်၍ (တ)သတ်ကိုသာ မှတ်ယူသင့်ကြောင်း ရေးသားထားပေသည်။

သို့ရာတွင် ပါဠိကျမ်းဂန်တို့၌မူ ဘုရားရှင် အထူးဟောကြားတော်မူသည့် စကားတော်ကို ဗျာကရဏ ဟူ၍လည်းကောင်း၊ ဗျာကတ ဟူ၍လည်းကောင်း သုံးစွဲရိုးရှိသည်။ ဗျာဒိတဟူ၍ သုံးစွဲရိုးမရှိ။ သို့ဖြစ်၍ ယခု အများသုံးနေသော ဗျာဒိတ်ဆိုသည့် မြန်မာစကားသည် ပါဠိမဟုတ်၊ ဗျာကရဏဟူသော ပါဠိ၊ ဗျာကတ ဟူသော ပါဠိတို့ကို ရှေးဆရာကြီးများက ပါဠိနှင့်အဆင်တူရုံ လိုက်နာနိုင်သမျှကို အနက်မြန်မာပြန်ဆိုခဲ့သော စကားဖြစ်သည်ဟု မဟာဗုဒ္ဓဝင် ပထမတွဲ (ပထမပိုင်း) အနုဒီပနီတွင် ဆုံးဖြတ်ထားသည်ကို လေ့လာတွေ့ရှိရသည်။

## ဘုရားရှင်များနှင့် ဗျာဒိတ်တော်

ထိုတစ်ဆယ့်ခြောက် အသင်္ချေတို့နောက် သေလ အသင်္ချေ၊ ဘာသအသင်္ချေ၊ ဓေယျအသင်္ချေ၊ ရုစိယ အသင်္ချေဟူ၍ လေးအသင်္ချေ ကာလတို့ ဖြစ်သည်။ ထိုလေးအသင်္ချေကာလအတွင်း၌ တဏှင်္ကရာဘုရား အစ ပဒုမုတ္တရာဘုရားအဆုံး တစ်ဆယ့်သုံးဆူသော ဘုရားရှင်တို့ ပွင့်တော်မူကြသည်။ ထိုတွင် သေလ အသင်္ချေ၏ တစ်ခုသော သာရမဏ္ဍကမ္ဘာ၌ တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ ဒီပင်္ကရာ ဘုရားလေးဆူတို့ ပွင့်ကြသည်။ ထိုလေးဆူတွင် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဘုရားသုံးဆူတို့၏ အထံတော်၌ ဂေါတမဘုရားလောင်းသည် ဘုရားဖြစ်ရန် ကုသိုလ်ပါရမီတို့ကို များစွာပြုလုပ်ခဲ့သော်လည်း ထိုဘုရားသုံးဆူတို့၏ အထံတော်တွင် ဗျာဒိတ်မရခဲ့ပါချေ။ ဒီပင်္ကရာဘုရားမှစ၍ ပဒုမုတ္တရာအဆုံး ရှိသော ဆယ်ဆူသော ဘုရားရှင်တို့၏ အထံတော်၌သာ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူနိုင်ခဲ့ပေသည်။

ထိုလေးအသင်္ချေကုန်ဆုံးပြီးနောက် ကမ္ဘာတစ်သိန်းကာလအတွင်း၌ သုမေဓာဘုရားအစ အရိမေတ္တယျ ဘုရားအဆုံး တစ်ဆယ့်ခြောက်ဆူသော ဘုရားရှင်တို့ ပွင့်တော်မူကြသည်။ ထိုတွင် သုမေဓာဘုရားအစ ကဿပ

ဘုရားအဆုံးရှိသော တစ်ဆယ့်လေးဆူသော ဘုရားရှင်တို့အထံတော်၌လည်း အစဉ်အတိုင်း ဗျာဒိတ် ရတော်မူခဲ့ပေသည်။

ဤသို့အားဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အတွင်း၌ တဏှင်္ကရာဘုရားအစ အရိမေတ္တေယျအဆုံး နှစ်ကျိပ်ကိုးဆူသော မြတ်စွာဘုရားပွင့်တော်မူရာတွင် ဂေါတမဘုရားလောင်းသည် တဏှင်္ကရာဘုရား၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာဘုရား သုံးဆူထံတော်၌ ဗျာဒိတ်မရခဲ့ဘဲ ဒီပင်္ကရာဘုရားမှစ၍ ကဿပဘုရားအထိ နှစ်ကျိပ်လေးဆူသော ဘုရားများအထံတော်တွင် 'ဘုရားဖြစ်မည်' ဟူသော နိယတဗျာဒိတ်ကို ရရှိတော်မူခဲ့ပါသည်။

## နှစ်ကျိပ်ရှစ်ဆူ ဘုရားများ

ယခု မြန်မာဗုဒ္ဓဘာသာဝင် သူတော်စင်တို့ လှည့်လည်ပွဲအခမ်းအနားဖြင့် ပူဇော်နေကြသည့် နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများမှာ –

၁။ တဏှင်္ကရာဘုရား၊
၂။ မေဓင်္ကရာဘုရား၊
၃။ သရဏင်္ကရာဘုရား၊
၄။ ဒီပင်္ကရာဘုရား၊
၅။ ကောဏ္ဍညဘုရား၊
၆။ မင်္ဂလဘုရား၊
၇။ သုမနဘုရား၊
၈။ ရေဝတဘုရား၊
၉။ သောဘိတဘုရား၊
၁၀။ အနောမဒဿီဘုရား၊
၁၁။ ပဒုမဘုရား၊
၁၂။ နာရဒဘုရား၊
၁၃။ ပဒုမုတ္တရဘုရား၊
၁၄။ သုမေဓာဘုရား၊

၁၅။ သုဇာတာဘုရား၊
၁၆။ ပိယဒဿီဘုရား၊
၁၇။ အတ္ထဒဿီဘုရား၊
၁၈။ ဓမ္မဒဿီဘုရား၊
၁၉။ သိဒ္ဓတ္ထဘုရား၊
၂၀။ တိဿဘုရား၊
၂၁။ ဖုဿဘုရား၊
၂၂။ ဝိပဿီဘုရား၊
၂၃။ သိခီဘုရား၊
၂၄။ ဝေဿဘူဘုရား၊
၂၅။ ကကုသန္ဓဘုရား၊
၂၆။ ကောနာဂမနဘုရား၊
၂၇။ ကဿပဘုရား၊
၂၈။ ဂေါတမဘုရားတို့ ဖြစ်ပါသည်။

ဤ နှစ်ကျိပ်ရှစ်ဆူဘုရားများကို အလွယ်တကူမှတ်ယူနိုင်ကြရန် ညောင်လေးပင်တောရ ဆရာတော်ကြီး၏ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးမှ နှစ်ကျိပ်ရှစ်ဆူ ဘုရားများ၏ အတိုကောက်နာမည်များကို ကောက်နုတ်တင်ပြလိုက်ပါသည်။

ထိုအတိုကောက် နာမည်တော်များမှာ -

'တ၊ မေ၊ သ၊ ဒီ၊ ကော၊ မံ၊ သု၊ ရေ၊ သော၊ အ၊ ပ၊ နာ၊ ပ၊ သု၊ သု၊ ပိ၊ အတ်၊ ဓမ်၊ သိ၊ တိ၊ ဖု၊ ဝိ၊ သိ၊ ဝေ၊ က၊ ကော၊ က၊ ဂေါ၊ အနန္တာဇေ'

တို့ဖြစ်ပါသည်။

နှစ်ကျိပ်ရှစ်ဆူ ဘုရားများ၏ အတိုကောက်နာမည်များမှာ တ-မှ ဂေါအထိ ဖြစ်သည်။ တဏှင်္ကရာ ဘုရားမှ ဂေါတမဘုရားအထိ နှစ်ကျိပ်ရှစ်ဆူဘုရားတို့ဖြစ်သည်ဟု ဆိုလိုပါသည်။ အနန္တာဇေကို အနန္တ ဇေ-ဟု ပုဒ်ဖြတ်၍ ဇော၊ ပွင့်ပြီး ပွင့်ဆဲ၊ ပွင့်လတ္တံ့သော ထိုဘုရားရှင်တို့သည်

အနန္တာ၊ အဆုံးအပိုင်း အခြားမရှိ များလှကုန်၏ (ဝါ) ဂုဏ်တော်အနန္တ ရှိကြကုန်၏ဟု အနက်အဓိပ္ပာယ် ရှိပါသည်။

ထေရဝါဒ ဗုဒ္ဓဝံသပါဠိ အဋ္ဌကထာဋီကာများနှင့် မြန်မာဘာသာဖြင့် ဖွင့်ဆိုရေးသားထားကြသည့် ဗုဒ္ဓဝင်ကျမ်းများ၌ ဖော်ပြပါ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်များအနက် အစဆုံး သုံးဆူတို့၏ ဗုဒ္ဓဝင်ကို မဖော်ပြဘဲ နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်ကိုသာ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် လူသိနည်းလှသည့် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဟူသော အစဆုံး ဘုရားသုံးဆူတို့၏ ဗုဒ္ဓဝင်ကို ဗဟုသုတအဖြစ် သိသာရုံ အကျဉ်းမျှ ဖော်ပြပါမည်။

## တဏှင်္ကရာဘုရား

'လေးသင်္ချေနှင့်၊ သိန်းနေစွန်းမြတ်၊ ရေတွက်လတ်မူ၊ မည်မှတ်နာမ၊ သင်္ချေယျကား၊ သေလ ဘာသ၊ ဇေယျ ရုစိ၊ လေးပါးရှိ၏။ အာဒိသေလ၊ သင်္ချေယျတွင်၊ သာရမဏ္ဍ၊ ကမ္ဘာမထက်၊ ဇိနဘုန်းထင်၊ တဏှင်္ကရာ၊ မဟာမေဓင်၊ သရဏင်နှင့်၊ ဒီပင်္ကရာ၊ မြတ်စွာလေးဆူ၊ ပွင့်တော်မူ၏' ဟူသော ဓမ္မရာသီပျို့၌ လာသည့်အတိုင်း ဤဘဒ္ဒကမ္ဘာမှ နောက်သို့ ပြန်၍ ရေတွက်လျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမြောက်ဖြစ်သည့် သေလ အသင်္ချေ၏ တစ်ခုသော သာရမဏ္ဍကမ္ဘာ၌ တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ ဒီပင်္ကရာ ဘုရားလေးဆူတို့ ပွင့်တော်မူကြပါသည်။ ထိုတွင် အစဦးဆုံး ပွင့်တော်မူခဲ့သော တဏှင်္ကရာမြတ်စွာဘုရားသည် ဝီရိယာဓိက ဘုရားဖြစ်၍ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဖြည့်ကျင့်ခဲ့ရသည်။

နောက်ဆုံးဘုရားဖြစ်သည့်ဘဝ၌ ခမည်းတော်မှာ ပုပ္ဖဝတီပြည့်ရှင် သုနန္ဒမင်းကြီး ဖြစ်၍ မယ်တော်မှာ သုနန္ဒာမိဖုရားကြီး ဖြစ်သည်။ နှစ်ပေါင်းတစ်သောင်းတိုင် မင်းစည်းစိမ်ကို ခံစားပြီး တောထွက်ခဲ့သည်။ ဒုက္ကရစရိယာအကျင့်ကို ခုနစ်ရက်ကျင့်ပြီးနောက် ဘုရားအဖြစ်သို့ ရောက်ခဲ့သည်။

သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိမြင်ရာ ဗောဓိပင်မှာ စရည်းပင် (တောင်မရိုးပင်)ဖြစ်သည်။ သက်တော် တစ်သိန်း တည်နေ၍ ဗုဒ္ဓကိစ္စအားလုံး ပြုတော်မူကာ ပရိနိဗ္ဗာန် စံတော်မူသည်။

## မေဓင်္ကရာဘုရား

တဏှင်္ကရာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ထိုသာရမဏ္ဍကမ္ဘာ၌ပင် မေဓင်္ကရာဘုရားပွင့်တော်မူသည်။ ခမည်းတော်မှာ ယဃရပြည့်ရှင် သုဒေဝဘုရင်ကြီးဖြစ်၍ မယ်တော်မှာ ယသောဓရာဒေဝီဖြစ်သည်။ မင်းစည်းစိမ်ကို နှစ်ပေါင်းရှစ်ထောင် ခံစားပြီးနောက် တောထွက်၍ ဒုက္ကရစရိယာအကျင့်ကို တစ်ဆယ့်ငါးရက် အားထုတ်တော်မူသည်။ ဘုရားဖြစ်ရာ ဗောဓိပင်မှာ ပေါက်ပင်ဖြစ်သည်။ သက်တော် အနှစ်ကိုးသောင်းအထိ အသက်ရှည်၍ ဗုဒ္ဓကိစ္စအားလုံး ပြုတော်မူကာ ပရိနိဗ္ဗာန်စံတော်မူသည်။

## သရဏင်္ကရာဘုရား

ထိုသာရမဏ္ဍ ကမ္ဘာ၌ပင် တတိယမြောက် ဘုရားအဖြစ် သရဏင်္ကရာ ဘုရား ပွင့်တော်မူသည်။ ခမည်းတော်မှာ ဝိပုလပြည့်ရှင် သုမင်္ဂလဘုရင်ကြီးဖြစ်၍ မယ်တော်မှာ ယသဝတီမိဖုရားကြီး ဖြစ်သည်။ နှစ်ပေါင်းခုနစ်ထောင်တို့ပတ်လုံး မင်းစည်းစိမ်ကို ခံစားပြီးနောက် တောထွက်၍ ဒုက္ကရစရိယာအကျင့်ကို တစ်လမျှ ကျင့်တော်မူသည်။ ဘုရားဖြစ်ရာ ဗောဓိပင်မှာ သခွတ်ပင်ဖြစ်သည်။ သက်တော် နှစ်ပေါင်း ရှစ်သောင်းအထိ တည်နေ၍ ဗုဒ္ဓကိစ္စအားလုံးကို ပြုတော်မူကာ ပရိနိဗ္ဗာန်စံတော်မူပါသည်။ ဤသည်တို့ကား ဗုဒ္ဓဘာသာဝင်တို့ အသိနည်းသော နှစ်ကျိပ်ရှစ်ဆူတွင် ပထမဦးဆုံး ဘုရားသုံးဆူတို့၏ ဗုဒ္ဓဝင် အကျဉ်းချုပ်ဖြစ်ပါသည်။

## ပူဇော်ပွဲ စတင်ခဲ့သည့်ခေတ်

ဤနှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကား ရှေးရှေးဘုရားများနှင့်စပ်၍ ကုသိုလ်ရယူလိုကြသည့် ဗုဒ္ဓဘာသာဝင် ပညာရှင်ကြီးများက တီထွင်

ခဲ့ကြသည့် ပူဇော်ပွဲ ဖြစ်ပါသည်။ မှန်၏။ ဘုရားရှင်အမြောက်အမြားကို တစ်နေရာတည်း၌ တစ်စုတပေါင်းတည်း ဖူးမြင်ကြရသည့်အခါ ဖူးမြင်ရသူ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့မှာ ပို၍ ပို၍ သဒ္ဓါကြည်ညိုစိတ်များ ဖြစ်ပွား နိုင်သည်။ ထို့ကြောင့် ဖူးမြင်ရသူ ရဟန်းရှင်လူတို့ ကုသိုလ်တရား ဖြစ်ပွား နိုင်ကြရန် ရှုချင်စဖွယ် ကြည်ညိုဖွယ်ရာ အခမ်းအနားများဖြင့် နှစ်ကျိပ် ရှစ်ဆူဘုရားရှင်တို့ကို လှည့်လည်အပူဇော်ခံခြင်းဖြစ်သည်။

ဤ နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲအကြောင်းကို ရှေးဟောင်းစာပေများ၌ မတွေ့ရှိရသဖြင့် ပွဲတော်ဖြစ်ပေါ်လာခဲ့ရာအချိန်မှာ အလွန်မကြာမြင့်သေး ဟု ယူဆကြရပေသည်။ သို့သော်လည်း ဤနှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲသည် မည်သည့်အချိန်တွင် စတင်ပေါ်လာကြောင်းကို အတိအကျ သုတေသန ပြု၍ မရသေးပါချေ။

## ရန်ကုန်မြို့မှ လေးမြို့နယ် နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲ

ရှေးအခါက နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲများကို မြို့ကြီးများ၌သာ အနည်းငယ် ကျင်းပခဲ့ကြသော်လည်း ယခုအခါ ပူဇော်ပွဲကျင်းပသည့် မြို့များမှာ အလွန်များလာပါသည်။ ရန်ကုန်မြို့တော် တစ်မြို့တည်း၌ပင် မြို့နယ်အလိုက် တခမ်းတနား အများအစား ကျင်းပလာကြသည်ကို တွေ့ရသည်။

ထိုပူဇော်ပွဲများအနက် ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး ကျင်းပသည့် လေးမြို့နယ် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲကား အလွန်ကြီးကျယ် စည်ကားလှသည်။ ထို့ကြောင့် ဤနှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ ဆောင်းပါး၌ နောင်လာနောက်သားတို့ ကြည်ညိုသဒ္ဓါပွားနိုင်ရန်နှင့် ဗဟုသုတ တိုးပွား စေရန် ဤလေးမြို့နယ် နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲအကြောင်းကို မှတ်တမ်း တင်ပါမည်။

ဤလေးမြို့နယ် နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲကို မြန်မာသက္ကရာဇ် ၁၃၄၂ ခုနှစ် ၁၉၈၀ ပြည့်နှစ်တွင် စတင် ကျင်းပ ပြုလုပ်ခဲ့သည်ဟု ဆိုပါသည်။ လေးမြို့နယ်မှာ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်တို့

ဖြစ်သည်။ ရှေးဦးစွာ ဆူးလေစေတီတော်၊ ဂေါပကအဖွဲ့က ကြီးမှူး၍ ဂေါပကအဖွဲ့နှင့် လေးမြို့နယ်က ဗုဒ္ဓဘာသာဝင် လူကြီးများပါဝင်သည့် နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲကျင်းပရေး အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပါသည်။

ထိုအဖွဲ့က ကြီးမှူး၍ လေးမြို့နယ် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးပါသည်။ ကျင်းပသည့်အချိန်ကာလမှာ ကျောင်းသားများစာမေးပွဲဖြေအပြီး မတ်လကုန်မှ ဧပြီလ သင်္ကြန်ရက်မတိုင်မီ အချိန်အထိဖြစ်သည်။ တစ်မြို့နယ်တစ်မြို့နယ်၌ သုံးရက်စီ အလှည့်ကျ လှည့်လည်ပူဇော်ကြသဖြင့် ပူဇော်ပွဲမှာ လေးမြို့နယ်လုံးအတွက် ၁၂ ရက် အချိန်ကြာသည်။ နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲကို ညစဉ် ခြောက်နာရီခွဲမှ ၁၁ နာရီအထိ လှည့်လည် ကျင်းပပြုလုပ်ကြသည်။

လှည့်လည် အပူဇော်ခံပုံ အစီအစဉ်မှာ –

၁။ ရှေ့ဆုံးတွင် လမ်းပြ လမ်းရှင်း မော်တော်ဆိုင်ကယ်များ၊
၂။ သာသနာ့အလံကိုင် ဆယ်ဦးအဖွဲ့၊
၃။ ပဋ္ဌာန်းတရား ရွတ်ပွားပူဇော်သည့် ဝတ်အဖွဲ့၊
၄။ မင်္ဂလာစည်တော်ကအဖွဲ့၊
၅။ ကြာပန်းကြီးပေါ်တွင် မတ်ရပ် ရပ်ပွားတော်တစ်ဆူ သီတင်းသုံးသည့်ယာဉ်၊
၆။ တံခွန် ကုက္ကား မုလေးပွားများနှင့် ကြာသက်န်း အစုံ ၆၀ ကို ကိုင်ဆောင်ထားကြသည့် မိန်းမပျိုလေးများအဖွဲ့၊
၇။ ကျောင်းဆောင်ပေါ်တွင် ကြည်ညိုဖွယ်ရာ သီတင်းသုံးနေသည့် ရှင်သီဝလိရဟန္တာယာဉ်၊
၈။ အဆိုအကအဖွဲ့၊ (သို့) ဒိုးပတ်အဖွဲ့၊
၉။ ဝတ်အသင်းများ၊
၁၀။ ရှင်ဥပဂုတ် ရဟန္တာ သီတင်းသုံးနေသည့် ယာဉ်၊
၁၁။ ယဉ်ကျေးမှုဌာနက ကိန္နရာ ကိန္နရီ ယိမ်းအဖွဲ့၊
၁၂။ ကိန္နရာ ကိန္နရီ ဖိုမနှစ်ဦးတို့က ယာဉ်ကို ဆွဲနေဟန် ရေးဆွဲထားသော နှစ်ကျိပ်ရှစ်ဆူဘုရားများ သီတင်းသုံးနေသည့်

ယာဉ် (ထိုယာဉ်၌ ဘွဲ့တော်အသီးသီး တပ်ထားသည့် နှစ်ကျိပ်ရှစ်ဆူဘုရားများကို လူအများ ဖူးမြင်ကြည်ညိုနိုင်အောင် ပဒေသာပင်ကဲ့သို့ ကြီးစဉ်ငယ်လိုက် အဆင့်များ ပြုလုပ်ပြီး ထိုအဆင့်များပေါ်၌ ဘုရားရုပ်တုတော်များကို စနစ်တကျ သီတင်းသုံးစေတော်မူပါသည်။)

၁၃။ နှစ်ကျိပ်ရှစ်ဆူ ဘုရားယာဉ်နောက်တွင် မင်းသား၊ မင်းသမီးများ အကအမျိုးမျိုးကပြသည့် အကပဒေသာ အဖွဲ့ယာဉ်–တို့ဖြစ်ပါသည်။

လှည့်လည်သော အခမ်းအနား၏ နံဘေး တစ်ဖက်တစ်ချက်စီ၌ လေးပေမီးချောင်းကြီး အချောင်း ၅၀ စီ ကိုင်ဆောင်လိုက်ပါကြသည့်အပြင် နှစ်ကျိပ်ရှစ်ဆူ ဘုရားယာဉ်စသော ယာဉ်အသီးသီးပေါ်၌ ရောင်စုံမီးလုံးများဖြင့် အထူးပူဇော်ထားရာ ပူဇော်ပွဲအခမ်းအနားတစ်ခုလုံး မီးရောင်များဖြင့် လွှမ်းဖုံး ထိန်လင်းနေရကား ကြည့်ရှုရသူတို့အဖို့ ကြည်နူးစရာ ရွှင်မြူးစရာ အလွန်ကောင်းလှပေသည်။

ပူဇော်ပွဲလှည့်လည်သည့် လမ်းတစ်လျှောက်မှာ ယာဉ်အသွားအလာများ ပိတ်ထားသော်လည်း အခမ်းအနားပါ ပရိသတ်များ ရပ်၍ ကြည့်ရှုဖူးမြော်နေကြသည့် လမ်းသွားလမ်းလာ ပရိသတ်များဖြင့် တိုးမပေါက်အောင် ပြည့်နှက်စည်ကားနေပေသည်။ လှည့်လည်ရာ လမ်းတစ်လျှောက်လုံး အဖျော်ယမကာများဖြင့် ဒါနပြုနေကြသူများမှာလည်း အလွန်များလှသည်။ အဖွဲ့၏စီမံချက်အရ ထိုပူဇော်ပွဲအတွက် လမ်းဘေးများတွင် ငွေဖလားကြီးများပိုက်၍ အလှူခံနေကြသည့် အလှူခံပုဂ္ဂိုလ်များကိုလည်း တွေ့ရသည်။

ဤသို့အားဖြင့် ကျောက်တံတားမြို့နယ်မှစ၍ လမ်းမတော်မြို့နယ်အထိ တစ်မြို့နယ်လျှင် သုံးရက်စီ လှည့်လည်ပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ကြသည်။ ထိုပူဇော်ပွဲအတွက် ကုန်ကျသည့် အလှူငွေမှာ ခြောက်သောင်းကျော် ခုနစ်သောင်းခန့်ရှိသည်ဟု သိရသည်။ ဤသည်မှာ လေးမြို့နယ် နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲအကြောင်းဖြစ်ပါသည်။

ဤနှစ်ကိုးပ်ရှစ်ဆူပူဇော်ပွဲဖြင့် ပူဇာစ ပူဇနေယျာနံ မင်္ဂလာ၊ ဒါန မင်္ဂလာ၊ ဒသနတ္တာရိယ မင်္ဂလာ ကုသိုလ်တရားများ ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် ကုသိုလ်တရားများဖြစ်ပွားကြရန် ရှေးလူကြီးများ စီမံ ဖန်တီးခဲ့ကြသည့် ဤနှစ်ကိုးပ်ရှစ်ဆူပူဇော်ပွဲကို ဆက်လက် ကျင်းပပြုလုပ်သောအားဖြင့် မြန်မာတို့၏ ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းသင့်ကြပေသည်။

❐

# ဘုရားအနေကဇာတင်ပွဲ

**အနေကဇာတင်ဆိုသည်မှာ**

မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မိမိတို့ နေအိမ်များ၌ဖြစ်စေ၊ ဇရပ် တန်ဆောင်း ဓမ္မာရုံများ၌ ဖြစ်စေ ရုပ်ပွား ဆင်းတုတော်များကို ပူဇော်ကိုးကွယ်ကြတော့မည်ဆိုလျှင် အများအားဖြင့် ထိုရုပ်ပွားဆင်းတုတော်များကို ရှေးဦးစွာ ဘုရားအနေကဇာတင်ပွဲ ကျင်းပ ပြုလုပ်ပြီးမှ ကိုးကွယ်လေ့ ရှိကြပါသည်။

အနေကဇာတင်ဆိုသည်မှာ မိမိတို့ ကိုးကွယ်ပူဇော်ကြမည့် ရုပ်ပွား ဆင်းတုတော်အား ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား စသည်တို့ကို လှူဒါန်းပူဇော်ကြပြီး သံဃာတော်အရှင်မြတ် များက 'အနေကဇာတိ သံသာရံ' အစချီသော ဥဒါန်းဂါထာတော် စသည် တို့ကို ရွတ်ဖတ် ပူဇော်ကာ ဗုဒ္ဓါဘိသေကမင်္ဂလာပြုခြင်း၊ သိဒ္ဓိတင်ခြင်းပင် ဖြစ်ပါသည်။

အနေကဇာကား သံဃာတော် အရှင်မြတ်များ ရှေ့ဦးဆုံး ရွတ်ဖတ် ပူဇော်သည့် 'အနေကဇာတိ သံသာရံ' အစချီသော ဥဒါန်းဂါထာတော်တွင် ထိပ်ဆုံးပုဒ်ဖြစ်သည့် 'အနေကဇာတိ' ပုဒ်ကို ပါဠိသက် မြန်မာဝေါဟာရ အဖြစ် 'အနေကဇာ' ဟု ခေါ်ဝေါ်သုံးနှုန်းထားခြင်းဖြစ်ပါသည်။ မြန်မာလို တစ်ပါးမက များလှစွာသော ဘဝ၊ ဘဝပေါင်းများစွာဟု အဓိပ္ပာယ်ရသည်။ ထို အနေကဇာတိပုဒ်ကို အနေကဇာဟု ခေါ်ဝေါ်သုံးစွဲခြင်းမှာ ရှေးအင်းဝ

ခေတ်ကပင် ရှိခဲ့ပါသည်။ အင်းဝခေတ် စာဆိုအကျော် အရှင်အဂ္ဂသမာဓိ ဆရာတော်သည် နေမိ ငရဲခန်းပျို့ အပိုဒ် ၂ တွင် 'အနေကဇာ၊ ဤဂါထာ ဖြင့်၊ ကမ္ဘာရှည်ဝေး၊ ပြဟ္မာမွေးသား၊ တို့ဘေးတို့ဘိုး၊ တို့ဆွေမျိုးက' စသည်ဖြင့် ရေးဖွဲ့သုံးနှုန်းခဲ့သည်ကို တွေ့ရပါသည်။

တင်–ဆိုသည်မှာ မင်းဖြစ်မည့် မင်းလောင်းအား ရာဇာဘိသိက် သွန်းလောင်း၍ ဘုရင်အဖြစ် တင်မြှောက်သကဲ့သို့ မိမိတို့ကိုးကွယ်မည့် ရပ်ပွားဆင်းတုတော်အား သက်တော်ထင်ရှား မြတ်စွာဘုရား ကိုယ်တော် စားအဖြစ် ဗုဒ္ဓါဘိသိက်သွန်းလောင်း၍ ဘုရားအဖြစ် သိဒ္ဓိတင်ခြင်းဟု အဓိပ္ပာယ်ရပါသည်။

## အနေကဇာတင်ပွဲ ဖြစ်ပေါ်လာပုံ

ဤ 'အနေကဇာတိ သံသာရံ' အစရှိသော ဂါထာမှာ နှစ်ဂါထာ ဖြစ်ပါသည်။ ထိုဂါထာတို့ကို ပါရာဇိကဏ် အဋ္ဌကထာစသော အဋ္ဌ ကထာများ၌ ဥဒါန်းဂါထာများဟု မိန့်ဆိုတော်မူကြပါသည်။ ဥဒါန်းဂါထာ ဆိုသည်မှာ အလွန့်အလွန် နှစ်သက်အားရ ဝမ်းမြောက်လှသဖြင့် ကျူးရင့် တော်မူသော ဂါထာများဟု အဓိပ္ပာယ်ရသည်။ ထိုဥဒါန်းသည် အသံ မထွက် စိတ်တော်သက်သက်ဖြင့်သာ ကျူးရင့်သော 'မနသာဥဒါန်း'၊ နှုတ်တော်ခြွေမြွက် အသံတော်ထွက်၍ ကျူးရင့်သော 'ဝစသာဥဒါန်း' ဟူ၍ နှစ်မျိုးရှိသည်။ ဤအနေကဇာတိ သံသာရံအစရှိသော နှစ်ဂါထာတို့ကား ဗုဒ္ဓမြတ်စွာ စိတ်တော်ဖြင့်သာ ကျူးရင့်တော်မူသောကြောင့် မနသာ ဥဒါန်းဖြစ်ပါသည်။

'ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာ' အစရှိသော ဥဒါန်း ပါဠိတော်လာ ဥဒါန်းဂါထာသုံးဂါထာတို့မှာမူ ရှင်တော်ဗုဒ္ဓ နှုတ်တော်ဟ၍ ကျူးရင့် တော်မူရကား ဝစသာဥဒါန်းများ ဖြစ်ပါသည်။ ဤသို့ သာရတ္ထဒီပနီဋီကာ (၆၅–၆၆) စသော ဋီကာကျမ်းများ၌ ဖွင့်ဆိုထားကြပါသည်။

အတန်ငယ် ချဲ့ပြပါဦးမည်၊ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် မိုးသောက်ယံအချိန်တွင်

သုံးလောကထွတ်ထား သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူရာ 'ငါသည် ကြီးစွာသော သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရပြီ၊ အလွန်မြတ်လှသော သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်တင် ဘုရားရှင်အဖြစ်ကိုရပြီ၊ ကြီးစွာသော အောင်ပွဲသဘင်ကို ဆင်ယင်ကျင်းပပြီးပြီ၊ ငါသည် လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းကို တရားဟော၍ ဘဝသုံးပါးဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်သူဖြစ်၏' ဟု ဆင်ခြင်စဉ်းစားတော်မူသည်။

ထိုအခါ မြတ်စွာဘုရား၏သန္တာန်တော်၌ လွန်စွာ လွန်စွာ နှစ်သက်အားရ ဝမ်းမြောက်လှသော ပီတိတရားသည် ထပ်တလဲလဲ ဖြစ်ပွားပေါ်ပေါက်လာသည်။ ထိုသို့ ထပ်တလဲလဲ ဖြစ်ပေါ်လာသည့် ပီတိအဟုန်ဖြင့် ဘုရားရှင်တိုင်း ဘုရားဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် ကျူးရင့်မြဲဓမ္မတာဖြစ်သည့် ဤဥဒါန်းနှစ်ဂါထာကို အသံတော်မထွက် စိတ်တော်သက်သက်ဖြင့်သာ ကျူးရင့်တော်မူပါသည်။

၁။ အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ နကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

'ထပ်ကာထပ်ကာ ဘဝအသစ်ဖြစ်ရခြင်း၊ ဝါ-ပဋိသန္ဓေနေရခြင်းသည် အို နာ သေရေး ဒုက္ခဘေးတို့နှင့် ရောထွေး၍နေသောကြောင့် ဆင်းရဲလှပေသည်။ ဤအတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် အဖန်ဖန် ဆောက်လုပ်နေသော တရားခံလက်သမားကား တဏှာတရားတည်း၊ ထို တရားခံ လက်သမား ဆိုသူသည် မည်သူမည်ဝါ ဖြစ်သည်ကို သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော မှန်ပြောင်းဖြင့်သာ မြင်နိုင်သိနိုင်သည်။

တဏှာ လက်သမားကို မတွေ့ရသေးသမျှ ဘဝသစ်၌ ဖြစ်ခြင်းဆိုသည့် ဇာတိကလည်း သူ့ အလိုအလျောက် နောက်ဆုတ်သွားလိမ့်မည်

မဟုတ်၊ ထို့ကြောင့် တဏှာလက်သမားကို 'မတွေ့လျှင် မနေ' ဟူသော ခွဲမာန်ဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလကြာအောင် သဲသဲမဲမဲ ရှာဖွေခဲ့သည်။ သို့သော် တဏှာယောက်ျား လက်သမားကို တွေ့မြင်နိုင်ကြောင်း သဗ္ဗညုတဉာဏ်တော်တည်းဟူသော မှန်ပြောင်းကို မရသေးသည့်အတွက် အသိန်းမကသော ဘဝသံသရာစက်ဝိုင်းကြီးကို ဆုံလည်တပ်နွား ရဟတ်ခြားသို့ လှည့်ပတ်ပြေးသွားခဲ့ရလေပြီ။

တဏှာယောက်ျား ဟဲ့ လက်သမား၊ ယခုအခါ သဗ္ဗညုတဉာဏ်တော်ဖြင့် သင့်ကို တွေ့မြင်ခဲ့ရပေပြီ၊ သင်သည် ငါ့ခန္ဓာအိမ်ကို ထုတ်လုပ်နိုင်တော့မည်မဟုတ်၊ သင်၏ ကိလေသာ အခြင်ရနယ် အားလုံးတို့ကို ငါချိုးဖျက်လိုက်လေပြီ၊ ခန္ဓာအိမ်၏ အဝိဇ္ဇာအထွတ်ကိုလည်း ဖြုတ်လိုက်လေပြီ၊ ငါ့စိတ်သည် နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ခဲ့ပြီ၊ ငါသည် သင် တဏှာတို့၏ မရှိရာ အရဟတ္တဖိုလ်ကို ရခဲ့ပေပြီ'

ထို့နောက် မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဘုရားဖြစ်တော်မူသည့် ပလ္လင်တော်ပေါ်၌ပင် ခုနစ်ရက်ပတ်လုံး ဝိမုတ္တိချမ်းသာခေါ်သော အရဟတ္တဖိုလ်ချမ်းသာကို ခံစားသုံးဆောင်တော်မူပါသည်။ ခုနစ်ရက်လွန်သည့်အခါ ထိုဖလသမာပတ်သမာဓိမှ ထတော်မူ၍ ညဉ့်ဦးယံ၌ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ' စသည်ဖြင့် ကြောင်းကျိုးဆက်မွှ ပဋိစ္စသမုပ္ပာဒ်တရားကို အနုလုံ(အဖြစ်သဘော)အားဖြင့် ဆင်ခြင်နှလုံးသွင်းတော်မူ၏။

ထိုအခါ ဗုဒ္ဓမြတ်စွာ၌ စိတ်တော်ကြည်နူး အလွန်ရွှင်မြူးလာရကား ထိုပီတိအဟုန်ဖြင့် ဝမ်းတွင်းမဆံ့ အပြင်သို့ လျှံထွက်လာသည့်ပမာ –

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

ဟူသော ဂါထာတော်ကို အသံထွက်ကာ နှုတ်မြွက်ကျူးရင့်တော်မူပါသည်။

ထိုည မရွိမယံ၌ 'အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရနိရောဓော' စသည်ဖြင့် ပဋိစ္စသမုပ္ပာဒ် တရားတော်ကို ပဋိလုံ (အချုပ်သဘော)အားဖြင့် နှလုံးသွင်း ဆင်ခြင်တော်မူပြန်ရာ စိတ်တော်ရွှင်ပြုံးနှလုံးကြည်နူး ထူးကဲသောပီတိများ ဖြစ်ပွားလာပြန်ရာ ထိုပီတိအဟုန်ကြောင့် –

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

ဟူသော ဂါထာတော်ကို ရွတ်ဆိုကျူးရင့်တော်မူပြန်ပါသည်။

နောက်ဆုံး ပစ္ဆိမယံ၌ကား ပဋိစ္စသမုပ္ပာဒ် တရားသဘောကို အနုလုံ ပဋိလုံ အစုန်အဆန် ဆင်ခြင်နှလုံးသွင်းတော်မူပြန်ရာ စိတ်တော်ကြည်နူးရွှင်မြူးတော်မူပြန်ရကား –

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

ဟူသောဂါထာတော်ကို တတိယအကြိမ် နှုတ်တော်ခြွေမြွက် အသံတော်ထွက်၍ ကျူးရင့်တော်မူပါသည်။ ဤကဲ့သို့ နှုတ်တော်ဖြင့် ရွတ်ဆိုကျူးရင့်တော်မူသော ဝစသာဥဒါန်းသုံးပုဒ်တို့၏ မြန်မာပြန်အဓိပ္ပာယ်များမှာ –

၁။ ကိလေသာတို့ကို ပူပန်စေနိုင်၊ နှိပ်ကွပ်နိုင်သည့် လုံ့လဝီရိယရှိ၍ ဈာန် မဂ်ဆိုက်အောင်၊ စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်သောကြောင့် မကောင်းမှုဟူသမျှ ကင်းစင်ပပြီးသော ရဟန္တာအရှင်မြတ် သန္တာန်၌ အကြင်အခါ၌ ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါးတို့ စင်စစ်ထင်ရှား ဖြစ်ပွားလာခြင်းကြောင့် ကောင်းကျိုးစဉ်ပြ ပဋိစ္စသမုပ္ပာဒ်တရားကို ပိုင်းခြားထင်ထင် သိမြင်၏။ ထိုသို့ သိမြင်သည့်အခါ၌ ထို ရဟန္တာ

အရှင်မြတ်အား အလုံးစုံသော ယုံမှားခြင်းပဒို့သည် ကင်းပျောက်ကြကုန်၏။

၂။ ကိလေသာတို့ကို (လ) ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ စင်စစ်ထင်ရှား ဖြစ်ပွားလာကြခြင်းကြောင့် အဝိဇ္ဇာစသော အကြောင်းတရားတို့ ကုန်ခန်းရာမှန်၊ မြတ်နိဗ္ဗာန်ကို ထိုးထွင်းသိမြင်တော်မူပြီ၊ ထိုအခါ၌ ထိုရဟန္တာ အရှင်မြတ်အား အလုံးစုံသော ယုံမှားခြင်းတို့သည် ကင်းပျောက်ကြကုန်၏။

၃။ ကိလေသာတို့ကို (လ) ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ စင်စစ်ထင်ရှား ဖြစ်ပွားလာကြ၏။ ထိုအခါ နေမင်းသည် မိုးကောင်းကင်ကို တောက်ပစေလျက် တည်နေသကဲ့သို့ ထိုရဟန္တာအရှင်မြတ်သည် ကာမရာဂစသော မာရ်စစ်သည်ကို ဖျက်ဆီးလျက် တည်နေတော်မူ၏။

ဤသို့ အသံမထွက် စိတ်တော်သက်သက်ဖြင့်သာ ကျူးရင့်တော်မူသော မနသာဥဒါန်းဂါထာနှင့် အသံတော်ထွက်ကာ နှုတ်မြွက်ကျူးရင့်တော်မူသည့် အထက်ပါ ဥဒါန်းဂါထာတော်များကို မြတ်စွာဘုရား၏ ပထမဆုံး စကားတော် (ပထမ ဗုဒ္ဓဝစန) ဟု ခေါ်ပါသည်။ မှန်ပါသည်၊ အရှင်မဟာကဿပ စသော ပထမသင်္ဂါယနာတင် ရဟန္တာအရှင်မြတ်များသည် မြတ်စွာဘုရား၏ စကားတော်ကို ပထမဆုံး ဘုရားစကားတော် (ပထမ ဗုဒ္ဓဝစန)၊ အလယ် ဘုရားစကားတော် (မဇ္ဈိမ ဗုဒ္ဓဝစန)၊ နောက်ဆုံး ဘုရားစကားတော် (ပစ္ဆိမ ဗုဒ္ဓဝစန) ဟု သုံးမျိုးသုံးစား ခွဲခြားထားခဲ့ပါသည်။

ထိုတွင် ပထမဆုံးဘုရားစကားတော်မှာ ထိုဥဒါန်းဂါထာတော်များပင်ဖြစ်၍ နောက်ဆုံး ဘုရားစကားတော်မှာ ပရိနိဗ္ဗာန် ဝင်စံခါနီး ရှင်တော်ဘုရား မှာကြားခဲ့သော 'ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ' ဖြစ်ပါသည်။ ထိုနောက်ဆုံး စကားတော်နှင့် ပထမဆုံးစကားတော်တို့၏ အကြား ၄၅ ဝါပတ်လုံး ဟောကြားတော်မူခဲ့သည့် တရားတော်အားလုံးမှာ အလယ်ဘုရားစကားတော်များပင် ဖြစ်ပါသည်။

ထိုစကားတော်သုံးမျိုးတွင် ဥဒါန်းဂါထာတော်များသည် ရှင်တော်ဗုဒ္ဓ ဘုရားဖြစ်တော်မူစတွင် စိတ်တော်၊ နှုတ်တော်တို့ဖြင့် ကျူးရင့်တော်မူသည့် ပထမဗုဒ္ဓဝစနဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင် ရှေးပညာရှင်ကြီးများသည် ဥဒ္ဒိဿကစေတီမျှသာဖြစ်သော ရုပ်ပွားဆင်းတုတော်အား ထိုပထမဗုဒ္ဓဝစန ဥဒါန်းဂါထာတော်များကို ရွတ်ဆိုပူဇော်၍ ဗုဒ္ဓါဘိသေက မင်္ဂလာ ဆင်ယင်ကျင်းပရန် တီထွင် ဖန်တီးခဲ့ကြဟန် ရှိပါသည်။

ထိုရွတ်ဖတ်ပူဇော်တော်မူကြသည့် ဥဒါန်းဂါထာတော်များတွင် 'အနေကဇာ တိ သံသာရံ' အစရှိသော မနသာ ဥဒါန်းဂါထာမှာ ပထမဆုံး ရွတ်ဆို ပူဇော်ရသည့် ဂါထာတော်ဖြစ်ပြီး ထိုဂါထာ၏ အစဆုံးပုဒ်ဖြစ်သည့် 'အနေ ကဇာတိသံသာရံ' ပုဒ်က အနေကဇာတိ–ပုဒ်ကို အစွဲပြုကာ ထိုပွဲကို အနေကဇာတင်ပွဲဟု ခေါ်ဝေါ် သုံးစွဲကြခြင်း ဖြစ်ပေသည်။

၎င်း ဘုရားအနေကဇာတင်ပွဲနှင့်ပတ်သက်၍ မြန်မာသက္ကရာဇ် ၁၁၅၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်နေ့တွင် ဘိုးတော် ဗဒုံမင်းတရားကြီးက 'ဘုရားကို အနေကဇာတင်သည့်ထုံးစံ ကျမ်းဂန် မည်သို့ရှိသည်' ဟု အတွင်းဝန်များမှတစ်ဆင့် ပထမမောင်းထောင်သာသနာပိုင် ဆရာတော်ကြီးများကို လျှောက်ထားရာ သာသနာပိုင်ဆရာတော်ဘုရားကြီးက –

"အနေကဇာတင်ခြင်းထုံးစံသည် ကဆုန်လပြည့်နေ့ ဘုရားအဖြစ်သို့ ရောက်တော်မူစ တစ်ဆယ့် ကိုးချက်မြောက်သော ပစ္စဝေက္ခဏာ ဉာဏ်တော်၏အခြားမဲ့တွင် အနေကဇာတိ နှစ်ဂါထာကို စိတ်တော်ဖြင့် ဆင်ခြင်တော်မူသည်ဖြစ်၍၊ စိတ်တော်ဖြင့်သာ ဆင်ခြင်တော်မူသမျှ တရားတော်တွင် အနေကဇာတိနှစ်ဂါထာသည် ပထမ ဗုဒ္ဓဝစနဟု ကျမ်းဂန်လာသည်နှင့်အညီ ကဆုန်လပြည့်ကျော်တစ်ရက်နေ့ 'ယဒါဟဝေ' သုံးဂါထာကို နှုတ်တော်ဖြင့် ဆင်ခြင်တော်မူသည်ဖြစ်၍၊ နှုတ်တော်ဖြင့် ဆင်ခြင်တော်မူသမျှ တရားတော်တွင် 'ယဒါ ဟဝေ' သုံးဂါထာသည် ပထမ ဗုဒ္ဓဝစနဟု ကျမ်းဂန်လာသည်နှင့်အညီ ဘုရားဖြစ်စကာလ ဆင်ခြင်တော်မူသည့် အကြောင်းကိုစွဲ၍ အသစ်ထုလုပ်စ ဘုရားဆင်းတုကိုလည်း ယင်းဂါထာတို့ကို ရွတ်၍ ပူဇော်သည်ကိုပင် အနေကဇာတင်သည်ဟု ခေါ်ဝေါ်ခြင်း

ဖြစ်သည်။ သည့်ကဲ့သို့ အနေကဇာတင်ရမည်ဟူ၍ ကျမ်းဂန်မှာမလာ၊ အသင့်ယုတ္တိလိုက်၍ ထုံးစံတွင်ခြင်းဖြစ်သည်”

ဟု ပြန်လည်ဖြေကြားတော်မူလိုက်ကြောင်း အမေးတော်ဖြေကျမ်းတွင် တွေ့ရှိရပါသည်။

## ထိုပွဲစတင်ပေါ်လာသည့်ခေတ်

ထို ဘုရားအနေကဇာတင်ပွဲသည် မြန်မာနိုင်ငံတွင် မည်သည့်ခေတ်၊ မည်သည့်မင်းလက်ထက်တွင် စတင်ပေါ်ပေါက်လာကြောင်းကို လက်လှမ်းမီသရွေ့ သုတေသနပြုရသည့် ကျောက်စာ၊ ပေစာ၊ သမိုင်း၊ မော်ကွန်း၊ ပျို့၊ လင်္ကာ၊ ဧချင်း စသည့် ရှေးဟောင်းစာပေများ၌ မတွေ့ရှိရသောကြောင့် အတိအကျ ဖော်ပြရန် ခဲယဉ်းပါသည်။ သို့သော် တောင်ငူခေတ်၊ ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ခံ ဆင်ဖြူများရှင် မင်းတရားလက်ထက် သက္ကရာဇ် ၉၃၄ ခုနှစ်တွင်မူ ထိုဘုရားအနေကဇာတင်ပွဲ အလေ့အထ ပေါ်နေပြီဖြစ်ကြောင်းကိုကား 'သုသောဓိတ' မဟာရာဇဝင်ကြီး၊ ဒုတိယတွဲ ၄၂၀ လာ အောက်ပါ သမိုင်းအထောက်အထားများအရ အတိအကျ ဆိုနိုင်ပါသည်။

'ဘုရား (ဒဂုံဆံတော်ရှင်) တွင် ငါးရက်နေတော်မူ၍ ရေအားကြည်းအားဖြင့် ပြန်တော်မူသည်။ ရွှေနန်းတော်သို့ ရောက်တော်မူလျှင် ရွှေရုပ်တု၊ မိုးကြိုးရုပ်တု၊ ငွေရုပ်တု၊ ပဥ္စလောဟာရုပ်တုတို့ကို အနေကဇာတင်တော်မူသည်။ ယင်းသောအခါ ပင့်သောသံဃာတော်ကား မြန်မာပြည်အလုံး၊ တစ်တိုင်းပြည်အလုံး၊ ယွန်းပြည်အလုံး၊ ရှမ်းပြည်အလုံးတွင်ရှိသော ကျောင်းနေပုဂ္ဂိုလ်ပေါင်း သုံးထောင့်ငါးရာငါးကျိပ်ငါးပါးတို့ကို ဘုရားဝန်းကျင်တွင် မဏ္ဍပ်ကနားကြီး အဆောင်ဆောင် ဆောက်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။

သို့သော် ဤဘုရားအနေကဇာတင်ပွဲကား မြန်မာနိုင်ငံတွင် စတင်ပေါက်ဖွားခဲ့သည့်ပွဲမဟုတ်၊ အခြား ဗုဒ္ဓဘာသာဝင် နိုင်ငံတစ်ခုမှ မြန်မာနိုင်ငံသို့ ရောက်လာသည့်ပွဲ ဖြစ်ဟန်ရှိသည်ဟုသာ သုတေသီတို့ ယူဆကြ

ပါသည်။ ပါဠိမြန်မာစာပေ ပညာရှင်ကြီးတစ်ဦးဖြစ်သူ မဟာပညာဗလ ဘွဲ့ရ ဆရာဉာဏ်က 'ဤအနေကဇာတင်ခြင်း အလေ့အထမှာလည်း ဘုရားကိုးဆူ ပူဇော်နည်းစသည်များကဲ့သို့ ဇင်းမယ်ပြည်မှစ၍ ဖြစ်ပေါ်လာပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်လာဟန်တူသည်' ဟု မြန်မာ့စွယ်စုံကျမ်း၌ ဖော်ပြထားပေသည်။

## အနေကဇာတင်လေ့ရှိသော စေတီ

ထိုသို့ အနေကဇာတင်ပွဲ ဆင်ယင်ကျင်းပကြရာ၌ စေတီတော်တိုင်းကို အနေကဇာတင်လေ့ မရှိကြပါချေ။ ဥဒ္ဒိဿကစေတီတော်တစ်မျိုးကိုသာ အနေကဇာတင်ကြ၍ ကျန်စေတီတော်များကို တင်လေ့မရှိကြပေ။ ချဲ့ပြဦးအံ့–ခုဒ္ဒကနိကာယ် တေရသကနိပါတ်၊ ကာလိင်္ဂဗောဓိဇာတ်နိဒါန်းတွင် ဘုရားသခင် ဟောတော်မူခဲ့သည့် သာရီရိက (ဓာတု) စေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿကစေတီဟူသော စေတီတော်သုံးမျိုးနှင့် သာရတ္ထသင်္ဂဟ အဋ္ဌကထာ၌လာသော ဓာတု(သာရီရိက)စေတီ၊ ပရိဘောဂစေတီ၊ ဓမ္မစေတီသုံးမျိုးတို့ကို ပေါင်း၍ ရှေ့ပိဋကကျမ်းဂန်တတ် ဆရာတော်ကြီးများက စေတီတော်များမှာ –

၁။ သာရီရိက (ဓာတု)စေတီ၊

၂။ ဓမ္မစေတီ၊

၃။ ပရိဘောဂစေတီ၊

၄။ ဥဒ္ဒိဿကစေတီ

ဟူ၍ လေးမျိုးရှိကြောင်း သတ်မှတ်မိန့်ဆိုတော်မူခဲ့ကြပါသည်။

ထိုတွင် ဗုဒ္ဓမြတ်စွာ၏ ခန္ဓာကိုယ်တော်ကဖြစ်သော ဓာတ်တော်၊ မွေတော်၊ ညှပ်ရိုးတော်၊ နဖူးသင်းကျစ်တော်၊ စွယ်တော်၊ သွားတော်၊ ဆံတော်၊ မွေးညင်းတော်၊ ခြေသည်း လက်သည်းတော်တို့သည်လည်းကောင်း၊ ထိုဓာတ်တော် စသည်တို့ကို ဌာပနာသွင်း၍ တည်ထားသော စေတီတော်များသည် လည်းကောင်း သာရီရိက (ဓာတု)စေတီ ဖြစ်ပါသည်။

ဓမ္မစေတီကား ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော ပဋိစ္စသမုပ္ပာဒ်တရား၊ ပဋ္ဌာန်းတရား စသော ပိဋကတော်များကိုလည်းကောင်း၊ ထို ပဋိစ္စသမုပ္ပာဒ် စသော ပိဋကတော်များကို ရွှေပြား ငွေပြား ကြေးပြား သံပြား ခဲပြား ကျောက်ပြား စသည်တို့၌ ရေးထွင်းကာ ဌာပနာသွင်း၍ တည်ထားသော စေတီတော်များကိုလည်းကောင်း ဓမ္မစေတီဟု ခေါ်ပါသည်။

ဘုရားလောင်း၏ အသုံးအဆောင်ဖြစ်သော ဝတ်လဲတော်ပုဆိုး၊ ဆံတော်တို့သည် လည်းကောင်း၊ မြတ်စွာဘုရား၏ အသုံးအဆောင် ဖြစ်သော ဗောဓိပင်၊ ကျောင်းတော်၊ သပိတ်တော်၊ သင်္ကန်းတော်၊ တောင်ဝှေးတော် စသော ပရိက္ခရာ၊ အဆောက်အအုံတို့သည်လည်းကောင်း၊ ယင်းတို့ကို တည်ထားသော စေတီတော်များသည်လည်းကောင်း ပရိဘောဂစေတီမည်၏။

ဥဒ္ဒိဿကစေတီတော်ဆိုသည်မှာ ရွှေ ငွေ မြ ကျောက်စိမ်း ကြေး သံ ခဲ ကျောက် အုတ် အင်္ဂတေ မြေ သစ်သား စသည်တို့ကို ဘုရားရှင် ပုံသဏ္ဌာန်နှင့်တူစွာ ထုလုပ်ထားသော ရုပ်တုတော်၊ ဆင်းတုတော်များသည် လည်းကောင်း၊ ဆေးမင်တို့ဖြင့် ရေးဆွဲရိုက်နှိပ်ထားသော ဘုရား ဓာတ်ပုံ ဓာတ်ကားတို့သည်လည်းကောင်း၊ ယင်းတို့ကို ဌာပနာသွင်း၍ တည်ထားသော စေတီတော်များသည်လည်းကောင်း ဥဒ္ဒိဿကစေတီ ဖြစ်ပါသည်။

ဤစေတီတော်လေးမျိုးတို့တွင် ဥဒ္ဒိဿက စေတီတော်တစ်မျိုးကိုသာ အနေကဇာတင်လေ့ ရှိကြပါသည်။ မှန်ပါသည်၊ သာရီရိကခေါ် ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီတော်တို့ကား မြတ်ဗုဒ္ဓရှင်တော်ဘုရားနှင့် ဆက်နွှယ်စပ်လျဉ်းသော ပူဇော်ဖွယ်ဝတ္ထုများ ဖြစ်ကြပါသည်။

ဥဒ္ဒိဿကစေတီတော်မြတ်မှာမူ 'ဥဒ္ဒိဿကံ အဝတ္ထုကံ' ဟု ကာလိင်္ဂဗောဓိဇာတ် အဋ္ဌကထာ၌ လာရှိသည့်အတိုင်းကို ရှင်တော်ဗုဒ္ဓနှင့် ဆက်စပ်သော ဝတ္ထုပစ္စည်း တစ်စုံတစ်ရာ မပါရှိချေ။ မြတ်စွာဘုရားကို ရည်ညွှန်း၍ ဘုရားရှင်ကိုယ်စား ပုံတူထုလုပ်ထားသည့် စေတီတော်မျှသာ ဖြစ်ပါသည်။

ထို့ကြောင့် ဘုရင်များကို ရာဇာဘိသိက်မြှောက်သကဲ့သို့ အလေးဂရု အထူး ပြုရန်အတွက် ဗုဒ္ဓါဘိသေက မင်္ဂလာအဖြစ် အနေကဇာတင်ကြခြင်း ဖြစ်ပါသည်။

## ဘုရားအနေကဇာတင် ဆင်ယင်ကျင်းပပုံ

မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဘုရား အနေကဇာတင်ပွဲကို နံနက်စောစော အရုဏ်တက်ချိန်၌ဖြစ်စေ၊ နံနက် ၁၀ နာရီ ၁၁ နာရီအချိန်၌ ဖြစ်စေ သံဃာတော်များအား ဆွမ်းခဲဖွယ် ဘောဇဉ်များ ဆက်ကပ်ပြီး ကျင်းပပြုလုပ်လေ့ ရှိကြပါသည်။

ဘုရားအနေကဇာမတင်မီ ဘုရားဒါယကာ ဒါယိကာမတို့သည် အနေကဇာတင်မည့် ဥဒ္ဒိဿကစေတီတော်မြတ်အား ဆွမ်း ခဲဖွယ် ဘောဇဉ် ရေချမ်း ပန်းနံ့သာ ဆီမီး ထီး တံခွန် ကုက္ကား မုလေးပွား စသည်တို့ကို လှူဒါန်းပူဇော်ထားကြပါသည်။

ဘုရားအနေကဇာတင်ရန် ကြွရောက်လာကြသည့် သံဃာတော် များသည် အများအားဖြင့် ဆွမ်းမဘုဉ်းပေးမီ ဘုရား အနေကဇာ တင်တော်မူလေ့ ရှိကြပါသည်။ ကြွရောက်လာကြသည့် သံဃာတော်များ သည် ဒကာ ဒကာမများ အသင့်လှူထားသည့် ပန်း နံ့သာ ထီး တံခွန် ကုက္ကား မုလေးပွား စသည်တို့ကို အသီးသီးကိုင်ဆောင်ကြကာ အနေကဇာ တင်မည့် ဥဒ္ဒိဿက စေတီတော်ကို ရှိခိုးလျက် ရှေးဦးစွာ –

၁။ အနေကဇာတိ သံသာရံ–အစရှိသော ဥဒါန်းဂါထာ နှစ်ဂါထာ ကို သုံးကြိမ် ညီညီညာညာ သံပြိုင်ရွတ်ဆို၍ ပူဇော်ကြသည်။

၂။ ထို့နောက် ပဋိစ္စသမုပ္ပာဒ်ကို အနုလုံအားဖြင့် ရွတ်ဆိုပူဇော်ပြီး အဆုံးတွင် 'ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ' စသော ဒုတိယ ဥဒါန်း ဂါထာတော်ကို ဆက်လက်ရွတ်ဆိုပူဇော်ကြသည်။

၃။ ထို့နောက် ပဋိစ္စသမုပ္ပာဒ်ကို ပဋိလုံအားဖြင့် ရွတ်ဆိုပူဇော်ပြီး 'ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ' စသော ဒုတိယ ဥဒါန်းဂါထာ တော်ကို ဆက်လက် ရွတ်ဆိုပူဇော်ကြသည်။

၄။ ထို့နောက် ပဋ္ဌိစ္စသမုပ္ပာဒ်ကို အနုလုံ၊ ပဋိလုံ၊ အစုန်အဆန် ရွတ်ဆို ပူဇော်၍ 'ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ' စသော တတိယ ဥဒါန်းဂါထာတော်ကို ဆက်လက်ရွတ်ဆိုပူဇော်ကြ သည်။

၅။ ထို့နောက် 'ဇယန္တော ဗောဓိယာ မူလေ' စသော အဘိသေက ဂါထာတော်များနှင့် –

၆။ ဘုရားဂုဏ်တော်များ (မာရ်နတ်မင်းကို အောင်ပွဲခံလိုက်ချိန်တွင် နဂါး ဂဠုန် နတ် ဗြဟ္မာတို့ ရွတ်ဆိုသီကျူး ကြွေးကြော် ခဲ့ကြသော) 'ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ' စသော ဥဋ္ဌောသနဂါထာများကို ရွတ်ဖတ်ပူဇော်ကြပြီး နောက်ဆုံး တွင် –

၇။ 'သုနက္ခတ္တံ သုမင်္ဂလံ' စသော အာသီသ ပတ္ထနာဂါထာများကို ရွတ်ဆိုပူဇော်ကာ အနေကဇာတင်တော်မူကြပါသည်။

ဤဖော်ပြပါ ဥဒါန်းဂါထာ စသည်တို့ကို သံဃာတော်များ ရွတ်ဆို ပူဇော်ကြရာ၌ တစ်မျိုးရွတ်ဆိုပြီးတိုင်း ဒကာ ဒကာမများက သာစုသုံးကြိမ် ခေါ်ကြရသည်။ သာစုခေါ်ပြီးတိုင်း သံဃာတော်တစ်ပါးက ဒကာ ဒကာမ များ အသင့် လှူထားသည့် ပန်းပေါက်ပေါက်တို့ကို ကြဲ၍ ဘုရားကို ပူဇော်ရသည်။ တစ်ခါတစ်ရံ စုပေါင်းအနေကဇာတင်ပြီးသောအခါ သံဃာ တော်တစ်ပါးက အမွှေးနံ့သာရည် ထည့်ထားသည့် ဖလားကို ကိုင်၍ သပြေ ခက်ကို အမွှေးနံ့သာရည်တွင်နှစ်ကာ 'ဇယန္တော ဗောဓိယာ မူလေ' စသော အဘိသိက် ဂါထာတော်ကို ရွတ်ဆိုလျက် အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်း သွန်းလောင်း ပူဇော်သောအားဖြင့် ဗုဒ္ဓါဘိသေက မင်္ဂလာကို ပြုလုပ်လေ့ ရှိကြသည်။ ဤသို့ ပြုလုပ်ခြင်းကား ရာဇာဘိသိက် မင်္ဂလာဘိသိက် သိရီ ပဝေသနာ ဘိသိက်သွန်းလောင်းခြင်းတို့ကို နည်းယူ၍ ပြုလုပ်ကြဟန် ရှိပါသည်။

ထို့နောက် ဘုရားအနေကဇာတင် သံဃာတော်အရှင်မြတ်တို့အား ဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ်ယမကာ အဖြာဖြာတို့ကို ဆက်ကပ်ကြ

ပါသည်။ သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးသည့်အခါ သံဃာတော်များ ထံ သရဏဂုံ သီလ ခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော် နာယူခြင်း၊ ရေစက်ချ အမျှအတန်း ပေးဝေခြင်း၊ သာဓု အနုမောဒနာခေါ်ခြင်း စသည့် ကောင်းမှုကုသိုလ်များကို ဆက်လက်ပြုလုပ်ကြပါသည်။

သံဃာတော်များ ကျောင်းသို့ ပြန်ကြွသွားသည့်အခါ ကြွရောက် လာသည့် ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးကြပါသည်။ ဤသည်မှာ ဘုရားအနေကဇာတင်ပွဲ ဆင်ယင်ကျင်းပပုံဖြစ်ပါသည်။

## ဘုရားအနေကဇာတင်ခြင်း အကျိုး

ဤ ဥဒ္ဒိဿကစေတီ အမျိုးအစားဖြစ်သော ရုပ်ပွားဆင်းတုတော် များကို ကိုးကွယ်ကြရာ၌ အနေကဇာ တင်ပြီးမှသာ ကိုးကွယ်ကောင်းသည် မဟုတ်ပါ။ အနေကဇာ မတင်သော်လည်း ကိုးကွယ်ကောင်းပါသည်။

သာသနာပိုင် ပထမ မောင်းထောင်ဆရာတော်ဘုရားကြီးက ဗဒုံ မင်းတရားအား အမိန့်ရှိသည့်အတိုင်း 'ရုပ်ပွား ဆင်းတုတော်များကို အနေကဇာတင်ပြီးမှ ကိုးကွယ်ရမည်' ဟု မည်သည့် ပိဋကကျမ်းဂန်မှာမှ မလာမရှိပါချေ။ သို့သော် ရှေးဗုဒ္ဓဘာသာဝင် ပညာရှင်ကြီးများသည် အထက်တွင် တင်ပြသကဲ့သို့ ဘုရားရှင်နှင့် ဆက်စပ်သည့် ဝတ္ထုပစ္စည်း တစ်စုံတစ်ရာ မပါ၊ ပုံတူမျှသာဖြစ်သည့် ရုပ်ပွားဆင်းတုတော်အပေါ်၌ ယုံယုံကြည်ကြည် လေးလေးနက်နက် ရှိကြစေရန်နှင့် ဘုရားနှင့်စပ်၍ ကုသိုလ်တရား တိုးပွားလာကြစေရန် ဟူသော ရည်မှန်းချက်ဖြင့် ဘုရား အနေကဇာတင်ပွဲကို ဖန်တီးခဲ့ကြဟန် ရှိပါသည်။

ထိုပညာရှင်ကြီးများ၏ ရည်မှန်းချက်အတိုင်း သာမန်ဖြစ်သည့် ရုပ်တုတော် ဆင်းတုတော်ကို အနေကဇာတင်ပြီးသည့်အခါ သက်တော် ထင်ရှားဘုရားကဲ့သို့ အလွန် တန်ခိုးအာနုဘော် ကြီးမားလာသည်ဟု စိတ်တွင် ထင်မှတ်ယုံကြည်လာလေ့ ရှိကြသည်။ ရုပ်ပွားဆင်းတုတော် ကိုလည်း သက်တော်ထင်ရှား ဘုရားနှင့်မခြား လေးစားလာကြသည်။ ဤသို့ သက်တော်ထင်ရှား ဘုရားနှင့်မခြား စိတ်စေတနာ အညီအမျှ

ထားနိုင်ပါလျှင် တူမျှသောအကျိုးကို ရနိုင်ကြောင်း ဝိမာနဝတ္ထု ပါဠိတော်၌ -

"သက်တော်ထင်ရှား မြတ်စွာဘုရား၌ဖြစ်စေ၊ ပရိနိဗ္ဗာန်စံပြီး ကိုယ်တော်စားဖြစ်သော စေတီတော်များ၌ဖြစ်စေ၊ သဒ္ဓါကြည်ညိုစိတ် တူမျှကြပါမူ အကျိုးပေးလည်း တူညီ၏၊ မှန်၏၊ စိတ်စေတနာကောင်းစွာ ထားခြင်းကြောင့်သာ သတ္တဝါများ ချမ်းသာသုဂတိသို့ ရောက်ကြရ၏"

ဟု ဘုရားရှင် ဟောကြားထားပါသည်။

ထို့ပြင် ဘုရားဒါယကာ ဒါယိကာမတို့သည် ဘုရားအနေကဇာတင်ပွဲတွင် ဘုရားဂုဏ်တော်ကို အာရုံပြု၍ ရုပ်ပွားဆင်းတုတော်အား ရှိခိုးခြင်း၊ သံဃာ့ဂုဏ်ကို အာရုံပြု၍ သံဃာတော်များအား ရှိခိုးခြင်း၊ အနေကဇာတင် တရားတော်များ၊ ပရိတ်တရားတော်များကို နာယူခြင်းဟူသော ဗုဒ္ဓါနုဿတိ၊ သံဃာနုဿတိ၊ ဓမ္မသဝနဘာဝနာ ကုသိုလ်များကိုလည်း ရကြသည်။

ဘုရားအမှူးရှိသော သံဃာတော်များအား လက်အုပ်ချီခြင်း၊ ဝေယျာဝစ္စကို ရွက်ဆောင်ခြင်း၊ သရဏဂုံ သီလ ခံယူခြင်းအားဖြင့် အပစာယန ဝေယျာဝစ္စ သီလကုသိုလ်များကိုလည်း ရလိုက်ကြသည်။ ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ကို ဆက်ကပ် လှူဒါန်းခြင်း၊ ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးခြင်း၊ ရေစက်ချ အမျှဝေခြင်း၊ သာဓုအနုမောဒနာခေါ်ခြင်း စသော ပတ္တိဒါန ပတ္တာနုမောဒနဒါနကုသိုလ်များကိုလည်း ရကြပေသည်။

ဘုရား ဒါယကာ ဒါယိကာမတို့၏ ဤဘုရားအနေကဇာတင်ပွဲက ရလိုက်သော ဒါနကုသိုလ် သီလကုသိုလ် သမထ ဘာဝနာ ကုသိုလ်များသည် ကုသိုလ်ရှင်အား နောင်အနာဂတ်ဘဝတွင် လူ့ဘုံ နတ်ဘုံဟူသော သုဂတိဘုံများသို့ ပို့ဆောင်ပေးနိုင်သည့်အပြင် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့များလည်းဖြစ်သည်။

လက်ရှိဘဝ အနာဂတ်ဘဝ နှစ်မျိုးစလုံး၌ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်းဟူသော သာမန်အကျိုးအပြင် အသက်ရှည်ခြင်း၊ ကိုယ်စိတ်

နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ အားခွန်ဗလနှင့် ပြည့်စုံခြင်း၊ ကိုယ်အရည်အသွေး စိုပြည်လှပခြင်းဆိုသည့် အကျိုးတရားကိုလည်း ပေးနိုင်သည်ဟု အင်္ဂုတ္တရပါဠိတော်၌ ဘုရားရှင် ဟောတော်မူထားပါသည်။

ထိုသို့ အကျိုးရှိသောကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ရှေးကျမ်းဂန်တတ် ဆရာတော်ကြီးများ နည်းညွှန်တီထွင်ခဲ့သည့် ဤ 'ဘုရားအနေကဇာတင်ပွဲ' ကို စဉ်လာမပျက် ယုံကြည်စွာ လိုက်နာ ဆောင်ရွက်သင့်ကြပေသည်။

## ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား

ဖော်ပြခဲ့ပြီးသော ဘုရားအနေကဇာတင်ပွဲစသော ပူဇော်ပွဲများ၌ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ပူဇော်ကြသည့် ဒါနဝတ္ထု ပစ္စည်းစုတွင် ရေချမ်း၊ ပန်း၊ ဆွမ်း၊ ဆီမီးတို့အပြင် ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား စသော ပစ္စည်းများလည်း ပါဝင်ပါသည်။

ယခု ဤနိဒါန်းတွင် ထို ထီး စသည်နှင့်စပ်၍ မှတ်သားဖွယ်ရာ အချို့ကို ဆက်လက်တင်ပြပါမည်။

**ထီး** ။ ။ ဘုရားရှင်အား ထီးဖြင့် ပူဇော်မှုသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ရှိခဲ့သည်။ ဗုဒ္ဓမြတ်စွာ ခနစ်ဝါအရတွင် တာဝတိံသာ နတ်ပြည်မှ သင်္ကဿနဂိုပြည်သို့ စောင်းတန်းသုံးသွယ်ဖြင့် သက်ဆင်းတော်မူသည့်အခါ မဟာဗြဟ္မာကြီးက ဗြဟ္မာ့ထီးဖြူကိုမိုးကာ ပူဇော်လိုက်ပါလာသည်ဟု ဓမ္မပဒအဋ္ဌကထာ၊ ဒေဝေါရောဟဏဝတ္ထု၌ တွေ့ရသည်။

မာရ်နတ်မင်းရန်ကို ဖြိုခွင်းနှိမ်နင်းပြီးချိန်၌လည်း မဟာဗြဟ္မာကြီးနှင့်တကွ ဗြဟ္မာအပေါင်းတို့ ဘုရားရှင်အား ထီးဖြူများဖြင့် ပူဇော်ကြကြောင်း ဇိနာလင်္ကာရ ဋီကာ၌လာသည်။ ထီးမှာ ဘုရားရှင်လက်ထက်တော်ကပင် ရဟန်းသံဃာများ အသုံးအဆောင်ပစ္စည်းဖြစ်သည်။ ဘုရားရှင်သည် ရဟန်းတော်များ ထီးဆောင်းမှု၊ ဖိနပ်စီးမှုတို့ကို အကြောင်းပြု၍ ဆတ္တုပါဟနခေါ် ဝိနည်းဥပဒေတော်တစ်ခု ပညတ်တော်မူခဲ့သည်။

ဘုရားရှင်အား ထီးလှူရကျိုးနှင့် စေတီတော်အား ထီးလှူရကျိုး တို့ကို အပါဒါန်ပါဠိတော်၌ အပြည့်အစုံ ဟောတော်မူထားသည်။ ထို့ကြောင့် ထိုပူဇော်ပွဲများ၌ ဘုရားရှင်အား ထီးဖြင့် ပူဇော်ကြခြင်းဖြစ်သည်။ ဗုဒ္ဓ ကျမ်းဂန်များတွင်ထီးလှူရာ၌ အရောင်အဆင်းနှင့် အရေအတွက်တို့ကို သတ်မှတ်ဖော်ပြထားချက် မရှိပါချေ။ ထီးအဖြူ ဘယ်နှလက်၊ အနီဘယ် နှလက် သတ်မှတ် ပူဇော်မှုကား ဗြဟ္မဏဝါဒ ဗေဒင်ကိန်းခန်းအရ ဖြစ်ပါ သည်။

**တံခွန်** ။ ။ တံခွန်ဆိုသည်မှာ အဖျားအချွန်၊ အဖျားနှစ်ခွ၊ အဖျား သုံးခွ အစရှိသော အလံဖြစ်သည်။ တံခွန်လုံး တံခွန်ပြားဟု နှစ်မျိုးရှိ၏။ တံခွန်လုံးမှာ ဝါးပိုးလုံးသဏ္ဌာန် အဝတ်ကိုလုပ်ထားသော တံခွန်ဖြစ်၍ တံခွန်ပြားမှာ ကြက်လျှာသဏ္ဌာန်ရှိသော အလံကလေးဖြစ်သည်။ မြန်မာ့ စွယ်စုံကျမ်း၌ တံကွန်မှ တံခွန်ဖြစ်လာသည်။ ကွန်သည် ပျံကြွတက်ခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် တံခွန်ဆိုသည်မှာ ပျံကြွတက်သော အလံ ဖြစ်သည်ဟု ဆိုထားပါသည်။

ထို တံခွန် အလံများသည် အောင်မြင်သည့် အထိမ်းအမှတ်၊ ကျက် သရေမင်္ဂလာရှိသည့် အထိမ်းအမှတ်ဖြင့် ပေါ်ပေါက်လာသော၊ ဝါ အသုံးပြု သော ပစ္စည်းများဖြစ်သည်။ ဂေါတမဘုရားလောင်း ဘုရားဖြစ်တော်မူသည့် နေ့က စကြဝဠာတိုက်ပေါင်းတစ်သောင်းလုံး အလှဆုံး တန်ဆာဆင်ပြီး သား ဖြစ်ကြသည်။ အရှေ့ဖျားစကြဝဠာအနားရေး၌ စိုက်ထောင်ထားသော တံခွန် ကုက္ကားတို့၏အရောင်သည် အနောက်ဖျား စကြဝဠာအနားရေးထိ ရောက်၏။

ထို့အတူ အရပ်လေးမျက်နှာ စကြဝဠာအနားရေးမှ တံခွန် ကုက္ကား ရောင်တို့သည် မျက်နှာချင်းဆိုင်ရှိ စကြဝဠာအနားရေးအထိ ရောက်ကြ သည်။

မြေအပြင်၌ စိုက်ထောင်ထားသော တံခွန်ကုက္ကားတို့၏ အရောင် သည် ဗြဟ္မာ့ပြည်အထိရောက်သကဲ့သို့ ဗြဟ္မာ့ပြည်ကတံခွန်ကုက္ကားတို့၏ အရောင်များသည်လည်း မြေပြင်အထိရောက်ကြသည်စသည်ဖြင့် လောက

စေတ်ကြီး တစ်ခုလုံး အလှကျက်သရေများဖုံးနေပုံကို မဟာဗုဒ္ဓဝင်ကြီး၌ ဖတ်ရှုရသည်။

မဃလုလင် တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်သည့်အခါ လူ့ဘဝက တံခွန်နှင့် ဇရပ် လှူဒါန်းခဲ့ဖူးသော ကုသိုလ်ကြောင့် ယူဇနာ သုံးရာအမြင့်ရှိသော တံခွန်များဖြင့် တန်ဆာဆင်ထားသည့် ဝေဇယန္တာ ဘုံနန်းပြာသာဒ် ပေါ်လာသည်ဟု ဓမ္မပဒအဋ္ဌကထာမဃဝတ္ထု၌ ဆိုထား သည်။

ထမ္ဘာရောပကမထေရ်သည် ဓမ္မဒဿီဘုရားရှင်၏ စေတီတော်၌ တံခွန်ပူဇော်ခဲ့ဖူးသောကြောင့် လူစည်းစိမ် နတ်စည်းစိမ်တို့ကို အကြိမ်များစွာ ခံစားရပြီး နောက်ဆုံး၌ ဆဋ္ဌာဘိညာပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ရသည်ဟု အပဒါန် ပါဠိတော်၌ ဟောထားပါသည်။ ထို့ကြောင့် ပူဇော်ပွဲများ၌ ဘုရားရှင်အား တံခွန်လုံး တံခွန်ပြား (ကြက်လျှာ)တို့ဖြင့် ပူဇော်ကြခြင်း ဖြစ်သည်။

ဘုရားစေတီများ၌ တံခွန်တိုင်သည် ပို၍ တင့်တယ်မှုကျက်သရေကို ဆောင်သည်။ ထို့ကြောင့် မြန်မာလူမျိုးတို့သည် အလွန်တင့်တယ် ကောင်း မြတ်သည့်အရာမျိုး၌ **အတိုင်းထက်အလွန် တံခွန်နဲ့ဘုရား** ဟု တင်စား၍ပင် သုံးနှုန်းကြခြင်းဖြစ်သည်။

ကုက္ကား ။ ။ ကုက္ကား–ကုတ်ကားဟု ရေးထုံးနှစ်မျိုးရှိသည်။ ကျောက်စာတို့၌ ညောင်ကုတ်ကားဟု ရေးထိုးထားသည်ကိုထောက်က ကုတ်ကားသာ မူရင်း ဖြစ်သည်။

နောက်မှ ကုက္ကုလ်ဟူသော အရေးအသားကဲ့သို့ ပါဠိဟန် ကုက္ကား ဟု ရေးသားကြခြင်း ဖြစ်သည်။ ကုတ်မှာ အပြင်သို့ အစွန်းထွက်ခြင်းဖြစ်၍ ကားမှာ ပြန့်ကားခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ကုက္ကားဆိုသည်မှာ အထက်သို့ အစွန်းထွက်၍ အောက်တွင် ကားကားချထားသည့် အလံ တစ်မျိုး ဖြစ်သည်။

သိလွယ်အောင်ဆိုရသော် စက္ကူကိုအထပ်ထပ်ခေါက်၍ ပြတ်မသွား စေဘဲ တစ်ခုနှင့်တစ်ခု တွဲနေအောင် အစိတ်စိတ်ညှပ်ပြီးမှ ဖြန့်လျက် ဝါးတံ

ကောက်တွင် ဆွဲချိတ်ရသော တံခွန်တစ်မျိုးဖြစ်သည်။ (သတ်ပုံ အဘိဓာန် မိတ်လင်စုံ–၁၂၂။ မြန်မာအဘိဓာန် အကျဉ်းချုပ်၊ အတွဲ ၁၊ ၂၀)။

ထို ကုက္ကားသည်လည်း တံခွန်ကဲ့သို့ပင် ကျက်သရေရှိသည့် အထိမ်းအမှတ် ပစ္စည်းတစ်မျိုးဖြစ်သည်။ ထို့ကြောင့် တံခွန်အကြောင်းတွင် ဖော်ပြသကဲ့သို့ ဘုရားပွင့်တော်မူချိန်တွင် စကြဝဠာလောကဓာတ်ကြီး တစ်ခုလုံး ကုက္ကားအရောင်တို့ဖြင့် တောင်ပြောင်နေခြင်းဖြစ်သည်။

ဘုရားအလောင်းတော်က မာရ်နတ်မင်း ရန်ကို နှိမ်နင်း အောင်မြင်ပြီးချိန်၌လည်း စကြဝဠာတစ်သောင်း တိုက်အပေါင်းမှ နတ်သား နတ်သမီးတို့သည် ဤစကြဝဠာ၌ စုရုံးကြကာ အချို့က ရတနာခုနစ်ပါးဖြင့်ပြီးသော ပူဇော်ဖွယ်တို့ကို၊ အချို့က သားမြီးယပ်တို့ကို၊ အချို့က ပတ္တမြားဆီမီးတိုင်တို့ကို၊ အချို့က တံခွန် ကုက္ကားတို့ကို အစီအရီ စွဲကိုင်ကြလျက် ပူဇော်ကြသည်ဟု ဇိနာလင်္ကာရဋီကာ၌ လာသည်။

ထိုကဲ့သို့ တံခွန် ကုက္ကားတို့သည် ဘုရားရှင်အား ပူဇော်ဖွယ် ပစ္စည်း တစ်ခုအဖြစ်ဖြင့် အစဉ်အဆက် ပူဇော်လာကြသောကြောင့် ယခု ပူဇော်ပွဲများ၌လည်း တံခွန်ကုက္ကားတို့ဖြင့် ပူဇော်ကြခြင်း ဖြစ်သည်။

ထို ကုက္ကားကိုပင် မုလေးပွားဟူ၍ ခေါ်ဝေါ်သုံးစွဲလျက် ရှိကြပါသည်။ ထို့ကြောင့် ကုက္ကားနှင့် မုလေးပွားသည် အတူတူပင် ဖြစ်သည်ဟု မြန်မာအဘိဓာန် အကျဉ်းချုပ် အတွဲ–၁၊ ၂၀ ၌ ဖော်ပြထားပေသည်။

**မုလေးပွား** ။ ။ မုလေးပွား ဆိုသည်မှာ စက္ကူကို ဗဟို၌ စုခေါက်၍ ကိုက်ညှပ်ကာ ဝါးတံထိပ်တွင် အလယ်မှစု၍ တွဲချိတ်ထားသော ခေါင်းလောင်းပုံ တွဲလျား ကျနေသည့် ပူဇော်ဖွယ်ပစ္စည်းဖြစ်သည်။ မုလေးပန်း မရနိုင်သဖြင့် မုလေးပန်းအစား(မုလေးပန်းကို) အတုအပွား ပြုလုပ်ထားသော ပစ္စည်းဖြစ်၍ မုလေးပွားဟု ခေါ်သည်။

**မုလေး** ကို မလေး၊ မုလေး၊ မြတ်လေးဟု အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲကြသည်။ မုလေးကား မုလေးပန်း ဟော မာလတီ ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသည့် ပါဠိသက်ဝေါဟာရဖြစ်သည်။ ထို မုလေးပန်း အကြောင်းကို ဒသကအင်္ဂုတ္တရပါဠိတော်–အပ္ပမာဒသုတ်၌ –

သတ္တဝါတွင် ဘုရား၊
မြေဒြသွား၍ ထင်သည်တွင် ဆင်၏ခြေရာ၊
အခြင်တကာတွင် အထွတ်၊
အမြစ်နံ့သာတွင် အကျော်၊
အနှစ်နံ့သာတွင် စန္ဒကူးနီ၊
အပွင့်နံ့သာတွင် မုလေးပန်း၊
မင်းအပေါင်းတွင် စကြဝတေးမင်း၊
ကြယ်ရောင်တကာတွင် လရောင်၊
ကုသိုလ်တရားတွင် အပ္ပမာဒတရား ...

တို့သည် အမြတ်ဆုံး ဖြစ်ကြသည်ဟု ဟောတော်မူပါသည်။ ထို့ကြောင့် မုလေးပန်းသည် ပန်းတကာတွင် အမြတ်ဆုံး အသာဆုံးဖြစ်ပါသည်။ ဝိမာနဝတ္ထု အဋ္ဌကထာ၌လည်း ပန်းတွင် မုလေးပန်း ဖြစ်ကြောင်း ဖွင့်ဆိုထားသည်။

မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ အပ္ပမာဒဝဂ်၊ ကူဋ္ဌသုတ္တာဒိဝဏ္ဏနာ (၁၇၀) ၌လည်း သီရိလင်္ကာနိုင်ငံတွင် သာသနာတော်နှစ် နှစ် ၅၆၀ ကျော်တွင် မင်းပြုသော ဘာတိယမင်းကြီးသည် ပန်းတွင် မုလေးပန်းမြတ်ဖြစ်ကြောင်းကို မှန် မမှန် စုံစမ်းလိုသည်။ ထို့ကြောင့် နံ့သာမျိုးလေးပါး လိမ်းကျံထားသည့် တိုက်ခန်းတစ်ခုထဲတွင် ပန်းတောင်းတစ်ခုကိုထားပြီး ထိုပန်းတောင်းအလယ်တွင် မုလေးပန်းတစ်ဆုပ်ကို ထည့်ထားသည်။ ထို့နောက် ထို မုလေးပန်း၏ ပတ်ဝန်းကျင်တွင် အမွှေးဆုံး အနံ့အကောင်းဆုံးဖြစ်သည့် စံပယ်၊ စံကား စသော ပန်းတို့ကို တစ်ဆုပ်စီ ဝန်းရံထည့်ကာ တံခါးပိတ်ပြီး အပြင်တွင် ခေတ္တခဏ နေတော်မူသည်။

ထို့နောက် တံခါးဖွင့်၍ ဝင်လိုက်ရာ ရှေးဦးစွာ မုလေးပန်းနံ့သည် မင်းကြီး၏ နှာခေါင်းထဲသို့ ဝင်ရောက်လာပါသည်။ ထိုအခါ ဘာတိယမင်းသည် နန်းတော်ကနေ၍ မဟာစေတီတော်ဘက်သို့ မျက်နှာမူလျက် 'ပန်းတကာတွင် မုလေးပန်း အမြတ်ဆုံး အမွှေးဆုံးလို့ ဘုရားဟောတာ အလွန် မှန်ပေတယ်' ဟု နှလုံးသွင်းပြီး စေတီတော်ကို ရှိခိုးလေသတဲ့။

သို့ဖြစ်၍ ပန်းတကာတွင် အမြတ်ဆုံးဖြစ်သည့် မုလေးပန်းဖြင့် သတ္တဝါတွင် အမြတ်ဆုံးဖြစ်သည့် ဘုရားရှင်ကို ပူဇော်လေ့ရှိကြခြင်း ဖြစ်သည်။ မင်္ဂလာမှုပြုသည့်အခါ၌လည်း မင်္ဂလာရှိသည့် မုလေးပန်းကို အသုံးပြုလေ့ရှိကြသည်။

ရွှေထီးရွှေနန်း မင်းအဆက်ဆက်ထွက်စံတော်မူရာ ရာဇမတ်တန်း မင်းလမ်းများတွင် တံခွန် ကုက္ကား မုလေးပွားများ စိုက်ဆောက်လေ့ရှိကြသည်။ ထို မုလေးပွားတို့မှာ အခါခပ်သိမ်း မုလေးပန်းဆိုင်းများကို မရသောကြောင့် မုလေးပန်းကိုယ်စား ကိုယ်ပွား မုလေးပန်းတု အထည်စက္ကူများကို ပြုလုပ်ထားသည့်အရာများ ဖြစ်သည်ဟု ကဝိ လက္ခဏာဒီပနီကျမ်း၌ ပြဆိုထားပေသည်။

❐

# ဘုရားကိုးဆူ ပူဇော်ပွဲ

## ဘုရားကိုးဆူဆိုသည်မှာ

ဘုရားကိုးဆူပူဇော်ပွဲကား ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ အကြောင်းအားလျော်စွာ ပူဇော်လေ့ ပူဇော်ထ ရှိသည့် ဘာသာရေးဓလေ့ ထုံးစံပွဲတစ်ပွဲဖြစ်သည်။ ထိုပွဲသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ကျင့်ထုံး ကျင့်နည်းကိုနည်းမှီလိုက်နာ ပြုကျင့်သောပွဲ ဖြစ်ရကား အိမ်တက်မင်္ဂလာပွဲ၊ ထိမ်းမြားမင်္ဂလာပွဲများကဲ့သို့ပင် ဗုဒ္ဓယဉ်ကျေးမှုပွဲဟု ခေါ်ဆိုရပေသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် အများအားဖြင့် မိမိတို့မိသားစုများ မကျန်းမမာဖြစ်ကြသည့်အခါတွင် ရောဂါဘေးဒဏ် ရန်မာန်ခပ်သိမ်း ကင်းငြိမ်းလွင့်ပျောက်စေရန် ရည်သန်၍ ဘုရားကိုးဆူပူဇော်ပွဲကို ကျင်းပပြုလုပ်လေ့ ရှိကြပါသည်။

ထို့ပြင် မိမိတို့ အိမ်ထောင်စု၌ ကျရောက်ဆဲ ကျရောက်လတ္တံ့ဖြစ်သည့် ဂြိုဟ်စီးကြမ္မာ၊ ဇာတာစန်းလဂ်၊ ယွင်းပျက်မညီ၊ စစ္စလီတိုင်ကူး၊ တထူးအိပ်မက်၊ မကောင်းကွက်နှင့်၊ စိတ်လက်မသာ၊ ဗျာပါသောကာ၊ ရှိသောခါနှင့်၊ ဝင်လာသားရဲ၊ ပျားစွဲတဝ၊ လင်းတနားချက်၊ ဖွတ်တက်မြွေဝင်၊ ခြလျှင်မချို့၊ တောင်ပို့ရောက်နှင့်၊ မှိုပေါက်ဗျိုင်းဖြူ၊ နားမူတထွေ၊ နာတာရှေ့တို့၊ ချမ်းသာစေရန်နှင့် စီးပွားဥစ္စာ တိုးတက်လာစေရန် ဘုရားကိုးဆူပူဇော်ပွဲကို ကျင်းပသူများလည်း ရှိကြပါသည်။ ဘုရားကိုးဆူဆိုသည်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားနှင့် တပည့်သာဝက ရဟန္တာကြီး

ရှစ်ပါးတို့ကို စုပေါင်း၍ ခေါ်ဝေါ်ရသော နာမည် ဖြစ်သည်။ ထိုဘုရားကိုးဆူမှာ –

၁။ မြတ်စွာဘုရား၊

၂။ ရှင်သာရိပုတ္တရာ၊

၃။ ရှင်မဟာမောဂ္ဂလ္လာန်၊

၄။ ရှင်ကောဏ္ဍည၊

၅။ ရှင်အာနန္ဒာ၊

၆။ ရှင်ဂဝံပတိ၊

၇။ ရှင်ရေဝတ၊

၈။ ရှင်ဥပါလိ၊

၉။ ရှင်ရာဟုလာ တို့ဖြစ်ပါသည်။

ဤနေရာ၌ တချို့က 'ရဟန္တာကြီးရှစ်ပါးမှာ ဘုရားမဟုတ်ဘဲ အဘယ့်ကြောင့် ဘုရားကိုးဆူ ခေါ်ရပါသလဲ' ဟု မေးမြန်းလေ့ရှိကြပါသည်။ အဖြေမှာ – ရဟန္တာကြီးများမှာ အမှန်စင်စစ် ဘုရားမဟုတ်ကြသော်လည်း ထိုအဖွဲ့တွင် အကြီးအမှူး ဦးစီးနာယကပဓာန ခေါင်းဆောင် ဖြစ်တော်မူသည့် မြတ်ဗုဒ္ဓရှင်တော်ဘုရားကို အစွဲပြု၍ ပဓာန နည်းအားဖြင့် ဘုရားကိုးဆူဟု ခေါ်ဝေါ်သုံးစွဲထားခြင်း ဖြစ်ပါသည်။

တစ်နည်းဆိုရသော် ရဟန္တာကြီးရှစ်ပါးမှာ ဗုဒ္ဓခေါ် ဘုရားလေးမျိုးတွင် 'စတုသစ္စဗုဒ္ဓ' အမျိုးအစားဖြစ်၍ ဘုရားဟူ၍ပင် ခေါ်ဝေါ်သုံးစွဲနိုင်သောကြောင့် ဘုရားကိုးဆူဟု ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်ပါသည်။

မှန်ပါသည်။ ဗုဒ္ဓ (ဘုရား) ဟု ခေါ်ဆိုရသည့် ပုဂ္ဂိုလ်လေးမျိုးကို သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ (၂၄)နှင့် အင်္ဂုတ္တရအဋ္ဌကထာ (ပ၊ ၈၉) တို့၌ ဖွင့်ဆိုထားပါသည်။ ထိုလေးမျိုးမှာ –

၁။ သဗ္ဗညုဗုဒ္ဓ၊

၂။ ပစ္စေကဗုဒ္ဓ၊

၃။ စတုသစ္စဗုဒ္ဓ၊

၄။ သုတဗုဒ္ဓတို့ ဖြစ်ပါသည်။

ထိုတွင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ကျင့်ကြရ၍ သဗ္ဗညုတဉာဏ်တော်ကြီးကို ထိုးထွင်းရရှိတော်မူသည့် ဗုဒ္ဓကား သဗ္ဗညုဗုဒ္ဓဖြစ်သည်။

နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရ၍ ဆရာမရှိ ပစ္စေကဗောဓိဉာဏ်ကို ကိုယ်တိုင် သိရှိတော်မူသည့်ဗုဒ္ဓကို ပစ္စေကဗုဒ္ဓခေါ်၍ သစ္စာလေးပါးကို ထိုးထွင်းသိမြင်သည့် အာသဝေါကုန်စင် ရဟန္တာ အရှင်မြတ်ကြီးများကို 'စတုသစ္စဗုဒ္ဓ' ဟု ခေါ်သည်။ ပိဋကတစာပေ၊ အထွေထွေသော ကျမ်းဂန်ဗဟုသုတနှင့် ပြည့်ဝသည့် ရဟန်းများမှာ သုတဗုဒ္ဓများဖြစ်သည်ဟု အဋ္ဌကထာ၌ ဖွင့်ပြထားပါသည်။

ဤသို့ ရဟန္တာ အရှင်မြတ်ကြီးများသည် ဘုရားဟု ခေါ်ဆိုရသည့် ဗုဒ္ဓလေးမျိုးတွင် 'စတုသစ္စဗုဒ္ဓ' အဖြစ် ပါဝင်လျက် ရှိသောကြောင့် မြတ်ဗုဒ္ဓနှင့် တပည့်သာဝက ရဟန္တာကြီးရှစ်ပါးတို့ကို ဘုရားကိုးဆူဟု ခေါ်ဝေါ်သုံးနှုန်းခြင်းမှာ ကျမ်းဂန်နှင့်ညီညွတ်သော အသုံးအနှုန်းပင် ဖြစ်ပါသည်။

## ဘုရားကိုးဆူ ပူဇော်ပွဲအစ အာယုဝဍ္ဎနက

ယခု ကျွန်ုပ်တို့ မြန်မာဗုဒ္ဓဘာသာဝင်များ ဆင်ယင်ကျင်းပ ပြုလုပ်လေ့ရှိကြသည့် ဘုရားကိုးဆူ ပူဇော်ပွဲကား မြတ်ဗုဒ္ဓ ရှင်တော်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ကျင့်သုံးတော်မူခဲ့သည့် ကျင့်ထုံးကျင့်နည်းကို အတုယူ၍ လိုက်နာပြုလုပ်ကြသည့်ပွဲ ဖြစ်ပါသည်။ ထို့ကြောင့် ဤဘုရားကိုးဆူပွဲကို ဗုဒ္ဓယဉ်ကျေးမှုပွဲဟု ခေါ်ဆိုခြင်းဖြစ်၏။

အတန်ငယ်ချဲ့၍ ပြဆိုရသော် ဘုရားရှင်လက်ထက်တော်က ဒီဃလဋ္ဌိကမြို့သား ပုဏ္ဏားသူငယ်ချင်းနှစ်ယောက်တို့သည် ရသေ့ပြု၍ တပစရဏအကျင့်ကို ကျင့်ကြသတဲ့၊ တပစရဏအကျင့်ကား ကိလေသာ ခေါင်းပါးအောင် သာသနာ့ပပုဂ္ဂိုလ်တို့ ကျင့်သည့်အကျင့်တည်း။ ထိုသို့ ကျင့်၍ ၄၈ နှစ်ကြာသည့်အခါ တစ်ယောက်သော ပုဏ္ဏားက မိမိ၏ မျိုးဆက် ပြတ်သွားမည်စိုးသဖြင့် လူထွက်ပြီး အိမ်ထောင်ပြုရန် ကြံစည်

ပါသည်။ ထို့ကြောင့် မိမိကျင့်သည့် အကျင့်ကို သူတစ်ပါးအား ရောင်းချလိုက်ရာ နွားတစ်ရာ၊ ငွေတစ်ရာနှင့် မယားကိုပါ ရရှိသွားသည်။ မကြာမီ ထိုပုဏ္ဏားဇနီးမောင်နှံ၌ သားဦးယောကျ်ားကလေးတစ်ယောက် ထွန်းကားလာ၏။

တစ်နေ့တွင် ပုဏ္ဏားသည် သားမယားကိုပါခေါ်၍ မိတ်ဆွေရသေ့ထံ အဖူးအမြော်သွား၏။ ရသေ့ကြီးထံ ရောက်သည့်အခါ သားငယ်ကလေးကို တစ်လှည့်စီချီကာ ဇနီးမောင်နှံတို့ ရသေ့ကို တစ်လှည့်စီ ရှိခိုးကြ၏။ ရသေ့က 'အသက်ရှည်ကြပါစေ' (ဒီဃာယုကာ ဟောထ) ဟု အသီးသီးဆုပေး၏။ သို့သော် သားငယ်ကို ရှိခိုးစေသည့်အခါတွင်မူ ဆုမပေးဘဲ ဆိတ်ဆိတ်နေလေသည်။ ထိုသို့ ဆုမပေးဘဲနေသည့်အကြောင်းကို ပုဏ္ဏားကြီးဇနီးမောင်နှံတို့က မေးမြန်းလျှောက်ထားသည့်အခါ –

"ဤကလေးငယ်တွင် အသက်အန္တရာယ်ရှိသည်၊ ကာကွယ်တားမြစ်နည်းကိုမသိ၊ သိလိုလျှင် ရဟန်းဂေါတမကို သွားမေးကြ"

ဟု ရသေ့က မိမိ မန္တန်ပညာဖြင့် ဟောပြော၏။ ထိုအခါ ပုဏ္ဏားဇနီးမောင်နှံတို့သည် ဘာသာတစ်ပါးဖြစ်သည့် ဘုရားရှင်ထံ သွားရောက်မေးမြန်းရန် ဝန်လေးနေကြသည်။ မိတ်ဆွေရသေ့က –

"သင်တို့ သားငယ်ကို ချစ်ပါက ဘာမျှ စဉ်းစားမနေဘဲ ရဟန်းဂေါတမထံသာ သွားမေးကြပါ"

ဟု တိုက်တွန်းပါသည်။

ထို့ကြောင့် ပုဏ္ဏားဇနီးမောင်နှံတို့သည် သားငယ်ကိုချီ၍ ဘုရားရှင်ထံတော်မှောက်သို့ အရောက်သွားကြပြီး ရှေ့ကကဲ့သို့ပင် တစ်လှည့်စီ ရှိခိုးကြလေသည်။

ဗုဒ္ဓမြတ်စွာကလည်း ရသေ့နည်းတူပင် မိဘနှစ်ပါး ရှိခိုးကြစဉ် 'အသက်ရှည်ကြပါစေ' ဟု ဆုပေးပြီး သားငယ်ကလေး ရှိခိုးသည့်အခါ ဆုမပေးဘဲ ဆိတ်ဆိတ်နေလေသည်။ ထိုအခါ ပုဏ္ဏားသည် ရသေ့ကို မေးသည့်အတိုင်း ဘုရားရှင်ကို မေးလျှောက်၏။ ဘုရားရှင်ကလည်း ရသေ့ ဖြေကြားသကဲ့သို့ပင် ဖြေကြား၏။ ပုဏ္ဏားက အသက်အန္တရာယ် ကာကွယ်

နည်းကို ဆက်လက် မေးလျှောက်ရာ ရှင်တော်ဘုရားက ဤသို့မိန့်ကြားတော်မူပါသည်။

"ပုဏ္ဏားကြီး... သင်၏ အိမ်တံခါးအနီး၌ မဏ္ဍပ်ကြီးကို ဆောက်လုပ်ပါ၊ ထိုမဏ္ဍပ်အလယ်တွင် အင်းပျဉ်ခင်း၍ အင်းပျဉ်ပတ်လည်တွင် ထိုင်နေရာ ရှစ်ခု၊ သို့မဟုတ် တစ်ဆယ့်ခြောက်ခုတို့ကို ခင်းထားပါ၊ ထိုနေရာတို့၌ ငါဘုရား၏ တပည့်သာဝကများကို သီတင်းသုံးနေစေပြီး ခုနစ်ရက်ပတ်လုံး ပရိတ်အရံအတားကို ပြုနိုင်စွမ်းလျှင် ထိုသူငယ်၏ အသက်အန္တရာယ် ပျောက်ကွယ်သွားပေမည်"

ဟု သူငယ်အသက်ရှင်ရေးအတွက် နည်းပေးတော်မူပါသည်။

ပုဏ္ဏားဇနီးမောင်နှံတို့က –

"အို ရှင်ကြီးဂေါတမ... ကောင်းပါပြီ၊ ကျွန်ုပ်တို့ စီမံပြုလုပ်ကြပါမည်"

ဟု လျှောက်ထားပြီး ပြန်လာခဲ့ကြသည်။

ဘုရားရှင် မိန့်ကြားတော်မူသည့်အတိုင်း အားလုံးစီမံပြုလုပ်ပြီးသည့်အခါ ဘုရားရှင်ထံသွားရောက်လျှောက်ထားရာ ဘုရားရှင်က တပည့်ရဟန်းတော်များကို သွားရောက် ပရိတ် ရွတ်ဖတ်စေတော်မူပါသည်။ ရဟန်းတော်များသည် အင်းပျဉ်ပေါ်တွင် သူငယ်ကိုအိပ်စေပြီး ခုနစ်နေ့၊ ခုနစ်ညတိုင်တိုင် ဝန်းရံ၍ ပရိတ်ရွတ်တော်မူကြသည်။ ခုနစ်ရက်မြောက်သည့်နေ့၌မူ ဘုရားရှင်ကိုယ်တိုင် မဏ္ဍပ်သို့ ကြွတော်မူလာ၏။

ဘုရားရှင် ကြွတော်မူလာသည့်အခါ စကြဝဠာရှိ နတ်များအားလုံး ဘုရားရှင်ထံ မှောက်သို့ စုဝေးရောက်လာကြသည်။ အဝရုဒ္ဓကမည်သော ဘီလူးမှာလည်း ဝေဿဝဏ်နတ်မင်းကြီးကို ၁၂ နှစ်တိုင်တိုင် လုပ်ကျွေးပြုစုခဲ့သောကြောင့် ဝေဿဝဏ်နတ်မင်းထံမှ ထိုနေ့မှာပင် ဤသူငယ်ကို ဖမ်းစားခွင့်ဆုကို ရရှိထားရကား ထိုနေရာသို့ အဆင်သင့် ရောက်ရှိနေလေသည်။

ဘုရားရှင်ထံမှောက်သို့ တန်ခိုးကြီးနတ်များ စုဝေးရောက်လာကြသည့်အခါ တန်ခိုးငယ်သောနတ်တို့ နောက်ဆုတ် နေရာပေးကြရရာ

နောက်သို့ ၁၂ ယူဇနာအထိ ရောက်သွားကြလေသည်။ ထို့အတူ တန်ခိုးငယ်သည့် အဝရုဒ္ဓကဘီလူးမှာလည်း ၁၂ ယူဇနာ ဝေးကွာသည့်အရပ်သို့ ရောက်သွား၏။

ဗုဒ္ဓမြတ်စွာသည်လည်း တစ်ညလုံး ပရိတ်အရံအတားကို ပြုတော်မူပါသည်။ ခုနစ်ရက်လွန်သော် အဝရုဒ္ဓကဘီလူးသည် သူငယ်ကို ဖမ်းစားနိုင်ခွင့် မရှိတော့ချေ။ ရှစ်ရက်မြောက်နေ့ အရုဏ်တက်၌မှ သူငယ်ကို ယူဆောင်၍ ဘုရားသခင်အား ရှိခိုးစေပါသည်။ ထိုအခါ ဘုရားရှင်က 'အသက်ရှည်ပါစေ' ဟု ဆုပေးတော်မူ၏။

ပုဏ္ဏားဇနီးမောင်နှံတို့က မိမိတို့ သားငယ် မည်မျှ အသက်ရှည်ပါမည်နည်း လျှောက်ထားရာ ဘုရားရှင်က –

"ဤကလေးငယ် အသက်တစ်ရာ့နှစ်ဆယ် ရှည်မည်"

ဟု မိန့်တော်မူ၏။ ထို့ကြောင့် မိဘတို့က မိမိတို့သားငယ်ကို မောင်သက်ရှည်(အာယုဝဍ္ဎနကုမာရ) ဟု အမည်ပေးကြပါသည်။ ဤသည်မှာ ဓမ္မပဒပါဠိ၊ အဋ္ဌကထာလာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က ဖြစ်ပေါ်ခဲ့သည့် အာယုဝဍ္ဎနသတို့သားဝတ္ထု ဖြစ်ပါသည်။

ဤဝတ္ထုကား ဘုရားကိုးဆူပူဇော်ပွဲ ဖြစ်ပေါ်လာခြင်း၏ အခြေခံမူလပဓာန အကြောင်းပင်ဖြစ်ပါသည်။ မှန်သည်၊ ဤဝတ္ထု၌ ခုနစ်ရက်မြောက်တွင် ပရိတ်တရား ချီးမြှင့်တော်မူကြသည့် ပုဂ္ဂိုလ်များမှာ ဘုရားရှင်နှင့် ရဟန္တာရှစ်ပါး၊ ပေါင်း ကိုးပါး၊ ကိုးဆူဖြစ်သည်။ ပရိတ်တရား ချီးမြှင့်တော်မူကြရသည့် အကြောင်းမှာလည်း အာယုဝဍ္ဎန သတို့သားကလေး အသက်ဘေးမှ ကင်းဝေးလွတ်မြောက် ကျန်းမာသက်ရှည်ရန် ဖြစ်ပါသည်။

ထို့အတူ ယခုကာလ ပူဇော်နေကြသည့် ဘုရားကိုးဆူ ပူဇော်ပွဲမှာလည်း ဘုရားရှင်နှင့် ရဟန္တာ ရှစ်ပါး၊ ပေါင်း ကိုးပါး၊ ကိုးဆူသည် ပဓာနဖြစ်ပါသည်။ ပူဇော်ကြသည့် ရည်ရွယ်ချက်မှာလည်း အန္တရာယ်ကင်းပျောက် ချမ်းသာရောက်ရန်ပင် ဖြစ်သည်။

ဤသို့ ရည်ရွယ်ချက်ချင်း၊ လုပ်ထုံးလုပ်နည်းချင်း ထပ်တူထပ်မျှကျနေသောကြောင့် ယခု ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ပူဇော်နေကြသည့်

ဘုရားကိုးဆူပွဲကား ဤဝတ္ထုလာ ဗုဒ္ဓမြတ်စွာ၏ လုပ်ထုံးလုပ်နည်းကို အတုယူ၍ ပြုလုပ်ကြသည့်ပွဲ ဖြစ်သည်ဟု ဆိုခြင်း ဖြစ်ပါသည်။

## မြန်မာနိုင်ငံနှင့် ဘုရားကိုးဆူ ပူဇော်ပွဲ

သို့သော် ဤဘုရားကိုးဆူပူဇော်ပွဲကား မြန်မာနိုင်ငံတွင် စတင်ပေါက်ဖွားခဲ့သည့်ပွဲမဟုတ်၊ အခြား ဗုဒ္ဓဘာသာနိုင်ငံတစ်ခုမှ မြန်မာနိုင်ငံသို့ ရောက်လာသည့်ပွဲဟု သုတေသီတို့ ယူဆကြသည်။ ပါဠိမြန်မာ စာပေ ပညာရှင်ကြီးတစ်ဦးဖြစ်သူ ပထမကျော် ဦးကြီးဖေကမူ 'ဤဘုရားကိုးဆူပွဲသည် ထိုစဉ်အခါက မြန်မာ့လက်အောက်ခံဖြစ်သည့် ဇင်းမယ်နိုင်ငံယယ်မှ မြန်မာနိုင်ငံသို့ ရောက်လာသည့်ပွဲ' ဟု 'ဗုဒ္ဓနဝမ ပူဇာဝိနိစ္ဆယကျမ်း' နှင့် 'သဇ္ဇနဝိလာသနီကျမ်း' တို့ကို အထောက်အထားပြုကာ မြန်မာ့စွယ်စုံကျမ်း၌ ဖော်ပြထားပေသည်။

ဗုဒ္ဓနဝမ ပူဇာဝိနိစ္ဆယခေါ် ဘုရားကိုးဆူပူဇော်ပွဲ အဆုံးအဖြတ်ကျမ်းကား သက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် ကင်းဝန်မင်းကြီး စာရေးတော်ကြီး ဘဝက လျှောက်ထားသဖြင့် ဒုတိယ မောင်းထောင်ဆရာတော် ဦးပညာသာမိ စီရင်ရေးသားသည့်ကျမ်းဖြစ်၍ သဇ္ဇနဝိလာသနီကျမ်းမှာ သက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး စီရင်ရေးသားသည့်ကျမ်း ဖြစ်ပါသည်။

ဇင်းမယ်ပြည်တွင် ဘုရားကိုးဆူပူဇော်ပွဲ မပေါ်မီ ရှေးနှစ်ပေါင်းများစွာကပင် တနင်္ဂနွေ၊ တနင်္လာ စသော ဂြိုဟ်ကြီး ကိုးလုံးတို့ကို ပူဇော်သည့် အလေ့အထရှိခဲ့သည်ဟု ဆိုပါသည်။ ဇင်းမယ်ပြည်သူတို့သည် နက္ခတ်ဗေဒင်များကို ယုံကြည်လိုက်စားကြဟန် ရှိသည်။ နက္ခတ် ဗေဒင်တို့ကို ယုံကြည်သူတိုင်း ဂြိုဟ်ကြီးကိုးလုံးကိုစောင့်သော နတ်တို့တွင် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ ဟူသော သောမဂြိုဟ်လေးလုံးကို စောင့်သည့်နတ်တို့သည် လူတို့အား ကောင်းကျိုးပေးတတ်သည်။

တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု ဆိုသည့် ပါပဂြိုဟ်လေးလုံးကို စောင့်သော နတ်တို့ကား လူတို့အား မကောင်းကျိုးပေးတတ်သည်ဟု

ယူဆလေ့ရှိကြသည်။ ထိုသို့ ယူဆကြသည့်အတိုင်း မကောင်းကျိုးပျောက်၍ ကောင်းကျိုးရောက်ရန် ဂြိုဟ်ကြီးကိုးလုံးကို ပူဇော်ကြခြင်း ဖြစ်ပါသည်။

သက္ကရာဇ် ၇၆၇ ခုနှစ်တွင် ဇင်းမယ်ပြည်၌ တရုတ်တို့ နှောင့်ယှက်လာသည့်အခါ ရွတ်ဖတ်နာယူသူတို့ ဘေးအန္တရာယ် လွတ်ကင်းအေးချမ်းစေရန် ရှင်သီလဝံသ စီရင်ရေးသားသည့် ဥပ္ပါတသန္တိကျမ်း ဖြစ်ပေါ်လာခဲ့သည်။ ဥပ္ပါတသန္တိဆိုသည်မှာ ကျရောက်လာသည့် ဘေးအန္တရာယ်၊ ရန်အသွယ်သွယ်တို့ကို ပျောက်ပြယ်အေးငြိမ်းစေတတ်သည့်ကျမ်းဟု အဓိပ္ပာယ်ရသည်။

ဘုရားကိုးဆူ ပူဇော်သည့်အခါ ထိုကျမ်းကို ရွတ်ဖတ်လေ့ရှိသောကြောင့် ဘုရားကိုးဆူပူဇော်ပွဲသည် ထိုကျမ်းနှင့် ဆက်နွှယ်လျက် ရှိ၏။ ထို ဥပ္ပါတသန္တိကျမ်း ပေါ်ပြီးနောက် နှစ်ပေါင်း ၁၅၀ ကျော်ဖြစ်သော သက္ကရာဇ် ၉၁၉ ခုနှစ်သို့ ရောက်သည့်အခါ ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီးသည် ဇင်းမယ်ကိုအောင်နိုင်၍ သားတော် နော်ရထာကို ဇင်းမယ်ဘုရင်အဖြစ် အုပ်ချုပ်စေပါသည်။

ထိုအခါ ဇင်းမယ်တွင် ပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်များ ထွန်းကားလာခဲ့ပါသည်။ ထိုဘုရင်လက်ထက်တွင် ပိဋကအရ ကျွမ်းကျင်လိမ္မာသည့် ဆရာတော်များသည် '၌ ဇင်းမယ်ပြည်၌ ဂြိုဟ်ကြီးကိုးလုံးကို ပူဇော်နေကြခြင်းမှာ လောကီကျိုးသက်သက်မျှသာ ဖြစ်သည်။

ဂြိုဟ်ကြီးကိုးလုံး ပူဇော်ကြရာ၌ ဘုရားကိုးဆူကိုပါ တစ်ပါတည်း ထည့်သွင်းပူဇော်စေရလျှင် 'တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်' ဆိုသကဲ့သို့ လောကီ လောကုတ္တရာအကျိုး နှစ်မျိုးစလုံးကို ရနိုင်ပေမည်' ဟု ကြံစည်စဉ်းစား နှလုံးထားပြီး ပြည်သူပြည်သားတို့အား ဂြိုဟ်ကြီးကိုးလုံးနှင့် တွဲဖက်၍ ဘုရားကိုးဆူကိုပါ တစ်ပြိုင်တည်းပူဇော်ကြရန် စီမံပေးတော်မူလိုက်ကြပါသည်။

ထိုအချိန်အခါမှစ၍ ဇင်းမယ်ပြည်တွင် ဘုရားကိုးဆူ ပူဇော်ခြင်း အလေ့အထ ဖြစ်ပေါ်လာသည်ဟု ဆိုပေသည်။ ထိုသို့ ဇင်းမယ်ပြည်တွင်

စတင်ပေါက်ဖွားခဲ့သော ဘုရားကိုးဆူပူဇော်ပွဲသည် ဇင်းမယ်ပြည်မှတစ်ဆင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံသို့ ပြန့်ပွားလာခဲ့ပါသည်။ ဘုရားကိုးဆူ ပူဇော်ပွဲ အလေ့အထသည် မြန်မာနိုင်ငံသို့ မည်သည့်ခေတ်၊ မည်သည့်မင်းလက်ထက်တွင် ရောက်ရှိလာကြောင်းကိုမူ လက်လှမ်းမီသရွေ့ သုတေသနပြုရသည့် ကျောက်စာ၊ သမိုင်း၊ မော်ကွန်း၊ ပျို့၊ လင်္ကာ၊ ဧချင်း စသည့် ရှေးဟောင်းစာပေများ၌ မတွေ့ရှိရသောကြောင့် အတိအကျ ပြောရန် ခဲယဉ်းပါသည်။

သို့ရာတွင် ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရား လက်ထက်တွင် ဇင်းမယ်ပြည်နှင့် ကူးလူးဆက်ဆံမှု ကျယ်ပြန့်ခဲ့သောကြောင့် တောင်ငူခေတ်နှောက်ပိုင်းလောက်တွင် မြန်မာနိုင်ငံသို့ ရောက်လာခဲ့မည်ဟု မှန်းဆရပါသည်။

## ပူဇော်ပွဲ ကျင်းပပုံ

ဘုရားကိုးဆူ ပူဇော်ကြရာ၌ ဘုရားကိုးဆူသက်သက်လည်း ပူဇော်နိုင်သည်။ ဂြိုဟ်ကြီးကိုးလုံးနှင့် တစ်နေရာတည်း တွဲဖက်၍လည်း ပူဇော်နိုင်သည်။ တစ်နေရာစီခွဲ၍လည်း ပူဇော်နိုင်သည်။ သို့သော် မြန်မာနိုင်ငံ၌ ယခု ပူဇော်နေကြသည်မှာ ဘုရားကိုးဆူဆရာ ညွှန်ကြားသည့်အတိုင်း ဘုရားကိုးဆူနှင့် ဂြိုဟ်ကြီး ကိုးလုံးကို တွဲဖက်၍ ပူဇော်ကြသည်သာ များပေသည်။ ပူဇော်ပွဲကျင်းပပုံကား အလှူရှင်၏ စေတနာ သဒ္ဓါ အင်အား၊ ဓနအင်အားအလိုက် ပုံစံကွဲပြားသည်။

အချို့က ည ခြောက်နာရီမှ နံနက် ခြောက်နာရီအထိ ဘုရားကိုးဆူပူဇော်ပွဲကျင်းပ၍ သံဃာတော်များအား နံနက်ဆွမ်းကပ်လေ့ရှိကြသည်။ အချို့ကမူ သံဃာတော်များအား ဆွမ်းမကပ်ဘဲ ဘုရားကိုးဆူပွဲသက်သက်ပြုလုပ်ကြ၏။

ဘုရားကိုးဆူပူဇော်ပွဲ၌ ဘုရားကိုးဆူဆရာသည် ပဓာနဖြစ်သည်။ အိမ်ထောင်စုကိုယ်စား ပူဇော်ပေးရသူ ဖြစ်၍ ဘုရားကိုးဆူဆရာအား ခေတ်အလိုက် ထိုက်သလို ငွေကြေးပူဇော် လှူဒါန်းကြရသည်။ ပူဇော်ရာ၌

အသုံးပြုသည့် ကိရိယာ တန်ဆာပလာများကို ဘုရားကိုးဆူဆရာက မိမိနှင့် တစ်ပါတည်း ယူဆောင်လာရသည်။

တချို့ ဘုရားကိုးဆူဆရာတို့သည် မှန်စီရွှေချ ကျောင်းတော်၊ ရွှေချ ဆေးရေးထားသော ဘုရား ရဟန္တာ ရုပ်လုံး၊ ဂြိုဟ်ကြီးကိုးလုံး ရုပ်လုံး၊ နတ်ကြီးငါးပါး ရုပ်လုံးတို့ဖြင့် ကြည်ညိုဖွယ်ရာ စီမံထား၏။ တချို့ဆရာ တို့ကမူ ငှက်ပျောကျောင်းဆောင်နှင့် ရုပ်လုံး ရုပ်ပြားမပါ ဗလာရွတ်ဆို ပူဇော်ကြပါသည်။

ဘုရားကိုးဆူဆရာသည် ညနေပိုင်းတွင် အလှူရှင်အိမ်သို့ အချိန်မီ လာရောက်၍ မိမိ၏ အသုံးအဆောင်ပစ္စည်းများကို နေရာတကျ ကြည်ညို ဖွယ်ရာ စီစဉ်ထားရသည်။

ဘုရားကိုးဆူထားသည့် အစီအစဉ်မှာ –

၁။ ဘုရားရှင်ကို လူ နတ်တို့၏ ဆရာ၊ ရဟန်းသံဃာတို့၏ အကြီး အမှူးဖြစ်၍ အလယ်ဗဟိုဌ် ထားရသည်။

၂။ ရှင်သာရိပုတ္တရာကို ဘုရား၏ လက်ယာတော်ရံ ဖြစ်၍ တောင် အရပ်၌ ထားရသည်။

၃။ ရှင်မောဂ္ဂလ္လာန်ကို ဘုရား၏ လက်ဝဲတော်ရံဖြစ်၍ မြောက် အရပ်၌ ထားရသည်။

၄။ ရှင်ကောဏ္ဍညကို ရဟန္တာရှစ်ပါးတွင် သိက္ခာဝါအကြီးဆုံး ဖြစ်၍ အရှေ့အရပ်၌ ထားရသည်။

၅။ ရှင်အာနန္ဒာကို ဘုရားအလုပ်အကျွေး နောက်တော်ပါဖြစ်၍ အနောက်အရပ်၌ ထားရသည်။

၆။ ရှင်ဂဝံပတိကို ရာဟုဂြိုဟ်၏ အရှင်ဖြစ်၍ ရာဟုဂြိုဟ် တည် နေရာ အနောက်မြောက်အရပ်၌ ထားရသည်။ (ဂဝံ=ရာဟု ဂြိုဟ်+ပတိ=အရှင်)

၇။ ရှင်ရာဟုလာကို ရဟန္တာရှစ်ပါးတွင် သိက္ခာဝါ အငယ်ဆုံး ဖြစ်၍ ဂြိုဟ်သက်အငယ်ဆုံး တနင်္ဂနွေဂြိုဟ် တည်နေရာ အရှေ့မြောက်အရပ်၌ ထားရသည်။

၈။ ရှင်ရေဝတကို ရှင်သာရိပုတ္တရာ၏ ညီတော်ရင်းဖြစ်၍ ရှင်သာရိပုတ္တရာ၏အနီး အရှေ့တောင်အရပ်၌ ထားရသည်။

၉။ ရှင်ဥပါလိကို ဝိနည်းကို ဆုံးဖြတ်ရသော ဝိနည်းဓိုရ်ဖြစ်၍ ရှေးအခါက တရားသူကြီးဖြစ်ဖူးသော စနေဂြိုဟ်တည်နေရာ အနောက်တောင်အရပ်၌ ထားရသည်။

ဂြိုဟ်ကြီးကိုးလုံးကိုမူ 'တနင်္ဂနွေ ဂဠုန်၊ ရှေ့မြောက်ကြို၊ နေတုံ ခြောက်နှစ်မျှ' စသည့်လင်္ကာများအရ သူ့အရပ်မျက်နှာနှင့်သူ ထားရသည်။ ကိတ်ဂြိုဟ်ကိုမူ အလယ်ဗဟိုအရပ်၌ ထားရသည်။

အာယုဝဍ္ဍန သတို့သား အန္တရာယ်ကင်းရေးအတွက် ရဟန္တာရှစ်ပါး ပရိတ်အရံအတားပြုစဉ်က မည်သည့် ရဟန္တာများဖြစ်သည်ဟု ကျမ်းဂန်၌ မလာရှိသည့်အတွက် ရှေးဆရာတော်ကြီးများက ဖော်ပြပါ ရဟန္တာကြီး ရှစ်ပါးကို စီစဉ်ထားခြင်း ဖြစ်ပါသည်။ အချို့ ဘုရားကိုးဆူ ပူဇော်သည့် အခါ ဘုရားကိုးဆူနှင့် ဂြိုဟ်ကြီးကိုးလုံးအပြင် –

၁။ သူရဿတီ၊

၂။ စန္ဒီ၊

၃။ ပရမိဿွာ၊

၄။ မဟာပိန္နဲ၊

၅။ ဂေါရမန္တ နတ်မင်းကြီးငါးပါးနှင့်၊

၆။ ရက္ခစိုး၊

၇။ ဘုမ္မစိုး၊

၈။ အာကာသစိုး၊

၉။ အိမ်စောင့်နတ်

ဟူ၍ နတ်ကိုးပါးကိုပါ ထည့်သွင်းပူဇော်လေ့ ရှိကြပါသည်။ ထိုသို့ ပူဇော်ကြသည့်အခါ ဘုရားကိုးဆူကိုးပွဲ အစုံအလင်၊ ဂြိုဟ်ကြီးကိုးလုံးကိုးပွဲ အစုံအလင်၊ နတ်ကိုးပါးကိုးပွဲ အစုံအလင် အားလုံး ၂၇ ပွဲ ပြင်ကြရသည်။

ပွဲပြင်ရန် အစီအစဉ်မှာ 'ဒါနဝတ္ထု၊ စုစုမြားမြောင်၊ ကျောင်းဆောင် ဆီမီး၊ တံခွန်ထီးနှင့်၊ သစ်သီး သုံးထွေ၊ မသွေရေချမ်း၊ ပန်းလည်းသုံးပါး၊

မုန့်ကား ဖြူနီ၊ ယိုစုံစီနှင့်၊ တလီအဲ့လောက်၊ ပေါက်ပေါက်ချို ဖြုန်း၊ ကြံ အုန်းငှက်ပျော၊ ချိုမောနှစ်သက်၊ လက်ဖက်ကွမ်းယာ၊ သုခာစုံလင်၊ ဆွမ်း ဘောဇဉ်' ဟု ရှေးဆရာကြီးများ စီမံ စပ်ဆိုထားသည့်အတိုင်း ကျောင်း ဆောင်၊ သို့မဟုတ် စားပွဲကြီး၊ ဆီမီးဖယောင်းတိုင်၊ ထီး၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာ၊ သစ်သီးသုံးမျိုး၊ ပန်းသုံးမျိုး၊ ယိုသုံးမျိုး၊ မုန့်ဖြူ မုန့်နီ၊ ပေါက်ပေါက်၊ ကြံ၊ အုန်း၊ ငှက်ပျော၊ လက်ဖက်၊ ကွမ်းယာ၊ ဆွမ်း၊ ရေချမ်း စုံလင်အောင် စီစဉ်ရသည်။

ပွဲ ၂၇ ပွဲကို ညဦးဦးက ပြင်ဆင်ထားရသည်။ ဆွမ်းပွဲကိုမူ နံနက် အရုဏ်တက်မှ ပြင်ဆင်ရသည်။ ညနေပိုင်းနှင့် ညဦးပိုင်းတို့တွင် ဘုရား ကိုးဆူကြည်ညိုရန် ရောက်လာကြသည့် ဧည့်ပရိသတ်တို့အား စားဖွယ် သောက်ဖွယ်တို့ဖြင့် ဧည့်ခံ ကျွေးမွေးကာ ဒါနကုသိုလ်မင်္ဂလာ ယူကြ သည်။

ပူဇော်ပုံအစီအစဉ်မှာ ဘုရားကိုးဆူဆရာသည် ရှေးဦးစွာ ခွင့်ပန် သည့်အနေဖြင့် ညဦးယံ၌ ဘုရားပင့်ရသည်။ ထို့နောက် ရဟန္တာပင့်ဂါထာ များကို အသံနေအသံထားဖြင့် အစဉ်အတိုင်း တစ်ပါးစီတစ်ပါးစီ ရွတ်ဆို ပင့်ထားရသည်။ ဘုရားအမှူးရှိသည့် ရဟန္တာကြီးများထံတွင် အလှူရှင်များ အတွက် ဆုတောင်းပေးပြီး ဘုရားကိုးဆူပူဇော်ပွဲ ဖြစ်ပေါ်လာပုံကို အာယု ဝဍ္ဎနဝတ္ထုလင်္ကာကြီးကို ရွတ်ဆိုပြီး ဘုရားကိုးဆူဆရာက ဟောပြော ရှင်းပြ ပါသည်။

နောက်အရုဏ်မတက်မီ ပရိမိတ္တဇာလသုတ် ပါဠိအနက်၊ သိရသ္မိ ဂါထာတော်ကြီး ပါဠိအနက်၊ စိန္တာမဏိ အဖို အမ ဂါထာတော်ကြီး ပါဠိအနက် စသည့် ပရိတ်တော်များကို ရွတ်ဖတ်ရသည်။ ရှေးအခါက ဘုရားကိုးဆူ ပူဇော်ပွဲတွင် ဥပ္ပါတသန္တိကျမ်း ရွတ်ဖတ်လေ့ရှိကြသော်လည်း ယခုအခါ ရွတ်ဆိုကြသည်ကို မတွေ့ရတော့ချေ။

အရုဏ်တက်လာသည့်အခါ နောက်ထပ်တစ်ကြိမ် ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်ကြီးရှစ်ပါးကို အစဉ်အတိုင်းပင့်ပြီး ပန်း၊ ဆီမီး၊ ဆွမ်း၊ ရေချမ်း စသည်တို့ကို ဆက်ကပ်ပူဇော်ကြရသည်။ ဘုရားကိုးဆူ ဆရာ

ထံတော်တွင် အသီးသီး လိုရာဆုကိုတောင်းကာ အရပ်ရှစ်မျက်နှာတွင် တစ်မျက်နှာ တစ်မျက်နှာဆီမှ ဝင်ရောက်လာသည့် ဘေးအန္တရာယ်၊ ရန် အသွယ်သွယ်တို့သည် အရှင်သာရိပုတ္တရာ စသော ရဟန္တာမထေရ်မြတ် အသီးသီးတို့၏ အာနုဘော်ကြောင့် ပျောက်ကွယ်သွားရန် အဓိဋ္ဌာန်ပြုရ သည်။ ဆုတောင်း ရေစက်ချ အမျှပေးဝေရသည်။

ထို့နောက် ဂြိုဟ်ကြီးကိုးလုံးနှင့် နတ်ကြီးငါးပါး၊ ဝါ နတ်ကိုးပါး တို့ကိုလည်း အစဉ်အတိုင်းပင့်၍ ဂြိုဟ်စာကျွေးကာ ပူဇော်ရသည်။ ဆုတောင်းရသည်။ နောက် ဂြိုဟ်ကြီးကိုးလုံးကို အစဉ်အတိုင်း ပြန်ပို့ရ သည်။

နံနက်ချိန်တွင် သံဃာတော်များအား ဆွမ်းကပ်ရန်အစီအစဉ်ရှိလျှင် ဆွမ်းကပ်၍ ကြွရောက်လာသည့် ဧည့်ပရိသတ်တို့အား စားဖွယ်သောက် ဖွယ်တို့ဖြင့် ဧည့်ခံကျွေးမွေးလေ့ ရှိကြပါသည်။ ဤသည်မှာ ယခု မျက် မှောက်ကာလ၌ ပြုလုပ်ကျင်းပသည့် ဘုရားကိုးဆူ ပူဇော်ပုံပူဇော်နည်း အကျဉ်းချုပ် ဖြစ်ပါသည်။

## ပူဇော်ပွဲနှင့် အကျိုးအမြတ်

ဤဘုရားကိုးဆူ ပူဇော်ပွဲ၌ ဂြိုဟ်ကြီးကိုးလုံးနှင့် နတ်ကြီးငါးပါး၊ ကိုးပါးတို့အား ပူဇော်ခြင်းကား ဗုဒ္ဓဘာသာဝင်တို့၏ ကျင့်ရိုးကျင့်စဉ် မဟုတ်ပါချေ။ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားလမ်းညွှန်ခဲ့သည့် ပိဋကတ တော်များ၌လည်း ဂြိုဟ်ကြီးကိုးလုံးနှင့် အဆိုပါ နတ်ကြီးတို့ကို ပူဇော်ကြ ရမည်ဟု ညွှန်ကြားထားသည်ကို လုံးဝမတွေ့ရချေ။

ဘုရားရှင်နှင့် ရဟန္တာ အရှင်မြတ်ရှစ်ပါးတို့အား ရှိခိုးပူဇော်ပြီး ပရိတ်တော်များကို ရွတ်ဖတ်ခြင်းသည်သာ ရှင်တော်ဗုဒ္ဓ၏ ကျင့်ထုံး ကျင့်နည်းနှင့် ညီညွတ်ပေသည်။

ဤနေရာ၌ ဘုရားကိုးဆူ ပူဇော်သည့် အလှူရှင်အား မည်သည့် ကောင်းမှုကုသိုလ်တရားများ ဖြစ်ပွား၍ မည်သည့်ကောင်းကျိုးတရားများ ရနိုင်သည်ကို ကျမ်းဂန်ပိဋကနှင့်အညီ စိစစ်တင်ပြလိုပါသည်။

ဘုရားကိုးဆူ အလှူရှင်တို့မှာ သုံးလောကထွတ်တင် သဗ္ဗညု ဘုရားရှင်နှင့် ရဟန္တာကြီး ရှစ်ပါးတို့အား လက်အုပ်ချီမိုး ရှိခိုးခြင်း၊ ဂုဏ်တော်များကို အာရုံပြု၍ ဘုရားရှိခိုးခြင်းတို့သည် အပစာယန ကုသိုလ်နှင့် ဗုဒ္ဓါနုဿတိ စသော ဘာဝနာကုသိုလ်များ ဖြစ်ပါသည်။ ဆီမီး ပန်း ရေချမ်း ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ ကြွရောက်လာသည့် ဧည့်ပရိသတ်တို့အား စားဖွယ်သောက်ဖွယ် အမည် မည်တို့ဖြင့် ကျွေးမွေးဧည့်ခံခြင်းသည် ဒါနကုသိုလ် ဖြစ်ပါသည်။

ပရိတ်တရားတော်ကို နာယူခြင်း ဓမ္မသဝန ကုသိုလ်၊ အမျှပေးဝေ ခြင်း ပတ္တိဒါနကုသိုလ်၊ သာဓုခေါ်ခြင်း ပတ္တာနုမောဒါနကုသိုလ်တို့နှင့် ပူဇာစ ပူဇနေယျာန မင်္ဂလာ၊ ဂါရဝ မင်္ဂလာ၊ ဒါန မင်္ဂလာ၊ ကာလေနဓမ္မ သဝန မင်္ဂလာတရားများ ဖြစ်ပွားပါသည်။

ထိုကုသိုလ်စုတွင် ဆွမ်း စသော စားသောက်ဖွယ်ရာများကို လှူဒါန်းခြင်း ဒါနကုသိုလ်သည် ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာခြင်းဆိုသည့် သာမန်အကျိုးအပြင် အသက်ရှည်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်း သာခြင်း၊ အားအင်နှင့် ပြည့်စုံခြင်း၊ ကိုယ်အရည်အသွေးစိုပြည်လှပခြင်း ဆိုသည့် အကျိုးထူးများကိုလည်း ပေးနိုင်သည်ဟု အင်္ဂုတ္တရပါဠိတော်၌ ဘုရားရှင် ဟောကြားထားပါသည်။ မှန်ပါသည်၊ အကျိုးတရားတို့မည် သည် အကြောင်းတရားနှင့်လျော်ညီစွာ ဖြစ်ပေါ်လာလေ့ရှိသည်ဟု ရှင်တော်ဗုဒ္ဓ လမ်းညွှန်ပြတော်မူချက် ရှိပါသည်။

'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ' ဒေသနာတော်နှင့်အညီ သတ္တဝါ မှန်သမျှ အာဟာရဟူသော အကြောင်းတရားနှင့်ကင်း၍ မရပ်တည်နိုင် ကြပါချေ။ သင့်လျော်မျှတသော အစာအာဟာရသည် မှီဝဲစားသုံးသူ မှန်သမျှကို အသက်လည်း ရှည်စေနိုင်၏။ ကိုယ်စိတ်နှစ်ဖြာကိုလည်း ကျန်းမာချမ်းသာစေနိုင်၏။ အားအင်နှင့်လည်း ပြည့်စုံစေနိုင်၏။ ကိုယ် အရည်အသွေးလည်း စိုပြည်လှပစေနိုင်၏။ ထို့ကြောင့် အစာအာဟာရကို ပေးကမ်းလှူဒါန်းသူများသည် အသက်ရှည်ခြင်း စသည်တို့ကို ပေးကမ်း လှူဒါန်းရာရောက်ရကား ထိုအကြောင်းကံအားလျော်စွာ အသက်ရှည်ခြင်း၊

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း စသည့်အကျိုးများကို ဧကန်မုချ ရနိုင်ပေသည်ဟု ဟောတော်မူထားပါသည်။

ရတနာသုံးပါး ဆရာမိဘများနှင့် အသက်သိက္ခာ ဂုဏ်ဝါကြီးသည့် ပုဂ္ဂိုလ်များအား ရိုသေလေးစားခြင်း၊ လက်အုပ်ချီမိုး ရှိခိုးခြင်းဆိုသည့် အပစာယနကုသိုလ်၊ ဂါရဝမင်္ဂလာကုသိုလ်တို့ကား သီလကုသိုလ်များ တည်း။ ထိုသီလကုသိုလ်ကြောင့် အသက်ရှည်ခြင်း၊ ကိုယ်အရည်အသွေး စိုပြည်လှပခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ အားခွန်ဗလနှင့် ပြည့်စုံခြင်းဆိုသည့် အကျိုးလေးမျိုးကို ရနိုင်သည်ဟု ဓမ္မပဒပါဠိတော်၊ အာယုဝဍ္ဎနသတို့သားဝတ္ထု၌ပင် ဘုရားရှင် ဟောတော်မူထားပါသည်။

မှန်၏၊ ဤ အပစာယနကုသိုလ်၊ ဂါရဝကုသိုလ်ကံများသည် အတိတ်ဘဝများက ပြုခဲ့သည့်ကုသိုလ် ဇနကကံကို ပံ့ပိုးပေးနိုင်၊ အထောက် အကူပေးနိုင်၊ အားဖြည့်ပေးနိုင်သည့် ဥပတ္ထမ္ဘက ကုသိုလ်ကံများ ဖြစ်သည်။ ထိုကုသိုလ်ကံများသည် ရှေးအတိတ်ကြောင့် အသက်ငါးဆယ်သာ ရှည် မည့်သူကို ထိုအသက်ငါးဆယ်ထက် ပိုရှည်အောင် မည်သို့မျှ အထောက် အကူမပြုနိုင်ချေ။

သို့သော် ထိုအသက်ငါးဆယ် နေနိုင်သည့်ကံ ရှိပါလျက် အသက် နှစ်ဆယ့်ငါးနှစ်အရွယ်တွင် အသက်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရလျှင် ထိုအပ စာယနဂါရဝဆိုသည့် သီလကုသိုလ်ကံများက အသက်အန္တရာယ်ကို ကာကွယ်လျက် မူလကံအတိုင်း အသက်ငါးဆယ်အထိ နေနိုင်အောင် မူလကံကို ပံ့ပိုးထောက်ပံ့ပေးနိုင်၊ အားဖြည့်ပေးနိုင်သည်ဟု ဓမ္မပဒအဋ္ဌ ကထာ၌ ဖွင့်ဆိုထားပါသည်။

ဤသို့ ဘုရားကိုးဆူပူဇော်ပွဲ ကုသိုလ်များသည် ကျန်းမာရေး၊ စီးပွား ရေး စသည်တို့နှင့် ပတ်သက်၍ ကျရောက်ဆဲ ကျရောက်လတ္တံ့ဖြစ်သည့် ဘေးအန္တရာယ် ရန်အသွယ်သွယ်တို့ကို တိုက်ဖျက်လှုပ်ရှား၍ မူလ ကံ အတိုင်း ကျန်းမာအသက်ရှည်ခြင်း၊ စီးပွားဉစ္စာ ရတနာများ တိုးတက် လာခြင်း စသည့် ကောင်းကျိုးမင်္ဂလာ အဖြာဖြာတို့ကို ဖြစ်ပေါ်လာစေနိုင် ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ရှေးကျမ်းဂန်တတ်ဆရာတော်ကြီးများ နည်းညွှန် တီထွင်ခဲ့သည့် ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံပွဲ တစ်ခုဖြစ်သော 'ဘုရားကိုးဆူ ပူဇော်ပွဲ' ကို ယုံယုံကြည်ကြည်ဖြင့် စဉ်လာမပျက် လိုက်နာဆောင်ရွက်သင့်ကြပေသည်။

❒

# ရှင်ဥပဂုတ် ပူဇော်ပွဲ

## ရှင်ဥပဂုတ်ဆိုသည်မှာ

ပါဠိလို ဥပဂုတ္တ၊ မြန်မာလို ဥပဂုတ်ဟု ခေါ်ဆိုကြသည်။ 'သူမွန်ရသေ့၊ လက်ပွေ့ယုယ၊ သျှင်ဥပလျှင်၊ နေ့ညစောင့်မှတ်၊ ကမ္ဘာသာခ်ကြောင့်၊ ပညတ်ဖော်ထုတ်၊ ဥပဂုတ်ဟု၊ ရွှေနှုတ်ဖွဲ့ချည်' ဟူသော ပေါရာဏဒီပနီလာ ရေးဟောင်းလင်္ကာအရ ဥပဂုတ်မည်သော ရသေ့ကြီး၏ ပြုစုစောင့်ရှောက်မှုကို ခံယူသူဟု အဓိပ္ပာယ်ရသည်။ 'မျက်မှောင်ကြုတ်ကြုတ်၊ ဥပဂုတ်၊ ပယ်ထုတ်မာရ်ကိုဖိ' ကဝိလက္ခဏာ စာဆိုနှင့်အညီ မျက်မှောင်ကြုတ်ထားသကဲ့သို့ ရုပ်ဆင်းအင်္ဂါ၊ လက္ခဏာသွင်ပြင် မသပ္ပာယ်၍ ပိန်ကြုံသော ရဟန္တာအရှင်မြတ်တစ်ပါး ဖြစ်သည်ဟု လောကပညတ္တိကျမ်း၌ဆိုသည်။

ထိုအရှင်မြတ်သည် ဓမ္မာသောကမင်း (ဘီစီ ၂၇၃–၂၁၆) လက်ထက်တွင် ထွက်ပေါ်ခဲ့၍ ဓမ္မာသောကမင်းကြီး၏ ခုနစ်လ ခုနစ်ရက်ကောင်းမှု အနုမောဒနာပြုပွဲကြီးတွင် အနှောင့်အယှက် ပေးလာသည့် မာရ်နတ်ကို တန်ခိုးအမျိုးမျိုးဖြင့် တွန်းလှန်ခဲ့သည်။ တောင်သမုဒ္ဒရာတွင် ကြေးပြာသာဒ် (ဝါ) ရတနာစုံပြာသာဒ်နှင့် နေသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် လူအများစုမှာ ရှင်ဥပဂုတ်ကို ယုံကြည်ကြသည်။ အလှူမင်္ဂလာပ်များထိုးသည့်အခါ ရှင်ဥပဂုတ်ကိုပင့်ပြီး ပူဇော်ကြသည်။ အန္တရာယ်ကင်းအောင်၊ စီးပွားတိုးတက်အောင်ဆိုပြီး ရှင်ဥပဂုတ်ကို ပူဇော်ပြီး

ဖောင်နှင့်မျှောလေ့ရှိကြသည်။ မြန်မာတို့၏ ထို ရှင်ဥပဂုတ်ပူဇော်ပွဲကား ဗုဒ္ဓဘာသာ အကြောင်းအရာတစ်ခုကို အစွဲပြု၍ ဖြစ်ပေါ်လာသည့် မြန်မာ့ ယဉ်ကျေးမှု ဓလေ့ထုံးစံပွဲတစ်ခုဖြစ်သည်။

သို့သော် ထိုရှင်ဥပဂုတ်မထေရ်နှင့် ပတ်သက်၍ ပြဿနာများရှိပေသည်။ 'ရှင်ဥပဂုတ်ဆိုတာ အလကားပါ၊ ကျမ်းဂန်မှာ မရှိပါဘူး' ဟု ဆိုသူများ ရှိသကဲ့သို့ 'ရှင်ဥပဂုတ်ဟာ မဟာယာနဗုဒ္ဓဘာသာဝင် မထေရ် တစ်ပါးသာဖြစ်တယ်' ဟု ယူဆသူများလည်း ရှိကြသည်။ ထို့ကြောင့် ရှင်ဥပဂုတ်ပူဇော်ပွဲ အကြောင်းကို မတင်ပြမီ ထိုရှင်ဥပဂုတ်ပြဿနာကို လက်လှမ်းမီသလောက် သုတေသနပြု၍ တင်ပြပါမည်။

## ဘိုးတော်ဘုရားလက်ထက်က ပြဿနာ

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်က မုံရွာဆရာတော် အရှင်သိရီမာလာက 'ရှင်ဥပဂုတ်သည် တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်နှင့် နေကြောင်း၊ အတ္ထုပ္ပတ္တိများကိုလည်း သိလိုပါသည်။ သမုဒ္ဒရာထဲတွင် ရှိသည်မှန်က ငါးကြီး လိပ်ကြီးတို့ မြူးထူးရာတွင် လှိုင်းတံပိုးထ၍ ပြာသာဒ် မှာ မတည်မရပ်နိုင် ရှိရာပါသည်' ဟု မုံရွေးဇေတဝန်ဆရာတော်ဘုရားကို မေးမြန်းဖူးပါသည်။

မုံရွေးဆရာတော်ဘုရားကြီးက ရာဇဝံသကျမ်း၌ သီရိဓမ္မာသောက မင်းတရားကြီးသည် စေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို အနုမောဒနာပြုသောကာလ မာရ်နတ်ကို ရှင်ဥပဂုတ် ဆုံးမကြောင်းလာသည်။ ကစ္စည်းသဒ္ဒါကျမ်းနှင့် သဒ္ဒနီတိကျမ်းတို့မှာလည်း 'ရှင်ဥပဂုတ်သည် မာရ်နတ်ကို တုပ်နှောင်ဖွဲ့ချည်ထားအပ်၏' ဟု ပြယုဂ်ပုံစံ ထုတ်ပြထားကြသည်။

မိလိန္ဒပဉှာပါဠိတော်၌မူ 'အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၊ အရှင် ဥပဂုတ္တထေရ် စသည်တို့သည် တရားတော်ကို ညွှန်ပြသကဲ့သို့၊ ထို့အတူ မိလိန္ဒမင်းနှင့် ရှင်နာဂသိန် မထေရ်တို့သည်လည်း ငါဘုရား ပရိနိဗ္ဗာန် စံပြီးနောက် အနှစ်ငါးရာတိုင်သောအခါ တရားတော်ကို ညွှန်ပြလိမ့်မည်' ဟု ဗျာဒိတ်ထားတော်မူကြောင်းတို့ကိုသာ တွေ့ရသည်။

အရှင်ဥပဂုတ္တ၏ အတ္ထုပ္ပတ္တိပုံစံများကို ခိုင်ခိုင်ခံ့ခံ့ မှတ်သားလောက် အောင် မတွေ့ရဖူးချေ။ သမုဒ္ဒရာထဲတွင် ရှိသည်မှန်အံ့၊ ငါးကြီးလိပ်ကြီးတို့ မြူးထူးရာတွင် လှိုင်းတံပိုးထ၍ ပြာသာဒ်မှာ မတည်မရပ်နိုင် ရှိရာပါသည် ဆိုရာ၌လည်း အရှင်ဥပဂုတ်သည် (သမုဒ္ဒရာ၌) ရှိသည် မှန်လျှင် တန်ခိုး အရာဖြစ်၍ 'ဣဒ္ဓိဝိသယော အစိန္တိယျော' ဟု ဟောတော်မူသောကြောင့် တန်ခိုးအရာကို မကြံအပ်၊ မကြံရာပြီဖြစ်သည်' ဟု ဖြေဆိုခဲ့ပါသည်။ (သမန္တစက္ခုဒီပနီကျမ်း၊ ပတွဲ၊ ပုစ္ဆာအမှတ် ၄၊ အဖြေ)။

## ရှင်ဥပဂုတ်နှင့် ရှင်လေးပါး

ထို့အတူ မင်းတုန်းမင်းတရားကြီးလက်ထက်၌လည်း ပေါင်းတည် မြို့၊ အရှင်သုမနမထေရ်က 'လေးရပ်ရှင်သေ၊ ပေါင်းရှစ်ထွေတို့၊ တည်နေ မပျက်၊ ခုတိုင်ဘက်ဟု၊ စဉ်ဆက်သေချာ၊ ပြောကြပါ၏၊ ရှိရာသည်ကား၊ စကားယုတ္တိ၊ ဆိုတိုင်းရှိက၊ ဖမိနေရပ်၊ မျိုးဇာတ်နာမည်၊ နေသည်ခြင်းရာ၊ ဩဇာလေးနက်၊ ဆက်မဆက်နှင့်၊ မပျက်ခုတိုင်၊ တည်နိုင်ရကြောင်း၊ ဤလုံးပေါင်းကို၊ ကောင်းကောင်းမှချ၊ သိချင်လှ၏' ဟု ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးအား မေးတော်မူခဲ့ဖူးပါသည်။

ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက 'သေ လေးပါး ရှင်လေးပါးအကြောင်း အတ္ထုပ္ပတ္တိများကို ကျမ်းကြီးကျမ်းခိုင် တို့၌ မတွေ့စဖူး ပဥ္စာကထနမည်သော မှတ်စုကျမ်းသာ တွေ့ဖူးသည်။

ရှင်လေးပါးတို့တွင် အရှင်ဥပဂုတ်၏ အကြောင်းကိုကား မိလိန္ဒ ပဥ္စာကျမ်းတွင် ငါဘုရား ပရိနိဗ္ဗာန်စံလွန်၍ အနှစ် နှစ်ရာ့သုံးဆယ် ကျော်သောအခါ မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ်၊ ဥပဂုတ္တမထေရ် တို့သည် ရှင်လူ အပေါင်းတို့အား တရားညွှန်ပြကုန်သကဲ့သို့ ဤမိလိန္ဒမင်း၊ နာဂသေနမထေရ်တို့သည်လည်း ငါ နိဗ္ဗာန်လားသည့်နောက် အနှစ် ငါးရာ ကျော် ရောက်သောအခါ ထင်စွာဖြစ်ကုန်၍ ငါ့တရားကို ထင်ရှား ညွှန်ပြကုန်လတ္တံ့.' ဟု ဘုရား ဗျာဒိတ်ထားကြောင်းကို ဆိုရာ၌လာ သည်။

သဒ္ဒါသင်ရိုးဖြစ်သော ကစ္စည်းကျမ်း၊ သဒ္ဒနီတိကျမ်းတို့၌လည်း 'ဥပဂုတ္တော၊ ဥပဂုတ်သည်။ မာရော၊ မာရ်နတ်ကို။ ဗန္ဓော၊ နှောင်ဖွဲ့အပ်၏–ဟု ဥဒါဟရဏ်ပြသည်' ဟု ဖြေဆိုကာ သိီရိမ္မာသောကမင်းကြီးလက်ထက် ရှင်ဥပဂုတ်က မာရ်နတ်မင်း နှိမ်နင်းပုံအခန်းကို မဟာရာဇဝံသကျမ်းလာသည့်အတိုင်း အကျယ်ဖြေဆိုသည်။

ထို့နောက် 'ဤအကြောင်းအရာများသည်လည်း မိလိန္ဒကျမ်းနှင့်အညီဖြစ်၍ ပမာဏပြုလောက်သော အကြောင်းအရာများဖြစ်သည်။ အရှင်ဥပဂုတ် သမုဒ္ဒရာ၌ နေသည်မှန်လျှင် သည့်အပြင် အရှင်များကိုလည်း ယုံမှားရှိသင့်ပြီ။ ထိုအရှင်တို့၏ အတ္ထုပ္ပတ္တိကို ပြဆိုသော စာပေကို မတွေ့ရ၍သာ မပြနိုင်ရှိလေသည်။ သင်္ဂါယနာ၀င် ကျမ်းကြီးတို့၌ မပါသည်မှာလည်း တတိယသင်္ဂါယနာ တင်ပြီးနောက်မှ ပေါ်ထွက်သော ရဟန္တာများဖြစ်၍ မပါသည်ဟု ယူရမည်။ ထိုအရှင်တို့ ယခုတိုင် ရှိမည် မရှိမည်ကို စိစစ်ရာမှာ အသက်တစ်ရာတမ်း၌ ဖြစ်သောသူသည် နှစ်ရာသို့ ရောက်အောင်မရှည်၊ အတန်ငယ်လွန်၍သာ ဆုံးရသည်' ဟု ဟောတော်မူသော သုတ်ပါဠိတော်ကိုထောက်လျှင် ယခုသို့ရောက်အောင် မရှိရာပြီ။

တစ်ပါး သံဃာ ရဟန္တာတို့၏ နောက်ကျန်၍ ရှိရစ်သည်ကို စွဲ၍သာ အရှင်လေးပါး ရှိကြောင်းကို ဆိုသည်ဟု ယူရမည်၊ သေလေးပါးမှာ စာပေမတွေ့။

'ဤမှတစ်ပါး ထောက်ထားရန် အကြောင်းကား အိန္ဒိယတိုင်း ဘီလပ်ပြည်ကြီးက သမုဒ္ဒရာကို လည်ပတ်၍ကြည့်သော လောကဓာတ်ဆရာ နှစ်ဦးတို့သည် မီးသင်္ဘော တစ်စင်းနှင့် ပင်လယ်ကို လည်ရာ တောင်သမုဒ္ဒရာတွင် ဘယ်ဟာရှိမည်ကို သိရအောင် သွားမည်ဟု တောင်စူးစူးသို့ထွက်၍သွားသော်၊ အများ သွားမြဲခရီးကိုလွန်၍ ၁၃ ရက်ထွက်လေသဖြင့် ရေပြင်လယ်ကောင်၌ ကျောက်တောင်တစ်ခုပေါ်၍ ထိုကျောက်တောင်ထက်၌ ကြီးစွာသော ကြေးပြာသာဒ်ကို မြင်၏။ အနီးသို့ ရောက်စိမ့်သောငှာ စက်ခုတ်ပါသော်လည်း လွန်စွာ ရေကြမ်းလှသောကြောင့် အနီးသို့ မကျဘဲ အမြောက်တစ်ကမ်းခန့်နေရာက ဆုတ်ခွာခဲ့ရသည်။ တောင်

သမုဒ္ဒရာက ကြေးပြာသာဒ်ကြီးကို တပ်အပ်မြင်ခဲ့သည်ဟု သတင်းစာ ၁၂၂၅ ခုနှစ်တွင် ငါတို့အရပ်သို့ ရောက်လာဖူးသည်' ဟု ဖြေဆိုထား ပါသည်။ (ပဥ္စာဗျာကရဏ အဋ္ဌတိံသကျမ်း၊ တိ သတိမ ပုစ္ဆာအဖြေ)။

## ဆရာတော်ကြီးများ၏ သဘောထားယူဆချက်

လောကဓမ္မ နှစ်ဌာနစလုံး၌ လိမ္မာကျွမ်းကျင် စွယ်စုံပညာရှင်ကြီးများ ဖြစ်တော်မူကြသည့် ထိုဆရာတော်ဘုရားကြီး နှစ်ပါးတို့၏ ဖြေဆိုတော်မူချက်များကိုကြည့်လျှင် မုံရွေးဆရာတော်ဘုရားကြီး၏ အဖြေတွင် ရှင်ဥပဂုတ်ရှိခဲ့ကြောင်းနှင့် ပတ်သက်၍သော ထေရဝါဒပိဋက ကျမ်းအချို့ကို ဖော်ထုတ်ညွှန်ပြတော်မူထား၍ ရှင်ဥပဂုတ် တောင်သမုဒ္ဒရာတွင် ကြေးပြာသာဒ်နှင့်နေကြောင်း စသည့် အဋ္ဌုပ္ပတ္တိ ဝတ္ထုထုံးစံအကျယ်ကိုမူ ခိုင်ခိုင်ခံ့ခံ့ မှတ်သားလောက်သည့် ကျမ်းများ မတွေ့ဖူးဟု မိန့်ဆိုတော်မူထားသည်ကို တွေ့ရသည်။

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးကလည်း ရှင်လေးပါးတွင် ရှင်ဥပဂုတ် ပါဝင်၍ ရှင်ဥပဂုတ် အမှန်ရှိခဲ့ကြောင်းကို မုံရွေးဆရာတော်ဘုရားကြီး ထုတ်ဆောင် ကိုးကားတော်မူခဲ့သည့် မိလိန္ဒပဥ္စာပါဠိတော်၊ ကစ္စည်းသဒ္ဒါကျမ်း၊ သဒ္ဒနီတိသဒ္ဒါကျမ်းတို့နှင့် မဟာရာဇဝင်ကြီးတို့ကိုပင် ကိုးကားဖော်ပြထားသည်ကို တွေ့ရပါသည်။ ထူးခြားသည်မှာ မဟာရာဇဝင်ကြီး၌ အကျယ်ဖော်ပြထားသော ရှင်ဥပဂုတ်၏ မာရ်နတ်နှိမ်နင်းသည့် အခန်းကဏ္ဍကို မိလိန္ဒပဥ္စာ ပါဠိတော်နှင့်ညီ၍ ပမာဏပြုလောက်သည်ဟု ကောက်ချက်ချထားခြင်းပင် ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၂၂၅ ခုနှစ်ထုတ် သတင်းစာပါ 'တောင်သမုဒ္ဒရာလယ်က ကြေးပြာသာဒ်' သတင်းတစ်ပုဒ်ကိုထုတ်၍ လောကယုတ္တိဆောင်ပြကာ မိမိ၏ကောက်ချက်ကို ပံ့ပိုးပေးထားသည်ကိုလည်း ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးအဖြေ၌ တွေ့ရသည်။ အမှန်စင်စစ် ဆရာတော်ဘုရားကြီးသည် မိမိစီရင်ရေးသားတော်မူခဲ့သည့် မဟာဝင်ဝတ္ထုကျမ်း၊ ဇိနတ္ထပကာသနီကျမ်းနှင့် ပညာဗျာကရဏ အဋ္ဌတိံသကျမ်း သုံးကျမ်းစလုံး၌ပင်

ရှင်ဥပဂုတ်အတ္ထုပ္ပတ္တိကို တခမ်းတနား ရေးသားတော်မူခဲ့သည်ကို ထောက်ရှုလျှင် အသောကမင်းတရားကြီးလက်ထက်၌ မာရ်နတ်မင်းကို နှိမ်နင်းဆုံးမခဲ့သော ရှင်ဥပဂုတ်အမည်တော်ရှိသည့် တန်ခိုးကြီးရဟန္တာတစ်ပါး ရှိခဲ့သည်ဟု ဆရာတော်ဘုရားကြီး အထူးယုံကြည်ကြောင်း ထင်ရှားပါသည်။

## ဝဇီရဗုဒ္ဓိဋီကာကျမ်းအဆို

ဟသ်ာတမြို့ မြစ်ကွေ့ကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် အရှင်ပညာဝံသမထေရ်ကလည်း ဖော်ပြပါ ဆရာတော်ဘုရားကြီးနှစ်ပါးတို့ ဖော်ညွှန်းကိုးကားသွားခဲ့ကြသည့် ကျမ်းများအပြင်၊ ဝိနည်းငါးကျမ်း အဋ္ဌကထာများ၏ အဖွင့်ဋီကာကြီးများအနက် ရှေ့အကျဆုံးဋီကာဖြစ်သည့် ဝဇီရဗုဒ္ဓိ ဋီကာကျမ်းကြီး၌လည်း အရှင်ဥပဂုတ်အကြောင်း အနည်းငယ်ပါသည်ဟု မဟာဝင်နောက်ဆက်တွဲ ၁၈၆ ၌ ဖြည့်စွက်မိန့်ဆိုထားသည်ကို လေ့လာဖတ်ရှုရပါသည်။

ထို ဝဇီရဗုဒ္ဓိဋီကာ၊ ဝေရဥ္ဇကဏ္ဍအဖွင့် ၆၃ ၌ 'ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဝေရဥ္ဇာပြည်တွင် ဝါဆိုတော်မူစဉ်က ဘုရားအမှူးရှိသော သံဃာတော်များအား ဒကာ ဒကာမများက ဆွမ်းမလှူနိုင်ရန် မာရ်နတ်က လှည့်ပတ်ထားသည်ကို ဘုရားရှင်မှာ ပယ်ဖျက်နိုင်သည့် တန်ခိုးအစွမ်းသတ္တိ ရှိသော်ငြားလည်း သည်းခံတော်မူခဲ့ခြင်းမှာ နောင်ပရိနိဗ္ဗာန် စံဝင်တော်မူပြီးချိန်တွင် အရှင်ဥပဂုတ်မထေရ် မာရ်နတ်ရန်ကို ပယ်လှန်ချိုးနှိမ်သည့်အခါ မာရ်နတ်မင်းသည် ဘုရားရှင်ကို သတိရပြီး ကြည်ညိုစိတ်ဖြစ်ပေါ်လာမည့်အကြောင်း၊ (ဝါ) လူအများက ရှင်ဥပဂုတ်အား ကြည်ညိုကြမည့်အကြောင်းကြောင့် သည်းခံတော်မူခဲ့ခြင်း ဖြစ်သည်။ ဤမာရ်နတ်နှိမ်နင်းခန်း၌ ရှင်ဥပဂုတ်၏ အဓိဋ္ဌာန်ခြင်းကို ဆိုသင့်လှ၏' ဟု ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

## လောကပညတ္တိကျမ်းနှင့် ဒိဗျာဝဒါနသက္ကတကျမ်း

ထို့ပြင် လောကပညတ္တိကျမ်း၌လည်း 'အရှင်ဘုရား၊ မဟာ

သမုဒ္ဒရာရေအတွင်း၌ ကြီးစွာသော ရေထုကိုခွဲ၍ ထိုအတွင်း၌ ရတနာအမျိုးမျိုးဖြင့်ပြီးသော ပြာသာဒ်ကို ဖန်ဆင်း၍ သီတင်းသုံးနေသော ကိသနာဂ အမည်တော်ရှိသည့် ဥပဂုတ္တ ရဟန်းတော်ရှိပါသည်ဘုရား' စသည်ဖြင့် ရှင်ဥပဂုတ်အကြောင်းအရာများကို မွေးဖွားချိန်မှစ၍ မာရ်နတ်နှိမ်နင်းခန်းအထိ ပါဠိဘာသာဖြင့် တခမ်းတနား ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရပါသည်။ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးကလည်း ထိုရှင်ဥပဂုတ် အတ္ထုပ္ပတ္တိကို စူဠဝင်မဟာဝင် ဋီကာတို့၌ ထင်ရှားစွာ ပြဆိုထားသည်ဟု ဓိနတ္တပကာသနီကျမ်း၌ မိန့်ဆိုထားသည်။

သက္ကတဘာသာဖြင့် ပြုစုထားသည့် ဒိဗျာဝဒါနန်၌မူ ပါဠိလိပုတ်ပြည့်ရှင် အသောကဘုရင်ကြီးလက်ထက်တွင် ဘုရင်ကြီးအလွန်ကြည်ညိုသည့် ရှင်ဥပဂုတ်မည်သော မထေရ်ကြီးတစ်ပါး ရှိခဲ့သည်။ ထိုမထေရ်သည် မထုရာမြို့အနီးက ဥရုမုဏ္ဍတောင် လိုဏ်ဂူထဲ၌ ရဟန်းသံဃာပေါင်းမြောက်မြားစွာနှင့် သီတင်းသုံးနေသည်။ အသောကဘုရင်ကြီးကို ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူခဲ့ရာ နေရာမြတ်သို့ ထို အရှင်ဥပဂုတ္တမထေရ်ကြီးကပင် ဦးဆောင်လိုက်ပို့ကာ ရှင်တော်ဗုဒ္ဓ သီတင်းသုံးခဲ့စဉ်က အကြောင်းတို့ကို ရှင်းလင်းမိန့်ကြားခဲ့ကြောင်း ဖော်ပြထားသည်ဟု ဆိုပါသည်။

## ရှင်ဥပဂုတ် အမှန်တကယ် ရှိခဲ့သလား

ဤသို့ဖြင့် ရှင်ဥပဂုတ် ရဟန္တာ၏ အကြောင်းကို အကျဉ်းဖော်ပြထားသော ပါဠိဘာသာကျမ်းများမှာ မိလိန္ဒပဉှာပါဠိတော်၊ ဝိနယပိဋကဝဇိရဗုဒ္ဓိဋီကာ၊ ကစ္စည်းသဒ္ဒါကျမ်း၊ သဒ္ဒနီတိ သဒ္ဒါကျမ်းတို့ဖြစ်၍ အကျယ်ဖော်ပြသောကျမ်းများမှာ လောကပညတ္တိကျမ်းနှင့် စူဠဝင် မဟာဝင် ဋီကာတို့ ဖြစ်ပါသည်။ ထိုကျမ်းများမှာ အားလုံး ပါဠိဘာသာဖြင့် တည်ရှိကြသောကျမ်းများဖြစ်၍ ထေရဝါဒပိဋကတွင် ပါဝင်သောကျမ်းများ ဖြစ်ပါသည်။

ထိုကျမ်းများတွင် မိလိန္ဒပဉှာကျမ်းမှာ စတုတ္ထသင်္ဂါယနာတင်ပြီးမှ ပေါ်လာသောကျမ်း ဖြစ်သော်လည်း အဋ္ဌသာလိနီစသော အဋ္ဌကထာကြီးများတွင် 'တေနာဟအာယသ္မာ နာဂသေနော၊ တေနာဟ ထေရော' စ

သည်ဖြင့် မကြာခဏ ကိုးကားဖော်ပြရသဖြင့် ပါဠိတော်အဆင့်ရှိသော ကျမ်းကြီးဖြစ်သည်။ သို့ရာတွင် ဆရာတော်ကြီးနှစ်ပါးတို့ အသုံးပြုကိုးကား ခဲ့သည့် (မြန်မာအက္ခရာ ပါဠိဘာသာပေမူ) မိလိန္ဒပဥှာ ပါဠိတော်နှင့် ယိုးဒယားအက္ခရာ ပါဠိဘာသာ စာအုပ်မူ မိလိန္ဒပဉှာ ပါဠိတော်တို့၌သာ 'ဥပဂုတ္တထေရာ' ပုဒ်ပါသည်ကို တွေ့ရသည်။

ဝဇီရဗုဒ္ဓိဋီကာ၊ ကစ္စည်းသဒ္ဒါကျမ်း၊ သဒ္ဒနီတိသဒ္ဒါကျမ်းတို့ကား ထေရဝါဒ သံဃာတော်များ ယနေ့တိုင် အစဉ်တစိုက် လေ့လာအသုံးပြုနေ ကြရသော ကျမ်းများဖြစ်၍ စူဠဝင်မဟာဝင်ဋီကာတို့မှာ ဗုဒ္ဓဝင်နှင့် သီဟိုဠ် သာသနာဝင် အကြောင်းတို့ကို ပါဠိဂါထာတို့ဖြင့် ပြုစုထားသော မဟာဝင် စူဠဝင်ကျမ်းတို့၏ အဖွင့်ကျမ်းများဖြစ်သဖြင့် သာသနာဝင်ဗဟုသုတအတွက် ထေရဝါဒ သံဃာတော်များ လေ့လာရသည့်ကျမ်းများ ဖြစ်ပါသည်။

သာသနာ သက္ကရာဇ် ၁၇၀၀ ပြည့်နှစ်တွင် ပေါ်ထွက်လာသော သီဟိုဠ်ကျွန်း အရှင် ဗုဒ္ဓရက္ခိတမထေရ်၏ ဇိနာလင်္ကာရ ဋီကာကျမ်းတွင် ရံဖန်ရံခါ လောကပညတ္တိကျမ်းကို ကိုးကားထားသည်ကို တွေ့ရသော ကြောင့် လောကပညတ္တိကျမ်းမှာ သာသနာသက္ကရာဇ် ၁၇၀၀ မတိုင်မီက ပေါ်ထွက်ခဲ့သည့်ကျမ်းဟု ယူဆရပေသည်။ သို့ရာတွင် သီရိလင်္ကာနိုင်ငံ သား ဒေါက်တာ မာလာလာဆေကရ၏ (ဗုဒ္ဓကျမ်းဂန် ပါဠိလာ နာမည် များအဘိဓာန်) စာအုပ်၌ အမည်မသိရသော ကျမ်းပြုဆရာတော်တစ်ပါး ပြုစုသည့် ပါဠိအဖွင့်ကျမ်းတစ်ကျမ်းဖြစ်သည်ဟု ဆိုထားသောကြောင့် အတော်ရှေးကျသော ကျမ်းတစ်ကျမ်း ဖြစ်ဟန်ရှိပေသည်။

မြစ်ကြွေ့တိုက်အုပ်ဆရာတော်ကမူ ရှေးကျသော လောကပညတ္တိ ပါဌ်၌ အဋ္ဌကထာနှင့်မတူသော အရာတို့သည် များစွာရှိကုန်၏။ အချို့ လည်း အဋ္ဌကထာတို့ကို ချဲ့၍ပြသကဲ့သို့ ထင်သောအရာတို့သည်လည်း များစွာရှိကြကုန်၏ဟု မိန့်ဆိုတော်မူသည်။ လောကပညတ္တိကျမ်းကား ထေရဝါဒသုံး ပါဠိဘာသာဖြင့် ရေးသားပြုစုထားသည့် (ပိဋကတ်သမိုင်း အရ) သီဟိုဠ်နိုင်ငံဖြစ် ကျမ်းတစ်ကျမ်းဖြစ်သော်လည်း အဋ္ဌကထာနှင့် မတူသောအရာတို့ များစွာပါရှိသောကြောင့် မြန်မာနိုင်ငံ ထေရဝါဒ ဆရာ

တော်ဘုရားကြီးများ ပမာဏထား၍ ကိုးကား အသုံးပြုသည်ကို မတွေ့ရ သလောက်ဖြစ်ပါသည်။

ဤသို့ ထေရဝါဒ ပါဠိ ပိဋကက ကျမ်းဂန်များနှင့် သက္ကတဘာသာ ကျမ်းအချို့တို့၌ ရှင်ဥပဂုတ် အကြောင်းကို အနည်းနှင့်အများ အတိအကျ ဖော်ပြထားသောကြောင့် အသောကမင်းတရား လက်ထက်တွင် အရှင်ဥပဂုတ်မထေရ် ဧကန်အမှန်ရှိခဲ့သည်ဟု ဆိုရမည်ဖြစ်ပါသည်။

## လောကပညတ္တိကျမ်းနှင့် ရှင်ဥပဂုတ်

ထေရဝါဒသုံး ပါဠိဘာသာဖြင့် တည်ရှိသည့် ကျမ်းများတွင် လောကပညတ္တိကျမ်းတစ်ကျမ်း၌သာ ရှင်ဥပဂုတ်အကြောင်းကို ပြည့်ပြည့်စုံစုံ ဖော်ပြထားကြောင်း စာရေးသူ လေ့လာ တွေ့ရှိရပါသည်။ သို့ရာတွင် စူဠဝင် မဟာဝင်ဋီကာတို့၌လည်း ရှင်ဥပဂုတ်အတ္ထုပ္ပတ္တိကို ဖော်ပြထားသေးကြောင်း ဇိနတ္ထပကာသနီကျမ်း ၅၆၃ တွင် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး မိန့်ဆိုထားသည်ကို ဖတ်ရှုရပါသည်။

မြန်မာဘာသာဖြင့် ရှင်ဥပဂုတ်အကြောင်းကို အကျယ်ရေးသား ဖော်ပြခဲ့သော ကျမ်းများကား ဦးကုလား မဟာရာဇဝင်တော်ကြီး၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဇိနတ္ထပကာသနီကျမ်း၊ မဟာဝင်ဝတ္ထုတော်ကြီး၊ ပဥ္စာဗျာကရဏ အဋ္ဌတိံသကျမ်းနှင့် ပေါရာဏဒီပနီကျမ်း စသည်တို့ဖြစ်ပါသည်။ ထိုကျမ်းများတွင် ဦးကုလား မဟာရာဇဝင်တော်ကြီးမှာ ရှေးအကျဆုံးဖြစ်၍ မှန်နန်းရာဇဝင်စသည့် နောက်ကျမ်းများသည် ဦးကုလား မဟာရာဇဝင်တော်ကြီးကို မှီငြမ်းပြု၍ ရှင်ဥပဂုတ်မထေရ်အကြောင်းကို ထည့်သွင်း ရေးသားကြခြင်း ဖြစ်ပါသည်။

ရာဇဝင်ကျမ်းပြုဆရာကြီး ဦးကုလားကား ရှင်ဥပဂုတ်အကြောင်းကို အကျယ်ဖော်ပြကြသည့် လောကပညတ္တိကျမ်းနှင့် ဝံသတ္ထပကာသနီခေါ် မဟာဝင်ဋီကာကျမ်းတို့တွင် လောကပညတ္တိကျမ်းကို မှီငြမ်း ပြုထားသည်ဟု မှန်နန်းရာဇဝင်တော်ကြီး၌ ဆိုထားပေသည်။ ထိုကျမ်းများတွင် ဖော်ပြထားသည့် သံဃာအစည်းအဝေးက တာဝန်ပေးချက်အရ တန်ခိုး

အဘိညာဉ်ရ ရဟန်းတော်နှစ်ပါးတို့ သမုဒ္ဒရာတွင်းက ပြာသာဒ်၌ သီတင်းသုံးနေသည့် ရှင်ဥပဂုတ်အား သွားပင့်ပုံ၊ သံဃာ အစည်းအဝေးက အသောကမင်းကြီး ခုနစ်လ၊ ခုနစ်ရက် ကောင်းမှု အနုမောဒနာပြုပွဲကြီး တွင် အနှောင့်အယှက်လာပေးမည့် မာရ်နတ်ရန်ကို တွန်းလှန်ရန် ရှင်ဥပဂုတ် အား တာဝန်ပေးပုံ၊ ရှင်ဥပဂုတ်က အဓိဋ္ဌာန် တန်ခိုးအမျိုးမျိုးဖြင့် မာရ်နတ် မင်းကို နှိမ်နင်းဆုံးမပုံ စသည်တို့ကိုကား ဤနေရာ၌ မဖော်ပြနိုင်တော့ပေ။

## မှန်နန်းမှတ်ချက်နှင့် ပညာရှင်များအမြင်

မှန်နန်းရာဇဝင်တော်ကြီး၌ 'ဤရှင်ဥပဂုတ် မာရ်နတ်မင်းကို နှိမ်နင်း သည့်အခန်းသည့် သင်္ဂါယနာတင် ပါဠိအဋ္ဌကထာ ဋီကာကျမ်းကြီး ကျမ်းခိုင်များတွင် မလာမရှိ၊ ပေမူ ခြောက်အင်္ဂါခန့်ရှိသော လောကပညတ္တိ ကျမ်း၌သာ လာသည်။ ထိုကျမ်းသည် သင်္ဂါယနာတင်ကျမ်းမဟုတ်ဟု ဆရာမြတ်တို့ မိန့်ဆိုကြသည်။ ရဟန္တာပုဂ္ဂိုလ်ဖြစ်လျက် ရှင်ဥပဂုတ် နဂါးရုပ် စသည် ဖန်ဆင်း၍ တန်ခိုးပြသည်ဟူသော စကားသည် ဖန်ဆင်း ၍ တန်ခိုးမပြရဟု ပညတ်ထားသည့် ဘုရားရှင်၏ အာဏာတော်ကို လွန်ကျူးရာရောက်သောကြောင့် ဝိနည်းကျမ်းဂန်နှင့် မညီသောစကား ဖြစ်သည်' ဟု မှတ်ချက်ပြုထားပေသည်။

အထူးသဖြင့် အသောကမင်းကြီး၏ တတိယ သင်္ဂါယနာတင်ခန်း ကို ဖွင့်ဆိုကြရသည့် ပါရာဇိကဏ် အဋ္ဌကထာ၊ သာရတ္ထဒီပနီ ဋီကာကြီး တို့၏ ရှင်ဥပဂုတ် မာရ်နတ်မင်း နှိမ်နင်းခန်း မပါရှိသောကြောင့် ပညာရှင် များ သံသယဖြစ်ကြခြင်း ဖြစ်ပါသည်။ ထိုအချက်များကို ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက 'သင်္ဂါယနာတင်ကျမ်းကြီးတို့၌ မပါဝင်သည်မှာ လည်း တတိယသင်္ဂါယနာ တင်ပြီးနောက်မှ ပေါ်ထွက်သော ရဟန္တာဖြစ်၍ မပါသည်ဟု ယူရမည်၊ ပါရာဇိကဏ် အဋ္ဌကထာနိဒါန်း၌ အရှင်ဥပဂုတ်၏ အတ္ထုပ္ပတ္တိ စသည်ကို မဆို၊ ယင်းသို့မဆိုသော်လည်း ထိုအတ္ထုပ္ပတ္တိကို စူဠဝင် မဟာဝင်ဋီကာတို့၌ ထင်ရှားစွာ လာသောကြောင့်လည်းကောင်း၊ ကစ္စည်းကျမ်း၌ပင် ဥပဂုတ္တေနမာရော ဗန္ဓောပါဌ်ကို ဥဒါဟရဏ် ပြုသော

ကြောင့်လည်းကောင်း ပမာဏ ပြုလောက်သောစကားဖြစ်၍ သွင်းဆို လိုက်သည်။ အဌကထာ၌ မလာ သည်ဟူ၍မဟုတ် မယူသင့်။ အကျဉ်းသာ စီရင်သောကြောင့် စကားကြွင်း လေသည်ကို ဋီကာဆရာတို့ သွင်းရသည် လည်း အများအပြားပင် ဖြစ်သည်' ဟု ပဥ္စာဗျာကရဏ အဌတီသကျမ်း၊ ဓိနတ္ထပကာသနီကျမ်းတို့၌ ဖြေရှင်းပြထားပေသည်။

ဆရာကြီးဦးဆန်းထွန်းက ကဝိလက္ခဏ ဝိသောဓနီကျမ်းတွင် 'မျက်မှောင်ကြုတ်ကြုတ်၊ ဉပုဂုတ်၊ ပယ်ထုတ်မာရ်ကိုဖီ' ဟူသော ကဝိ လက္ခဏာသတ်ပုံအဖွင့်၌ ရှင်ဉပဂုတ်တန်ခိုးဖန်ဆင်းခြင်းနှင့်ပတ်သက်၍–

မှန်နန်းရာဇဝင်တော်ကြီး ပြုကြသော ဆရာများက ဝိကုဗ္ဗနိဒ္ဓိ ဖြစ်လေဟန် စွပ်စွဲခြင်းသည် 'အဓိဋ္ဌာနိဒ္ဓိ' ဟု အကြိမ်ကြိမ်လာရှိသော လောကပညတ္တိစကားကို သတိမမူမိခြင်း၊ လောကပညတ္တိကို မှီ၍ရေးသော ရာဇဝင်ကြီးကို ပယ်လိုစိတ်အားကြီးနေခြင်း၊ ရှင်သောဏမထေရ်ဖန်ဆင်း သောတန်ခိုးကား ဝိကုဗ္ဗနိဒ္ဓိမဟုတ်၊ အဓိဋ္ဌာ နိဒ္ဓိ ဖြစ်သည်ဟု မိမိတို့ ကိုယ်တိုင်ပင် ဆိုမည့်စကား မထောက်ထားခြင်း၊ ရှင်ဉပဂုတ် တန်ခိုးဖန်ဆင်း ရာ မိမိကိုယ်သဏ္ဍာန်ကို ပယ်ဖျောက်သည်ဟု လောကပညတ္တိကျမ်းက တစ်ခွန်းတစ်ပါဒမှ မဟဆိုခြင်း၊ လောကပညတ္တိကျမ်း၏ ကျမ်းရင်းဖြစ်ပုံ၊ ဓိနာလင်္ကာရဋီကာကျမ်း (၅၆–နှာ) များကပင် ကိုးကားခဲ့ရပုံကို သတိလစ် နေခြင်း၊ ဝိနည်းဋီကာကြီးသုံးကျမ်း အဝင်အပါ ဝဇီရဗုဒ္ဓိ ဋီကာကြီးက ရှင်ဉပဂုတ်၏ အဓိဋ္ဌာနိဒ္ဓိဟု သုံးစွဲခြင်းများကို သတိလစ်နေခြင်း၊ အခြင်း အရာ ဘာတစ်ခုမျှ မထူးသော ရှင်ဉပဂုတ်၏ တန်ခိုးဖန်ဆင်းခြင်းနှင့် ရှင်သောဏထေရ်၏ တန်ခိုးဖန်ဆင်းခြင်း နှစ်ခုအနက် ရှင်ဉပဂုတ်၏ တန်ခိုးဖန်ဆင်းခြင်းကို မအပ်သော ဝိကုဗ္ဗနိဒ္ဓိ၊ ရှင်သောဏထေရ်၏ တန်ခိုး ဖန်ဆင်းခြင်းကိုကား အပ်သော အဓိဋ္ဌာနိဒ္ဓိဟု မလို–မလိုသလို၊ လို– လိုသလို ဆုံးဖြတ်သော 'မုခေါလောကန' ပြစ်သင့်ရောက်မည်များကို သတိ မထားခြင်းစသော မနိုင်ခဲ့သော အကြောင်းတို့ကြောင့်သာ ဖြစ်သည်ဟု ငါတို့ သဘောရရှိသည်၊ ဆင်ခြင်၍ ယူတော်မူကြစေသတည်းဟု ဖွင့်ဆို ရေးသားထားလေသည်။

ဤနေရာ၌ ဝိကုဗ္ဗနိဒ္ဓိ ဆိုသည်မှာ မိမိ၏ ပကတိရုပ်သွင်ကို ပယ်ဖျောက်၍ မိမိရုပ်ကိုပင်လျှင် ဆင်အသွင် နဂါးအသွင် ဂဠုန်အသွင် စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းပြသော တန်ခိုးဖြစ်သည်။ မိမိ၏ ပကတိရုပ်သွင်ကို မဖျောက်ဘဲ ပြင်ပ၌ ဆင် နဂါး ဂဠုန်စသည်ဖြင့် အများဖြစ်အောင် အဓိဋ္ဌာန်ဖြင့် ဖန်ဆင်းပြခြင်းတို့သည် အဓိဋ္ဌာနိဒ္ဓိဖြစ်သည်။ ထိုနှစ်မျိုးတွင် ဝိကုဗ္ဗနိဒ္ဓိကို ရဟန်းတော်များ မပြုလုပ်ကောင်းသော်လည်း အဓိဋ္ဌာနိဒ္ဓိကိုမူ ပြုလုပ်ကောင်းသည်ဟု ပါရာဇိကဏ် အဋ္ဌကထာ၊ ဒုတိယ ပါရာဇိကအဖွင့် ၃၄၅ နှင့် ဝိမတိဝိနောဒနီဋီကာ၊ ပ–အုပ် ၂၀၅ တို့၌ မိန့်ဆိုထားပေသည်။

ဤဆောင်းပါးရှင် အနေဖြင့်မူ မိလိန္ဒပဥှာပါဠိတော် [ရှေးမြန်မာပေမူ၊ ယိုးဒယား(ထိုင်း)–မူ] နှင့် ယနေ့တိုင် ထေရဝါဒသံဃာတော်များ အစဉ်အဆက် လေ့လာ သင်ကြားနေကြသည့် ဝဇိရဗုဒ္ဓိဋီကာ၊ ကစ္စည်းသဒ္ဒါကျမ်း၊ သဒ္ဒနီတိကျမ်းတို့၌ အရှင်ဥပဂုတ်မထေရ် မာရ်နတ်မင်းကို နှိမ်နင်းဆုံးမသည့်အကြောင်းနှင့် ပတ်သက်၍ တစ်စွန်းတစ်စ မိန့်ဆိုထားခြင်း၊ အရှင်ဥပဂုတ် မထေရ်မှာ ထူးခြားသော ရဟန္တာတစ်ပါးဖြစ်ခြင်း၊ ဆရာဦးဆန်းထွန်းဆိုသကဲ့သို့ လောကပညတ္တိကျမ်း၌ အဓိဋ္ဌာနိဒ္ဓိဟု အကြိမ်ကြိမ် သုံးနှုန်းထားခြင်း၊ ဝဇိရဗုဒ္ဓိ ဝိနည်းဋီကာကျမ်းကြီး၌လည်း 'ဤမာရ်နတ်ချွတ်ခန်းတွင် အရှင်ဥပဂုတ်၏ အဓိဋ္ဌာန်တော်မူခြင်းကို (ဝါ) အဓိဋ္ဌာနိဒ္ဓိ တန်ခိုးကို ဆိုသင့်လှ၏' ဟု ဖွင့်ဆိုထားခြင်းကို ထောက်ထား၍ ထိုစဉ်အခါက ရှင်ဥပဂုတ်နှင့် မာရ်နတ်တို့ တန်ခိုးပြိုင်ပွဲသည် အမှန်တကယ်ဖြစ်ခဲ့သည်။ ထိုပြိုင်ပွဲတွင် ရှင်ဥပဂုတ်မထေရ်သည် ဘုရားရှင် ခွင့်ပြုထားသည့် အဓိဋ္ဌာနိဒ္ဓိတန်ခိုးဖြင့်ပင် မာရ်နတ်မင်းကို နှိမ်နင်းဆုံးမခဲ့သည်ဟု ယူဆပါသည်။

## ရှင်ဥပဂုတ် သက်တော်ထင်ရှား ရှိသေးသလား

ဤမေးခွန်းကို ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက ရှင်ဥပဂုတ်အပါအဝင် ရှင်လေးပါးတို့နှင့်ပတ်သက်ပြီး 'ထိုအရှင်တို့

ယခုတိုင် ရှိမည် မရှိမည်ကို စိစစ်ရာမှ အသက်တစ်ရာတမ်း၌ ဖြစ်သော သူသည် နှစ်ရာသို့ရောက်အောင် မရှည်။ အတန်ငယ်လွန်၍သာ ဆုံးရသည်' ဟု ဟောတော်မူသော သုတ်ပါဠိတော်ကိုထောက်လျှင် ယခုသို့တိုင်အောင် မရှိရာပြီ၊ တစ်ပါးသံဃာ ရဟန္တာတို့၏ နောက်ကျန်၍ ရှိရစ်သည်ကို စွဲ၍သာ အရှင်လေးပါးရှိကြောင်းကို ဆိုသည်' ဟု ဖြေဆိုခဲ့သည့်အကြောင်းကို အထက်တွင် တင်ပြခဲ့ပြီးပေပြီ။

သို့ရာတွင် စာပေသုတေသီအချို့က 'ချစ်သား အာနန္ဒာ… တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွားများအားထုတ်ထား၏။ ထိုပုဂ္ဂိုလ်သည် မသေဘဲနေလိုလျှင် အာယုကပ်ပတ်လုံးသော်လည်းကောင်း၊ အာယုကပ်ထက် ပိုလွန်ကြွင်းကျန်သော ကာလပတ်လုံးသော်လည်းကောင်း မသေဘဲ တည်နိုင်ရာ၏' ဟူသော မဟာပရိနိဗ္ဗာနသုတ်လာ မိန့်တော်မူချက်ကို ကိုးကား၍ 'တန်ခိုးတော်ရှင်၊ ဘုန်းကံရှင်ဖြစ်သော အရှင်ဥပဂုတ္တရဟန္တာ မထေရ်မြတ်သည် အရိမေတ္တေယျ ဗုဒ္ဓမြတ်ရှင်တော်အား ဖူးမြင်ပြီးမှ ပရိနိဗ္ဗာန်ပြုလိုသည့် အဓိဋ္ဌာန်ဖြင့် နေတော်မူ၍ 'အာယုပါလကဖလ သမာပတ်' နိရောဓသမာပတ်ဖြင့် သမုဒ္ဒရာတွင် နေတော်မူနိုင်သည်ဆိုသော် ပညာရှိများ လက်ခံနိုင်ဖွယ် မဟုတ်ပါလော' ဟု ယခုတိုင် ရှင်ဥပဂုတ် ရဟန္တာ သက်တော်ထင်ရှား ရှိနေသည့်ဟန် ရေးသားထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို ရေးသားချက်များသည် ထိုသုတေသီ၏ အယူအဆမျှသာ ဖြစ်ပေသည်။

ဘုရားရှင်က အရှင်အာနန္ဒာကို မိန့်တော်မူသော 'ယဿကဿစိ အာနန္ဒ စတ္တာရော ဣဒ္ဓိပါဒါ ဘာဝိတာ။ ပ။ သော အာကင်္ခမာနော ကပ္ပံဝါ တိဋ္ဌေယျ ကပ္ပာဝ သေသံဝါ' ပါဠိတော်၌ 'ကပ္ပံဝါ' ဟု သာမန်ဟောထားသော်လည်း သုတ်မဟာဝါ အဋ္ဌကထာနှင့် စရိယာပိဋကအဋ္ဌကထာစသည်တို့၌ 'ကပ္ပ' အရ အာယုကပ်ကို ဟောတော်မူခြင်းဖြစ်သည်။ အာယုကပ်ဆိုသည်မှာ ကာလအားလျော်စွာ သတ်မှတ်ထားသော ထိုထိုလူတို့၏ သက်တမ်းဖြစ်သည်။ ဥပမာ–ဘုရားလက်ထက်တော်က အသက်တစ်ရာတမ်းသည် အာယုကပ်ဖြစ်သည်။ ထို့ကြောင့် 'တစ်စုံ

တစ်ယောက်သောသူသည် ဣဒ္ဓိပါဒ်လေးပါးကို ကြိမ်ဖန်များစွာ ပွားများ လေ့လာထားပါက အသက်မသေသေးဘဲ နေလိုလျှင် အာယုကပ်ခေါ် အသက်တစ်ရာအထိသော် လည်းကောင်း၊ ထိုထက်ပို၍ အသက် ၁၅၀– ၁၆၀ အထိသော်လည်းကောင်း နေနိုင်သည်' ဟု ဟောတော်မူလိုရင်း ဖြစ်ပေသည်။

အာယုပါလက ဖလသမာပတ် ဆိုသည်မှာ အသက်ရှည်အောင် ပြုပြင်နိုင်စွမ်းရှိသော ဖလသမာပတ်မျိုးဖြစ်သည်။ မှန်၏၊ ဗုဒ္ဓမြတ်စွာသည် ဝေဠုဝရွာငယ်၌ နောက်ဆုံးဝါကပ်ချိန်တွင် ပရိနိဗ္ဗာန်စံလောက်အောင် ရောဂါဝေဒနာ ဖြစ်ပေါ်လာသည်။ ထိုအခါ ရှင်တော်ဘုရားသည် မဟာဗောဓိပင်၌ ဘုရားဖြစ်တော်မူခါနီး အခါကကဲ့သို့ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို သုံးသပ်ဆင်ခြင်တော်မူပြီး 'ဤမှနောက် ကဆုန်လပြည့်တိုင်အောင် ဆယ်လတို့ပတ်လုံး ဤရောဂါဝေဒနာတို့သည် မဖြစ်ပါစေကုန်သား' ဟု အဓိဋ္ဌာန်တော်မူပြီး အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားတော်မူပါသည်။ ထိုအရဟတ္တဖိုလ်သမာပတ်၏ တန်ခိုးသတ္တိကြောင့် ဘုရားရှင်၏ သန္တာန်တော်၌ ထိုပရိနိဗ္ဗာန်စံလောက်သည့် ရောဂါဝေဒနာများ ဆယ်လတိုင်တိုင် မဖြစ်ပွားတော့ဘဲ ငြိမ်းစဲနေကြလေသည်။

ဤကဲ့သို့ အသက်တော်ကို ဖြတ်တောက်နိုင်သည့် ရောဂါဝေဒနာကို ဟန့်တားပယ်ရှား၍ ကဆုန်လပြည့်နေ့အထိ ဆယ်လတိုင်တိုင် အသက်ကို ပိုရှည်စေနိုင်သောကြောင့် ထို ဖလသမာပတ်ကို အာယုပါလက ဖလသမာပတ်ဟု ခေါ်ပါသည်။

ယင်းကဲ့သို့ ဣဒ္ဓိပါဒ်လေးပါးတို့ကို အဖန်ဖန်ပွားများထားခြင်း၊ အာယုပါလက သမာပတ်တို့ကို ဝင်စားစေခြင်းတို့သည် ဖြစ်ပေါ်လာသည့် ရောဂါဝေဒနာများကို ပျောက်ကင်းစေနိုင်သော်လည်း အာယုကပ် ခေါ်သည့် အသက်တစ်ရာတမ်းအထိသော်လည်းကောင်း၊ ထိုထက်ပို၍ နှစ်ရာသို့မရောက်မီ အထိသော် လည်းကောင်း အသက်ရှည်စေနိုင်ကြောင်း ကို ထိုထိုအဋ္ဌကထာတို့၌ ဖွင့်ဆိုထားကြပါသည်။

ထို့ပြင် 'အရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်သည် အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးမြင်ပြီးမှ ပရိနိဗ္ဗာန်ပြုလိုသည့် အဓိဋ္ဌာန်ဖြင့် နေတော်မူသည်' ဟု မည်သည့် ထေရဝါဒ ပါဠိအဋ္ဌကထာ ဋီကာတို့မှာမှ မတွေ့ရှိရပေ။

ရဟန္တာပုဂ္ဂိုလ်တို့ သဘောသည် သေခြင်းကိုလည်း မနှစ်သက်၊ အသက်ရှည်နေရခြင်းကိုလည်း မတောင့်တ၊ ပရိနိဗ္ဗာန်စံရမည့်အခါကိုသာ တောင့်တနေခြင်းသဘောရှိသည်ဟု သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ၌ လာ၏။ ထို့ကြောင့် အရှင်သာရိပုတ္တရာမထေရ်ကြီးက 'ငါသည် သေခြင်းကိုလည်း မနှစ်သက်၊ အသက်ရှည်ခြင်းကိုလည်း မနှစ်သက်၊ သူရင်းငှား သည် လုပ်ခရရန်အတွက် နေကုန်မည့် အချိန်ကိုသာ ငံ့လင့်စောင့်မျှော်နေ သကဲ့သို့၊ ငါသည် ပရိနိဗ္ဗာန်ပြုရမည့် အချိန်ကိုသာ ငံ့လင့်စောင့်မျှော်နေ၏' ဟု (ထေရဂါထာ ပါဠိတော်၌) မိန့်တော်မူထားခြင်းဖြစ်သည်။

ဤတင်ပြခဲ့ပြီးသော အာဂမယုတ္တိ သဘာဝယုတ္တိ အကြောင်းများ အရ အရှင်ဥပဂုတ်ရဟန္တာ အရှင်မြတ်ကြီးသည် ကျေးဇူးရှင်ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး မိန့်တော်မူသည့်အတိုင်း ယခုတိုင် သက်တော်ထင်ရှား ရှိတော်မမူတော့ဟု ယူဆကြရန် ဖြစ်ပါသည်။

## အရှင်ဥပဂုတ် ပူဇော်ပွဲ

ဤဖော်ပြပါ အကြောင်းအရာများကို အစွဲပြု၍ မြန်မာ ဗုဒ္ဓဘာသာဝင်တို့သည် သီရိဓမ္မာသောက မင်းတရားကြီးလက်ထက်တွင် အရှင်ဥပဂုတ်ရဟန္တာမြတ်က မာရ်နတ်မင်းကို တန်ခိုးတော်ဖြင့် နှိမ်နင်းဆုံးမခဲ့သည့်အကြောင်းကို အစဉ်အဆက် လက်ခံ ယုံကြည်လာခဲ့ကြသည်။ ထို့ကြောင့် ရှင်ပြုရဟန်းခံ ဘုရားပွဲ စသော အလှူမင်္ဂလာပွဲများ ပြုလုပ်ကြသည့်အခါ အရှင်ဥပဂုတ်ရဟန္တာမြတ်အား ပင့်ဆောင်ပူဇော်လေ့ ရှိကြသည်။

ပုံတော် ရုပ်တုတော်များရှိလျှင် ပုံတော်၊ သို့မဟုတ် ရုပ်တုတော်ကို မဏ္ဍပ်သို့ ပင့်ဆောင်၍ ပုံတော်၊ ရုပ်တုတော်များ မရှိလျှင် မြစ်ကမ်းပါးသို့

သွားကာ တောင်သမုဒ္ဒရာဘက်သို့ လက်အုပ်ချီမိုးရှိခိုးပြီး 'အရှင် ဥပဂုတ္တ ရဟန္တာအရှင်မြတ်ဘုရား... ဘုရားတပည့်တော်များ အလှူမင်္ဂလာမဏ္ဍပ်သို့ ကြွရောက်သီတင်းသုံးတော်မူပါဘုရား၊ မိုး လေ စသော အန္တရာယ်များကို အလှူပြီးဆုံးသည်အထိ တားဆီး ကာကွယ်ပေးတော်မူပါဘုရား' ဟု လျှောက်ထားပင့်ဆောင်လေ့ရှိကြသည်။

ပင့်ဆောင်ထားသည့် ရုပ်ပုံတော်၊ သို့မဟုတ် ရုပ်တုတော်ကို နံနက်တွင် ဆွမ်းခဲဖွယ်တို့ ဆက်ကပ်၍ ညဘက်တွင် ဆီမီး ပန်း ရေချမ်းများဖြင့် ပူဇော်လေ့ရှိကြသည်။ အချို့ကမူ ရှင်ဥပဂုတ်ကိုယ်တော်အား အုန်းငှက်ပျောပွဲဖြင့် ပူဇော်၍ မဏ္ဍပ်တိုင်တွင် အုန်းသီး၊ ငှက်ပျောသီးတို့ကို ချိတ်ဆွဲထားလေ့ ရှိကြသည်။ ဤသို့ ရှင်ဥပဂုတ်ကို ပင့်ဆောင် ပူဇော်ထားလျှင် အလှူပွဲကို လေမိုးတို့ မဖျက်ဆီးနိုင်ဟု ယုံကြည်ကြသည်။

မြန်မာတို့သည် အလှူအတန်းများ ပြုလုပ်သည့်အခါများ၌သာ မဟုတ်၊ တသီးတခြားအားဖြင့်လည်း အရှင်ဥပဂုတ်ပူဇော်ပွဲကို ပြုလုပ်လေ့ရှိကြသေး၏။ သစ်ကြီး ဝါးကြီးတို့ဖြင့် ခိုင်ခံ့စွာဖောင်ဖွဲ့ပြီးလျှင် ပြာသာဒ်ကျောင်းဆောင်ပေါ်တွင် ရှင်ဥပဂုတ် ရဟန္တာရုပ်တုတော်ကို ပူဇော်ထားကြသည်။ ထို့နောက် ရဟန္တာအရှင်မြတ်အား ဆွမ်း ကွမ်း သစ်သီး ပန်း ဆီမီး စသည်တို့ဖြင့် ပူဇော်ကာ ရှင်ဥပဂုတ် ဖောင်တော်ကြီးကို မြစ်ရေယဉ်ကြောတွင် မျှောလိုက်ကြပါသည်။

ထိုဖောင်တော်ဆိုက်ကပ်ရာ မြို့ရွာများကလည်း တစ်ပတ်ဖြစ်စေ၊ နှစ်ပတ်ဖြစ်စေ ထားကာ ပူဇော်တတ်ကြသည်။ အားရကျေနပ်စွာ ပူဇော်ပြီးသည့်အခါ မျှောလိုက်ကြပြန်သည်။ ဤသို့ ဖောင်ဆိုက်ကပ်ရာအရပ်များမှ ဗုဒ္ဓဘာသာဝင်တို့သည် ဖောင်တော်ကို ဆီးကြိုပင့်ယူပြီး ဆက်ကာဆက်ကာ ပူဇော်လေ့ရှိကြသည်။ ဖောင်တော်ကြီး ယိုယွင်းလာသည့်အခါ၌လည်း ကောင်းမွန်စွာပြုပြင်၍ မျှောလေ့ရှိကြပါသည်။

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့အနီးရှိ ရွှေကျင်မြို့တွင် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ် လပြည့်နေ့တွင် ရှင်ဥပဂုတ် ဖောင်မျှောပွဲကို ကြီးကျယ်စည်ကားစွာ ကျင်းပလေ့ရှိကြသည်။ ရေလမ်းခရီး အသွားအလာများကြ

သည့် ထားဝယ်စသော အရပ်ဒေသများ၌လည်း ရှင်ဥပဂုတ်ပူဇော်ပွဲကို ပြုလုပ်လေ့ရှိကြသည်ဟု ဆိုပါသည်။

အထူးသဖြင့် ပဲခူးတိုင်း၊ စစ်တောင်းမြစ် အရှေ့ဘက်ကမ်း၊ အရှေ့ ရိုးမတောင်ခြေရှိ ကျောက်ကြီးမြို့၌လည်း တော်သလင်းလဆန်း ၁၂၊ ၁၃၊ ၁၄ ရက်များတွင် ရှင်ဥပဂုတ်မီးမျှောပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပ ပြုလုပ်လေ့ရှိကြသည်။ ထိုပွဲတော်သည် ဒေသခံ တိုင်းရင်းသားတို့၏ တစ်ခုတည်းသော ပွဲတော်ဖြစ်သည်ဟု ဆိုပါသည်။ ယခုခေတ်တွင် မြို့နယ် လူကြီးများ၏ ကြီးကြပ်မှုဖြင့် ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဖွဲ့ကာ ကျောက်ကြီးမြို့လယ်ချောင်းအတွင်း၌ ကျင်းပပြုလုပ်လေ့ရှိကြသည်။

ပွဲတော်တွင် လှေပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ ဘောလုံးပွဲ၊ တက်ခုတ် အလှပြိုင်ပွဲ၊ အိုးစည်ဒိုးပတ်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများလည်း ပါဝင်သည်။ မြို့နယ်လုံးကျွတ် တောင်သူလယ်သမားများ၏ ထွန်တုံးပိတ်ပွဲတော်နှင့် လယ်ယာကဏ္ဍာ ထူးချွန်ဆုပေးအပ်ပွဲများကိုပါ ပူးတွဲကျင်းပလေ့ရှိရာ အထူး ကြီးကျယ် စည်ကားလှသည်ဟု သိရှိရပေသည်။

ထို့ပြင် အရပ်ရပ်ရှိ ဘုရားတန်ဆောင်း သိမ်ကျောင်း စသည်တို့တွင် ဘုရားရုပ်ပွားဆင်းတုတော်များ ပူဇော်ထားရာ၌လည်း ရှင်ဥပဂုတ်ရဟန္တာ ရုပ်တုကိုပါ ပူဇော်ထားတတ်ကြပါသည်။ ဤသည်မှာ မြန်မာဗုဒ္ဓဘာသာ ဝင်တို့ အရှင်ဥပဂုတ် ရဟန္တာအရှင်မြတ်အား ကိုးကွယ် ယုံကြည်မှုတို့ ဖြစ်ပါသည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ ရှင်ဥပဂုတ်ပူဇော်ပွဲကား အချိန် ကာလ ကြာညောင်းခဲ့ပြီဖြစ်၍ မြန်မာနိုင်ငံတွင် ဘုရားအနေကဇာတင်ပွဲ၊ ဘုရားကိုးဆူပူဇော်ပွဲ စသည်တို့ကဲ့သို့ပင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ပွဲအဖြစ် အခိုင်အမာ အမြစ်တွယ်လျက် ရှိနေချေပြီ။

ထေရဝါဒ ပိဋကကျမ်းဂန်လာ အထောက်အထားများအရ မုံရွေး ဇေတဝန်ဆရာတော်၊ ရွှေတောင်ကျီးသဲလေးထပ် ဆရာတော် စသော ရှေး ဆရာတော်ကြီးများက တကယ်ထင်ရှား ရှိခဲ့သည်ဟု ယူဆတော်မူခဲ့ကြ သည့် ရှင်ဥပဂုတ်ကဲ့သို့သော ရဟန္တာတစ်ပါးကို ရည်မှန်းပူဇော်ကြခြင်းမှာ အကျိုးမရ အချည်းနှီးဖြစ်သည်ဟု မဆိုနိုင်ပါချေ။

အရိယာသံဃာတော်မြတ်တို့၏ မြတ်သောအလှူကို ခံယူတော်မူထိုက်သည့် ဒက္ခိဏေယျဂုဏ်၊ လက်အုပ်ချီမိုး ရှိခိုးပူဇော်ထိုက်သည့် အဉ္စလိကရဏီဂုဏ်နှင့် ကောင်းမှုမျိုးစေ့တို့ကို ကြဲချစိုက်ပျိုးရာ အကောင်းဆုံးလယ်မြေဖြစ်သည့် အနုတ္တရပုညခေတ္တဂုဏ် စသည့် သံဃာ့ဂုဏ်တော်များကို အာရုံပြု၍ ပူဇော်ပါလျှင် ပူဇော်သူတို့အား ကြီးကျယ်ဖွံ့ဖြိုးများမြတ်သော အကျိုးကို ပေးနိုင်သည်ဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူထားပါသည်။

အားလုံးခြုံ၍ ဆိုရသော် ထေရဝါဒ ပါဠိပိဋကကျမ်းများနှင့် မဟာယာနသက္ကတဘာသာကျမ်းတို့အရ အသောကမင်းကြီးလက်ထက်တွင် အရှင်ဥပဂုတ်မထေရ် ဧကန်အမှန် ရှိခဲ့ပါသည်။ ထိုစဉ်အခါက ရှင်ဥပဂုတ်မထေရ်မြတ်သည် ဘုရားရှင်ခွင့်ပြုတော်မူထားသော အဓိဋ္ဌာန်ဒိဋ္ဌိတန်ခိုးဖြင့် မာရ်နတ်မင်းကို နှိမ်နင်းဆုံးမခဲ့လိမ့်မည်ဟု ယူဆပါသည်။ သို့သော် ရှင်ဥပဂုတ်မထေရ်မှာ အများထင်မှတ် ယူဆနေကြသကဲ့သို့ ယခုအချိန်တွင် သက်တော်ထင်ရှားမရှိတော့ဘဲ ပရိနိဗ္ဗာန်စံဝင်ခဲ့ပြီး ဖြစ်ပါသည်။

မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ဘာသာယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံပွဲအဖြစ် ရှင်ဥပဂုတ် မထေရ်မြတ်ကို ပူဇော်ကြရာ၌ အရှင်ဥပဂုတ်ရုပ်ပွားတော် အာရုံ၌သာ စိတ်ကို အဆုံးမသတ်ဘဲ အရိယာသံဃာတော်များ၏ ဒက္ခိဏေယျ စသော ဂုဏ်တော်အာရုံများအထိ မိမိတို့စိတ်ကို အရောက်ပို့နိုင်အောင် ကြိုးစားအားထုတ်သင့်ကြပေသည်။

❒

# အာစရိယပူဇော်ပွဲ

**အာစရိယဆိုသည်မှာ**

အာစရိယပူဇော်ပွဲကား မြန်မာဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံပွဲ ဖြစ်ပါသည်။ ထိုပွဲကို မျက်မှောက်ခေတ်အထိ တခမ်းတနား ကျင်းပပြုလုပ်လျက်ရှိကြသည်။ ပူဇော်ပွဲ ကျင်းပပြုလုပ်ကြသည့် လရာသီမှာ မူသေ သတ်မှတ် ထားချက်မရှိဘဲ ဆောင်းရာသီနှင့် နွေရာသီတို့တွင် မိမိတို့ အဆင်ပြေသည့် လများ၌ ကျင်းပပြုလုပ်လေ့ ရှိကြသည်။ သို့ရာတွင် စာသင်ကျောင်းများ၌မူ သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် အများဆုံး ကျင်းပပြုလုပ်လေ့ ရှိကြသည်ကို တွေ့ရှိရပါသည်။

ထိုအာစရိယ ပူဇော်ပွဲဆိုသည့် ဝေါဟာရ၌ 'အာစရိယ' ဆိုသော ဝေါဟာရကား ပါဠိဝေါဟာရ ဖြစ်သည်။ မြန်မာလို 'ဆရာ' ဟု အဓိပ္ပာယ် ရှိကြောင်း စာဖတ်ပရိသတ်များ သိကြပြီးဖြစ်သည်။ အာစရိယ (ဆရာ) ဆိုသည်မှာ တပည့်တို့၏ အကျိုးစီးပွားကို ပြုကျင့်တတ်သောသူ၊ ရှေးဦးစွာ အတတ်ပညာကို သင်ပေးတတ်သောသူ၊ အကျင့်သီလကို ကျင့်စေတတ် သောသူမျိုးဖြစ်သည်ဟု ကျမ်းဂန်များ၌ ဖွင့်ဆိုထားပေသည်။

ဆရာ ဆိုသော ဝေါဟာရကား ဆရာဟု အဓိပ္ပာယ်ရသည့် အာစရိယဟူသော ပါဠိပုဒ်နှင့် အာစာရ ဟူသော သက္ကတပုဒ်တို့မှ ဆင်း သက်လာသည့် ဝေါဟာရဖြစ်သည်ဟု ဘာသာသုတေသီတို့ ဆိုကြပါ

သည်။ သို့သော် သက္ကရာဇ် ၅၆၇ ခုနှစ်ထိုး ပုဂံမြို့၊ ဓမ္မရံကြီးကျောက်စာတွင် 'ဆြာ' ဟူသော အရေးအသား၊ ၅၇၄ ခုနှစ် ထိုးသော စောရဟန်းသိမ် ကျောက်စာတွင် 'ဆာရျာ' ဟူသော အရေးအသား၊ ၅၈၅ ခုနှစ်ထိုး ပုဂံမြို့၊ ကြံသိုင်းကြီးသမီး ကျောက်စာကျောဘက်တွင် 'ဆရျာ'ဟူသော အရေးအသားတို့ကို ထောက်ထားလျှင် ပါဠိဘာသာ အာစရိယပုဒ်ထက် သက္ကတဘာသာ အာစာရနှစ်ပုဒ်မှ ဆင်းသက်လာသည့် ဝေါဟာရဖြစ်သည်ဟု ဆိုလျှင် ပိုမိုသင့်လျော်မည်ဟု ယူဆပါသည်။

**ဆရာအမျိုးမျိုး**

ထိုအာစရိယခေါ်သော ဆရာကား -

၁။ သရဏဂုံချ၍ ရှင်သာမဏေ ပြုပေးသောဆရာ (ပဗ္ဗဇ္ဇ အာစရိယ)၊

၂။ ကမ္မဝါစာဖတ်၍ ရဟန်းခံပေးသောဆရာ (ဥပသမ္ပဒ အာစရိယ)၊

၃။ စာပေ ပညာ စသော ပညာရပ်တို့ကို ပို့ချသင်ကြားပေးသော ဆရာ (ဥဒ္ဒေသ အာစရိယ)၊

၄။ မှီခိုအားကိုး၍ နေရသောဆရာ (နိဿယ အာစရိယ)၊

၅။ နည်းလမ်းညွှန်ပြ ဆုံးမဩဝါဒပေးသောဆရာ (ဩဝါဒ အာစရိယ)

ဟူ၍ ငါးမျိုးရှိကြောင်း ပရိဝါအဋ္ဌကထာ၌ ဖွင့်ဆိုထားပေသည်။

တစ်နည်းအားဖြင့် ဆရာသည် -

၁။ ရတနာသုံးပါးကို ကိုးကွယ်သောဆရာ၊

၂။ သစ္စာလေးပါးကို ထိုးထွင်းသိမြင်စေသောဆရာ၊

၃။ ကိလေသာ အာသဝေါတရားတို့ကို ကုန်ခန်းစေသောဆရာ

ဟူ၍ ဆရာသုံးမျိုးရှိကြောင်း တိကအင်္ဂုတ္တရပါဠိ၊ ဗဟုကာရသုတ်၌ ဘုရားရှင် ဟောထားသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် -

၁။ သင်ဆရာ = မုတာစရိယ၊
၂။ မြင်ဆရာ = ဒိဋ္ဌာစရိယ၊
၃။ ကြားဆရာ = သုတာစရိယ

ဟူ၍ ဆရာသုံးမျိုးရှိကြောင်း ပညာရှိများ ခွဲခြားပြဆိုကြပေသေး၏။

ထိုတွင် သင်ဆရာ ဆိုသည်မှာ ယခုကာလ စာချဆရာ၊ ကျောင်းဆရာ၊ ဆေးဆရာ စသည်တို့ကဲ့သို့ စာပေပညာစသော ပညာရပ်များကို ကိုယ်ထိလက်ရောက် ကျကျနန ပို့ချသင်ကြားပေးသော ပုဂ္ဂိုလ်၊ နည်းလမ်းညွှန်ပြ သွန်သင်ဆုံးမသော ပုဂ္ဂိုလ်မျိုးဖြစ်သည်။

မြင်ဆရာကား ပြုလုပ်နေသည်ကို တွေ့ကာမြင်ကာမျှဖြင့် တတ်မြောက်သွားသူ၊ ရေးသားထားသည့် စာအုပ်များကို တွေ့မြင် ဖတ်ရှုရသဖြင့် သိမြင်တတ်မြောက်သွားသူတို့၏ ဆရာဖြစ်သည်။ ကိုယ်တိုင်ကိုယ်ကျ သင်ကြားပေးခြင်း၊ တွေ့မြင်ခြင်းတို့ မရှိသော်လည်း ပြောဆို ရွတ်ဖတ်နေသံ၊ သီဆိုသံတို့ကို ကြားရခြင်းဖြင့် တတ်မြောက်သွားသူတို့၏ဆရာကို ကြားဆရာဟု ခေါ်ပါသည်။

ထိုမှတစ်ပါး အတတ်ပညာတစ်ခုခု၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ဆရာတစ်ဆူ ကျွမ်းကျင်တတ်မြောက်သူများကိုလည်း လောကဥ ဆရာဟူ၍ ခေါ်ဝေါ်သုံးစွဲလေ့ ရှိကြပါသည်။ ဥပမာ-ပန်းချီဆရာ၊ ပန်းရန်ဆရာ၊ စာရေးဆရာ၊ ဘုရားကိုးဆူဆရာ၊ ဗေဒင်ဆရာ၊ စက်ဆရာ၊ လက်သမားဆရာ၊ ဆိုက်ကားဆရာ၊ မြင်းလှည်းဆရာ စသည်တို့ကဲ့သို့သော ဆရာမျိုးဖြစ်ပါသည်။

သို့သော် ဤအာစရိယဆိုသည့်အရာ၌ ဖော်ပြပါ ဆရာသုံးမျိုး၊ ငါးမျိုးတို့ကဲ့သို့ တပည့်တို့၏ အကျိုးစီးပွားကို ပြုကျင့်သူ အတတ်ပညာပေးသူ အကျင့်သီလကို ကျင့်စေတတ်သူမျိုးသည်သာ အာစရိယ ဘွဲ့ထူးဖြင့် ချီးကျူးခေါ်ဆိုသူများ ဖြစ်ပေသည်။

### ဆရာကျင့်ဝတ်နှင့် ဂုဏ်အင်္ဂါ

ဆရာဆိုသည့် ပုဂ္ဂိုလ်မွန်များကား တပည့်များကို အတတ်ပညာ

သင်ကြားပေးရုံသာမကဘဲ တပည့်များအပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်များကိုလည်း လိုက်နာဆောင်ရွက်ကြရသူများဖြစ်သည်။ ထိုဆရာကျင့်ဝတ်များကို ပါထိကဝဂ္ဂပါဠိတော် သိင်္ဂါလောဝါဒသုတ်၌ သိင်္ဂါလသတို့သားကို အကြောင်းပြု၍ ဗုဒ္ဓမြတ်စွာ ဟောတော်မူထားပါသည်။

ထိုကျင့်ဝတ်များမှာ –

၁။ အတတ်ပညာ သင်ကြားပေးရခြင်း၊

၂။ လိမ္မာယဉ်ကျေးအောင် ဆုံးမသွန်သင် ပဲ့ပြင်ပေးရခြင်း၊

၃။ သင်ပေးရမည့် အတတ်ပညာများကို ဆရာစား ချန်မထားရခြင်း၊

၄။ ဘေးရန်အပေါင်းကို တားဆီးကာကွယ်ပေးရခြင်း၊

၅။ မိမိထံ၌ သင်စရာအတတ်ပညာကုန်သည့်အခါ သင့်ရာပညာကို သင်ကြားစေရန် အခြားဆရာတို့ထံ ပို့ဆောင်အပ်နှံရခြင်း

ဟူသော ကျင့်ဝတ်ငါးမျိုးတို့ ဖြစ်ပါသည်။

ထို့ပြင် မိလိန္ဒပဥှာပါဠိတော်၌ အရှင်နာဂသေနမထေရ်မြတ်အား မိလိန္ဒမင်းကြီး လျှောက်ထားသည့် ဆရာတို့၌ ရှိရမည့်ဂုဏ်အင်္ဂါ ၂၅ ပါးလည်း ရှိပေသေးသည်။

ထိုဂုဏ်အင်္ဂါများမှာ –

၁။ တပည့်ကို အမြဲစောင့်ရှောက်ရ၏။

၂။ တပည့်၏ မဆည်းကပ်သင့်သောပုဂ္ဂိုလ်၊ ဆည်းကပ်သင့်သောပုဂ္ဂိုလ်ကို သိရ၏။

၃။ တပည့်ပေါ့ဆသည် မပေါ့ဆသည်ကို သိရ၏။

၄။ တပည့်၏ နေရေးထိုင်ရေးကို သိရ၏။

၅။ တပည့်၏ ကျန်းမာရေးကို သိရ၏။

၆။ တပည့်၏ စားရေးသောက်ရေး ပြည့်စုံ မပြည့်စုံကို သိရ၏။

၇။ တပည့် တိုးတက်သည် မတိုးတက်သည်ကို သိရ၏။

၈။ မိမိ၌ရှိသော စားဖွယ်ကို ဝေဖန်ပေးရ၏။

၉။ ပညာကြိုးစားသင်အောင် အားပေးအားမြှောက်ပြုရ၏။

၁၀။ တပည့်၏ အပေါင်းအသင်းကို သိရ၏။
၁၁။ ရွာ၌ အပေါင်းအသင်းကို သိရ၏။
၁၂။ ကျောင်း၌ အပေါင်းအသင်းကို သိရ၏။
၁၃။ တပည့်နှင့် ပြက်ရယ်ပြောင်လှောင်မှု ရယ်စရာပြောမှု မပြုရ။
၁၄။ တပည့်နှင့် တိုင်ပင်စကား ပြောကြားရ၏။
၁၅။ တပည့်၏ အနည်းငယ်သောအပြစ်ကို သည်းခံခွင့်လွှတ်ရ၏။
၁၆။ အညမညဂါရဝသဘောဖြင့် တပည့်၏ ပြုမှုချက်များကို အလေးအနက် ပြုရ၏။ အသိအမှတ် ပြုရ၏။
၁၇။ ပညာကို တစ်ပိုင်းတစ်စ မသင်ပေးရ။
၁၈။ ပညာကို လျှို့ဝှက်မထားရ။
၁၉။ ပညာကို ဆရာစားချန်မထားဘဲ အားလုံးသင်ကြားပေး ရ၏။
၂၀။ ဤတပည့်ကို အတတ်ပညာတတ်အောင်သင်မည်ဟု ဖခင်စိတ်မျိုး ထားရ၏။
၂၁။ ဘယ်နည်းဖြင့် ငါ့တပည့် တိုးတက်မည်နည်းဟု ကြီးပွားတိုးတက်စေလိုစိတ် ထားရ၏။
၂၂။ တပည့်ကို အကျင့်သိက္ခာအားကောင်းအောင် ပြုပြင်မည်ဟူသော စိတ်မျိုး ထားရ၏။
၂၃။ တပည့်အပေါ် မေတ္တာစိတ်ကို ရှေးရှုထားရ၏။
၂၄။ ဘေးရန်ကြုံခဲ့လျှင် တပည့်ကိုစွန့်ခွာ၍ ကိုယ်လွတ်မရုန်းရ။
၂၅။ တပည့်အပေါ် ပြုကျင့်ဖွယ် ဝတ္တရားများကို မမေ့မလျော့ဘဲ တပည့်မှားယွင်းခဲ့သော် တရားနှင့်အညီ ဆုံးမချီးမြှောက်ရ၏....တို့ ဖြစ်ပါသည်။

**ဆရာအရေးကြီးပုံ**

လောကတွင် သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်မှတစ်ပါး မည်သည့် လူသားမျှ ဆရာနှင့်ကင်းသူဟူ၍ မရှိပါချေ။ 'ဆရာမပြ

နည်းလမ်းမကျ' ဆိုသကဲ့သို့ ဆရာသမားတို့၏ သွန်သင်ဆုံးမ နည်းလမ်း ညွှန်ပြမှုဖြင့်သာ အသိပညာ တိုးတက်ကြသည်။ တတ်မြောက်ကြသည်။ ဆရာကောင်းလျှင် ကောင်းသလောက် ကြီးပွားချမ်းသာကြသည်၊ တိုးတက် အောင်မြင်ကြသည်။

ကြက်များသည်ပင် ရှေ့ဆောင်ကြက်ဖဆရာကြီး၏ တွန်ပုံကို နည်းရပါမှ အချိန်မှန်မှန်တွန်တတ်၍ နည်းမရပါက အချိန်မှန်မှန် မတွန် တတ်ကြောင်း ဧကနိပါတ်ဇာတ် အဋ္ဌကထာ အကာလရာဝီဇာတ်၌ ဘုရားရှင် ဟောတော်မူထားပေသည်။

သို့သော် ဆရာတိုင်း အကောင်းချည်းမဖြစ်နိုင်၊ အထက်တွင် ဖော်ပြ ခဲ့ပြီးသော ဆရာ့ကျင့်ဝတ် ဂုဏ်အင်္ဂါတို့နှင့် ညီညွတ်သော ဆရာကောင်း ဆရာမွန်များ ရှိသကဲ့သို့ အရည်အချင်းမဲ့၍ အသိဉာဏ်ကင်းသော ဆရာညံ့ ဆရာဖျင်းများလည်း ရှိကြပေသည်။

ပုဂ္ဂလပညတ် ပါဠိတော်၌ ဟောတော်မူထားသည့် ဆရာသုံးမျိုး တို့တွင် ပစ္စုပ္ပန် တမလွန်၌ အတ္တရှိ၏ဟု ညွှန်ပြသော သဿတဝါဒီဆရာ၊ ပစ္စုပ္ပန်၌သာ အတ္တရှိ၍ တမလွန်၌ မရှိဟု ညွှန်ပြသော ဥစ္ဆေဒဝါဒီ ဆရာ တို့မှာ ဆရာဆိုး ဆရာညံ့များဖြစ်၍ ပစ္စုပ္ပန် တမလွန် နှစ်ဌာနစလုံး၌ အတ္တမရှိဟု ညွှန်ပြသော ဝိဘဇ္ဇ ဝါဒီဆရာ၊ ဗုဒ္ဓမြတ်စွာသည်သာ ဆရာ ကောင်း ဆရာမြတ်ဖြစ်သည်။ ဗုဒ္ဓကား နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ ဆရာ ဖြစ်တော်မူ၍ 'သတ္ထာဒေဝမနုဿာနံ' ဂုဏ်ထူး ရှိတော်မူသော အမြတ်ဆုံးဆရာ ဖြစ်ပေသည်။

စူဠဝါပါဠိတော် ပဥ္စသတ္ထာရကထာ၌ ဟောတော်မူထားသော မစင်ကြယ်သော သီလရှိလျက် စင်ကြယ်ယောင်ဆောင်နေသော ဆရာ၊ မစင်ကြယ်သော အသက်မွေးမှုရှိပါလျက် စင်ကြယ်သော အသက်မွေးမှု ရှိယောင်ဆောင်နေသောဆရာ၊ မစင်ကြယ်သောစိတ်ဖြင့် တရားဟော ပြောပါလျက် စင်ကြယ်သောစိတ်ဖြင့် တရားဟောယောင်ဆောင်နေသော ဆရာ၊ မစင်ကြယ်သော အတတ်ပညာရှိပါလျက် စင်ကြယ်သော အတတ် ပညာရှိယောင် ဆောင်နေသောဆရာ၊ မစင်ကြယ်သော ဉာဏ်အမြင်ရှိပါ

လျက် စင်ကြယ်သော ဉာဏ်အမြင်ရှိယောင်ဆောင်နေသော ဆရာငါးမျိုးကိုကား ဆရာဆိုး၊ ဆရာညံ့များပင် ဖြစ်ကြပါသည်။ အမှန်အားဖြင့် ဆရာဆိုသူများမှာ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ နောက်လိုက်ငယ်သား တပည့်များ၏ ရှေ့သွားခေါင်းဆောင်ကြီးများ ဖြစ်ကြသည်။

ထို့ကြောင့် 'ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် အဖြောင့်လိုက်၏၊ ရှေ့ဆောင်နွားလား ကောက်ကောက်သွားက နောက်နွားတစ်သိုက် အကောက်လိုက်၏' ဟု ပဏ္ဏာသနိပါတ်၊ မဟာဗောဓိဇာတ်တွင် ဘုရားရှင် ဟောတော်မူထားသကဲ့သို့ ခေါင်းဆောင်ဆရာကောင်းလျှင် တပည့်တပန်းနောက်လိုက်များ ကောင်းကြသည်၊ လိမ္မာကြသည်၊ ကြီးပွားချမ်းသာကြသည်။ ခေါင်းဆောင်ဆရာဖြစ်သူဆိုးဝါးညံ့ဖျင်းလျှင်မူ နောက်လိုက်တပည့်များလည်း ဆိုးကြ ညံ့ကြတော့၏။ ဆင်းရဲဒုက္ခ ရောက်ကြရ၏။

မှန်၏၊ ရှေးအခါက အရည်အချင်းညံ့သည့် ဒေဝဒတ်လောင်းလှည်းကုန်သည်ကို ဆရာတင်ခဲ့ကြသဖြင့် နောက်လိုက်ကုန်သည်ငါးရာနှင့်နွားတစ်ထောင်တို့ ဘီလူးစားခံကြရပုံနှင့် ခေါင်းဆောင်ကောင်း ဖြစ်သည့်ဘုရားလောင်းလှည်းကုန်သည်ကို ဆရာတင်ကြသည့် လှည်းကုန်သည်ငါးရာတို့မှာမူ နွားများနှင့်တကွ အသက်ဘေးမှ ချမ်းသာရကြ၍ စီးပွားဥစ္စာများ တိုးတက်ကြပုံတို့ကို ဧကနိပါတ်၊ အပဏ္ဏကဇာတ်တွင် ဖတ်ရှုရပေသည်။

ထို့အတူ မူလပဏ္ဏာသပါဠိတော်၊ စူဠဂေါပါလကသုတ်၌လည်း အရည်အချင်းမရှိသော နွားကျောင်းသားကြောင့် ဂင်္ဂါမြစ်လယ်တွင် နွားအသွယ်သွယ်တို့ သေကျေပျက်စီးကြရပုံနှင့် အသိအလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံသည့် နွားကျောင်းသားကြောင့် ဂင်္ဂါမြစ်ကို ကူးရာတွင် နွားအားလုံးတို့အသက်ဆုံးရှုံးရခြင်းဘေးမှ ချမ်းသာရာရပြီး လိုရာခရီးသို့ ရောက်ရှိသွားပုံတို့ကိုလည်း တွေ့ရသည်။

အဇာတသတ်မင်းသည်ပင် လက်ရှိဘဝတွင် တစ်မဂ်တစ်ဖိုလ်ရနိုင်သည့် ပါရမီရှိသော်ငြားလည်း ဆရာဆိုး ဆရာညံ့ဖြစ်သည့် အရှင်

ဒေဝဒတ်ကို ဆရာတင်ခဲ့သဖြင့် အပါယ်ငရဲသို့ ကျရောက်သွားရရှာပေသည်။ ထို့ကြောင့် သဋ္ဌာယတနသံယုတ် အဋ္ဌကထာ၊ အာသီဝိသဝဂ်၊ စတုတ္ထသုတ်၌ 'ဆရာသမားများထံမှ သားငယ်ကို အပ်နှံခြင်းသည် ဘဝသစ်တစ်ခု၌ ပဋိသန္ဓေယူစေခြင်းနှင့် သဘောတူ၏။ လူ့ဘဝ၌ ပဋိသန္ဓေနေသူသည် မိမိဖြစ်ရာအမျိုး၏ ရိုးရာကို လိုက်၍ စားသောက်နေထိုင်ကျင့်ကြံလေ့ရှိကြပေသည်။

ထို့အတူ ဆရာကောင်းထံ အပ်နှံမိလျှင် ဆရာကောင်း၏ ဓလေ့ထုံးစံများသို့ အတုလိုက်သကဲ့သို့၊ ဆရာညံ့ထံ အပ်နှံမိလျှင်လည်း ဆရာညံ့၏ ဓလေ့ထုံးစံအမူအကျင့်များကိုသာ လိုက်နာ ပြုကျင့်မိတော့၏။ သို့ဖြစ်၍ ဆရာညံ့ ဆရာဖျင်းထံ နေမိခြင်းသည် အမျိုးညံ့တွင် ပဋိသန္ဓေနေမိခြင်းနှင့် သဘောတူ၍ ဆရာကောင်းထံနေမိခြင်းသည် အမျိုးကောင်းမိဘကောင်းထံမှာ ပဋိသန္ဓေနေမိခြင်းနှင့် သဘောတူသည်' ဟု ဖွင့်ဆိုထားပေသည်။

ဤသို့ 'တပည့်မကောင်း၊ ဆရာ့ခေါင်း' ဆိုသကဲ့သို့ တပည့်များ၏ ကောင်းခြင်းဆိုးခြင်းမှာ ဆရာသမားများအပေါ် ရာနှုန်းပြည့် မှီနေရကား လူတိုင်းအဖို့ ဆရာကောင်းရရှိဖို့ရန် အရေးကြီးလှသည်။ ထို့ကြောင့် လူတိုင်းလူတိုင်း ဆရာကောင်းဖြစ်မဖြစ်ကို ရှေးဦးစွာ စုံစမ်းစိစစ်ပြီးမှ မှီဝဲဆည်းကပ်သင့်ကြပေသည်။

## ဆရာ့ကျေးဇူး

ဆရာကောင်း ဆရာမွန်တို့ဆိုသည်မှာ 'အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ' ဆိုသည့် ဆရာ့ကျင့်ဝတ်များနှင့်အညီ တပည့်များ၏ အနာဂတ်ကောင်းစားရေးကို အားပေးဆောင်ရွက်ကြသည့် ပရဟိတရေ ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။ တပည့်များအပေါ် ဆရာများ၏ စေတနာ မေတ္တာတရားတို့ကား မိဘများပမာ အလွန်ကြီးမားကြရှာပါသည်။ မိမိသင်ပေးသမျှ အတတ်ပညာများကို အပြည့်အဝ အစုံအလင် တတ်မြောက်စေချင်

သည်မှာ ဆရာတိုင်းမှာရှိသည့် စေတနာနှင့် ဆန္ဒမွန်တို့ဖြစ်သည်။ မိမိ၏ တပည့်အားလုံး ကြီးပွားချမ်းသာလိုကြသည်မှာ ဆရာတို့၏ သန့်စင်သော မေတ္တာဓာတ် ဖြစ်သည်။

တပည့်များ ပညာတော်၍ ထူးချွန်လျှင်ဖြစ်စေ၊ ကြီးပွားချမ်းသာနေသည်ဟု ကြားသိရလျှင်ဖြစ်စေ ပြောမပြနိုင်အောင် ဝမ်းသာလေ့ရှိကြသည်မှာ ဆရာ့ဘဝ၏ တန်ဖိုးမဖြတ်နိုင်သော အရသာဖြစ်သည်။ ဆရာတို့သည် ဆင်းရဲသော တပည့်များ၊ ဉာဏ်လေးသော တပည့်များအပေါ်၌လည်း အထူးကြင်နာသနားလေ့ရှိကြသည်။ အစစအရာရာ သည်းခံ၍ ပညာမတတ်တတ်အောင် သင်ပေးလေ့ရှိကြသည်။

ဤသို့ ဆရာများသည် မွန်မြတ်သောစေတနာနှင့် ဗြဟ္မဝိဟာရတရားများကို လက်ကိုင်ထားကာ တပည့်တို့၏ အကျိုးစီးပွားကို ရွက်ဆောင်နေကြသည့် ပထမတန်းစား အများအကျိုးဆောင် ပုဂ္ဂိုလ်ကြီးများဖြစ်လေရာ တပည့်များအဖို့ မိဘအလား အလွန်ကျေးဇူးကြီးမားသည့် ကျေးဇူးရှင်ကြီးများ ဖြစ်ကြပေသည်။

## အနန္တဂိုဏ်းဝင် ကျေးဇူးရှင်

အတန်ငယ်ချဲ့ဦးအံ့၊ ရှင်တော်ဗုဒ္ဓသည် ခုဒ္ဒကပါဌ ပါဠိတော် နိမိကဏ္ဍသုတ်တွင် 'လောက၌ ဥစ္စာလေးမျိုး' ရှိကြောင်း ဟောတော်မူထားပါသည်။ ထိုဥစ္စာမှာကား –

၁။ ထားသည့်နေရာမှ ရွေ့လျားမသွားတတ်သည့် လယ်ယာမိုးမြေ၊ တိုက်တာနေအိမ်၊ ရွှေငွေ အိမ်ထောင်ပရိဘောဂ အသုံးအဆောင် စသော သက်မဲ့ဝတ္ထုပစ္စည်းများ ဖြစ်သည့် ထာဝရဥစ္စာ။

၂။ လှုပ်ရှားသွားလာတတ်သည့် ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ စသော သက်ရှိဥစ္စာ ပစ္စည်းများဖြစ်သည့် ဇင်္ဂမဥစ္စာ။

၃။ ဦးခေါင်း လက်ခြေအင်္ဂါများကဲ့သို့ မိမိသွားရာ အရပ်တို့ကို ထက်ကြပ်မကွာ လိုက်ပါတတ်သည့်အတွက် ကိုယ်အင်္ဂါ

အစိတ်အပိုင်းနှင့်တူသော ဝိဇ္ဇာသိပ္ပံ အတတ်ပညာဆိုသည့် အင်္ဂသမဥစ္စာ။

၄။ မိမိသွားရာ ဘဝ အဖြာဖြာသို့ အရိပ်ပမာ လိုက်ပါလေ့ရှိသော ကုသိုလ်ဆိုသည့် အနုဂါမိကဥစ္စာတို့ ဖြစ်ပါသည်။

ထိုတွင် ထာဝရဥစ္စာနှင့် ဇင်္ဂမဥစ္စာနှစ်မျိုးတို့မှာ ခိုးသားဓားပြ စသည့် ရန်သူများ တိုက်ခိုက်လုယူနိုင်၊ ဖျက်ဆီးနိုင်ကြသော်လည်း အင်္ဂသမဥစ္စာခေါ် ပညာနှင့် အနုဂါမိကဥစ္စာဖြစ်သည့် ကုသိုလ်တို့မှာကား မည်သည့် ရန်သူမျှ မတိုက်ခိုက် မလုယူနိုင်၊ မဖျက်ဆီးနိုင်သည့် ဥစ္စာမွန်များ ဖြစ်ကြပါသည်။ ထိုနှစ်မျိုးတွင် အင်္ဂသမဥစ္စာမှာ 'ပညာရွှေအိုး လူမခိုး' ဆိုသကဲ့သို့ ရန်သူများ မခိုးယူ မဖျက်ဆီးနိုင်သည့်ဥစ္စာ ဖြစ်သော်ငြားလည်း ယခုလက်ရှိဘဝအတွက်သာ အသုံးချနိုင်သည့်ဥစ္စာ ဖြစ်သည်။

အနုဂါမိကဥစ္စာခေါ် ကုသိုလ်ရွှေအိုးကား ရန်သူဟူသမျှ မလုယူ မဖျက်ဆီးနိုင်သည့်အပြင် မိမိသွားရာ ဘဝအဖြာဖြာသို့ အရိပ်ပမာ လိုက်ပါနေသဖြင့် ဘဝအမျိုးမျိုးတွင် ထိုက်သလို အသုံးဝင်သော ဥစ္စာမျိုး ဖြစ်ပါသည်။ ထို့ကြောင့် ဥစ္စာလေးမျိုးတွင် ပထမနှင့် ဒုတိယ ဥစ္စာနှစ်မျိုးတို့ကို မည်ရွေ့မည်မျှ ဂဏန်းချ၍ တန်ဖိုးဖြတ်နိုင်သော်လည်း ပညာဥစ္စာနှင့် ကုသိုလ်ဥစ္စာ နှစ်မျိုးတို့မှာမူ တန်ဖိုးမဖြတ်နိုင်အောင် အဖိုးထိုက်တန်သည့် ဥစ္စာနှစ်မျိုး ဖြစ်ပါသည်။

အမှန်အားဖြင့် ဆရာဆိုသူတို့သည် တပည့်များအား တစ်သက်လုံး နှိုက်ယူသုံးစား၍ မကုန်နိုင်သည့် ပညာရွှေအိုးကြီးကို လက်ဝယ်အရောက် အပ်နှင်းလိုက်ကြသူများတည်း။ ထို့ပြင် ဆုံးမပဲ့ပြင် သွန်သင်ခြင်း၊ အကျင့်သီလကို ကျင့်စေခြင်း စသည်ဖြင့်လည်း ကုသိုလ်ရွှေအိုးကြီးကို ချီးမြှင့်လိုက်ကြသူများလည်း ဖြစ်ပါသည်။

ဤသို့ ဆရာများသည် တပည့်တို့အား လက်ရှိဘဝ ကောင်းစားရေးအတွက် ပညာရွှေအိုးကြီးကိုဖြစ်စေ၊ ဘဝအဆက်ဆက် ကောင်းစားရေးအတွက် ကုသိုလ်ရွှေအိုးကြီးကိုဖြစ်စေ၊ ပစ္စုပ္ပန် သံသရာနှစ်ဖြာစလုံး ကောင်းစားရေးအတွက် ရွှေအိုးကြီးနှစ်မျိုးစလုံးကိုဖြစ်စေ ပေးကမ်းချီးမြှင့်လိုက်

ကြသူများဖြစ်ရာ တပည့်များအဖို့ သာမန်ကျေးဇူးရှင်များ မဟုတ်ချေ။ ဆပ်၍ မကုန်ဆုံးနိုင်လောက်အောင် ကျေးဇူးတရား ကြီးမားကြသည့် အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင်ကြီးများပင် ဖြစ်ကြသည်ဟု ရှေးပညာရှင်ကြီးများ သတ်မှတ်ထားခဲ့ကြပါသည်။

မှန်ပါသည်၊ တိကအင်္ဂုတ္တရနိပါတ၊ ဗဟုကာရသုတ်၌ '(ပြဆိုခဲ့ပြီးသော) ဆရာသုံးမျိုးတို့မှတစ်ပါး ကျေးဇူးကြီးမားသည့် အခြားပုဂ္ဂိုလ်မရှိ၊ တပည့်သည် ဆရာအား အကြိမ်အရာအထောင်မက ထိခြင်းငါးပါးနှင့်အညီ ရှိခိုး၏။ ခရီးဦး ကြိုဆို၏။ တွေ့တိုင်းတွေ့တိုင်း လက်အုပ်ချီ၏။ နေ့စဉ်နေ့တိုင်း သင်္ကန်း (အဝတ်အစား) အစုံတစ်ရာ၊ အစုံတစ်ထောင်ကျ လှူဒါန်းပူဇော်၏။ ဆွမ်း(စားဖွယ်သောက်ဖွယ်) အကြိမ်တစ်ရာ တစ်ထောင်ကျ ဆက်ကပ်ကျွေးမွေး၏။ စကြဝဠာတမျှ ကြီးမားလှသည့် ရတနာအဆောက်အအုံကြီးကို ဆောက်လုပ်လှူဒါန်း၏။ ထောပတ်၊ ဆီဦးစသော ဆေးအမျိုးမျိုးတို့ကိုလည်း အမြဲလှူဒါန်း၏။

ဤသို့ စားဝတ်နေရေး ဆေး ပစ္စည်းတို့ဖြင့် တုံ့ပြန်၍ ကျေးဇူးဆပ်သော်ငြားလည်း ဆရာ့ကျေးဇူးကို ကျေလည်အောင် တုံ့ပြန်ဆပ်နိုင်ဖို့ မတတ်နိုင်ချေ' ဟု ဟောတော်မူထားပါသည်။

ထိုသို့ ဆရာ့ကျေးဇူးတရား ကြီးမားလှသောကြောင့် ပူဇာစ ပူဇနေယျာန မင်္ဂလာတရားတော်၌ ပူဇ နေယျာနအရ ပူဇော်ထိုက်သည့် ပုဂ္ဂိုလ်များထဲတွင် ဆရာသမားများ ပါဝင်နေသကဲ့သို့ ကျေးဇူးမမေ့အပ် မပြစ်မှားအပ်သည့် ခင်ပွန်းကြီးဆယ်ပါးတွင်လည်း တစ်ဦးအဖြစ် ပါဝင်နေပေသည်။

ဤသို့ ကျေးဇူးကြီးမားလှ၍ မပြစ်မှားထိုက်၊ ပူဇော်ထိုက်သည့် ပုဂ္ဂိုလ်မွန်ကြီးများဖြစ်ရကား ဒုကနိပါတ်၊ ဂုတ္တိလဇာတ်တွင် မိမိ၏ဆရာရင်းဖြစ်သူ ဂုတ္တိလစောင်းဆရာကြီးနှင့် ပညာပြန်၍ပြိုင်သည့် မုသိလစောင်းသမားမှာ ပြိုင်ပွဲတွင် မရှုမလှရှုံးပြီး အသေဆိုးနှင့် သေဆုံးသွားရသည်။ ထို့အတူ ဒုကနိပါတ် ဥပါဟနဇာတ်၌လည်း ဆရာနှင့် ပညာပြိုင်သော ဆင်စီးအတတ်ပညာရှင် လုလင်ငယ်တစ်ဦးမှာလည်း ပြိုင်ပွဲ၌ပင် အသက်

ဆုံးရှုာ၍ အမ္ဗဇာတ်၌ ဆရာကိုပစ်ပယ်သူ လုလင်ငယ်မှာလည်း မန္တန်ကွယ်ပျောက်သွားရပေသည်။

ထို့ပြင် ဇေကနိပါတ် တိပလ္လတ္ထမိဂဇာတ်၌ ဦးကြီးတော်သူ သမင်ဆရာကြီး သင်ပေးထားသည့် မိဂမာယာ ပညာကို အသုံးချသဖြင့် (ဝါ) ဆရာ့စကားနားထောင်သဖြင့် တူဖြစ်သူ သမင်ငယ်ကလေးမှာ မိနေသောကျော့ကွင်းမှ လွတ်မြောက်သွားသကဲ့သို့၊ ဆရာ့စကား နားမထောင်သဖြင့် မြွေကိုက်ခံရ၍ သေရသောရသေ့၊ ဆင်နင်းခံရ၍ သေရသောရသေ့တို့ကိုလည်း ဝေဠုကဇာတ် စသော ထိုထိုဇာတ်များ၌လည်း တွေ့ရှိရပေသည်။

ဤကဲ့သို့ ဆရာတို့၏ကျေးဇူးတရားများမှာ ဆပ်၍မကုန်နိုင်အောင် ကြီးမားလှ၍ ပူဇော်ထိုက် မပြစ်မှားထိုက်သော ပုဂ္ဂိုလ်မွန်ကြီးများ ဖြစ်သောကြောင့် ရှေးပညာရှင်ကြီးများက ရတနာသုံးပါးနှင့် မိဘများနည်းတူ ဆရာများကို အနန္တောအနန္တဂိုဏ်းတွင် ထည့်သွင်း၍ 'အာစရိယဂုဏော အနန္တော' ဟု အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင်အဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်ပါသည်။

အမှန်စင်စစ် အနန္တငါးပါးဟူ၍ ဗုဒ္ဓပိဋကတော်များ၌ မတွေ့ရှိရပါချေ။ ကောင်းကင်၊ စကြဝဠာ၊ သတ္တဝါ၊ ဘုရားရှင်ဉာဏ်တော် ဆိုသည့်လေးမျိုးတို့ကိုသာ အဆုံးအပိုင်းအခြား မရှိသောကြောင့် အနန္တလေးပါးအဖြစ် အဋ္ဌသာလိနီ စသော အဋ္ဌကထာများ၌ ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ မိလိန္ဒပဥှာ ပါဠိတော်၌ကား ဗုဒ္ဓရှင်တော်ဘုရား တစ်ပါးတည်းကိုသာ 'အနန္တဂုဏ' အမည်ဖြင့် ချီးကျူးဖွင့်ဆိုထားပါသည်။

သို့သော် ရှေးပညာရှင်ကြီးများ အနန္တငါးပါးကို တီထွင်ဖန်တီးခဲ့ကြခြင်းသည် ပိဋကတော်တွင် တိုက်ရိုက်မလာ၍ အာဂမယုတ္တိ ကင်းမဲ့သော်ငြားလည်း ပိဋကတော်လာ သဘောအဓိပ္ပာယ်များနှင့် ဆီလျော်၍ သုတ္တာနုလောမဖြစ်သောကြောင့် ကာရဏယုတ္တိ၊ သဘာဝယုတ္တိရှိသော ဗုဒ္ဓယဉ်ကျေးမှုတစ်ခုပင် ဖြစ်ပါသည်။

## အာစရိယပူဇော်ပွဲအစ စူဠသုဒ္ဓေါတပည့်က

ဤသို့ ဆိုခဲ့ပြီးသော စကားစဉ်အရ ဆရာတို့သည် ဆပ်၍မကုန်နိုင်

အောင် ကျေးဇူးဂုဏ်ကြီးမားသည့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ကြီးများဖြစ်၍ ပူဇော်ထိုက်၊ ကျေးဇူးဆပ်ထိုက်သော ပုဂ္ဂိုလ်ကြီးများဖြစ်ကြောင်း ထင်ရှား သိသာပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံ အနှံ့အပြားရှိ ကျောင်းများတွင် မူလတန်း ကျောင်းသားကလေးများမှသည် တက္ကသိုလ်ကျောင်းသားကြီးများအထိ ကျောင်းသူကျောင်းသားတပည့်များသည် မိမိတို့အား လူမခိုးနိုင်သည့် ပညာရွှေအိုးကို အပ်နှင်းလိုက်သည့် အာစရိယဘွဲ့ခံ ဆရာ ဆရာမများ အား ပူဇော်ကြသည့်ပွဲကို 'အာစရိယပူဇော်ပွဲ' ဟူသော ဆိုင်းဘုတ်ကြီး များတင်ကာ နှစ်စဉ်နှစ်တိုင်း တခမ်းတနား ကျင်းပပြုလုပ်လေ့ ရှိကြ ပါသည်။ ထိုအာစရိယ ပူဇော်ခြင်းဓလေ့ကား ယခုမှပေါ်လာသည့် ဓလေ့ ထုံးစံမဟုတ်၊ ရှေးနှစ်ပေါင်းများစွာကပင်ရှိခဲ့သော ဓလေ့ထုံးစံဟောင်းကြီး တစ်ခုဖြစ်ကြောင်း စူဠသေဋ္ဌိဇာတ်တွင် လေ့လာတွေ့ရှိရပေသည်။

တစ်ခုသောအချိန်က ဂေါတမဘုရားလောင်းသည် ဗာရာဏသီ ပြည်တွင် 'စူဠသေဋ္ဌိ' မည်သော သူဌေး ဖြစ်ခဲ့သည်။ ပညာအရည်အချင်း နှင့် ပြည့်စုံ၍ နိမိတ်နက္ခတ်တို့ကို တတ်မြောက် နားလည်သည်။ တစ်နေ့၌ ဘုရင်ထံ အခစားဝင်ရန်သွားစဉ် လမ်းတွင် ကြွက်သေတစ်ကောင်ကို မြင်၍ နက္ခတ်ကိုကြည့်ကာ –

"ဒီကြွက်သေကို အရင်းအနှီးပြုသူကား လုပ်ငန်းအောင်မြင်ပြီး ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာနိုင်တယ်" ဟု နိမိတ်ဖတ်၏။

ဘုရားလောင်း၏ နိမိတ်ဖတ်သံကို အနီးရှိ ဆင်းရဲသားတစ်ယောက် က ကြား၍ 'ဒီသူဌေးကြီးဟာ မသိဘဲနဲ့တော့ ပြောမှာမဟုတ်ဘူး' ဟု စဉ်းစားပြီး ကြွက်သေကို ကောက်ယူလိုက်ပါသည်။ ကြွက်သေကို ဈေးတွင် ကြောင်စာအဖြစ်ရောင်းရာ ပိုက်ဆံတစ်ရွေးရ၏။ ထိုတစ်ရွေးဖြင့် တင်လဲ ဝယ်ပြီး အဆင့်ဆင့် မနားမနေ ရောင်းဝယ်လုပ်ကိုင်ခဲ့ရာ လေးလအတွင်း မှာပင် အသပြာနှစ်သိန်းကို လက်ဝယ်ပိုက်မိပေသည်။

ထိုအခါ စူဠသူဌေး၏ တပည့်ဖြစ်သူသည် 'ဆရာသမားတို့ရဲ့ ကျေးဇူးဆိုတာ မမေ့စကောင်းဘူး၊ ပြန်လှန် ကျေးဇူးဆပ်သင့်တယ်' ဟု

စဉ်းစားပြီး မိမိပိုင် အသပြာနှစ်သိန်းအနက် တစ်သိန်းကိုယူဆောင်ပြီး ဆရာဖြစ်သူ စူဠသူဌေးအား ထိုအသပြာတစ်သိန်းဖြင့် ပူဇော်သည်။

ဘုရားလောင်း သူဌေးကြီးသည် ထိုဆင်းရဲသားသူငယ်၏ အရည်အသွေးနှင့် အလုပ်အကိုင်တို့ကို နှစ်သက်သဘောကျသဖြင့် မိမိ၏သမီးနှင့် လက်ထပ် ထိမ်းမြားလိုက်ပါသည်။ ဘုရားလောင်း သူဌေးကြီး ကွယ်လွန်သည့်အခါ ထိုသူသည် ဗာရာဏသီပြည်၌ သူဌေးကြီး ဖြစ်လာခဲ့ပါသည်။

ဤကဲ့သို့ ဆရာသမားများအား ပြန်လှန်ကျေးဇူးဆပ်သောအားဖြင့် ပူဇော်သော အစဉ်အလာသည် ဘုရားမပွင့်မီ ရှေးသူတော်ကောင်းတို့ လိုက်နာပြုကျင့်ခဲ့သည့် အစဉ်အလာ ဓလေ့ထုံးစံ ဖြစ်ပါသည်။

## ပူဇော်ပွဲဓလေ့နှင့် မြန်မာနိုင်ငံ

ဆရာပူဇော်သည့် ဓလေ့ထုံးစံနှင့်ပတ်သက်၍ မြန်မာ့ရှေးဟောင်းစာပေများတွင် အထောက်အထား တစ်စွန်းတစ်စမျှ မတွေ့ရှိရသောကြောင့် မြန်မာနိုင်ငံတွင် မည်သည့်အချိန်ကစ၍ ထိုဓလေ့ထုံးစံဖြစ်လာသည်ဟု အတိအကျဖော်ပြရန် ခဲယဉ်းပါသည်။

သို့သော် ယခုခေတ်တွင် သံဃာတော်များလောက၌ ဖြစ်စေ၊ ကျောင်းသားများ လောက၌ဖြစ်စေ တစ်ဦးချင်း မိမိတို့ ဆရာသမားများအား အသီးသီးပူဇော်နေကြသည်ကို ထောက်ထားပါက ရှေးအခါကလည်း ဤကဲ့သို့ မထင်မရှား ပူဇော်ခြင်းမျိုး ရှိခဲ့လိမ့်မည်ဟု ယူဆရသည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့ သာသနာတော်ရောက်စကပင် ဤဓလေ့ထုံးစံ စခဲ့သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ စာရေးသူတို့ ငယ်စဉ်ကဆိုလျှင် ဤဓလေ့ထုံးစံကို ယခုခေတ်ကဲ့သို့ တခမ်းတနား ကျင်းပပြုလုပ်ခြင်း မရှိခဲ့ပါချေ။ ကျောင်းသားကျောင်းသူတို့သည် အများအားဖြင့် သီတင်းကျွတ်မီးထွန်းပွဲ ကျင်းပချိန်တွင် ဆရာများအိမ်သို့ အသီးသီးသွားကြကာ ပူဇော်ကန်တော့ကြလေ့သာ ရှိပေသည်။

စစ်ကြီးပြီးသည့်နောက်ပိုင်း၌သာ တစ်စတစ်စ ကြီးကျယ်ခမ်းနားများပြားလာသည်ကို တွေ့ရသည်။ ယခု မျက်မှောက်အချိန်၌မူ သတင်းစာများထဲတွင် ကြေညာဖိတ်ကြား၍ လည်းကောင်း၊ 'အာစရိယပူဇော်ပွဲ' ဟူသော ခံ့ညားသည့် ဆိုင်းဘုတ်ကြီးများ တင်၍လည်းကောင်း မြန်မာနိုင်ငံအနှံ့အပြားတွင် ကျင်းပလေ့ ရှိကြပေသည်။ ပညာသင်ယူဆဲ ကျောင်းသားများ၏ အာစရိယပူဇော်ပွဲများအပြင် ကျောင်းသူ ကျောင်းသားဟောင်းများ၏ ဆရာဟောင်းများကို ပူဇော်သည့် 'အာစရိယပူဇော်ပွဲ' များလည်း ထွန်းကားလျက်ရှိလေသည်။

## ပူဇော်ပွဲ ကျင်းပပုံ

ယခုမျက်မှောက်ခေတ် ပူဇော်ပွဲကျင်းပပုံမှာ 'တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း' ဆိုသကဲ့သို့ သူတစ်မျိုး ငါတစ်ဖုံပင် ဖြစ်ပါသည်။ ဤဆောင်းပါး၌ အများနှင့်ဆိုင်သော ပူဇော်ပွဲ ပုံသဏ္ဌာန်မျိုးကို ရေးသားတင်ပြပါမည်။

ဤအာစရိယပူဇော်ပွဲသည် အခမ်းအနားပွဲမျိုး ဖြစ်သဖြင့် အခမ်းအနားတွင် သဘာပတိနှင့် အခမ်းအနားမှူး ရှိသင့်ပါသည်။ ပူဇော်ပွဲအခမ်းအနားမှူးမှာ ပဓာနဖြစ်ပါသည်။ အခမ်းအနားမှူး ကျွမ်းကျင်လိမ္မာသည်နှင့်အမျှ အခမ်းအနားမှာ အခမ်းအနားအသွင်ဆောင်၍ စိုပြည်ချမ်းမြေ့နိုင်ပါသည်။ ရှေးဦးစွာ အခမ်းအနားမှူးက ထုံးစံအတိုင်း ပူဇော်ပွဲအခမ်းအနား အစီအစဉ်များကို ကြေညာရမည်။ (အခမ်းအနားမှူးသည် အခမ်းအနား အစီအစဉ်ကို မကြေညာမီ ဤပူဇော်ပွဲဖြစ်ပေါ်လာပုံကို အတိုချုပ် ရှင်းပြနိုင်ပါသည်။)

အခမ်းအနား အစီအစဉ်ကို ဤသို့ စီစဉ်သင့်ပါသည်။

၁။ နမောတဿ... ကို သုံးခေါက် ညီညီညာညာဆိုကြ၍ အခမ်းအနားဖွင့်ရန်၊

၂။ တပည့်များက ဆရာ ဆရာမများကို ရှိခိုးကန်တော့ရန်၊

၃။ ဆရာများကိုယ်စား သဘာပတိ ဆရာကြီးက ဆုပေးရန်၊

၄။ ဆရာကြီးတစ်ဦးဦးက ဩဝါဒစကား မိန့်ကြားရန်၊
၅။ ပူဇော်ဖွယ် ဝတ္ထုပစ္စည်းများကို အသီးသီးပေးအပ်ပူဇော်ရန်၊
၆။ ဗုဒ္ဓသာသန် စိရံ တိဋ္ဌတု သုံးကြိမ် ညီညာစွာ ဆိုကြ၍ အခမ်းအနားရုပ်သိမ်းရန်တို့ ဖြစ်ပါသည်။

## ရှိခိုးကန်တော့နည်း

ထိုအစီအစဉ်များတွင် ၂ နံပါတ် အစီအစဉ်အရ တပည့်များက ဆရာ ဆရာမများကို ရှိခိုးကန်တော့ကြရာ၌ အများသုံး ဩကာသကန်တော့ချိုးဖြင့် ရှိခိုးကန်တော့လေ့ ရှိကြပါသည်။ သို့ရာတွင် 'ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာ မြတ်သုံးပါးတို့နှင့်တကွ ဆုံးမပဲ့ပြင်၊ သွန်သင်ခဲ့ကြ၊ ကျေးဇူးရှင် ဆရာသမားတို့ကို အရိုအသေ အလေးအမြတ်' စသည်ဖြင့် ဖြည့်စွက်ပြင်ဆင်၍ ရှိခိုးကန်တော့ကြရမည်။

ရတနာသုံးပါးနှင့် ကျေးဇူးရှင်ဆရာသမားတို့ကို ရှိခိုးကန်တော့ကြရာ၌ 'လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏' တွင် အဆုံးသတ်သင့်ကြသည်။ ဆုပေးသူ ရှိနေပြီးဖြစ်၍ 'ကန်တော့ရသော အကျိုးအားကြောင့်' စသည့် ဆုတောင်းကို တောင်းဆိုနေစရာမလိုဟု ယူဆပါသည်။

အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးကမူ ဩကာသကန်တော့ချိုးကို ဆိုရန်မလိုဘဲ 'ဆရာသခင်၊ ကျေးဇူးရှင်တို့၊ သွန်သင်ပြသ၊ ဆိုဆုံးမခဲ့သော ဂုဏ်ကျေးဇူးများကို ရည်စူး၍ ဤ ပစ္စည်းဝတ္ထုများဖြင့် ရိုသေမြတ်နိုး ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏၊ ဤ ကန်တော့ရသော ကုသိုလ်ကောင်းမှုကြောင့် ပြစ်မှားမိသည့်အပြစ်တစ်စုံတစ်ရာ ရှိခဲ့ပါလျှင် ထိုအပြစ်တို့ ပြေပျောက်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ နေနိုင်သူ ဖြစ်ရပါလို၏' ဟု သူ့နေရာနှင့်သူ ကန်တော့သင့်ကြသည်ဟု မိန့်ဆိုထားပါသည်။

ဆုပေးသူ ဆရာက 'ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကောင်းမှုကြောင့် ဆရာတို့၏ တပည့်များသည် အမျိုး

ဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်နိုင်သော အမျိုးကောင်းသား အမျိုးကောင်းသမီးများဖြစ်ကြ၍ တပည့်များ အလိုရှိအပ် တောင့်တအပ် သောဆုသည် လျင်မြန်စွာ ပြီးစီးအောင်မြင်ကြပါစေ၊ တစ်ဆယ့်ငါးရက် လ၏ ပြည့်ဝခြင်းကဲ့သို့ ကောင်းသောအကြံအစည်မှန်သမျှ ပြည့်ဝကြပါ စေ' ဟု တိုတိုနှင့် လိုရင်းမိအောင် ဆုပေးသင့်ကြပေသည်။

## ပူဇော်ပုံ ပူဇော်နည်း

နံပါတ် ၅ အစီအစဉ်အရ ဆရာများအား ပူဇော်ဖွယ် ဝတ္ထုပစ္စည်း များကို အသီးသီး ပေးအပ်ပူဇော်ကြရာ၌ သပ္ပုရိသ ဒါနမျိုးဖြစ်အောင် ရှေးသူတော်ကောင်းတို့ ပူဇော်လှူဒါန်းနည်းအတိုင်း 'သက္ကစ္စံဒါနံ ဒေတိ' ပါဠိတော်နှင့်အညီ ရိုသေလေးစားသော အမူအရာဖြင့် ဝတ္ထုပစ္စည်းတို့ကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ ပေးအပ်လှူဒါန်းသင့်ပေသည်။

ဤအာစရိယပူဇော်ကန်တော့ပွဲများကိုကြည့်လျှင် ဗုဒ္ဓဒေသနာတော် လာ ပူဇော်နည်းနှစ်မျိုးစလုံး အကျုံးဝင်လျက်ရှိကြောင်း တွေ့ရသည်။ ဗုဒ္ဓစာပေ၌ အာမိသပူဇာ၊ ဓမ္မပူဇာဟူ၍ ပူဇော်နည်းနှစ်မျိုးရှိသည်။ ဝတ္ထု ပစ္စည်းတစ်ခုခုကို ပေးကမ်းလှူဒါန်း၍ ပူဇော်ခြင်းသည် အာမိသပူဇာမည်၍ တရားဖြင့် ပူဇော်ခြင်းကို ဓမ္မပူဇာဟု ခေါ်သည်။

ထိုတွင် တရားဖြင့် ပူဇော်ခြင်းဆိုသည်မှာ ဘုရားတရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်းအပြင် ဘုရားရှင်၏ အဆုံးအမတရား မိဘဘိုးဘွား ဆရာသမား စသော သက်ကြီးဝါကြီးတို့၏ တရားနှင့်လျော်ညီသော ဆုံးမ စကားတို့ကိုလိုက်နာခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် လှူဒါန်းပေးကမ်း ဖွယ်ပစ္စည်းဝတ္ထုမပါဘဲ လက်အုပ်ချီမိုး ရှိခိုးခြင်းသက်သက်ဖြင့်သာ ပူဇော်ခြင်းကို မြတ်ဗုဒ္ဓ၏ဩဝါဒကို လိုက်နာ ကျင့်သုံးရာရောက်သဖြင့် ဓမ္မပူဇာဟုပင် ခေါ်ရသည်။ ဤ အာစရိယ ပူဇော်ပွဲများသည် ဝတ္ထုပစ္စည်း တို့ဖြင့် လည်းကောင်း၊ လက်အုပ်ချီမိုး ရှိခိုးကန်တော့ခြင်းဖြင့် လည်းကောင်း ပူဇော်သောပွဲများ ဖြစ်သောကြောင့် ပူဇော်နည်းနှစ်မျိုးစလုံးဖြင့် ပူဇော်သော ပွဲများ ဖြစ်ပေသည်။

## ပူဇော်ပွဲ အကျိုးအမြတ်

ဤ အာစရိယ ပူဇော်ပွဲများကို လောကကြောင်းရှုထောင့်မှ ရှုမြင်သုံးသပ်ရသော် ကျေးဇူးရှင် ဆရာသမားများထံမှ အဖိုးတန်သည့် ဆုံးမစကားများကို နာကြားရခြင်း၊ ပညာရှိ သူတော်ကောင်းများ၏ ချီးမွမ်းခြင်းကို ခံရခြင်း၊ ကွဲကွာနေသည့် ဆရာအချင်းချင်း၊ တပည့်အချင်းချင်း၊ ဆရာနှင့်တပည့်တို့ ပြန်လည်တွေ့ဆုံ၍ စိတ်ချမ်းမြေ့ကြည်နူးကြခြင်း၊ ယဉ်ကျေးသူများဟု အသိအမှတ်ပြုခံရခြင်း၊ လူချစ်လူခင် ပေါများခြင်း စသော အကျိုးတရားများကို ရရှိနိုင်သည်ဟု မြင်ပါသည်။

ဓမ္မကြောင်းရှုထောင့်မှကြည့်လျှင် ပူဇော်ထိုက်သူ ဆရာများကို ပူဇော်သဖြင့် ပူဇာစ ပူဇနေယျာနမင်္ဂလာ၊ ကျေးဇူးရှင်တို့၏ ကျေးဇူးကို ပြန်လည်တုံ့ပြန်ဆပ်သဖြင့် ကတညုတာမင်္ဂလာ၊ ဆရာတို့အား လှူဒါန်း ပူဇော်သဖြင့် ဒါနမင်္ဂလာ၊ ရိုသေလေးစားသဖြင့် ဂါရဝမင်္ဂလာ၊ နိဝါတ မင်္ဂလာ၊ ဘုရားစသော သူတော်ကောင်းတို့စကားကို လိုက်နာသဖြင့် သောဝစဿတာ မင်္ဂလာ ကုသိုလ်တရားများ ဖြစ်ပွားနိုင်ကြ၍ ထိုမင်္ဂလာ ကုသိုလ်ကြောင့် 'စီးပွားချမ်းသာ၊ ကျက်သရေတိုးလို့၊ ကောင်းကျိုးစည်ပွင့် တဝေဝေ၊ ဘေးကင်းရန်ကွာ၊ ချစ်သူပေါလို့၊ ကိုယ်ရောစိတ်ရော ချမ်းသာ မလေ၊ ပြောဆိုကြံဆ၊ ဆောင်သမျှ၊ အောင်ရမည်ကျိန်းသေ' ဟူသော အကျိုးအမြတ်များကို ရရှိနိုင်ပါသည်။

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာသမားများအား ပူဇော်ကန်တော့ခြင်းသည် အပြစ်ကိုကုစားသော နည်းတစ်နည်းလည်းဖြစ်သည်။ သတ္တဝါမှန်သမျှ သံသရာခရီးသည်များချည်း ဖြစ်ကြသဖြင့် အတိတ်ဘဝများ၌ဖြစ်စေ၊ လက်ရှိဘဝ၌ဖြစ်စေ ကိုယ်နှုတ်နှလုံး သုံးပါးတို့တွင် တစ်ပါးပါးဖြင့် တစ်ဦးအပေါ်တစ်ဦး သာမန်ပြစ်မှားခဲ့မှုများ ရှိနိုင်ပေသည်။ ထိုအပြစ်တို့ကို ယခုလို တောင်းပန်ပူဇော်ကန်တော့သောနည်းဖြင့် ပပျောက်စေနိုင်သည်ဟု ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့ပါသည်။ ထို့ပြင် ဓမ္မပဒပါဠိတော် အာယုဝဍ္ဎနသတို့သားဝတ္ထု၌ 'ဆရာတို့အား ပူဇော်ကန်တော့ခြင်းသည် 'အသက်ရှည်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊ အဆင်းလှခြင်း၊ အားခွန်

ဗလရှိခြင်း' အကျိုးလေးမျိုးကို ရနိုင်သည်ဟု ဟောတော်မူထားသော ကြောင့် အသက်ရှည်ဆေးကြီး ဖြစ်သည်ဆိုက မမှားပါချေ။

အကြောင်းကိုဆိုသော် အသက်ငါးဆယ်အထိ အသက်ရှည်နိုင် သည့် အတိတ်ကံပါလာသူသည် အသက် ၂၅ နှစ်အရွယ်၌ အသက်ဘေး အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါတွင် ထို အသက်သိက္ခာ ဂုဏ်ဝါကြီးမား ဆရာများအား ပူဇော်ကန်တော့သော ကုသိုလ်က အသက်အန္တရာယ်မှ ကယ်တင်၍ မူလကံအတိုင်း အသက်ငါးဆယ်အထိရှည်အောင် ထောက်ပံ့ ကူညီသည်' ဟု ဟောတော်မူထားသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ ဆရာသမားများကို ပူဇော်ကန်တော့လေ့ရှိသူများသည် ဘယ်သောအခါမျှ ဥပစ္ဆေဒကကံဖြင့် မသေနိုင်ဟု မှတ်သားသင့်ပေသည်။

ဤသို့ ဤအာစရိယပူဇော်ပွဲသည် ဥပစ္ဆေဒကကံဖြင့် မသေနိုင်သော အသက်ရှည်ဆေးကြီးဖြစ်၍ အပြစ်ကြီးငယ်တို့ကို ပပျောက်သွားစေနိုင် သော ဓလေ့ကောင်းကြီးတစ်ခုဖြစ်သည့်ပြင် လောကဓမ္မ နှစ်ဌာနစလုံး အကျိုးရှိသည့် အစဉ်အလာကောင်းကြီးတစ်ခုဖြစ်သောကြောင့် ဗုဒ္ဓဘာသာ ဝင် သူတော်စင်တို့သည် ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံပွဲတစ်ခုအနေ ဖြင့် အမြတ်တနိုး ဆက်လက်ထိန်းသိမ်းသင့်ကြပေသည်။

❐

# သီတင်းကျွတ် သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲ

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် သီတင်းဝါလကျွတ်သည့်အခါ အသက်သိက္ခာ ဂုဏ်ဝါ ကြီးမားသည့် မိဘဘိုးဘွား ဆွေမျိုးများနှင့် ဆရာသမားတို့အား အဝတ်အစား၊ စားဖွယ်သောက်ဖွယ်များဖြင့် သွားရောက်ပူဇော်ကန်တော့လေ့ ရှိကြသည်။

ဤသို့ပူဇော်ကန်တော့ကြခြင်းမှာ 'ပူဇနေယျာနံ=ပူဇော်ထိုက်သူပုဂ္ဂိုလ်မွန်တို့ကို။ ပူဇာစ=ပူဇော်ရခြင်းသည်လည်း။ မင်္ဂလာ=မင်္ဂလာမည်၏' ဟု ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့် ပူဇနိယပူဇာမင်္ဂလာတရားတော်နှင့်အညီ ပြုလုပ်သောကြောင့် ဗုဒ္ဓယဉ်ကျေးမှုပွဲတစ်ပွဲပင် ဖြစ်ပါသည်။

ဤ သီတင်းကျွတ် သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲသည် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် သာသနာတော်တွင်း၌ ပြုလုပ်လေ့ရှိသည့် သာသနာတော်၏ ပွဲတစ်ပွဲဖြစ်သောကြောင့် မြန်မာနိုင်ငံသို့ သာသနာတော် စတင်ရောက်ရှိချိန်ကပင် စတင်ခဲ့သည်ဟု ယူဆရပေသည်။

## ပူဇော်ပွဲ အစဉ်အလာ

မှန်ပါသည်၊ ဗုဒ္ဓရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က သီတင်းဝါလ ကျွတ်သည့်အခါ တပည့်သာဝက သံဃာတော်များသည် သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်အား လာရောက်ဖူးမြော်

ကန်တော့ကြသည့် အစဉ်အလာတစ်ခု ရှိခဲ့ပေသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သာဝကများဖြစ်ကြသော ရဟန်းတော်များသည် အရပ်ဒေသ တစ်ပါး၌ ဝါကပ်ဆိုကြရသည့်တိုင်အောင် သီတင်းကျွတ်၍ ပဝါရဏာပြုပြီး သည့်အခါ ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော ဘုရားရှင် မျက်မှောက်သို့ အရောက်လာကြကာ ဘုရားရှင်အား ဖူးမြော်ကန်တော့လေ့ ရှိကြကြောင်း ကျမ်းဂန်များတွင် တွေ့ရှိရသည်။

ဤသို့သော ဗုဒ္ဓသာသနာ အစဉ်အလာကို အကြောင်းပြု၍ လောကသမ္မုတိနတ်များဖြစ်ကြသော မြန်မာဘုရင်နှင့် မိဖုရားတို့သည် လည်း သီတင်းကျွတ်သည့်အခါ ရွှေနန်းတော်ကြီးအတွင်း၌ ကန်တော့ပွဲကို ကျင်းပလေ့ရှိကြောင်း မြန်မာ့သမိုင်း မှတ်တမ်းများက ဖော်ပြကြသည်။ ဤနေရာ၌ ဒုတိယအင်းဝခေတ် စာဆိုတော်ကြီး ဆီသည်ရွာစားဦးအောင်ကြီး၊ ကုန်းဘောင်ခေတ် လှူဦးမင်းနှင့် ကိုလိုနီခေတ် စာဆိုတော် ဦးပြုံးချိုတို့၏ ရာသီဘွဲ့မှတ်တမ်းများကို သာဓကအဖြစ် ကောက်နုတ် တင်ပြလိုက်ပါ သည်။

လူတို့ထွတ်ခြာ၊ စောနရာလျှင်၊ ရတနာဒူရင်၊ မကိုဋ်ဆင်လျက်၊ သဘင်ထွတ်ကာ၊ စကြာချပ်ဆင့်၊ ရှစ်ဆိုင်းဖွင့်၍၊ စဉ်သင့်နေထား၊ ရာ့တပါးတို့၊ ဖလားငွေစိုင်၊ ရွှေခိုင်မောက်မောက်၊ ထိုက်လျောက်မြတ်နိုး၊ အုပ်ထည်မျိုးနှင့်၊ ရှိခိုးလက်ဆောင်၊ မြားမြောင်ဆင်မြင်း၊ မကြွင်းလိုက်ဖက်၊ ရတ်တရက်မြောက်ချီး၊ ထီးနှင့် တံခွန်၊ ခန့်ရန်ပူဇော် (ဦးအောင်ကြီး၏ သီတင်းကျွတ်လာဘွဲ့)။

ဝဇီရာငယ်၊ သီဟာသန၊ ဥကင်သထက်၊ ဘဝပရမေ၊ ဘုံနန်းနေတို့၊ ရွှေကန်တော့ခံ၊ ညီလာငယ်ခြံသည်၊ ကြဲကြဲခြိမ့်သဲ၊ မြတ်သဘင်ပွဲတွင်မှ (လှူဦးမင်း၏ သီတင်းကျွတ်လာဘွဲ့)။

ဆီမီးရယ်က တထိန်ထိန်၊ အိုင်မင်းရေကြည်က၊ ကြာငါးမည်၊ ငုံအာ စွင့်တယ်၊ ဖူးပွင့်ခါချိန်။

အဿဝဏီယှဉ်ကာ ချဉ်းပါလို့၊ လင်းလာတဲ့ ငွေ့တာရိန်ငယ်၊ ပြာမိုန်လျက် မြူခြေဆိုင်း၊ ဂါရဝေ သက္ကစ္စ ပဏာမေနှင့်၊ သဒ္ဒါခြွေ

ကန်တော့ပွဲကိုလ၊ မစဲပေါင်ကုသိုလ်ကို နှီးကြတယ်၊ မျိုးမြန်မာ့တိုင်း (ဦးပြုံးချို၏ သီတင်းကျွတ်လာဘွဲ့)။

## မြန်မာဘုရင်တို့ ကန်တော့ခံပွဲ

မြန်မာဘုရင်တို့ ကန်တော့ခံပွဲကျင်းပပုံမှာ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့တွင် ရွှေနန်းတော်ကြီးအတွင်း၌ မင်းညီမင်းသား မင်းဆွေမင်းမျိုးများ စုရုံး၍ ဘုရင်နှင့်မိဖုရားတို့ကို ကန်တော့ကြရသည်။

လပြည့်ကျော်နှစ်ရက်နေ့တွင် ဘုရင်မင်းမြတ်သည် သိကြားမင်းသဏ္ဌာန် ဒုရင်မကိုဋ်တို့ကို ဆင်မြန်းပြီးလျှင် မင်္ဂလာဆင်တော်ဖြင့် မြို့ကိုလှည့်လည်ကာ မြို့နေလုပ်သားပြည်သူတို့၏ ပူဇော်ကန်တော့ခြင်းကို ခံယူလေ့ ရှိပေသည်။

ထိုအခါ တိုင်းသူပြည်သား လူအများက ကောင်းချီးသြဘာပေး၍ ဆုမွန်ကောင်းတောင်းကြရသည်။ ဘုရင်မင်းမြတ်သည် သိကြားမင်းကဲ့သို့ အကျင့်သီလ ပြည့်ဝလျက် တိုင်းသူပြည်သားများ ရင်ဝယ်သားပမာ မေတ္တာရည်တူ အဖြူအမည်း မခွဲခြားဘဲ အုပ်ချုပ်ပါမည်ဟု ဝန်ခံကတိပြုသည့် အထိမ်းအမှတ်လက္ခဏာပင် ဖြစ်သည်။

ယင်းသို့ လှည့်လည်ပြီး ရွှေနန်းတော်ကြီးသို့ ပြန်ရောက်သည့်အခါ နဝရတ်ကိုးပါးဖြင့်ခြယ်သော လက်ဝတ်တော်များကို ဆင်မြန်းပြီးလျှင် မိဖုရားခေါင်ကြီးနှင့်အတူ ရာထူးအလိုက် ဝတ်စုံဆင်မြန်းထားသည့် အရာထမ်း အမှုထမ်းများ၏ ကန်တော့ခြင်းကို ခံယူတော်မူသည်။

ထို့နောက် ထီးဖြူရှစ်စင်းရံသော ဘမရာသန ပလ္လင်တော်သို့ ကြွရောက်ကာ ကျိုင်းတုံစော်ဘွား၊ သိန်းနီစော်ဘွား အစရှိသော မြို့စားနယ်စားများ၏ ပူဇော်ကန်တော့ခြင်းကို ခံယူတော်မူသည်။

ဘုရင်မင်းမြတ်အား ကန်တော့ကြသည့်အခါ အသီးသီး ကန်တော့ဆက်စာများဖြင့် လျှောက်လွှာတင်ကာ ရွှေဖလား၊ ငွေဖလား၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ တရုတ်ပုဆိုး၊ ခါသာ၊ ဖျင်နီပါး၊ ပုဆိုးဖြူ၊ ဆင်မြင်း စသည့်

လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပေသည်။ ကန်တော့ပွဲပြီးသည့်အခါ လက်ဆောင်တော်များကို လက်ဆောင်ယူမှူးများက စာရင်းနှင့်တကွ ကောက်ယူထိန်းသိမ်း၍ သက်ဆိုင်ရာသို့ ပို့ရ၏။

ကန်တော့ဆက်စာဖြင့် လျှောက်တင်ပုံမှာ စာဖတ်လျှောက်မည့်သံတော်ခံသည့်နေရာက ဦးချ၍ လွှတ်တော်အရှေ့လှေကားမှ သက်ဆင်းလျှင် လက်ဆောင်ရေးထံမှ စာကိုယူ၍ လွှတ်တော်သို့တက်ကာ စာလျှောက်မြဲအရပ်သို့ရောက်လျှင် ပုဆစ်တုပ်ပြီး စာကိုဖတ်လျှောက်ရသည်။ စာမှာ –

*ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အရှင် ဘဝရှင် မင်းတရားကြီးဘုရား၊ ဝါကျွတ် ကန်တော့ ခံယူတော်မူသည်ကို ဘုရားကျွန်တော် မင်းသား မြင်းမှူးနေရာနေ နေရာလွှတ်နေ၊ နီးခေါက်နေ၊ အမည်ရ မြင်းကြီး မင်းခေါင်း၊ သေနတ် သွေးသောက်ကြီး၊ သင်းမှူး၊ ဒိုင်းမှူး၊ အမြောက်မှူး၊ သူရဲတပ်မှူး၊ တိုက်စိုး၊ ကျီစိုး၊ စာရေး စာချီ၊ ကျေးစားရွာစား၊ အင်းစား မြေစား၊ သူဌေးသူကြွယ်၊ ဘုရားကျွန်တော်တို့ ဝါကျွတ် ကန်တော့ ရှိခိုးပူဇော်တော် ရွှေဖလား ငွေဖလား၊ ခါသာ၊ သာလှဖျင်၊ ပုဆိုးဖြူ ဘုရား ...*

ဟု လျှောက်ပြီးလျှင် သံတော်ခံတစ်ယောက်ဝင်၍ လျှောက်ရသည်။ စာမှာ –

*ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အရှင် ဘဝရှင် မင်းတရားကြီးဘုရား၊ ဝါကျွတ် ကန်တော့ခံတော်မူသည်ကို ဘုရား ကျွန်တော် ကျိုင်းရုံ၊ သိန်းဝီဘွား ဒေါဘယားမြို့စား ပြစားတို့က ရွှေဖလား၊ ငွေဖလား၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပေါက်ပင်၊ ငွေပေါက်ပင်၊ တရုတ်ပုဆိုး၊ ခါသာ၊ ဖျင်နီပါး၊ ပုဆိုးဖြူ မြင်းဘုရား ...*

ဟူ၍ ဖြစ်သည်။ ထို့အတူ ကျိုင်းတုံစော်ဘွား၊ သိန်းနီစော်ဘွား၊ ကိုးမြို့စော်ဘွား၊ ဘယားသာမိုင်း၊ ကိုင်းမားစား၊ မိုင်းတိုင်းစား၊ မိုင်းလျှည်စော်ဘွားတို့မှာလည်း ဆက်စာတစ်စောင်စီ လျှောက်ကြရသည်။ ဤသို့ လောကဗျူဟာကျမ်းခေါ် အင်ရုံစာတမ်း၌ ဖော်ပြထားပေသည်။

## လုပ်သားပြည်သူတို့၏ ဝါကျွတ်ကန်တော့ပွဲ

ဤ အစဉ်အလာများကို အစွဲပြု၍ ရှေးခေတ် ဗုဒ္ဓဘာသာဝင် မြန်မာကြီးတို့သည် သီတင်းကျွတ်သည့်အခါ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ကြရသည့် ဓလေ့ထုံးစံကောင်းတစ်ခုကို တီထွင်ခဲ့ကြဟန် ရှိပေသည်။

ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားပေါင်းစုံတို့သည် ထိုဓလေ့ ထုံးစံကောင်းကို ယနေ့အထိ လိုက်နာကြလျက် သီတင်းကျွတ်သည့်အခါ ရွာဦးကျောင်း ဘုန်းတော်ကြီးများအား လည်းကောင်း၊ နှစ်ဖက် မိဘ ဘိုးဘွားများအား လည်းကောင်း၊ ဆရာသမားများအား လည်းကောင်း၊ နှစ်ဖက်ဆွေမျိုးများထဲက သက်ကြီးဝါကြီးများအား လည်းကောင်း၊ မြို့ရွာ ရပ်ကွက်ရှိ သက်ကြီးရွယ်အိုများအားလည်းကောင်း ပေါင်မုန့်၊ ကိတ်မုန့် စသော မွန်မြတ်သည့် အစားအစာများ၊ မျက်နှာသုတ်ပဝါ၊ ပုဆိုး အင်္ကျီ စသော အဝတ်အထည်များ၊ ကျန်းမာရေးအတွက် ဆေးပစ္စည်းများဖြင့် မိမိတို့ အင်အားအလိုက် ထိုက်သလို ပူဇော်ကန်တော့လေ့ ရှိကြသည်။

ယခုခေတ်တွင် မိသားစုအလိုက် သွားရောက်၍ သက်ဆိုင်ရာ ဘိုးဘွားမိဘ ဆွေမျိုးများအား ပူဇော် ကန်တော့ကြသည့် သာမန်ပူဇော် ကန်တော့နည်းမျိုးရှိသကဲ့သို့ ရပ်ကွက်ကျေးရွာထဲရှိ၊ သို့မဟုတ် မြို့နယ် အတွင်းရှိ သက်ကြီးရွယ်အိုများအား အခမ်းအနားများဖြင့် အထူးပူဇော် ကန်တော့သည့် နည်းမျိုးလည်းရှိပေသည်။ ထို့အတူ ကျောင်းအလိုက် ကျောင်းသူကျောင်းသားများ စုပေါင်း၍ ကျေးဇူးရှင် ဆရာသမားများအား လည်းကောင်း၊ စာရေးဆရာ သတင်းစာဆရာများ စုပေါင်း၍ အသက် အရွယ် ကြီးရင့်ပြီးဖြစ်ကြသည့် စာပေပညာရှင်များအား လည်းကောင်း ခမ်းနားစွာ ပူဇော်ကန်တော့ကြသည့် အာစရိယပူဇော်ပွဲမျိုးလည်းရှိပေသည်။

## ပူဇော်ပုံ ပူဇော်နည်း နှစ်မျိုး

ပြည်ထောင်စု မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ နှစ်စဉ် ပြုလုပ်လေ့ရှိကြသည့် သီတင်းကျွတ် သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲ

များကို လေ့လာကြည့်လျှင် ဗုဒ္ဓဒေသနာတော်က ပူဇော်နည်းနှစ်မျိုးစလုံးနှင့် ပြည့်စုံသည်ကို တွေ့ရသည်။ အင်္ဂုတ္တရပါဠိတော်(ဒုက)စသည်၌ ပူဇော်ခြင်းသည် အာမိသပူဇာ၊ ဓမ္မပူဇာဟူ၍ နှစ်မျိုးရှိကြောင်း ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူထား၏။ ထိုနှစ်မျိုးတွင် ဓမ္မပူဇာကို ပဋိပတ္တိပူဇာဟု ခုဒ္ဒကပါဠ အဋ္ဌကထာ စသည်တို့၌ သုံးနှုန်းထားသည်ကို တွေ့ရသည်။

ထိုတွင် ပူဇာ ဆိုသည်မှာ သက္ကာရောတိ ဂရုံ ကရောတိ၊ မာနေတိ၊ ပူဇေတိ၊ အပစိယတိ ဟူသော ပါဠိတော် (ဒီ၊ ၂။ ၁၁၄) နှင့် ပူဇာတိ သက္ကာရ ဂရုကာရ မာနနဝန္ဒနာဟူသော အဋ္ဌကထာဖွင့်အရ ကောင်းစွာ ပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်းတို့ပင်ဖြစ်၍ မြန်မာလို ပူဇော်ဟု သုံးနှုန်းသည်။ ဆွမ်းခဲဖွယ်၊ ပန်း၊ ဆီမီး၊ ရေချမ်း စသော လှူဖွယ်ဝတ္ထု၊ ပစ္စည်းစုတို့ဖြင့် လှူဒါန်းပူဇော်ခြင်းကား ကောင်းစွာပြုမှု၊ အလေးအမြတ်ပြုမှု၊ မြတ်နိုးမှုဖြစ်၍ အာမိသပူဇာဟု ခေါ်သည်။

ဓမ္မပူဇာဆိုသည်မှာ တရားဖြင့်ပူဇော်ခြင်းဖြစ်သည်။ တရားဖြင့် ပူဇော်ခြင်းကား ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူထားသော ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏာသုတ်၊ မဟာသမယသုတ်၊ မဟာသတိပဋ္ဌာနသုတ်၊ ပဋ္ဌိစ္စ သမုပ္ပာဒ်ပါဠိ၊ ပဋ္ဌာနပစ္စယနိဒ္ဒေသ ပါဠိတော် စသည့်တရားတော်များဖြင့် ရွတ်ဆိုပူဇော်ခြင်း၊ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော တရားတော်အတိုင်း လိုက်နာ၍ ကျင့်ကြံအားထုတ်ခြင်းတို့ဖြစ်သည်။

ထို့ကြောင့် အကျင့်ပဋိပတ်ကို ကျင့်ခြင်း၊ မိဘဘိုးဘွား ဆရာသမား သက်ကြီးဝါကြီးတို့၏ ဆုံးမစကားတို့ကို လိုက်နာခြင်း၊ လှူဒါန်းပေးကမ်းစရာ ပစ္စည်းဝတ္ထုမပါဘဲ လက်အုပ်ချီမိုးရှိခိုးခြင်း စသည်တို့သည်လည်း ဗုဒ္ဓမြတ်စွာဘုရား၏ ဩဝါဒတရားကို လိုက်နာကျင့်သုံးရာ ရောက်သဖြင့် ဓမ္မပူဇာဟုပင် ခေါ်ရသည်။

### အကောင်းဆုံး ပူဇော်ခြင်း

ဤသို့ ပစ္စည်းဝတ္ထုများဖြင့် လှူဒါန်းပူဇော်ခြင်း အာမိသပူဇာနှင့်

မြတ်ဗုဒ္ဓ၏ လမ်းညွှန်ချက် တရားတော်အတိုင်း လိုက်နာကျင့်ကြံသော အားဖြင့် ပူဇော်ခြင်း ဓမ္မပူဇာနှစ်မျိုးတို့တွင် တရားတော်ဖြင့် ပူဇော်ခြင်း ဓမ္မပူဇာကို မြတ်စွာဘုရားတို့ 'အကောင်းဆုံး ပူဇော်ခြင်း' ဟု ချီးကျူးတော်မူကြသည်။

မှန်ပါသည်၊ ရှင်တော်ဗုဒ္ဓသည် ပရိနိဗ္ဗာန် စံဝင်တော့မည့်ဆဲဆဲ ပရိနိဗ္ဗာန်စံရာ ညောင်စောင်းထက်ဝယ် လဲလျောင်းစံနေတော်မူချိန်တွင် နတ်ဗြဟ္မာအပေါင်းတို့သည် ကောင်းကင်မှ ပန်းအမျိုးမျိုး၊ တူရိယာ အမျိုးမျိုး၊ နံ့သာအမျိုးမျိုး စသည်တို့ဖြင့် အလွန်အကြူး ထူးထူးခြားခြား နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်နေကြပေသည်။ ဤသို့ ပူဇော်နေကြပုံကို ဗုဒ္ဓရှင်တော်မြတ်ဘုရား တွေ့ရှိရသည့်အခါ အရှင်အာနန္ဒာအား –

"အာနန္ဒာ... ငါဘုရားကို နတ်ဗြဟ္မာတွေ ဒီလို ပူဇော်နေကြတယ်၊ ဒီလိုနည်းဖြင့် ပူဇော်ခြင်းမှာ ငါဘုရားကို ကောင်းစွာပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း၊ အရိုအသေပြုခြင်းမမည်၊ ရဟန်း ရဟန်းမဖြစ်စေ၊ ဒါယကာ၊ ဒါယိကာမဖြစ်စေ လောကုတ္တရာတရားကိုးပါး ရကြောင်း တရားကောင်းကို ကျင့်ခြင်းဖြင့် ပူဇော်မှသာ အကောင်းဆုံး ပူဇော်ခြင်းဖြစ်သည်"

ဟု ဟောတော်မူခဲ့ကြောင်း သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာန သုတ် ၁၁၄ ၌ မှတ်တမ်းတင်ထားပေသည်။

## ဘုရားချီးမွမ်းခံရသူများ

အာမိသပူဇာထက် ဓမ္မပူဇာက ပို၍ကောင်းမြတ်ပုံကို ဝတ္ထုသာဓကေ ထုတ်ဆောင်ပြပါဦးမည်။ သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင် ပရိနိဗ္ဗာန်မစံဝင်မီ လေးလအလိုတွင် ဖြစ်ပါသည်။ မြတ်စွာဘုရား နောက်လေးလအကြာတွင် ပရိနိဗ္ဗာန်စံတော့မည်ဟု သိကြရသောအခါ ရဟန္တာများမှာ ဓမ္မသံဝေဂ ဖြစ်ကြသော်လည်း ပုထုဇဉ်ရဟန်းအများစုမှာမူ မျက်ရည်များယိုစီးကျ၍ သောကပရိဒေဝ ဖြစ်ကြသည်။ 'ဘယ်လိုလုပ်ကြမလဲ' ဟု ဆွေးနွေးတိုင်ပင်ကာ နေမထိထိုင်မသာ ဖြစ်နေကြသည်။

ထိုရဟန်းတော်များတွင် အတ္တဒတ္ထ၊ တိဿနှင့် ဓမ္မာရာမ မည်သော ရဟန်းတော်သုံးပါးတို့မှာမူ 'နောက်လေးလကြာရင် ဘုရားရှင် ပရိနိဗ္ဗာန်စံ ဝင်တော့မယ်၊ ငါတို့မှာလည်း ရာဂကုန်ခန်း ရဟန္တာမဖြစ်သေး၊ ဘုရားရှင် သက်တော်ထင်ရှားရှိနေတုန်း ရဟန္တာအဖြစ်ကို အရယူသင့်တယ်' ဟု တိုင်ပင်ကြပြီး တစ်ပါးချင်းခွဲကာ တရားကိုသာ အားသွန်ခွန်စိုက် ကြိုးစားအားထုတ်နေကြသည်။ အခြားရဟန်းများထံ အသွားအလာမရှိ၊ အခေါ်အပြောလည်း မလုပ်ဘဲနေကြသတဲ့။

ထိုအခါ အခြားရဟန်းများက –

"ဒီရဟန်းတွေဟာ ဘုရားရှင်ကို ကြည်ညိုလေးစားမှုမရှိကြ၊ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်ရေးကိစ္စတွင် ပါဝင် ဆွေးနွေးမှု မပြုကြ'

ဟု ရှင်တော်ဗုဒ္ဓအား လျှောက်ထားကြသည်။

ဘုရားရှင်က ခေါ်မေးတော်မူ၍ အကြောင်းစုံ သိရှိရသည့်အခါ 'သာဓု၊ သာဓု' ဟု ချီးကျူးတော်မူပြီး 'ငါဘုရားကို ကြည်ညိုချစ်ခင် မေတ္တာဝင်သည့် ရဟန်းမှန်သမျှ ဒီ အတ္တဒတ္ထ၊ တိဿ၊ ဓမ္မာရာမ ရဟန်းတို့လို ဖြစ်သင့်ကြတယ်၊ ငါဘုရားကို ပန်း နံ့သာ စတဲ့ အာမိသတွေနဲ့ ပူဇော်ရုံမျှဖြင့် ငါဘုရားကို ပူဇော်ရာလည်းမရောက်၊ ချစ်ရာလည်းမရောက်၊ လောကုတ္တရာတရား ကိုးပါးရကြောင်း တရားကောင်းကို ကျင့်ခြင်းဆိုတဲ့ ဓမ္မပူဇာဖြင့် ပူဇော်မှသာ ငါဘုရားကို ပူဇော်ရာလည်းမြောက် ချစ်ရာလည်း ရောက်ပေသည်' ဟု မိန့်တော်မူကြောင်း ဓမ္မပဒ အဋ္ဌကထာ (ဒု-၁၀၂၊ ၁၇၃၊ ၃၆၄) ၌ လာရှိပေသည်။

## အကျိုးရှိသော ပူဇော်ကန်တော့နည်း

သီတင်းကျွတ် သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲများတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ပူဇော် ကန်တော့ပုံသည် 'တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း' ဆိုသကဲ့သို့ သူတစ်မျိုးငါတစ်ဖုံ နည်းမျိုးစုံတို့ဖြင့် ပူဇော်ကန်တော့လျက် ရှိကြသည်။ ထို့ကြောင့် ဤနေရာ၌ အကျိုးရှိသော ပူဇော်နည်းကို ဗုဒ္ဓကျမ်းဂန်နှင့်အညီ တင်ပြပါမည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မိဘဘိုးဘွား ဆရာသမားများနှင့် သက်ကြီးဝါကြီးတို့အား ဝတ္ထုပစ္စည်းဟူသော အာမိသတို့ဖြင့် ပူဇော် ကန်တော့ကြသည့်အခါ –

၁။ သဟတ္ထာ ဒေတိ (မိမိလက်ဖြင့် ပေးလှူ၏) သက္ကစ္စံ ဒါနံ ဒေတိ (ရိုသေစွာ အလှူကို ပေးလှူ၏) ဟူသော ပဉ္စကအင်္ဂုတ္တရ ပါဠိတော် လာသည့်အတိုင်း 'သူတော်ကောင်းတို့၏ဒါန (သပ္ပုရိသဒါန) မျိုး' ဖြစ်အောင် လှူဒါန်းမည့် ပစ္စည်းဝတ္ထုကို အပူဇော်ခံပုဂ္ဂိုလ်လက်သို့အရောက် ကိုယ်တိုင်လက်နှစ်ဖက်ဖြင့် ကိုင်၍ ရိုသေလေးစားစွာ ပေးလှူရမည်။

၂။ သီလဖြင့်တည်ပြီး လှူဒါန်းပေးကမ်းသောအလှူသည် အကျိုးကြီးမား၏။ (သီလေပတိဋ္ဌာယ ဒိန္နာ ဒါနံ မဟပ္ဖလံ ဟောတိ) ဟူသော ဇာတက အဋ္ဌကထာ (သသပဏ္ဍိတဇာတက) နှင့်အညီ မလှူဒါန်းမီ ငါးပါးသီလကို ကြိုတင်ခံယူဆောက်တည်ထားနိုင်လျှင် ပို၍ အကျိုးတရား ကြီးမားဖြစ်ထွန်းနိုင်သည်။

၃။ ဓမ္မပူဇာအနေဖြင့် ရှေးဦးစွာ ဘုရားရှင်အား ဂုဏ်တော်ကို ရည်မှန်းပြီး ဦးသုံးကြိမ်ချကာ ရှိခိုးပူဇော်ရမည်။

၄။ ထို့နောက် မိမိက နိမ့်ရာတွင်နေပြီး အပူဇော်ခံပုဂ္ဂိုလ်များအား ထိုပုဂ္ဂိုလ်တို့၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် အသက်သိက္ခာ ကြီးမားခြင်း၊ ဝယဝုဍ္ဍိတို့ကို အာရုံပြု၍ ဦးသုံးကြိမ်ချရမည်။

၅။ ကန်တော့သည့်အခါ မိမိတို့ရထားသည့် ဩကာသ ကန်တော့ခန်းကိုဆို၍ ရှိခိုးကန်တော့ကြရမည်။ ဩကာသ ကန်တော့ခန်းဆိုကြရာ၌ ဩကာသ၊ ဩကာသ၊ ဩကာသ။ ပ။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့နှင့်တကွ အသက်သိက္ခာ ဂုဏ်ဝါကြီးမား (အဘိုး အဘွား မိဘနှစ်ပါး၊ ဆရာသမား၊ ဦးလေး ဦးကြီး၊ ဒေါ်ကြီး ဒေါ်လေး) တို့အား အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော်

ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ဟု ဆို၍ ရှိခိုးကန်တော့ရမည်။

တစ်နည်းအားဖြင့် မိဘနှစ်ပါးကို ကန်တော့ကြသည့်အခါ –

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင် ဖခင်တို့၏ ကျွေးမွေးသုတ်သင်ပဲ့ပြင်ဆုံးမ စောင့်ရှောက်ခဲ့သမျှ ကျေးဇူးဂုဏ်ကို ရည်စူး၍ ဤ (အဝတ်အထည်ဖြင့်၊ မုန့်ဖြင့်၊ ဖယောင်းတိုင်ဖြင့်) ရိုသေလေးမြတ်စွာ ကန်တော့ပါ၏။ ဤကန်တော့ရသော ကုသိုလ်ကောင်းမှုကြောင့် ပြစ်မှားမိသောအပြစ် တစ်စုံတစ်ရာရှိခဲ့သော် ပြေပျောက်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရပါလို၏ဟု လိုရင်းအတိုချုပ်ဆို၍လည်း ကန်တော့နိုင်သည်။

သာသနာတော်ဘက်၌လည်း အချို့ကျောင်းထိုင် ဘုန်းတော်ကြီးများသည် သီတင်းကျွတ် လပြည့်နေ့ ပဝါရဏာပြုပြီးချိန်၌သော် လည်းကောင်း၊ လပြည့်ကျော်တစ်ရက်နေ့၌သော်လည်းကောင်း နောက်ပါတပည့်များနှင့်အတူ မိမိဆရာဖြစ်ခဲ့ဖူးသော ဆရာတော်ကြီးများအားဖြစ်စေ၊ အခြားသိက္ခာဝါကြီးမားသည့် ဆရာတော်ကြီးများအားဖြစ်စေ သွားရောက်ကန်တော့လေ့ရှိကြသည်။ ယင်းသို့ ကန်တော့ရာ၌ ဩကာသကန်တော့ခန်းဖြင့် ရှိခိုးကန်တော့ပြီးသည့်အခါ ပါစိတ် ပါဠိတော် စသော ဘုရားဟောပါဠိတော်ကြီးများမှာ လာရှိသည့်အတိုင်း –

အစ္စယော မံ ဘန္တေ အစ္စာဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ၊ ယွာဟံဧဝ မကာသိ၊ တဿ မေ ဘန္တေ အယျော အစ္စယံ အစ္စယတော၊ ပရိဂ္ဂဏှာတု အာယတိံသံဝရာယ။

အရှင်ဘုရား... မိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် အပြစ်သည် တပည့်တော်ကို လွှမ်းမိုးကျရောက်ခဲ့ပါပြီ၊ တပည့်တော်သည် ဤသို့မလျော်သောအမှုကို ဘဝများစွာက ပြုခဲ့မိပါပြီ၊ အရှင်ဘုရား... အရှင်ဘုရားသည် တပည့်တော်၏အပြစ်ကို အပြစ်အားဖြင့် နောင်အခါ စောင့်စည်းနိုင်ခြင်းငှာ သည်းခံခွင့်လွှတ်တော်မူပါဘုရား ...

ဟု ပါဠိလို ရွတ်ဆိုလျှောက်ထား၍ တောင်းပန်လေ့ရှိသည်ကို စာရေးသူတို့ငယ်ငယ်က တွေ့ခဲ့ရဖူးပေသည်။ ရှေးဆရာတော်၊ သံဃာတော်

များ၏ ရှိခိုးကန်တော့ပုံ အစဉ်အလာကို သိရှိမှတ်သားနိုင်ရန် တင်ပြခြင်း ဖြစ်ပါသည်။

ဤသို့ သီတင်းကျွတ် သက်ကြီးဝါကြီးပူဇော်ကန်တော့ပွဲတွင် မိဘ ဘိုးဘွားတို့က ပြန်၍ဆုပေးကြရာ၌ မိမိတို့နှစ်သက်သလို ပေးလေ့ရှိကြ ပေသည်။ သို့သော် တိုလည်းတို၊ အဓိပ္ပာယ်လည်းရှိ၊ လိုရင်းလည်း ရောက် သည့် အကောင်းဆုံးဆုပေးမှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတို့၏ ပေးရိုး ပေးစဉ် လက်သုံးဆုပေး ဖြစ်သည်။ ထိုဆုပေးကား –

"သင် အလိုရှိသော တောင့်တထားသောဆုသည် လျင်မြန်ထုတ် ချောက် အပြီးသို့ရောက်ပါစေ၊ တစ်ဆယ့်ငါးရက်ပေါ်၍ ထွက်သော လမင်း ၏ ပြည့်ဝခြင်းကဲ့သို့ ကောင်းသောအကြံအစည်မှန်သမျှ ပြည့်ဝပါစေ ..."

ဟူ၍ ဖြစ်ပါသည်။ ပါဠိအတိုင်း ဆုပေးလိုပါလျှင် –

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊

ခိပ္ပမေဝ သမိဇ္ဈတု။

သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ၊

စန္ဒော ပန္နရသော ယထာ ...

ဟု ရွတ်ဆို၍ ပေးနိုင်ကြပေသည်။

## ပူဇော်ခြင်းအကျိုး

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ နှစ်စဉ်ပြုလုပ် နေကြသည့် သီတင်းကျွတ် သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲများကို ကြည့်လျှင် ဝတ္ထုပစ္စည်းအစုစုတို့ဖြင့်လည်းကောင်း၊ လက်အုပ်ချီမိုး ရှိခိုး ကန်တော့ခြင်းဖြင့်လည်းကောင်း၊ ဗုဒ္ဓမြတ်စွာ၏ 'ပူဇာစ ပူဇနေယျာနံ' မင်္ဂလာတရားတော်နှင့်အညီ လိုက်နာ ပြုကျင့်သောအားဖြင့်လည်းကောင်း ပူဇော်ကြသော ကန်တော့ပွဲများ ဖြစ်သောကြောင့် ဗုဒ္ဓဒေသနာတော်လာ ပူဇော်နည်းနှစ်မျိုးစလုံးနှင့် ပြည့်စုံသည်ကို တွေ့ရသည်။

ဤ ပူဇော်ကန်တော့ပွဲကို လောကကြောင်းရှုထောင့်မှကြည့်လျှင် သက်ကြီးရွယ်အိုများထံမှ တန်ဖိုးရှိသည့် ဆုံးမစကားများကို နာကြားရခြင်း၊

ပညာရှိသူတော်ကောင်းများ၏ ချီးမွမ်းခြင်းကို ခံရခြင်း၊ လူချစ်လူခင် ပေါများခြင်း၊ လိမ္မာယဉ်ကျေးသူများဟု အသိအမှတ်ပြုခံရခြင်း စသော အကျိုးတရားများကို အနည်းအများရရှိနိုင်ကြောင်း တွေ့ရသည်။ ဓမ္မကြောင်းရှုထောင့်မှကြည့်လျှင် စက္ကဝတ္တိသုတ်အရ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း၊ ပညာကြီးခြင်းဟူသော အကျိုးတရားငါးပါးကို ယခုမျက်မှောက်ဘဝ၌ပင် ပြည့်စုံနိုင်သည်ဖြစ်၍ တမလွန်၌ သုဂတိဘဝသို့ ရောက်နိုင်လေသည်။

ဗုဒ္ဓတရားတော်အရ ပူဇာစ ပူဇနေယျာနံ မင်္ဂလာ၊ ဒါန မင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတာမင်္ဂလာ၊ သောဝစဿတာ မင်္ဂလာ ဟူသော မင်္ဂလာတရားတော်များဖြစ်၍ မင်္ဂလသုတ်လာ 'ဧတာဒိသာနိ ကတွာန သဗ္ဗတ္ထ မပရာဇိတာ' စသော မင်္ဂလာအကျိုးပြဂါထာအရ ပြောဆိုကြံဆ ဆောင်သမျှ အောင်မြင်ရခြင်း၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း စသော အကျိုးတရားများကို ရရှိခံစားနိုင်ပေသည်။

ထို့ပြင် ဓမ္မပဒ ပါဠိအဋ္ဌကထာလာ အာယုဝဍ္ဎနသတို့သားဝတ္ထု၌လည်း သက်ကြီးရွယ်အိုများအား ရှိခိုးပူဇော်ခြင်း၊ ရိုသေလေးစားခြင်း၊ ပြုစုလုပ်ကျွေးခြင်းတို့ကို အမြဲတစေပြုလုပ်သောသူသည် အသက်ရှည်ခြင်း စသော အကျိုးတရားလေးပါး ရရှိနိုင်သည်ဟု ဟောတော်မူထားပါသည်။

အထူးသဖြင့် သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ခြင်းသည် အသက်ရှည်ဆေးကြီးဖြစ်သည်ဟု ဆိုသင့်ပေသည်။ အကြောင်းကိုဆိုသော် အသက်ငါးဆယ်အထိ အသက်ရှည်နိုင်သည့် အတိတ်ကံပါလာသောသူသည် အသက် နှစ်ဆယ့်ငါးနှစ်အရွယ်၌ အသက် ဆုံးရှုံးလောက်သည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါတွင် ထိုသက်ကြီးဝါကြီးတို့ကို ပူဇော်ကန်တော့သည့် ကုသိုလ်က အသက်အန္တရာယ်မှ ကယ်တင်၍ မူလကံအတိုင်း အသက်ငါးဆယ်အထိ ရှည်အောင် ထောက်ပံ့ကူညီနိုင်သည်ဟု ထိုဝတ္ထု၌ပင် ဖော်ပြထားသောကြောင့် ဖြစ်ပေသည်။

သို့ဖြစ်၍ သက်ကြီးဝါကြီးများအား ရိုသေလေးစားသူများ၊ ပူဇော်ကန်တော့သူများသည် ဥပဓ္ဓေဒကကံဖြင့် မည်သည့်အခါမျှ မသေနိုင်ဟု နားလည်ထားရပေမည်။ ဘဝတစ်ခု၌ မူလကံအတိုင်း အသက်ရှည်အောင် နေနိုင်ရဖို့ အရေးသည် အရေးအကြီးဆုံးဖြစ်၏။ ထို့ကြောင့် အသက်ရှည်လိုသူတိုင်း အကျိုးရှိသော အစဉ်အလာတစ်ရပ်ဖြစ်သည့် သက်ကြီးဝါကြီး ပူဇော်ကန်တော့မှု၊ ရိုသေလေးစားမှုတို့ကို ထာဝစဉ်ပြုလုပ်သင့်ကြပေသည်။

## အပြစ်ပပျောက်စေနိုင်သည့် ဓလေ့ကောင်း

သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်းသည် အပြစ်ကိုကုစားသော (ဝါ) အပြစ်ကို ပပျောက်စေနိုင်သော နည်းတစ်နည်းဖြစ်သည်။ မှန်၏၊ သတ္တဝါမှန်သမျှ သံသရာ ခရီးသည်များချည်း ဖြစ်ကြသဖြင့် အတိတ်ဘဝများ၌ဖြစ်စေ၊ ယခုဘဝ၌ဖြစ်စေ ကိုယ်နှုတ်နှလုံး သုံးပါးတို့တွင် တစ်ပါးပါးဖြင့် တစ်ဦးအပေါ် တစ်ဦး ပြစ်မှားခဲ့မှုများ ရှိနိုင်ပေသည်။ ထိုအပြစ်တို့ကို တောင်းပန်ပူဇော် ကန်တော့သောနည်းဖြင့် ပပျောက်စေနိုင်သည်ဟု ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့ပါသည်။

အကယ်၍ ယခုလက်ရှိဘဝ၌ ပြစ်မှားခဲ့မိပါက ပြစ်မှားခံရသူထံမှောက်သို့ အရောက်သွားကာ မိမိနှင့်အသက်အရွယ်တူပါက၊ သို့မဟုတ် မိမိအောက် အသက်ငယ်ပါက မတ်တတ်ရပ်လျက် 'ကျွန်တော်သည် ပုထုဇဉ် ဖြစ်သည့်အလျောက် သင့်ကို ဤပုံဤနည်း ပြစ်မှားမိခဲ့ပါသည်။ ထိုအပြစ်များကို သည်းခံခွင့်လွှတ်တော်မူပါ' ဟု ပြောဆို တောင်းပန်ရသည်။

မိမိထက်အသက်ကြီးသူဖြစ်ပါက လက်အုပ်ချီမိုး ရှိခိုးကန်တော့ကာ အထက်ပါအတိုင်း တောင်းပန်ရသည်။ အကယ်၍ သည်းမခံခဲ့သော်လည်းကောင်း၊ ခရီးထွက်သွားခဲ့သော်လည်းကောင်း ထိုသူအိမ်သို့ သွား၍ သူ၏ဇနီးသည်ထံဖြစ်စေ၊ မိဘများထံဖြစ်စေ မိမိအောက်ငယ်က မတ်တတ်ရပ်လျက်၊ အသက်ကြီးသူဖြစ်က ရှိခိုးကန်တော့လျက် 'ကျွန်တော်သည်

ထိုသူကို ဤကဲ့သို့ ပြစ်မှားခဲ့မိပါသည်။ သူသည် ထိုအပြစ်ကို သည်းခံပါစေ' ဟု တောင်းပန်ရသည်။

မတောင်းပန်မီ ထိုသူကွယ်လွန်သွားခဲ့သော် အလောင်းရှိသေးလျှင် အလောင်းရှိရာသို့၊ မရှိတော့လျှင် သေဆုံးရာဌာနသို့ ဖြစ်စေ၊ မြှုပ်နှံရာ သင်္ချိုင်းသို့ဖြစ်စေ သွားရောက်၍ အထက်ပါအတိုင်း တောင်းပန်ကန်တော့ရ၏။

ယင်းသို့ပြုလုပ်ပါက အလွန်အပြစ်ကြီးလေးသော အမိသတ်ခြင်း စသည့် ကံကြီးငါးပါးမှတစ်ပါး အခြား ကံကြီးကံငယ်များ ပပျောက်နိုင်သည်ဟု ဖွင့်ဆိုထား၏။ ထိုပူဇော်ကန်တော့သောကံသည် အာနန္တရိယကံ ငါးမျိုးနီးပါးလောက် အပြစ်ကြီးလေးသော အရိယာကို ပြစ်မှားစွပ်စွဲမိသည့်ကံ (အရိယူပဝါဒ) ကိုပင် ပယ်ဖျောက်နိုင်သည်ဟု ပါရာဇိကဏ် အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ဒိဗ္ဗစက္ခုဉာဏကထာအဖွင့်၌ ဝတ္ထုသက်သေနှင့်တကွ ဖွင့်ဆိုထားသည်ကို လေ့လာဖတ်ရှုရပေသည်။)

ဓမ္မပဒ အဋ္ဌကထာလာ သောရေယျသူဌေးသားဝတ္ထု၌လည်း သောရေယျသူဌေးသားသည် ရုပ်ရည် ချောမောလှပသည့် ရှင်မဟာကစ္စည်း မထေရ်အား စိတ်ဖြင့် ပြစ်မှားမိခဲ့သဖြင့် တစ်ခဏချင်း ယောကျ်ားဘဝမှ မိန်းမဘဝသို့ ရောက်ရှိသွားခဲ့ရသည်။ နောက် ထိုရှင်မဟာကစ္စည်း မထေရ်အားပင့်ဖိတ်၍ ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပူဇော်ကာ တောင်းပန်ခဲ့သဖြင့် ယောကျ်ားဘဝသို့ ပြန်ရောက်ရသည်ကို တွေ့ရပေသည်။

ထို့ကြောင့် ဤ သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲသည် လောကကျိုး တမလွန်ကျိုးများရှိသည့်ပြင် ပြစ်မှားမိခဲ့သည့် အပြစ်ကြီးငယ်တို့ကို ပပျောက်သွားစေနိုင်သော ဓလေ့ကောင်း၊ အကျိုးရှိသော အစဉ်အလာကောင်း တစ်ခုဖြစ်၍ မြန်မာ့ယဉ်ကျေးမှုအနေဖြင့် မြတ်နိုးစွာ အစဉ် ထိန်းသိမ်းထားသင့်ကြပေသည်။

□

# အသံမစဲ ပဌာန်းရွတ်ဆို ပူဇော်ပွဲ

မျက်မှောက်ခေတ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် မြို့ရွာအနှံ့အပြား၌ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ရဟန်းတော်များ ဦးဆောင်မှုဖြင့် အသံမစဲ ပဌာန်းရွတ်ဆိုပူဇော်ပွဲများကို ကျင်းပပြုလုပ်လျက်ရှိကြသည်။ အထူးသဖြင့် ဤလေးငါးနှစ်အတွင်း၌ အသံမစဲ ပဌာန်းရွတ်ဆိုပူဇော်ပွဲများကို ပိုမိုကျင်းပပြုလုပ်လာကြသည်ကို တွေ့ရသည်။ ဤအသံမစဲ ပဌာန်းရွတ်ဆိုပွဲကား ဗုဒ္ဓတရားတော်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့်ပွဲဖြစ်သောကြောင့် ဗုဒ္ဓယဉ်ကျေးမှုပွဲတစ်ပွဲပင်ဖြစ်ပါသည်။

စာရှုသူများသိကြသည့်အတိုင်း ဤပူဇော်ပွဲဖြစ်ပေါ်လာသည်မှာ အချိန်ကာလ မကြာလှသေးပါချေ။ သို့သော် ဤပူဇော်ပွဲကို မည်သည့်ရည်ရွယ်ချက်ဖြင့်ကျင်းပသည်၊ မည်သည့်အချိန်တွင် မည်သည့်နေရာမှ စတင်ပေါ်လာသည်၊ ပူဇော်ပွဲကို မည်သို့ကျင်းပပြုလုပ်ကြသည်၊ ယင်းသို့ ပူဇော်ပွဲ ကျင်းပပြုလုပ်သဖြင့် မည်သည့်အကျိုးများရနိုင်သည် စသည့်အချက်တို့ကိုကား သိသူ အလွန်ရှားပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့ခေတ်တွင် ကျယ်ကျယ်ပြန့်ပြန့်ပေါ်လာသည့် ဤပူဇော်ပွဲအကြောင်းကို သုတေသီအစဉ်အဆက်တို့လေ့လာသိရှိနိုင်ကြရန် လက်လှမ်းမီသလောက် သုတေသနပြု၍မှတ်တမ်းတင်ပါမည်။

ဤပူဇော်ပွဲအကြောင်းကို မတင်ပြမီ ရှေးဦးစွာ ဤပူဇော်ပွဲနှင့်ပတ်သက်၍ ကြိုတင်သိထားသင့်သည့် 'ပဋ္ဌာန်း' အကြောင်းကို မကျဉ်းမကျယ်မှတ်သားဖွယ် အချက်အလက်များဖြင့် တန်ဆာဆင်၍ တင်ပြပါမည်။

## ပဋ္ဌာန်းဆိုတာ ဘာလဲ

ပဋ္ဌာန်းဆိုသည့် ဝေါဟာရကို ဗုဒ္ဓဘာသာဝင်တိုင်းလိုလို ခေါ်ဝေါ် သုံးစွဲနေကြသည်။ အသံမစဲ ပဋ္ဌာန်း ရွတ်ဆိုပွဲများ ပေါ်လာသည့်အခါ၌မူ ဤဝေါဟာရနှင့်ပို၍ ရင်းနှီးလာကြသည်။ သို့သော် ပဋ္ဌာန်းဆိုတာ ဘုရား ဟောပါဠိပဲပဲဟုသာ သိထားကြသည်။ ထို့ထက်ပို၍ မသိကြချေ။ ကျွန်ုပ်တို့ ကိုးကွယ်နေသော သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်သည် ဘုရား ဖြစ်တော်မူသည်မှ ပရိနိဗ္ဗာန် ဝင်စံတော်မူခါနီးအထိ ၄၅ နှစ်တိုင်တိုင် တရားတော်အမျိုးမျိုးကို ဟောကြားလမ်းညွှန်တော်မူခဲ့ပါသည်။

ထိုတရားတော်များမှာ ပိဋကတ်အားဖြင့် သုတ္တန် ပိဋကတ်၊ ဝိနည်း ပိဋကတ်၊ အဘိဓမ္မာပိဋကတ်ဟူ၍ ပိဋကတ်သုံးပုံရှိသည်။ နိကာယ်အားဖြင့် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ ခုဒ္ဒကနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ သံယုတ္တ နိကာယ် ဟူ၍ နိကာယ်ငါးခုရှိသည်။

ပဋ္ဌာန်းတရားတော်မှာ နိကာယ်ငါးခုတွင် ခုဒ္ဒလာနိကာယ်၌ ပါဝင်၍ ပိဋကတ်သုံးပုံတွင် အဘိဓမ္မာပိဋကတ်တွင် ပါဝင်ပါသည်။ အဘိဓမ္မာပိဋကတ်တွင် ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း စသည်ဖြင့် ကျမ်း ပေါင်း ခုနစ်ကျမ်းရှိရာ ပဋ္ဌာန်းကျမ်းကြီးမှာ သတ္တမကျမ်း ဖြစ်ပါသည်။ ပဋ္ဌာန်းကျမ်းတွင် ပထမအုပ်၊ ဒုတိယအုပ် စသည်ဖြင့် အုပ်ပေါင်းငါးအုပ် ရှိ၍ စာမျက်နှာပေါင်း ၂၆၄၀ ရှိသည်။ ထို့ကြောင့် ပဋ္ဌာန်းဆိုသည်မှာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့တွင် အလွန်နက်နဲခက်ခဲသည့် အဘိဓမ္မာ တရားတော်ဖြစ်၍ စာအုပ်ပေါင်း ငါးအုပ်၊ စာမျက်နှာပေါင်း ၂၆၄၀ ရှိသည့် တရားတော်ဖြစ်သည်ဟု အကျဉ်းချုပ် သိထားရန် ဖြစ်ပါသည်။

## ပဋ္ဌာန်းအမည်ရပုံ

အဘိဓမ္မာတရားတော်များကား သုတ္တန်တရား၊ ဝိနည်းတရားတော် များကဲ့သို့ လူ့ပြည်၌ (အကျယ်) ဟောကြားတော်မူသည့် တရားတော် မဟုတ်၊ တာဝတိံသာနတ်ပြည်၌ မယ်တော်နတ်မိအမှူးပြုသော နတ် ဗြဟ္မာအပေါင်းအား ဝါတွင်းသုံးလပတ်လုံး ဣရိယာပုတ်တစ်ခုတည်းဖြင့်

အသံမစဲ ဆက်တိုက် ဟောကြားတော်မူခဲ့သည့် တရားရှည်ကြီးတစ်ပုဒ် ဖြစ်ပါသည်။ သို့ရာတွင် ဟောပုံဟောနည်းမတူ ကွဲပြားခြားနားရကား မွေသင်္ဂဏီနည်း၊ ဝိဘင်းနည်း စသော ဟောနည်းအားလျော်စွာ ကျမ်းပေါင်းခုနစ်ကျမ်းအထိ ကျယ်ဝန်းရှည်လျားခြင်း ဖြစ်ပါသည်။

ရှင်တော်ဗုဒ္ဓသည် မွေသင်္ဂဏီစသော အထက်အဘိမ္မော ငါးကျမ်းတို့ဖြင့် ခန္ဓာ၊ အာယတန၊ ဓာတ် စသော ပရမတ္ထသစ္စာတရားနှင့် ပုဂ္ဂိုလ်သတ္တဝါစသော သမ္မုတိသစ္စာတရားနှစ်ပါးတို့ကို အပြည့်အစုံ ဝေဖန်ပြောကြားပြီးနောက် သတ္တဝါဟူသော သတ္တလောကနှင့် ခန္ဓာ အာယတန ဓာတ်စသော သင်္ခါရလောကနှစ်ပါးတို့ အချင်းချင်း ဆက်သွယ်ကြပုံ၊ သုံးဆယ့်တစ်ဘုံဟူသော ဩကာသလောကနှင့် ထိုသတ္တလောက၊ သင်္ခါရလောကနှစ်ပါးတို့အချင်းချင်း ဆက်သွယ်တည်ရှိနေကြပုံကို ခြောက်ကျမ်းမြောက်ဖြစ်သော ယမိုက်နည်းဖြင့် ဆက်လက်ဟောကြားတော်မူပါသည်။

ထို့နောက် ပုဂ္ဂိုလ်သတ္တဝါဟူသော သတ္တလောကသည်လည်းကောင်း၊ ရုပ်နာမ်တရားဟူသော သင်္ခါရလောကသည် လည်းကောင်း၊ သုံးဆယ့်တစ်ဘုံဟူသော ဩကာသလောကသည် လည်းကောင်း မည်သို့သော အကြောင်းကြောင့် ဖြစ်ပေါ် တည်ရှိနေကြသနည်း၊ တန်ခိုးရှင်တစ်ဦးက ဖန်ဆင်း၍ ဖြစ်လာကြသလော၊ အကြောင်းမဲ့သက်သက် ဖြစ်လာကြသလော ဟူသော ပြဿနာရပ်များကို ဖြေရှင်းရန် နောက်ဆုံး ၂၄ ပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းအကျိုး ဆက်စပ်ကာ နိဂုံးချုပ် ဟောကြားတော်မူပါသည်။

လောကသုံးပါးသည် တန်ခိုးရှင် ဖန်ဆင်းမှုကြောင့်လည်း ဖြစ်ပေါ်လာသည်မဟုတ်၊ အကြောင်းကင်း၍လည်း ဖြစ်ပေါ်လာသည်မဟုတ်၊ ရုပ်နာမ်တရားတို့အချင်းချင်း ကြောင်းကျိုးဆက်ကာ ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်ဟု ၂၄ မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် စကြဝဠာလောကဓာတ်အတွင်းရှိ သဘာဝတရားတို့ ဖြစ်ပေါ်တည်ရှိနေပုံကို အပြည့်အစုံ ဝေဖန်ရှင်းလင်း ဟောကြားသောနည်း ဖြစ်သည်။

'ပဋ္ဌာန်း' ဟူသော ဝေါဟာရမှာ 'ပဋ္ဌာန' ဆိုသည့် ပါဠိဝေါဟာရမှ ဆင်းသက်လာသော ပါဠိသက် မြန်မာဝေါဟာရဖြစ်သည်။ အမျိုးမျိုး

အစားစားသော အကြောင်းတရားဟု အဓိပ္ပာယ်ရသည်။ (ပ=အမျိုးမျိုး အစားစားသော+ဌာန=အကြောင်းတရား) ရုပ်နာမ်တရားအားလုံးတို့ ဖြစ်ပေါ်တည်ရှိနေခြင်း၏ အကြောင်းတရားအမျိုးမျိုးတို့ကို ဟောကြားတော်မူသောကျမ်းဟု ဆိုလိုပါသည်။

## အနန္တနယသမန္တ ပဋ္ဌာန်းကျမ်း

ပဋ္ဌာန်းဆိုသည်မှာ အတိုကောက်ခေါ်သော အမည်ဖြစ်၏။ နာမည်အပြည့်အစုံမှာ 'အနန္တနယသမန္တ ပဋ္ဌာန်းကျမ်း' ဖြစ်ပါသည်။ အဆုံးအပိုင်းအခြားမရှိသော နည်းတို့ဖြင့် ထက်ဝန်းကျင်ပြည့်စုံသည့်ကျမ်းဟု အဓိပ္ပာယ်ရ၏။ အနန္တနယ သမန္တ ပဋ္ဌာန်းကျမ်းဟူသော အမည်တွင် 'သမန္တ' သဒ္ဒါသည် ထက်ဝန်းကျင်ဟူသော အဓိပ္ပာယ်၊ အလုံးစုံဟူသော အဓိပ္ပာယ် တို့ကို ပြဆိုသည်။ ပဋ္ဌာန်းကျမ်းသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း –

၁။ ဓမ္မအနုလုံ၊

၂။ ဓမ္မပစ္စနိက်၊

၃။ ဓမ္မအနုလောမ ပစ္စနိက်၊

၄။ ဓမ္မပစ္စနီယာနုလောမ

ဟူသော နည်းကြီးလေးမျိုးတို့ဖြင့် ထက်ဝန်းကျင်၌ ခြောက်ကျမ်းစီ အလုံးစုံပြည့်စုံပေသည်။ ထို့ကြောင့် အဋ္ဌကထာဆရာကြီးများက 'သမန္တ' ဟူသော ဂုဏ်ပုဒ်ဖြင့် အထူးပြုကာ 'သမန္တပဋ္ဌာန်းကျမ်း' ဟု ခေါ်ခဲ့ကြသည်။ ထက်ဝန်းကျင်ဆိုသည်မှာ ပဋ္ဌာန်းကျမ်း၏ အစ၊ အလယ်၊ အဆုံးနေရာ အားလုံးဖြစ်၍ ပဋ္ဌာန်းကျမ်းကို အစ၊ အလယ်၊ အဆုံး မည်သည့်နေရာက ကြည့်ကြည့် ထပ်ဖြည့်စရာ နုတ်ပယ်စရာမရှိ အားလုံးဘက်စုံပြည့်စုံနေသည့်ကျမ်းဟု ဆိုလိုပါသည်။ အနန္တနယဟူသောပုဒ်သည် အဆုံးအပိုင်းအခြားမရှိသောနည်းဟု အဓိပ္ပာယ်ရသည်။

ပဋ္ဌာန်းကျမ်းတွင် –

၁။ ပုစ္ဆာဝါရ စသောနည်း၊

၂။ ဓမ္မအနုလုံ စသောနည်း၊

၃။ ပဋ္ဌိစ္စဝါရ စသောနည်း

စသောနည်းတို့ဖြင့် အဆုံးအပိုင်းအခြားမရှိ ကမ်းမမြင် လမ်းမမြင်၊ သမုဒ္ဒရာထက်ပင် ကျယ်ဝန်း၍နေသောကြောင့် ဋီကာဆရာကြီးများက 'အနန္တနယပဋ္ဌာန်းကျမ်း' ဟု အမည်ပေးကြပြန်သည်။ ယခုခေတ် ပညာရှင်များကမူ အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့ခေါ်ခဲ့ကြသော အမည်နှစ်ခုတို့ကို ပေါင်းစပ်၍ 'အနန္တနယ သမန္တ ပဋ္ဌာန်းကျမ်း' ဟု ခေါ်ဆိုကြလေသည်။ (အနန္တနယ=အဆုံးအပိုင်းအခြားမရှိသောနည်းတို့ဖြင့်+သမန္တပဋ္ဌာန=ထက်ဝန်းကျင်ပြည့်စုံသော ပဋ္ဌာန်းကျမ်း)။

## နက်နဲကြီးကျယ် ကျမ်းပင်လယ်

ပဋ္ဌာန်းတရားတော်သည် နက်လည်းနက်သည်၊ ကျယ်လည်းကျယ်ဝန်းပေသည်။ ပဋ္ဌာန်းတရားတော်၏ နက်နဲကြီးကျယ်ပုံကို လောကဥပမာများဖြင့် ဖော်ပြရန် မလွယ်ကူလှပေ။ သို့သော် အနီးကပ်ဆုံးခန့်မှန်းနိုင်ရန် ပင်လယ်သမုဒ္ဒရာနှင့် နှိုင်းယှဉ်လေ့ရှိပါသည်။ ပဋ္ဌာန်းတရားတော်သည် ပင်လယ်သမုဒ္ဒရာကဲ့သို့ နက်လည်းနက်သည်။ နည်းပေါင်းများစွာဖြင့် တန်ဆာဆင်ထားသဖြင့် ကျယ်လည်းကျယ်ပေသည်။

သို့ရာတွင် ပင်လယ်သမုဒ္ဒရာ၏အနက်သည် အောက်ပထဝီမြေကြီးတွင် အဆုံးရှိသောကြောင့် တိုင်းတာလျှင် ရနိုင်သည်။ ပဋ္ဌာန်းတရားတော်၏နက်နဲမှုကိုကား သတ္တဝါတို့၏ဉာဏ်ဖြင့် အဆုံးအထိ တိုင်းတာ၍ မရနိုင်၊ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ဖြင့်သာ အဆုံးအထိ တိုင်းတာနိုင်သည်။

ထို့အတူ ပင်လယ်၏ အကျယ်အဝန်းသည်လည်း 'ဆုံးစမထင် ပင်လယ်ပြင်' ဟု အဆိုရှိသော်လည်း ကမ်းတွင် အဆုံးသတ်ထားသောကြောင့် ပင်လယ်၏အဆုံးကိုရှာလျှင် တွေ့နိုင်၏။ ပဋ္ဌာန်းတရားတော်၏အဆုံးကိုကား သတ္တဝါတို့၏ဉာဏ်ဖြင့် မမီနိုင်သောကြောင့် မည်သို့ပင် ဉာဏ်စွမ်းထုတ်၍ ရှာစေကာမူ တွေ့နိုင်မည်မဟုတ်ချေ။ ဤသို့ ပဋ္ဌာန်း

တရားတော်သည် ပင်လယ်သမုဒ္ဒရာထက် နက်လည်းနက်သည်။ ကျယ်လည်း ကျယ်ပေသည်။ မှန်ပါသည်၊ တစ်ချိန်သောအခါက သီရိလင်္ကာနိုင်ငံ၌ သီတင်းသုံးနေတော်မူသော မဟာဂတိ ဂမိယတိဿ ဒတ္တ မထေရ်ကြီးသည် မဟာဗောဓိပင်ကို ဖူးမြော်ကန်တော့ရန် သီရိလင်္ကာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ သင်္ဘောစီး၍ ပင်လယ်ခရီးဖြင့် ကြွတော်မူခဲ့လေသည်။ မထေရ်ကြီးသည် ဆုံးစမမြင် ပင်လယ်ပြင်ကြီးကို သင်္ဘောဖြင့် ဖြတ်ကူးနေစဉ် သင်္ဘောပေါ်မှ ပင်လယ်ပြင်ကြီးကို မျှော်ကြည့်ကာ –

"ဤပင်လယ်သမုဒ္ဒရာကြီးကား အလွန်ကျယ်ဝန်းလှပါတကား၊ အရှေ့ဘက်ကမ်းကိုလည်း မမြင်ရ၊ အနောက်ဘက်ကမ်းကိုလည်း မမြင်ရပါတကား၊ လှိုင်းတံပိုးအဟုန်ကြောင့် ရေမှုန်ရေမွှားများ တဖွားဖွားထနေတဲ့ ငွေပြားအသွင် ပင်လယ်ပြင်ကြီးကိုသာ တွေ့ရပါကလား"

ဟု တင်စားမိရာမှ မိမိ လေ့လာအားထုတ်ခဲ့ဖူးသည့် ပဋ္ဌာန်းတရားတော်ကြီးကို သွားသတိရသည်။ ထိုအခါ 'ပဋ္ဌာန်းနှင့်ပင်လယ် မည်သည်က ကျယ်သနည်း၊ မည်သူက နက်သနည်း' ဟု ပင်လယ်နှင့် ပဋ္ဌာန်းကို နှိုင်းယှဉ် ခန့်မှန်းကြည့်သည်။

ထို့နောက် 'ပင်လယ်သမုဒ္ဒရာကား အလွန် ကျယ်ဝန်းသည်ဟု ဆိုရငြားသော်လည်း အောက်ဘက်တွင် မဟာပထဝီမြေကြီး၊ အထက်တွင် ကောင်းကင်ပြင်၊ ဘေးတစ်ဖက်၌ ကမ်းခြေ၊ အခြားဘေးတစ်ဖက်၌ စကြဝဠာတံတိုင်းကြီးများ ရှိနေကြသဖြင့် အဆုံးအပိုင်းအခြား ရှိပေသေး၏။ ပဋ္ဌာန်းတရားတော်ကြီးမှာမူ နည်းစုံ ပြွမ်း၍ ဆုံးခန်းမမြင် အလွန်ပင် ကျယ်ဝန်းနက်နဲလှပေတကား' ဟု စဉ်းစားမိလေရာ ပဋ္ဌာန်းတရားတော်၌ အလွန်ကြည်ညိုသည့် သဒ္ဓါတရားများ ဖြစ်ပွားလာခဲ့ပါသည်။ ထိုသဒ္ဓါကို အခြေပြု၍ ဝမ်းမြောက်ခြင်း သောမနဿ၊ နှစ်သက်ခြင်းပီတိ၊ ရွှင်လန်းခြင်း ပါမောဇ္ဇတရားများ ဆင့်ကာ ဆင့်ကာ ဖြစ်ပွားလာပြီး ယင်းတရားများကို ပယ်ခွာကာ ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ပွားများလေရာ တစ်ထိုင်တည်းမှာပင် ကိလေသာကုန်ခန်း ရဟန္တာ ဖြစ်သွားခဲ့ဖူးလေသည်။ (အဋ္ဌသာလိနီအဋ္ဌကထာ၊ ၁၂)

**ပဋ္ဌာန်းတရားတော်နှင့် သဗ္ဗညုတဉာဏ်တော်**

ပဋ္ဌာန်းတရားတော်၏ ကျယ်ဝန်းနက်နဲပုံကို သာဓကဆောင်၍ ပြပါဦးမည်။ သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားဖြစ်တော်မူပြီး မဟာဗောဓိပင်၏ အနောက်ဘက်အရပ် ရတနဃရ (ရတနာ=အဘိဓမ္မာ ခုနစ်ကျမ်းဟူသော ရတနာတို့ကို+ဃရ=သုံးသပ်ရာ အိမ်တော်) စံအိမ်တော်၌ စတုတ္ထသတ္တာဟအဖြစ် ခုနစ်ရက် စံနေတော်မူပါသည်။ ယင်းသို့ စံနေတော်မူစဉ် အဘိဓမ္မာ ခုနစ်ကျမ်းကို သုံးသပ် ဆင်ခြင်တော်မူလေသည်။

ရှေးဦးစွာ ဓမ္မသင်္ဂဏီ ကျမ်းကြီးမှစ၍ အစဉ်အတိုင်း သုံးသပ်ဆင်ခြင်တော်မူရာ ခြောက်ကျမ်းမြောက် ဖြစ်သည့် ယမိုက်ကျမ်းကြီးအထိ အံ့ဖွယ်သရဲ ထူးထူးကဲကဲ ဖြစ်ပေါ်မလာသေးပေ။ နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသည့်အခါမှသာ ကိုယ်တော်မြတ်မှ ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူး ထွက်ပေါ်လာခဲ့ပေသည်။ ဤသို့ဖြစ်ပေါ်ခြင်းသည် အဘိဓမ္မာ တရားတော်ချင်း တူသော်လည်း ဆင်ခြင်ပုံဆင်ခြင်နည်း ကွဲပြားခြားနားသောကြောင့် ဖြစ်ပါသည်။

မှန်ပါသည်၊ အဘိဓမ္မာတရားတော်များကို ဓမ္မသင်္ဂဏီနည်း၊ ဝိဘင်္ဂနည်း၊ ဓာတုကထာနည်း၊ ပုဂ္ဂလ ပညတ္တိနည်း၊ ကထာဝတ္ထုနည်း၊ ယမကနည်းဟူသော နည်းခြောက်မျိုးတို့ဖြင့် သုံးသပ်ဆင်ခြင်တော်မူသည့်အခါ ဆင်ခြင်သုံးသပ်နည်းမှာ ကျယ်သင့်သလောက်ကျယ်ပြောသော်လည်း သဗ္ဗညုတဉာဏ်တော်စွမ်းအားနှင့် နှိုင်းစာလျှင် ဉာဏ်တော်စွမ်းအားက ကျယ်နေပြီး ဆင်ခြင်သုံးသပ်နည်းများက ကျဉ်းနေရကား ဉာဏ်တော်ကြီးမှာ စွမ်းအားရှိတိုင်း လူးလွန့်ကွန့်မြူးနိုင်ခွင့် မရခဲ့ပါချေ။

ပဋ္ဌာန်းနည်းဖြင့် ဆင်ခြင်သုံးသပ်တော်မူသည့်အခါမှသာ ပဋ္ဌာန်းနည်းကလည်း အဆုံးအပိုင်းအခြားမရှိ အနန္တ၊ သဗ္ဗညုတဉာဏ်တော်ကြီးကလည်း အဆုံးအပိုင်းအခြားမရှိ အနန္တဖြစ်လေသောကြောင့် ဉာဏ်တော်က ကွန့်မြူးလေလေ တရားတော်ကလည်း ကျယ်လာလေလေဖြစ်သည်။

ထိုအခါမှသာ သဗ္ဗညုတဉာဏ်တော် အစွမ်းရှိသမျှ ကွန့်မြူးကျက်စား နိုင်ခွင့်ရလေသည်။

ဥပမာအားဖြင့် မိုင်ပေါင်းများစွာ ရှည်လျား ကြီးကျယ်သည့် တိမိရပိင်္ဂလ စသော ငါးကြီးများသည် ပင်လယ်ကမ်းခြေပိုင်းကဲ့သို့သော ကျဉ်းမြောင်း ရေတိမ်သည့်နေရာမျိုးတို့၌ ကြိုက်သလို မကျက်စား မပျော် မြူးနိုင်ကြဘဲ အလွန်နက်ရှိုင်းကျယ်ဝန်းသည့် သမုဒ္ဒရာအလယ်ပိုင်း၌သာ ကျက်စားပျော်မြူးနိုင်ကြသည်နှင့် တူပါသည်။

သဗ္ဗညုတ ဉာဏ်တော်ကြီး ကြည်လင် ရွှင်ပျလာသည့်အခါ ဉာဏ်တော်နှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာကြသည့် စိတ် စေတသိက် တရားများသည်လည်း ကြည်လင်ရွှင်ပျလာကြသည်။ တစ်ချိန်တည်းမှာပင် ဉာဏ်တော်ကြီး၏ တည်ရာ ဟဒယဝတ္ထုခေါ် နှလုံးသွေးသည်လည်း ကြည်လင် တောက်ပလာ၏။ ထိုအခါ နှလုံးသွေးနှင့်ဆက်စပ်နေသည့် ရုပ်တရားများသည်လည်း ကြည်လင်တောက်ပလာပြီး ဗုဒ္ဓမြတ်စွာ၏ ရူပကာယတော်မှ တဝင်းဝင်း တလက်လက် ခြောက်ရောင်စုံ ကွန့်မြူးပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ ပဋ္ဌာန်းတရားတော်သည် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ခန္ဓာကိုယ်မှ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးထွက်ပေါ် လာစေနိုင်ခြင်း၊ သီရိလင်္ကာနိုင်ငံသား မဟာဂတိ ဂမိယတိဿ ဒတ္တာ မထေရ်ကြီးအား တစ်ထိုင်တည်း၌ပင် ကိလေသာကုန်ခန်း ရဟန္တာအဖြစ်သို့ ပို့ဆောင်နိုင်ခြင်း စသည့် အာနုဘော် အစွမ်းသတ္တိများ ရှိကြောင်း အဋ္ဌသာလိနီအဋ္ဌကထာ၌ ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

## ပဋ္ဌာန်းတရားနှင့် ဗုဒ္ဓဘာသာဝင်များ

ထို့ပြင် ကျွန်ုပ်တို့ မြန်မာနိုင်ငံ ပရိယတ္တိသာသနာ၌ ကျမ်းကြီးများထဲတွင် ပဋ္ဌာန်းကျမ်း၏ အနက်နဲဆုံး၊ အခက်ခဲဆုံးဖြစ်ပုံကို 'ကျမ်းကြီး ပဋ္ဌာန်း၊ ကျမ်းငယ် ဆန်း၊ ကျမ်းလတ် ဓာတုကထာ' ဟု မှတ်တမ်းပြုခဲ့ကြသည်ကိုလည်း မှတ်သားရပေသည်။

ထို့ကြောင့် မြန်မာဗုဒ္ဓဘာသာဝင်တို့သည် အများအားဖြင့် ပဋ္ဌာန်းတရားတော်ကြီး၏ တန်ခိုးစွမ်းအင်ကို အထူးယုံကြည်ကြ၍ 'ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော' စသော ပဋ္ဌာန်း ၂၄ ပစ္စည်းအကျဉ်း (ပစ္စယုဒ္ဒေသ) ကို နေ့စဉ်မှန်မှန် ရွတ်ဆိုပူဇော်လေ့ ရှိကြသည်။ အချို့က အကျဉ်းမျှသာမက 'ဟေတူ ဟေတု သမ္ပယုတ္တ ကာနံ ဓမ္မာနံ' စသော ၂၄ ပစ္စည်းအကျယ် (ပစ္စယနိဒ္ဒေသ) ကိုပါ ရွတ်ဆိုပူဇော်ကြသည်။ ထို့ထက် စွမ်းသူများကမူ စာမျက်နှာ ၂၆၄၀ ရှိ ပဋ္ဌာန်းပါဠိတော်ကြီး ငါးအုပ်လုံးကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

အချို့က ၂၄ ပစ္စည်းခေါ်သည့် ပစ္စယုဒ္ဒေသပါဠိတော်ကို မိမိမွေးနံ့အရပ်မှ အစပြု၍ လက်ညှိုးညွှန်ကာ အရပ်ရှစ်မျက်နှာစေ့အောင် ရွတ်ဆိုစည်းချ၍ အိပ်ပါက မိမိတို့အိမ်တွင် သူခိုးဓားပြ ရန်သူများ မဝင်နိုင်၊ ညအိပ်ရာဝင် နံနက်အိပ်ရာထ နေ့စဉ်မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်ပါက ဘေးရန်ကင်းခြင်း၊ မျက်နှာ ပွင့်လန်းခြင်း၊ စည်းစိမ်ဥစ္စာ တိုးတက်ခြင်း၊ ကျန်းမာရွှင်လန်းခြင်း စသော အကျိုးများကို မုချရနိုင်သည်ဟု ယုံကြည်ကြသည်။

မှန်ပါသည်၊ လွန်ခဲ့သည့် ၃၅ နှစ်ခန့်က ခရမ်းမြို့နယ်ရှိ ရွာတစ်ရွာတွင် ဦးရိုးခေါ် အသက် ၈၀ အရွယ်ရှိ အဘိုးကြီးတစ်ဦး ရှိပါသည်။ ပစ္စည်းဥစ္စာချမ်းသာ၍ ရွာအပြင်ဘက်ရှိ လယ်ကွင်းထဲတွင် တစ်အိမ်တည်းကောင်းမှန်စွာ ဆောက်လုပ်နေထိုင်သည်။ ထိုအဘိုးကြီးက –

"ပဋ္ဌာန်း ၂၄ ပစ္စည်းကို အိပ်ခါနီးမှာ ညစဉ် ပဋ္ဌာန်း ၂၄ ပစ္စည်းကို စည်းချအိပ်တဲ့အတွက် အဘအိမ်ကို လာတိုက်တဲ့ဓားပြတွေဟာ အိမ်ကို ရှာမတွေ့ကြဘူးတဲ့၊ တစ်ခါကတော့ အဘရဲ့အိမ်ဝိုင်းထဲမှာ စစ်တပ်စခန်းချနေတာကိုတွေ့လို့ ပြန်ပြေးသွားကြတယ်လို့ သိရတယ်"

ဟု ပဋ္ဌာန်း ၂၄ ပစ္စည်း၏ တန်ခိုးသတ္တိကြီးမားပုံကို စိတ်ဝင်စားစဖွယ် ပြောကြားခဲ့ဖူးပါသည်။

ပဋ္ဌာန်း ၂၄ ပစ္စည်းကို 'အနန္တ သဗ္ဗ သာဓာရဏ ဓာတုသိဒ္ဓိ' တရားတော်ကြီးဟု ယုံကြည်ပြီး အဓိဋ္ဌာန်ဖြင့် ရွတ်ဆိုပူဇော်သူများလည်း ရှိကြသည်။ အနန္တသဗ္ဗ သာဓာရဏ ဓာတုသိဒ္ဓိဆိုတာ ဓာတ်အမျိုးမျိုးတို့ကို

ပြီးစီးစေနိုင်သည့်အရာတွင် အဆုံးအပိုင်းအခြားမရှိသည့် တရားတော်ကြီးဟု အဓိပ္ပာယ်ရသည်။ လိုတရစေနိုင်သည့် တရားတော်ကြီးဟု ဆိုလိုပေသည်။

## ညောင်ရမ်းခေတ်က ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲ

ဤပဋ္ဌာန်းတရားတော်ကြီးကို ရွတ်ဖတ်ပူဇော်ကြခြင်းသည် ယခုခေတ်မှသာမဟုတ်၊ ဒုတိယ အင်းဝခေတ်ခေါ် ညောင်ရမ်းခေတ်ကလည်း ရှေးမြန်မာ ဗုဒ္ဓဘာသာဝင်ကြီးများသည် ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲများကို တခမ်းတနားကျင်းပပြုလုပ်ခဲ့ကြကြောင်း သာသနာဝံသပ္ပဒီပိကာကျမ်းနှင့် သာသနာလင်္ကာရစာတမ်းတို့၌ တွေ့ရသည်။ သာလွန်မင်းတရားကြီးလက်ထက်၌ ရေနဲမြို့တွင် ဒေဝစက္ကောဘာသမည်သော ရဟန်းပျိုတစ်ပါးရှိသည်။ ပိဋကတ်စာပေ၌ မကျွမ်းကျင်သော်လည်း ဗေဒင်ကျမ်းများ၌ ကျွမ်းကျင်လိမ္မာသည်။

သာလွန်မင်းတရားကြီးသည် သားတော် အမြင့်မြို့စားရှင် တရုတ်ဘေးရန်ကြောင့် လေးထပ်ကျောင်း၌ ပုန်းအောင်းနေစဉ်က ထိုရဟန်းပျိုမှာ လေးထပ်ကျောင်း၌ လာနေခိုက်ဖြစ်သည်။ မင်းတရားကြီး၏ လျှောက်ထားချက်အရ ထိုရဟန်းပျိုက 'မင်းတရားကြီး စိုးရိမ်တော်မမူပါနဲ့၊ သီတင်းကျွတ်လပြည့်နေ့မှာ အောင်မြင်တော်မူပါလိမ့်မည်' ဟု ကာလကြီး ဗေဒင်အရ ဟောဆိုသည်။ ဟောသည့်အတိုင်းလည်း မှန်သည်။ ထို့ကြောင့် ရွှေစည်းခုံဘုရား အရှေ့မြောက်ဘက်တွင် ကျောင်းဆောက် လှူဒါန်းသည်။ 'ဓမ္မနန္ဒဓမ္မရာဇဂုရု' ဘွဲ့တံဆိပ်လည်း ဆက်ကပ်သည်။

ဝမ်းဘဲအင်းစံခေါ် ရမည်းသင်းမင်းတရားကြီး မင်းမဖြစ်မီ မင်းသားဘဝက ထိုဒေဝစက္ကောဘာသမထေရ် ကူတော်သစ် ပဋ္ဌာန်းဇရပ်တွင် သီတင်းသုံးစဉ် ထိုမင်းသား၏ဇာတာတော်ကို ကြည့်ရှုစစ်ဆေး၍ ၁၀၃၄ ခုနှစ်မှာ ဧကန်မင်းဖြစ်မည်ဟု ဟောသည်။ ဟောသည့်အတိုင်း မှန်သည်။ ထို့ကြောင့် မင်းဖြစ်လာသောအခါ ထိုမထေရ်ကို လောက၊ ဓမ္မ၊ ရာဇ ကြောင်းများ၌ လျှောက်ထားတိုင်ပင်သည်။ ထိုမထေရ်မှာလည်း ရေနဲမြို့သားဖြစ်၍ နေရပ်နှင့်ဘွဲ့တော်ကို တွဲစပ်ကာ 'ရေနဲနတ်စက်ရောင် ဆရာ

တော်' ဟု ထင်ရှားကျော်စောသည်။ (ဒေဝ=နတ်+စက္က+ဩကာသ= အရောင်)။

ထိုရမည်းသင်းမင်းတရားလက်ထက်၌ တိုင်းပြည်တွင် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ် ရန်အသွယ်သွယ်တို့ကို ကာကွယ်တားမြစ်သည့် အနေဖြင့် ထိုရေနဲစက်ရောင် (ဒေဝစက္ကောဘာသ) ဆရာတော် စီမံသည့် အတိုင်း ကူတော်သစ် ပဋ္ဌာန်းဇရပ်တွင် သက္ကရာဇ် ၁၀၃၈ ခုနှစ်၊ ကဆုန် လပြည့်ကျော် ၈ ရက်နေ့မှစ၍ မြန်မာရဟန်းတော်များက ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်ပူဇော်ကြရသည်။ ထို့နောက် နယုန်လဆန်း ၁ ရက်နေ့မှစ၍ မွန်ရဟန်းတော်များက ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်ပူဇော်ကြရသည်။ ထိုပဋ္ဌာန်းရွတ်ဆို ပူဇော်ပွဲတွင် ဘုရင်နှင့်တကွ လုပ်သားပြည်သူတို့က ပူဇော်ကြရာ ပူဇော်ပွဲသဘင်မှာ ကြီးကျယ်ခမ်းနားလှသည် ဟု ဆိုပေသည်။

သို့သော် လွန်ခဲ့သည့် နှစ်ပေါင်း တစ်ရာကျော်က ကျင်းပပြုလုပ်ခဲ့သည့် ဤပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲကား ပဋ္ဌာန်းပါဠိတော် ငါးအုပ်စလုံးကို ရွတ်ဆို ပူဇော်သည်၊ အသံမစဲရွတ်ဆိုသည် စသည်ဖြင့် မှတ်တမ်း တစ်စုံတစ်ရာ မတွေ့ရသောကြောင့် အသံမစဲ ရွတ်ဆိုသည့် ပူဇော်ပွဲ ဖြစ်သည်၊ သို့မဟုတ် အချိန်ထား၍ ရွတ်ဆိုသည့် ပူဇော်ပွဲဖြစ်သည်ဟု အတိအကျ ဆိုရန် ခဲယဉ်းပါသည်။

## ဆဋ္ဌသင်္ဂါယနာနှင့် အသံမစဲ ပဋ္ဌာန်းရွတ်ပွဲ

စာရေးသူ လက်လှမ်းမီသလောက် သုတေသန ပြုကြည့်ရာ ညောင်ရမ်းခေတ် ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲ ပြီးသည့်နောက် ပဋ္ဌာန်းရွတ်ဆို ပူဇော်ပွဲများ ကျင်းပသည့်အကြောင်းနှင့်ပတ်သက်၍ မှတ်တမ်း တစ်စုံတစ်ရာ မတွေ့ရပေ။ သို့ရာတွင် သက္ကရာဇ် ၁၃၁၂ ခုနှစ်၌ကား လွတ်လပ်သော မြန်မာနိုင်ငံ၌ ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲ ပြန်လည်ဖြစ်ပေါ်လာရန် အကြောင်းပေါ်လာခဲ့သည်။ ထိုအကြောင်းမှာ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် ဆဋ္ဌသင်္ဂါယနာတင်ရန်အကြောင်း ဖြစ်ပါသည်။

မှန်၏၊ ဗုဒ္ဓ ရှင်တော်ဘုရား၏ ပရိတ်တော်မြတ် တန်ခိုးဓာတ်ကြောင့် ဆဋ္ဌသင်္ဂါယနာတင်ကိစ္စ ပြီးမြောက်အောင်မြင်စေရန်၊ နိုင်ငံတော်ငြိမ်းချမ်းသာယာစေရန်နှင့် ကမ္ဘာသူကမ္ဘာသား သတ္တဝါများ ငြိမ်းချမ်းသာယာစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ၁၃၁၂ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်နေအိမ်၌ သီရိမင်္ဂလာ ပရိတ်တော် အဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။

ထိုပရိတ်တော်အဖွဲ့သည် ဆဋ္ဌသင်္ဂါယနာတင် ရှေ့ပြေးနိမိတ်အဖြစ် ပိဋကတ်သုံးပုံကို ဝန်ကြီးချုပ်နေအိမ်မှစ၍ မြန်မာနိုင်ငံအနှံ့အပြားတွင် နေ့ညမစဲ ရွတ်ဖတ်ပူဇော်ကြသည်။ ထို့ပြင် ဗုဒ္ဓမြတ်စွာသာသနာတော်တိုးတက် ပြန့်ပွားရေးအတွက် ဆောင်ရွက်သမျှ အောင်မြင်မှုရစေရန် ပဋ္ဌာန်းဒေသနာတော်ကြီးကိုလည်း နေရာဌာနအသီးသီးတို့၌ ၅၄ နာရီ အသံမစဲ ရွတ်ဆိုပူဇော်ကြပါသည်။ ဤသို့ဖြင့် ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲသည် ပြန်လည်အသက်ဝင်ခဲ့ပေသည်။ သို့ရာတွင် ဤပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲကား နာရီမလပ် အဆက်မပြတ် ရွတ်ဆိုပူဇော်ပွဲဖြစ်၍ ထိုပွဲကို 'အသံမစဲ ရွတ်ဆိုပူဇော်ပွဲ' ဟု ခေါ်ကြပေသည်။

ထို့နောက် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင် ဆင်ယင်ကျင်းပရန် ဆဋ္ဌသင်္ဂီတိမဟာပါသာဏဂုဟာခေါ် ကျောက်လိုဏ်ဂူတော်ကြီး ပန္နက်တင်မင်္ဂလာသဘင်ကို ၁၃၁၄ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ကြာသပတေးနေ့ နံနက် ရှစ်နာရီအချိန်တွင် စတင်ကျင်းပပါသည်။ ထိုပန္နက်တင်မင်္ဂလာအခမ်းအနား စတင်ကျင်းပသည့် အချိန်မှစ၍ သီရိမင်္ဂလာပရိတ်တော်အဖွဲ့သည် ဗုဒ္ဓမြတ်စွာသာသနာတော် တည်တံ့ရန်နှင့် ဆဋ္ဌသင်္ဂါယနာတင်လုပ်ငန်းကြီး ပြီးစီးအောင်မြင်ရန် ရည်သန်၍ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို တစ်နာရီ၊ တစ်မိနစ်မျှ အသံမစဲစေဘဲ တြင်းကျေ၊ နဝင်းကျေ ၅၄ နာရီတိတိ နေ့ရောညဉ့်ပါ ရွတ်ဖတ်ပူဇော်ကြပါသည်။ ၅၄ နာရီ၌ ၅ နှင့် ၄ ကိုပေါင်းလျှင် ၉ ရသည်။ ထို ၉ ကို ၃ နှင့်စားက ပြတ်သဖြင့် တြင်းကျေသည်။ ၉ နှင့် စားကလည်းပြတ်၍ နဝင်း ကျေသည်ဟု ဆိုလိုခြင်းဖြစ်သည်။ (တြင်း=၃၊ နဝင်း=၉)

### အလင်းသစ်စာပေ

ထိုလိုဏ်ဂူတော်ကြီး ပန္နက်တင်မင်္ဂလာ ကျင်းပပြီးသည့်နောက် အုတ်မြစ်ချ မင်္ဂလာမကျင်းပမီ သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့သည် ပဋ္ဌာန်း ဒေသနာတော်ကြီးကို ၅၄ နာရီတိတိ အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲ တစ်ရပ် ကျင်းပကြသေးသည်ဟု ဆိုပေသည်။ ထိုအချိန်မှစ၍ အသံမစဲ ပဋ္ဌာန်း ရွတ်ဆိုပူဇော်ပွဲ ပြန်လည်ပေါ်ထွန်းလာခဲ့ရာ ယခုအချိန်တွင် တစ်နိုင်ငံ လုံး၌ပင် ပူဇော်ပွဲများ ကျင်းပလျက်ရှိနေပေပြီ။

ထိုပူဇော်ပွဲများတွင် ၁၃၂၁ ခုနှစ်မှစ၍ စဉ်လာမပျက် နှစ်စဉ်နှစ်တိုင်း ကျင်းပသဖြင့် အသက်အရှည်ဆုံးဖြစ်သော အသံမစဲ ပဋ္ဌာန်းရွတ်ဆို ပူဇော်ပွဲ ကား ရန်ကုန်မြို့၊ ဘုရားကြီးကျောင်းတိုက် ဆရာတော် သံဃာတော်များ၏ အသံမစဲ ပဋ္ဌာန်းရွတ်ဆို ပူဇော်ပွဲပင် ဖြစ်ပါသည်။

ထိုဘုရားကြီးကျောင်းတိုက် အသံမစဲ ပဋ္ဌာန်းရွတ်ဆို ပူဇော်ပွဲမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများမှစ၍ ကမ္ဘာသူ ကမ္ဘာသားများအားလုံး ငြိမ်းချမ်းသာယာမှုရကြရန်နှင့် ခြောက်ထပ်ကြီးဘုရားကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရှိ ရပါသည်။

## အသံမစဲ ရွတ်ဆိုပူဇော်ကြပုံ

ဤနေရာ၌ ပဋ္ဌာန်းရွတ်ဆို ပူဇော်ကြရာတွင် အဘယ်ကို အကြောင်း ပြု၍ အသံမစဲ ရွတ်ဆိုပူဇော်ကြသနည်းဟု မေးစရာရှိပါသည်။ အဖြေ ကား ပဋ္ဌာန်းတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူစဉ်က အသံ မစဲ နေ့ညမပြတ် ဟောကြားတော်မူခဲ့သည်ကို အကြောင်းပြု၍ အသံမစဲ ရွတ်ဆိုပူဇော်ကြခြင်း ဖြစ်ပါသည်။

ထင်ရှားစေဦးအံ့၊ သုံးလောကထွတ်တင် သဗ္ဗညုတဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ညနေပိုင်း၌ သာဝတ္ထိပြည် အနီး ကဏ္ဍမ္ဗမည်သော သရက်ဖြူပင်အနီး၌ တိတ္ထိတို့ကို နှိမ်နင်းတော် မူရန် ရေမီးအစုံစုံ တန်ခိုးပြဋ္ဌိဟာပြပွဲကြီးကို အဆန်းတကြယ် ဖန်ဆင်းပြသ တော်မူသည်။ ထိုနေ့ ပြာဋိဟာပြပွဲကြီးအပြီးတွင် နတ်မယ်တော်အား

အဘိဓမ္မာတရား ဟောကြားတော်မူခြင်းအားဖြင့် ကျေးဇူးဆပ်ရန် ခြေလှမ်း နှစ်လှမ်းတည်းဖြင့်ပင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ ခုနစ်ဝါ မြောက် ဝါကပ်တော်မူသည်။

တာဝတိံသာနတ်ပြည်ဝယ် ပင်လယ်ကသစ်ပင်အနီး ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကြီးပေါ်၌ နေမင်းကြီးသဖွယ် တင့်တယ်စွာ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံး စံနေတော်မူလျက် သန္တုသိတ မည်သော နတ်မယ်တော်အမှူး ရှိသည့် စကြဝဠာအပေါင်း တိုက်တစ်သောင်းမှ ခညောင်းရောက်ရှိလာကြ သော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်း သုံးလပတ်လုံး နေ့ညမပြတ် အမြဲဟောကြားတော်မူပါသည်။

ဗုဒ္ဓမြတ်စွာသည် နတ်ပြည်၌ ဝါဆိုတော်မူသော်လည်း လူ့ပြည်က အချိန်ကာလကို ကောင်းစွာ သိတော်မူပါသည်။ သို့ဖြစ်၍ တရားဟောတော် မူနေရင်း၌ပင် ဆွမ်းစားချိန်ကို ရောက်သည့်အခါ မိမိ၏ကိုယ်စား နိမ္မိတ ရုပ်ပွားတော် တစ်ဆူကို တူညီအောင် ဖန်ဆင်းတော်မူ၍ သက်န်းကိုင်ပုံ၊ အသံထားပုံ၊ သီတင်းသုံး နေထိုင်ပုံတို့သည် ဤပုံဤနည်းဖြစ်ရမည်။

အဘိဓမ္မာ တရားတော်ကို ဤရွေ့ဤမျှ ဟောရစ်ရမည်ဟု အဓိဋ္ဌာန် ပြုတော်မူပါသည်။ ထို့နောက် သပိတ်သင်္ကန်းတို့ကို ယူတော်မူကာ အနော တတ်အိုင်သို့ ကြွဆင်းတော်မူလာပါသည်။ ထိုအနောတတ်အိုင်၌ ဒန်ပူ ဝါးခြင်း၊ ရေသပ္ပာယ်ခြင်းအမှုတို့ကို ပြုတော်မူပြီးနောက် သင်္ကန်းတော်ကို ရုံတော်မူကာ ဥတ္တရကုရုခေါ် မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူပါသည်။ ဆွမ်းခံရာမှပြန်ကြွလာသည့်အခါ အနောတတ်အိုင်ကမ်းနား၌ ဆွမ်းဘုဉ်း ပေးတော်မူပြီးနောက် နေ့အခါ သီတင်းသုံးတော်မူရန် စန္ဒကူးတောသို့ ကြွတော်မူပါသည်။

ထိုအချိန်တွင် တရားစစ်သူကြီးဖြစ်တော်မူသော လက်ယာတော်ရံ တပည့်ကြီး အရှင်သာရိပုတ္တရာမထေရ်သည် စန္ဒကူးတောသို့ ကြွတော်မူလာပြီး ဘုရားရှင်အား ဝတ်ကြီးဝတ်ငယ်ပြုတော်မူ၏။ ထိုအခါ ဘုရားရှင်က 'ချစ် သား သာရိပုတ္တရာ၊ ငါသည် တာဝတိံသာနတ်ပြည်၌ ဤမျှသော အဘိ ဓမ္မာတရားကို ဟောကြားခဲ့ပေသည်' ဟု နည်းပေးသောအားဖြင့် အကျဉ်း

ချုပ် ထပ်ဆင့် ဟောကြားတော်မူပါသည်။ အရှင်သာရိပုတ္တရာသည်လည်း မြတ်စွာဘုရားက နည်းပေးဟောကြားတော်မူလိုက်သည့်အခါ သမုဒ္ဒရာကို တစ်နေရာကနေ လက်ညှိုးညွှန်ပြလိုက်လျှင် သမုဒ္ဒရာတစ်စင်းလုံးကို သိရသကဲ့သို့ ဟောကြားတော်မူသည့် အဘိဓမ္မာတရားတော်များကို နည်းပေါင်းရာထောင်သိန်းသောင်းတို့ဖြင့် တန်ဆာဆင်၍ သိမြင်တော်မူလေသည်။

လက်ယာတော်ရံတပည့်ကြီး အရှင်သာရိပုတ္တရာအား အဘိဓမ္မာတရားနည်းပေးဟောကြားပြီး မည်သည့်အချိန်တွင် တာဝတိံသာနတ်ပြည်သို့ ပြန်ကြွသနည်းဟူမူ မြတ်ဗုဒ္ဓရှင်တော် ဘုရားသည် လူ့ပြည်တွင် သီတင်းသုံးတော်မူစဉ်က ကျောင်းတော်သို့ရောက်လာကြသည့် သာဝတ္ထိပြည်သူပြည်သားတို့အား တရားဟောကြားသည့် အချိန်တစ်ချိန်ရှိပါသည်။ ထိုအချိန်တွင် ဗုဒ္ဓရှင်တော်ဘုရားသည် အဘိဓမ္မာတရားကို ဆက်လက်ဟောကြားရန် တာဝတိံသာနတ်ပြည်သို့ ပြန်လည်ကြွသွားတော်မူပါသည်။

ပကတိဘုရားရှင်နှင့် နိမ္မိတဘုရားရှင်နှစ်ဆူတို့မှာ ရောင်ခြည်တော်ကွန့်မြူးပုံ၊ အသံတော်သာယာပုံ၊ စကားသုံးနှုန်းပုံတို့၌ မထူးမခြား တစ်သားတည်းနေသောကြောင့် ဗုဒ္ဓရှင်တော်ဘုရား လူ့ပြည်သို့ ကြွသွားခြင်းကိုလည်းကောင်း၊ နတ်ပြည်သို့ ပြန်ကြွလာခြင်းကိုလည်းကောင်း အတော်အတန် တန်ခိုးကြီးသည့် နတ်ဗြဟ္မာတို့သာ သိကြပေသည်။

ဤသို့ ဗုဒ္ဓမြတ်စွာဘုရားသည် ပဋ္ဌာန်းဒေသနာတော်နှင့်တကွ အဘိဓမ္မာ ခုနစ်ကျမ်းကို ဝါတွင်း သုံးလပတ်လုံး နေ့ရောညပါ အသံမစဲ နတ်ဗြဟ္မာတို့အား ဟောကြားတော်မူခဲ့ပါသည်။ အဘိဓမ္မာတရားတော်ဆိုသည်မှာ တရားရှည်ကြီး တစ်ပုဒ်ဖြစ်၍ အဘိဓမ္မာတရားတော်ကို အစမှအဆုံးတိုင်အောင် ဆက်တိုက်နာကြားရမှ အရည်လည်၏။ နားလည်သဘောပေါက်နိုင်၏။ တစ်ပိုင်းတစ်စ ဟောခြင်း နာခြင်းတို့ဖြင့် သဘောမပေါက်နိုင်။ ထို့ကြောင့် အသံမစဲ နေ့ရောညပါ ဆက်တိုက် ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ ယင်းသို့ ဘုရားရှင် အသံမစဲ ဆက်တိုက် ဟောကြားတော်မူသည်ကို အကြောင်းပြု၍ ပဋ္ဌာန်းတရားတော်ကြီးကို အသံမစဲ ရွတ်ဆိုပူဇော်ကြခြင်း ဖြစ်ပါသည်။

## ပူဇော်ပွဲ ကျင်းပပုံ

အသံမစဲ ပဋ္ဌာန်းရွတ်ဆို ပူဇော်ပွဲများကို ရာသီဥတုသာယာသည့် ဆောင်းဥတု၊ နွေဥတုများ၌ ရွတ်ဆိုပူဇော်လေ့ရှိကြသည်။ အထူးသဖြင့် မြန်မာ့ နှစ်ဆန်းတစ်ရက်ကဲ့သို့သော နေ့ထူး၊ အခါထူးများ၌ ရွတ်ဆိုပူဇော်ကြသည်။ ဘုရားကြီးကျောင်းတိုက် အသံမစဲ ပဋ္ဌာန်းရွတ်ဆို ပူဇော်ပွဲကား ဝါတွင်းကာလ မိုးဥတုအခါသမယ၌ ကျင်းပပြုလုပ်ရာ ဘုရားရှင် ဝါတွင်းကာလ၌ အဘိဓမ္မာတရား ဟောကြားသည်ကို အစွဲပြု၍ ကျင်းပ ပြုလုပ်ကြခြင်း ဖြစ်မည်ဟု ယူဆရပေသည်။ ပဋ္ဌာန်းတရားတော်ကို ရဟန်းတော်များက အလှည့်ကျ အသံမစဲ ရွတ်ဆိုပူဇော်ကြပါသည်။

ထိုပူဇော်ပွဲကို တြင်းကျေ၊ နဝင်းကျေ ၅၄ နာရီ ရွတ်ဖတ် ပူဇော်ကြသူများရှိသကဲ့သို့ ခုနစ်ရက် ရွတ်ဖတ်ပူဇော်သူများလည်း ရှိကြသည်။ အချို့ ပူဇော်ပွဲများ၌ ဘုရားရှင်အား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့ ဆက်ကပ်ပူဇော်ရာ၌ ရတနာသုံးပါး နတ်ကြီးလေးပါးတို့အား ပွဲ ခုနစ်ပွဲဖြင့် ပူဇော်ကြသည်။ အချို့ ပူဇော်ပွဲများ၌ အသံချဲ့စက်တပ်ဆင်၍ အသံမှန်ဖြင့် ရွတ်ဆိုပူဇော်ကြသော်လည်း အချို့၌မူ အသံကျယ်လောင်စွာ ရွတ်ဆို ပူဇော်ကြသည်ကို ကြားကြရသည်။

ဤသို့ ကျယ်လောင်စွာ ရွတ်ဆိုပူဇော်ခြင်းသည် အလွန် ကွာဝေးသည့်နေရာ ရပ်ကွက်များရှိ လူများအတွက် ကုသိုလ်ရစရာရှိသော်လည်း အနီးအနားရပ်ကွက်ရှိ လူများမှာ အနှောင့်အယှက်ဖြစ်၍ အကုသိုလ် ဖြစ်ကြရသည်။ ထို့ကြောင့် အသံမစဲ ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲများ၌ အသံမှန် ဖြင့် မတိုးမကျယ် ရွတ်ဆိုပူဇော်သင့်ကြပေသည်။

## ပူဇော်ပွဲ၏ အကျိုး

ဤ ပဋ္ဌာန်းတရားတော်သည် ရှေ့ပိုင်းတွင် တင်ပြသည့်အတိုင်း ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ရူပကာယ ခန္ဓာကိုယ်တော်မှလည်း ရောင်ခြည် တော်ခြောက်သွယ်တို့ ကွန့်မြူးထွက်ပေါ်စေသည်။ မဟာဂဝတိ ဂမိယတိဿ ဒတ္တ မထေရ်ကိုလည်း အာသဝေါကုန်ခန်း ရဟန္တာဖြစ်အောင် စွမ်းဆောင်

ပေးသည်။ ထိုမှ တန်ခိုးစွမ်းအင် ကြီးမားလှသည့် ပဋ္ဌာန်းတရားတော်ကို ရွတ်ဆိုပူဇော်သူများအား လည်းကောင်း၊ နာကြားသူများအား လည်းကောင်း ဓမ္မဒေသနာ ဓမ္မဿဝန ဘာဝနာ ကုသိုလ်များ ဖြစ်ပွားပါသည်။ ထိုကုသိုလ်များကြောင့် အန္တရာယ်ခပ်သိမ်း၊ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်းတို့ ကင်းငြိမ်းခြင်း၊ မျက်နှာပွင့်လန်းခြင်း၊ စည်းစိမ်ဥစ္စာ တိုးတက်ခြင်း၊ ကျန်းမာရွှင်လန်းခြင်း စသည့် အကျိုးများ ရရှိနိုင်ပါသည်။ မိမိအလိုရှိသော အရာများကို တောင့်တကြံစည်ပါက အောင်မြင် ထမြောက်နိုင်ပါသည်။ အထူးသဖြင့် –

ဇဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓ ဓမ္မာ အစိန္တိယာ၊

အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဟူသော (အပ၊ ၁။ ၇)လာ ဒေသနာတော်အတိုင်း မြတ်စွာဘုရားတို့ ကြံစည်၍ မရနိုင်လောက်အောင် တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူကြ၏။ ဘုရားရှင်များ ဟောကြားတော်မူသည့် ပဋ္ဌာန်းစသော တရားတော်များသည် ကြံစည်၍ မရနိုင်လောက်အောင် တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင် တရားတော်၌ ယုံကြည်လေးစား၊ အကြည်ညိုပွားကြသော သူတို့အား ကြံစည်စဉ်းစား၍ မရနိုင်လောက်အောင် အကျိုးတရား ဖြစ်ပွားနိုင်ပါသည်။

ထို့ကြောင့် ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်လတ္တံ့သော ဘေးရန်များကို ဖယ်ရှားနိုင်စွမ်းရှိ၍ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးများကို ပေးစွမ်းနိုင်သည့် 'အသံမစဲ ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲ' များကို လူအများအား အနှောင့်အယှက် မဖြစ်စေဘဲ စဉ်လာမပျက် ဆက်လက် ကျင်းပသင့်ပေသည်။

❑

# ပရိတ်တရားတော် ရွတ်ဖတ်နာယူပွဲ

**ပရိတ်တရားဆိုသည်မှာ**

ပရိတ်ဟူသော မြန်မာဝေါဟာရသည် 'ပရိတ္တ' ဟူသော ပါဠိမှ ဖြစ်ပေါ်လာသော ဝေါဟာရဖြစ်သည်။ ထက်ဝန်းကျင်မှ ပေါ်ပေါက်လာသည့် ဘေးအန္တရာယ်၊ ရန်အသွယ်သွယ်တို့ကို ကာကွယ်စောင့်ရှောက်တတ်သည့် တရားဟု အဓိပ္ပာယ်ရသည်။ (ပရိ=ထက်ဝန်းကျင်မှ ဖြစ်ပေါ်လာသည့် ဘေးရန်များ+တာ=တ္တ=ကာကွယ် စောင့်ရှောက်တတ်သည့် တရား)။ ဆိုလိုသည်မှာ အန္တရာယ်များ မကျရောက်၊ မဖြစ်ပေါ်နိုင်အောင်၊ ဝါ-ကျရောက်နေသည့် ဘေးရန်များ ပျောက်ကင်းအောင် အရံအတားအဖြစ် ကာကွယ်စောင့်ရှောက်တတ်သည့် အကာအကွယ်တရား၊ အရံအတားများကို ပါဠိလို 'ပရိတ္တ'၊ မြန်မာလို 'ပရိတ်' ဟု ခေါ်ဆိုခြင်းဖြစ်သည်။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် တရားတော်များ အားလုံးပင် ယုံကြည်မှုသဒ္ဓါ အပြည့်အဝဖြင့် စေတနာပါပါ ရွတ်ဖတ်ပူဇော်ပါက ဖြစ်ပေါ်ဆဲ၊ ဖြစ်ပေါ်လတ္တံ့သော ဘေးဥပဒ်အန္တရာယ်၊ ရန်အသွယ်သွယ်တို့ကို ဖယ်ရှားကာကွယ်နိုင်၍ ကောင်းကျိုးချမ်းသာ ဣဋ္ဌမင်္ဂလာများ တိုးပွားလာနိုင်ပါသည်။

သို့သော် ရှေးကျမ်းဂန်တတ် ဆရာတော်ဘုရားကြီးများသည် ဘုရားရှင်၏ တရားတော်အားလုံးကို ပရိတ်ဟု မခေါ်ဝေါ် မသုံးစွဲခဲ့ပါ။ ဘုရားလောင်းဘဝကဖြစ်စေ၊ ဘုရားရှင်သက်တော်ထင်ရှား ရှိတော်မူစဉ်

ကဖြစ်စေ ဘေးအန္တရာယ်များ ပေါ်ပေါက်လာသည့်အခါ ထိုပေါ်ပေါက် ကျရောက်နေသည့် အန္တရာယ်များ ကင်းပျောက်အောင် ရွတ်ဆို အသုံးပြု စေခဲ့သည့် သုတ်တော်များကိုသာ ရွေးကောက်၍ ပရိတ်ဟု နာမည် မှည့်ခေါ် ခဲ့ကြခြင်းဖြစ်ပေသည်။

ဥပမာ ဆိုရသော် တစ်ချိန်သောအခါက ဝေသာလီပြည်တွင် အစားအစာ ငတ်မွတ်ရှားပါးခြင်းဘေး၊ ဘီလူးသရဲဘေးနှင့် ရောဂါဘေး ဟူသော ဘေးဆိုးကြီး သုံးမျိုးတို့ ကျရောက်လာရာ တစ်မြို့လုံး လူသေ ကောင်အပုပ်နံ့များ ဖုံးလွှမ်းလျက် ရှိနေပေသည်။ ထိုအခါ ဝေသာလီပြည်၊ လိစ္ဆဝီမင်းတို့၏ ပင့်လျှောက်ချက်အရ ဗုဒ္ဓရှင်တော်ဘုရား ကြွတော်မူလာပြီး အရှင်အာနန္ဒာ မထေရ်အား ရတနသုတ်ကို သင်ကြားပေးကာ ရွတ်စေ တော်မူပါသည်။

အရှင်အာနန္ဒာသည် ဝေသာလီပြည်၊ တံတိုင်းသုံးထပ်တို့အကြား တွင် ညဉ့်သုံးယံပတ်လုံး ရတနသုတ်ကို ရွတ်ဆိုတော်မူသည်။ နောက်ဆုံး၌ ဘုရားရှင် ကိုယ်တော်တိုင် လူ၊ နတ်၊ ပရိသတ်တို့အား ထိုရတနသုတ် ကိုပင် ရွတ်ဆို ဟောကြားတော်မူသည်။

ဤသို့ မြတ်စွာဘုရားနှင့် အရှင်အာနန္ဒာမထေရ်တို့ ရတနသုတ် ရွတ်ဆိုမှုကြောင့် ဝေသာလီပြည်တွင် ကျရောက်နေသည့် ဘေးဆိုးကြီး သုံးမျိုးစလုံး ပျောက်ကင်းငြိမ်းအေးသွားသည့်အပြင် သတ္တဝါပေါင်း ငါးသိန်းရှစ်သောင်းရှစ်ထောင်တို့ တရားထူးများ ရရှိသွားကြသည်ဟု ခုဒ္ဒက ပါဌ စသော အဋ္ဌကထာကျမ်းများ၌ လာရှိပေသည်။ ထို့ကြောင့် ဤ ရတနသုတ်ကဲ့သို့သော သုတ်များကို ပရိတ်ဟု နာမည်ပေးခဲ့ခြင်း ဖြစ်ပါ သည်။

ဤသို့ ထက်ဝန်းကျင်မှ ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်၊ ရန် အသွယ်သွယ်တို့ကို ကင်းပျောက်စေနိုင်သောကြောင့် ပရိတ်တရားခေါ်၍ ထိုပရိတ်တရားများမှာ ဘုရားလောင်းဘဝနှင့် ဘုရားဖြစ်လာချိန်တို့၌ ဘေး အန္တရာယ်များ ပျောက်ကင်းရန်အတွက် အသုံးချခဲ့သည့် သုတ်တော်များပင် ဖြစ်ပါသည်။

ယခုကာလ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သာမှု၊ နာမှု စသော ကိစ္စတို့ကို ပြုလုပ်ကြသည့်အခါ ပြုလုပ်လေ့ရှိကြသည့် ပရိတ်တရား နာယူပွဲသည် ဗုဒ္ဓရှင်တော်ဘုရား၏ နည်းလမ်းကို အတုယူ၍ လိုက်နာ ပြုလုပ်သောကြောင့် ဗုဒ္ဓယဉ်ကျေးမှုပွဲတစ်ပွဲပင် ဖြစ်သည်။

## ဘုရားမပွင့်မီက ပရိတ်ရွတ်မှု အစဉ်အလာ

ပရိတ်တရားတော်များကို ရွတ်ဆိုမှုသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား မပွင့်လာမီ အချိန်ကပင် ရှိခဲ့သော အလေ့အထ၊ အစဉ်အလာတစ်ခုဖြစ်သည်။ မှန်ပါသည်၊ ရှင်တော်ဗုဒ္ဓနစဉ်ကာလ၊ ဥဒေါင်းမင်းဖြစ်စဉ်ဘဝက အစာရှာထွက်ခါနီး နေထွက်ချိန်တွင် နေကိုကြည့်၍ 'ဥဒေတယံ စက္ခုမာ ဧကရာဇာ' စသော မောရသုတ်ပရိတ်ကို ရွတ်ဆိုပြီးမှ အစာရှာထွက်သည်။ အစာရှာရာမှ ပြန်ရောက်လာသည့်အခါ၌လည်း နေဝင်ခါနီးအချိန်တွင် နေကိုကြည့်ပြီး 'အပေတယံ စက္ခုမာ ဧကရာဇာ' စသော မောရသုတ် ပရိတ်ကို ရွတ်ဆိုလေ့ရှိသတဲ့။

ဤမောရသုတ်ပရိတ်အရံအတား အကာအကွယ်ပြုမှုကြောင့် ဟိမဝန္တာတော ဒဏ္ဍကဟိရညတောင်၌နေသည့် ဘုရားအလောင်း ရွှေ ဥဒေါင်းမင်းကို မင်းခြောက်ဆက်တိုင်တိုင် မုဆိုးများ ဖမ်းဆီးသော်လည်း မဖမ်းဆီးနိုင်ဘဲ ဘေးအန္တရာယ်မှ ကင်းလွတ်ခဲ့သည်။ မင်းခုနစ်ဆက် မြောက်၌မူ အကြံပိုင်သောမုဆိုးက ဥဒေါင်းပျိုမနှင့်မှုား၍ ထောင်ဖမ်းရာ ဘုရားလောင်းဥဒေါင်းမင်းမှာ ပရိတ်ရွတ်ရန် သတိမရဘဲ သွားမိသဖြင့် ကျော့ကွင်း၌ အမိခံရရှာသည်။ ဤသို့ မောရပရိတ်သည် ဘေးအန္တရာယ် များကို ကာကွယ်နိုင်သည်။

ဗုဒ္ဓရှင်တော်ဘုရား ဟိမဝန္တာအရပ်၌ ရသေ့ဂိုဏ်းဆရာကြီး ဖြစ်စဉ် ဘဝ၌လည်း တပည့်ရသေ့များ မကြာခဏ မြွေကိုက်ခံရ၍ သေဆုံးကြ သဖြင့် မြွေဆိုးများအန္တရာယ်မှ ကင်းလွတ်အောင် ခန္ဓသုတ် ပရိတ်တော်ကို သင်ကြားပေး၍ ရွတ်ဖတ်ကြရန် တိုက်တွန်းခဲ့သည်။ ရသေ့ငယ်များ ခန္ဓသုတ်ကို ရွတ်ဖတ်ကြသောကြောင့် မြွေဆိုးများ ဖယ်ရှားသွားကြရာ

ရသေ့များ မြွေဆိုးအန္တရာယ်မှ ကင်းလွတ်သွားကြရသည်။ အမှန်စင်စစ် ဤခန္ဓသုတ်ပရိတ်တော်ကား မြွေသတ္တဝါများနှင့် အခြားသတ္တဝါများကို မေတ္တာပို့သခြင်း၊ ဘုရားဂုဏ်တော်များ ပွားများခြင်းတို့ဖြင့် ပြုစီရင်ထားသော ဗုဒ္ဓမန္တန်တော်ကြီးဖြစ်ပေသည်။

ဘုရားလောင်းဘဝက ရွတ်ဆိုခဲ့သော ပရိတ်များတွင် မောရသုတ်၊ ခန္ဓသုတ်များအပြင် ဝဋ္ဋသုတ်လည်း ပါဝင်ပေသည်။ ဘုရားလောင်းသည် ငုံးငှက်ဘဝဖြစ်စဉ်အခါက ဝဋ္ဋသုတ်ကိုရွတ်ဆို၍ လောင်တော့မည့် မီးဘေးမှ ကင်းဝေးခဲ့ရသည်။ ထိုအချိန်က ထိုငုံးငှက်မိသားစုများ နေထိုင်ရာ ဒေသနှင့် မနီးမဝေး၌ တောမီးအကြီးအကျယ် လောင်လျက်ရှိသည်။ တောမီးသည် တဖြည်းဖြည်း မြည်ဟည်းလောင်ကျွမ်းလာရာ ထိုငုံးငှက်မိသားစုနေရာအနီးသို့ ရောက်လာသည်။ ဘုရားလောင်းငုံးငှက်ကလေးမှာ အတောင်ရှိနေသော်လည်း ပျံနိုင်အားမရှိသေး၊ ခြေထောက်အစုံ ရှိနေသော်လည်း မသွားနိုင်သေး။ အသိုက်ထဲမှာပဲ ခိုအောင်းနေရသေးသည်။

အသံမြည်ဟည်း၍ အနီးသို့ ရောက်လာသည့် တောမီးကြောင့် ထိုဒေသရှိငှက်များအားလုံး မိမိတို့ အသိုက်များမှထွက်၍ မီးလွတ်ရာသို့ အော်ဟစ်ပျံသန်းသွားကြသည်။ ဘုရားလောင်းငုံးငှက်ကလေး၏ မိဘနှစ်ပါးလည်း သေဘေးကိုကြောက်သဖြင့် သားငယ်ကိုပစ်ကာ အော်ဟစ်ပျံသန်းသွားကြလေပြီ။ အသိုက်ထဲတွင် ခိုကိုးရာမဲ့ တစ်ကောင်တည်း ကျန်ရစ်ရာသော ဘုရားလောင်းငုံးငှက်ကလေးသည် တောမီးကြီး မိမိအနီးသို့ ရောက်လာသည်ကို မြင်ရသည့်အခါ 'ငါ့မှာတော့ ကိုးကွယ်ရာမဲ့ဖြစ်နေပြီ၊ ငါဘာလုပ်သင့်သလဲ' ဟု စဉ်းစားပြီး နောက်ဆုံးတွင် –

"ငါ့မှာ အတောင်ရှိပါလျက် မပျံနိုင်ပါ။ ခြေထောက်များရှိလျက် မသွားနိုင်ပါ၊ မိဘနှစ်ပါးလည်း စွန့်ခွာသွားလေပြီ၊ ဤမှန်သော သစ္စာစကားကြောင့် အို... တောမီး ဖယ်ရှားပါလော"

ဟု သစ္စာစကားဆိုလိုက်သည်။ ထိုသို့ သစ္စာစကားဆိုလိုက်သည်နှင့်တစ်ပြိုင်နက် တောမီးကြီးမှာ ရေဖြင့် လောင်းလိုက်သကဲ့သို့ ငြိမ်းအေးသွားသည်ဟု ဇာတ်အဋ္ဌကထာ၌ လာရှိလေသည်။

ဤသို့အားဖြင့် ဗုဒ္ဓမြတ်စွာသည် ဘုရားလောင်းဘဝ နေစဉ်အခါက ဤမောရသုတ်၊ ခန္ဓသုတ်နှင့် ဝဋ္ဋသုတ်ပရိတ်များကို ရွတ်ဆိုခဲ့ဖူးလေသည်။

## ဗုဒ္ဓလက်ထက်က ပရိတ်ရွတ်ဆိုမှုများ

ဤသို့ ဗုဒ္ဓမပွင့်မီကပင် ပရိတ်ရွတ်ဆိုမှုများ အထင်အရှား ရှိခဲ့သော်လည်း တချို့က ပရိတ်ကို ဘုရားရှင် ခွင့်ပြုတော်မူခဲ့ကြောင်း ပါဠိတော် အထောက်အထားမရှိဟု ပြောဆိုနေကြသည်ကို ကြားရသည်။ အမှန်မှာ ဘုရားရှင် ကိုယ်တော်တိုင် ပရိတ်ကို ခွင့်ပြုတော်မူခဲ့ကြောင်း ပါဠိတော် အထောက်အထားရှိသည့်ပြင် ဘုရားရှင်ကိုယ်တော်တိုင်ပင် ပရိတ်တရားများကို အသုံးပြုစေခဲ့ကြောင်း ကျမ်းဂန်များ၌ အထင်အရှား လာရှိပေသည်။

ချဲ့ဦးအံ့၊ ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် ရဟန်းတော်တစ်ပါး မြွေကိုက်ခံရသဖြင့် ပျံလွန်တော်မူသွား၏။ ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာ သိရှိတော်မူသောအခါ ထိုရဟန်းသည် မြွေတို့ကို မေတ္တာမပို့သခြင်းကြောင့် မြွေကိုက်ခံရ၍ ပျံလွန်သွားခြင်း ဖြစ်ပေသည်ဟု မိန့်တော်မူကာ –

"ရဟန်းတို့၊ မိမိကိုယ်ကို လုံခြုံစေခြင်းငှာလည်းကောင်း၊ မိမိကိုယ်ကို စောင့်ရှောက်စေခြင်းငှာလည်းကောင်း၊ မိမိကိုယ်၏ အရံအတား အကာအကွယ် (ပရိတ်)ကို ပြုခြင်းငှာ လည်းကောင်း ဤမြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် ဖြန့်ခြင်းငှာ ခွင့်ပြုတော်မူ၏"

ဟု မိန့်တော်မူသည်။ ထို့နောက် 'ဝိရူပက္ခေဟိ မေ မေတ္တံ' အစရှိသော ခန္ဓသုတ် ပရိတ်ကို ရွတ်ဖတ်ပွားများရန် ခွင့်ပြုတော်မူ၏ ဟု အင်္ဂုတ္တရပါဠိတော် (စတုက္က) အဟိရာဇသုတ်၌ မိန့်ကြားတော်မူထားပေသည်။ ထို့အတူ စူဠဝဂ္ဂပါဠိ၊ ခုဒ္ဒကဝတ္ထု ခန္ဓက၌ ခန္ဓသုတ် ပရိတ်ကို ရွတ်ဆိုပွားများရန် ခွင့်ပြုတော်မူထားသည်ကို တွေ့ရှိရသည်။

ထို့ပြင် ဒီဃနိကာယ်၊ ပါထိကဝဂ်၊ အာဋာနာဋိယ သုတ် ပါဠိတော်၌လည်း –

"ရဟန်းတို့… အာဋာနာဋိယမည်သော အရံအတားကို သင်ယူကြကုန်လော၊

ရဟန်းတို့… အာဋာနာဋိယ မည်သော အရံအတားကို အဖန်ဖန်လေ့လာကြကုန်လော၊

ရဟန်းတို့… အာဋာနာဋိယမည်သော အရံအတားကို ဆောင်ထားကြကုန်လော၊

ရဟန်းတို့… အာဋာနာဋိယ မည်သော အရံအတားသည် အကျိုးစီးပွားနှင့်စပ်၏၊ အာဋာနာဋိယမည်သော အရံအတားသည် ရဟန်းယောကျ်ား၊ ရဟန်း မိန်းမ၊ ဥပါသကာ ယောကျ်ား၊ ဥပါသိကာ မိန်းမတို့၏ အကာအကွယ် အစောင့်အရှောက်ဖြစ်ခြင်းငှာ၊ မဆင်းရဲ မပင်ပန်းခြင်းငှာ၊ ချမ်းသာစွာ နေရခြင်းငှာဖြစ်၏ "

ဟု အာဋာနာဋိယ ပရိတ်အရံအတားကို သင်ယူလေ့လာ ဆောင်ထားကြရန် တိုက်တွန်းတော်မူထားသည်ကို လေ့လာဖတ်ရှုရသည်။

ဝိနည်း ပိဋက ပါစိတ်ပါဠိတော် ဘိက္ခုဝိဘင်း တိရစ္ဆာနကထာသိက္ခာပုဒ်နှစ်ခု၏ အနာပတ္တိဝါရတို့၌လည်း ဘေးရန်မှ လုံခြုံရေးအတွက်ပရိတ်ကို သင်ယူပို့ချသော ရဟန်းမိန်းမအား အာပတ်မှကင်းလွတ်ခွင့်ပေးတော်မူသော ပညတ်တော်မူချက်ကို တွေ့ရသည်။ ဤသိက္ခာပုဒ်များ၌ခွင့်ပြုတော်မူသည့် ပရိတ်များမှာ တစ္ဆေ၊ ဘီလူး၊ ဖုတ်၊ ပြိတ္တာ စသည်တို့၏ဘေးရန်ကို ကာကွယ် တားဆီးနိုင်သော ယက္ခပရိတ်နှင့် မြွေများမဝင်နိုင်အောင် တားဆီး ကာကွယ်နိုင်သည့် နာဂမဏ္ဍလ ပရိတ်များ ဖြစ်သည်။ အမှန်ဆိုရသော် ပရိတ်နှင့်ပတ်သက်၍ ဤ ဘုရားဟော မဟုတ်သည့်ပရိတ်များကိုပင် သင်ယူခွင့်၊ ပို့ချခွင့်ပြုတော်မူသည်ဆိုလျှင် ဘုရားဟောဖြစ်သည့်ပရိတ်တို့ကိုမူကား အထူးဆိုဖွယ်ရာမရှိ၊ ခွင့်ပြုပြီးဖြစ်သည်ဟု မှတ်သားကြရမည် ဖြစ်ပါသည်။

ဘုရားရှင်ကိုယ်တော်တိုင် ဘေးအန္တရာယ် အကာအကွယ်အဖြစ်ရွတ်ဆို အသုံးပြုစေခဲ့သော ပရိတ်တော်များမှာ –

၁။ ရတနသုတ်ပရိတ်၊

၂။ ခန္ဓသုတ်ပရိတ်၊
၃။ မေတ္တာသုတ်ပရိတ်၊
၄။ ဓဇဂ္ဂသုတ်ပရိတ်၊
၅။ အာဋာနာဋိယသုတ်ပရိတ်၊
၆။ အင်္ဂုလိမာလသုတ်ပရိတ်၊
၇။ ဗောဇ္ဈင်္ဂသုတ်ပရိတ်

ဟူ၍ ခုနစ်သုတ်ရှိကြောင်း ပါဠိကျမ်းဂန်များ၌ တွေ့ရှိရသည်။

ဤသုတ်များတွင် ရတနသုတ်၊ ခန္ဓသုတ်တို့ အကြောင်းကို ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က တောကျောင်းနေ ရဟန်းတော် ၅၀၀ တို့အား တောကျောင်း၌ နေမရအောင် ရက္ခစိုးနတ်များက ခြောက်လှန့်ကြခြင်း၊ မကောင်းသည့် အဆင်းအနံ့ အာရုံများကို ပြခြင်းတို့ဖြင့် ပြုလုပ် နှောင့်ယှက်သောကြောင့် ဗုဒ္ဓမြတ်စွာက 'မေတ္တာသုတ်ပရိတ်' ကို ရွတ်ဆိုရန် ဟောကြားပြသတော်မူ၍ ရွတ်ဆိုစေသည်။ ယင်းမေတ္တာသုတ်ပရိတ်၏ တန်ခိုးကြောင့် ရဟန်းတော်များအား နတ်များက အနှောင့်အယှက်မပေးတော့ဘဲ ဝတ်ကြီးဝတ်ငယ်ပြုလုပ်ခြင်း စသည်ဖြင့် အကူအညီပင် ပေးကြလေရာ ချမ်းသာစွာ တရားအားထုတ်နိုင်၍ တရားထူးရကြသည်။

တောအရပ်၊ သစ်ပင်အောက် ဆိတ်ငြိမ်ရာတို့၌ တရားပွားများအားထုတ်သူ ရဟန်းတော်များအား ကြောက်ခြင်း၊ ကြက်သီးထခြင်း၊ ကြက်သေသေခြင်း မဖြစ်နိုင်အောင် 'ဓဇဂ္ဂသုတ်' ကို ရွတ်ဆိုသောအားဖြင့် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့ကို အောက်မေ့ပွားများရမည်ဟု ညွှန်ပြတော်မူကြောင်း သဂါထာဝဂ္ဂသံယုတ္တပါဠိ၊ ဓဇဂ္ဂသုတ်၌ တွေ့ရှိရသည်။ အာဋာနာဋိယသုတ်ကို မြတ်စွာဘုရား၏ တပည့်ပရိသတ်တို့အား နတ်ဆိုး၊ ဖုတ်၊ ပြိတ္တာ စသည်တို့က မနှောင့်ယှက်နိုင်အောင် ဝေဿဝဏ်နတ်မင်းကြီး သီကုံးလျှောက်ထားသည့်အတိုင်း မြတ်စွာဘုရားက ဟောကြားသင်ပြတော်မူသည်ဟု ပါထိကဝဂ္ဂပါဠိ၊ အာဋာနာဋိယသုတ်၌ ပြဆိုထားသည်။

အင်္ဂုလိမာလသုတ်ကို မီးမဖွားနိုင်သည့် အမျိုးသမီးများအား မီးဖွားနိုင်စေရန် အရှင်အင်္ဂုလိမာလမထေရ်အား မြတ်စွာဘုရားက သင်ပြ ရွတ်ဆိုစေတော်မူသည်။ ထိုသုတ်ကို အရှင်အင်္ဂုလိမာလ မထေရ် ရွတ်ဆို သည့်အခါ ထိုအမျိုးသမီးမှာ လွယ်ကူစွာ မီးဖွားနိုင်လေသည်။ မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်၊ အင်္ဂုလိမာလသုတ်၌ ဤအကြောင်းကို ဟောကြား တော်မူထားပေသည်။

ဗောဇ္ဈင်္ဂသုတ်ကို အရှင်မောဂ္ဂလ္လာန်နှင့် အရှင်မဟာကဿပတို့ အနာရောဂါနှိပ်စက်သောအခါ မြတ်စွာဘုရားကိုယ်တိုင် ရွတ်ဆို ဟောကြား တော်မူရာ ထိုအရှင်များ အနာရောဂါပျောက်ကင်းတော်မူသွားကြသည်။ ဘုရားရှင်ကိုယ်တော်တိုင် မကျန်းမမာဖြစ်သည့်အခါမှာလည်း အရှင်စုန္ဒ မထေရ်ကို ရွတ်ဆိုစေတော်မူရာ ဘုရားရှင်မှာ တစ်ခဏချင်း ကျန်းမာ တော်မူသည်။

ဤသို့ ဘေးအန္တရာယ် ရန်အသွယ်သွယ်တို့ မကျရောက်အောင်၊ ဝါ ပပျောက်အောင် အကာအကွယ် အရံအတားအဖြစ် ဘုရားရှင် ကိုယ်တော်တိုင် ရွတ်ဆိုအသုံးပြုစေတော်မူခဲ့သော ပရိတ်တော်များမှာ ပါဠိ တော် လာသည့်အတိုင်း ခုနစ်သုတ် ရှိလေသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် မိမိကိုယ်တိုင် သင်ကြားပေးသော ပရိတ်တော်များကို သာမက အခြား ယက္ခပရိတ်၊ နာဂမဏ္ဍလ ပရိတ်များကိုပင် သင်ယူပို့ချ ခွင့်ပြုခဲ့ကြောင်း ထင်ရှားသိသာလေသည်။ တင်ပြခဲ့ပြီးသော အထောက် အထားများအရ အရှင်အာနန္ဒာ စသော တပည့်သာဝကများကိုသာ ပရိတ် တရားများကို ရွတ်ဖတ်စေတော်မူခဲ့သည် မဟုတ်သေး၊ မိမိကိုယ်တိုင်ပင် လျှင် ရတနသုတ်ပရိတ်၊ ဗောဇ္ဈင်္ဂသုတ်ပရိတ်များကို ရွတ်ဖတ်ဟောကြား တော်မူခဲ့ပေသည်။

ဓမ္မပဒအဋ္ဌကထာ၊ အာယုဝဍ္ဎနသတို့သားဝတ္ထု၌လည်း အာယုဝဍ္ဎန သတို့သားအား ဗုဒ္ဓမြတ်စွာနှင့် ဆရာရသေ့တို့အား နောက်ထပ်ခုနစ်ရက် သာ အသက်ရှင်တော့မည်ဟု ဟောကြားထားကြသည်။ သို့သော် ရှင်တော် ဗုဒ္ဓက 'ပုဏ္ဏားကြီး၊ သင်၏ အိမ်တံခါးအနီး၌ မဏ္ဍပ်ကြီးကို ဆောက်

လုပ်ပါ။ ထိုမဏ္ဍပ်အလယ်တွင် အင်းပျဉ်ကိုခံ၍ အင်းပျဉ်၏ပတ်လည်တွင် နေရာရှစ်ခု၊ သို့မဟုတ် တစ်ဆယ့်ခြောက်ခုတို့ကို ခင်းထားပါ၊ ထိုနေရာတို့၌ ငါဘုရား၏ တပည့်သာဝက ရဟန်းတော်များကို သီတင်းသုံးနေစေပြီး ခုနစ်ရက်ပတ်လုံး ပရိတ်အရံအတားကို ပြုစွမ်းနိုင်လျှင် ထိုသူငယ်၏ အသက်အန္တရာယ် ပျောက်ကွယ်သွားပေမည်' ဟု သူငယ် အသက်ရှည်ရေးကို နည်းပေးတော်မူခဲ့သည်။

ဘုရားရှင် နည်းပေးတော်မူသည့်အတိုင်း ရဟန်းတော်များ ခုနစ်နေ့၊ ခုနစ်ညတိုင်တိုင် ပရိတ်ရွတ်ပေးသဖြင့်လည်းကောင်း၊ ခုနစ်ရက်မြောက် ည၌ ဘုရားရှင် ကိုယ်တော်တိုင် တစ်ညဥ့်ပတ်လုံး ပရိတ်အရံအတားကို ပြုပေးသဖြင့် လည်းကောင်း သတို့သားမှာ သေဘေးမှ လွတ်မြောက်ပြီး နှစ်ပေါင်း ၁၂၀ တိုင် အသက်ရှည်သွားသည်ကို တွေ့ရသည်။

## မိလိန္ဒမင်းကြီးတို့ခေတ် ပရိတ်ရွတ်ဆိုခြင်း အလေ့အထ

ဤကဲ့သို့ ဗုဒ္ဓရှင်တော်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က မြတ်စွာဘုရား ကိုယ်တော်တိုင် အသုံးပြုတော်မူခဲ့သည့် ပရိတ်ရွတ်ဖတ်နာကြားမှု အစဉ်အလာကို မိလိန္ဒမင်းကြီးတို့ခေတ်၌လည်း ရဟန်းတော်များ ဆက်ခံကျင့်သုံးခဲ့ကြသည်။

မှန်ပါသည်၊ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်ပြီး နှစ်ပေါင်း ၅၀၀ ခန့် ကြာသောအခါ သာဂလပြည်တွင် မိလိန္ဒမင်းကြီး ထီးနန်းအုပ်ချုပ် မင်းလုပ်သည်။ ထိုဘုရင်ကြီးသည် ဗုဒ္ဓဘာသာရေး အခြေခံ ကြီးမားရင့်သန်သူဖြစ်၍ သူကိုးကွယ်သည့် ဆရာတော် အရှင်နာဂသေနမထေရ်အား ခဲရာခဲဆစ် ဓမ္မရေးရာပြဿနာများကို မေးလျှောက်သည်။ အရှင်နာဂသေနမထေရ်ကလည်း မေးသမျှကို ဖြေဆိုနိုင်သည်။ ထိုဆရာဒကာနှစ်ဦးတို့၏ အမေးအဖြေများကို စုပေါင်းလိုက်ရာ မိလိန္ဒပဉှာခေါ် ကျမ်းကြီးတစ်ဆူ ဖြစ်ပေါ်လာသည်။ ထိုကျမ်းကြီးကို သာသနာတော်တွင် ဘုရားဟောပါဠိအလား လေးစားကြကာ သင်္ဂါယနာအဆင့်ဆင့် တင်ခဲ့ကြသည်။

ယင်းကျမ်း၌ မိလိန္ဒမင်းကြီးက ပရိတ်ရွတ်ခြင်းသည် အကျိုးရှိ မရှိ၊ မည်သို့ရွတ်မှ အကျိုးရှိသည်တို့ကို မထေရ်မြတ်အား မေးလျှောက်ထား ချက်လည်း ပါဝင်သည်။ မထေရ်မြတ်ကလည်း ပရိတ်ရွတ်ခြင်း အကျိုး ရှိပုံကိုလည်းကောင်း၊ အကျိုးရှိအောင်ရွတ်နည်းကိုလည်းကောင်း အကြောင်း များစွာပြ၍ ဖြေဆိုထားပေသည်။

ထိုသို့ဖြေဆိုရာ၌ ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်ဟူသော ပရိတ်တော် ခုနစ်သုတ် အမည်များကို ဖော်ပြထားသည်။ ယင်းအချက်ကို ထောက်လျှင် မိလိန္ဒမင်းကြီးတို့ခေတ် သာသနာနှစ် ၅၀၀ ခန့်က ရဟန်း ရှင် လူများသည် ဘေးအန္တရာယ် ရန်အသွယ်သွယ်တို့ကို ကာကွယ်ရန် အကာအကွယ် အရံ အတားများအဖြစ် ဖော်ပြပါ ပရိတ်ခုနစ်သုတ်တို့ကို ရွတ်ဆိုအသုံးပြုခဲ့ကြ ကြောင်း ထင်ရှားသိသာသည်။

## ရှင်မဟာဗုဒ္ဓဃောသခေတ် သီရိလင်္ကာ၌ ပရိတ်ရွတ်ခြင်း အလေ့အထ

သာသနာတော်နှစ် ၉၀၀ ကျော်ခန့်တွင် အဋ္ဌကထာသစ်များကို ပြုစုတော်မူသည့် အရှင်မဟာဗုဒ္ဓဃောသခေါ် မထေရ်မြတ်တစ်ဦး ပေါ်ထွန်း ခဲ့သည်။ ရှေးခေတ်အဋ္ဌကထာဟောင်းကြီးများကို ဘုရားဟော ပါဠိ အဋ္ဌ ကထာများနှင့် ညှိနှိုင်းကာ ပိုဖျက်လိုက်စွက်များ ပြုလုပ်လျက် မာဂဓဘာသာ ဖြင့် အဋ္ဌကထာသစ်များ ရေးသားတော်မူသည်။ ထိုသို့ အဋ္ဌကထာသစ် များရေးသားရာ၌ အခွင့်ပေါ်လာလျှင် ပရိတ်တော်သုတ် အမည်များကို ဖော်ထုတ်ရေးသား ဖွင့်ဆိုတော်မူသည်ကို ပါရာဇိကဏ် အဋ္ဌကထာ (ပ၊ ၁၂၉)၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဒု၊ ၄၄)၊ အင်္ဂုတ္တရအဋ္ဌကထာ (ပ၊ ၃၅၈၊ ခု ၂၁၀)၊ ပါထိကဝဂ္ဂအဋ္ဌကထာ ၈၁၊ ဥပရိပဏ္ဏာသ အဋ္ဌကထာ ၇၉၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၄၁၁ တို့၌ လေ့လာတွေ့ရှိရသည်။

ဤအဋ္ဌကထာများလာ ပရိတ်သုတ်များကို တူရာပေါင်းလိုက်လျှင် ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာ နာဋိယသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ဣသိဂိလိသုတ်ဟူ၍ သုတ်ပေါင်း ရှစ်သုတ်

ရှိပေသည်။ ပါရာဇိကဏ်အဋ္ဌကထာ (၃-၆၇) ၌လည်း လူတို့အတွက် ပရိတ်ရွတ်ပေးမှုနှင့် ပတ်သက်၍ ရဟန်းတော်များ လိုက်နာစရာများကို ပြဆိုထားပေသည်။

ထို့ပြင် သာသနာနှစ် ၉၁၂ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း)၌ နန်းတက်သော ဒုတိယ ဥပတိဿမင်းလက်ထက်၌ ဘုရားရှင်သက်တော်ထင်ရှားရှိတော်မူစဉ်က ဝေသာလီပြည်၌ ဖြစ်သကဲ့သို့ အစာငတ်မွတ်ခေါင်းပါးဘေး၊ ရောဂါဘေးတို့ ဖြစ်ပေါ်လာရာ ရဟန်းတော်များ ညဥ့်သုံးယံပတ်လုံး ရတနသုတ် ပရိတ်တော်ကို ရွတ်သဖြင့် ထိုဘေးများ ပျောက်ကင်းသွားကြောင်း စူဠဝင်၌ ဖော်ပြထားလေသည်။

ဤဖော်ပြပါ အထောက်အထားများအရ ထိုအချိန်အခါက သီရိလင်္ကာနိုင်ငံ၌ ဘေးအန္တရာယ်များ မကျရောက်စေရန်နှင့် ကျရောက်နေသည့် ဘေးအန္တရာယ်များ ပပျောက်သွားစေရန် အကာအကွယ်၊ အရံအတား အဖြစ် ဖော်ပြပါ ပရိတ်သုတ် ရှစ်သုတ်တို့ကို ရွတ်ဆိုနာယူမှုများ ကျင့်သုံးခဲ့ကြောင်း သိရှိရပေသည်။

## ပရိတ်ရွတ်ဖတ်နာယူမှုနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံ၌လည်း ပုဂံခေတ်ဦးပိုင်းကပင် ပရိတ် ရွတ်ဖတ်နာယူမှုများ ရှိခဲ့ကြောင်း ကျောက်စာ အထောက်အထားများအရ သိရှိရသည်။ ကျန်စစ်သားမင်းကြီးသည် နန်းတော်ဆောက်လုပ်သောအခါ ရှင်အရဟံအမှူးရှိသော ရဟန်းတော် ၄၁၀၈ ပါးတို့ကို ပရိတ်မင်္ဂလာ ရွတ်ဖတ်စေခဲ့သည်ဟု မင်းတရားကြီး၏ နန်းတော်မွန်ကျောက်စာ၌ ဖော်ပြထားသည်။

သက္ကရာဇ် ၅၅၂ ခုနှစ်တွင် သိင်္ဃသူရ်မည်သော အမတ်ကြီးသည် ဂူဘုရား ဌာပနာသောအခါ သံဃာတော်များကို ပင့်၍ ပရိတ်ရွတ်စေခဲ့ကြောင်း တောင်ဂူနီဘုရားကျောက်စာတွင် မှတ်တမ်းပြုခဲ့သည်။ ထို့အတူ သက္ကရာဇ် ၆၂၃ ခုနှစ်၌လည်း အစစ်လတ်မင်းသမီးသည် ဂူဘုရားဌာပနာသောအခါ သံဃာတော်တို့ကို ပင့်၍ ပရိတ် ရွတ်ဆိုခဲ့ကြောင်း ပုဂံကျောက်စာ ညွှန့်ပေါင်း၌ တွေ့ရသည်။

အင်းဝခေတ်၊ ကုန်းဘောင်ခေတ် မြန်မာဘုရင်များသည်လည်း အခါအားလျော်စွာ ပရိတ်ရွတ်စေမှု၊ နာယူမှုတို့ကို ပြုလုပ်ခဲ့ကြ၍ မင်းခမ်းမင်းနားတို့၌ပင် ပရိတ်ရွတ်ဖတ်နာယူမှုပြုလုပ်ခဲ့ကြကြောင်း ထိုထို သမိုင်းစာတမ်းများ၌ တွေ့ရှိရသည်။

အိမ်ရှေ့မင်းတို့ အိမ်တော်တက် အခမ်းအနားကို ကျင်းပသောအခါ အိမ်ရှေ့မင်းသည် ပရိတ်တော် နာဆောင်သို့ ရောက်တော်မူလျှင် ပရိတ်တော်ကို နာယူတော်မူ၍ ပရိတ်တော်အိုး၊ ပရိတ်တော်ပန်းတို့ကို ပြင်ရုံးသို့ထုတ်၍ မင်းသား မင်းမြေး မှူးတော် မတ်တော်တို့ကို ဝေပြီးမှ အိမ်သို့ပြန်ကြရသည်ဟု ရှေးမြန်မာဘုရင်တို့၏ အခမ်းအနား အဆောင်အယောင်များကို ဖော်ပြသော လောကဗျူဟာ အင်ရုံစာတမ်း၌ ဖော်ပြထားသည်။

ဘုရင်မင်းမြတ်များ ထီးနန်းဥကင်တော်ဖွင့် အစီအစဉ်၌လည်း မြို့ပြင်၌ တဲနန်းဆောက်လုပ်ရာတွင် ပရိတ်တော်နာ တန်ဆောင်းကိုလည်း ဆောက်လုပ်ရကြောင်း၊ သကြန်တော် ရေခပ်အစီအစဉ်တွင် ပရိတ်တော်နာ ပန်းဆက်ပုဏ္ဏားများ ရက်လည်အောင် ဥပုသ်စောင့်ကြရကြောင်း၊ သကြန်တော်ခေါ်ပြီးသောအခါ၌လည်း ဝတ်လဲဆောင်တွင် အဝတ်လဲတော်မူ၍ ပရိတ်တော်နာဆောင်တွင် ပရိတ်တော်နာတော်မူကြောင်း၊ မြို့သိမ်းထွက် အစီအစဉ်၌လည်း ထွက်တော်မူသည့်နေ့ နံနက်လေးချက်တီးကျော် သုံးမောင်း လေးမောင်းတို့လည်း မြေနန်းတော်၊ လွှတ်တော် ဝန်ရုံး၊ လေးမျက်နှာအရှေ့ရုံး၊ အနောက်ရုံး၊ မြို့ထိပ်ရှစ်ရပ်များတွင် တစ်ရပ်ကို သံဃာတော်ရှစ်ပါးစီ ဆွမ်းလုပ်ကျွေး၍ ပရိတ်ရေခံပြီးလျှင် ပရိတ်တော်ရေကို ဝန်းတော်ပတ်လည် မြို့တော်အတွင်းအပြင်ကို ပုဏ္ဏားတို့ကို သန္နေးပြန်ပက်စေကြောင်းတို့ကိုလည်း အင်ရုံစာတမ်း၌ တွေ့ရှိရသည်။

ထို့ပြင် သာလွန်မင်းတရားကြီးသည် သားတော်ရှင်တရုတ်ကို အလိုတော်ပြည့်ပြီးနောက် လေးထပ်ကျောင်းဆရာတော်၊ စံကျောင်းဆရာတော်တို့နှင့် ဆရာတော်အပေါင်းကို နန်းတော်သို့ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူပြီးလျှင် ပရိတ်တရားတော်ကိုလည်း နာယူတော်မူခဲ့သည်။

နောင်တော်ဘုရားသားတော် သခင်ပုကို ညီတော်မင်းရဲကျော်စွာ သမီးတော် ခင်မလှစံဖြိုးနှင့် စုံဖက်တော်မူသည်တွင်လည်း လေးထပ်ကျောင်းဆရာတော်ကို သံဃာတော်တို့နှင့်တကွ ပင့်ဖိတ်၍ ပရိတ်နာတော်မူခဲ့သည်ဟု သာသနာလင်္ကာရစာတမ်း၌ ဖော်ပြထားသည်။

ဒုတိယအင်းဝခေတ်တွင် အနောက်ဖက်လွန်မင်းနှင့် သာလွန်မင်းတို့လက်ထက်၌ အရှင်တေဇောဒီပခေါ် တိလောကာလင်္ကာရ မထေရ်ကျော်တစ်ပါး ပေါ်ထွက်လာခဲ့သည်။ ထိုမထေရ်သည် သက္ကရာဇ် ၉၇၁ ခုနှစ်တွင် ပရိတ်ကြီးဋီကာကျမ်းကို ပြုစုရေးသားခဲ့သည်။ ထိုပရိတ်ကြီးဋီကာကျမ်း၌ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်ဟူသော ပရိတ်တော်ကိုးသုတ်တို့ကို အစဉ်အတိုင်း ဖွင့်ပြထားသည်။ ထို့ကြောင့် အနောက်ဖက်လွန်မင်းနှင့် သာလွန်မင်းတရားတို့ လက်ထက်၌လည်း ပရိတ်ကြီး ဋီကာလာ ပရိတ်ကိုးသုတ်တို့ကို ရွတ်ဖတ်မှု၊ နာယူမှုများ ရှိခဲ့ကြောင်း သိရှိနိုင်ပါသည်။

ထိုဒုတိယအင်းဝခေတ် (ညောင်ရမ်းခေတ်) နှင့် ကုန်းဘောင်ခေတ်တို့၌ ပရိတ်ရွတ်ဖတ်မှုနှင့် ပရိတ်ချည်တို့ကို သုံးစွဲမှုများရှိခဲ့သည်ကို သက္ကရာဇ် ၁၁၉၉ ခုနှစ်က ရေးသားခဲ့သော တတိယနံမော် ဆရာတော် အရှင်ဝိနန္ဒာသဘ၏ သီလဝိသောဓနီကျမ်းအရ သိရှိရပေသည်။

ဆရာတော်က ထိုကျမ်း စာမျက်နှာ ၁၁၇ တွင် 'ရှင်ပြုပရိတ်ရွတ်ရာ ပရိတ်အိုး၌ စိုက်ထည့်သော မင်းကိုချည်ကို ရှေ့ဆရာမြတ်တို့ ပရိတ်အိုးကို ကိုင်၍ ပရိတ်ရွတ်ပြီး ရှင်ပြုမည့်အခါမှ တချို့ဆရာမြတ်တို့ ရှင်လောင်း၏ လည်တွင် စွပ်စေသည်။ တချို့ ဆရာမြတ်တို့ ပရိသတ်ပတ်လည် စိုက်စေသည်။ ထိုပရိတ်ရွတ်ပြီးချည်ကို မင်းကိုယ်ချည်ခေါ်သည်။ အောင်ချည်လည်း ဟူကြသည်၊ မှန်ကူချည်လည်း ဟူကြသည်။ ထိုချည်ကို ဝိုက်သား၍ ရှင်ပြုလျှင် ရှင်လောင်း၏အန္တရာယ်ကို ထိုချည်ကွယ်သောဟူ၏။ ထို့ကြောင့် သက္ကရာဇ် ၉၉၅ မင်းဖြစ် သာလွန်မင်းလက်ထက် မင်္ဂလာပရိတ်ရွတ်ရာ ပါသော မင်းကိုယ်ချည်ကို မင်းသား မင်းသမီးတို့လည်မှာ စွပ်ပါ

အင်းဝခေတ်၊ ကုန်းဘောင်ခေတ် မြန်မာဘုရင်များသည်လည်း အခါအားလျော်စွာ ပရိတ်ရွတ်စေမှု၊ နာယူမှုတို့ကို ပြုလုပ်ခဲ့ကြ၍ မင်းခမ်း မင်းနားတို့၌ပင် ပရိတ်ရွတ်ဖတ်နာယူမှုပြုလုပ်ခဲ့ကြကြောင်း ထိုထို သမိုင်း စာတမ်းများ၌ တွေ့ရှိရသည်။

အိမ်ရှေ့မင်းတို့ အိမ်တော်တက် အခမ်းအနားကို ကျင်းပသော အခါ အိမ်ရှေ့မင်းသည် ပရိတ်တော် နာဆောင်သို့ ရောက်တော်မူလျှင် ပရိတ်တော်ကို နာယူတော်မူ၍ ပရိတ်တော်အိုး၊ ပရိတ်တော်ပန်းတို့ကို ပြင်ရုံးသို့ထုတ်၍ မင်းသား မင်းမြေး မှူးတော် မတ်တော်တို့ကို ဝေပြီးမှ အိမ်သို့ပြန်ကြရသည်ဟု ရှေးမြန်မာဘုရင်တို့၏ အခမ်းအနား အဆောင် အယောင်များကို ဖော်ပြသော လောကဗျူဟာ အင်ရုံစာတမ်း၌ ဖော်ပြ ထားသည်။

ဘုရင်မင်းမြတ်များ ထီးနန်းဥကင်တော်ဖွင့် အစီအစဉ်၌လည်း မြို့ပြင်၌ တဲနန်းဆောက်လုပ်ရာတွင် ပရိတ်တော်နာ တန်ဆောင်းကိုလည်း ဆောက်လုပ်ရကြောင်း၊ သင်္ကြန်တော် ရေခပ်အစီအစဉ်တွင် ပရိတ်တော်နာ ပန်းဆက်ပုဏ္ဏားများ ရက်လည်အောင် ဥပုသ်စောင့်ကြရကြောင်း၊ သင်္ကြန် တော်ခေါ်ပြီးသောအခါ၌လည်း ဝတ်လဲဆောင်တွင် အဝတ်လဲတော်မူ၍ ပရိတ်တော်နာဆောင်တွင် ပရိတ်တော်နာတော်မူကြောင်း၊ မြို့သိမ်းထွက် အစီအစဉ်၌လည်း ထွက်တော်မူသည့်နေ့ နံနက်လေးချက်တီးကျော် သုံးမောင်း လေးမောင်းတို့လည်း မြေနန်းတော်၊ လွှတ်တော် ဝန်ရုံး၊ လေး မျက်နှာအရှေ့ရုံး၊ အနောက်ရုံး၊ မြို့ထိပ်ရှစ်ရပ်များတွင် တစ်ရပ်ကို သံဃာ တော်ရှစ်ပါးစီ ဆွမ်းလုပ်ကျွေး၍ ပရိတ်ရေခံပြီးလျှင် ပရိတ်တော်ရေကို ဝန်းတော်ပတ်လည် မြို့တော်အတွင်းအပြင်ကို ပုဏ္ဏားတို့ကို သန္ဓေးပြန်ပက် စေကြောင်းတို့ကိုလည်း အင်ရုံစာတမ်း၌ တွေ့ရှိရသည်။

ထို့ပြင် သာလွန်မင်းတရားကြီးသည် သားတော်ရှင်တရုတ်ကို အလိုတော်ပြည့်ပြီးနောက် လေးထပ်ကျောင်းဆရာတော်၊ စံကျောင်း ဆရာတော်တို့နှင့် ဆရာတော်အပေါင်းကို နန်းတော်သို့ပင့်၍ ဆွမ်းလုပ် ကျွေးတော်မူပြီးလျှင် ပရိတ်တရားတော်ကိုလည်း နာယူတော်မူခဲ့သည်။

နောင်တော်ဘုရားသားတော် သခင်ပုကို ညီတော်မင်းရဲကျော်စွာ သမီးတော် ခင်မလုစံဖြိုးနှင့် စုံဖက်တော်မူသည်တွင်လည်း လေးထပ်ကျောင်းဆရာတော်ကို သံဃာတော်တို့နှင့်တကွ ပင့်ဖိတ်၍ ပရိတ်နာတော်မူခဲ့သည်ဟု သာသနာလင်္ကာရစာတမ်း၌ ဖော်ပြထားသည်။

ဒုတိယအင်းဝခေတ်တွင် အနောက်ဖက်လွန်မင်းနှင့် သာလွန်မင်းတို့လက်ထက်၌ အရှင်တေဇောဒီပခေါ် တိလောကာလင်္ကာရ မထေရ်ကျော်တစ်ပါး ပေါ်ထွက်လာခဲ့သည်။ ထိုမထေရ်သည် သက္ကရာဇ် ၉၇၁ ခုနှစ်တွင် ပရိတ်ကြီးဋီကာကျမ်းကို ပြုစုရေးသားခဲ့သည်။ ထိုပရိတ်ကြီးဋီကာကျမ်း၌ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်ဟူသော ပရိတ်တော်ကိုးသုတ်တို့ကို အစဉ်အတိုင်း ဖွင့်ပြထားသည်။ ထို့ကြောင့် အနောက်ဖက်လွန်မင်းနှင့် သာလွန်မင်းတရားတို့ လက်ထက်၌လည်း ပရိတ်ကြီး ဋီကာလာ ပရိတ်ကိုးသုတ်တို့ကို ရွတ်ဖတ်မှု၊ နာယူမှုများ ရှိခဲ့ကြောင်း သိရှိနိုင်ပါသည်။

ထိုဒုတိယအင်းဝခေတ် (ညောင်ရမ်းခေတ်) နှင့် ကုန်းဘောင်ခေတ်တို့၌ ပရိတ်ရွတ်ဖတ်မှုနှင့် ပရိတ်ချည်တို့ကို သုံးစွဲမှုများရှိခဲ့သည်ကို သက္ကရာဇ် ၁၁၉၉ ခုနှစ်က ရေးသားခဲ့သော တတိယနံမော် ဆရာတော် အရှင်ဝိနန္ဒာသဘ၏ သီလဝိသောခနီကျမ်းအရ သိရှိရပေသည်။

ဆရာတော်က ထိုကျမ်း စာမျက်နှာ ၁၁၇ တွင် 'ရှင်ပြုပရိတ်ရွတ်ရာ ပရိတ်အိုး၌ စိုက်ထည့်သော မင်းကိုချည်ကို ရှေ့ဆရာမြတ်တို့ ပရိတ်အိုးကို ကိုင်၍ ပရိတ်ရွတ်ပြီး ရှင်ပြုမည့်အခါမှ တချို့ဆရာမြတ်တို့ ရှင်လောင်း၏ လည်တွင် စွပ်စေသည်။ တချို့ ဆရာမြတ်တို့ ပရိသတ်ပတ်လည် စိုက်စေသည်။ ထိုပရိတ်ရွတ်ပြီးချည်ကို မင်းကိုယ်ချည်ခေါ်သည်။ အောင်ချည်လည်း ဟူကြသည်၊ မုန်ကူချည်လည်း ဟူကြသည်။ ထိုချည်ကို ဝိုက်သား၍ ရှင်ပြုလျှင် ရှင်လောင်း၏အန္တရာယ်ကို ထိုချည်ကွယ်သောဟူ၏။ ထို့ကြောင့် သက္ကရာဇ် ၉၉၅ မင်းဖြစ် သာလွန်မင်းလက်ထက် မင်္ဂလာပရိတ်ရွတ်ရာ ပါသော မင်းကိုယ်ချည်ကို မင်းသား မင်းသမီးတို့လည်မှာ စွပ်ပါ

လော'ဟု လေးထပ် ဆရာတော်တပည့် ရဟန်းတစ်ဦး ပရိသတ်မျက်မှောက် ဆိုကြောင်း စာတမ်းရှိသည်ဟု ရေးသားထားသည်ကို တွေ့ရ၏။

ထို့ပြင် ရှေးမြန်မာဘုရင်များသည် မြို့သစ် နန်းသစ်တည်ဆောက်သောအခါ၌လည်း တရားနာခြင်း၊ ပရိတ်နာခြင်း စသော ဘာသာရေးကိစ္စများကို ဆောင်ရွက်ရန် ဓေတဝန်ဆောင်၊ ပရိတ်တော်ဆောင်ဟု သီးခြားအဆောင်များ ဆောက်လုပ်ရိုးရှိခဲ့ရာ ပရိတ်နာယူမှုကို ရှေးရှေးသာသနာပြုမင်းကောင်းမင်းမြတ်များ အဆက်ဆက်တို့ မည်မျှအရေးထား၍ လေးစားခဲ့သည်ကို သိရှိနိုင်ပေသည်။

## မျက်မှောက်ခေတ် ပရိတ်ရွတ်ဖတ် နာယူပွဲ

ဤသို့အားဖြင့် ရှင်တော်ဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က စ၍ ပေါ်လာခဲ့သော ပရိတ်ရွတ်ဖတ် နာယူပွဲကို သီဟိုဠ်၊ ယိုးဒယား၊ မြန်မာ စသော ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများ၌ ယခုခေတ်အထိ စဉ်လာမပျက် လိုက်နာကျင့်သုံးလျက် ရှိနေကြလေသည်။ သီဟိုဠ်ခေါ် သီရိလင်္ကာနိုင်ငံ၌ကား ယနေ့အထိ ညဉ့်လုံးပေါက် ပရိတ်ရွတ်ပွဲများကို ကျင်းပပြုလုပ်လျက် ရှိကြသေးသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌လည်း နှစ်သစ်ကူးချိန်တွင် ပရိတ်တရားနာယူပွဲများဖြင့် ကြိုဆိုကြမြဲဖြစ်သည်။ နှစ်သစ်တွင် ဘေးအန္တရာယ်ရန်အသွယ်သွယ်တို့ ကင်းလွတ်၍ ကောင်းကျိုးချမ်းသာ ဋ္ဌမင်္ဂလာများဖြစ်ပွားလာစေရန် နှစ်သစ်အကူး၊ နှစ်ဦးနှစ်ဆန်း ၁ ရက်နေ့တွင် တစ်နိုင်ငံလုံး လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် ပရိတ်တရားနာယူပွဲများကို တခမ်းတနားပြုလုပ်ကြ၍ နှစ်ဦးမင်္ဂလာ ကုသိုလ်အဖြာဖြာတို့ကို ဆည်းပူးလေ့ရှိကြသည်။

အိမ်ထောင်စုတစ်စု၌ဖြစ်စေ၊ တစ်လမ်းလုံးရှိ အိမ်ထောင်စုများ၌ဖြစ်စေ၊ ရပ်ကွက်ကျေးရွာတို့၌ဖြစ်စေ ကပ်ရောဂါ စသည့် တစ်စုံတစ်ခုသော ဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အိမ်ထောင်စုအလိုက်၊ လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် သံဃာတော် အရှင်မြတ်

များကို ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တော်များကို နာယူလေ့ ရှိကြသည်။

တစ်ခါတစ်ရံ အိမ်ထောင်စု၌ ကျန်းမာရေး၊ စီးပွားရေး စသည့် အရေးကိစ္စများတွင် မကြာခဏ အဆင်မပြေဖြစ်နေသည့် အခါမျိုးတို့၌လည်း အန္တရာယ်ကင်း ပရိတ်တော်များကို ပင့်ဖိတ် နာယူလေ့ရှိကြပေသည်။ ဤသည်တို့မှာ အကြောင်းအားလျော်စွာ သီးခြားကျင်းပပြုလုပ်လေ့ ရှိကြပေသည့် ပရိတ်ရွတ်ဖတ် နာယူပွဲများ ဖြစ်ပါသည်။

ထို့ပြင် ဘုရားအနေကဇာတင်ပွဲ၊ ဘုရားကိုးဆူပူဇော်ပွဲ၊ ရှင်ပြုမင်္ဂလာပွဲ၊ အိမ်တက်မင်္ဂလာပွဲ၊ မွေးနေ့ မင်္ဂလာပွဲ စသည့် ယဉ်ကျေးမှုဓလေ့ထုံးစံပွဲများ၌လည်း ပရိတ်ရွတ်ဖတ်နာယူပွဲကိုပါ ပူးတွဲပြုလုပ်လေ့ရှိကြသည်။ အယုတ်ဆုံးအားဖြင့် သံဃာတော်များကို အိမ်သို့ သဒ္ဓါတရားသက်သက်ဖြင့် ဆွမ်းပင့်ဖိတ်ကျွေးသည့်အခါ၌ပင် ပရိတ်တရားရွတ်ဖတ် နာယူမှုများကို ပြုလုပ်လေ့ရှိကြလေသည်။

ထိုဆွမ်းကျွေးအလှူပွဲ၌ ဆရာတော်၊ သံဃာတော်အရှင်မြတ်များက ဒကာ ဒကာမများ၏ ပူဇာစ ပူဇ နေယျာနံ မင်္ဂလာ၊ ဒါနမင်္ဂလာကုသိုလ်တို့ကို တံ့ပြန်သောအားဖြင့် အန္တရာယ်ကင်း ပရိတ်တော်များကို ရွတ်ဖတ်ပေးတော်မူကြ၍ အလှူရှင်များက လက်အုပ်ချီမိုး ရိုရိုနာယူကြသည်။ ဤသို့ ဆွမ်းကျွေးစသည့် ဒါနကုသိုလ်များ ပြုလုပ်ကြတိုင်း မြန်မာဗုဒ္ဓဘာသာဝင်တို့ ပရိတ်ရွတ်ဖတ်နာယူခြင်းသည် မြန်မာနိုင်ငံ၌ အစဉ်အလာ ဓလေ့ထုံးစံပင်ဖြစ်၍ နေပေသည်။

ဤသို့ မြန်မာနိုင်ငံတွင် ရှင်တော်ဗုဒ္ဓလက်ထက်တော်က စတင်လာခဲ့သည့် အစဉ်အလာကောင်းများကို သီးသန့် ပရိတ်နာယူပွဲ၊ ပူးတွဲ ပရိတ်နာယူပွဲတို့ကို ပြုလုပ်ကျင်းပသောအားဖြင့် ထိန်းသိမ်းထားလျက် ရှိလေသည်။

## ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်

မြန်မာဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ပရိတ်ရွတ်ဖတ်နာယူပွဲများ၌ ပရိတ်ရေအိုး၊ ပရိတ်သဲခွက်၊ ပရိတ်ချည်လုံးတို့ကို ပရိတ်ရွတ်ဖတ်

တော်မူကြမည့် သံဃာတော်များရှေ့နားတွင် တန်းစီချထားလေ့ ရှိကြပေသည်။

ထိုတွင် ပရိတ်ရေအိုးတည်ထားခြင်းမှာ အရှင်အာနန္ဒာမထေရ်၏ လုပ်ထုံးလုပ်နည်းကို အတုယူ၍ ပြုလုပ်ကြခြင်းဖြစ်ပါသည်။ မှန်ပါသည်၊ ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည်ကြီးတွင် လတ်တလောဖြစ်ပေါ်နေသော ဘေးဆိုးကြီး သုံးမျိုးတို့ ကင်းပျောက်သွားစေရန်အတွက် အရှင်အာနန္ဒာမထေရ်ကို ရတနသုတ် သင်ကြားပေး၍ ရွတ်ဖတ်စေတော်မူပါသည်။ အရှင်အာနန္ဒာမထေရ်သည် ဘုရားရှင်၏ ကျောက်ညိုသပိတ်တော်ဖြင့် ရေအပြည့်ထည့်ပြီး ဝေသာလီမြို့တံခါးတွင်ရပ်ကာ ဘုရားဆုပန်ချိန်မှစ၍ ဘုရားဖြစ်တော်မူပြီး ဓမ္မစကြာတရား ဟောကြားတော်မူသည်အထိ ဘုရားရှင်၏ ဂုဏ်တော်အားလုံးကို ဆင်ခြင်နှလုံးသွင်းတော်မူသည်။

ထို့နောက် ဝေသာလီမြို့တွင်းသို့ဝင်ကာ ညဥ့်သုံးယံပတ်လုံး တံတိုင်း သုံးထပ်အကြားတွင် ရတနသုတ် ပရိတ်တော်ကို ရွတ်ဆို၍ ပရိတ်ရေများကို ပက်ဖျန်းတော်မူသည်။ 'ယံကိဉ္စိ' စသောဂါထာကို ရွတ်ဆိုလိုက်သည့်အခါ အထက်သို့ ပက်ဖျန်းလိုက်သော ပရိတ်ရေသည် ဘီလူး၊ သရဲများပေါ်သို့ ကျရောက်၍ ဘီလူး၊ သရဲတို့ ထွက်ပြေးကြသည်။

'ယာနိဓ ဘူတာနိ' စသော ဂါထာကို ရွတ်ဆိုသည့်အခါ ပရိတ်ရေပေါက်များမှာ လူနာများ၏ကိုယ်ပေါ်သို့ ထူးဆန်းစွာကျရောက်၍ ဖြစ်ပေါ်နေသော အနာရောဂါများ ပျောက်ကင်းသွားကြသည်။ ပရိတ်ရေပေါက်ထိသော်လည်း ထွက်မပြေးသေးဘဲ ထိုထိုတိုက်နံရံ၊ အမှိုက်ပုံ စသည်တို့၌ ခိုကပ်နေကြသည့် ဘီလူး၊ သရဲတို့သည်လည်း ထိုထို တံခါးပေါက်တို့မှလည်းကောင်း၊ တံတိုင်းတို့ကို ဖောက်၍ လည်းကောင်း ထွက်ပြေးကြလေသည်။

ဤသို့ ရှင်တော်ဗုဒ္ဓလက်ထက်တော်က အရှင်အာနန္ဒာမထေရ်မြတ် ရတနသုတ်ပရိတ်ကို ရွတ်ဖတ်၍ တစ်မြို့လုံး ပရိတ်ရေများ ပက်ဖျန်းတော်မူသည်ကို အတုယူ၍ ယခုကာလ ဗုဒ္ဓဘာသာဝင်တို့ ပရိတ်ရေအိုး တည်ထားပြီး ပရိတ်ရေများကို အိမ်၌ ပက်ဖျန်းကြခြင်းဖြစ်ပေသည်။

ပရိတ်သဲနှင့် ပရိတ်ချည်တို့ကား ဂေါတမဘုရားရှင် ဘုရားလောင်း ဘ၀ နစဉ်ကာလက အရှင်ပစ္စေကဗုဒ္ဓါတို့ ဘေးအန္တရာယ် အကာအကွယ် အဖြစ် စီမံပေးလိုက်သည့် ထုံးစံအရ ပြုလုပ်ကြခြင်းဖြစ်သည်။ မှန်၏၊ ရှေးအခါက ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ သားတော်တစ်ရာတွင် အငယ်ဆုံးမင်းသား ဖြစ်ခဲ့ဖူးသည်။ ထိုအခါက နန်းတော်သို့ ကြွလာလေ့ရှိသည့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ၏ ဝေယျာ ဝစ္စများကို ဆောင်ရွက်ပေးသဖြင့် မင်းသားမှာ အရှင်ပစ္စေကဗုဒ္ဓါများနှင့် အကျွမ်းဝင်လျက်ရှိသည်။ တစ်နေ့တွင် မင်းသားကလေးသည် အရှင် ပစ္စေကဗုဒ္ဓါများ ကြွလာသည့်အခါ ရေစစ်ဖြင့် ရေကိုစစ်ပြီး အရှင်ပစ္စေက ဗုဒ္ဓါတို့ကို ခြေဆေးပေးကာ ခြေကို ခြေနယ်ဆီများဖြင့်နယ်ပေးသည်။

ထို့နောက် သူသည် မင်းသားတစ်ရာမှာ အငယ်ဆုံးမင်းသားဖြစ်၍ ဗာရာဏသီနိုင်ငံမှာ မင်းဖြစ်နိုင် မဖြစ်နိုင် ပစ္စေကဗုဒ္ဓါအရှင်မြတ်များကို လျှောက်ထားသည်။ အရှင်မြတ်များက 'ဗာရာဏသီမင်း မဖြစ်နိုင်၊ တက္ကသိုလ်ပြည်ကို ဘေးကင်းစွာ ရောက်အောင်သွားနိုင်မယ်ဆိုရင် နောက် ခုနစ်ရက်မြောက်တဲ့နေ့မှာ တက္ကသိုလ်ပြည်မှာ ဘုရင်ဖြစ်မယ်' လို့ မိန့်တော် မူသည်။ ထို့ပြင် ဗာရာဏသီပြည်နှင့် တက္ကသိုလ်ပြည်ကြားမှာရှိတဲ့ ဘီလူး၊ သရဲတောကြီးကို ဖြတ်သွားတဲ့အခါ ဘေးရန်အကာအကွယ်အဖြစ် ပရိတ် တော်များ ရွတ်ဖတ်ပြီး ပရိတ်သဲ၊ ပရိတ်ချည်များကို ပေးလိုက်သည်။

နောက်ဆုံးတွင် မင်းသားကလေးမှာ ပရိတ်သဲ၊ ပရိတ်ချည်တို့ တန်ခိုးကြောင့် ဘေးအန္တရာယ်ကင်းရှင်းစွာ တက္ကသိုလ်ပြည်သို့ရောက်ပြီး အရှင်မြတ်များ ဟောကြားတော်မူသည့်အတိုင်းပင် တက္ကသိုလ်ပြည်မှာ မင်းဖြစ်သွားသည့် အကြောင်း ဧကနိပါတ်၊ တေလပတ္တဇာတ်မှာ လာရှိပေ သည်။ ဤအကြောင်းအရာကို အစွဲပြု၍ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို စီမံလုပ်ကြခြင်း ဖြစ်ပေသည်။

## ပရိတ်ရွတ်ဖတ် နာယူရကျိုး

ပရိတ်ရွတ်ဖတ် နာယူကြခြင်းသည် ရွတ်ဖတ် နာယူသူတို့ကား

ပရိတ်တရားကို ရွတ်ဖတ်ခြင်း၊ ဓမ္မဒေသနာကုသိုလ်၊ ပရိတ်တရားများကို နာကြားခြင်း ဓမ္မသဝနကုသိုလ်ဟူသော ဘာဝနာကုသိုလ်များဖြစ်သည်။ ထိုကုသိုလ် တရားများနှင့် ဗုဒ္ဓမြတ်စွာ၏အာဏာစက်တော်ဖြစ်သော ဗုဒ္ဓ မန္တန်တော်၏ တန်ခိုးအရှိန်အဝါတို့ကြောင့် ကျရောက်ဆဲဖြစ်သော ဘေး ဥပဒ်အန္တရာယ်၊ ရန်အသွယ်သွယ်တို့လည်း လွင့်စဉ်ကင်းပျောက်နိုင်သည့် အပြင် ကျရောက်လတ္တံ့ဖြစ်သော ဘေးဥပဒ် အန္တရာယ် ရန်အသွယ်သွယ် တို့လည်း မကျရောက် မဖြစ်ပေါ်နိုင်ခြင်းဟူသော အကျိုးတရားများကို တိုက်ရိုက် ရရှိနိုင်ပေသည်။

ဘေးအန္တရာယ်အသွယ်သွယ်တို့ အနှောင့်အယှက် မပြုနိုင်သဖြင့် မိသားစုကျန်းမာရေးကောင်းခြင်း၊ စီးပွားဥစ္စာ လာဘ်လာဘများ တိုးတက် လာခြင်း၊ နတ်များ ချစ်ခင်ကြည်ညိုခြင်း၊ လူချစ် လူခင်ပေါများခြင်း၊ တမလွန်ဘဝ၌ သုဂတိဘဝသို့ ရောက်နိုင်ခြင်း စသော လောကီ လောကုတ္တရာအဖြာဖြာတို့ကို ရရှိစေနိုင်ပေသည်။ ချဲ့ဦးအံ့၊ မိလိန္ဒပဉှာ ပါဠိတော်၊ မစ္စုပါသမုတ္တိပဉှာ (သေမင်းကျော့ကွင်းမှ လွတ်မလွတ် ပြဿနာ) ၌ မိလိန္ဒမင်းကြီးက အရှင်နာဂသေနမထေရ်အား –

"သတ္တဝါတို့သည် ကောင်းကင်၌ သွားနေစေကာမူ၊ သမုဒ္ဒရာ အလယ်၌ တည်နေစေကာမူ၊ ကျောက်ဂူကြီးထဲ၌ ဝင်နေစေကာမူ သေမင်း ကျော့ကွင်းမှ မလွတ်နိုင်ဟုလည်း ဘုရားရှင် ဟောထား၏။ တစ်ဖန် ရတနသုတ်စသော အကာအကွယ် အရံအတား၊ ပရိတ်တရားတို့ကိုလည်း ထုတ်ဖော်ညွှန်ကြားထား၏။ ထိုဟောကြားချက်နှစ်ရပ်သည် အချင်းချင်း ဆန့်ကျင်နေပါသည်။ ဖြေရှင်းပေးတော်မူပါ"

ဟု လျှောက်၏။

မင်းကြီး၊ ထိုနှစ်မျိုးစလုံးကိုပင် ဘုရားရှင်ဟောကြားထားသည်မှာ မှန်ပါသည်။ သို့သော် အသက်ရှင်ရန် ကံကြွင်းရှိသေး၍ ပဥ္စာနန္တရိယ ကံငါးပါးလွတ်သည့် ငယ်ရွယ်သူတို့အကျိုးအတွက် ပရိတ်အရံအတားကို ဟောတော်မူခြင်းဖြစ်ပါသည်။ ကံကုန်လေပြီးသော သတ္တဝါအား အသက် ဆက်လက်တည်နေနိုင်ရန် မည်သို့မျှ မပြုလုပ်နိုင်၊ မကြိုးစားနိုင်ပေ။

ဥပမာအားဖြင့်ဆိုသော် သေ၍ ခြောက်သွေ့နေပြီး အခေါင်းချည်း သာရှိသည့် သစ်ပင်ကြီးနှင့်တူပေသည်။ ထိုသစ်ပင်ကြီးမှာ ရေအိုးပေါင်း မြောက်မြားစွာဖြင့် ရေသွန်းလောင်းသော်လည်း ပြန်လည် ရှင်သန်နိုင်စရာ မရှိတော့ပေ။ ထို့အတူ ဆက်လက်အသက်ရှည်ဖို့ရန် ကံကုန်နေပြီဖြစ်သော သူအား ဆေးကုသခြင်း၊ ပရိတ်ရွတ်ခြင်းတို့ဖြင့် အသက်ရှည်နိုင်ခွင့် မရှိတော့ချေ။ ဆေးအမျိုးမျိုးတို့နှင့် ပရိတ်တန်ခိုးလည်း မပြနိုင်ချေ။ ကံမကုန်သေး၍ အသက်ကြွင်း ရှိနေသေးသော အနန္တရိယကံကြီးများ မရှိသည့်သူအား ပရိတ်အရံအတားသည် စောင့်ရှောက်၏၊ လုံခြုံစေ၏၊ အကာအကွယ်ပြု၏။ ထိုသူတို့အတွက် မြတ်စွာဘုရားက ပရိတ်အရံအတားကို ထုတ်ဖော်ညွှန်ကြားထားတော်မူခြင်းဖြစ်သည်။

"မင်းမြတ်၊ မန္တန်မန်းမှုတ်၍ အဆိပ်ကိုချသဖြင့် အထက်အောက် ပျို့အန်ဝမ်းလျှောသည့် မြွေကိုက်ခံရသူ တစ်စုံတစ်ယောက်ကို သင်မြင်ဖူးသလော"

"မြင်ဖူးပါသည် အရှင်ဘုရား၊ ယခုတိုင် ထိုအဆိပ်ချခြင်းကို ပြုလုပ်နေကြဆဲ ဖြစ်ပါသည်ဘုရား"

"မင်းမြတ်၊ ထိုသို့ဖြစ်လျှင် ပရိတ်ရွတ်ခြင်း၊ ဆေးကုခြင်းကို ပြုသဖြင့် အကျိုးမရှိဟူသောစကားသည် မှား၏"

ပရိတ် အရံအတားပြုသော ယောကျ်ားကို ကိုက်လိုသောမြွေသည် မကိုက်ဝံ့၊ ဟင်းလင်းပွင့်သော မြွေခံတွင်းသည် ပိတ်၏။ ခိုးသူတို့ မြှောက်ချီပိုးထားသော တင်းပုတ်သည်လည်း ရိုက်ရန်မဖြစ်နိုင်။ တင်းပုတ်ကိုင်ထားသူသည် တင်းပုတ်ကိုပစ်ချ၍ ချစ်ခင် လေးစားလာရသည်။ အစွယ်ဖြင့် ထိုးသတ်ရန်လာသော ဆင်ပြောင်ကြီးသည်ပင် ရှောင်ဖယ်သွားရသည်။ တစ်ခဏချင်း ကူးစက်လောင်ကျွမ်းလာသည့် တောမီးကြီးသည်လည်း အနီးသို့ရောက်လာသည့်အခါ ငြိမ်းသွား၏။

လတ်တလော သေစေတတ်သော အဆိပ်အတောက်သည်ပင် ဆေးဖြစ်၍ အကျိုးရှိသော အာဟာရဖြစ်သွား၏။ လူသတ်သမားသည်လည်း အနီးသို့ ရောက်သောအခါ မိမိ၏ကျွန်ဖြစ်သွားရ၏။ ကျော့ကွင်းကို နင်းမိ

သော်ငြားလည်း ကျော့ကွင်းမမိနိုင်ဟု ပရိတ်ရွတ်ဖတ်နာယူမှု၏ အကျိုးတရားတို့ကို အရှင်နာဂသေနမထေရ် မိန့်ကြားတော်မူထားပေသည်။

ပရိတ်သည် အတန်တန်သော ဘေးရန်အန္တရာယ်တို့ကို ကာကွယ်တားဆီးနိုင်သည်ဆိုသော်လည်း ပရိတ်ရွတ်ဖတ် နာယူနည်းမကျပါက အကျိုးရမည်မဟုတ်ချေ။ ဆေးဝါးဆိုသည်မှာ ရောဂါဝေဒနာကို ပယ်ဖျောက်ရန် စီမံထားသော ပစ္စည်းဖြစ်၍ ဆိုင်ရာရောဂါတို့ကို ပျောက်စေနိုင်သည်မှန်သော်လည်း အညွှန်းအတိုင်း မလိုက်နာဘဲ သုံးစွဲလျှင်ကား ဆေးအကျိုးကို ခံစားရမည်မဟုတ်ချေ။

ထို့အတူပင် ပရိတ်တော်တို့မှာ ရွတ်ဖတ်နာယူသူတို့၏ ဘေးရန်ကင်းကွာရေးအတွက် ဟောထားသော တရားများပင် ဖြစ်သော်လည်း ရွတ်ဖတ်နာယူရာ၌ သက်ဆိုင်ရာ ညွှန်ကြားချက်တို့ကို မလိုက်နာလျှင်ကား လိုအပ်သည့် အကျိုးကို ရရှိနိုင်မည်မဟုတ်ပေ။ ယင်းညွှန်ကြားချက်တို့ကား ပရိတ်ရွတ်သူတို့ ပြည့်စုံရမည့် အင်္ဂါလေးပါးနှင့် ပရိတ်နာသူတို့ ပြည့်စုံရမည့် အင်္ဂါလေးပါးတို့ပင် ဖြစ်ပါသည်။

## ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်အင်္ဂါလေးပါး

ပရိတ်ရွတ်ဖတ်သည့် ပုဂ္ဂိုလ်များ၌ ရှိရမည့် အင်္ဂါရပ်များ –

၁။ ပရိတ်ပါဠိတော်၏ ပုဒ် ပါဌ် အက္ခရာတို့ကို ကျနမှန်ကန်စွာ ရွတ်ဆိုနိုင်ရခြင်း၊

၂။ ပရိတ်ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို တိကျမှန်ကန်စွာ သိရှိရခြင်း၊

၃။ လာဘ်ပူဇော် သက္ကာရကို မျှော်လင့်သောစိတ် မရှိရခြင်း၊

၄။ မေတ္တာကရုဏာတရားတို့ကို ရှေ့သွားပြုကာ စင်ကြယ်သော စိတ်ထားဖြင့် ရွတ်ဖတ်ခြင်း (ဒီ၊ ဋ္ဌ၊ ၃။ ၁၄၉–၁၅၀)

တို့ဖြစ်ပါသည်။

အထူးသဖြင့် ပရိတ်ရွတ်ဖတ်သူသည် 'ပရိတ္တော ဒကံ ပရိတ္တ သုတ္တံ ကတွာ ဒေထာတိ ဝုတ္တေန ပန တေသံ ယေဝ ဥဒကံ ဟတ္ထေန စာလေတွာ

သုတ္တံ ပရိမဇ္ဇိတွာ ဒါတဗ္ဗံ' ဟူသော အဋ္ဌကထာ (ဝိ၊ ဋ္ဌ၊ ၂။ ၆၇) နှင့်အညီ ပရိတ်ရွတ်စဉ် ပရိတ်ရေကို ရံခါလှုပ်၍၊ ပရိတ်ချည်ကို ရံခါပွတ်သပ် ဆုပ်နယ်၍ ရွတ်ဖတ်ပါက ပရိတ်၏ အာဏာတန်ခိုးသည် ပရိတ်ရေ၊ ပရိတ် ချည်များသို့ ပျံ့နှံ့ဝင်ရောက်နိုင်သည့်အတွက် ပရိတ်တန်ခိုး ပို၍ထက် သည်ဟု ဆရာမြတ်များ မိန့်ဆိုထားကြပေသည်။

## ပရိတ်နာယူသော ပုဂ္ဂိုလ်အင်္ဂါလေးပါး

၁။ ပဉ္စာနန္တရိယကံ ငါးပါးတည်းဟူသော ကမ္မန္တရာယ် မရှိခြင်း၊

၂။ အယူမှားကို စွဲမြဲစွာယူခြင်း (နိယတ မိစ္ဆာဒိဋ္ဌိ) ဟူသော ကိလေသန္တရာယ် မရှိခြင်း၊

၃။ ပရိတ်တော်၏ဂုဏ်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါနှင့် ပြည့်စုံခြင်း၊

၄။ ပရိတ်တော်ကို ရိုသေလေးစားစွာ နာယူခြင်း (မိလိန္ဒပဉှာပါဠိ၊ ၁၅၅။ မဟာဗုဒ္ဓဝင်၊ တ-တွဲ၊ ၃၁၃) တို့ဖြစ်ပါသည်။

ဤသို့ ဖော်ပြပါ ဆိုင်ရာအင်္ဂါလေးပါးတို့နှင့် ပြည့်စုံစွာ ရွတ်ဖတ် နာယူကြမှသာလျှင် ပရိတ်တော်၏ တန်ခိုးအာနုဘော် လွန်စွာကြီးမား နိုင်၍ နာကြားရသောသူတို့အား မျက်မှောက်ဖြင် ဘေးအန္တရာယ်၊ ရန် အသွယ်သွယ်တို့ ကင်းငြိမ်းပျောက်ပြယ်လျက် ချမ်းသာခြင်းသို့ ရောက်နိုင် ပါသည်။

ဤသို့အားဖြင့် ပရိတ်ရွတ်ဖတ် နာယူပွဲနှင့် ပတ်သက်၍ သိသင့် သိထိုက်သော အကြောင်းအရာများကို လက်လှမ်းမီသလောက် သုတေ သနပြု၍ တင်ပြပြီး ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မိမိတို့သန္တာန်၌ ကျရောက်ဆဲ၊ ကျရောက်လတ္တံ့ဖြစ်သော ဘေးအန္တရာယ် ရန်အသွယ် သွယ်တို့ကို မကျရောက် ကင်းပျောက်နိုင်ရန် ဘုရားရှင်ကိုယ်တော်တိုင် ကျင့်သုံးခဲ့သည့် ပရိတ်တော်ရွတ်ဆိုနာယူပွဲများကို ယုံယုံကြည်ကြည်ဖြင့် ကျင်းပပြုလုပ်လျက် ရှေးသူတော်ကောင်းတို့၏ ထုံးစံဓလေ့ကောင်းများကို ဆက်လက်ထိန်းသိမ်းကြရန် သင့်ပေသည်။

## ပရိတ်တရားတော်၏ အာဏာစက်တန်ခိုး

စကြဝဠာတောင်ဖြင့် ပိုင်းခြားထားသည့် ကျွန်းကြီးလေးကျွန်း၊ မြင်းမိုရ်တစ်ခုဖြစ်သော ဌာနကို စကြဝဠာဟု ခေါ်သည်။ ထိုစကြဝဠာကို လောကဓာတ် ဟူ၍လည်း ခေါ်ကြသည်။ ဤစကြဝဠာ၏ ပတ်လည်၌ တည်နေကြသော စကြဝဠာပေါင်း ကုဋေတစ်သိန်းသည် အာဏာခေတ် မည်၏။ ဘုရားရှင်၏ ပရိတ်တော်များ အာဏာစက်သည် ထိုစကြဝဠာ ကုဋေတစ်သိန်းအထိ ပျံ့နှံ့သည်ဖြစ်၍ အာဏာခေတ်ဟု ခေါ်ခြင်းဖြစ်သည်။ ဘုရားရှင်၏ တန်ခိုးအာနုဘော်ကြောင့် ပရိတ်တရားတော်၏ အာဏာ အစွမ်း၊ အရှိန်အဝါများသည် စကြဝဠာ ကုဋေတစ်သိန်းအထိ ပျံ့နှံ့ရောက်ရှိပါသည်။

ပရိတ်တရားတော်များတွင် အာဋာနာဋိယသုတ် ပရိတ်တရားတော်ကား အလွန်အာဏာစက်ထက်၏။ ထို့ကြောင့် ထိုသုတ်ကိုမရွတ်ဆိုမီ မေတ္တာသုတ်၊ ဓဇဂ္ဂသုတ်၊ ရတနသုတ်တို့ကို ရွတ်ဆိုပါ။ နောက်မှ ထိုသုတ်ကို ရွတ်ဆိုရမည်ဟု အဋ္ဌကထာ၌ မှာကြားထားပါသည်။

သာသနာဝင် အစဉ်အလာ စကားအရ သီလ၊ သမာဓိ၊ ပညာ စွမ်းအားကောင်းသည့် ပုဂ္ဂိုလ်များ ပရိတ်တော်များကို ရွတ်ဖတ်တော်မူသည့်အခါ ရှေ့တွင်ချထားသည့် ပရိတ်အိုးများထဲမှ ရေများဆူပွက်သည်ဟု သိရှိရပါသည်။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မင်းတုန်းမင်းတရားကြီး လက်ထက်တွင် အဖြစ်အပျက်တစ်ခုကို စာပေများ၌ တွေ့ရှိရ၏။

တစ်ချိန်က မန္တလေးမြို့တည် မင်းတုန်းမင်းတရားကြီး လေးပြင်လေးရပ်ရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်များကိုပင့်ကာ ပရိတ်အိုးများတည်ထားပြီး ပရိတ်တရားတော်ကို နာယူသည်။

ဆရာတော်များ ပရိတ်ရွတ်ဖတ်ပြီးသည့်အခါ မင်းကြီးကိုယ်တိုင် အဖျော်ယမကာ စသည်တို့ကို ဆက်ကပ်သည်။ ထို့နောက် –

"ဆရာတော် သံဃာတော်မြတ်များအား လျှောက်ထားရန် ရှိပါတယ် ဘုရား"

ဟု ပဏာမ ခွင့်ပန်ပြီး –

"မှန်လှပါဘုရား၊ တပည့်တော်တို့၏ ဘေးလောင်းတော်၊ ဘိုးလောင်းတော်များဖြစ်ကြတဲ့ အဇာတသတ်မင်းနှင့် သီရိဓမ္မာသောကမင်းတို့ရဲ့လက်ထက်တော်မှာ အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ ရဟန္တာ အရှင်မြတ်တို့ ပရိတ်ရွတ်ဖတ်တော်မူကြတဲ့အခါ ပရိတ်ရေများ ဆူပွက်လာတယ်လို့ မှတ်သားရဖူးပါတယ် ဘုရား၊ ယခု အရှင်ဘုရားတို့ ပရိတ်ရွတ်ဖတ်တဲ့အခါ ပရိတ်အိုးတွေဟာ ဆူပွက်ဖို့ဝေးစွ၊ လှုပ်ရှားမှုပင်မရှိ၊ တည်ငြိမ်တဲ့သမာဓိနဲ့ ရှိနေပါကလား"

လို့ လျှောက်ထားပါသည်။

ဆရာတော်ဘုရားများအားလုံး တစ်စုံတစ်ရာ ပြန်လည် မမိန့်ကြားဘဲ ပြုံးပြီးနေတော်မူကြစဉ် သင်္ဂဇာဆရာတော်ဘုရားကြီးက –

"သီရိဓမ္မာသောက မင်းကြီးဟာ ခမည်းတော်ဗိန္ဒုသာရမင်း နတ်ရွာစံတဲ့အခါ သုမနမျိုး ကိုးကျိပ် ကိုးပါးသောမင်းတွေကို လုပ်ကြံပြီး ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို အုပ်စိုးနိုင်တဲ့ ဧကရာဇ်ဘုရင်ဖြစ်ရုံမက အထက်ကောင်းကင်သို့ တစ်ယူဇနာ၊ မြေအောက်သို့ တစ်ယူဇနာ အာဏာစက် ပျံ့နှံ့တဲ့အတွက် သလေးစပါးကို ကျေးသားတွေကိုက်ချီပြီး ဆက်သရတယ်။ အနောတတ္တရေအိုင်ကရေကို နတ်တွေ ဆက်သရတယ်။ နဂါးကိုပင်ခေါ်ရင်ရတယ် ဆိုတာကိုများ ကြားဖူးသလား"

လို့ မေးလိုက်သည်။ မင်းတုန်းမင်းကြီးက –

"မှန်လှပါ၊ ကြားနာဖူး၊ မှတ်သားဖူးကြောင်းပါ ဘုရား"

လို့ လျှောက်ထားပါသည်။

"သီရိဓမ္မာသောကမင်းကြီးရဲ့ ဆရာ အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ်တို့လို ဆရာတော်တို့မှာ အာသဝေါကုန်ခန်းတဲ့ ရဟန္တာတွေမဟုတ်လို့ ပရိတ်အိုး မပွက်တာထား၊ ရေမြေ့ရှင်ကိုယ်တိုင်က သီရိဓမ္မာသောကမင်းကြီးလို နဂါးကိုခေါ်နိုင်ဖို့ဝေးစွ၊ ရေမြွေကလေးတစ်ကောင်ကိုတောင် လာအောင်မခေါ်နိုင်ဘဲနဲ့ ပရိတ်အိုးမပွက်တာကို ဝမ်းနည်းဖို့မရှိပါဘူး"

ဟု မိန့်ကြားတော်မူသတဲ့။

စာရေးသူတို့ ငယ်စဉ်ကလည်း ဟသ်ာတနယ်က လိမ်ကုန်းဆရာတော်နဲ့ လှော်ကားဆရာတော်တို့ ပရိတ်ရွတ်ဆိုတော်မူသည့်အခါ ရေဆူပွက်သည်ဟု ကြားဖူးပါသည်။ နောက် လယ်တီဆရာတော်၊ ညောင်လွန့်တောရဆရာတော်တို့သည် ရောဂါဘေးကြီးများ ဆိုက်ရောက်လာသည့်အခါ ပရိတ်တရားတော်တွေနှင့် ချမ်းသာအောင် ဆောင်ရွက်ခဲ့ကြသည်။ မိုးခေါင်သည့်အခါမှာလည်း ပရိတ်တရားတော်များကို ရွတ်ဖတ်ပြီး မိုးရွာအောင် ဆောင်ရွက်ပေးခဲ့ကြသည်ကို လေ့လာသိရှိပါသည်။ ယခုခေတ်မှာလည်း ဆရာတော်အချို့ ပရိတ်ရွတ်တော်မူသည့်အခါ ပရိတ်ရေအိုး၊ ပရိတ်ရေပုလင်းများမှ ပရိတ်ရေများဆူပွက်ပြီး လျှံကျလာသည်ကို တွေ့မြင်ကြားသိနေရပေသည်။

ဤသို့ ဖြစ်သည်မှာ မြတ်စွာဘုရား၏ ပရိတ်တရားတော်များ အာဏာစက် စွမ်းပကားတို့ သက်သေထူပြခြင်း ဖြစ်ပါသည်။ ပရိတ်ရွတ်ဖတ်သူများ၏ သဒ္ဓါ၊ မေတ္တာ၊ သီလ၊ သမာဓိ၊ ပညာစွမ်းအားနှင့် နာယူသူတို့၏ သဒ္ဓါ၊ မေတ္တာ၊ သီလ စသည်တို့၏ စွမ်းအားတို့ကြောင့် ဤအဖြစ်ထူးများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဟု ယူဆပါသည်။ ဤအဖြစ်အပျက်များသည် စာပေကျမ်းဂန်လာ မဟုတ်သော်လည်း အမှန်တကယ်အဖြစ်အပျက်များဖြစ်၍ နောင်လာနောက်သားများ ပရိတ်တရားတော်အပေါ် ယုံကြည်မှု သဒ္ဓါတရား ဖြစ်ပွားနိုင်ကြရန်အတွက် မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။

❒

# ဆွမ်းသွတ်တရား နာယူပွဲ

## ဆွမ်းစဉ်ပွဲ

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မိမိတို့၏ ဆွေမျိုး မိဘ သားသမီးများ ကွယ်လွန်အနိစ္စ ရောက်သွားသည့်အခါ အသုဘ ရုပ်အလောင်း အိမ်၌ရှိနေစဉ်အခါ၌ဖြစ်စေ၊ ကွယ်လွန်ပြီး ခုနစ်ရက်မြောက်သည့်နေ့၌ဖြစ်စေ ဆွမ်းသွတ်တရားနာယူပွဲများကို ကျင်းပ ပြုလုပ်လေ့ရှိကြပါသည်။

အိမ်၌ အသုဘရုပ်အလောင်းရှိနေခိုက် နေ့စဉ် ရဟန်းတော်တစ်ပါး ပင့်၍ ဆွမ်းစသော ခဲဖွယ်ဘောဇဉ်များကို ကွယ်လွန်သူအတွက် ရည်မှန်း လှူဒါန်းပြီး ရေစက်ချအမျှပေးဝေလေ့ရှိကြပေသည်။ ထိုသို့ဆွမ်းလှူခြင်းကို နေ့စဉ်ပြုလုပ်ကြခြင်းဖြစ်၍ ဆွမ်းစဉ်ပွဲဟု ခေါ်ကြသည်။

## သပိတ်သွတ် တရားနာယူပွဲ

ကွယ်လွန်သေဆုံးပြီး ခုနစ်ရက်မြောက်သည့်နေ့၌မူ သံဃာတော် ငါးပါး၊ ၁၀ ပါး၊ ၁၅ ပါး စသည်ဖြင့် မိမိတို့ တတ်စွမ်းနိုင်သမျှ ပင့်ပြီး သေသူကို ရည်မှန်းကာ ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ကိုလည်း ဆက်ကပ် ကျွေးမွေးကြသည်။

သပိတ်ထဲကို ဆွမ်းများသွတ်ပြီး ဆွမ်းချိုင့်များထဲသို့ ဆွမ်းဟင်း များထည့်၍လည်း လှူဒါန်းကြသည်။ သကၤန်း၊ ထီး၊ ဖိနပ်၊ မျက်နှာသုတ်

ပဝါ စသည့် ရဟန်းတော်များ အသုံးအဆောင်ပစ္စည်းများကိုလည်း လှူဒါန်းကြသည်။ ကြွရောက်လာကြသည့် ဧည့်ပရိသတ်တို့အားလည်း ထမင်း၊ သို့မဟုတ် မုန့်ဟင်းခါး စသော ခဲဖွယ်ဘောဇဉ်တို့ကို ကျွေးမွေး ပြုစုခြင်းဖြင့် ဧည့်ခံကြသည်။

သံဃာတော်များထံတွင် သရဏဂုံငါးပါးသီလတို့ကို ခံယူပြီး ပရိတ်တရား၊ ဆွမ်းသွတ်အနုမောဒနာတရားတို့ကို နာယူလေ့ ရှိကြသည့်အပြင် ဆုတောင်းရေစက်ချပြီး သေဆုံးသူ၏နာမည်ကိုခေါ်ကာ အမျှပေးဝေလေ့ ရှိကြသည်။

ဤသို့ ခုနစ်ရက်မြောက်သည့်နေ့တွင် သေသူကို ရည်မှန်းပြီး လှူဒါန်းတရားနာ အမျှပေးဝေသည့် ပွဲကို 'ရက်လည်ဆွမ်းသွတ် တရားနာယူပွဲ' ဟု ခေါ်သည်။ သပိတ်ထဲသို့ ဆွမ်းများသွတ်ထည့်၍ လှူဒါန်းသောကြောင့် 'သပိတ်သွတ် တရားနာယူပွဲ' ဟုလည်း ခေါ်ကြသည်။

## ဆွမ်းသွတ် တရားနာပွဲ

ထို့ပြင် ကွယ်လွန်အနိစ္စရောက်ပြီး တစ်လမြောက်သည့်နေ့၊ နှစ်လမြောက်သည့်နေ့၊ တစ်နှစ်မြောက်သည့်နေ့၊ နှစ်နှစ်မြောက်သည့်နေ့ စသည်တို့၌လည်း ကျေးဇူးတရားကို သိတတ်သည့် ကတညုမင်္ဂလာ တရားအရ မိမိတို့၏သဒ္ဓါအင်အား၊ ပစ္စည်းအင်အားအလိုက် သေသူကိုရည်မှန်းပြီး လှူဒါန်းအမျှပေးဝေကြကာ လလည်ဆွမ်းသွတ် တရားနာယူပွဲ၊ နှစ်လည် ဆွမ်းသွတ်တရားနာယူပွဲများကိုလည်း ပြုလုပ်လေ့ ရှိကြပေသည်။

ဤ ဖော်ပြခဲ့ပြီးသော ဆွမ်းစဉ်ပွဲ၊ ရက်လည် သပိတ်သွတ် တရားနာပွဲ၊ လလည်ဆွမ်းသွတ် တရားနာပွဲနှင့် နှစ်ပတ်လည် ဆွမ်းသွတ် တရားနာပွဲများသည် 'ဆွမ်းသွတ် တရားနာပွဲ' များပင် ဖြစ်ပါသည်။

ဤဆွမ်းသွတ်တရားနာပွဲများသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ –

'လှူဖွယ်ဝတ္ထုဟူသော မျိုးစေ့၊ စွန့်ကြဲပေးကမ်းခြင်းဟူသော လယ်ထွန်ခြင်း၊ ရဟန္တာအရှင်ဟူသော လယ်မြေ၊ ဤသုံးမျိုးသည် ပြိတ္တာတို့အား လည်းကောင်း၊ ပေးလှူတတ်သူ ဒါယကာအားလည်းကောင်း

ကျေးဇူးများ၏။ ထိုဒါနအကျိုးကို ပြိတ္တာတို့ သုံးဆောင်ခံစားရကုန်၏။ ပေးလှူတတ်သူ ဒါယကာမှာလည်း ကောင်းမှုအကျိုး တိုးပွား၏။

ဤသို့ပြည်၌ပင်လျှင် ဆွေမျိုးပြိတ္တာတို့ကို ရည်ညွှန်း၍ ကုသိုလ်ကောင်းမှုကို ပြုခြင်းကြောင့် ဆွေမျိုးပြိတ္တာတို့အား ခံစားနေရသော ဒုက္ခဆင်းရဲမှ လွတ်မြောက်စေသဖြင့် ထိုဆွေမျိုးပြိတ္တာတို့ကိုလည်း ပူဇော်ရာ ရောက်သည်။ ကောင်းမြတ်သော ဒါနကုသိုလ်ကံကို ပြုခြင်းကြောင့် နတ်ပြည်လောကသို့လည်း ရောက်ရ၏'

ဟု ဟောကြားလမ်းညွှန်တော်မူသည့်အတိုင်း လိုက်နာပြုလုပ်သောကြောင့် ဗုဒ္ဓယဉ်ကျေးမှုပွဲများပင် ဖြစ်ပါသည်။

## သရဏဂုံတင်ပွဲ

ဗုဒ္ဓဘာသာဝင် မြန်မာသူတော်စင်တို့သည် မိမိတို့၏ မိဘ သားသမီး ဆွေမျိုးများ ကွယ်လွန်အနိစ္စ ရောက်သည့်အခါ ဤ ဆွမ်းသွတ်တရားနာပွဲများကိုသာ ပြုလုပ်ကြသည်မဟုတ်။ အသုဘရုပ်အလောင်းကို သုသာန်သို့ပို့ဆောင်သည့်နေ့၌လည်း မိမိတို့အိမ်၌ဖြစ်စေ၊ သုသာန်ဇရပ်၌ဖြစ်စေ ရုပ်အလောင်းရှိရာဌာန၌ သရဏဂုံတင်ပွဲကို အမြဲတစေ မလွဲမသွေ ပြုလုပ်လေ့ရှိကြသည်။

သရဏဂုံတင်ပွဲကား ရက်လည်ဆွမ်းသွတ်တရားနာပွဲ၏ ရှေ့တော်ပြေးပွဲတစ်ပွဲဖြစ်သည်။ ထိုသရဏဂုံတင်ပွဲတွင် သံဃာတော်များအား သင်္ကန်းစသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အကပ္ပိယ ဝတ္ထုငွေတို့ကို လှူဒါန်းကြကာ သံဃာတော်များထံမှ သရဏဂုံ ငါးပါးသီလခံယူကြပြီး ဆုတောင်းရေစက်ချအမျှပေးဝေလေ့ ရှိကြပေသည်။ ဤသရဏဂုံတင်ပွဲကား ဆွမ်းသွတ်တရားနာပွဲကဲ့သို့ ရှင်တော်ဗုဒ္ဓလမ်းညွှန်ချက်အရ ပြုလုပ်သည့်ပွဲမဟုတ်။

"လူတစ်ဦးတစ်ယောက် ကွယ်လွန် အနိစ္စရောက်သွားသည့်အခါ သရဏဂုံတင်ကြရမည်"

ဟု မိန့်ဆိုထားသည်ကို ဗုဒ္ဓပိဋကတ်တော်များ၌ မတွေ့ရပါချေ။ ထို့ကြောင့် ဤ သရဏဂုံတင်သည့် အစဉ်အလာသည် မြန်မာနိုင်ငံသို့

ပဝါ စသည့် ရဟန်းတော်များ အသုံးအဆောင်ပစ္စည်းများကိုလည်း လှူဒါန်းကြသည်။ ကြွရောက်လာကြသည့် ဧည့်ပရိသတ်တို့အားလည်း ထမင်း၊ သို့မဟုတ် မုန့်ဟင်းခါး စသော ခဲဖွယ်ဘောဇဉ်တို့ကို ကျွေးမွေး ပြုစုခြင်းဖြင့် ဧည့်ခံကြသည်။

သံဃာတော်များထံတွင် သရဏဂုံငါးပါးသီလတို့ကို ခံယူပြီး ပရိတ်တရား၊ ဆွမ်းသွတ်အနုမောဒနာတရားတို့ကို နာယူလေ့ ရှိကြသည့်အပြင် ဆုတောင်းရေစက်ချပြီး သေဆုံးသူ၏နာမည်ကိုခေါ်ကာ အမျှပေးဝေလေ့ ရှိကြသည်။

ဤသို့ ခုနစ်ရက်မြောက်သည့်နေ့တွင် သေသူကို ရည်မှန်းပြီး လှူဒါန်းတရားနာ အမျှပေးဝေသည့် ပွဲကို 'ရက်လည်ဆွမ်းသွတ် တရားနာယူပွဲ' ဟု ခေါ်သည်။ သပိတ်ထဲသို့ ဆွမ်းများသွတ်ထည့်၍ လှူဒါန်းသောကြောင့် 'သပိတ်သွတ် တရားနာယူပွဲ' ဟုလည်း ခေါ်ကြသည်။

## ဆွမ်းသွတ် တရားနာပွဲ

ထို့ပြင် ကွယ်လွန်အနိစ္စရောက်ပြီး တစ်လမြောက်သည့်နေ့၊ နှစ်လမြောက်သည့်နေ့၊ တစ်နှစ်မြောက်သည့်နေ့၊ နှစ်နှစ်မြောက်သည့်နေ့ စသည်တို့၌လည်း ကျေးဇူးတရားကို သိတတ်သည့် ကတညုမင်္ဂလာ တရားအရ မိမိတို့၏သဒ္ဓါအင်အား၊ ပစ္စည်းအင်အားအလိုက် သေသူကိုရည်မှန်းပြီး လှူဒါန်းအမျှပေးဝေကြကာ လလည်ဆွမ်းသွတ် တရားနာယူပွဲ၊ နှစ်လည် ဆွမ်းသွတ်တရားနာယူပွဲများကိုလည်း ပြုလုပ်လေ့ ရှိကြပေသည်။

ဤ ဖော်ပြခဲ့ပြီးသော ဆွမ်းစဉ်ပွဲ၊ ရက်လည် သပိတ်သွတ် တရားနာပွဲ၊ လလည်ဆွမ်းသွတ် တရားနာပွဲနှင့် နှစ်ပတ်လည် ဆွမ်းသွတ် တရားနာပွဲများသည် 'ဆွမ်းသွတ် တရားနာပွဲ' များပင် ဖြစ်ပါသည်။

ဤဆွမ်းသွတ်တရားနာပွဲများသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏–

'လှူဖွယ်ဝတ္ထုဟူသော မျိုးစေ့၊ စွန့်ကြဲပေးကမ်းခြင်းဟူသော လယ်ထွန်ခြင်း၊ ရဟန္တာအရှင်ဟူသော လယ်မြေ၊ ဤသုံးမျိုးသည် ပြိတ္တာတို့အား လည်းကောင်း၊ ပေးလှူတတ်သူ ဒါယကာအားလည်းကောင်း

ကျေးဇူးများ၏။ ထိုဒါနအကျိုးကို ပြိတ္တာတို့ သုံးဆောင်ခံစားရကုန်၏။ ပေးလှူတတ်သူ ဒါယကာမှာလည်း ကောင်းမှုအကျိုး တိုးပွား၏။

ဤလူ့ပြည်၌ပင်လျှင် ဆွေမျိုးပြိတ္တာတို့ကို ရည်ညွှန်း၍ ကုသိုလ်ကောင်းမှုကို ပြုခြင်းကြောင့် ဆွေမျိုးပြိတ္တာတို့အား ခံစားနေရသော ဒုက္ခဆင်းရဲမှ လွတ်မြောက်စေသဖြင့် ထိုဆွေမျိုးပြိတ္တာတို့ကိုလည်း ပူဇော်ရာရောက်သည်။ ကောင်းမြတ်သော ဒါနကုသိုလ်ကံကို ပြုခြင်းကြောင့် နတ်ပြည်လောကသို့လည်း ရောက်ရ၏'

ဟု ဟောကြားလမ်းညွှန်တော်မူသည့်အတိုင်း လိုက်နာပြုလုပ်သောကြောင့် ဗုဒ္ဓယဉ်ကျေးမှုပွဲများပင် ဖြစ်ပါသည်။

## သရဏဂုံတင်ပွဲ

ဗုဒ္ဓဘာသာဝင် မြန်မာသူတော်စင်တို့သည် မိမိတို့၏ မိဘ သားသမီး ဆွေမျိုးများ ကွယ်လွန်အနိစ္စ ရောက်သည့်အခါ ဤ ဆွမ်းသွတ်တရားနာပွဲများကိုသာ ပြုလုပ်ကြသည်မဟုတ်။ အသုဘရုပ်အလောင်းကို သုသာန်သို့ပို့ဆောင်သည့်နေ့၌လည်း မိမိတို့အိမ်၌ဖြစ်စေ၊ သုသာန်ဇရပ်၌ဖြစ်စေ ရုပ်အလောင်းရှိရာဌာန၌ သရဏဂုံတင်ပွဲကို အမြဲတစေ မလွဲမသွေပြုလုပ်လေ့ရှိကြသည်။

သရဏဂုံတင်ပွဲကား ရက်လည်ဆွမ်းသွတ်တရားနာပွဲ၏ ရှေ့တော်ပြေးပွဲတစ်ပွဲဖြစ်သည်။ ထိုသရဏဂုံတင်ပွဲတွင် သံဃာတော်များအား သင်္ကန်းစသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အကပ္ပိယ ဝတ္ထုငွေတို့ကို လှူဒါန်းကြကာ သံဃာတော်များထံမှ သရဏဂုံ ငါးပါးသီလခံယူကြပြီး ဆုတောင်းရေစက်ချအမျှပေးဝေလေ့ ရှိကြပေသည်။ ဤသရဏဂုံတင်ပွဲကား ဆွမ်းသွတ်တရားနာပွဲကဲ့သို့ ရှင်တော်ဗုဒ္ဓလမ်းညွှန်ချက်အရ ပြုလုပ်သည့်ပွဲမဟုတ်။

"လူတစ်ဦးတစ်ယောက် ကွယ်လွန် အနိစ္စရောက်သွားသည့်အခါ သရဏဂုံတင်ကြရမည်"

ဟု မိန့်ဆိုထားသည်ကို ဗုဒ္ဓပိဋကတ်တော်များ၌ မတွေ့ရပါချေ။ ထို့ကြောင့် ဤ သရဏဂုံတင်သည့် အစဉ်အလာသည် မြန်မာနိုင်ငံသို့

သာသနာရောက်လာပြီးသည့်နောက်ပိုင်းတွင် ဗုဒ္ဓဘာသာဝင် ရှေးမြန်မာ ပညာရှင်ကြီးများက တီထွင်ခဲ့သည့် ဓလေ့ထုံးစံတစ်ခု ဖြစ်ဟန် ရှိပေသည်။ သို့ရာတွင် မြန်မာနိုင်ငံဗုဒ္ဓဘာသာဝင်များလောကတွင် သရဏဂုံ တင်ဖို့ရန် အကြောင်းမညီညွတ်သဖြင့် သရဏဂုံမတင်ကြရသည့်အခါ စိတ် ထဲတွင် များစွာကျေနပ်မှု မရှိဘဲ 'သရဏဂုံလေးတောင် မတင်လိုက်ရဘူး' ဟု ညည်းတွားကြသည်အထိ သရဏဂုံတင်မှုသည် မြန်မာဗုဒ္ဓဘာသာဝင် တို့၏ နာရေးတွင် အမြစ်တွယ်လျက်ရှိနေပေသည်။

မှန်ပါသည်။ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးသည် ကိုးကွယ် လဲလျောင်း ပုန်းအောင်းမှီခိုရာ အစစ်ဖြစ်သည်ဟု ယုံကြည် သိမြင်၍ ဆည်းကပ်ကိုးကွယ်ခြင်းကို၊ သို့မဟုတ် ဆည်းကပ် ကိုးကွယ်ကြောင်း (ကုသိုလ်၊ ကြိယာ၊ မဂ်) စိတ် စေတသိက်တို့ကို သရဏဂုံဟု ခေါ်သည်။ 'သရဏဂမန' ပါဠိမှ မြန်မာလို သရဏဂုံ ဖြစ်လာသည်။ (သရဏ=ကိုး ကွယ်ရာဟူ၍+ဂမန=အသိအမှတ်ပြုလျက် ဆည်းကပ်ခြင်း)

ထိုသရဏဂုံသည် လောကီသရဏဂုံ၊ လောကုတ္တရာ သရဏဂုံဟု နှစ်မျိုးရှိသည်။ ပုထုဇဉ်ပုဂ္ဂိုလ်များ သန္တာန်၌ဖြစ်သော သရဏဂုံသည် လောကုတ္တရာသရဏဂုံဖြစ်သည်။ လောကုတ္တရာသရဏဂုံမှာ ညစ်နွမ်းခြင်း၊ ပျက်စီးခြင်း မရှိသော်လည်း လောကီ သရဏဂုံ၌ ညစ်နွမ်းခြင်း၊ ပျက်စီးခြင်း ရှိသည်။ ပုထုဇဉ် လူသားတို့မှာ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို မသိခြင်း၊ ရတနာသုံးပါးအပေါ်၌ ယုံမှား သံသယစိတ်ဝင်ခြင်း၊ အလွဲလွဲ အမှားမှား စွဲယူ မှတ်ထင်ခြင်းတို့ကြောင့် သရဏဂုံညစ်နွမ်းသည်။ ရတနာ သုံးပါးတို့ကို မကိုးကွယ်လိုသောအခါ၊ သို့မဟုတ် မှားသောအယူဘာသာ သို့ ကူးပြောင်းသောအခါဖြစ်စေ၊ ကွယ်လွန်အနိစ္စ ရောက်သောအခါ၌ ဖြစ်စေ သရဏဂုံပျက်သည်။

ထို့ကြောင့် လူတစ်ဦးတစ်ယောက် ကွယ်လွန် အနိစ္စရောက်သွား သည့်အခါ သရဏဂုံပျက်သွားသဖြင့် 'ရောက်ရာဘဝက သတိရနေလျှင် သရဏဂုံ ယူပါစေတော့' ဟု ရည်မှန်း၍ အသုဘ ရုပ်အလောင်းကို သရဏဂုံ တင်ရိုးပြုကြသည်။ 'စိတ်မရှိသော အလောင်းအတွက်ကား

သရဏဂုံတင်သော်လည်း သရဏဂုံမရပါ ' ဟု အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူထားပေသည်။

## ဇာဏုသောဏိသုတ်

ကျွန်ုပ်တို့ မြန်မာဗုဒ္ဓဘာသာဝင်များ ဘာသာယဉ်ကျေးမှု ဓလေ့ ထုံးစံပွဲအနေဖြင့် မလွဲမသွေ အမြဲတစေ ပြုလုပ်နေကြရသည့် ဆွမ်းသွတ် တရားနာယူပွဲနှင့် ပတ်သက်၍ မှတ်သားဖွယ်ရာ ဗဟုသုတအဖြာဖြာတို့ကို ဆက်လက်တင်ပြပါမည်။ တစ်ချိန်က ဗုဒ္ဓမြတ်စွာသည် ပါဝါပြည်ရှိ စုန္ဒ ရွှေပန်းထိမ်သည်သား၏ဥယျာဉ်၌ သီတင်းသုံးနေတော်မူပါသည်။ ထိုအချိန်တွင် ဇာဏုသောဏိပုဏ္ဏားကြီးသည် ရှင်တော်ဗုဒ္ဓထံမှောက်သို့ သွားရောက်၍ –

"အရှင်ဂေါတမ... အကျွန်ုပ်တို့ ပုဏ္ဏားများသည် သေဆုံးသူတို့ကို ရည်မှန်းပြီး 'ဤအလှူဒါနသည် သေဆုံးသူ ဆွေမျိုးများထံ ရောက်ပါစေ၊ သေသူ ဆွေမျိုးတို့သည် ဤအလှူဒါနကို သုံးဆောင်ကြပါစေ' ဟု အလှူ ဒါန ပြုကြပါသည်။ ထိုအလှူဒါနသည် အကျွန်ုပ်တို့ ရည်မှန်းသည့်အတိုင်း သေသူ ဆွေမျိုးများထံ ရောက်ပါသလား၊ သေသူ ဆွေမျိုးတို့သည် ထို အလှူဒါနကို သုံးဆောင်ကြရပါသလား"

ဟု လျှောက်ထားသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက –

"ပုဏ္ဏား... သေဆုံးသွားသူ ဆွေမျိုးသည် ငရဲပြည်သို့ ကျရောက် သွားသော်လည်းကောင်း၊ ခွေး၊ ကြက် တိရစ္ဆာန်များ ဖြစ်သွားသော် လည်းကောင်း၊ လူပြန်ဖြစ်သွားသော်လည်းကောင်း၊ နတ်သား နတ်သမီး ဖြစ်သွားသော်လည်းကောင်း သေသူကို ရည်မှန်း၍ လှူဒါန်းသည့်အကျိုး ကို မခံစားရ၊ ထိုအလှူသည် သေဆုံးသွားသူ ဆွေမျိုးထံသို့ မရောက်ရှိပေ။ အမှန်အားဖြင့် သေသူ ဆွေမျိုးသည် ပြိတ္တာဖြစ်မှသာ ထိုပြိတ္တာထံသို့ ထို အလှူဒါန ရောက်ရှိနိုင်ပေသည်။ ထိုအလှူဒါန၏အကျိုးကို ရရှိခံစား နိုင်ပေသည်။ သေဆုံးသူသည် ပြိတ္တာဘဝမရောက်၍ ထိုအလှူဒါန၏ အကျိုးတရားကို မခံစားရလျှင် သံသရာဘဝများမှာ ရှည်လျားလှသည်

ဖြစ်သောကြောင့် ထိုအလှူ၏အကျိုးကို ဘဝပေါင်းများစွာက ဆွေဟောင်း မျိုးဟောင်း ပြိတ္တာတို့ ခံစားရပေသည်။

အကယ်၍ ထိုဆွေဟောင်း မျိုးဟောင်းပြိတ္တာများ အကျိုးမခံစားရစေကာမူ ထိုကုသိုလ်ဒါနသည် အလှူရှင်အား ရောက်ရာဘဝတွင် မွန်မြတ်သည့် အစားအသောက် အသုံးအဆောင် စသည်တို့ကို ရရှိခံစားနိုင်ပေသည်"

ဟု အင်္ဂုတ္တရပါဠိတော် ဒသကနိပါတ်၊ ဇာဏုသောဏိသုတ်၌ ဘုရားရှင် ဟောကြားထားပေသည်။

## ပရဒတ္တူပ ဇီဝိက ပြိတ္တာမျိုးသာ

ဤဒေသနာတော်၌ အလှူဒါန၏ အကျိုးတရားကို ရရှိခံစားရမည့် ပြိတ္တာဆိုသည်မှာ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ဖွင့်ဆိုထားသော ပြိတ္တာလေးမျိုးတို့အနက် ပရဒတ္တူပ ဇီဝိကပြိတ္တာမျိုး ဖြစ်ပါသည်။ သူတစ်ပါးတို့ ပေးကမ်းသော အဝတ်အစား စသည်တို့ကိုမှီ၍ အသက်ရှင်ရသော ပြိတ္တာမျိုးဖြစ်သည်။ (ပရ=သူတစ်ပါးတို့+ဒတ္တ=ပေးသော အဝတ်အစား စသည်ကို+ဥပ=အမှီပြု၍+ဇီဝိက=အသက်ရှင်ရသော ပြိတ္တာ)။

ဆာလောင်မွတ်သိပ်ခြင်းတို့ဖြင့် အမြဲနှိပ်စက်ခံနေရသော ခုပ္ပိပါသိက ပြိတ္တာမျိုး၊ ခံတွင်း၌ မီးတောက်လောင်နေသောကြောင့် အစာရေစာများကို စားသောက်လိုသည့် တဏှာရှိသော နိဇ္ဈာမ တဏှိက ပြိတ္တာမျိုး၊ အပ်နဖားပေါက်ကလေးမျှလောက်သာ ခံတွင်းပေါက်ရှိ၍ ပုစွန်မျက်စိကဲ့သို့ မျက်စိပြူးထွက်နေသော ကာလကဉ္စိက ပြိတ္တာဟူသော ပြိတ္တာသုံးမျိုးတို့မှာ ဆွေမျိုးတို့ ပေးလှူသည့် အလှူအကျိုးကို မခံစားကြရပါချေ။

သို့ရာတွင် ပရဒတ္တူပဇီဝိက ပြိတ္တာမျိုး၌ဖြစ်ပြီး အလှူ၏အကျိုးကို ခံစားရန် မျှော်လင့်စောင့်စားနေလင့်ကစား၊ လှူဒါန်းသူများက မြင့်မြတ်သည့် သီလဝန္တ အလှူခံပုဂ္ဂိုလ်များအား လှူဒါန်း၍ ရည်ညွှန်း အမျှပေးဝေမှသာ မျှော်လင့်စောင့်စားရကျိုးနပ်ကာ မွန်မြတ်သောစည်းစိမ်မျိုးကို ရရှိနိုင်ပေသည်။

**ဓူဋသေဋ္ဌိပေတဝတ္ထု**

ပေတဝတ္ထု ပါဠိတော်လာ ဓူဋသေဋ္ဌိပေတ ဝတ္ထုကိုကြည့်လျှင် ရည်ညွှန်း၍ လှူဒါန်းသော်ငြားလည်း သီလမဲ့သူ ဒုဿီလပုဂ္ဂိုလ်အား လှူဒါန်းမိသဖြင့် အလှူ၏အကျိုးတရားကို မခံစားရကြောင်း တွေ့ရသည်။

ထိုဝတ္ထု၌ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်ဘုရင်သည် ခမည်းတော်ကိုလုပ်ကြံ၍ နန်းတက်ပြီး နောင်တကြီးစွာရသဖြင့် စက်တော်ခေါ်၍ မပျော်နိုင်ဘဲ ပြာသာဒ်အထက်ထပ်၌ လမ်းလျှောက်နေစဉ် ကောင်းကင်၌ ပြိတ္တာတစ်ဦးသွားသည်ကို တွေ့ရသည်။ ထိုပြိတ္တာမှာ အသွေးအသားမရှိ၊ အရိုးအကြောနှင့် အရေသာရှိပြီး အဝတ်အစားမရှိ၊ ဦးခေါင်းပြောင်ပြောင်နှင့် ဖြစ်သည်။

အဇာတသတ်ဘုရင်က ဈာန်ဖြင့်ကြွသွားသော တိတ္ထိရဟန်းတစ်ပါးဟု ထင်သဖြင့် လှမ်း၍မေးရာ ပြိတ္တာကြီးဖြစ်နေပြီး ဗာရာဏသီရှိ သမီးထံသွား၍ ရည်ညွှန်း လှူဒါန်းသော ကုသိုလ်အဖို့ကို သွားယူမည့်အကြောင်း ပြန်ပြောသည်။

အဇာတသတ်မင်းက အပြန်တွင် သူ့ထံဝင်ရန် မှာကြားလိုက်၏။ အပြန်တွင် ဝင်လာသောအခါ အဇာတသတ်မင်းက အကျိုးအကြောင်း မေးမြန်းရာ သီလမဲ့သူ ဒုဿီလပုဏ္ဏားတို့ကို လှူဒါန်းပြီး ရည်ညွှန်း အမျှဝေသောကြောင့် ထိုအလှူ၏အကျိုးကို မရရှိခဲ့ကြောင်း၊ အဇာတသတ်မင်းက ဘုရားအမှူးရှိသည့် သံဃာတော်အရှင်သူမြတ်တို့အား သူ့ကိုရည်မှန်း၍ လှူဒါန်းပေးဖို့အကြောင်းတို့ကို ပြောကြားတောင်းပန်ရှာသည်။

အဇာတသတ်မင်းလည်း တစ်ခဏချင်းပင် ထိုပြိတ္တာအတွက် ရည်မှန်း၍ ဘုရားအမှူးရှိသည့် သံဃာတော်အရှင်မြတ်တို့အား လှူဒါန်းအမျှပေးဝေရာ ထိုပြိတ္တာကြီးမှာ ပြိတ္တာဘဝမှ ကျွတ်လွတ်၍ နတ်ဘဝသို့ရောက်ကာ ချမ်းသာသွားဖူးလေသည်။

ထို့ပြင် ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ ဒက္ခိဏာ ဝိဘင်္ဂသုတ်အဖွင့်၌ တစ်ချိန်သောအခါက ဝဓုမာနခေါ်သောအရပ်၌ နေသည့်မုဆိုးတစ်ဦးသည် ကွယ်လွန်သူ ဆွေမျိုးပြိတ္တာတို့ကို ရည်စူး၍ အလှူဒါနပြုရာ သုံးကြိမ်

တိုင်တိုင် သီလမရှိသည့် ဒုဿီလပုဂ္ဂိုလ်အား လှူဒါန်းမိလေသည်။ နောက်ဆုံးအကြိမ် လှူသည့်အခါ၌ ဆွေမျိုးပြိတ္တာက –

"ဒုဿီလ ပုဂ္ဂိုလ်က ငါ့ဟာတွေကို လုယူထားတယ်"

ဟု အော်ဟစ်လေသည်။

ထိုသို့ အော်သံကြားမှ မုဆိုးကြီးသည် သတိရပြီး အကျင့်သီလနှင့်ပြည့်စုံသည့် သီလဝန္တ ရဟန်းတော်တစ်ပါးအား ပင့်၍ လှူဒါန်းအမျှဝေသည်နှင့် တစ်ပြိုင်နက် ပြိတ္တာသည် အကျိုးခံစားရပေတော့သည်ဟု ဖွင့်ဆိုထားပေသည်။

ဤ ပါဠိတော် အဋ္ဌကထာလာ အကြောင်းအရာများကို ထောက်ထားပါက ဆွေမျိုးပြိတ္တာတို့ကို ရည်မှန်းလှူဒါန်းရာ၌လည်း သီလစင်ကြယ်သန့်ရှင်းသည့် သီလဝန္တပုဂ္ဂိုလ်မျိုးကို ရွေးချယ်လှူဒါန်းမှသာ ပြိတ္တာတို့အကျိုးခံစားရကြောင်း သိရှိရပေသည်။

## အကျိုးဖြစ်နိုင်သော အင်္ဂါသုံးရပ်

သို့ဖြစ်၍ ကွယ်လွန်အနိစ္စရောက်သွားသူသည် မိမိ၏ အိမ်၊ ရွာ၊ မြို့ အနီးအပါးအကြိုအကြား၌ သွားလာလျက် စားရမဲ့သောက်ရမဲ့ ပရဒတ္တူပဇီဝိကပြိတ္တာမျိုး (အစိမ်း၊ တစ္ဆေ၊ သရဲ) ဖြစ်နေပါလျက် ကျန်ရစ်သူဆွေမျိုးများက ဆွမ်း သင်္ကန်းစသည်တို့ကို လှူဒါန်း၍ –

"ဤအလှူသည် ကွယ်လွန်သူ မည်သူမည်ဝါအတွက် ဖြစ်ပါစေသတည်း၊ ကွယ်လွန်သူ (မည်သူမည်ဝါ) သည် ချမ်းသာပါစေ၊ ဤကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါ၊ အမျှဝေပါသည်၊ အမျှယူပါ"

ဟုပြောဆို၍ အမျှအတန်းဝေသည့်အခါ ထိုပြိတ္တာများ တွေ့မြင်ကြားသိပြီး သာဓုခေါ်လျှင် နတ်သား နတ်သမီးများကဲ့သို့ပင် အဝတ်အစားတို့ကို ရရှိခံစားနိုင်ကြသည်။

မိမိကို ရည်မှန်း၍ ဆွေမျိုးများက လှူဒါန်းနေကြသော်လည်း မမြင်မကြားရသဖြင့် ဝမ်းသာကြောင်း သာဓုမခေါ်နိုင်လျှင် ထိုပြိတ္တာတို့မှာ

ထိုအလှူ၏ အကျိုးကို မခံစားရချေ။ ထို့ကြောင့် သေလွန်သူတို့ကို ရည်မှန်း၍ လှူဒါန်းတော့မည်ဆိုလျှင် အချို့အရပ်ဒေသတို့၌ အလှူဒါန မပြုမီကပင် 'သုသာန် စသည်တို့သို့ သွား၍ ယနေ့ အလှူဒါနပြုမှာမို့ လိုက်ခဲ့ပါ' ဟု ဖိတ်မန္တကပြုကာ အိမ်သို့ခေါ်လာတတ်ကြသည်။

ဤသို့ -

၁။ ဆွေမျိုး မိတ်သင်္ဂဟတို့က ဤလှူဖွယ်ဝတ္ထုအစုစုသည် ဆွေမျိုး ပြိတ္တာတို့အား ဖြစ်ပါစေ၊ ဆွေမျိုးပြိတ္တာတို့သည် ချမ်းသာ ကြပါစေ ရည်ညွှန်း၍ အမျှပေးဝေလှူဒါန်းခြင်း၊

၂။ ပြိတ္တာတို့ကလည်း ဤဆွေမျိုး မိတ်သင်္ဂဟတို့သည် ငါတို့ အကျိုးအတွက် ငါတို့ကို ရည်မှန်း၍ လှူဒါန်းကြပါတကား ဟု ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြခြင်း၊

၃။ သီလရှိသည့် အလှူခံပုဂ္ဂိုလ်များအား လှူဖွယ်ဝတ္ထုပစ္စည်းစု တို့ကို ကျွေးမွေးလှူဒါန်းခြင်း

ဟူသော အင်္ဂါသုံးရပ်တို့နှင့် ညီညွတ်ပြည့်စုံမှသာ ပြိတ္တာတို့အဖို့ တစ်ခဏချင်း အကျိုးတရားများကို ရရှိခံစားနိုင်ပေသည်။

သို့သော် ထိုအင်္ဂါသုံးရပ်မှာ အကျိုးတရား ဖြစ်ပွားပေါ်ပေါက်လာ နိုင်သည့် အင်္ဂါရပ်များသာ ဖြစ်ပါသည်။ ထိုအင်္ဂါသုံးရပ်တို့နှင့် ညီညွတ် စေကာမူ အကျိုးတရားအနည်းအများမှာ ပြိတ္တာတို့၏ ကံတရားအတိုင်း ဖြစ်ပါသည်။ အချို့ပြိတ္တာတို့မှာ တစ်ခဏချင်း ပြိတ္တာဘဝမှ ကျွတ်လွတ်၍ နတ်ဘုံ၊ လူ့ဘုံ စသည်တို့၌ ပြောင်း၍ ဖြစ်ကြသကဲ့သို့၊ အချို့ပြိတ္တာတို့ကမူ ပြိတ္တာဘဝမှ မကျွတ်လွတ်သေးဘဲ ကောင်းမွန်သည့် အစားအစာ၊ အဝတ် အထည်၊ နေရာဗိမာန်နှင့် ရေကန် စသည်တို့ကို ရရှိ ခံစားကြရသည်။

ထိုသို့ ချမ်းသာကို ခံစားကြရာ၌လည်း ဆွေမျိုးမိတ်သင်္ဂဟတို့ လှူဒါန်းကြသည့် အလှူပစ္စည်း အားလျော်စွာ ခံစားကြရခြင်း ဖြစ်သည်။ အစားအသောက်ကို လှူဒါန်းလျှင် ကောင်းမွန်သော အစားအသောက်တို့ကို ပြိတ္တာတို့ စားသောက်ရသကဲ့သို့၊ အဝတ်အထည်ကို လှူလျှင် ကောင်းမွန် သောအဝတ်အထည်တို့ကို ရရှိဝတ်ဆင်ကြရပေသည်။

ထို့ကြောင့် ယခုခေတ်၌ 'လွှမ်းဆွတ်အမျှပေးဝေခြင်း၊ လွမ်းဆွတ်သတိရခြင်း' စသော ခေါင်းစဉ်များဖြင့် သတင်းစာထဲမှ ကြေညာ၍ ကွယ်လွန်သူအား အမျှအတန်းပေးဝေခြင်းသည် မိမိတို့ပြုလိုသည့် အမှုကိစ္စတို့ ပြုလိုသည့်အမှုကို ပြုလိုက်ရ၍ အတော်အတန် စိတ်ကျေနပ်မှု ရလိုက်သည်မှတစ်ပါး ကွယ်လွန်သူအတွက် တစ်စုံတစ်ရာမျှ မရှိပါချေ။

## တိရောကုဋ္ဋပေတဝတ္ထု

ဤနေရာ၌ သေသူကို ရည်မှန်း၍ လှူဒါန်းကြရာ၌ သေသူ၏ အကျိုးရပုံ မရပုံနှင့်ပတ်သက်၍ ပေတဝတ္ထုပါဠိတော်လာ တိရောကုဋ္ဋပေတဝတ္ထုကို သာဓကအဖြစ် အကျဉ်းချုပ် တင်ပြပါမည်။ ဖုဿဘုရားရှင်လက်ထက်၌ ဘုရားရှင်၏ခမည်းတော် ဇယသေနမင်းကြီးသည် ငါ့ဘုရား၊ ငါ့တရား၊ ငါ့သံဃာဟု ရတနာသုံးပါးလုံးကို မိမိတစ်ဦးတည်းပိုင် ပြုထား၏။ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုးကွယ်ပူဇော်ခွင့် မပေးပေ။

ထိုအခါ ဘုရားရှင်နှင့် အဖေတူအမေကွဲဖြစ်သော ဘုရင်သားတော်သုံးဦးနှင့် ပြည်သူပြည်သားတို့သည် ဥပါယ်တစ်ခုကို ကြံစည်အားထုတ်ကြသည်။ နောက်ဆုံးတွင် မင်းသားသုံးဦးတို့သည် နောင်တော်ကြီး ဖုဿဘုရားရှင်အား ဝါတွင်းသုံးလ ကိုးကွယ်ပူဇော်ခွင့် ရကြသည်။

မင်းသားညီနောင်သုံးယောက်တို့သည် မိမိတို့ဇနပုဒ်တို့ကို လွှဲအပ်ထားသည့် တိုင်းမှူးယောက်ျားအား ဘုရားရှင်အမှူးရှိသော သံဃာတော်ကိုးသောင်းတို့ ဝါတွင်း သုံးလပတ်လုံး သီတင်းသုံးရန် ကျောင်း စသော အဆောက်အအုံများကို စီမံပြုလုပ်ရန် စာရေးအကြောင်းကြားလိုက်သည်။ ကိစ္စအားလုံး ပြီးဆုံးသောအခါ ဘုရားအမှူးရှိသော သံဃာတော်များအား ကျောင်းတော်များသို့ ပင့်ဆောင်၍ မင်းသားညီနောင် သုံးယောက်သည် ရဲမက်တော်တစ်ထောင်တို့နှင့်အတူ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်လျက် ဘုရားအမှူးရှိသော သံဃာတော်များကို ပြုစုလုပ်ကျွေးကြ၏။

ထို မင်းသားညီနောင်သုံးဦးတို့၏ ဘဏ္ဍာစိုးဇနီးမောင်နှံနှစ်ယောက်တို့ကား သဒ္ဓါတရား များစွာ ရှိ၏။ ရတနာသုံးပါး၌ လွန်စွာကြည်ညို၏။

ဘဏ္ဍာစိုးသည် မင်းသားတို့ကိုယ်စား မင်းသားသုံးဦးတို့၏ ဘဏ္ဍာတိုက်တို့မှ တစ်လှည့်စီ တစ်လှည့်စီ လှူဒါန်းရန် ဝတ္ထုတို့ကို စေတနာဖြူစင်စွာ တိုင်းမှူးအား ပေးအပ်၏။ တိုင်းမှူးသည် ဘဏ္ဍာစိုး ပေးအပ်သည့် လှူဒါန်းဖွယ်ဝတ္ထုများကို ယူဆောင်၍ ဇနပုဒ်သား လူပေါင်း တစ်သောင်း တစ်ထောင်တို့နှင့်အတူ စီမံချက်ပြုတ်ကာ ဘုရားအမှူးရှိသော သံဃာတော်များအား ဆက်ကပ်လှူဒါန်းသည်။

ထိုတိုင်းမှူးစေခိုင်းသော ဝေယျာဝစ္စဆောင်ရွက်သူ တစ်သောင်း တစ်ထောင်တို့တွင် အချို့သော တိုင်းမှူး၏ ဆွေမျိုးများကား ဆိုးဝါးသော စိတ်ထား ရှိကြ၏။ ထိုသူတို့သည် အလှူ၏အန္တရာယ်ကိုလည်း အမျိုးမျိုး ပြုကြ၏။ ဘုရားအမှူးရှိသော သံဃာတော်များအတွက် စီမံချက်ပြုတ်ထားသည့် စားဖွယ်သောက်ဖွယ်များကိုလည်း ကိုယ်တိုင်လည်း တိတ်တဆိတ် လုယက်ခိုးစားကြ၏။ သားသမီးများကိုလည်း ကျွေးကြ၏။ အလှူမဏ္ဍပ်များကိုလည်း မီးရှို့ကြ၏။

ဝါကျွတ်၍ ပဝါရဏာပြုပြီးသည့်အခါ ဖုဿဘုရားရှင်သည် ခမည်းတော်ထံသို့ ပြန်ကြွသွားရာ မကြာမီမှာပင် ပရိနိဗ္ဗာန်ဝင်စံတော်မူပါသည်။ မင်းသားညီနောင်သုံးဦး၊ တိုင်းမှူး ယောက်ျားနှင့် ဘဏ္ဍာစိုးဇနီးမောင်နှံတို့သည် အသီးသီး ကွယ်လွန်ကြသည့်အခါ နတ်ပြည်၌ ဖြစ်ကြသော်လည်း ဆိုးဝါးသော စိတ်ထားရှိကြသည့် တိုင်းမှူးယောက်ျား၏ ဆွေမျိုးအချို့တို့ကား ငရဲ၌ ဖြစ်ကြ၏။

ကဿပမြတ်စွာဘုရား ပွင့်တော်မူလာသည့်အခါ ဆိုးဝါးသော စိတ်ထားရှိသူတို့သည် ငရဲမှတက်၍ ပြိတ္တာဖြစ်လာကြ၏။ ထိုအချိန်တွင် လူတို့က မိမိတို့ ဆွေမျိုးပြိတ္တာများအတွက် အလှူဒါန ပေးလှူကြပြီး 'ဤကောင်းမှုသည် ငါတို့၏ ဆွေမျိုးပြိတ္တာများအတွက် ဖြစ်ပါစေ' ဟု ရည်ညွှန်း၍ အမျှအတန်းပေးဝေကြရာ ထိုသူတို့၏ ဆွေမျိုးပြိတ္တာများမှာ စည်းစိမ်ချမ်းသာကို ရရှိကြ၏။

ထိုသို့ အခြားပြိတ္တာတို့ စည်းစိမ်ချမ်းသာ ရရှိကြသည်ကို မြင်ရသည့်အခါ ထိုတိုင်းမှူး၏ ဆွေမျိုးပြိတ္တာတို့သည် ကဿပဘုရားရှင်

ထံမှောက်သို့ သွားရောက်၍ အခြားပြိတ္တာများနည်းတူ မိမိတို့စည်းစိမ်ဥစ္စာကို ရမရ မေးလျှောက်၏။

ဘုရားရှင်က ယခုအချိန်၌ မရနိုင်၊ ဂေါတမမြတ်စွာဘုရား ပွင့်လာသည့်အခါ ဗိမ္ဗိသာရမည်သော မင်းတစ်ပါးဖြစ်ပေါ်မည်။ ထိုမင်းသည် လွန်လေပြီးသော ကိုးဆယ့်နှစ်ကမ္ဘာ၌ သင်တို့၏ဆွေမျိုး ဖြစ်ခဲ့ဖူး၏။ ထိုမင်းသည် ဂေါတမမြတ်စွာဘုရားအား အလှူပေး၍ သင်တို့အား ရည်ညွှန်းအမျှပေးဝေလိမ့်မည်ဟု မိန့်တော်မူ၏။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာသောအခါ မင်းသားညီနောင်သုံးဦးတို့သည် အခြံအရံ တစ်ထောင်တို့နှင့်အတူ နတ်ပြည်မှ စုတေ၍ ဂယာသီသအရပ်၌ ရသေ့ညီနောင် ရှင်တစ်ထောင်ဖြစ်လာကြ၏။ တိုင်းမှူးသည် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရဘုရင် ဖြစ်လာ၏။ ဘဏ္ဍာစိုးဇနီးမောင်နှံတို့မှာ ဝိသာခသူဌေးနှင့် ဓမ္မဒိန္နာ သူဌေးသမီး ဖြစ်လာကြ၏။

ဗုဒ္ဓမြတ်စွာသည် တစ်ဝါရပြီးသည့်နောက် ပြာသိုလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူပါသည်။ ထိုနေ့၌ပင် ဗိမ္ဗိသာရမင်းကြီးနှင့်တကွ အခြံအရံပုဏ္ဏားသူဌေးပေါင်း တစ်သိန်းတစ်သောင်းတို့ကို သောတာပန်ဖြစ်စေပြီးသည့် နောက်တစ်နေ့တွင် ဗိမ္ဗိသာရဘုရင်၏ နန်းတော်၌ ကြီးစွာသောအလှူကို ခံယူတော်မူသည်။

ထိုအချိန်၌ ဘုရင်ကြီး၏ ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့သည် 'ငါတို့၏ ဆွေမျိုးဟောင်း ဗိမ္ဗိသာရမင်းကြီးသည် ယခုပင် ငါတို့အား ညွှန်းပေလိမ့်မည်' ဟူသော မျှော်လင့်ချက်ဖြင့် ပတ်ဝန်းကျင် ဝန်းရံလာကြ၏။ သို့သော် မင်းကြီးမှာ မြတ်စွာဘုရား သီတင်းသုံးဖို့ ကျောင်းနေရာကိုသာ စဉ်းစားကြံစည်နေသည့်အတွက် ထိုဆွေမျိုး ပြိတ္တာစသည်တို့အား မရည်ညွှန်းမိ၊ အမျှအတန်း မဝေမိပါချေ။

ထို့ကြောင့် ဆွေမျိုးပြိတ္တာတို့သည် စိတ်ပျက် အားလျော့ကာ ညဉ့်အချိန်တွင် မင်းနန်းတော်သို့ဝင်ပြီး အလွန်ကြောက်မက်ဖွယ်ကောင်းသော အသံကိုပြုကြ၏။ မင်းကြီးသည် ထိတ်လန့်ကြောက်ရွံ့ပြီး နံနက်မိုးသောက် အလင်းရောက်သည့်အခါ ဘုရားရှင်ထံ လျှောက်ထားသည်။

ဘုရားရှင်က ထိုဆွေမျိုးပြိတ္တာများ အကြောင်းကို ဟောကြားရာ ဗိမ္ဗိသာရမင်းကြီးသည် နောက်ထပ် အလှူဒါနပြုလုပ်ပြီး ဆွေမျိုးပြိတ္တာတို့အား အမျှအတန်း ပေးဝေရန်အတွက် ဘုရားရှင်အား ပင့်ဖိတ်သည်။ ဘုရားအမှူးရှိသော သံဃာတော်များ နန်းတော်သို့ ကြွရောက်တော်မူလာကြသည့်အခါ ဆွေမျိုး ပြိတ္တာတို့သည်လည်း မျှော်လင့်ချက်ဖြင့် တံတိုင်းတစ်ဖက် နံရံတစ်ဖက်စသည်တို့၌ လာရောက်ရပ်တည်ကြ၏။ မြတ်စွာဘုရားက ထိုပြိတ္တာအားလုံးကို မင်းကြီးမြင်အောင် တန်ခိုးဖြင့် ပြတော်မူ၏။

မင်းကြီးသည် အလှူရေစက်ပေး၍ 'ဤအလှူသည် ငါ၏ ဆွေမျိုးဟောင်း ပြိတ္တာတို့အား ဖြစ်စေသတည်း' ဟု ရည်ညွှန်းအမျှပေးဝေ၏။ ထိုခဏ၌ ပြိတ္တာတို့အား ကြာပန်းများပေါက်နေသည့် ရေကန်များ ဖြစ်ပေါ်လာ၏။ ပြိတ္တာတို့သည် ထိုရေကန်တို့၌ သောက်ချိုး၍ ပူလောင်ခြင်း၊ ပင်ပန်းခြင်း ငြိမ်းကြ၏။

တစ်ဖန် မင်းကြီးသည် ယာဂု ခဲဖွယ် ဘောဇဉ်တို့ကို လှူဒါန်းပြီး ရည်ညွှန်း အမျှပေးဝေ၏။ ထိုပြိတ္တာတို့အား ရည်ညွှန်းသောခဏ၌ နတ်၌ဖြစ်သော ယာဂုခဲဖွယ်ဘောဇဉ်တို့ဖြစ်လာ၍ စားသောက်ကြရသဖြင့် ခန္ဓာကိုယ်ပြည့်ဖြိုးလာကုန်၏။ ထို့နောက် အဝတ် ပုဆိုး အိပ်ရာနေရာတို့ကို ပေးလှူ၍ ရည်ညွှန်းပြန်၏။ ထိုပြိတ္တာတို့ကား နတ်၌ဖြစ်သော အဝတ်ပုဆိုး ပြာသာဒ် အခင်းအရံ အိပ်ရာ စသည်တို့ ဖြစ်ပေါ်လာကြ၏။

ထိုဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်လာတိုင်းတို့ကို မင်းကြီးမြင်ရအောင် မြတ်စွာဘုရားသည် အဓိဋ္ဌာန်ပြုတော်မူပါသည်။ မင်းကြီးမှာ ထိုအခြင်းအရာကို ကိုယ်တိုင်မြင်ရ၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်လေသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဆွမ်းဘုဉ်းပေးတော်မူပြီးသည့်အခါ မင်းပရိသတ်အား တိရောကုဋ္ဋ ပေတဝတ္ထုကို ဆွမ်းအနုမောဒနာတရားအဖြစ် ဟောကြားတော်မူပါသည်။

ဤဆွမ်းသွတ်တရားနာယူပွဲ၌ အားလုံးခြုံ၍ဆိုရသော် ကွယ်လွန်သေဆုံးသူသည် ပရဒတ္တူပဇီဝိက ပြိတ္တာ(တစ္ဆေ၊ သရဲ)မျိုး ဖြစ်မှသာ ဆွေမျိုးမိတ်ဆွေတို့ ရည်ညွှန်းပေးလှူသည့် အလှူဒါန၏အကျိုးကို ရရှိ

ခံစားရသည်။ ဆွေမျိုးမိတ်ဆွေတို့ကလည်း သီလမဲ့သူ ဒုဿီလပုဂ္ဂိုလ်မျိုးသို့မလှူဘဲ သီလရှိသူ သီလဝန္တ ပုဂ္ဂိုလ်မျိုးကို လှူဒါန်းမှသာ ထိုအလှူဒါနစ၏အကျိုးကို ဆွေမျိုးပြိတ္တာများ ရရှိခံစားနိုင်သည်။ တူညီသောအကျိုးကို ပေးသည်ဆိုသကဲ့သို့ ဆွေမျိုး မိတ်ဆွေများက အစားအစာများကို ရည်ညွှန်း လှူဒါန်းလျှင် ဆွေမျိုး ပြိတ္တာများမှာ အစားအစာများ ရရှိကြသကဲ့သို့ အဝတ်အထည်များကို ရည်ညွှန်းလှူဒါန်းလျှင် အဝတ်အထည်များကို ရရှိခံစားနိုင်ကြသည်ဟု မှတ်သားကြရန် ဖြစ်ပေသည်။

❑

# ဆွမ်းတော်ကြီး လောင်းလှူပွဲ

**ဆွမ်းတော်ကြီး လောင်းလှူပွဲ ဆိုသည်မှာ**

ဆွမ်းတော်ကြီးလောင်းလှူပွဲကား ဗုဒ္ဓဘာသာအရ ကျင်းပပြုလုပ်သော ကုသိုလ်ကောင်းမှုပြုပွဲဖြစ်၍ ဗုဒ္ဓယဉ်ကျေးမှု ပွဲတစ်ပွဲဖြစ်ကြောင်း ထင်ရှားသိသာပါသည်။ ဆွမ်းတော်ကြီးလောင်းလှူပွဲဆိုသည်မှာ ဘုရားအမှူးရှိသော သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းစသော ပစ္စည်းလေးပါးနှင့် ရဟန်းအသုံးအဆောင်ပစ္စည်း ပရိက္ခရာတို့ကို လောင်းလှူသောပွဲဖြစ်သည်။

ရန်ကုန်၊ မန္တလေး စသော မြို့ကြီးများ၌ ဝါတွင်းကာလတွင် တနင်္ဂနွေစသော နေ့များ၌ဖြစ်စေ၊ ဝါတွင်းဝါပ တစ်ပတ် တစ်ကြိမ် ဖြစ်စေ သံဃာတော်အမြောက်အမြားအား ဆွမ်းနှင့်ဆွမ်းဟင်းတို့ကို လောင်းလှူလေ့ရှိကြပေသည်။ သို့သော် ထိုဆွမ်းလောင်းလှူခြင်းမှာ ဆွမ်းနှင့် ဆွမ်းဟင်းမျှသာဖြစ်သောကြောင့် ဆွမ်းတော်ကြီး လောင်းလှူပွဲဟု ခေါ်ရိုး ထုံးစံမရှိချေ။

ဆွမ်းတော်ကြီး လောင်းလှူပွဲဆိုရာ၌ 'တော်' ကား ဂုဏ်တော်၊ ကျေးဇူးတော်တို့၌ ရှိသော 'တော်' ပုဒ်ကဲ့သို့ မြင့်မြတ်ခြင်း၊ ခမ်းနားခြင်း အဓိပ္ပာယ်ရှိ၍ ကြီးမှာ ကြီးကျယ်ခြင်းဟု အဓိပ္ပာယ်ရသည်။ 'လောင်း' ဆိုသည်မှာ ဆွမ်းစသော ပစ္စည်းများကို သံဃာများ၏ သပိတ်ထဲသို့ လောင်းထည့်ခြင်းကို ဆိုသော်လည်း သပိတ်ထဲ မထည့်ဘဲ လက်ထဲသို့

ဆက်ကပ် လှူဒါန်းခြင်းကိုလည်း လောင်းလှူသည်ဟု ခေါ်ဆိုပေသည်။ ထို့ကြောင့် ခမ်းခမ်းနားနားဖြင့် ပွဲသဘင်အသွင် ပြုလုပ်၍ ဆွမ်းစသော လှူဖွယ်ပစ္စည်းများကို ကြီးကြီးကျယ်ကျယ် လောင်းလှူသည့်ပွဲမျိုးကို ဆွမ်းတော်ကြီး လောင်းလှူပွဲဟု ခေါ်ဆိုခြင်းဖြစ်သည်။

## သံဃဒါန ဆွမ်းတော်ကြီး လောင်းလှူပွဲ

ဤ ဆွမ်းတော်ကြီးလောင်းလှူပွဲမှာ ပုဂ္ဂိုလ်ကို ရည်ညွှန်းမှုမပြုဘဲ သံဃာတော်များကိုသာ ရည်မှန်း လှူဒါန်းသည့် အလှူမျိုးဖြစ်၍ အချို့အရပ်ဒေသများ၌ ထိုဆွမ်းတော်ကြီးလောင်းလှူပွဲကို 'သံဃဒါန ဆွမ်းတော်ကြီး လောင်းလှူပွဲ' ဟု နာမည်အပြည့်အစုံ ခေါ်ဝေါ်သုံးစွဲလေ့ ရှိကြသည်။

သံဃာကို ရည်မှန်း၍ လှူဒါန်းသည့် သံဃိကဒါန အလှူမှာ ခုနစ်မျိုးရှိသည်။ ထိုခုနစ်မျိုးမှာ -

၁။ ဘုရားအမှူးရှိသော အမျိုးသား ရဟန်းနှင့် အမျိုးသမီး ရဟန်းတို့အား လှူဒါန်းခြင်း၊

၂။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် အမျိုးသားရဟန်းနှင့် အမျိုးသမီးရဟန်းတို့အား လှူဒါန်းခြင်း၊

၃။ အမျိုးသားရဟန်းသက်သက်အား လှူဒါန်းခြင်း၊

၄။ အမျိုးသမီးရဟန်းသက်သက်အား လှူဒါန်းခြင်း၊

၅။ သံဃာက ညွှန်းသည့် အမျိုးသား အမျိုးသမီးရဟန်းတို့အား လှူဒါန်းခြင်း၊

၆။ သံဃာက ညွှန်းသည့် အမျိုးသားရဟန်းတို့အား လှူဒါန်းခြင်း၊

၇။ သံဃာက ညွှန်းသည့် အမျိုးသမီးရဟန်းတို့အား လှူဒါန်းခြင်းတို့ ဖြစ်ပါသည်။

## သံဃိကဒါန အကျိုးကြီးပုံ

ဤကဲ့သို့ သံဃာတော်များအား ရည်မှန်းလှူဒါန်းခြင်း သံဃိကဒါနသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရည်မှန်းလှူဒါန်းသော ပုဂ္ဂလိက

ဒါနထက် ပို၍ အကျိုးများစွာ ရှိပေသည်။ သံဃာကို ရည်မှန်း၍ လှူဒါန်းနိုင်ပါလျှင် အလှူခံပုဂ္ဂိုလ်မှာ သီလမဲ့သူဒုဿီလပင် ဖြစ်စေကာမူ ပုဂ္ဂိုလ်စွဲကင်းသဖြင့် မရေမတွက်နိုင်သော အကျိုးများကို ရရှိနိုင်ပေသည်ဟု ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာဝိဘင်္ဂသုတ်၌ ရှင်တော်ဘုရား ဟောကြားထားပေသည်။

မိထွေးတော်ဂေါတမီကိုယ်တိုင် ဗုဒ္ဓမြတ်စွာအား သင်္ကန်းကပ်လှူသည့်အခါ၌လည်း 'မယ်တော်ကြီး ဂေါတမီ... သံဃာကိုလှူပါ၊ သံဃာကိုလှူလျှင် သားတော်ဘုရားကိုရော သံဃာကိုပါ လှူဒါန်းရာရောက်ပေသည်' ဟု သံဃာကိုလှူဒါန်းဖို့ တိုက်တွန်းတော်မူခဲ့သည်ကို ထိုဒက္ခိဏာဝိဘင်္ဂသုတ်၌ပင် တွေ့ရပေသည်။

သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက ဒါယကာ ဒါယိကာမများသည် တရားစစ်သူကြီး အရှင်သာရိပုတ္တရာ ပုဂ္ဂိုလ်ကြီးပဲ၊ တန်ခိုးပြင်းထန် အရှင်မဟာမောဂ္ဂလ္လာန်ပုဂ္ဂိုလ်ကြီးပဲ စသည်ဖြင့် ပုဂ္ဂိုလ်စွဲ မထားကြဘဲ သံဃာတော်အထိ အာရုံပြုနိုင်ကြသောကြောင့် မြင့်မြတ်၍ အကျိုးကြီးသော သံဃိကဒါနမျိုးကို အများအားဖြင့် ပြုနိုင်ကြပေသည်။

## ဘုရားရှင်လက်ထက်က ဆွမ်းတော်ကြီး လောင်းလှူပွဲ

ဤဆွမ်းတော်ကြီး လောင်းလှူပွဲကား သံဃိကအလှူ အမျိုးအစားဖြစ်၍ ယခုမှပေါ်လာသောပွဲ မဟုတ်၊ ဘုရားရှင် လက်ထက်တော်ကပင် ရှိခဲ့သော အလှူပွဲဖြစ်သည်။ ဤနေရာ၌ ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါက စိတ်ဝင်စားဖွယ်ရာကောင်းသည့် ဆွမ်းတော်ကြီး လောင်းလှူပွဲကြီးတစ်ခုကို သာဓကအဖြစ် အကျဉ်းချုပ်တင်ပြပါမည်။

တစ်ချိန်သောအခါက သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်သည် နောက်ပါ တပည့်ငါးရာနှင့်အတူ ဒေသစာရီ ကြွချီတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးသို့ ဆိုက်ရောက်လာခဲ့ပါသည်။

ပသေနဒီကောသလမင်းကြီးသည် ဘုရားရှင်ထံတော်မှောက်သို့ သွားရောက်၍ နောက်တစ်နေ့တွင် ဧည့်ဆွမ်းတော်အဖြစ် အလှူခံရန်

ပင့်ဖိတ်သည်။ မိမိ၏ ဆွမ်းတော်ကြီးလောင်းလှူပွဲကို လာကြည့်ကြရန် မြို့သူမြို့သားများကိုလည်း တစ်မြို့လုံးဖိတ်ခေါ်ထားသည်။ နောက်တစ်နေ့တွင် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်သည်။

မင်းကြီးလှူပြီး နောက်တစ်နေ့၌ မြို့သူမြို့သားတို့ကလည်း မင်းကြီးအလှူထက်သာလွန်အောင် ဘုရားအမှူးရှိသည့် သံဃာတော်များအား ဆွမ်းတော်ကြီးလောင်းလှူပွဲ ပြုလုပ်ကြသည်။ ကောသလမင်းကြီးကလည်း မြို့သူမြို့သားများထက် သာလွန်အောင် တစ်ဖန် ထပ်မံ၍ လောင်းလှူကြပြန်၏။ ဤသို့ဖြင့် မင်းနှင့်ပြည်သူတို့ အလွယ်တကူ အနိုင်မခံ၊ အရှုံးမပေးဘဲ တစ်ဦးထက်တစ်ဦး သာလွန်အောင် အပြိုင်အဆိုင် လောင်းလှူလျက်ရှိကြသည်။

ခြောက်ကြိမ်မြောက်၌မူ လုပ်သားပြည်သူတို့သည် ဆွမ်းတော်ကြီးလောင်းလှူသည့်ပွဲတွင် 'မည်သည့် ပစ္စည်းတော့ မပါသေး' ဟု မညွှန်ပြနိုင်လောက်အောင် အဆအရာအထောင်တိုးတက်၍ လိုလေသေးမရှိ လောင်းလှူလိုက်ကြသည်။ ထိုအခါ မင်းကြီးက 'လုပ်သားပြည်သူတွေရဲ့ အလှူကြီးဟာ အင်မတန်ကြီးကျယ်လှတယ်၊ ဒီအလှူကြီးထက်သာအောင် လှူဖို့ မလွယ်ဘူး၊ သာအောင် မလှူနိုင်ရင်လည်း ဘုရင်ဖြစ်တဲ့ငါ့အဖို့ သေဖို့သာကောင်းတယ်' ဟု စိတ်ပျက်ကာ သလွန်ညောင်စောင်းတွင် လဲလျောင်းနေရှာသည်။

မင်းကြီး ဤသို့ဤနယ်ဖြစ်နေပုံအခြေအနေကို မလ္လိကာမိဖုရားကြီး သိရှိသွားလေရာ မင်းကြီးထံမှောက်သို့ သွားရောက်၍ "ဒီအတွက် မစိုးရိမ်ပါနဲ့ မောင်တော်၊ လုပ်သားပြည်သူတွေက ဘုရင်မင်းမြတ်ကိုများ နိုင်တယ်လို့ ဘယ်တုန်းက ကြားဖူး၊ မြင်ဖူးပါသလဲ၊ သူတို့ မတုနိုင် မပြိုင်နိုင်တဲ့ ဆွမ်းတော်ကြီး လောင်းလှူပွဲကြီးကို နှမတော် စီစဉ်ပါ့မယ်' ဟုဆိုပြီး အလှူပွဲကြီး၏ အစီအစဉ်ကို ဤသို့လျှောက်တင်သတဲ့။

နန်းတော်ဝင်းကြီးအတွင်း၌ သံဃာတော်ငါးရာ နေထိုင်လောက်သော မဏ္ဍပ်ကြီးတစ်ခုကို နံ့ပဲသား ပျဉ်ချပ်တို့ဖြင့် ဆောက်လုပ်မည်။ ထိုမဏ္ဍပ်ကြီးအတွင်း၌ ဘုရားအမှူးရှိသော သံဃာတော်ငါးရာ သီတင်း

သုံးတော်မူရန် နေရာပလ္လင်များကို ပတ်ပတ်လည် ပြုလုပ်ထားမည်။ ထိုနေရာ အသီးသီး၌ သံဃာတော်များ သီတင်းသုံးတော်မူသည့်အခါ သံဃာတော် တစ်ပါးစီ၏ နောက်၌ ဆင်လိမ္မာကြီး တစ်ကောင်စီက ထီးဖြူတော် တစ်လက်စီကိုင်ကာ ဖြန့်မိုးနေရမည်။

မဏ္ဍပ်ကြီးအလယ်၌မူ လှေလောင်းသဏ္ဌာန်ရှိ ရွှေခွက်ကြီးရှစ်ခု၊ သို့မဟုတ် ၁၀ ခုကို ချထားမည်။ သံဃာတော် နှစ်ပါးစီ နှစ်ပါးစီအကြား၌ မင်းသမီးကလေး တစ်ဦးစီ တစ်ဦးစီက နံ့သာများကို ကြိတ်နေ သွေးနေရမည်။ မင်းသမီးကလေး တစ်ယောက်စီက သံဃာတော် နှစ်ပါးစီကို တာဝန်ယူ၍ ယပ်လေခတ်ပေးနေရမည်။ အခြား မင်းသမီးကလေးများက သွေးပြီးသား နံ့သာများကို မဏ္ဍပ်အလယ်တွင် ချထားသည့် ရွှေခွက်ကြီးများထဲသို့ သွားထည့်ကြရမည်။ အချို့ မင်းသမီးကလေးများကမူ ကြာညိုပန်းများဖြင့် ပက်ဖျန်းနေကြရမည်။

လုပ်သားပြည်သူများအဖို့ မင်းသမီးလည်းမရှိ၊ ထီးဖြူတော်နှင့် ဆင်များကိုလည်း မရနိုင်ကြသဖြင့် မင်းကြီး၏ ဆွမ်းတော်ကြီးလောင်းလှူပွဲမှာ ပြည်သူများ မပြိုင်နိုင်သည့် ပြိုင်ဘက်ကင်းသော အလှူပွဲကြီး ဧကန်ဖြစ်ပါမည်ဟု လျှောက်တင်သည်။

ကောသလမင်းကြီးသည် မိဖုရားကြီးလျှောက်တင်သည့်အတိုင်း စီမံပြုလုပ်စေသည်။ သို့သော် ထို အလှူပွဲကြီးကို လက်တွေ့ပြုလုပ်ကြသည့်အခါ ပြဿနာတစ်ခုနှင့် ကြုံရပေသည်။ ထိုပြဿနာမှာ အခြားမဟုတ်၊ ထီးတော်မိုးတာဝန် ထမ်းဆောင်မည့် ဆင်ပြဿနာဖြစ်သည်။

မင်းကြီး၌ ဆင်ပေါင်းများစွာရှိသော်လည်း သံဃာတော်ငါးရာအား ထီးဖြူတော် မိုးပေးဖို့အတွက် ဆင်လိမ္မာများမှာ ၄၉၉ စီးသာရှိသည်။ ကျန်ဆင်များမှာ ဆင်ရိုင်းဆင်ကြမ်းများ ဖြစ်ကြသည်။ ထိုဆင်ရိုင်းကြီးများသည် ရဟန်းတော်များကိုမြင်လျှင် လေဆင်နှာမောင်းကြီးများသဖွယ် ဝှေ့ယမ်း ကြမ်းကြုတ်တတ်ကြသည်။ ထီးဖြူတော်မိုးတာဝန်ကို ထမ်းဆောင်ရန် ဆင်ကြမ်းကြီးတစ်စီးကို မဖြစ်မနေ စီစဉ်ရမည် ဖြစ်နေပေသည်။

သို့သော် မလ္လိကာမိဖုရားကြီးကား အလွန်မြော်မြင်ဉာဏ်ကြီးသူဖြစ်သည်။ ထိုဆင်ကြမ်းကြီးကို အရှင်အင်္ဂုလိမာလမထေရ်၏နောက်က ထီးတော်မိုး တာဝန်ပေးရန် စီမံသည်။ ဆင်ကြမ်းကြီးသည် အရှင် အင်္ဂုလိမာလမထေရ်နောက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် အမြီးကို ပေါင်ကြားတွင် သွင်း၍ နားရွက်နှစ်ဘက်တို့ကို ချပြီး မျက်စိများကို စုံမှိတ်ကာ ထီးတော်မိုး တာဝန်ကို ငြိမ်သက်စွာ ထမ်းရွက်နေသည်။ ပွဲကြည့် ပရိသတ်များမှာ ရှေးက အလွန်ကြမ်းတမ်းလှသည့် ဆင်ကြမ်းကြီး၏ ဆန်းဆန်းကြယ်ကြယ် ယဉ်ကျေးနေပုံ အမူအရာကို တအံ့တသြ ဝိုင်းအုံ ကြည့်ရှုနေကြပေသည်။

ထိုနေ့၌ သံဃာတော်များအား ကောသလမင်းကြီး လှူဒါန်းလိုက်သည့် ပစ္စည်းအစုစု၏ တန်ဖိုးမှာ တစ်ဆယ့်လေးကုဋေရှိသည်ဟုဆိုပေသည်။ ဗုဒ္ဓမြတ်စွာအတွက် လှူဒါန်းသော ထီးဖြူ၊ ထိုင်စရာပလ္လင်၊ သပိတ်ခြေနှင့် ခြေဆေးအင်းပျဉ် လေးမျိုးတို့မှာ လွန်စွာ အဖိုးအနဂ္ဃထိုက်တန်လှပေသည်။

ဤအလှူမျိုးကို လုပ်သားပြည်သူတို့ မလှူနိုင်ကြချေ။ ထို့ကြောင့် ကောသလမင်းကြီး၏ ဆွမ်းတော်ကြီး လောင်းလှူပွဲကြီးသည် တုဘက်ပြိုင်ဘက်မရှိသော အသဒိသအလှူတော်ကြီး ဖြစ်ရလေသည်။ ဤဝတ္ထုအရ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် သံဃဒါန ဆွမ်းတော်ကြီးလောင်းလှူပွဲရှိခဲ့သည်မှာ ထင်ရှားသိသာပေသည်။

## သီဟိုဠ်နိုင်ငံ ဆွမ်းတော်ကြီး လောင်းလှူပွဲ

ထို့ပြင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်ပြီးသည့် နောက်ပိုင်းတွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) မဟာဂါမရွာကြီး၌ လူပြန်တော်သူဌေးကြီး ဦးတိဿနှင့် သူဌေးကတော်ကြီး ဒေါ်သုမန(ဒေါ်မြတ်လေး)တို့ရှိကြသည်။

ထိုသူဌေးကြီး ဇနီးမောင်နှံနှစ်ဦးစလုံး အလှူအတန်း အလွန်ဝါသနာပါကြသတဲ့။ အလှူရေစက် လက်နှင့်မကွာကြတဲ့ ဇနီးမောင်နှံဟု

ထင်ရှားကြသည်။ ထိုသူဌေးကြီးဇနီးမောင်နှံတို့သည် အခြားဒါနများအပြင် သံဃာတော် တစ်သောင်းနှစ်ထောင်တို့အား ဆွမ်းတော်ကြီးလောင်း လှူပွဲကြီးကို မကြာခဏ ပြုလုပ်ကျင်းပလေ့ ရှိကြသည်။ ဤသို့ စသည်ဖြင့် မဇ္ဈိမဒေသ၀ါဟီနီကျမ်း၌ လာရှိပေသည်။

## မြန်မာနိုင်ငံ ဆွမ်းတော်ကြီး လောင်းလှူပွဲ

ထိုအစဉ်အလာအရ မြန်မာနိုင်ငံ၌လည်း ထေရဝါဒ သာသနာ ထွန်းကားလာချိန် ပုဂံခေတ်ကစပြီး ဆွမ်းတော်ကြီး လောင်းလှူပွဲများ ရှိခဲ့လိမ့်မည်ဟု ယူဆရပေသည်။ သို့ရာတွင် ကျောက်စာ၊ ပေစာ စသည် တို့၌ မှတ်တမ်းတင်ထားခဲ့ကြသည်ကို မတွေ့ရှိရသည့်အတွက် ထိုခေတ် ထိုအခါက လုပ်သားပြည်သူများ ပြုလုပ်ခဲ့ကြသည့် ဆွမ်းတော်ကြီးလောင်း လှူပွဲများအကြောင်းကို မတင်ပြနိုင်တော့ချေ။

ယခု မျက်မှောက်ခေတ်၌ကား ဤဆွမ်းတော်ကြီးလောင်းလှူပွဲကို မြန်မာနိုင်ငံ မြို့တိုင်း ရွာတိုင်းမှာလိုပင် နေရာအနှံ့အပြား၌ ကျင်းပပြုလုပ် နေကြသည်ကို လေ့လာတွေ့ရှိရသည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ဆွမ်းတော်ကြီး လောင်းလှူပွဲများကို ရာသီဥတု သာယာချိန် ဆောင်းရာသီ နှင့် နွေရာသီတို့တွင် ကျင်းပ ပြုလုပ်လေ့ရှိကြသည်။

အထူးသဖြင့် တန်ဆောင်တိုင်ပွဲတော်နှင့် ယှဉ်တွဲပြီး တန်ဆောင်မုန်း လပြည့် စသောနေ့တို့၌ ပြုလုပ်လေ့ရှိကြသကဲ့သို့ တပို့တွဲ၊ တပေါင်း၊ တန်ခူး စသော လတို့၌လည်း ဘုရားပွဲတော်များအပြီးမှာ ဆွမ်းတော်ကြီး လောင်းလှူပွဲများကို ကျင်းပပြုလုပ်လေ့ ရှိကြပါသည်။

ထို ဆွမ်းတော်ကြီး လောင်းလှူပွဲများတွင် မြို့တွင်းရှိ ကျောင်း ပေါင်းစုံမှ ရဟန်းတော်များအား တစ်ရာဖြစ်စေ၊ ငါးရာဖြစ်စေ၊ တစ်ထောင် ဖြစ်စေ ပင့်ဖိတ်၍ ဆွမ်းတော်ကြီးလောင်းလှူပွဲကို ကျင်းပပြုလုပ်လေ့ ရှိကြသည်။ လောင်းလှူကြသည့်အချိန်မှာ အများအားဖြင့် မွန်းလွဲပိုင်းတွင် ဖြစ်သည်။ ထိုဆွမ်းတော်ကြီး လောင်းလှူပွဲများတွင် ရန်ကုန်မြို့၊ ကမ္ဘာအေး ဆွမ်းတော်ကြီး လောင်းလှူပွဲကြီးမှာ သံဃာတော်တစ်ထောင်ကျော်အား

လောင်းလှူသောပွဲဖြစ်၍ ထင်ရှားသော ဆွမ်းတော်ကြီးလောင်းလှူပွဲတစ်ပွဲဖြစ်သည်။

ထိုဆွမ်းတော်ကြီး လောင်းလှူပွဲများ၌ လှူဒါန်းကြသည့် လှူဖွယ်ဝတ္ထုပစ္စည်းစုမှာ ဆီ၊ ဆန်၊ ဆား၊ ဆေး၊ သစ်သီး၊ မုန့် စသော စားဖွယ်များ၊ ဖျော်ရည်စသော စားသောက်ဖွယ်များ၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ မီးခြစ်၊ ကော်ပီစာအုပ်၊ ခဲတံမှစ၍ လက်ကိုင်ပဝါ၊ လက်သုတ်ပဝါ၊ မျက်နှာသုတ်ပဝါ၊ သင်္ကန်း၊ ထီး၊ ဖိနပ် ပစ္စည်းအမျိုးစုံလှပေသည်။

## အလှူပွဲများ၌ သတိထားစရာ

ဤနေရာ၌ ဆွမ်းတော်ကြီးလောင်းလှူပွဲစသော အလှူပွဲများတွင် လှူဒါန်းကြသည့် ဒါနမိတ်ဆွေများအား သာသနာပြု စိတ်ဓာတ်ဖြင့် အထူး သတိပေးလိုပေသည်။ ဒါနမိတ်ဆွေများ လှူဒါန်းကြသည့် ဆွမ်းတော်ကြီး လောင်းလှူပွဲသည် ပုဂ္ဂိုလ်ခွဲမထားဘဲ သံဃာကိုသာ ရည်မှန်းလှူဒါန်းသည့် သံဃိကဒါနမျိုးဖြစ်၍ ဒါနထဲတွင် ထိပ်တန်းဒါန ဖြစ်သည်။

ကျွန်ုပ်တို့ဒါနရှင်များမှာ အများအားဖြင့် မိမိတို့၏ လှူဖွယ်ဝတ္ထုပစ္စည်းစုတို့ကို အလှူခံပုဂ္ဂိုလ်၏ လက်ထဲသို့ အရောက် ဆက်ကပ်လိုကြသည်။ ဤသို့ ဆက်ကပ်လိုက်ရမှလည်း စိတ်ကျေနပ်ကြသည်။ အားရကြသည်။ သို့သော် သံဃာတော်များမှာ ပစ္စည်းတိုင်းကို သပိတ်ထဲအရောက်၊ လက်ထဲအရောက် အကပ်ခံ ကောင်းကြသည်မဟုတ်၊ တချို့သော ဝတ္ထုပစ္စည်းများကို ဘုရားရှင် ပညတ်တော်မူချက်အရ အကပ်မခံကောင်းပါချေ။ ထိုအချက်များကို ဗုဒ္ဓဘာသာဝင် အလှူရှင်တိုင်း အထိုက်အလျောက် သိရှိနားလည်ထားကြရန်လိုပါသည်။

ယခု လှူဒါန်းနေကြရာ၌ အများအားဖြင့် အလှူရှင်များဘက်ကလည်း ဘုရားရှင်၏ပညတ်ချက် ဝိနည်းဘက်၌ ဗဟုသုတနည်းကြသဖြင့် သပိတ်ထဲ၊ လက်ထဲများသို့ တိုက်ရိုက်မလောင်းရ၊ မထည့်ရသည့် ပစ္စည်းများကို လောင်းနေကြ၊ ထည့်နေကြသည်။ ရဟန်းတော်များဘက်ကလည်း မကပ်မခံကောင်းသည်ကို သိလျက် အလှူရှင်များအား ငဲ့ညှာအားနာနေ

ကြသဖြင့် ခံယူနေကြရ၏။ ဤသို့အားဖြင့် ရဟန်းတော်များမှာ အာပတ် မသင့်ရောက်သင့်ကြဘဲ သင့်ရောက်ကြရသည်။ ဘုရားရှင်၏ ပညတ်တော် မူချက်များကို မလွန်ကျူးလိုဘဲ လွန်ကျူးနေကြရသည်။

## ရွှေငွေပစ္စည်း လှူဒါန်းပုံ

အမှန်အားဖြင့် ရွှေငွေပစ္စည်းတို့ကို အိတ်ဖြင့်ထည့်၍ဖြစ်စေ၊ တစ်စုံ တစ်ခုဖြင့် ထုပ်၍ဖြစ်စေ ရဟန်းတော်များ၏ လက်ထဲသို့၊ သို့မဟုတ် သပိတ်စသည် အရာဝတ္ထုတစ်ခုခုထဲသို့ မည်သည့်အခါမျှ မလောင်း မလှူ ကောင်းပေ။

ဤကဲ့သို့ လောင်းလှူလျှင် အလှူခံ ရဟန်းတော်များမှာ ခံယူသည့် အတွက် နိဿဂ္ဂိယပါစိတ် အာပတ်နှင့် ရွှေငွေကို ကိုင်ခြင်းအတွက် ဒုက္ကဋ် အာပတ်များ သင့်ရောက်ကြရပေသည်။ နိဿဂ္ဂိယပါစိတ် အာပတ်ဆိုသည် မှာ ခံယူသည့်ပစ္စည်းများကို သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့တွင် သက်ဆိုင်ရာ တစ်မျိုးမျိုးထံ စွန့်ပြီးမှ ဒေသနာကြားရသည့် ပါစိတ် အာပတ်မျိုး ဖြစ်သည်။

ဤသို့ဆိုသဖြင့် ရွှေငွေကို မလှူဒါန်းရဟု မဆိုလိုပါ။ အပ်စပ်သော၊ ဝါ သံဃာတော်များ အာပတ်မှ လွတ်သော လှူဒါန်းနည်းဖြင့် လှူဒါန်း နိုင်ပါသည်။ ထိုလှူဒါန်းနည်းမှာ မိမိလှူဒါန်းသော ရွှေငွေ တန်ဖိုးအလိုက် 'အရှင်ဘုရား၊ တပည့်တော်ထံမှ ငါးကျပ်တန်၊ သို့မဟုတ် တစ်ဆယ်တန်၊ တစ်ရာတန်၊ တစ်ထောင်တန် အပ်စပ်တဲ့ ပစ္စည်းလေးပါးကို အလှူခံတော် မူပါ။ ကပ္ပိယညွှန်းတော်မူပါ။ သို့မဟုတ် လုံခြုံရာအရပ်ကို ညွှန်ပြတော် မူပါ' ဟု လျှောက်ထား၍ ရဟန်းတော်ညွှန်ပြသည့် ကပ္ပိယကာရကထံ အပ်နှံလှူဒါန်းလိုက်ရသည်။

ဤသို့ လှူဒါန်းမှသာ သံဃာတော်များမှာ ရွှေငွေနှင့်စပ်သည့် အာပတ်များမှ လွတ်နိုင်ခွင့်ရှိပေသည်။ ကျွန်ုပ်တို့ ဒါန မိတ်ဆွေများ၏ လှူဒါန်းမှုကြောင့် အလှူခံဆရာတော် သံဃာတော်များမှာ အာပတ်အပြစ် များ မဖြစ်သင့်ကြချေ။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် အလှူရှင်များသည် ဆွမ်းတော်ကြီး လောင်းလှူပွဲဖြစ်စေ၊ ရဟန်းခံ သိမ်ဆင်းလောင်း လှူကြရာ၌ဖြစ်စေ ရွှေ ငွေ ပစ္စည်းတို့ကို သံဃာတော်များ အာပတ်လွတ်သည့် လှူဒါန်းနည်းဖြင့် လှူဒါန်းတတ်အောင် ကြိုးစားသင့်ကြပါသည်။

**ကာလိက လေးပါး**

ထို့ပြင် သံဃာတော်များမှာ စားရေးသောက်ရေးနှင့် ပတ်သက်၍ ဘုရားရှင် ခွင့်ပြုထားသည့် ကာလိက လေးပါးရှိသည်။ ကာလိက ဆိုသည်မှာ ဆိုင်ရာကာလအပိုင်းအခြားအတွင်း၌သာ စားကောင်းသောက် ကောင်းသော စားဖွယ်၊ သောက်ဖွယ်၊ လျက်ဖွယ်တို့ဖြစ်သည်။ ထိုကာလိက များမှာ -

၁။ ယာဝ ကာလိက၊

၂။ ယာမ ကာလိက၊

၃။ သတ္တာဟ ကာလိက၊

၄။ ယာဝဇီဝိက

တို့ဖြစ်သည်။

ထိုလေးပါးတွင် ယာဝကာလိက ဆိုသည်မှာ နံနက် အရုဏ် တက်ချိန်မှစ၍ မွန်းတည့်ချိန်အတွင်း၌သာ အကပ်ခံကောင်း၊ ဘုဉ်းပေး သုံးဆောင်ကောင်းသော စားဖွယ်ခဲဖွယ်များ ဖြစ်သည်။ ဥပမာ-ဆွမ်း၊ ဆွမ်းဟင်း၊ မုန့် စသည်တို့ကဲ့သို့ အာဟာရကိစ္စကို ပြီးစေနိုင်သည့် စားဖွယ် ခဲဖွယ်များဖြစ်သည်။ ရဟန်းတော်များမှာ ဤစားဖွယ် ခဲဖွယ်များကို မွန်း မလွဲမီအချိန်အတွင်း၌သာ အကပ်ခံကောင်း၊ ဘုဉ်းပေးကောင်းကြသည်။ မွန်းလွဲချိန်၌ အကပ်ခံလျှင် ဒုက္ကဋ်အာပတ်သင့်၍ ဘုဉ်းပေးသုံးဆောင်လျှင် ပါစိတ်အာပတ်သင့်သည်။ -

ယာမကာလိကကား အထူးသဖြင့် မွန်းတည့်ချိန်မှစ၍ အရုဏ် မတက်မီ နေ့၏ နောက်ဆုံးမိုးသောက်ယံ အတွင်း၌ အကြောင်းရှိက သောက်နိုင်ခွင့်ရှိသော အဖျော်ယမကာများဖြစ်သည်။ ဥပမာ-သပြေသီး

ဖျော်ရည်၊ သရက်သီးဖျော်ရည်၊ လိမ္မော်ရည်၊ ကြံရည် စသောအဖျော်ယမကာများ ဖြစ်သည်။ ထိုအဖျော်ယမကာများကို ဆာလောင်သည့် အကြောင်းကြောင့်သာ အကပ်ခံ၍ သောက်ကောင်းသည်။

သတ္တာဟကာလိကဆိုသည်မှာ တစ်ကြိမ် အကပ်ခံထားလျှင် ခုနစ်ရက်အတွင်း နောက်ထပ်အကပ်မခံဘဲ အချိန်မရွေး ဘုဉ်းပေးသုံးဆောင်ကောင်းသော ဆေးများဖြစ်သည်။ ဥပမာ–ထောပတ်၊ ဆီ၊ ပျားရည်၊ တင်လဲ စသော ဆေးများဖြစ်သည်။ ထိုဆေးများကို မကျန်းမာသည့် အကြောင်းတို့ကြောင့်သာ အချိန်မရွေး ဘုဉ်းပေး သုံးဆောင်ကောင်းသည်။

ယာဝဇီဝိကဆိုသည်မှာ မကျန်းမာသည့်အတွက် အချိန်မရွေး အသက်ထက်ဆုံး ဘုဉ်းပေးသုံးဆောင်ကောင်းသည့် ဆေးနှင့် ဆား၊ ငရုတ်၊ ပိတ်ချင်း၊ ချင်း စသော ဆေးပစ္စည်းတို့ဖြစ်သည်။ ထိုဆေးနှင့်ဆေး ပစ္စည်းတို့ကို ဆာလောင်ခြင်း သက်သက်ကြောင့် မဘုဉ်းပေးကောင်း၊ မကျန်းမာသည့် အကြောင်းရှိမှသာ ဘုဉ်းပေးသုံးဆောင် ကောင်းသည်။ ဤယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝိက သုံးမျိုးတို့ကို ဆိုခဲ့ပြီးသည့် အကြောင်းမရှိဘဲ အာဟာရသက်သက်အတွက်ဖြင့် အကပ်ခံ၍ မဘုဉ်းပေး မသုံးဆောင်ကောင်းချေ၊ အကပ်ခံလျှင်သော်လည်းကောင်း၊ ဘုဉ်းပေးလျှင်သော်လည်းကောင်း ဒုက္ကဋ်အာပတ်သင့်ပေသည်။

ယခုခေတ် ဆွမ်းတော်ကြီးလောင်းလှူပွဲများ၌ အလှူရှင်များသည် ဆွမ်းဆန်စိမ်းစသော စားဖွယ်၊ ခဲဖွယ် ယာဝကာလိက ပစ္စည်းများကို သံဃာတော်များ သပိတ်ထဲသို့ တိုက်ရိုက်လောင်းသည့် လှူဒါန်းနေကြသည်ကို နေရာတိုင်း၌ တွေ့နေရပေသည်။

ဆပ်ပြာ၊ ဖယောင်းတိုင်၊ မီးခြစ်၊ ခဲတံ၊ ဗလာစာအုပ် စသည် အသုံးအဆောင်ပစ္စည်းများကို အချိန်မရွေး တိုက်ရိုက်ကပ်နိုင်ခွင့် ရှိကြသော်လည်း မွန်းလွဲချိန်တွင် ဤ ယာဝကာ လိက စသောပစ္စည်းများကို သံဃာတော်များ လက်ထဲအရောက် တိုက်ရိုက် မကပ်လှူကောင်းပေ။ သံဃာတော်များမှာ ထိုပစ္စည်းများကို မွန်းလွဲချိန်တွင် အကပ်ခံခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်ရောက်ကြရပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မိမိတို့ ကောင်းမှု ကုသိုလ်ပြုကြရာတွင် ရဟန်းတော်များအား မကောင်းမှု အကုသိုလ် အာပတ်များ မဖြစ်ပွားရလေအောင် ဆွမ်းတော်ကြီး လောင်းလှူပွဲကို ကြီးမှူးကျင်းပ ပြုလုပ်ကြသည့် ဆရာတော်များနှင့် ဗုဒ္ဓဘာသာဝင်လူကြီး များက ပညာပေးပြုပြင်သွားကြရန် အထူးလိုအပ်နေပေပြီ။

ဆွမ်းတော်ကြီး လောင်းလှူပွဲများ၌သာမဟုတ်၊ အခြားလှူဒါန်းမှု ဆိုင်ရာ နေရာဌာနတိုင်း၌လည်း မွန်းလွဲချိန်တွင် စားဖွယ်သောက်ဖွယ် ပစ္စည်းများကို သံဃာတော်များ လက်ထဲအရောက် မကပ်မိကြဖို့ အထူး သတိပြုရန် လိုပေသည်။

## ဆွမ်းတော်ကြီး လောင်းလှူရကျိုး

ဤဆွမ်းတော်ကြီးလောင်းလှူခြင်း ဒါနကုသိုလ်သည် ပုဂ္ဂိုလ်ကို ရည်ညွှန်းမှုမပြုဘဲ သံဃာတော်များကိုသာ ရည်မှန်း၍ လှူဒါန်းသည့် အလှူမျိုးဖြစ်သောကြောင့် ရှေ့တွင်ဖော်ပြခဲ့ပြီးသော သံဃိကဒါန ခုနစ်မျိုး တွင် နံပါတ် ၃ သံဃိကဒါနမျိုး ဖြစ်ပေသည်။

ဤသံဃိကဒါန၏ အခြား အခြားသော ဒါနများထက် အကျိုး တရားကြီးမားပုံကို ရှေ့ 'သံဃိကဒါန အကျိုးကြီးပုံ' အခန်းတွင် တင်ပြခဲ့ပြီး ပေပြီ။ ဤဒါနသည် ပုဂ္ဂိုလ်စွဲကင်းသဖြင့် အလှူခံပုဂ္ဂိုလ်မှာ ဒုဿီလပင် ဖြစ်စေကာမူ မရေမတွက်နိုင်သော အကျိုးများကို ရရှိနိုင်ပေသည်။

ဝေလာမသုတ်လာ ဒေသနာတော်အရ သံဃိကဒါန အကျိုးကြီး ပုံကို ဖော်ပြရလျှင် 'သာသနာပအခါ၌ အဓောက်ကိုးထွာရှိသော ရွှေခွက်၊ ငွေခွက်၊ ကြေးခွက် ရှစ်သောင်းလေးထောင်စီ၊ ရထား၊ ဆင်၊ နွားမ၊ ပလ္လင်၊ ညောင်စောင်း အခင်း၊ ပုဆိုး၊ အင်္ကျီ၊ ထမင်း၊ အဖျော်၊ စားဖွယ်၊ သောက်ဖွယ် အသွယ်သွယ်တို့ကို ခုနစ်နှစ်၊ ခုနစ်လပတ်လုံး မရေမတွက် နိုင်အောင် လှူဒါန်းသော်လည်း သာသနာတော်အတွင်း၌ သီလဝန္တ အလှူခံပုဂ္ဂိုလ်တစ်ပါးကို ဆွမ်းတစ်ထပ် ကျွေးရခြင်းအကျိုးကို မမီနိုင်၊ ထိုသီလဝန္တ ပုဂ္ဂိုလ်တစ်ရာကို ဆွမ်းကျွေးရသည်ထက် သောတာပန်

တစ်ပါးကို ဆွမ်းကျွေးရသည်က လည်းကောင်း၊ သောတာပန်တစ်ရာ ဆွမ်းကျွေးရသည်ထက် သကဒါဂါမ်ပုဂ္ဂိုလ်တစ်ပါးကို ဆွမ်းကျွေးရခြင်းက လည်းကောင်း၊ သကဒါဂါမ် တစ်ရာထက် အနာဂါမ်ပုဂ္ဂိုလ်တစ်ပါးကို ဆွမ်းကျွေးရခြင်းက လည်းကောင်း၊ အနာဂါမ်တစ်ရာထက် ရဟန္တာပုဂ္ဂိုလ်တစ်ပါးကို ဆွမ်းကျွေးရခြင်းကလည်းကောင်း၊ ရဟန္တာတစ်ရာထက် ပစ္စေကဗုဒ္ဓါတစ်ဆူကို ဆွမ်းကျွေးရခြင်းက လည်းကောင်း၊ ပစ္စေကဗုဒ္ဓါထက် သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကို ဆွမ်းကျွေးရခြင်းကလည်းကောင်း၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကို ဆွမ်းကျွေးရခြင်းထက် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကျွေးရခြင်းကလည်းကောင်း သာလွန်၍ အကျိုးရှိသည်၊ မြတ်သည်' စသည်ဖြင့် ဟောတော်မူထားပေသည်။

ဤဒေသနာတော်လာသည့်အတိုင်း ဆွမ်းတော်ကြီးလောင်းလှူပွဲများသည် သံဃိကဒါနမျိုးဖြစ်၍ ကြီးကျယ် မြင့်မြတ်သောအကျိုးကို ပေးမည်ကား ဧကန်အမှန် ဖြစ်သည်။ သို့သော် ဒါန၏သဘောအရ စေတနာအင်အားကိုလိုက်၍ လှူဒါန်းသော ပစ္စည်းအမျိုးအစားအလိုက် ထိုက်တန်သော အကျိုးကို ရရှိခံစားကြရမည် ဖြစ်သည်။ ဥပမာ–ဤဆွမ်းတော်ကြီး လောင်းလှူပွဲ၌ ကျန်းမာရေးကို အထောက်အကူပြုသော ဆေးနှင့် ဆေးပစ္စည်းတို့ကို လှူဒါန်းပါက ပစ္စည်းဥစ္စာ ချမ်းသာမည့်အပြင် အလွန်ကျန်းမာမည်၊ အသက်ရှည်မည် စသည်တို့ဖြစ်ပေသည်။

ဤနေရာ၌ ဝဋ္ဋိတိုင်း၊ ဆင်ရှာသား ဥဂ္ဂသူကြွယ်၏ စိတ်စေတနာထားနည်းကို အတုယူသင့်ကြပေသည်။ ဥဂ္ဂသူကြွယ်သား ပင့်ဖိတ်ခဲ့စဉ်က သံဃာတော်ကို ပင့်ဖိတ်ခဲ့သည့်အတိုင်း ရဟန္တာကြီးများအား လှူဒါန်းရသည့် အခါမှာလည်း ရဟန္တာကြီးများ၏မျက်နှာကို မကြည့်၊ ရဟန္တာပုဂ္ဂိုလ်ကြီးများကို ငါလှူရသည်ဟု အမှတ်မထား၊ ဘုရားတပည့်သား သံဃာတော်အား ငါလှူသည်ဟူ၍သာ သဘောထားသည်။

သီလမရှိသူ ဒုဿီလ ရဟန်းအား လှူဒါန်းရသည့်အခါမှာလည်း ဒုဿီလပုဂ္ဂိုလ်၏ မျက်နှာကို မကြည့်၊ ငါသည် ဒုဿီလပုဂ္ဂိုလ်အား လှူဒါန်းရသည်ဟု သဘောမထား၊ 'ဘုရားတပည့်သားသံဃာတော်အား

ငါလှူသည်' ဟု သဘောထားသည်။ ဤသို့ အညီအမျှ သံဃာတော်ဟု အာရုံထားနိုင်မှ သံဃိကဒါနဖြစ်သည်။

ထို့ကြောင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ စသည်တို့၌ မိမိသိထား ကြည်ညိုထားသော သံဃာတော် ပါဝင်စေကာမူ ထိုသံဃာတော်အား လောင်းလှူသည့်အခါတွင် တို့ကိုးကွယ်တဲ့ကိုယ်တော်ပဲဟု ပုဂ္ဂိုလ်စွဲခြင်း၊ ပုဂ္ဂိုလ်မျက်နှာကြည့်ခြင်းတို့ကို လုံးဝဖယ်ရှား၍ ဥဂ္ဂသူကြွယ်ကဲ့သို့ 'ဘုရား တပည့်သား သံဃာတော်များအား ငါလှူသည်' ဟူသော စိတ်သဘော ထားမျိုး ထားနိုင်အောင် ကြိုးစားအားထုတ်ကြရပေမည်။ ဤစိတ်သဘော ထားမျိုး ထားနိုင်ပါမှလည်း သံဃိကဒါနမြောက်နိုင်၍ ကြီးကျယ်မြင့်သည့် အကျိုးတရားများကို ခံစားကြရမည်ဖြစ်ပေသည်။

❒

## စတုဒိသာကျွေးပွဲနှင့် နိဗ္ဗာန်ဈေး အလှူပွဲ

### ကုသိုလ်များစွာ ပြုလုပ်ပါ

ကျွန်ုပ်တို့ ကိုးကွယ်သော သုံးလောကထွတ်တင် မြတ်ဗုဒ္ဓဘုရားရှင်သည် လူ နတ် ဗြဟ္မာသတ္တဝါတို့အား ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားများကို ပွားများအားထုတ်ပြုလုပ်ကြရန် ထိုထိုသုတ္တန်များ၌ ဟောကြားတော်မူခဲ့ပါသည်။

တိကအင်္ဂုတ္တရပါဠိတော် ပုညကိရိယ ဝတ္ထုသုတ်၌ 'ရဟန်းတို့၊ ပုညကိရိယဝတ္ထုတို့သည် ဒါနမယပုညကိရိယ ဝတ္ထု၊ သီလမယပုည ကိရိယဝတ္ထု၊ ဘာဝနာမယ ပုည ကိရိယဝတ္ထု ဟူ၍ သုံးပါးရှိကုန်၏' ဟု ဟောကြားတော်မူပြီး ဣတိဝုတ်ပါဠိတော် မေတ္တာသုတ်၌ 'ရဟန်းတို့၊ ပုညကိရိယာကုသိုလ်တို့ကို ပြုလုပ်ကြရန် မကြောက်ကြကုန်လင့်၊ ပုညကိရိယာ ကုသိုလ်ဟူသော အမည်သည် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့၏ အမည်ပေတည်း' ဟု ဟောကြားတော်မူခဲ့ပေသည်။

သဂါထာ ဝဂ္ဂသံယုတ် ပါဠိတော် ထေရီသုတ်၌လည်း 'အကြင်သူတို့သည် ယုံကြည်၍ ကြည်ညိုသောစိတ်ဖြင့် ထိုနတ်လူတို့ တောင့်တသည့်ထမင်းကို ပေးလှူကုန်၏။ ထိုသူတို့အား ထိုပေးလှူသော ထမင်းသည်သာလျှင် ဤလောက၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ထိုပေးလှူသူတို့သို့ အစဉ်လိုက်၏'

ထို့ကြောင့် ဝန်တိုခြင်းကို ပယ်ဖျောက်၍ ဝန်တိုခြင်းဟူသော အညစ်အကြေးကို နှိမ်နင်းလျက် အလှူကို ပေးလှူရာ၏။ ထိုကောင်းမှု ကုသိုလ်ဟူသော ပုညကိရိယာဝတ္ထုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏ ထောက်ရာတည်ရာဖြစ်ကုန်၏ဟု ဟောကြားထားပါသည်။

ဤဒေသနာတော်များ၌ ပုညကိရိယဝတ္ထု ဆိုသည်မှာ အကျိုးတရားတို့၏ တည်ရာ ဖြစ်၍ ဧကန်အမှန် ပြုလုပ်သင့်ပြုလုပ်ထိုက်သော ဒါန၊ သီလ၊ ဘာဝနာ ဆိုသည့် ကောင်းမှုကုသိုလ်ဟု အဓိပ္ပာယ်ရသည်။ (ပုည=ကောင်းမှုကုသိုလ်+ကိရိယ=ပြုလုပ်သင့် ပြုလုပ်ထိုက်သော+ဝတ္ထု= အကျိုးတရားတို့၏ တည်ရာ)။

ထို့ပြင် ခုဒ္ဒကပါဌ ပါဠိတော် နိဓိကဏ္ဍသုတ်၌လည်း –

'မိန်းမ ယောကျ်ား မည်သူမဆို ဒါန၊ သီလ၊ သမာဓိ၊ ပညာဟူသော ကုသိုလ်ရွှေအိုးကို မြှုပ်နှံသင့်ကြသည်။ ကုသိုလ်ရွှေအိုးသည် ပကတိ ရွှေအိုးနှင့်မတူ၊ ခိုးသူတို့မယူဆောင်နိုင်၊ ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်၍ ကိုယ်ပိုင်ဥစ္စာ ကိုယ့်နောက်ပါသည့် အနုဂါမိက ရွှေအိုးကြီးဖြစ်သည်။

ထို့ကြောင့် ပညာရှိသည် ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုတို့ကို အားထုတ်ပြုလုပ်ကြကုန်လော။ ထိုကုသိုလ် ရွှေအိုးသည် နတ်လူတို့အား လိုရာတို့ကို ပေးစွမ်းနိုင်သည့် သဗ္ဗကာမဒဒ (လိုရာ ပေးနိုင်သော) ဣစ္ဆာသယ ရွှေအိုးကြီး ဖြစ်သည်'

ဟု ဟောကြားတော်မူထားသည်ကို လေ့လာဖတ်ရှုရပေသည်။

ဤ စတုဒိသာကျွေးပွဲနှင့် နိဗ္ဗာန်ဈေးအလှူပွဲများကား ရှင်တော်ဗုဒ္ဓက ပြုလုပ်ရမည်ဟု ညွှန်ကြားတော်မူခဲ့သည့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မျိုးတွင် ဒါနကုသိုလ်ကို အကြောင်းပြု၍ ကျင်းပပြုလုပ်သည့် ပွဲများဖြစ်သောကြောင့် ဗုဒ္ဓယဉ်ကျေးမှုပွဲများပင် ဖြစ်ပါသည်။

## စတုဒိသာကျွေးပွဲ

စတုဒိသာဆိုသည်မှာ အရပ်လေးမျက်နှာဟု အဓိပ္ပာယ်ရသည်။ အရပ်လေးမျက်နှာမှ ရောက်လာကြသည့် အလှူခံပုဂ္ဂိုလ်များကို ကျွေးမွေး

လှူဒါန်းသောပွဲကို စတုဒိသာကျွေးပွဲဟု ခေါ်သည်။ ဤစတုဒိသာ အလှူပွဲသည် ယခုခေတ်မှ ပေါ်လာသည့် ပွဲမဟုတ်၊ ရှင်တော်ဗုဒ္ဓ ပွင့်တော်မမူမီကပင် ရှိခဲ့သောပွဲ ဖြစ်ပါသည်။

မှန်ပါသည်၊ တစ်ချိန်က သေရီမည်သော မင်းတစ်ပါး ရှိခဲ့ဖူးပါသည်။ ထိုမင်းကြီး စိုးမိုးအုပ်ချုပ် မင်းလုပ်သည့်နိုင်ငံမှာ သိန္ဓဝနိုင်ငံနှင့် သောဝိဝါကနိုင်ငံ နှစ်နိုင်ငံတို့ဖြစ်သည်။ မြို့တော်၏ အမည်မှာ ရောရုဝဖြစ်၏။ ထိုမြို့တော်၏ အရပ်လေးမျက်နှာရှိ မြို့တံခါးလေးခုတို့တွင် တစ်ခုတစ်ခုလျှင် တစ်နေ့ အသပြာတစ်သိန်းစီ အခွန်အတုတ်များ ရရှိသည်။ မြို့ထဲရှိ တရားဆုံးဖြတ်ရာ တရားရေးရာဌာနမှ အသပြာ တစ်သိန်း ရရှိသည်။

မင်းကြီးသည် ဤမျှလောက်များပြားလှသည့် ရွှေငွေပစ္စည်းဥစ္စာရတနာအစုအပုံများကို တွေ့ရသည့်အခါ 'ငါသည် ဤရွှေငွေပစ္စည်းဥစ္စာများကို ပေးကမ်းလှူဒါန်းရလျှင် ကောင်းအကျိုးရှိမည်' ဟူသော ကမ္မဿကတာ အသိဉာဏ် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် မြို့တံခါးလေးခုတို့၌ အလှူဇရပ်ကြီးများကို ဆောက်လုပ်စေပြီး မြို့တံခါးလေးခုတို့မှ ဖြစ်ပေါ်လာသည့် ရွှေငွေရတနာ ပစ္စည်းဥစ္စာများကို အမတ်ကြီးများခန့်ကာ အရပ်လေးမျက်နှာမှ ရောက်လာကြသည့် ရဟန်း၊ ပုဏ္ဏား၊ ဆင်းရဲသား၊ ခရီးသွား၊ ဖုန်းတောင်းယာစကာများအား ပေးကမ်းလှူဒါန်းစေပါသည်။

ထိုအခါ မိဖုရားမောင်းမမိဿံများက –

"အရှင်မင်းကြီး၊ အရှင်မင်းကြီးသာ အလှူကို ပေးလှူနေပါ၏၊ အကျွန်ုပ်တို့ မပေးလှူကြရပါ၊ အရှင်မင်းကြီးကို အမှီပြု၍ အလှူပေးလှူချင်ပါသည်၊ ကောင်းမှုကုသိုလ် ပြုလိုပါသည်"

ဟု တောင်းဆိုလာကြသည်။

ထိုအခါ မင်းကြီးသည် မိဖုရား မောင်းမမိဿံအပေါင်းအား ပထမတံခါး၌ ပေးလှူခွင့်ကို ပြုလိုက်ရသည်။ မိဖုရား မောင်းမမိဿံတို့သည် ပထမတံခါး၌ လှူဒါန်းပေးကမ်းခွင့်ကို ရကြသည့်အခါ မင်းကြီး၏ အမတ်များအစား မိမိအမတ်တို့ကိုခန့်ထား၍ ထိုပထမတံခါးမှရသော အသပြာ

တစ်သိန်းအပြင် မိမိတို့ပိုင်ဥစ္စာပစ္စည်းတို့ကိုပါ ထည့်လျက် မင်းကြီး အလှူထက် ကြီးကျယ်သောအလှူကို ပေးလှူကြ၏။

ထို့အတူ နောက်လိုက်လက်အောက်ခံ မင်းတို့ကလည်းကောင်း၊ ဗိုလ်ပါအပေါင်းတို့ကလည်းကောင်း၊ ပုဏ္ဏား သူကြွယ်တို့ကလည်းကောင်း မင်းကြီးအား တောင်းဆိုလာကြပြန်သဖြင့် ထိုသူတို့အား ဒုတိယတံခါး၊ တတိယတံခါးနှင့်စတုတ္ထတံခါးတို့၌ အသီးသီးလှူဒါန်းခွင့်ကို ပေးလိုက်ရပါသည်။ ထိုအခါ မင်းကြီးမှာ လှူဒါန်းဖို့ရာ မရှိတော့သဖြင့် မင်းမှုထမ်းများအား –

"အမောင်တို့ ပြည်ပပြည်နယ်များမှ ရရှိကြသည့် အခွန်အတုတ် ဥစ္စာပစ္စည်းများကို နှစ်ပုံပုံပြီး တစ်ပုံကိုသာ နန်းတော်သို့သွင်း၍ တစ်ပုံကို ထိုအရပ်၌ပင် ရဟန်း၊ ပုဏ္ဏား စသော ပုဂ္ဂိုလ်တို့အား ပေးလှူကြပါ"

ဟု အမိန့်ပေး၏။

ဤနည်းအတိုင်း သေရီမင်းကြီးသည် အနှစ်ရှစ်သောင်းတိုင်တိုင် ပေးလှူခဲ့ဖူးပေသည်ဟု သင်္ဂါထာဝဂ္ဂ၊ ဒေဝပုတ္တသံယုတ် ထေရီသုတ်၌ ရှင်တော်ဘုရား ဟောကြားထားပါသည်။

ထိုကဲ့သို့ ဗုဒ္ဓမြတ်စွာ မပွင့်မီအခါကပင် မင်းနှင့်ပြည်သူတို့သည် စတုဒိသာအလှူပွဲကို အချိန်ကာလ သတ်မှတ်ပိုင်းခြားခြင်းမပြုဘဲ နေ့စဉ် လှူဒါန်းခဲ့ကြသည်ကို ထိုထိုသုတ္တန်တို့၌ တွေ့ရှိရပေသည်။

မြန်မာနိုင်ငံသို့ သာသနာရောက်လာသည့်အခါ ရှေးမြန်မာကြီးတို့သည် ရှေးသူတော်ကောင်းတို့ ပြုလုပ်ခဲ့ကြသည့် စတုဒိသာအလှူပွဲများကို နည်းယူ၍၊ ဤစတုဒိသာကျွေးပွဲကို ဆင်နွှဲကျင်းပ၍ ကုသိုလ်ယူကြခြင်းဖြစ်ပေသည်။ ယခုမျက်မှောက်ခေတ်၌ စတုဒိသာကျွေးပွဲများကို မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ ကျင်းပပြုလုပ်လျက် ရှိနေကြပေပြီ။

မြန်မာလူမျိုးတို့သည် 'တစ်ပဲရလို့ တစ်မူးလှူ တို့များတောင်သူ တူနိုင်ရိုးလား' ဆိုသကဲ့သို့ အပေးအကျွေးတို့၌ လွန်စွာရက်ရောလှ ရှိကြသည်။ စတုဒိသာကျွေးပွဲကား အရပ်လေးမျက်နှာမှ ရောက်လာကြသူများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ အတန်းအစားမရွေး၊ ပုဂ္ဂိုလ်မရွေး

မကုန်နိုင် မခန်းနိုင် အဝကျွေးမွေးသည့်ကျွေးမွေးပွဲကြီး ဖြစ်သည်။ ဤစတုဒိသာကျွေးပွဲသည် အကျွေးအမွေး၌ လွန်စွာ ရက်ရောသည့် မြန်မာတို့၏ စိတ်စေတနာနှင့် အလွန်လိုက်လျောအံဝင်လျက် ရှိပေသည်။

မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ဤစတုဒိသာအလှူပွဲကို လ ရက် သတ်မှတ်၍ သီးခြားပွဲတစ်ပွဲအနေဖြင့် ကျင်းပပြုလုပ်ခြင်း အလွန်နည်းပါးလှသည်။ အများအားဖြင့် ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲ၊ သင်္ကြန်ပွဲ၊ ကထိန်ပွဲ စသော ဘာသာရေးပွဲတော်များ ဆင်ယင်ကျင်းပသည့်အခါ မဏ္ဍပ်ကြီးများ ထိုး၍ ထမင်း၊ မုန့်ဟင်းခါး၊ ကောက်ညှင်းပေါင်း၊ မုန့်လုံးရေပေါ်၊ ဖျော်ရည်၊ ရေခဲရည် စသည့်စားဖွယ်သောက်ဖွယ်များကို အရပ်လေးမျက်နှာမှ ရောက်လာကြသည့် ဧည့်ပရိသတ်တို့အား တဝကြီး ကျွေးမွေးလှူဒါန်းကြသည်။

အမှန်အားဖြင့် ဤစတုဒိသာအလှူပွဲကား တစ်ဦးတည်းဖြစ်စေ၊ စေတနာရှင်အများစုပေါင်း၍ဖြစ်စေ မိမိတို့နှစ်သက်ရာ စားဖွယ် သောက်ဖွယ်တစ်မျိုးမျိုးကို အဝတိုက်ကျွေး၍ မည်သူမဆို ဝင်ရောက်စားသောက်နိုင်သော အလှူပွဲမျိုး ဖြစ်ပေသည်။

## နိဗ္ဗာန်ဈေး အလှူပွဲ

နိဗ္ဗာန်ဈေးဆိုသည်မှာ နိဗ္ဗာန်သို့ ပို့ဆောင်ပေးနိုင်သော ဈေး (ဝါ) နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော ဈေးဟု ဆိုလိုပါသည်။ နိဗ္ဗာန်ဈေးဟူသော ဝေါဟာရ၌ နိဗ္ဗာန်ဟူသော ပုဒ်အကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်းလိုလို အကျဉ်းချုပ် နားလည်ကြပြီးဖြစ်သောကြောင့် ဤနေရာ၌ အဓိပ္ပာယ်ရှင်းလင်းမပြတော့ဘဲ ချန်လှပ်ထားခဲ့ပါသည်။

ဈေးဆိုသည်မှာ ဆိုင်များတည်ခင်း၍ ပစ္စည်းအမျိုးမျိုးတို့ကို ရောင်းချသောနေရာဖြစ်သည်ကို စာရှုသူများ သိကြပြီးဖြစ်ပါသည်။ ဤနိဗ္ဗာန်ဈေးဆိုရာ၌ ဈေးကား ပကတိဈေးကဲ့သို့ ပစ္စည်းများကို တည်ခင်း၍ ငွေကြေးများဖြင့် ရောင်းချသည့်ဈေးမျိုးမဟုတ်ပေ။ စားဖွယ်သောက်ဖွယ် ပစ္စည်းများကို အခမဲ့ကျွေးမွေး၊ ပေးကမ်းလှူဒါန်းသည့် ဈေးမျိုးဖြစ်သည်။ ပကတိဈေးပမာ ဆိုင်များတည်ခင်း၍ ကျွေးမွေး ပေးကမ်းလှူဒါန်းသဖြင့်

ပကတိဈေးနှင့် ပုံသဏ္ဍာန်အားဖြင့်တူသောကြောင့် ဈေးဟု တင်စား ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုသော် နိဗ္ဗာန်ဈေးရှိ ဆိုင်များသည် ဆိုင်များ သဖွယ် တည်ခင်းထားသည့် စားဖွယ်သောက်ဖွယ်များကို အရပ်လေး မျက်နှာမှ ရောက်လာကြသူများကို လှူဒါန်းပေးကမ်း ကျွေးမွေးရာတွင် ထိုအလှူခံပုဂ္ဂိုလ်များကို အကြောင်းပြု၍ မိမိတို့သန္တာန်၌ ဒါနစေတနာများ တဖွားဖွားဖြစ်ပေါ်လာခဲ့ပေသည်။

ဆိုလိုသည်မှာ မိမိက အလကား ကျွေးမွေးပေးကမ်း လှူဒါန်း လိုက်သော်လည်း ထိုစားဖွယ်သောက်ဖွယ်ဟူသော လှူဖွယ်ပစ္စည်းဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့ကို အကြောင်းပြု၍ မိမိ၌ ဒါနကုသိုလ်စေတနာများကို အဖိုးအခအဖြစ် ရလိုက်သည်ဟု ဆိုလိုပါသည်။

အလှူခံပုဂ္ဂိုလ်ဟူသော ဈေးဝယ်သူများအား စားဖွယ်သောက်ဖွယ် တို့ကို ကျွေးမွေးခြင်းဟူသော ရောင်းချလိုက်ခြင်းဖြင့် မိမိ၌ အဖိုးအခအဖြစ် နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်စေတနာများကို ရလိုက်၍ ဈေးနှင့်သဘော တူသောကြောင့် နိဗ္ဗာန်ဈေးဟု ခေါ်ခြင်းဖြစ်သည်။

## မိလိန္ဒပဉှာကျမ်းနှင့် နိဗ္ဗာန်ဈေးအလှူပွဲ

ဤနိဗ္ဗာန်ဈေးအလှူပွဲသည် မြန်မာနိုင်ငံတွင် မည်သည့်အကြောင်း အရာကို အစွဲပြု၍ ဖြစ်ပေါ်လာရသနည်း၊ မည်သည့် အချိန်၌ စတင် ပေါ်ပေါက်ခဲ့သနည်းဆိုသည့် မေးခွန်းနှစ်ရပ်၏အဖြေကို သိထားသင့်ကြ ပေသည်။ ထိုမေးခွန်းနှစ်ရပ်အနက် ပထမမေးခွန်း၏ အဖြေကို ဗုဒ္ဓစာပေ များ၌ သုတေသနပြုကြည့်ရာ မိလိန္ဒပဉှာပါဠိတော် အနုမာနပဉှာအခန်း၌ အစအနတွေ့ရှိရပေသည်။

ရှေးဗုဒ္ဓဘာသာဝင် မြန်မာကြီးတို့သည် မိလိန္ဒ ပဉှာပါဠိတော် အနုမာနပဉှာအခန်းလာ အကြောင်းအရာတစ်ရပ်ကို အစွဲပြု၍ ဤနိဗ္ဗာန် ဈေးအလှူပွဲကို တီထွင် ဖန်တီးခဲ့ကြလိမ့်မည်ဟု ယူဆရပေသည်။ မှန်ပါ သည်၊ မိလိန္ဒပဉှာပါဠိတော် အနုမာနပဉှာ (ဘုရားသခင် ရှိကြောင်း မှန်းဆ

၍ သိရပုံပြသနာ) အခန်း၌ အရှင်နာဂသေနမထေရ်က မိလိန္ဒမင်းကြီး အမေးကို ဖြေဆိုရာတွင် –

"မင်းမြတ်... မြတ်စွာဘုရား၏ တရားမြို့တော်ကြီးသည် သီလ ဟူသော တံတိုင်းရှိ၏။ ဟိရိဟူသော ကျုံးမြောင်းရှိ၏။ ဉာဏ်တော်ဟူသော တံခါးမုခ်ရှိ၏။ ဝီရိယဟူသော ပြအိုးရှိ၏။ သဒ္ဓါဟူသော တုရိဏ်းတိုင်ရှိ၏။ သတိဟူသော တံခါးစောင့် ရှိ၏။ ပညာဟူသော ပြာသာဒ်ရှိ၏။ သုတ္တန် ဟူသော လမ်းသွယ်ရှိ၏။ အဘိဓမ္မာဟူသော လမ်းဆုံရှိ၏။ ဝိနည်းဟူသော အဆုံးအဖြတ်မှတ်တိုင် ရှိ၏။ သတိပဋ္ဌာန် ဟူသောလမ်းမရှိ၏။ မင်းမြတ်၊ ထိုတရားမြို့တော်ကြီး၏ သတိပဋ္ဌာန်လမ်းမပေါ်၌ ပန်းဈေးရုံ၊ နံ့သာဈေးရုံ၊ အသီးဈေးရုံ၊ အဆိပ်ဖြေဈေးရုံ၊ ဆေးဈေးရုံ၊ အမြိုက်ရေစင်ဈေးရုံ၊ ရတနာ အမျိုးမျိုးဈေးရုံ၊ ကုန်မျိုးစုံ ဈေးရုံဟူသော ဈေးရုံတို့ကို ဖြန့်ခင်းရောင်းချ အပ်ကုန်၏"

"အရှင်ဘုရား နာဂသေန... ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား၏ ကုန်မျိုးစုံရောင်းသော ဈေးရုံဟူသည် အဘယ်ပါနည်း"

"မင်းမြတ်... မြတ်စွာဘုရား၏ အင်္ဂါကိုးပါးနှင့်ပြည့်စုံသော စကား တော်တို့သည် လည်းကောင်း၊ ကိုယ်တော်စားဖြစ်ကုန်သော ဥဒ္ဒိဿစေတီ၊ ဓာတုစေတီတို့သည်လည်းကောင်း၊ သုံးဆောင်တော်မူရာဖြစ်သော သပိတ်၊ သင်္ကန်းစသည့် ပရိဘောဂစေတီတို့သည်လည်းကောင်း ကုန်မျိုးစုံရောင်း သော ဈေးရုံမည်၏။

မင်းမြတ်... ကုန်မျိုးစုံ ရောင်းသော မြတ်စွာဘုရားသည် ဇာတ်နှင့် ပြည့်စုံမှု=ဇာတိသမ္ပတ္တိဟူသော ကုန်ကိုဖြန့်ခင်းအပ်၏။ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံမှု=ဘောဂသမ္ပတ္တိဟူသော ကုန်ကိုဖြန့်ခင်းအပ်၏။ အသက်ရှည် ခြင်းနှင့် ပြည့်စုံမှု=အာယုသမ္ပတ္တိဟူသော ကုန်ကိုဖြန့်ခင်းအပ်၏။ အနာကင်း ခြင်းနှင့် ပြည့်စုံမှု=အာရောဂျသမ္ပတ္တိ၊ အဆင်းပြည့်စုံမှု=ဝဏ္ဏသမ္ပတ္တိ၊ ပညာနှင့်ပြည့်စုံမှု=ပညာသမ္ပတ္တိ၊ လူ၌ဖြစ်သော ချမ်းသာနှင့် ပြည့်စုံမှု= မာနုသကသမ္ပတ္တိ၊ နတ်၌ဖြစ်သော ချမ်းသာနှင့် ပြည့်စုံမှု=ဒိဗ္ဗသမ္ပတ္တိ၊ နိဗ္ဗာန် ချမ်းသာနှင့်ပြည့်စုံမှု=နိဗ္ဗာနသမ္ပတ္တိ ဟူသော ကုန်တို့ကို ဖြန့်ခင်းအပ်၏။

ထိုဈေးရုံတော်၌ ထိုထိုသမ္ပတ္တိကို အလိုရှိကြသူတို့သည် ကံတည်းဟူသော အဖိုးငွေကို ပေး၍ တောင့်တတိုင်း၊ တောင့်တတိုင်းသော သမ္ပတ္တိကို ဝယ်ယူကြကုန်၏။ အချို့သူတို့သည် သီလဆောက်တည်ခြင်းဖြင့် ဝယ်ယူကြကုန်၏။ အချို့သူတို့သည် ဥပုသ်သီတင်း စောင့်သုံးခြင်းဖြင့် ဝယ်ယူကြကုန်၏။ ကုသိုလ်ကံတည်းဟူသော အဖိုးငွေအတိုင်း ပြည့်စုံမှု သမ္ပတ္တိတို့ကို ရကြကုန်၏။

မင်းမြတ်... ဥပမာသော်ကား အိမ်ဈေးသည် နှမ်း၊ ပဲနောက်၊ ပဲကြီးတို့ကို အနည်းငယ်သော အဖိုးငွေဖြင့် ထောက်၍ ထောက်၍ ဝယ်ယူကုန်၏။ မင်းမြတ်... ဤအတူသာလျှင် မြတ်စွာဘုရား၏ ကုန်မျိုးစုံရောင်းသော ဈေးရုံတော်၌ အနည်းငယ်သော ကုသိုလ်ကံတည်းဟူသော အဖိုးငွေဖြင့်လည်းထောက်၍ ထောက်၍ ပြည့်စုံမှု သမ္ပတ္တိတို့ကိုရကုန်၏။ မင်းမြတ်... ဤသည်ကို 'မြတ်စွာဘုရား၏ ကုန်မျိုးစုံရောင်းသော ဈေးရုံတော်' ဟူ၍ ဆိုအပ်၏။

မြတ်စွာဘုရား၏ ကုန်မျိုးစုံရောင်းသော ဈေးရုံတော်၌ အသက်ရှည်ကြောင်း ကုန်မျိုးစုံသည်လည်းကောင်း၊ အနာကင်းကြောင်း ကုန်မျိုးစုံသည်လည်းကောင်း၊ အဆင်းလှကြောင်း ကုန်မျိုးစုံသည်လည်းကောင်း၊ နတ်ပြည်ရောက်ကြောင်း ကုန်မျိုးစုံသည်လည်းကောင်း၊ အမျိုးမြတ်ကြောင်း ကုန်မျိုးစုံသည်လည်းကောင်း၊ ပြုပြင်စီရင်ခြင်းကင်းသော အမြိုက်နိဗ္ဗာန် ကုန်မျိုးစုံသည်လည်းကောင်း ရှိပေသည်။

နည်းသည်လည်း ဖြစ်သော၊ များသည်လည်း ဖြစ်သော ကံတည်းဟူသော အဖိုးငွေဖြင့် ဝယ်ယူနိုင်၏။ ရဟန်းတို့... သင်တို့သည် သဒ္ဓါဟူသော အဖိုးငွေဖြင့်ဝယ်၍ ကြွယ်ဝချမ်းသာသည် ဖြစ်ကြကုန်လော့..."

ဟု မိလိန္ဒပဥှာပါဠိတော်၌ လာရှိပေသည်။

ဤမိလိန္ဒပဥှာ ပါဠိတော်၌ အနိစ္စသညာစသော အာရုံများကို ပန်းဈေးရုံ၊ သရဏဂုံသီလ၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ စသော သီလများကို နံ့သာဈေးရုံ၊ သောတာပတ္တိဖိုလ် စသော ဖိုလ်လေးပါးနှင့် သုညတ ဖလသမာပတ် စသည်တို့ကို အသီးဈေးရုံ၊ သစ္စာလေးပါး

တရားကို အဆိပ်ဖြေဈေးရုံ၊ သတိပဋ္ဌာန် လေးပါးစသော ဗောဓိပက္ခိယ တရား ၃၇ ပါးကို ဆေးအမျိုးမျိုးဈေးရုံ၊ သီလ သမာဓိ ပညာ ဝိမုတ္တိ ဉာဏဒဿန စသည်တို့ကို ရတနာအမျိုးမျိုးဈေးရုံ၊ ပိဋကတ်သုံးပုံ၊ ရတနာ သုံးပါးနှင့် သံဃာတော်တို့ကို ကုန်မျိုးစုံရောင်းသော ဈေးရုံဟူ၍ တင်စား သုံးနှုန်းထားပေသည်။

ထိုကုန်မျိုးစုံရောင်းသော ဈေးရုံစသည့် ဈေးရုံတော်ကြီးများ၏ ပိုင်ရှင်ကား ဗုဒ္ဓရှင်တော်မြတ်ဘုရား ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် ကုန်မျိုးစုံ ရောင်းသော ဈေးရုံတော်ကြီး၌ ဘဝပြည့်စုံမှု=ဘဝသမ္ပတ္တိ၊ စည်းစိမ် ဥစ္စာနှင့်ပြည့်စုံမှု=ဘောဂသမ္ပတ္တိ၊ နတ်ချမ်းသာနှင့်ပြည့်စုံမှု=ဒိဗ္ဗသမ္ပတ္တိ၊ နိဗ္ဗာန်ချမ်းသာနှင့်ပြည့်စုံမှု=နိဗ္ဗာန သမ္ပတ္တိ စသော ကုန်ပစ္စည်းအမျိုးမျိုး တို့ကို ဖြန့်ခင်းထားသည်။ ထိုကုန်ပစ္စည်းတို့ကို ဝယ်လိုသူသည် ကုသိုလ် ကံတည်းဟူသော အဖိုးငွေဖြင့် ဝယ်ယူနိုင်ကြသည်။ မိမိတို့၏ ကုသိုလ် တန်ဖိုးအလိုက် ထိုက်သင့်သော ကုန်ပစ္စည်းများကို ရနိုင်ကြမည်ဖြစ်သည် ဟု ဟောကြားထားပေသည်။

ဤအကြောင်းအရာကို အစွဲပြု၍ ရှေးမြန်မာ ဗုဒ္ဓဘာသာဝင်များ သည် 'နိဗ္ဗာန်ဈေးအလှူပွဲ' ကို ဖန်တီးခဲ့ကြခြင်း ဖြစ်ဟန်ရှိပေသည်။ ဤ အလှူပွဲ စတင်ဖြစ်ပေါ်လာခဲ့သည့် အချိန်ကိုကား ဆက်လက် သုတေသန ပြုရဦးမည် ဖြစ်ပါသည်။

## နိဗ္ဗာန်ဈေး အလှူပွဲ ကျင်းပပြုလုပ်ပုံ

ဤ နိဗ္ဗာန်ဈေးအလှူပွဲသည် စတုဒိသာကျွေးပွဲနှင့် တူသယောင် ရှိသော်လည်း အနည်းငယ်ခြားနားပေသည်။ စတုဒိသာကျွေးမွေးပွဲများ၌ စားသောက်ဖွယ်ရာများကို တစ်မျိုးတည်းသာ ကျွေးမွေးလေ့ရှိသော်လည်း ဤ နိဗ္ဗာန်ဈေးအလှူပွဲ၌မူ စားဖွယ်သောက်ဖွယ်မျိုးစုံတို့ကို ဈေးသဖွယ် တည်ခင်းထား၍ ရောက်ရှိလာကြသည့် အလှူခံများသည် ကြိုက်နှစ်သက် ရာ စားသောက်ဖွယ်ရာများကို စားသောက်နိုင်ကြသည်။ ဤ နိဗ္ဗာန်ဈေး အလှူကား စတုဒိသာကျွေးပွဲကဲ့သို့ စားဖွယ်သောက်ဖွယ် တစ်မျိုးတည်းကို

စေတနာရှင်အများက စုပေါင်း၍ လှူဒါန်းကျွေးမွေးခြင်းမဟုတ်ဘဲ တစ်ဦးတည်းက မိမိတတ်နိုင်သလောက် ကျွေးမွေးလှူဒါန်းသောပွဲ ဖြစ်သည်။

အများအားဖြင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက်၊ လမ်းအလိုက်၊ တစ်ဦးလျှင် ပစ္စည်းတစ်မျိုးစီ၊ နှစ်မျိုးစီ စသည်ဖြင့် ဆိုင်များတည်ခင်း၍ ကျွေးမွေးပေးကမ်းလှူဒါန်းသော အလှူပွဲမျိုးဖြစ်သည်။ နိဗ္ဗာန်ဈေးကို စတုဒိသာကျွေးပွဲကဲ့သို့ ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲ စသော ပွဲတော်ကြီးများနှင့် တွဲဖက်ပြုလုပ်ခြင်းမှာ အလွန် နည်းပါး၍ သီးခြားအလှူပွဲတစ်ပွဲအဖြစ် ရာသီဥတုသာယာသည့် ဆောင်းဥတု၊ နွေဥတုများ၌ ဆင်ယင် ကျင်းပလေ့ရှိကြပေသည်။

## အလှူပွဲများနှင့် အကျိုးတရား

ဤစတုဒိသာကျွေးပွဲနှင့် နိဗ္ဗာန်ဈေး အလှူပွဲများကား ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တို့တွင် ဒါနကုသိုလ်ပွဲဖြစ်သည်။ ဤဒါနကုသိုလ်ကား အခြားကုသိုလ်များနှင့်မတူ၊ အရပ်လေးမျက်နှာမှ လာလာသမျှသော အလှူခံပုဂ္ဂိုလ်တို့ကို လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး၊ ပုဂ္ဂိုလ်မရွေး၊ လှူဒါန်း ကျွေးမွေးသည့် ဒါနကုသိုလ်မျိုးဖြစ်၍ ဘုရားအလောင်း သူတော်ကောင်းကြီးတို့ ပြုလုပ်လေ့ရှိသော ဒါနမျိုး ဖြစ်သည်။ 'ငါ့ဆရာပဲ၊ ငါ့တပည့်ပဲ၊ ငါ့မိတ်ဆွေပဲ၊ ငါ့ဆွေမျိုးပဲ' စသည့် တဏှာစွဲကင်းသဖြင့် အလွန်သန့်စင်မွန်မြတ်သော ဒါနကုသိုလ်လည်း ဖြစ်သည်။

ထိုဒါနကုသိုလ်မွန်ဖြင့် လူ့ဘဝ၊ နတ်ဘဝ ဟူသော ဘဝသမ္ပတ္တိအကျိုးကို တိုက်ရိုက်ရနိုင်သည့်ပြင် ထိုဘဝတို့၌ စည်းစိမ်ဥစ္စာ၊ ရတနာတို့နှင့် ပြည့်စုံမှု ဘောဂသမ္ပတ္တိကိုလည်း ဧကန်မုချ ရရှိနိုင်ပေသည်။ ထိုဒါနကုသိုလ်က လူ့ဘဝ၊ နတ်ဘဝဟူသော သုဂတိဘဝနှင့် ပြည့်စုံခြင်း ဘဝသမ္ပတ္တိ၊ စည်းစိမ်ချမ်းသာ ဥစ္စာရတနာတို့နှင့်ပြည့်စုံခြင်း ဘောဂသမ္ပတ္တိတို့ကို ထူထောင်ဖန်တီးပေးသဖြင့် ထိုလူ့ဘဝ နတ်ဘဝတို့တွင် နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာကုသိုလ်တရားများကို ကြိုးစားအားထုတ်နိုင်ခွင့်ရသဖြင့် နိဗ္ဗာန်ချမ်းသာကိုပါ ရရှိခံစားနိုင်လေသည်။

ဒါနကုသိုလ်သည် နိဗ္ဗာန်ချမ်းသာကို တိုက်ရိုက်မပေးနိုင်သော်ငြားလည်း ပကတူပနိဿယပစ္စည်း အခြေခံ အကြောင်းတရားအနေဖြင့်မူ နိဗ္ဗာန်ချမ်းသာကို ပေးစွမ်းနိုင်ကြောင်း သိရှိနားလည်ထားသင့်ပေသည်။ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ နိဗ္ဗာန်ဈေးဟူသော ဝေါဟာရကို ဖွင့်ဆိုရာ၌ 'နိဗ္ဗာန်ဈေး ဆိုသည်မှာ နိဗ္ဗာန်သို့ ပို့ဆောင်ပေးနိုင်သောဈေး၊ ဝါ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သောဈေး' ဟု အဓိပ္ပာယ်ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဤနေရာ၌ စတုဒိသာ အလှူရှင်နှင့် နိဗ္ဗာန်ဈေးအလှူရှင်တို့အား အထူးသတိပေးလိုပါသည်။ ဤအလှူပွဲများကို ပြုလုပ်ကျင်းပသည့်အခါ အလှူရှင်သည် 'ငါတို့ အခုလှူဒါန်းသော ဒါနကုသိုလ်သည် ဘဝသံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာရရှိရန်အတွက်သာ ဖြစ်သည်' ဟု စိတ်က ဦးတည်ထားကြရန် ဖြစ်သည်။ ထိုသို့ ဦးတည်ထားသော ဒါနကုသိုလ်သည်သာ ပါရမီကုသိုလ်ဖြစ်၍ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ရရှိခံစားနိုင်ပါသည်။ ထို့ကြောင့် ဤစတုဒိသာ အလှူပွဲနှင့် နိဗ္ဗာန်ဈေးအလှူပွဲ ဒါနကုသိုလ်များကို ပြုသည့်အခါမှသာ မဟုတ်၊ အခြားဒါနကုသိုလ်များ ပြုသည့်အခါမှာလည်း ဖော်ပြပါအတိုင်း ဦးတည်ချက်ထားကြရန် သင့်ပေသည်။

နိဂုံးချုပ်ဆိုရသော် ဤစတုဒိသာကျွေးပွဲနှင့် နိဗ္ဗာန်ဈေး အလှူပွဲတို့သည် ကုသိုလ်ရရေးအတွက် အပေးအကျွေး၌ အလွန်ရက်ရောလေ့ရှိသည့် မြန်မာတို့၏ စိတ်သဘောနှင့် လိုက်လျောညီစွာ ရှေးဗုဒ္ဓဘာသာဝင် မြန်မာကြီးများက တီထွင်ဖန်တီးပေးခဲ့သော ပွဲများဖြစ်၍ ထိုပွဲများကို အစဉ်အလာမပျက် ဆောင်ရွက် ထိန်းသိမ်းသောအားဖြင့် မွန်မြတ်သည့်ဒါနကုသိုလ်ကို ပြုလုပ်ဆည်းပူးသင့်ကြပေသည်။

❒

# မဟာဒုက် ဆွမ်းအလှူပွဲ

## မဟာဒုက် ဆိုသည်မှာ

မဟာဒုက် ဆွမ်းအလှူပွဲသည် ဗုဒ္ဓဘာသာ တရားတော်လာ အကြောင်းအရာတစ်ခုကို အစွဲပြု၍ ဖြစ်ပေါ်လာသည့် မြန်မာ့ဓလေ့ထုံးစံပွဲ တစ်ပွဲဖြစ်သည်။ ထိုပွဲကို မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ နှစ်စဉ်နှစ်တိုင်း အစဉ်အလာအရ စနစ်တကျ ကျင်းပပြုလုပ် လေ့ ရှိကြသည်။

ကျင်းပသည့်အချိန်မှာ မူသေ သတ်မှတ်ထားချက်မရှိဘဲ ရာသီဥတု သာယာ ကောင်းမွန်သည့် ဆောင်းဥတု၊ နွေဥတုများတွင် သင့်လျော်သည့် လများ၌ ကျင်းပလေ့ရှိကြသည်ကို တွေ့ရသည်။

မဟာဒုက်ဟူသော ဝေါဟာရသည် 'မဟာဒုဂ္ဂတ' ဆိုသည့် ပါဠိ ပုဒ်မှ ဆင်းသက်လာသော မြန်မာ ဝေါဟာရဖြစ်သည်။ များစွာဆင်းရဲသူ ဝါ အလွန်ဆင်းရဲသူဟု အဓိပ္ပာယ်ရသည်။ (မဟာ = များစွာသော + ဒုဂ္ဂတ=ဆင်းရဲသူ)၊ ဤဘဒ္ဒကမ္ဘာတွင် ကဿပဘုရားရှင်လက်ထက် တော်အခါက ဗာရာဏသီပြည်တွင် ဆင်းရဲသားတစ်ယောက်ရှိခဲ့သည်။ ထိုဆင်းရဲသားမှာ ဗာရာဏသီပြည်တွင် အဆင်းရဲဆုံးဖြစ်၍ မဟာဒုဂ္ဂတ (မဟာဒုက်)ဟု ခေါ်သည်။ ထို မဟာဒုဂ္ဂတ လှူခဲ့သည့် ဆွမ်းအလှူကို အကြောင်းပြု၍ ပေါ်လာသောပွဲ ဖြစ်သောကြောင့် မဟာဒုက်ဆွမ်းအလှူပွဲ ဟု အမည်တွင်သည်။

## မဟာဒုက်ပွဲအစ ကဿပဘုရားရှင် လက်ထက်တော်က

ထိုမဟာဒုက် ဆွမ်းအလှူပွဲသည် ကဿပဘုရားရှင် လက်ထက်တော်ကပင် စတင်ပေါ်ပေါက်လာခဲ့သော ပွဲတော်ဖြစ်ပါသည်။ အတန်ငယ် ချဲ့ပြပါဦးမည်။ တစ်ချိန်က ကဿပဘုရားသခင်သည် ရဟန္တာ နှစ်သောင်း ခြံရံတော်မူကာ ဗာရာဏသီပြည်သို့ ကြွတော်မူလာပါသည်။ ထိုအခါ ပြည်သူပြည်သားတို့သည် ရှစ်ဦးစီ၊ ၁၀ ဦးစီ စုပေါင်း၍ အာဂန္တုက ဆွမ်းအလှူကို လှူဒါန်းကြသတဲ့၊ ထိုဆွမ်းအလှူပွဲအပြီးတွင် ဘုရားသခင်က –

၁။ ဒါယကာတို့၊ ဤလောက၌ အချို့သူများသည် မိမိတို့သာ လှူဒါန်းကြ၏။ သူတစ်ပါးတို့ကို လှူဒါန်းအောင် တိုက်တွန်းနှိုးဆော်လေ့ မရှိကြပေ။ ထိုသူတို့သည် ဖြစ်လေရာဘဝတို့၌ ပစ္စည်းဥစ္စာ ပေါများ၍ အခြွေအရံတပည့်သားသမီးများ မရရှိနိုင်ကြကုန်။

၂။ တချို့က မိမိကတော့ မလှူဒါန်း၊ သူတစ်ပါးတို့ကိုမူ တိုက်တွန်းနှိုးဆော်လေ့ ရှိ၏။ ထိုသူတို့သည် ဖြစ်လေရာဘဝများ၌ ပစ္စည်းမဲ့ပြီး တပည့်သားသမီးအခြွေအရံများတတ်၏။

၃။ တချို့က မိမိလည်းမလှူ၊ သူတစ်ပါးတို့ကိုလည်း လှူဖို့ တိုက်တွန်းလေ့မရှိ၊ ထိုသူတို့သည် ဖြစ်လေရာဘဝတို့၌ ပစ္စည်းလည်းမဲ့၊ အခြံအရံလည်း နည်းတတ်သည်။

၄။ တချို့ကမူ မိမိလည်း လှူဒါန်း၏၊ သူတစ်ပါးကိုလည်း တိုက်တွန်းနှိုးဆော်လေ့ရှိကြ၏။ ထိုသူတို့သည် ဖြစ်လေရာဘဝတို့၌ ဥစ္စာပစ္စည်းနှင့်လည်း ပြည့်စုံနိုင်၏။ အခြွေအရံများကိုလည်း ရရှိနိုင်၏။

စသည်ဖြင့် ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပါသည်။

ထိုတရားတော်ကို နာကြားရသည့်အခါ ပညာရှိ အမျိုးသားတစ်ဦးက 'ပစ္စည်းဥစ္စာ၊ အခြံအရံ အကျိုးနှစ်မျိုးစလုံးပြည့်စုံအောင် ငါ ကုသိုလ်လုပ်မည်' ဟု ဆုံးဖြတ်ကာ ဘုရားအမှူးရှိသော ရဟန္တာနှစ်သောင်း

တို့ကို နက်ဖြန်ဆွမ်းအလှူခံကြွကြရန် ဘုရားရှင်ထံ ပင့်ဖိတ်လျှောက်ထား၏။ ထို့နောက် အမျိုးသားသည် မြို့တွင်းသို့ဝင်၍ –

"ဘုရားအမှူးရှိသည့် သံဃာတော်နှစ်သောင်းကို ဆွမ်းအလှူခံရန် ပင့်ခဲ့ကြောင်း၊ ငါးပါး၊ ၁၀ ပါး စသည်ဖြင့် မိမိတို့တတ်နိုင်သလောက် တာဝန်ယူလှူဒါန်းကြပါ"

ဟု လိုက်လံတိုက်တွန်းနှိုးဆော်သည်။

လှူဒါန်းလိုသူတို့၏ အမည်စာရင်းကိုလည်း မည်သူက ၁၀ ပါး၊ မည်သူက အပါး ၂၀၊ မည်သူက အပါး ၁၀၀၊ မည်သူက အပါး ၅၀၀ စသည်ဖြင့် ရေးမှတ်စာရင်း ကောက်ယူသည်။

ထိုအချိန်၌ တစ်မြို့လုံးတွင် အဆင်းရဲဆုံး ဖြစ်သည့်အတွက် မဟာဒုဂ္ဂတ (မဟာဒုက်)ခေါ်သည့် ဆင်းရဲသားကြီးလည်း နိဗ္ဗာန်ဆော်ကြီး အနီးမှာ ရှိနေပေသည်။ ထို့ကြောင့် နိဗ္ဗာန်ဆော်အမျိုးသားက မဟာဒုက်အား –

"သံဃာဘယ်နှစ်ပါး စာရင်းမှတ်လိုက်ရမလဲ"

ဟု မေးလိုက်သည်။

"ကျွန်တော်ဟာ သူရင်းငှားလုပ်ပြီး အသက်မွေးနေရသူပါ၊ နက်ဖြန် ယာဂုကျိုဖို့တောင် ဆန်မရှိသေးပါ။ ဘယ်လိုလုပ်ပြီး ကျွန်တော် လှူဒါန်းနိုင်ပါ့မလဲ၊ ပစ္စည်းချမ်းသာသူတွေသာ လှူဒါန်းနိုင်တာပါ"

ဟု မဟာဒုက်က ညိုးငယ်စွာ ပြန်ပြောလိုက်သည်။

"သူငယ်ချင်း... ဗာရာဏသီပြည်ကြီးမှာ ချမ်းသာကြီးပွားနေကြတဲ့ သူတွေရဲ့ဘဝနဲ့ မင်းဘဝကို နှိုင်းယှဉ်ကြည့်ပြီး 'ငါဟာ ရှေးဘဝက အလှူဒါနမလုပ်ခဲ့လို့ အခုလို ဆင်းရဲနေတာပဲ' လို့များ မင်း မစဉ်းစားမိဘူးလား"

"စဉ်းစားမိပါတယ် အစ်ကို"

"ဒီလိုဆိုရင် အခု အလှူဒါနလုပ်ဖို့ ဘာဖြစ်လို့ နောက်တွန့်နေရတာလဲ၊ မင်းဟာ ငယ်လည်း ငယ်သေးတယ်၊ အားခွန်ဗလလည်း ရှိတယ်။ ယောက်ျားပဲ ကြိုးစားရင် လှူဒါန်းနိုင်မှာပေါ့ကွာ"

ဟု ဆိုလိုက်သည်။ မဟာဒုက်မှာ အားတက်လာပြီး –

"ကျွန်တော့်အတွက် ရဟန်းတစ်ပါး စာရင်းမှတ်ထားပါ၊ ကျွန်တော် သူရင်းငှားလုပ်ပြီး လှူဒါန်းပါမယ်"

ဟု ကတိပြုလိုက်ပါသည်။

## မဟာဒုက်နှင့် ငါးကြင်းလေးကောင်

သို့သော် နိဗ္ဗာန်ဆော်အမျိုးသားမှာ တစ်ပါးလောက်ကတော့ အရေးမကြီးဟုဆိုကာ စာရင်းမတင်ဘဲ ထားလိုက်မိသည်။ မဟာဒုက်မှာ အိမ်သို့ပြန်ရောက်သည့်အခါ အိမ်ရှင်မနှင့် တိုင်ပင်ပြီး ရဟန်းတော်တစ်ပါး အား ဆွမ်းလှူဒါန်းနိုင်ရေးအတွက် ဇနီးမောင်နှံတို့ အခစားလုပ်ရန် အိမ်မှ အသီးသီး ထွက်သွားကြပါသည်။

အချိန်တန် အိမ်ပြန်လာကြသည့်အခါ မဟာဒုက်က သူဌေးကြီး တစ်ဦးထံမှ သလေးဆန် ရှစ်စလယ်ကို ရခဲ့သည်။ အိမ်ရှင်မက သူဌေး ကတော်ကြီးထံမှ ထောပတ်တစ်ဇလုံ၊ နို့ဓမ်းတစ်အိုးစသော ပစ္စည်းတို့နှင့် သလေးဆန် တစ်စလယ်ကို ရလာခဲ့သည်။ သူတို့ဇနီးမောင်နှံ နှစ်ဦးမှာ ရဟန်းတော်တစ်ပါး ဆွမ်းကပ်လှူရန် ပြည့်စုံနေပြီဖြစ်ရကား နှစ်သက် ရွှင်မြူး စိတ်ကြည်နူးနေကြပါသည်။

နောက်တစ်နေ့ နံနက်စောစောတွင် မဟာဒုက်သည် ဟင်းသီး ဟင်းရွက်ထွက်ရှာရာ ဈေးမှာမရ၍ မြစ်ကမ်းနားဘေးသို့သွားကာ သီချင်း ကလေးတကျော်ကျော် သီဆိုပြီး ဟင်းရွက်များ ခူးနေပါသည်။ မဟာဒုက် ၏သီချင်းသံကို တံငါသည်တို့ကြား၍ မဟာဒုက်အားခေါ်ပြီး ငါးများကို တန်ဖိုးအလိုက်တွဲခိုင်းပြီး ထိုနေရာမှာပင် ရောင်းချစေသည်။ ဆွမ်းကပ်ချိန် နီး၍ မဟာဒုက်ပြန်သည့်အခါတွင် သဲထဲတွင်မြုပ်ထားသည့် ငါးကြင်း လေးကောင်ကို ဆွမ်းကပ်ရန် ပေးလိုက်ကြသည်။

## ဘုရားနှင့် သိကြား

ကဿပဘုရားရှင်သည် နံနက် စောစောကပင် မဟာဒုက်ကို သဗ္ဗညုတဉာဏ်တော်ဖြင့် မြင်တော်မူ၍ ဆင်းရဲသူတို့ကို ချီးမြှောက်လေ့

ရှိသည့် ဘုရားရှင်တို့ ဓမ္မတာအတိုင်း မဟာဒုက်ကို ချီးမြှောက်ရန် ဂန္ဓကုဋီ တိုက်သို့ ကြွရောက် သီတင်းသုံးနေပါသည်။

သိကြားမင်းကလည်း ပဏ္ဍုကမ္ဗလာပူလာသဖြင့် နတ်တို့မျက်စိဖြင့် ကြည့်ရာ ဆင်းရဲသားကြီး မဟာဒုက် ဇနီးမောင်နှံကို ရဟန်းတစ်ပါးကို ဆွမ်းကပ်မည့်အကြောင်းနှင့် ပင့်ထားသည့်ရဟန်းမရသဖြင့် ဘုရားရှင် ကိုယ်တိုင် မဟာဒုက်အား ချီးမြှင့်မည့် အကြောင်းတို့ကို သိမြင်လေသည်။ ထို့ကြောင့် မဟာဒုက်အိမ်သွားပြီး ထမင်းချက်အလုပ်ကို လုပ်၍ ဝေယျာဝစ္စ ကုသိုလ်ယူမည်ဟုကြံကာ သာမန်ယောကျ်ားအသွင်ဖြင့် မဟာဒုက်အိမ်သို့ လာခဲ့သည်။ ထို့နောက် မဟာဒုက်နှင့်စကားပြောဆို၍ စေတနာ့ဝန်ထမ်း ထမင်းချက်တာဝန်ကို သိကြားမင်းက တာဝန်ယူလိုက်သည်။

## နိဗ္ဗာန်ဆော်နှင့် မဟာဒုက်

မဟာဒုက်သည် စာရင်းကိုင်နိဗ္ဗာန်ဆော်ထံသို့သွားပြီး မိမိတာဝန် ယူထားသည့် သံဃာတော်တစ်ပါး ပေးရန် တောင်းသည်။ ထိုအခါ နိဗ္ဗာန် ဆော်ကြီးမှာ သတိရပြီး –

"သူငယ်ချင်း ... ငါ မင်းအတွက် စာရင်းရေးဖို့ မေ့သွားတယ်၊ ခု သံဃာတော်များလည်း ပင့်သွားကြတာ ကုန်ပြီ"

ဟု ဆိုလိုက်သည်။ ထိုအခါ မဟာဒုက်ခမျာ ရင်ဝကို လှံမဖြင့် ထိုးလိုက်သည့်အလား စိတ်ထိခိုက်သွားပြီး –

"ဘယ်ဖြစ်မလဲ နိဗ္ဗာန်ဆော်ကြီး၊ ကျွန်တော့်ကို ရဟန်း တစ်ပါး ပေးမှဖြစ်မယ်"

ဟု ပြောပြောဆိုဆို လက်မြှောက်ငိုကြွေးလေတော့သည်။

မဟာဒုက် ငိုကြွေးသံကြောင့် လူများ ဝိုင်းအုံလာကြပြီး မေးကြ မြန်းကြသည်။ လူထုကြီးက နိဗ္ဗာန်ဆော်ကြီးကို ဝိုင်းပြီးအပြစ်တင်ကြ သည်။ နိဗ္ဗာန်ဆော်ကြီးမှာ စိတ်မချမ်းမသာဖြစ်ပြီး –

"သူငယ်ချင်း... ငါ့ကို ဒုက္ခမပေးပါနဲ့၊ အခု အခြားအိမ်တွေရောက် နေတဲ့ သံဃာတော်များကိုလည်း သွားပင့်လို့မကောင်းဘူး၊ သံဃာတွေ

လည်း ကုန်နေပြီ၊ ဘုရားကိုယ်တော်မြတ်ကြီးတစ်ပါးတော့ ဂန္ဓကုဋိတိုက်ထဲမှာ ကျန်သေးတယ်၊ ဘုရားရှင် ဂန္ဓကုဋီမှအထွက်မှာ သပိတ်တော်ယူဖို့ မင်း၊ အိမ်ရှေ့မင်း၊ စစ်သူကြီး စတဲ့ ပုဂ္ဂိုလ်ကြီးတွေ တန်းစီစောင့်နေကြတယ်။ ဘုရားရှင်တို့ဆိုတာ ဆင်းရဲသူကို ပိုပြီး သနားလေ့ရှိပါတယ်၊ ဘုရားရှင်ထံ မှောက်သာ အရောက်သွားပြီး ချီးမြှောက်ဖို့ လျှောက်ထားပေတော့၊ ကံကောင်းရင်တော့ ရမှာပဲ"

ဟု ပြောဆိုလွှတ်လိုက်ပါသည်။

## မဟာဒုက် သပိတ်တော်ကိုရပြီ

ထိုအခါ မဟာဒုက်သည် ဘုရားကျောင်းတော်သို့ အလျင်အမြန်သွားသည်။ မဟာဒုက်ကို မြင်ကြသည့်အခါ ရှေ့နေ့များကလို စားကြွင်းများ လာစားသည်ဟု ထင်ကြသဖြင့် မင်း၊ မှူးမတ် စသူတို့က 'ဆွမ်းဘုဉ်းပေးတဲ့ အချိန် မဟုတ်သေးဘူး' ဟု ပြောဆိုကြသည်။

မဟာဒုက်က ဘုရားရှင်ကို ဖူးမြော်ကန်တော့ရန် လာခြင်းဖြစ်ပါသည်ဟု ပြောပြောဆိုဆိုသွား၍ ဂန္ဓကုဋီတိုက်တံခါးခုံကို ဦးတိုက်ကာ 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဒီဗာရာဏသီမြို့မှာ ဘုရားတပည့်တော်ထက် ပိုပြီးဆင်းရဲတဲ့လူ မရှိပါ။ ရှင်တော်ဘုရားသည် ဘုရားတပည့်တော်ရဲ့ အားကိုးရာဖြစ်တော်မူပါဘုရား၊ တပည့်တော်အား ချီးမြှောက်တော်မူပါဘုရား' ဟု သနားစဖွယ် အားငယ်ငယ်ဖြင့် ရှိခိုးလျှောက်ထားလိုက်သည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဂန္ဓကုဋီတံခါးကိုဖွင့်၍ သပိတ်တော်ကိုယူကာ မဟာဒုက်လက်သို့ အပ်လိုက်သည်။ သပိတ်တော် လက်ထဲရောက်သည်နှင့်တစ်ပြိုင်နက် မဟာဒုက်မှာ စကြာမင်းဖြစ်ရသည့် အလားအလွန် ဝမ်းသာသွားသည်။ သပိတ်တော်ယူရန် စောင့်နေကြသည့် မင်း၊ မှူးမတ်၊ စစ်သူကြီး စသူတို့လည်း အံ့အားသင့်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။

ဘုရားရှင်ကိုယ်တိုင် ပေးအပ်လိုက်သည့် သပိတ်ကို တန်ခိုးရှင်ဖြစ်စေကာမူ ယူနိုင်ရိုးထုံးစံမရှိပေ။ ထို့ကြောင့် မင်း၊ မှူးမတ် စသူတို့သည်

မဟာဒုက်ထံတွင် သပိတ်တော်ကို ငွေအသပြာပေး၍ ဝယ်ကြသည်။ မဟာဒုက်က –

"ကျွန်ုပ် ငွေမလိုပါ၊ ဗုဒ္ဓမြတ်စွာကိုသာ ဆွမ်းကပ်လိုပါသည်"

ဟုဆိုကာ ဘုရားရှင်ကို အိမ်သို့ ပင့်ဆောင်သွားပါလေသည်။

ရှင်တော်ဗုဒ္ဓသည် မဟာဒုက်၏ နိမ့်လှသော တဲပုတ်အိမ်ကလေးသို့ ပကတိအတိုင်း ကြွတော်မူ၍ သိကြားမင်းခင်းထားသောနေရာ၌ သီတင်းသုံးတော်မူပါသည်။ မဟာဒုက်သည် သိကြားမင်း စီမံထားသော ယာဂုစသည်တို့ကို လှူဒါန်း၍ ရိုသေစွာ လုပ်ကျွေးဆက်ကပ်သည်။

ဗုဒ္ဓမြတ်စွာသည် ဆွမ်းဘုဉ်းပေးတော်မူပြီးသည့်အခါ အနုမောဒနာတရား ဟောကြားပြီး ပြန်ကြွတော်မူသွားပါသည်။ မဟာဒုက်လည်း သပိတ်တော်ကိုထမ်း၍ ဘုရားရှင်ကို ကျောင်းတော်အရောက် လိုက်ပို့သည်။

## ဆွမ်းအလှူ၏ ဒိဋ္ဌဓမ္မအကျိုး

သိကြားမင်းသည် နတ်ပြည်သို့ပြန်ရန် အိမ်မှအထွက်တွင် တံခါး၀၌ ရပ်ကာ အထက်ကောင်းကင်သို့ မော့ကြည့်လိုက်သည်။ ထိုခဏ၌ ကောင်းကင်မှ ရတနာခုနစ်ပါးမိုး ရွာသွန်းဖြိုးလေရာ မဟာဒုက်အိမ်၌ အိုးခွက်များပါမကျန် တစ်အိမ်လုံး ရတနာများဖြင့် ဖုံးလွှမ်းသွားတော့၏။ မဟာဒုက်၏ဇနီးမှာ အိမ်ထဲတွင် နေစရာမရှိသဖြင့် ကလေးများကိုပါ ခေါ်ထုတ်ကာ အိမ်အပြင်တွင် ရပ်နေရသည်။ မဟာဒုက်ကျောင်းတော်မှ ပြန်ရောက်လာ၍ ရတနာမိုးရွာသည့်အကြောင်း သိရသည့်အခါ 'ငါ့အလှူဒါနဟာ ဒီကနေ့ပဲ အကျိုးပေးပေပြီ' ဟုဆိုပြီး ဘုရင်ထံမှောက်သို့ သွားရောက်ကာ 'မိမိရဲ့ ရတနာခုနစ်ပါးကို လှည်းအစီးတစ်ထောင်ဖြင့် သယ်ဆောင်ယူတော်မူပါ' ဟု လျှောက်ထားသည်။

မင်းကြီးသည် မဟာဒုက်လျှောက်ထားသည့်အတိုင်း ရတနာများကို လှည်းများဖြင့် သယ်ဆောင်၍ မင်းရင်ပြင်၌ စုပုံထားရာ ထန်းတစ်ဖျားလောက်မြင့်သော ရတနာပုံကြီးဖြစ်နေသတဲ့။ ထိုအခါ တိုင်းသူပြည်သားတို့၏ သဘောဆန္ဒအတိုင်း မဟာဒုက်အား ကြီးကျယ်စွာ ပူဇော်သက္ကာရ

ပြု၍ သူဌေးအရာကို ပေးသနားတော်မူသည်။ မဟာဒုက်အား ရှေ့က သူဌေးတစ်ဦးနေဖူးသည့် မြေနေရာဟောင်းတွင် အိမ်ဆောက်လုပ်နေရန် ကိုလည်း အမိန့်ချမှတ်သည်။ ထိုမြေကွက်ဟောင်းတွင် ချုံများကို ခုတ်ထွင် ရှင်းလင်း၍ မြေကိုတူးဆွသည့်အခါ အချင်းချင်း ထိစပ်နေသည့် ရွှေအိုးကြီး များ ပေါ်လာကြပြန်၏။

ဘုရင်ကြီးအား လျှောက်ထားသော်လည်း 'သင့် ကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာတဲ့ပစ္စည်းများဖြစ်တဲ့အတွက် သင်သာ ယူတော့' ဟု ဆိုသည်။ မဟာဒုက်သည် အိမ်သစ် ဆောက်လုပ်ပြီးသည့်အခါ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသည့် သံဃာတော်များအား အလှူကြီး ပေးလှူလေသည်။

မဟာဒုက်ကား ကျွန်ုပ်တို့ ဂေါတမဘုရားရှင် လက်ထက်တွင် ပဏ္ဍိတသာမဏေဖြစ်လာ၍ ခုနစ်နှစ် အရွယ်တွင် ရှင်သာမဏေဝတ်၍ သာမဏေဝတ်ပြီး ရှစ်ရက်မြောက်နေ့တွင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်လာ သူဖြစ်ပေသည်။

ဤသို့အားဖြင့် မဟာဒုတ်ဆွမ်းအလှူပွဲသည် ကဿပဘုရားသခင် လက်ထက်တော်ကပင် စတင် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပါသည်။ ဤပွဲကို အကြောင်းပြု၍ မြန်မာဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မဟာဒုက် ဆွမ်းအလှူကို မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံပွဲ အဖြစ်ဖြင့် စဉ်လာမပျက် ယခုတိုင် ဆက်လက်ကျင်းပနေကြဆဲဖြစ်ပါသည်။

## မဟာဒုက် ဆွမ်းအလှူနှင့် စာရေးတံ ဆွမ်းအလှူ

စာရေးသူ တင်ပြခဲ့သည့်အတိုင်း ထေရဝါဒ ဗုဒ္ဓပိဋကတော်လာ မဟာဒုက်ဆွမ်းအလှူပွဲတွင် ဆင်းရဲသားကြီးမဟာဒုက်နှင့် ဇာရာဏာသီ ပြည်သူတို့ လှူဒါန်းခဲ့သည့် ဆွမ်းအလှူကား မဲစနစ်ဖြင့် လှူဒါန်းသည့် စာရေးတံမဲ ဆွမ်းအလှူ (သလာကဘတ်)မျိုးမဟုတ်ပါ။

ပစ္စည်းဥစ္စာချမ်းသာခြင်း၊ အခြံအရံများခြင်းဟူသော အကျိုးနှစ်မျိုး စလုံးကို ရလိုသည့် အမျိုးသားတစ်ဦးက 'ဘုရားအမှူးရှိသည့် သံဃာတော် နှစ်သောင်းကို ဆွမ်းလှူဒါန်းပါမည်၊ တတ်နိုင်သလောက် တာဝန်ယူ

လှူဒါန်းကြပါ' ဟု နိဗ္ဗာန်ဆော်လုပ်ကာ 'မည်သူက ၁၀ ပါး၊ မည်သူက ၁၅ ပါး' စသည်ဖြင့် စာရင်း ကောက်ယူ၍ ထိုစာရင်းအရ သံဃာတော်များကို အသီးသီး အိမ်သို့ ပင့်ဆောင် လှူဒါန်းသည့် ဆွမ်းအလှူမျိုးသာ ဖြစ်ပေသည်။

ထို့ကြောင့် ဤမဟာဒုက် ဆွမ်းအလှူပွဲသည် ရှေးအခါက မြန်မာကြီးတို့ ဝါခေါင်လတွင် ရာသီပွဲတော်အဖြစ် ကျင်းပလေ့ရှိသော စာရေးတံ ဆွမ်းအလှူပွဲ (သလာကဘတ်) နှင့် တခြားစီ ဖြစ်ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ တချို့အရပ်ဒေသများ၌ ကျောင်းကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း၊ လှူဒါန်းသူ ဒါယကာများကိုလည်းကောင်း မဲချကာ မဟာဒုက်ပွဲကို မဲစနစ်ဖြင့် ပင့်ဖိတ်လှူဒါန်းကြသည်ကိုလည်း တွေ့ရသေးသည်။ ထို့ကြောင့် ပါဠိသက်ဝေါဟာရ အဘိဓာန်ကျမ်းတွင် 'မဟာဒုက်=စာရေးတံမဲချ၍ လှူဒါန်းရသော ဆွမ်းကျွေးပွဲ' ဟု အဓိပ္ပာယ်ဖော်ထားခြင်းဖြစ်ပေသည်။

## မျက်မှောက်ခေတ် မဟာဒုက်ပွဲ

ယခု မျက်မှောက်ခေတ်တွင် မဟာဒုက်ပွဲကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဦးဆောင်ပြုလုပ်သည်ကို မတွေ့ရဘဲ ဘာသာရေး အသင်းအဖွဲ့များက ဦးဆောင်ပြုလုပ် ကျင်းပကြသည်ကိုသာ တွေ့ရသည်။ ထိုအကြောင်းကို ရှေးခေတ်မြန်မာနိုင်ငံထုတ် သတင်းစာကြီးများ၌ 'ဗုဒ္ဓဝေယျာဝစ္စ အသင်းမှကြီးမှူး၍ မဟာဒုက်ပွဲတော်ကို ရွှေမော်ဓော (ဓမ္မာရုံကြီး)၌ ဖွင့်လှစ်ကြောင်း' စသည်ဖြင့် သတင်းအဖြစ် ဖော်ပြထားသည်ကို ဖတ်ရှုရဖူးပေသည်။

ဤနေရာ၌ မျက်မှောက်ခေတ်တွင် ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံပွဲတစ်ခုအနေဖြင့် ကျင်းပပြုလုပ်နေကြသည့် မဟာဒုက် ဆွမ်းအလှူပွဲ ကျင်းပပုံကျင်းပနည်းကို ထင်ရှားသော မဟာဒုက်ပွဲတော်တစ်ခု ထုတ်ဆောင်၍ မှတ်တမ်းတင်လိုပါသည်။ ထိုမဟာဒုက်ဆွမ်းအလှူပွဲကား ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၅ ရပ်ကွက်၊ ၁၁ လမ်း 'မြသပိတ် မဟာဒုက်ဆွမ်းလောင်းအဖွဲ့' ၏ မဟာဒုက်ဆွမ်းအလှူပွဲကြီး ဖြစ်ပါသည်။

ထိုဆွမ်းလောင်းအဖွဲ့ကြီးသည် မဟာဒုက်ပွဲတော်ကြီးကို မြန်မာ သက္ကရာဇ် ၁၃၁၀ ပြည့်နှစ်မှ စတင်၍ နှစ်စဉ်မပျက် ကျင်းပလာခဲ့ရာ ၁၃၄၄ ခုနှစ်အထိ ၃၅ ကြိမ် ရှိသွားပေပြီ။

ယခုနှစ် တန်ဆောင်မုန်းလတွင် ၃၆ ကြိမ်မြောက် မဟာဒုက်ပွဲတော်ကို ဆင်နွဲကြမည်ဖြစ်ပါသည်။ စာရေးသူ လက်လှမ်းမီသလောက် သုတေသနပြုရသည့် မဟာဒုက်ပွဲတော်များတွင် ဤ ၁၁ လမ်း မဟာဒုက်ပွဲသည် ကျင်းပသက်အရှည်ဆုံး၊ စနစ်အကျဆုံးပွဲပင် ဖြစ်ပါသည်။

မဟာဒုတ်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ အရုဏ်တက်ချိန်တွင် ကျင်းပလေ့ရှိကြသည်။ ပွဲတော်မကျင်းပမီ တန်ဆောင်မုန်း လဆန်းလာသည်နှင့် ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရသည်။

အသင်းအမှုဆောင်များနှင့် လှူဒါန်းရေး အဖွဲ့ငယ်၊ မီးပူဇော်ရေး အဖွဲ့ငယ်၊ ပျော်ပွဲရွှင်ပွဲအဖွဲ့ငယ် စသည့် ဆပ်ကော်မတီများကို ပြန်လည် ဖွဲ့စည်းကြရသည်။ အဖွဲ့များ ပြန်လည်ဖွဲ့စည်းပြီးသည့်အခါ လမ်းမတော် မြို့နယ်၊ ၅ ရပ်ကွက် တစ်ရပ်ကွက်လုံးသို့ အမှုဆောင်လူကြီးများ တစ်အိမ် တက်ဆင်း အလှူငွေ ကောက်ခံကြရသည်။

## မြသပိတ်ငါးရာ အပ်နှင်းခြင်း

အလှူငွေကောက်ခံသည့် အချိန်မှာပင် ဘုရားမဲယူမည့်ပုဂ္ဂိုလ်၊ သံဃာတော်များအတွက် ဆွမ်းချက်မည့်ပုဂ္ဂိုလ်တို့ကို မေးမြန်းပြီး အလှူရှင် တို့၏ သဘောဆန္ဒအတိုင်း စာရင်းပြုစုထားကြရသည်။ ဆွမ်းချက်မည့် ပုဂ္ဂိုလ်တို့ကိုလည်း ၎င်းတို့၏ သဘောဆန္ဒအတိုင်း မည်သူက သပိတ် သုံးလုံး၊ မည်သူက လေးလုံး၊ ငါးလုံး စသည် လှူဒါန်းမည်ဟု စာရင်း အတိအကျ ပြုလုပ်ထားရသည်။

တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့တွင် အဖွဲ့က အဖွဲ့ပိုင် သပိတ်များကို ထိုစာရင်းအရ အလှူရှင်များလက်သို့ အသီးသီး အပ်နှံ လိုက်ကြရသည်။

မဟာဒုက်ပွဲတော်အတွက် နှစ်စဉ်နှစ်တိုင်း ပင့်သံဃာအရေအတွက်မှာ ရဟန်းတော်အပါး ၅၀၀ ဖြစ်၍ သပိတ်မှာလည်း လုံးရေ ၅၀၀ စီမံထားကြရသည်။

သပိတ်များမှာ သံဃာတော်များ အသုံးပြုနေကြသည့် သပိတ်များနှင့်မတူဘဲ အဖုံးက ရွှေရောင်၊ အလုံးက မြရောင်(အစိမ်း)ဖြစ်၍ လုံးရေ ၅၀၀ နီးပါး ရှိပါသည်။ ထိုသပိတ်လုံးရေ ၅၀၀ နီးပါးကို တည်ထောင်ထားနိုင်မှု၊ နှစ်ရှည်လများ ထိန်းသိမ်းထားနိုင်မှုကား သာမန် စေတနာ သဒ္ဓါတရားမျှဖြင့် မပြုလုပ်နိုင်ပေ။ ထို့ကြောင့် အသင်းလူကြီးတို့၏ အရှည်ကို မျှော်တတ်သော ဉာဏ်၊ ဖြစ်လာအောင် ကြိုးစားမှု ဝီရိယနှင့် စေတနာ သဒ္ဓါတရားတို့ကား ချီးကျူးဖွယ်ရာ အလွန်ကောင်းလှသည်။

## ဘုရားနှင့် မြသပိတ်ကြီး မဲပေါက်သူ

သပိတ်များကို အလှူရှင်များလက်သို့ အပ်နှင်းပြီးသည့်အခါ ဘုရားရှင်ကိုယ်တော်မြတ်နှင့် မြသပိတ်ကို မဲဖောက်ရန် ဘုရားမဲစာရင်းပါ အလှူရှင်များအတွက် မဲလိပ်များပြုလုပ်ကြရသည်။ ထို့နောက် အမည်စာရင်းပါမဲ သပိတ်တစ်လုံးနှင့် အောင်ဘာလေမဲ သပိတ်တစ်လုံးတို့ကို စီစဉ်၍ ကလေးငယ်နှစ်ယောက်တို့အား အလှူရှင်တို့မျက်မှောက်တွင် နှိုက်စေပါသည်။

ဘုရားရှင်နှင့် မြသပိတ်မဲပေါက်သည့် ဘုရားဒကာအား အသင်းက ကောက်ခံရရှိထားသည့် အလှူငွေ၏ သုံးပုံတစ်ပုံ (၂၀၀၀ ကျပ်) ခန့်ကို ဘုရားဖူးပရိသတ်များကို ဧည့်ခံရန်အတွက် တစ်ခါတည်း ပေးအပ်လိုက်ရသည်။ ထိုဘုရားမဲပေါက်သူ ဘုရားဒကာ၏ အိမ်ရှေ့၌လည်း ဧည့်ခံမဏ္ဍပ်ကို အသင်းကပင် ပြုလုပ်ပေးရသည်။

တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် ဉာဏ်တော် ငါးပေအမြင့်ရှိသည့် မတ်ရပ်ရပ်ပွားတော်ကြီးနှင့် မှန်စီရွှေချ မြသပိတ်တော်တို့ကို မဲပေါက်ထားသူ ဘုရားဒကာအိမ်ရှေ့ရှိ မဏ္ဍပ်သို့ အသင်းက အခမ်းအနားဖြင့် ပင့်ဆောင်ပို့ပေးရသည်။ မဏ္ဍပ်သို့ မပင့်ဆောင်မီ ကားလေးငါးဆယ်

စီးဖြင့် လမ်းမတော် ၅ ရပ်ကွက်နှင့် အခြား သင့်လျော်ရာမြို့နယ်များသို့ လှည့်လည် အဖူးမြော်ခံသည်။ မဏ္ဍပ်သို့ အခမ်းအနားဖြင့် ပင့်ဆောင်သည့် အခါ၌မူ ဆန်မန်းပေါက်ပေါက်များ ကြဲခြင်း၊ ရွှေမိုး၊ ငွေမိုးရွာဟန် ပိုက်ဆံများကြဲခြင်း စသည့် မင်္ဂလာမှုများကိုလည်း ဝမ်းပန်းတသာ ပြုလုပ်ကြသည်။

ဘုရားမဲပေါက်သည့် ဘုရားဒကာသည် ဘုရားရှင် ကိန်းဝပ်တော်မူရာ မဏ္ဍပ်သို့ ဘုရားဖူးရောက်လာကြသည့် ဧည့်ပရိသတ်များအား ညတိုင်း ကြာဆံဟင်းခါး၊ ဆန်ပြုတ်၊ ခေါက်ဆွဲပြုတ်၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်းခါးစသော စားဖွယ်သောက်ဖွယ်တို့ဖြင့် တစ်ညတစ်မျိုး သုံးရက်တိုင်တိုင် ဧည့်ခံကျွေးမွေး လှူဒါန်းသည်။ တစ်ခါတစ်ရံ ဆိုင်းဖြင့်လည်း ဧည့်ခံတတ်သေးသည်ဟု ဆိုလေသည်။

## ဆွမ်းသပိတ်ငါးရာနှင့် လှူဒါန်းကြပုံအဖုံဖုံ

တန်ဆောင်မုန်းလပြည့်နေ့ညကား အသင်းသူ အသင်းသားများ ကုသိုလ်ရရေးအတွက် အလွန် အလုပ်များသည့်ညဖြစ်သည်။ တန်ဆောင်တိုင်မီးထွန်းပွဲတော်အတွင်းဖြစ်၍ ဆီမီးညှိထွန်းပူဇော်ရေး၊ ပျော်ပွဲရွှင်ပွဲ ဆင်နွှဲရေးတို့ဖြင့် ရှုပ်ထွေးနေသည့်ကြားကပင် ၁၁ လမ်းထိပ်၊ ကျုံးကြီးလမ်းမကြီးပေါ်တွင် မဟာဒုတ် ဆွမ်းသပိတ် ၅၀၀ တို့ကို ထားရန် စားပွဲများကို လည်းကောင်း၊ သံဃာတော်များ သီတင်းသုံးရန် ကုလားထိုင်အလုံး ၅၀၀ တို့ကိုလည်းကောင်း၊ ထိုကုလားထိုင်အလုံး ၅၀၀ ၌ နံပါတ်များကပ်ခြင်းတို့ကိုလည်းကောင်း နံနက်အရုဏ်မတက်မီ အဆင်သင့် စီမံပြုလုပ်ထားကြရသည်။ စားပွဲတန်းကြီးပေါ် တန်းစီချထားသည့် မဟာဒုက်ဆွမ်းသပိတ်အသီးသီး၌ ဆွမ်းဟင်းလေးခွက်နှင့် ဆွမ်းတစ်ပါးစာသာသာ ထည့်၍ လှူဒါန်းကြပါသည်။

ထို့ပြင် ထိုမြို့နယ် ထိုရပ်ကွက်အတွင်းရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မဟာဒုက်ပွဲတော်ကို နည်းသုံးနည်းဖြင့် အားပေးလှူဒါန်းကြသည်ကိုလည်း တွေ့ရသေးသည်။

ပထမနည်းမှာ စီတန်းချထားသည့် ကုလားထိုင်များတွင် မိမိနှစ်သက်ရာ ကုလားထိုင်နံပါတ်ကို မှတ်သား၍ ဤကုလားထိုင်၌ သီတင်းသုံးသည့် သံဃာတော်အား ဤပစ္စည်းကို လှူပေးပါဟု သင်္ကန်း၊ ထီး၊ ဖိနပ်၊ မျက်နှာသုတ်စောင်၊ လက်ကိုင်ပဝါ စသည့် ပစ္စည်းများကို အသင်းလူကြီးများထံ အပ်နှံမှာကြား၍ လှူဒါန်းခြင်း ဖြစ်သည်။

ဒုတိယနည်းမှာ စီတန်းချထားသည့် မြသပိတ်ကလေးများပေါ်တွင် ငွေ၊ ဆေးထုပ်၊ ဆေးဘူး၊ သစ်သီး စသော လှူဖွယ်ပစ္စည်းများကို ပံ့သကူအဖြစ် တင်ထား၍ လှူဒါန်းခြင်းဖြစ်သည်။ တတိယနည်းမှာ အသင်းကမဲဖောက်လှူဒါန်းသည့်အထဲသို့ ပါဝင်လှူဒါန်းခြင်းဖြစ်သည်။

## အရုဏ်တက်ချိန်နှင့် မဟာဒုက်ပွဲ အခမ်းအနား

ထိုနေ့နံနက် အရုဏ်တက်သည်နှင့် တစ်ပြိုင်နက် သံဃာတော်ငါးရာလုံး ဆိုင်ရာဆိုင်ရာ ကုလားထိုင်များ၌ အဆင်သင့်ရောက်ရှိ သီတင်းသုံးတော်မူကြပေပြီ။ အသင်းလူကြီးများကလည်း စေတနာရှင်အချို့လှူဒါန်းထားသည့် လှူဖွယ်ပစ္စည်းများကို စေတနာရှင်များ သတ်မှတ်ထားသည့် ကုလားထိုင်နံပါတ်များအရ သံဃာတော်အချို့ကို ပင့်၍လှူဒါန်းလျက်ရှိနေသည်။

ရပ်ကွက်မှ အမျိုးသမီးကြီးငယ် အသွယ်သွယ်တို့ကလည်း သံဃာတော်များကြွလာလျှင် မဟာဒုက်ဆွမ်းသပိတ်များကို ဆက်ကပ်နိုင်ရန် စားပွဲတန်းကြီးရှေ့တွင် အဆင်သင့် တန်းစီနေရာယူလျက် ရှိကြပါသည်။ ရပ်တော်မူရုပ်ပွားဆင်းတုတော်နှင့် မြသပိတ်တော်တို့ကို ပင့်ဆောင်လာသော လျှပ်စစ်မီးရောင်စုံပူဇော်ထားသည့် မော်တော်ယာဉ်ကား ထိပ်ဆုံးကကြွရန် ရှေ့ဆုံးတွင် အဆင်သင့် ရောက်ရှိနေပေပြီ။

ကုလားထိုင်နံပါတ်မဲကျသည့် သံဃာတော်အချို့အား ပစ္စည်းများအသီးသီး လှူဒါန်းကြပြီးသည့်အခါ သံဃာတော်ငါးရာတို့၏ ဦးစီးမထေရ်ကြီးတစ်ပါးက အသင်းသူ အသင်းသားများနှင့် အလှူရှင်များ အားဩဝါဒတရားအနည်းငယ် ဟောကြားတော်မူပါသည်။ ဩဝါဒတရား

ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ဘုရား အမှူးရှိသော သံဃာတော်ငါးရာတို့ တန်းစီ၍ အမှတ် ၅ ရပ်ကွက်ကို ကြည်ညိုဖွယ်ရာ လှည့်ပတ် ကြွတော်မူကြပါသည်။ ထိုသို့ကြွတော်မူသည်နှင့်တစ်ပြိုင်နက် သံဃာတော်အသီးသီးအား အောင်ဘာလေမဲနှိုက်စေ၍ အသင်းရန်ပုံငွေဖြင့် ဖန်တီးထားသည့် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆပ်ပြာမွှေး၊ ငွေစသော ပစ္စည်းစုံတို့တွင် မဲကျရာပစ္စည်းကို တစ်ပါတည်း လှူဒါန်းလိုက်ကြပါသည်။

သံဃာတော်များ သပိတ်ကိုယ်စီဖြင့် ပြန်ကြွသွားကြသည့်အခါ ဘုရားဒကာ၏ အိမ်ရှေ့ရှိ ဧည့်ခံမဏ္ဍပ်တွင် ဘုရားကိုယ်တော်မြတ်ကြီး ပြန်လည် သီတင်းသုံးပါသည်။ ထိုအချိန်တွင် မြသပိတ်မဟာဒုက် ဆွမ်းလောင်းအဖွဲ့သည် အစီအစဉ်အရ ပင့်ထားသည့် သံဃာတော်ငါးပါး၊ ၁၀ ပါးတို့အား ဆွမ်းကပ်၍ မဟာဒုက် အလှူပွဲ၌ ဆောင်ရွက်ခဲ့ကြသည့် ဒါနကုသိုလ်၊ သီလကုသိုလ် စသည်တို့အတွက် ရေစက်ချဆုတောင်း၍ အမျှပေးဝေကြခြင်း၊ ဘုရားရှင်ကို ပြန်လည်ပင့်ဆောင်ခြင်းတို့ဖြင့် ထိုနှစ်အဖို့ မဟာဒုက်ပွဲတော်ကြီးကို နိဂုံးချုပ်လိုက်ကြပါသည်။

## တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း

ထိုနည်းတူစွာ မြန်မာနိုင်ငံ အရပ်ဒေသ အနှံ့အပြား၌ မဟာဒုက်ပွဲတော်ကို ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ ထုံးစံပွဲတစ်ခုအဖြစ် ပြုလုပ်ကျင်းပလျက် ရှိကြပါသည်။ သို့ရာတွင် 'တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း' ဆိုသကဲ့သို့ ကျင်းပပုံကျင်းပနည်းမှာ တစ်နေရာနှင့်တစ်နေရာ အနည်းငယ် ကွဲပြားခြားနားမှု ရှိပါသည်။

တချို့အရပ်ဒေသများ၌ ယခု ဖော်ပြခဲ့ပြီးသော ရန်ကုန်မြို့၊ ၁၁ လမ်း မြသပိတ် မဟာဒုက်ဆွမ်းလောင်း အဖွဲ့ကဲ့သို့ သံဃာတော်များကို ဆွမ်းသပိတ်များ ဆက်ကပ်ခြင်းမဟုတ်ဘဲ မူလက စာရင်းပေးထားသည့် သံဃာပါးရေအတိုင်း သုံးပါး၊ ငါးပါး၊ ၁၀ ပါး စသည်ဖြင့် သံဃာတော်များကို အိမ်အသီးသီးသို့ ပင့်ဆောင်၍ မဟာဒုက် ဆွမ်းဆက်ကပ်ကြသည်ကို တွေ့ရသည်။

တချို့အိမ်များကမူ မိမိတာဝန် ယူထားသည့် သံဃာတော်များကို ဆွမ်းကပ်ရုံသာ မဟုတ်ဘဲ၊ အခြား လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်း လှူဒါန်းကြပါသည်။ ထို သံဃာတော်များသည် မိမိတို့ကျရာ မဟာဒုက် ဆွမ်းဒကာအိမ်များတွင် သရဏဂုံသီလပေးခြင်း၊ ပရိတ်တရားတော်များကို ချီးမြှင့်ခြင်း၊ ဆွမ်းအနုမောဒနာတရား ဟောကြားခြင်း၊ ရေစက်ချ အမျှပေး ဝေခြင်း စသည့် သာသနာပြုကိစ္စများကို ဆောင်ရွက်ကြပါသည်။

ဘုရားရှင်မဲကို တစ်ရွာလုံး၊ သို့မဟုတ် တစ်ရပ်ကွက်လုံး မဲဖောက်၍ မဲပေါက်သူဘုရားဒကာအား ဘုရားရပ်ပွားဆင်းတုတော်ကို တစ်သက်လုံး ပူဇော်ရန် အပြီးအပိုင်ပေးအပ်လိုက်ကြပေသည်။ ဤသည်မှာလည်း ထူးခြား ချက်တစ်ရပ်ဖြစ်ပါသည်။ မည်သို့ပင် ကျင်းပပုံကျင်းပနည်းများမတူ ကွဲပြား ခြားနားစေကာမူ ဗုဒ္ဓယဉ်ကျေးမှုကို ထိန်းသိမ်းသောအားဖြင့် ကုသိုလ်ရေးကို ဦးတည်၍ ပြုလုပ်ကြသည့် သူတော်စင်များ ဖြစ်ရကား ရှေးမြန်မာဗုဒ္ဓ ဘာသာဝင်ကြီးများ တီထွင်ဖန်တီးခဲ့ကြသည့် ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ ထုံးစံပွဲကို ထိန်းသိမ်းသူများအဖြစ် ချီးကျူးဂုဏ်ပြုရမည် ဖြစ်ပါသည်။

## မဟာဒုက်ပွဲနှင့် အကျိုးတရား

မဟာဒုက်ဆွမ်းအလှူပွဲကို ကျင်းပပြုလုပ်ခြင်းကြောင့် ရရှိနိုင်သည့် အကျိုးတရားများကို အလှူရှင်အလိုက် နှစ်မျိုးခွဲခြား၍ တင်ပြပါမည်။ ပထမအမျိုးအစားမှာ မဟာဒုက်ဆွမ်းလောင်း အဖွဲ့သူအဖွဲ့သားများ ဖြစ်၍ ဒုတိယ အမျိုးအစားမှာ မဟာဒုက်ဆွမ်းဒကာများ ဖြစ်ပါသည်။ မဟာဒုက် အဖွဲ့သူအဖွဲ့သားများသည် မိမိကိုယ်တိုင်လည်း လှူဒါန်းသည်၊ သူတစ်ပါး တို့ကိုလည်း လှူဒါန်းအောင် နှိုးဆော်တိုက်တွန်းကြသည်။ ထို့ကြောင့် မဟာဒုက်အစတွင် ဘုရားရှင်ဟောတော်မူထားသည့်အတိုင်း မိမိကိုယ်တိုင် လှူဒါန်းသည့်အတွက် ဖြစ်လေရာဘဝတို့၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာ သူများ ဖြစ်နိုင်ပါသည်။

သူတစ်ပါးတို့ကို တိုက်တွန်း နှိုးဆော်ခြင်းအတွက် တပည့် သား သမီး ကျေးကျွန်အခြွေအရံ ပရိသတ်များ ပေါများနိုင်ပေသည်။ သူတစ်ပါး

ကို တိုက်တွန်းမှုမရှိသည့် မဟာဒုက်ဆွမ်း ဒကာများမှာမူ သားသမီး အခြွေ အရံပရိသတ်များ ပေါများခြင်း အကျိုးကို မရနိုင်ဘဲ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာခြင်း အကျိုးကိုသာ ရရှိနိုင်ပါသည်။ ဤသည်မှာ မဟာဒုက်ပွဲကြောင့် ရရှိသည့် ထူးခြားသော အကျိုးတရားများ ဖြစ်ပါသည်။

ထို့ပြင် မဟာဒုက်ကုသိုလ်ရှင်များအား မည်သည့်ကုသိုလ်တရားများ ဖြစ်ပွား၍ မည်သည့်အကျိုးအမြတ်များ ရရှိနိုင်သည်ကိုလည်း ကျမ်းဂန်နှင့်အညီ စိစစ်တင်ပြပါဦးမည်။ မဟာဒုက်အလှူရှင်များမှာ သံဃာတော် ၅၀၀ အတွက် ဆွမ်းကိစ္စနှင့် အခြားလှူဖွယ်တန်းဖွယ်ကိစ္စ စသည်များအတွက် မြောက်မြားလှသော အမှုကိစ္စများကို ဆောင်ရွက်ခြင်း ဝေယျာဝစ္စကုသိုလ်၊ ကြွရောက်လာသည့် သံဃာတော်များကို အရိုအသေပေးခြင်း၊ လက်အုပ်ချီခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ နေရာထိုင်ခင်းပေးခြင်း ဟူသော အပစာယနကုသိုလ်၊ ငါးပါးသီလ ခံယူ ဆောက်တည်ခြင်းဟူသော သီလကုသိုလ်တရားများ ဖြစ်ပွားပါသည်။

ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ မျက်နှာသုတ်စောင်၊ လက်ကိုင်ပဝါ၊ ဆေးစသော လှူဖွယ်ပစ္စည်းများကို လှူဒါန်းခြင်း၊ ဘုရားဖူးကြွရောက်လာသည့် ဧည့်ပရိသတ်တို့အား စားဖွယ်သောက်ဖွယ် အမည်မည်တို့ဖြင့် ကျွေးမွေးဧည့်ခံခြင်း စသော ဒါနကုသိုလ်များလည်း ဖြစ်ပါသည်။

ထို့ပြင် ပရိတ်တရားတော်ကို နာယူခြင်း ဓမ္မဿဝနကုသိုလ်၊ အမျှပေးဝေခြင်း ပတ္တိဒါနကုသိုလ်၊ သာဓုခေါ်ခြင်း ပတ္တာနုမောဒနကုသိုလ်တို့နှင့် ဂါရဝမင်္ဂလာ၊ ဒါနမင်္ဂလာ၊ ပူဇာစ ပူဇနေယျာနမင်္ဂလာ၊ ကာလေနဓမ္မဿဝနမင်္ဂလာကုသိုလ်တရားများလည်း ဖြစ်ပွားကြပါသည်။

ထိုကုသိုလ်တရားများတွင် ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ဝေယျာဝစ္စဆောင်ရွက်ခြင်းနှင့် အပစာယနကုသိုလ်တို့ကား သီလကုသိုလ်များဖြစ်ပါသည်။ ထိုသီလကုသိုလ်ကြောင့် ဓမ္မပဒပါဠိတော်၊ အာယုဝဍ္ဎနသတို့သားဝတ္ထု၌ ဘုရားရှင်ဟောတော်မူထားသည့်အတိုင်း အသက်ရှည်ခြင်း၊ ကိုယ်အရည်အသွေး စိုပြည်လှပခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ

ချမ်းသာခြင်း၊ အားခွန်ဗလနှင့် ပြည့်စုံခြင်းတို့သည် အကျိုးလေးမျိုးကို မျက်မှောက် တမလွန် နှစ်တန်သောဘဝ၌ ရရှိနိုင်ပါသည်။

ဒါနကုသိုလ်၊ သီလကုသိုလ်မှန်သမျှ လူ့ဘုံ နတ်ဘုံဟူသော သုဂတိဘုံဘဝတို့၌ ဖြစ်ရခြင်း(ဘဝသမ္ပတ္တိ)၊ ထိုဖြစ်ရာဘဝတို့၌ ပစ္စည်း ဂုဏ်သိန် စည်းစိမ်ချမ်းသာတို့နှင့်ပြည့်စုံခြင်း (ဘောဂသမ္ပတ္တိ) အကျိုးနှစ် မျိုးစလုံးတို့ ပေးနိုင်သည့်အပြင် ဝတ္ထုပစ္စည်းအားလျော်စွာ ထူးခြားသော အကျိုးများကိုလည်း ပေးနိုင်ပါသည်။

ထို့ကြောင့် ဆေးပစ္စည်းများကို လှူဒါန်းသူအား ရှင်ဗာကုလ မထေရ်ကဲ့သို့ ကျန်းမာရေးကောင်းခြင်း၊ အသက်ရှည်ခြင်း အကျိုးထူးကို ရနိုင်သကဲ့သို့ စာအုပ်စာပေများကို လှူဒါန်းသူအား ပညာသင်ကြားရေး၌ အဆင်ပြေခြင်း၊ ပညာအရ ထူးချွန်ခြင်းဟူသော အကျိုးထူးများကိုလည်း ရရှိနိုင်ပါသည်။

ဆွမ်းစသော အစာအာဟာရများကား သင့်တင့်စွာ မှီဝဲ သုံးဆောင် သူမှန်သမျှအား ကိုယ်စိတ်နှစ်ဖြာကိုလည်း ချမ်းသာစေနိုင်၏။ အသက်ကို လည်း ရှည်စေနိုင်၏။ အားအင်နှင့်လည်း ပြည့်စုံစေနိုင်၏။ ကိုယ်အရောင် အဆင်းကိုလည်း စိုပြည်လှပစေနိုင်၏။ ထို့ကြောင့် ဆွမ်းစသော အာဟာရ များကို လှူဒါန်းသူများသည် အသက်ရှည်ခြင်း စသည်တို့ကို ပေးကမ်း လှူဒါန်းရာရောက်ရကား အကြောင်းအားလျော်စွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြောင်း စသည့် အကျိုးထူးများကို ရရှိခံစားရမည်ဖြစ် ကြောင်း ပဥ္စကအင်္ဂုတ္တရ ပါဠိတော်၌ ဘုရားရှင် ဟောတော်မူထားပါသည်။

## ဒိဋ္ဌဓမ္မ အကျိုးပေးနိုင်သလား

ဤနေရာ၌ 'ယခုခေတ် မဟာဒုက်ဆွမ်းအလှူရှင်တို့အား ဆင်းရဲ သားကြီး မဟာဒုက်ကဲ့သို့ ရတနာမိုး ရွာသွန်းဖြိုးပြီး ဒိဋ္ဌဓမ္မ အကျိုးမပေး နိုင်ဘူးလား' ဟု မေးစရာရှိပါသည်။ အဖြေမှာ မိမိ ဆည်းပူးပြုလုပ်သော ဒါနကုသိုလ်ကံစေတနာသည် ဒိဋ္ဌဓမ္မအကျိုးပေးနိုင်သည့် အင်္ဂါရပ်များနှင့် ညီညွတ်ပါမှ အကျိုးပေးနိုင်ပါသည်ဟူ၍ ဖြစ်ပါသည်။

အတန်ငယ် ချဲ့ပြပါအံ့၊ ယခုလက်ရှိဘဝ၌ပင် ဒိဋ္ဌဓမ္မအကျိုးကို ပေးနိုင်သောကံမှာ ဒါနပြုစဉ်က စောခဲ့သော ကုသိုလ်ဇော ခုနစ်ကြိမ်အနက် ပထမဇော စေတနာဇော ဖြစ်ပါသည်။ ထိုစေတနာကို 'ဒိဋ္ဌဓမ္မ ဝေဒနီယ' ကံဟု ခေါ်ပါသည်။ ထိုပထမဇောစေတနာသည် ဇောခုနစ်ကြိမ်တွင် အစဆုံးဖြစ်ရသည့်အတွက် မိမိရှေ့ကဖြစ်သော သဘောတူ နာမ်တရား၏ အာသေဝနသတ္တိဖြင့် ထောက်ပံ့ကူညီချက်ကို မရသောကြောင့် အခြားဇောခြောက်ကြိမ်လောက် အားမကောင်းပါ။

ထို့ကြောင့် အခြားဇောများ (အလယ်ဇောငါးခုနှင့် သတ္တမဇော) ကဲ့သို့ ပဋိသန္ဓေကျိုးကို ရွက်ဆောင်၍ ဘဝတစ်မျိုးဖြစ်အောင် မထူထောင်နိုင်ဘဲ ယခုဘဝ၌ စည်းစိမ်ဥစ္စာရတနာ တိုးတက်ခြင်း စသည့် ပဝတ္တိကျိုးမျှကိုသာ ပေးစွမ်းနိုင်ပါသည်။ ထို အဓိပ္ပာယ်ကိုရည်၍ ကျမ်းဂန်များ၌ ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးပေးပုံကို သစ်ပင်ကြီး၌ နောက်တစ်ဆင့် မျိုးစေ့ရဖို့ အသီးမသီးဘဲ အပွင့်ပွင့်ရုံမျှ ပွင့်ပုံနှင့် သဘောတူသည်ဟု ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။ သို့သော် ထိုပထမဇော စေတနာသည် ထိုဒိဋ္ဌဓမ္မအကျိုးကို အကြောင်းအထောက်အပံ့များစွာ စုံညီမှ ပေးနိုင်ပါသည်။ ထိုအကြောင်းများမှာ –

၁။ ကုသိုလ်ဖြစ်လျှင် ဆန့်ကျင်ဘက်အကုသိုလ်တရားတို့၏ လွှမ်းမိုးနှိပ်စက် နှောင့်ယှက်မှုကို မခံရခြင်း၊

၂။ ဝတ္ထု၊ ခေတ္တ၊ အဇ္ဈာသယ၊ ဂုဏာတိရေက ဟူသော အကြောင်းထူးလေးရပ်၏ ထောက်ပံ့ကူညီမှုကို ရခြင်း၊

၃။ ကုသိုလ်ပြုစဉ်က ဆန္ဒရှိလျှင် သည်အမှုမျိုး ဘာကြောင့် မဖြစ်နိုင်ဘဲ ရှိအံ့နည်း စသည်ဖြင့် နောက်စိတ်ထက်သန်အောင် ရှေ့အဖို့က ပြုပြင်မှုကြောင့် လွန်ကဲသောသတ္တိရှိခြင်းတို့ ဖြစ်ပါသည်။

ထိုတွင် အမှတ် ၂ ၌ –

၁။ ဝတ္ထု စသည်တို့ကား တရားသဖြင့် ရှာဖွေ၍ရသည့် လှူဖွယ်ဝတ္ထုပစ္စည်း ဖြစ်ရခြင်း=ဝတ္ထုသမ္ပဒါ။

၂။ အလှူခံပုဂ္ဂိုလ်များမှာ အနာဂါမ်၊ ရဟန္တာ၊ ဘုရား တစ်ပါးပါး ဖြစ်ရခြင်း=ခေတ္တသမ္ပဒါ။

၃။ အလှူရှင်က ပုဗ္ဗ၊ မုဉ္စ၊ အပရစေတနာသုံးဖြာစလုံး ထက်သန်ရခြင်း=အဇ္ဈာသယသမ္ပဒါ။

၄။ အလှူခံပုဂ္ဂိုလ်သည် နိရောဓ သမာပတ်မှ ထပြီးဖြစ်၍ လွန်ကဲသော ဂုဏ်ထူးနှင့် ပြည့်စုံရခြင်း=ဂုဏာတိရေကတာတို့ ဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့ ဆည်းပူးပြုလုပ်ကြသော ဒါနကုသိုလ်ကံ ပထမဇော စေတနာသည် ဆိုခဲ့ပြီးသော အင်္ဂါရပ်များနှင့် ညီညွတ်ခဲ့ပါမူ ယခုလက်ရှိဘဝမှာပင် ကေန်မုချအကျိုးပေးမည် ဖြစ်ပါသည်။ အကယ်၍ အကြောင်းမညီညွတ်သဖြင့် ဧနကသတ္တိဖြင့် မိမိကိုယ်တိုင် အကျိုးမပေးနိုင်စေကာမူ ကောင်းသတင်း ကျော်စောထင်ရှားခြင်း၊ ဘုန်းကံကြီးမားခြင်း၊ အရောင်းအဝယ်ကောင်းခြင်း၊ ဘေးအန္တရာယ်ကို ကာကွယ်ခြင်း စသော အကျိုးတရားများဖြစ်ပွားအောင် အတိတ်ကုသိုလ်ကံကို ဥပထမ္ဘကသတ္တိဖြင့် ထောက်ပံ့ပေးနိုင်ပေသည်။ ဤသည်မှာ ကုသိုလ်ဒါနပြုစဉ်က ဖြစ်ပေါ်ဥပဒ်ခဲ့သော ပထမဇော စေတနာကိုသာ ဆိုခြင်းဖြစ်ပါသည်။

သတ္တမဇော စေတနာနှင့် အလယ်ဇောငါးချက်တို့မှာမူ နောက်ဒုတိယဘဝ၊ တတိယ ဘဝ စသည်တို့၌ ထိုက်သည့်အားလျော်စွာ သုဂတိဘဝသို့ ပို့ဆောင်ပေးခြင်း (ဘဝသမ္ပတ္တိ)၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း (ဘောဂသမ္ပတ္တိ) ဟူသော အကျိုးတို့ကို ပေးနိုင်ပါသည်။

ဤသို့လျှင် မဟာဒုက်ဆွမ်းအလှူပွဲကို ကျင်းပပြုလုပ်ကြခြင်းသည် ပြုလုပ်ကျင်းပသူတို့၌ ဒါနကုသိုလ်၊ သီလကုသိုလ် စသော ကောင်းမှုကုသိုလ်တရားများ ဖြစ်ပွားသည့်အပြင် ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံတစ်ခုကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ရှေးဗုဒ္ဓဘာသာဝင် မြန်မာကြီးများ ပိဋကကျမ်းဂန်နှင့်အညီ တီထွင် ဖန်တီးထားခဲ့သော

မဟာဒုက်ပွဲခေါ်သည့် ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံပွဲကို စဉ်လာမပျက် ဆက်လက် ကျင်းပပြုလုပ်သင့်ကြပေသည်။

❒

# ရှင်ပြုမင်္ဂလာပွဲ

## ရှင်နှင့် သာမဏေ

မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်တို့၏ ရှင်ပြုမင်္ဂလာအလှူပွဲကား ဗုဒ္ဓယဉ်ကျေးမှုပွဲတစ်ပွဲဖြစ်ပါသည်။ ရှင်ပြုခြင်းဆိုသည်မှာ သာမဏေပြုလုပ်ပေးခြင်းပင်ဖြစ်သည်။ ရှင်ဟူသော နာမည်သည် သာမဏေ၏ နာမည်တစ်မျိုးဖြစ်၏။ မြန်မာဗုဒ္ဓဘာသာဝင်တို့က သာမဏေကို ရှင်၊ ကိုရင်၊ မောင်ရင်၊ ရှင်သာမဏေဟု အမျိုးမျိုးခေါ်ကြသည်။ ထိုတွင် ရှင် ဟူသော မျက်မှောက်ခေတ်သုံး စကားလုံးသည် ပုဂံခေတ်သုံး 'သင်' ဟူသော စကားလုံးမှ သင်ကြီး၊ သျှင်ကြီး၊ လျှင်ကြီး၊ ရှင်ကြီး စသည်တို့ကဲ့သို့ အဆင့်ဆင့် ပြောင်းလဲဆင်းသက်လာသော ဝေါဟာရဖြစ်သည်ဟု စာပေပညာရှင်များ ဆိုကြ၏။ ထို့ကြောင့် ရှင်ဟူသော ဝေါဟာရသည် 'ရှင်ဘုရင်ကြီး၊ ရှင်ကြီး၊ ဘုရားရှင်' စသည်တို့၌ ပါရှိသော ရှင်ပုဒ်ကဲ့သို့ 'မြင့်မြတ်သူ' ဟု အဓိပ္ပာယ်ရှိပေသည်။

သာမဏေ ဟူသော ဝေါဟာရသည် 'သာမဏေရ' ဟူသော ပါဠိမှ ဆင်းသက်လာသော မြန်မာဝေါဟာရဖြစ်သည်။ အဓိပ္ပာယ်မှာ ရဟန်းတို့၏ သားတော်များသဖွယ်ဖြစ်သူများဟု ဆိုလိုပေသည်။ အမှန်အားဖြင့် သာမဏေဆိုသူ ကလေးများမှာ အသက်အရွယ် နုနယ်၍ ရဟန်းပြုရန် အရွယ်မရောက်သေးသည့်အတွက် ရဟန်းမပြုမီ ပဏာမ အဆင့်အနေဖြင့် ရဟန်းများနှင့် အသွင်တူပြုကာ ဆိုင်ရာကျင့်ဝတ်ဥပဒေ အနည်းငယ်မျှ

ကိုသာ လိုက်နာကျင့်သုံးကြရသည့် မြင့်မြတ်သူကလေးများ ဖြစ်သည်။ ထို့ကြောင့် မြင့်မြတ်သည့် ပုဂ္ဂိုလ်ငယ်များအဖြစ်ဖြင့် သာမဏေကို 'ရှင်'ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

မြန်မာလူမျိုးတို့သည် အမျိုးသားများ၏ နာမည်ရှေ့တွင် အသက်အရွယ် ဂုဏ်အကြီးအငယ်အလိုက် 'မောင်၊ ကို၊ ဦး' ဟူသော ရှေ့ဆက်ဂုဏ်ပြုပုဒ်တို့ကို ထည့်ကာ သုံးစွဲလေ့ရှိကြ၏။ ထို့အတူ သာသနာတော်၌လည်း ပဥ္စင်းဟူသော နာမည်ရှေ့တွင် 'ဦး' ကိုထည့်၍ ဦးပဥ္စင်းဟုလည်းကောင်း၊ ရှင် ဟူသော နာမည် ရှေ့တွင် 'မောင်၊ ကို' တို့ကို ထည့်၍ 'မောင်ရှင်၊ ကိုရှင်' ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲကြသည်။ ထို ကိုရှင်၊ မောင်ရှင်မှတစ်ဆင့် ကိုရင်၊ မောင်ရင်ဟု ပြောင်းလဲလာကြခြင်း ဖြစ်ပါသည်။

## ရှင်သာမဏေအစ ရာဟုလာက

ရှင်သာမဏေပြုခြင်း၊ ကိုရင်ဝတ်ခြင်းသည် ဘုရားရှင်လက်ထက်တော်ကပင် ရှိခဲ့သော အစဉ်အလာ တစ်ခုဖြစ်သည်။ မြတ်စွာဘုရား သာသနာတော်တွင် ပထမဆုံး သာမဏေဖြစ်လာသူမှာ ဘုရားသားတော် ရာဟုလာကလေးဖြစ်သည်။ ဗုဒ္ဓမြတ်စွာ ဘုရားဖြစ်ပြီးနောက် ပထမဆုံး အကြိမ် နေပြည်တော် ကပိလဝတ်သို့ ကြွရောက် သီတင်းသုံးတော်မူစဉ် သားတော်ရာဟုလာ အမွေလာတောင်း၍ ဘုရားရှင်က လောကုတ္တရာအမွေအဖြစ်ဖြင့် သားတော်ကို သာမဏေဝတ်ပေးလိုက်ခြင်း ဖြစ်ပေသည်။

ထိုစဉ်အခါက ဘုရားသားတော် ရာဟုလာအား သာမဏေပြုပေးရန် တာဝန်ကျသည့်ပုဂ္ဂိုလ်မှာ လက်ယာတော်ရံ အဂ္ဂသာဝကကြီး အရှင်သာရိပုတ္တရာမထေရ်ဖြစ်သည်။ အရှင်သာရိပုတ္တရာမထေရ်က 'ရာဟုလာအား မည်သို့မည်ပုံ သာမဏေပြုပေးရပါမည်နည်း' ဟု လျှောက်ထားရာ ဘုရားရှင်က 'ရဟန်းတို့ သရဏဂုံသုံးပါးတို့ဖြင့် ရှင်သာမဏေအဖြစ်ကို ငါဘုရားခွင့်ပြုတော်မူ၏' စသည်ဖြင့် ပြုပုံပြုနည်း အစီအစဉ်နှင့်တကွ ခွင့်ပြုမိန့်ကြားတော်မူသည်။ ထိုညွှန်ကြားတော်မူချက်အတိုင်း သားတော်

ရာဟုလာကို သာမဏေ ပြုပေးလိုက်ရာမှစ၍ သာသနာတော်တွင် ရှင်သာမဏေ စတင်ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။

## မြန်မာတို့ ရှင်ပြုခြင်းဓလေ့

သို့ရာတွင် ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါက ဗုဒ္ဓဘာသာဝင် ယောက်ျားလေးတိုင်းကို ရှင်ပြုပေးရမည်ဟု စည်းကမ်းသတ်မှတ်ထားချက်လည်းမရှိ။ ဓလေ့ထုံးစံလည်း မရှိခဲ့ပါချေ။ မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွား ထွန်းကားလာသည့်အချိန်တွင် ဘာသာယဉ်ကျေးမှုများသည် မြန်မာ့ယဉ်ကျေးမှုအသွင်သို့ တစ်စတစ်စ ပြောင်းလဲလာကြသည်။ ထိုဘာသာယဉ်ကျေးမှုများတွင် မြန်မာတို့၏ ရှင်ပြုခြင်းဓလေ့သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အမြော်အမြင် ကြီးမားတော်မူကြသည့် ရှေးရှေးဆရာတော်ဘုရားကြီးများသည် အရွယ်ရောက်သည့် ဗုဒ္ဓဘာသာယောက်ျားကလေးတိုင်းကို ရှင်ပြုပေးကြရမည်ဟု အတင်းအကျပ် စည်းကမ်းသတ်မှတ်တော် မမူကြသော်လည်း မြန်မာဗုဒ္ဓဘာသာဝင်များလောကတွင် ရှင်ပြုပေးခြင်းကို ဓလေ့ထုံးစံတစ်ခုဖြစ်လာအောင် ဘာသာရေးခေါင်းဆောင် လူဒါယကာများ၏အကူအညီဖြင့် ခေတ်အဆက်ဆက် ပညာပေးစည်းရုံးခဲ့ဟန် ရှိပေသည်။

ရှေးမြေရှင်ပဒေသရာဇ်ခေတ် ပညာရေးမှာ ဘုန်းကြီးကျောင်းပညာရေးစနစ် ဖြစ်၍ နိုင်ငံတော်၏ ပညာရေးကို ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက ချုပ်ကိုင်ထားရကား ဘုန်းတော်ကြီးများ၏ တန်ခိုး အာဏာ ဩဇာအရှိန်အဝါသည် မင်းနေပြည်တော်မှ ကျေးလက်တောရွာကလေးများအထိ ပျံ့နှံ့လျက်ရှိခဲ့သည်။

မြန်မာဘုရင် အဆက်ဆက်ပင် ထီးတော်ရိပ်ဖွား သားတော်များကို ကျမ်းတတ်အကျော် ဆရာတော်များထံ အပ်နှံ၍ စာပေ သင်ကြားစေသည့်အပြင် ဝါဆိုလဆန်း ၁၄ ရက်၊ ၁၅ ရက်နေ့များတွင် ရာသီပွဲတော်အဖြစ် အစုလိုက်အပြုံလိုက် ရှင်ပြုပဉ္စင်းခံပွဲများ တခမ်းတနား ကျင်းပပြုလုပ်လေ့ရှိခဲ့ကြသည်။

ထို့ကြောင့် ရှေးဘုန်းတော်ကြီးများနှင့် ဘာသာရေးခေါင်းဆောင် လူဒါယကာများ၏ စည်းရုံးရေးမှာ တဖြည်းဖြည်း တိုးတက်အောင်မြင်မှု ရခဲ့၍ အရွယ်ရောက်သူ ဗုဒ္ဓဘာသာဝင် ယောကျ်ားကလေးတိုင်းအား ရှင်ပြု ပေးရသည့် ဓလေ့ထုံးစံသည် မြန်မာဗုဒ္ဓဘာသာလောကတွင် ထွန်းကား တိုးတက်လာခဲ့ပေသည်။ ယခု မျက်မှောက်ခေတ်၌ကား 'ရှင်မပြုရသေး လျှင် အိမ်ထောင်ပင် မပြုကောင်း' ဟု ခံယူကြသည့် အဆင့်အထိ ရှင် ပြုခြင်းဓလေ့သည် အခိုင်အမာရပ်တည်လျက် ရှိနေပေပြီ။

## ရှင်ပြုခြင်း၏ ရည်ရွယ်ချက်များ

ယင်းသို့ ရှေးဘုန်းတော်ကြီးများသည် ရှင်ပြုခြင်းကို ယဉ်ကျေးမှု ဓလေ့ထုံးစံတစ်ခုဖြစ်လာအောင် ကြိုးပမ်းကြရာ၌ အဓိကရည်ရွယ်ချက် ကြီးသုံးခု ထားရှိခဲ့ကြပါသည်။ ထိုရည်ရွယ်ချက်ကြီးများမှာ –

၁။ သာသနာ့ အမွေခံမှု စသော ကုသိုလ်များကို ရရှိရန်၊

၂။ သာသနာ့ဘောင်၌မြဲခဲ့လျှင် သာသနာ စည်ပင်ပြန့်ပွား တိုး တက်ရန်၊

၃။ သာသနာ့ဘောင်၌ မမြဲခဲ့လျှင် ဘာသာယဉ်ကျေးမှုများကို လူ့ဘောင်တွင် အသုံးချနိုင်ရန်တို့ဖြစ်ပါသည်။

အထက်ပါ ရည်ရွယ်ချက်များကို လေ့လာကြည့်ပါက ရှေး ဘုန်းတော်ကြီးများသည် ရှင်ပြုခြင်းဓလေ့၌ ကုသိုလ်ရေး၊ သာသနာတော် စည်ပင်ပြန့်ပွားရေးဟူသော ဓမ္မကြောင်းများ၌သာမက လူ့ဘောင်လူ့ လောကတွင် ဘာသာယဉ်ကျေးမှုများကို အသုံးချနိုင်ရေးဟူသော လောက ကြောင်း၌လည်း အကျိုးများရန် ဦးတည်ချက် ထားတော်မူသည်ကို တွေ့ရ သည်။ ထို့ကြောင့် ရှင်ပြုခြင်းသည် လောကဓမ္မ နှစ်ဌာနစလုံးတွင် အကျိုး များသော ဗုဒ္ဓယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်ကြောင်း ထင်ရှားလှပေသည်။

မှန်ပါသည်၊ ရှင်တော်ဗုဒ္ဓသည် ယောကျ်ားလေးများအား အသက် ၁၅ နှစ်ပြည့်မှ ရှင်ပြုပေးရမည်ဟု ပထမ ပညတ်တော်မူခဲ့ပါသည်။ ယောကျ်ားလေးများအဖို့ ၁၅ နှစ်အရွယ်သည် လူပျိုဖော်ဝင်စအချိန်

ဖြစ်သည်။ ထိုအချိန်မှာ ကလေးဘဝကို စွန့်လွှတ်၍ လူကြီးဘဝသို့ ကူးပြောင်းရန် အရှိန်ယူနေရသော အချိန်ဖြစ်သောကြောင့် ရုပ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများနှင့် နာမ်ပိုင်းဆိုင်ရာတို့ အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက် ရှိနေကြသည်။

ရုပ်ပိုင်းဆိုင်ရာတွင် ကိုယ်ကာယများ သန်မာဖွံ့ဖြိုးထွားကျိုင်း လာပြီး အသံ ရုပ်များ တစ်မျိုး ပြောင်းလဲလာ၏။ အရည်အသွေးများ တောက်ပရွှန်းစိုလာ၏။ နာမ်ပိုင်းဆိုင်ရာ၌လည်း စွန့်စားလိုသောစိတ်၊ စူးစမ်းချင်သောစိတ်၊ တစ်ဇွတ်ထိုးလုပ်ချင်သောစိတ်၊ မိမိကိုယ်ကို အားကိုးချင်သောစိတ် စသည်တို့ ဖြစ်ပေါ် လှုပ်ရှားလာ၏။ လူ့ဘဝတွင် သည်အချိန်သည် အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် အချိန်ဖြစ်၍ အလွန် အရေးကြီးလှပေသည်။

ထိုအချိန်တွင် မြန်မာ ကလေးသူငယ်များကို ရှင်သာမဏေ ပြုပေးခြင်းသည် အလွန်အဓိပ္ပာယ်ရှိပေသည်။ အမှန်စင်စစ် ထိုအရွယ်တွင် ရှင်ပြုပေးခြင်းသည် ကုသိုလ်ရရေးအပြင်၊ စိတ်ဓာတ် ပြောင်းလဲတက်ကြွနေသော မြန်မာလူငယ်များအား နောင်အနာဂတ်ကာလတွင် လူကြီးလူကောင်း လက္ခဏာများကို ပီပီပြင်ပြင် သရုပ်ဖော်နိုင်အောင် ဘာသာ ယဉ်ကျေးမှု အမွေများကို မြန်မာ့ယဉ်ကျေးမှုအသွင်ဖြင့် ပုံသွင်းပေးခြင်းပင် ဖြစ်သည်။

ရှင်သာမဏေဘဝတွင် သေခိယကျင့်ဝတ် ၇၅ ပါးအတိုင်း လိုက်နာ ကျင့်သုံးရသဖြင့် စားဝတ်နေရေးတွင် ယဉ်ယဉ်ကျေးကျေးနှင့် စနစ်တကျ စားတတ်ဝတ်တတ် နေတတ်ထိုင်တတ် ရှိသွား၏။ တစ်ဦးနှင့်တစ်ဦး ရိုသေလေးစားရခြင်း၊ ငဲ့ညှာသနားရခြင်း၊ ဝတ်ကြီးဝတ်ငယ် ပြုပေးရခြင်း၊ စုပေါင်း ဆောင်ရွက်ရခြင်း စသည့် ဘုန်းကြီးကျောင်း ယဉ်ကျေးမှုများကို လည်း ရရှိသွား၏။

တစ်နေ့နှစ်ကြိမ် ဘုရားဝတ်ပြုရခြင်း၊ ပုတီးစိပ်ရခြင်း၊ စာပေ လေ့လာကျက်မှတ်ရခြင်း စသည်တို့ကို သူ့အချိန်နှင့်သူ အချိန်မှန်မှန် ပြုရသဖြင့် စည်းကမ်းစနစ်ရှိမှု အလေ့အကျင့်ကို ရရှိ၏။ ရှေးဘုန်းကြီး ကျောင်း ပညာရေးစနစ်အရ လောကဝတ်၊ ရာဇဝတ်၊ ဓမ္မဝတ်ဆိုင်ရာ

စာပေအမျိုးမျိုးကို လေ့လာဖတ်ရှုရသဖြင့် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး စသည်တို့၌ ဗဟုသုတ အထိုက်အလျောက် ရရှိသွားကြပေသည်။

ထို့ကြောင့် ရှင်လူထွက်လာသည့်အခါ ဘုန်းကြီးကျောင်းက သင်ကြားလေ့ကျင့်ပေးလိုက်သည့် ဗုဒ္ဓယဉ်ကျေးမှုများဖြင့် လူ့ဘောင်လောကတွင် နေရာတကာ လူကြီးလူကောင်း တစ်ယောက်အဖြစ် ယဉ်ကျေးစွာ ခေါင်းဆောင်နိုင်ကြပေသည်။

## ရှေးခေတ် ရှင်ပြုပုံ

ရှင်ပြုခြင်းဆိုသည်မှာ ဆံချ(ခေါင်းရိတ်)ပေးမှု၊ သင်္ကန်းဝတ်ပေးမှု၊ သရဏဂုံပေးမှု ဤသုံးခုကို ပေါင်းစပ်၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ ထိုသုံးပါးကား ရှင်ပြုရာ၌ အရေးအကြီးဆုံးသော အဆင့် သုံးဆင့်ဖြစ်သည်။ ထိုသုံးဆင့်တွင် ရှင်လောင်းအား ဆံချပေးမှု၊ သင်္ကန်းဝတ်ပေးမှု နှစ်ဆင့်မှာ လွယ်သော်လည်း သရဏဂုံပေးမှု အဆင့်၌ကား ဌာန်ကရိုဏ်းကျကျ ပီပီသသ ပေးနိုင်ယူနိုင်ဖို့ရာ ခဲယဉ်းလှသည်။

သရဏဂုံ ပေးသူယူသူ ဆရာတပည့် နှစ်ဦးစလုံး ဌာန်ကရိုဏ်းကျကျ ပီသစွာ ပေးနိုင်ယူနိုင်ကြပါမှ သာမဏေစစ်စစ် ဖြစ်နိုင်သည်။ သာမဏေစစ်စစ်ဖြစ်ပါမှ သာသနာ့အမွေခံလည်းဖြစ်၊ ရှင်ပြုရကျိုးလည်း နပ်သည်။ ထို့ကြောင့် ရှေးခေတ်မြန်မာဗုဒ္ဓဘာသာဝင်ကြီးများသည် အကာပိုင်းဖြစ်သည့် ပကာသနအလုပ်များကို အဓိကမထား၊ ရှေ့တန်းမတင်ဘဲ ရှင်သာမဏေစစ်စစ်ဖြစ်မြောက်ရေးဆိုသည့် အနှစ်သာရပိုင်းကိုသာ ရှေ့တန်းတင်ခဲ့ကြသည်။ ဦးစားပေးခဲ့ကြသည်။

ရှင်ပြုခြင်းနှင့် ပတ်သက်၍ ရှေးဟောင်း မြန်မာ့ယဉ်ကျေးမှုကို လေ့လာလျှင် –

'ချစ်တဲ့သူ၊ သူငယ်ချင်းကောင်း ယောက်မတို့လေ၊ ကြင်ချင်းငယ်မှ ရည်တူ၊ ရှင်လူထွက်သစ်၊ ၁၆ နှစ် ကယ်က ချစ်တဲ့သူကိုတဲ့။ ရှင်လူထွက်သစ် ၁၃ နှစ်က ချစ်တဲ့သူကို'

စသော တောင်တွင်းရှင်ငြိမ်းမယ်၏ ရာပြည့် အိုင်ချင်းများအရ ရှေးခေတ်က ဗုဒ္ဓဘာသာဝင် မိဘရှင်တို့သည် ၁၃ နှစ်အရွယ်မှ ၁၆ နှစ် အရွယ်အတွင်းရှိ သားငယ်များကိုသာ ရှင်ပြုပေးလေ့ရှိကြသည်ကို တွေ့ရ သည်။ ဒုတိယကမ္ဘာစစ်ပွဲကြီး ဖြစ်ပွားလာသည့်အချိန်အထိ အများအားဖြင့် လူပျိုဖော်ဝင်ချိန် ရောက်သူများကိုသာ ရှင်ပြုပေးလေ့ ရှိကြသည်ကို သတိ ထားမိပါသည်။

ထိုအသက်အရွယ်ရှိ လူငယ်များသည်သာ သရဏဂုံကို ဌာန် ကရိုဏ်းကျကျ ပီပီသသ ရွတ်ဆိုနိုင်ကြသည်။ လိင် ၁၀ ပါး၊ ဒဏ် ၁၀ ပါး၊ သေခိယကျင့်ဝတ် ၇၅ ပါး၊ ခန္ဓကဝတ် ၁၄ ပါး ဟူသော ကျင့်ဝတ်များ ကိုလည်း လိုက်နာကျင့်သုံးနိုင်ကြသည်။ ပုတီးစိပ်ခေါ် ပစ္စဝေက္ခဏာ လေးပုဒ်ကိုလည်း ဉာဏ်ဖြင့် သက်ဝင် ဆင်ခြင်နိုင်ကြသည်။ ထိုစဉ်အခါက ရှင်ပြုတော့မည်ဆိုလျှင် ရှင်လောင်းများအား အနည်းဆုံး တစ်လခန့် ကြိုတင်၍ ဘုန်းတော်ကြီးကျောင်းများသို့ တစ်နေကုန်သော်လည်းကောင်း၊ ကျောင်းအိပ်ကျောင်းစားအဖြစ် ပို့အပ်၍သော်လည်းကောင်း သင်္ကန်း တောင်း၊ သရဏဂုံ၊ ပုတီးစိပ် စသည်တို့ကို စနစ်တကျ သင်ယူလေ့ကျင့် စေသည်။

ယင်းသို့ ကြိုတင် ပြင်ဆင်ထားမှုကြောင့် ရှင်ပြုသည့်အခါ ရှင်လောင်းများသည် သရဏဂုံယူမှုစသော ကိစ္စများ၌ တစ်စုံတစ်ရာ အပြစ် ဆိုဖွယ်မရှိ၊ လွယ်လွယ်ကူကူ ရှင်သာမဏေ ဖြစ်သွားနိုင်ကြသည်။ ရှင်သာမဏေ ဖြစ်သွားသည့်အခါ၌လည်း အနည်းဆုံး တစ်ဝါ သာမဏေ ဘဝနှင့် နေကြရသည်။ ထိုတစ်ဝါအတွင်း ဘုန်းကြီးကျောင်းက သင်ကြား ပေးသည့် ဘာသာယဉ်ကျေးမှု ပညာရပ်များကို လေ့လာဆည်းပူးကြရ သည်။

ထို့ကြောင့် ရှေးခေတ်ရှင်ပြုနည်းကဲ့သို့ ဘုရားရှင်၏ မူလပညတ် တော်အတိုင်း လူပျိုဖော်ဝင်ချိန် ၁၅ နှစ်သား အရွယ်ရောက်မှ ရှင်ပြု ပေးခြင်းသည် အကျိုးအရှိဆုံး ရှင်ပြုခြင်း၏ ရည်ရွယ်ချက်နှင့် အကိုက် ညီဆုံး ဖြစ်ပေသည်။

**အလင်းသစ်စာပေ**

## မျက်မှောက်ခေတ် ရှင်ပြုပုံ

မျက်မှောက်ခေတ်ရှင်ပြုပုံကား ရှေးခေတ်ရှင်ပြုပုံနှင့် သိသိသာသာ ကြီး ခြားနားသွား၏။ မျက်မှောက်ခေတ်တွင် အသက်အရွယ် နုနယ်လှသေးသော ၄–၅–၆ နှစ်အရွယ် ကလေးငယ်တို့ကို ဘုန်းကြီးကျောင်းတွင် ကြိုတင်သင်ယူ လေ့ကျင့်မှုမရှိဘဲ အလွယ်တကူ ရှင်ပြုပေးနေကြသည်ကို တွေ့ရ၏။ အသက်ကလည်းငယ် သင်ယူလေ့ကျင့်မှုကလည်း မရှိသဖြင့် သရဏဂုံကို ပီသအောင် မရွတ်ဆိုနိုင်ကြ။ သို့သော် အဝါရောင်သင်္ကန်း ဆင်မြန်းထားသော သာမဏေကလေးကား ဖြစ်သွားကြပေသည်။

ဆွမ်း သင်္ကန်း ကျောင်း ဆေးတို့၌ ဆင်ခြင်ဖွယ်လေးပါးကိုလည်း ဉာဏ်ဖြင့်သက်ဝင်၍ မဆင်ခြင်တတ်ကြ၊ လိင် ၁၀ ပါး၊ ဒဏ် ၁၀ ပါး ကိုလည်း နားမလည်၊ သေခိယကျင့်ဝတ်များကိုလည်း လုံးဝမသိချေ။

တချို့ ကိုရင်လေးများမှာ ငယ်လွန်းလှ၍ သင်္ကန်းကို နိုင်နိုင်နင်းနင်း မဝတ်ရုံနိုင်သဖြင့် ကိုယ်တွင် ဖြစ်သလို ချည်ပေးထားကြရာ သာသနာတော်အတွက် ဂုဏ်ပျက်ဖွယ်မြင်ကွင်းတစ်ခု ဖြစ်သည်။ ထို့ကြောင့် ရှေးလူကြီးများက ရှင်ပြုမည်ဟု ဆိုလာလျှင် 'ရှင်လောင်းက သင်္ကန်းနိုင်ပြီလား' ဟု မေးမြန်းခဲ့ကြခြင်းဖြစ်သည်။ ရှေးလူကြီးများ၏ စကားသည် အလွန် အဓိပ္ပာယ်ရှိလှ၏။ ပဓာနနည်းအားဖြင့် သင်္ကန်းကိုသာ ဦးတည်ဆိုသော်လည်း ရှင်နှင့်ဆိုင်ရာ သရဏဂုံ ပီပီသသ ဆိုတတ်မှု၊ ဉာဏ်ဖြင့်သက်ဝင် ဆင်ခြင်၍ ပုတီးစိပ်နိုင်မှု၊ သေခိယနှင့်အညီ ဝတ်တတ်စားတတ် နေထိုင်တတ်မှု၊ လိင်မကျအောင် ဒဏ်မထိအောင် ကျင့်နိုင်မှု စသည်တို့ကိုပါ ရည်ညွှန်းပြောဆိုသောစကား ဖြစ်ပေသည်။

အချို့ပုဂ္ဂိုလ်များက ဘုရားရှင်၏ အလိုတော်ကို သတိမမူဘဲ 'ရဟန်းတို့... ၁၅ နှစ်မပြည့်သေးသော်လည်း မိမိ၏ထမင်းစားခွက်၌ ကျီးလာနှိုက်လျှင် ကျီးပျံအောင် မောင်းနိုင်သော သူငယ်ကို ရှင်သာမဏေ ပြုပေးခြင်းငှာ ခွင့်ပြု၏' ဟူသော ဘုရားရှင်၏ ဒုတိယခွင့်ပြုချက်ကို ညွှန်ပြ၍လည်းကောင်း၊ ခုနစ်နှစ်သားတွင် ရှင်ဖြစ်လာကြသော ပဏ္ဍိတသာမဏေ၊ သုခသာမဏေ၊ ရေဝတသာမဏေ၊ သောပါကသာမဏေ၊ သံကိစ္စ

သာမဏေတို့ကို ဖော်ထုတ်၍လည်းကောင်း အသက် ၁၅ နှစ် မရှိသူများကိုလည်း ရှင်ပြုပေးကောင်းပါသည်ဟု တင်ပြလာကြသည်။

အမှန်စင်စစ် 'အသက် ၁၅ နှစ် ပြည့်သူကိုသာ ရှင်ပြုပေးရမည်' ဟူသော ပထမခွင့်ပြုချက်သည်သာ ဘုရားရှင်၏ အလိုတော်ကျဖြစ်သည်။ ဒုတိယ ပညတ်ချက်မှာ မိဘနှစ်ပါးစလုံး သေဆုံးသွား၍ ခိုကိုးရာမဲ့ ဖြစ်နေသည့် ကလေးငယ်နှစ်ဦးကို သနားသဖြင့် အခြေအနေအရ ခွင့်ပြုခဲ့ရသော ပညတ်ချက်ဖြစ်သည်။

ဘုရားရှင် လက်ထက်တော်က ထင်ရှားခဲ့ကြသော ပဏ္ဍိတစသည့် သာမဏေကျော်တို့မှာလည်း တစ ပဥ္စက ကမ္မဋ္ဌာန်းကိုအခြေခံ၍ ဆံချပေးနေစဉ်မှာပင် ရဟန္တာဖြစ်သွားကြသော ပါရမီရှင် သာမဏေထူးများဖြစ်ရကား ယခုကာလ သူငယ်ကလေးများနှင့် မနှိုင်းယှဉ်သင့်ဟု ယူဆပါသည်။

မည်သို့ပင်ဆိုစေ သရဏဂုံကို ဌာန်ကရိုဏ်းကျကျ ပီပီသသ ပေးနိုင်ယူနိုင်ကြ၍ သာမဏေစစ်စစ် ဖြစ်သွားသည့်တိုင်အောင် ရှင်သာမဏေဆိုင်ရာ ဝိနည်းဥပဒေလာသည့်အတိုင်း လိုက်နာကျင့်သုံးနိုင်မှသာ တကယ်အကျိုးရှိမည်ဖြစ်၍ ဘုရားရှင် မူလခွင့်ပြုချက်အတိုင်း ၁၅ နှစ် ပတ်ဝန်းကျင် အရွယ်ရှိသူများကိုသာ ရွေးခေတ်ထုံးစံနှင့်အညီ ရှင်ပြုပေးခြင်းနှင့် ဝိနည်းဥပဒေနှင့်ညီညွတ်စွာ နေထိုင်၍ အကျိုးအရှိဆုံး သဘာဝအကျဆုံးဖြစ်ပေသည်။

## ရှင်လောင်းလှည့်ခြင်းဓလေ့

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မိမိတို့ကလေးများကို ရှင်ပြုသည့်အခါ ရှင်လောင်းလှည့်လေ့ ရှိကြပါသည်။ ရှင်လောင်းလှည့်ကြရာ၌ အရပ်ဒေသကို လိုက်၍သော်လည်းကောင်း၊ ပစ္စည်းအင်အားကို လိုက်၍သော်လည်းကောင်း ရှင်လောင်းလှည့်ပုံချင်း မတူကြချေ။

ရှင်လောင်းများကို ဆင်များ၊ မြင်းများပေါ် တင်၍ လှည့်သူများရှိသကဲ့သို့ ကားများ၊ ဆိုက်ကားများပေါ်တင်၍ လှည့်သူများလည်း ရှိကြသည်။ ရှင်လောင်းများကို မိဘဆွေမျိုးများက ထမ်း၍ လှည့်လည်

ကြသည့် အရပ်ဒေသမျိုးကိုလည်း တွေ့ရသေးသည်။

ရှင်လောင်းလှည့်လည်သည် ဆိုသည့် စကားအတိုင်း ကျေးရွာများ၌ တစ်ရွာလုံးကို လှည့်ပတ်၍ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် အမျိုးသမီးများ၊ ပရိက္ခရာကိုင် အမျိုးသမီးများ၊ အတီး အမှုတ် အကအခုန်များတို့ဖြင့် တပျော်တပါး လှည့်လည်ကြသည်။ မြို့ကြီး မြို့ငယ်များ၌မူ မိမိတို့နှစ်သက်ရာ မြို့အစိတ်အပိုင်းမျှကိုသာ ပတ်၍ လှည့်လည်ကြသည်။

ဤ ရှင်လောင်းလှည့်လည်ခြင်းဓလေ့သည် ဘုရားရှင်လက်ထက်တော်နှင့် သီရိဓမ္မာသောက မင်းကြီးတို့ လက်ထက်က ရှိခဲ့သည့် အစဉ်အလာတို့ကို ချဲ့၍ပြုလုပ်သည့် ဓလေ့ဖြစ်သည်။

ဘုရားရှင်လက်ထက်တော်က ပထမဆုံး အထင်အရှား ရှင်ပြုပေးခဲ့ရသူမှာ ဘုရားသားတော် ရှင်ရာဟုလာဖြစ်သည်။ အရှင်ရာဟုလာမှာ မြတ်စွာဘုရား ကပ္ပိလဝတ်ရွှေနန်း၌ ဆွမ်းဘုဉ်းပေးပြီး၍ ပြန်အကြွတွင် အမွေတောင်းကာ ဘုရားရှင်နောက်တော်ပါးက လိုက်ပါသွား၏။ ကျောင်းတော်ရောက်သည့်အခါ ဗုဒ္ဓမြတ်စွာက သားတော်အား သာမဏေပြုရာ လောကုတ္တရာအမွေကို ပေးလိုက်လေသည်။ ထို့ကြောင့် သားတော်ကလေး ရာဟုလာမှာ ရှင်လောင်းမလှည့်ရဘဲ ရှင်သာမဏေ ဖြစ်သွားရခြင်းဖြစ်သည်။

ဓမ္မပဒ အဋ္ဌကထာ (၁၊ ၃၆၇) လာ ပဏ္ဍိတသာမဏေဝတ္ထု၌ ဘုရားရှင် လက်ထက်တော်က သာဝတ္ထိပြည်၌ သူဌေးသား မောင်ပဏ္ဍိတကလေးကို လက်ယာတော်ရံ အရှင်သာရိပုတ္တရာမထေရ်မြတ်ထံတော်တွင် ရှင်သာမဏေပြုပေးခါနီး၌ ဆွေမျိုးများကို စုဝေးစေပြီး 'ကျွန်ုပ်တို့သားကို ရှင်သာမဏေမပြုပေးမီ လူ့အဖြစ်၌ ပြုသင့်ပြုထိုက်သည့် ပူဇော်သက္ကာရ အမှုတို့ကို ယနေ့ပြုကြမည်' ဟုဆိုကာ မိဘဆွေမျိုးတို့က ရှင်လောင်း မောင်ပဏ္ဍိတကို ကြီးကျယ်ခမ်းနားစွာ ပူဇော်သက္ကာရပြုပြီးမှ ကျောင်းတော်သို့ပို့ဆောင်ကာ ရှင်သာမဏေဝတ်စေသည်ဟု ဆိုပါသည်။

ဝနဝါသီတိဿ သာမဏေဝတ္ထု၌လည်း ရှင်လောင်းဖြစ်သူ တိဿ သူငယ်ကို ရှင်ပြုပေးရန်အတွက် အရှင်သာရိပုတ္တရာမထေရ်မြတ် သီတင်း

သုံးတော်မူရာ ကျောင်းတော်သို့ ပို့ဆောင်သည့်အခါတွင် 'ညနေချမ်းအခါ၌ ကြီးကျယ်ခမ်းနားစွာ မြတ်နိုးတနာ ပူဇော်သက္ကာရပြုကာ ရှင်လောင်းကို ကျောင်းတော်သို့ ခေါ်ဆောင်အပ်နှင်းသည်' ဟု ဓမ္မပဒ အဋ္ဌကထာ၌ ဆိုပေသည်။

ထို့ပြင် သီရိဓမ္မာသောကမင်းကြီးသည် အိမ်ရှေ့စံ ညီတော်တိဿကို ရဟန်းပြုပေးရာတွင် အသောကရုံကျောင်းသို့သွားရာ လမ်းတစ်လျှောက်လုံးကိုလည်း တန်ဆာဆင်စေသည်။ ညီတော်ကိုလည်း မင်းပွဲသဘင်အခမ်းအနားသို့ ထွက်သည့်အခါ ပြင်ဆင်ပုံမျိုးကဲ့သို့လည်း ပြင်ဆင်စေသည်။ ထို့နောက် စစ်ဝတ်စုံ အစုံအလင် တန်ဆာဆင်ထားသည့် စစ်သည်တော်များ ခြံရံကာ ညီတော် ရဟန်းလောင်းကို ကျောင်းတော်သို့ ပို့ဆောင်သည်ဟု ပါရာဇိကဏ်အဋ္ဌကထာ ပထမအုပ် ၄၂ ၌ ပြဆိုထားသည်။

ဓမ္မဒိန္နာ သူဌေးကတော်ကို ဝိသာခသူဌေးကြီးက ဘိက္ခုနီမ ပြုပေးလို၍ ဘိက္ခုနီမကျောင်းသို့ ပို့ပေးရာ၌လည်း ဗိမ္ဗိသာရမင်းကြီးက ဘိက္ခုနီမလောင်း ဓမ္မဒိန္နာစီးဖို့ရန် ရွှေထမ်းစင်ကို စီမံပေးရသည်။ ရာဇဂြိုဟ်တစ်မြို့လုံးကိုလည်း ရှင်းလင်းသုတ်သင် ပြုပြင်ပေးသည်။ ဝိသာခသူဌေးကြီးသည် ဇနီးသည် ဓမ္မဒိန္နာကို နံ့သာရည်ဖြင့် ရေချိုးခိုင်း၍ အဆင်တန်ဆာစုံတို့ဖြင့် အစွမ်းကုန် တန်ဆာဆင်စေသည်။ ထို့နောက် ထမ်းစင်ပေါ်သို့ တင်၍ ဆွေမျိုးအပေါင်း ဝန်းရံလိုက်ပါလျက် မြို့တော်ကို နံ့သာတို့ဖြင့် ထုံလှိုင်အောင်ပြုသည့်အလား နံ့သာပန်းမန်များစွာတို့ဖြင့် ဆွတ်ဖျန်းကြဲဖြန့် ပူဇော်ကာ ဘိက္ခုနီမများကျောင်းသို့ ပို့ဆောင်သည်ဟု မူလပဏ္ဏာသ အဋ္ဌကထာ (စူဠဝေဒလ္လ) သုတ်၌ လာရှိသည်။

ဤသို့ ရှင်လောင်း၊ ပဉ္စင်းလောင်းတို့ကို ကြီးကျယ်သော ပူဇော်မှု အခမ်းအနားတို့ဖြင့် ကျောင်းသို့ ပို့ဆောင်ခဲ့သည့် ဤအစဉ်အလာ သာဓကများအရ ယနေ့ရှင်လောင်းလှည့်ခြင်းဓလေ့ ပေါ်လာခဲ့ဟန် တူပါသည်။ ရှင်လောင်းလှည့်ခြင်းဓလေ့သည် တွေ့မြင်ကြရသူ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အား အားကျရွှင်မြူးစေပါသည်။ 'သူတို့တစ်တွေ လှူနိုင်ကြ

ပေတယ်၊ ဝမ်းသာစရာကောင်းလိုက်တာ၊ တို့သားကလေးရှင်ပြုရင်လည်း ဒီလိုပဲ ရှင်လောင်းလှည့်မယ်' စသည်ဖြင့် သူတစ်ပါး ကုသိုလ်ပြုခြင်းကို ဝမ်းသာခြင်း၊ မိမိ ကုသိုလ်ပြုရေးကို တွေးတောခြင်းဖြင့် ပတ်ဝန်းကျင် လုပ်သားပြည်သူတို့အား ကုသိုလ်ရစေသောဓလေ့ဖြစ်၍ လိုက်နာ ဆောင် ရွက်သင့်သော ဓလေ့တစ်ခု ဖြစ်ပါသည်။

သို့ရာတွင် မိမိတို့ အတိုင်းအတာထက် ပိုလွန်သော ရှင်လောင်း လှည့်ခြင်းမျိုး၊ အလွန်ကြီးကျယ် ခမ်းနားသော ရှင်လောင်းလှည့်ခြင်းမျိုး တို့ကိုကား မပြုလုပ်သင့်ကြပေ။ ရှင်ပြုမင်္ဂလာပွဲ၌ ဘုန်းတော်ကြီးများအား စွန့်လွှတ်လှူဒါန်းသော ဝတ္ထုငွေကြေးထက် ပိုမိုကုန်ကျသည့် ရှင်လောင်း လှည့်ခြင်းမျိုးကိုကား လုံးဝရှောင်ရှားကြရန် ရှေးရှေးပညာရှင်ကြီးများ ဩဝါဒပေးတော်မူခဲ့ကြပေသည်။

## ရှင်လောင်းနှင့်ပတ်သက်သည့် မြန်မာ့ယဉ်ကျေးမှု

မြန်မာ ဗုဒ္ဓဘာသာဝင်တို့သည် ရှင်လောင်း လှည့်သည့်အခါ ရှင်လောင်းကို နတ်စင်သို့ သွားပြလေ့ ရှိကြသည်။ ထိုသို့ သွားပြခြင်းမှာ အကြောင်းရှိပေသည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ရတနာသုံးပါးကို လောကီအကျိုး၊ လောကုတ္တရာ အကျိုးများအတွက် ဦးထိပ်ထားကာ ကိုးကွယ်ကြ၍ လောကီအကျိုးအတွက် မိရိုးဖလာ နတ်တို့ကိုလည်း ကိုးကွယ်လေ့ရှိကြသည်။

ဘုရားသားတော် ရှင်သာမဏေ ဖြစ်သွားသည့်အခါ မိရိုးဖလာ နတ်ကိုးကွယ်သူအဖြစ်မှ ရတနာသုံးပါးသက်သက်ကို ကိုးကွယ်သူဖြစ် သွား၍ မိရိုးဖလာနတ်များနှင့် မဆိုင်တော့၊ မပတ်သက်တော့ပါ။ ထို့ကြောင့် 'ဤကလေးသည် ဘုရားသားတော် ဖြစ်တော့မည်ဖြစ်၍ သင်နတ်မင်း တို့နှင့်မဆိုင်၊ မပတ်သက်ကြောင်း' ကို သိစေလိုသည့်အတွက် နတ်စင်သို့ သွားပြခြင်း ဖြစ်ပါသည်။

ရှင်လောင်းများ သံဃာတော်များရှေ့မှောက်တွင် တရားနာမည့် အခါ မဏ္ဍပ်အတွင်း သံဃာစင်ရှေ့ဝယ် ရှေးဦးအစ ပထမ လက်ယာ

ခြေလှမ်းဖြင့် ခုနစ်ဖဝါးတိုင်လှမ်းစေပြီးလျှင် တည့်တည့်မတ်မတ်ရပ်စေ၍ 'အဟံ ဘန္တေ သံဃမဇ္ဈေ ပဝေသနံ အာပုစ္ဆာမိ' (အရှင်ဘုရား၊ တပည့်တော်သည် သံဃာ့အလယ်ဝင်ရောက်ခြင်းကို ပန်ကြားပါ၏) ဟု သုံးကြိမ်ပန်ကြား လျှောက်ထားပြီးမှ မင်းကိုယ်ချည်တွင်းသို့ဝင်ကာ ရှိခိုးနေရ၏။ ဤအခမ်းအနားမှာ ရှင်ပြုမင်္ဂလာပွဲအခမ်းအနားကို ပိုမိုလေးနက်စေပြီး အခမ်းအနားနှင့်တူအောင် ပြုစီမံထားသည့် မြန်မာ့ယဉ်ကျေးမှုတစ်ခုဖြစ်၏။

ဤ ရှင်ပြုမင်္ဂလာ အခမ်းအနား၌ မင်းကိုယ်ချည် သုံးစွဲသည့်အကြောင်းကို အနည်းငယ်တင်ပြပါမည်။ မင်းကိုယ်ချည် ဆိုသည်မှာ ပရိတ်ချည်ပင်ဖြစ်၏။ အောင်ချည်၊ မှန်ကူချည်ဟူ၍လည်း ရှေးကခေါ်ကြသည်။ အင်းဝခေတ်မတိုင်မီ ခေတ်များမှစပြီး ယခုခေတ်အထိ မင်းကိုချည်ကို သုံးစွဲခဲ့ကြသည်။ ရှင်ပြု ပရိတ်ရွတ်ရာတွင် ပရိတ်အိုးမှာစိုက် ထည့်သော ချည်ကို သံဃာတော်များက ပရိတ်အိုးကိုင်၍ ပရိတ်ရွတ်ကြသည်။ ထို ပရိတ်အာဏာသွင်းပြီးသား ပရိတ်ချည်ကိုသာ မင်းကိုယ်ချည်၊ အောင်ချည်၊ မှန်ကူချည်ဟု ခေါ်ရသည်။

ပရိတ်အာဏာ မသွင်းရသေးသည့်ချည်သည် မင်းကိုယ်ချည် မဟုတ်၊ မင်းကိုချည်ကို ရှင်ပြုမည့်အခါ ရှင်လောင်းများ၏ လည်မှာ စွပ်ပေးကြ၏။ ကိုယ်တွင် သိုင်းပေးကြ၏။ ရှင်လောင်းပတ်လည်နှင့် ပရိသတ်ပတ်လည် များမှာ ဘေးကင်းရန်ကာ အနေဖြင့် ဝိုင်းပတ်လေ့ရှိကြသည်။ ထိုပရိတ်ချည် ခေါ် မင်းကိုယ်ချည်ကို အသုံးပြုသဖြင့် ရှင်လောင်းနှင့် ပရိသတ်များမှာ ဘေးအန္တရာယ်အသွယ်သွယ်မှ ကင်းဝေးလွတ်နိုင်သည်ဟု ယုံကြည်ကြသည်။

ယခုကာလ ပရိတ်မရွတ်မီကပင် အိမ်မှာရှိသည့် ရိုးရိုးချည်နှင့် ရှင်လောင်းတို့ကို ဝိုင်းပတ်ကြခြင်းမှာ မင်းကိုယ်ချည် ခေါ် ပရိတ်ချည် မဟုတ်၍ ရှေးထုံးအစဉ်အလာကို ဖျက်သည်ဟု တတိယနံမော် ဆရာတော်ဘုရားကြီးက သီလဝိသောဓနီကျမ်းတွင် မိန့်ဆိုထား၏။ ထို့ကြောင့် ရှေးထုံးစဉ်လာနှင့်အညီ ရှင်လောင်း စသူတို့ ဘေးအန္တရာယ်ကင်းစေရန် မင်းကိုယ်ချည် ခေါ် ပရိတ်ချည်စစ်စစ်ကိုသာ သုံးစွဲသင့်ကြပါသည်။

တချို့အရပ်ဒေသများ၌ ရှင်ပြုမင်္ဂလာခံယူသောရှင်လောင်းကို ရှင်သာမဏေ မပြုမီ အဝါရောင် ပဝါတစ်ထည်ကို သင်္ကန်းကို လက်ကန်တော့ ရုံဘိသကဲ့သို့ရုံစေ၍ ဘိသိက်ဆရာက ခရုသင်း၊ သပြေပန်းတို့ဖြင့် မင်္ဂလာရှင်သတို့သားအား မန္တန်ရွတ်ဖတ်ပြီး အဘိသိက်သွန်းလောင်းလေ့ရှိကြသည်။

ရှင်လောင်းကို ဆံချသည့်အခါ၌လည်း 'ဆံပင်ဟာ ရွံရှာဖွယ် ဖြစ်တယ်၊ ပျက်စီးတတ်တယ်၊ မွေးညင်းဟာ ရွံရှာဖွယ်ဖြစ်တယ်၊ ပျက်စီးတတ်တယ်၊ လက်သည်း ခြေသည်းတွေဟာ ရွံရှာဖွယ်တွေ ဖြစ်ကြတယ်၊ ပျက်စီးတတ်ကြတယ်၊ သွားတွေဟာ ရွံရှာဖွယ်တွေ ဖြစ်ကြတယ်၊ ပျက်စီးတတ်ကြတယ်၊ အရေတွေဟာ ရွံရှာဖွယ်တွေ ဖြစ်ကြတယ်၊ ပျက်စီးတတ်ကြတယ်' လို့ 'တစပဉ္စက ကမ္မဋ္ဌာန်း' ကို ရှင်လောင်းနှင့် ဆံခံနေသူ မိဘဆွေမျိုးများကပါ ရွတ်ဆိုပွားများကြရသည်။

ဆံချပြီးသည့်အခါ ဦးခေါင်းနှင့်တကွ တစ်ကိုယ်လုံးကို နနွင်းမှုန့်ဖြင့်ဖြစ်စေ၊ နံ့သာမှုန့်ဖြင့် ဖြစ်စေ ပွတ်တိုက်ပေးရမည်ဟု မဟာဝါ အဋ္ဌကထာ၌ဆိုထား၏။ မကြာမီ ဝတ်ဆင်ကြရမည့် အလွန်တရာ မြင့်မြတ်သည့် အရဟဒ္ဓဇ သာသနာ့ဝတ်ရုံတော်ကို မဆင်မြန်းမီ လူနံ့များ ပျောက်သွားစေရန် ပွတ်တိုက်ရခြင်း ဖြစ်သည်။ ယခုခေတ် ဆပ်ပြာမွှေး၊ ဆန်းလိုက်ဆပ်ပြာ စသည်တို့ဖြင့် ပွတ်တိုက်ရေချိုးပေးလျှင်လည်း လူနံ့များပျောက်ဖွယ်ရှိ၍ ကိစ္စပြီးနိုင်ပါသည်။ ဤသည်တို့မှာ ရှင်ပြုမင်္ဂလာပွဲ၌ ရှင်လောင်းနှင့်ပတ်သက်၍ စီမံ ပြုလုပ်လေ့ရှိသည့် မြန်မာ့ယဉ်ကျေးမှုများ ဖြစ်ကြသည်။

သို့သော် တစပဉ္စက ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ နနွင်းမှုန့် စသည်တို့ဖြင့် ပွတ်တိုက်သန့်စင်ခြင်းတို့မှ တစ်ပါး အခြားသော နတ်စင်သို့သွားပြခြင်း စသော ဓလေ့ထုံးစံများမှာ ကျမ်းဂန်လာမဟုတ်ဟု ညောင်လေးပင် တောရဆရာတော်ဘုရားကြီးက 'ညောင်လေးပင် ရှင်ကျင့်ဝတ်' စာအုပ်၌ ပယ်ထားသည်ကို တွေ့ရသည်။

## အကျိုးရှိအောင် ရှင်ပြုကြပါ

မျက်မှောက်ခေတ် ရှင်ပြုနည်းကို ခြုံ၍ကြည့်လျှင် ရှင်သာမဏေ

စနစ်တကျဖြစ်မြောက်ရေး၊ လောက သာသနာ နှစ်ဖြာအကျိုးရှိရေးတို့ထက် ဂုဏ် ပကာသနရေးကို ပိုမိုအလေးပေးနေကြသည်ကို တွေ့ရ၏။ ငယ်လွန်းလှသော ကလေးများအား ရှင်ပြုပေးခြင်းသည် သာသနာကိုလည်း လေးစားရာမရောက်၊ ကုသိုလ်လည်း ထိုက်သင့်သလောက် မရသည့်အပြင် အခြားဘာသာဝင်များက ဗုဒ္ဓဘာသာအပေါ် တစ်မျိုးမြင်ဖွယ်ရာဖြစ်၏။

တစ်နည်းအားဖြင့်ဆိုရပါမူ ဘုန်းတော်ကြီးများအား ကလေးထိန်းခိုင်းသည့်သဘောသက်ရောက်၍ ရှင်သာမဏေကလေးများအတွက်လည်း 'ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ' ဆိုရလောက်အောင် အကျိုးထက် အပြစ်က ပိုများသဖြင့် 'ဆေးအတွက်ကြောင့်လေး' ရသော ရှင်ပြုနည်းမျိုး ဖြစ်၏။ ရှင်သာမဏေဘဝ၌ ၄–၅–၆ ရက်မျှနေခြင်းသည်လည်း ကိုရင်ဝတ်ခြင်းကို မိရိုးဖလာ ဝတ်ကျေတမ်းကျေကိစ္စမျိုး သဘောထားရာ ရောက်သည့်ပြင် ဘုန်းကြီးကျောင်းက ပေးသည့် ဘာသာယဉ်ကျေးမှု အမွေများကိုလည်း လက်လွတ်ကြရလေသည်။

ထို့ကြောင့် မဏ္ဍပ်ကြီးများထိုး၍ ငွေပေါင်း ထောင်သောင်း အကုန်အကျခံကာ သာသနဒါယကာ အလှူပွဲကြီး ဆင်နွှဲကြရာ၌ ငွေကြေး ကုန်ကျသလောက် ကုန်ရကျိုးနပ်ရန် လောက သာသနာ နှစ်ဖြာစလုံး အကျိုးကျေးဇူးရှိသည့် ရှေးခေတ် ရှင်ပြုနည်းအတိုင်း ရှင်ပြုနိုင်ကြရေးကို ဗုဒ္ဓဘာသာဝင် မိဘရှင်တိုင်း လေးလေးနက်နက် သတိပြု ကြိုးစားသင့်ကြပေသည်။

□

# ထိမ်းမြားမင်္ဂလာပွဲ

**ဗုဒ္ဓယဉ်ကျေးမှုပွဲ**

'ဗုဒ္ဓမြတ်စွာ၊ ပွင့်ပေါ်လာ၊ သတ္တဝါအပေါင်း၊ ချမ်းသာကြောင်း' ဆိုသည့် ဗုဒ္ဓဒေသနာတော်နှင့်အညီ လောကသုံးခွင်ဘုံအပြင်၌ မြတ်ဗုဒ္ဓရှင်တော်ဘုရားတို့ ပွင့်တော်မူလာခြင်းမှာ သတ္တဝါ အစားအစားတို့ လောကီ လောကုတ္တရာချမ်းသာများ ဖြစ်ပွားပေါ်ပေါက်လာဖို့ရန် အတွက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် လောကုတ္တရာချမ်းသာရေး အတွက် သတ္တဝါများ သံသရာမှ လွတ်မြောက်ရေးတရား တစ်မျိုးတည်းကိုသာ ဟောကြားလမ်းညွှန်တော်မူခဲ့သည် မဟုတ်ပါ။

ဘဝသံသရာ တစ်ခွင်တွင် ကျင်လည်နေကြရသည့်အခါမှာလည်း သတ္တဝါများ ကြီးပွားချမ်းသာရန်အတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စသည့် လောကကြီးပွားချမ်းသာရေး လမ်းညွှန်တရားများအပြင် လူလူချင်း အဆင်ပြေပြေ ပေါင်းသင်း ဆက်ဆံနေထိုင်နိုင်ရေး စသည့် လူမှုရေး လမ်းညွှန်တရားများကိုလည်း သိင်္ဂါလောဝါဒသုတ်၊ မင်္ဂလသုတ်၊ ဝသလသုတ် စသော ထိုထိုသုတ္တန်များတွင် ဟောကြားတော်မူခဲ့ပါသည်။ အထူးသဖြင့် သုတ်ပါထေယျပါဠိတော်၊ သိင်္ဂါလောဝါဒသုတ်တွင် သိင်္ဂါလသတို့သားကို အကြောင်းပြုပြီး လူ့ကျင့်ဝတ်တရားများကို ဟောကြား လမ်းညွှန်တော်မူခဲ့ပါသည်။

ထိုလူ့ကျင့်ဝတ်များတွင် –

'မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ' ဆိုသည့် မိဘများ လိုက်နာ ဆောင်ရွက်ရမည့် မိဘတို့ ကျင့်ဝတ်ငါးပါးလည်း ပါဝင်ပါသည်။

ထိုငါးပါးအနက် 'ထိမ်းမြားခြင်းလျှင်' ဆိုသည့် ကျင့်ဝတ်ကား မိဘတို့သည် မိမိတို့သားသမီးများ အချိန်တန် အရွယ်ရောက်လာသည့်အခါ 'ပတိရူပေန ဒါရေန သံယောဇေန္တိ' ဆိုသည့် ရှင်တော်ဗုဒ္ဓ၏ လမ်းညွှန်တော်မူချက်အတိုင်း မျိုးရိုးစဉ်လာ ရုပ်ဆင်းအင်္ဂါနှင့် ကိုယ်ကျင့်သီလစသည်တို့ သင့်တင့် လျောက်ပတ်သည့် အမျိုးသား အမျိုးသမီးများနှင့် ထိမ်းမြားပေးရမည်ဟု အဓိပ္ပာယ်ရပေသည်။

သို့ဖြစ်၍ ယခုကာလတွင် နှစ်ဖက်သောမိဘတို့ တိုင်ပင်ညီညွတ်၍ ပြုလုပ်ကျင်းပကြသည့် ထိမ်းမြား မင်္ဂလာပွဲကား ဗုဒ္ဓရှင်တော်မြတ်ဘုရား ညွှန်ကြားတော်မူထားသည့် မိဘတို့ ဝတ္တရားနှင့်အညီ လိုက်နာဆောင်ရွက်ကြသည့်ပွဲ ဖြစ်သောကြောင့် ဗုဒ္ဓယဉ်ကျေးမှုပွဲတစ်ပွဲပင် ဖြစ်ပါသည်။

## ထိမ်းမြားမင်္ဂလာဆိုသည်မှာ

ထိမ်းမြားမင်္ဂလာပွဲဟူသော ဝေါဟာရ၌ 'ထိမ်း' မှာ ပေါရာဏစကားဟောင်းတစ်ခုဖြစ်၍ မှတ်သားခြင်း၊ စွဲမှတ်ခြင်းဟု အဓိပ္ပာယ်ရသည်။ 'မြား' ကား အမြိတ်အစွမ်းဖြင့် ဆက်သွယ်ခြင်းဟု ဆိုလိုပေသည်။ ထို့ကြောင့် ထိမ်းမြားတစ်ပုဒ်လုံးမှာ သတို့သားနှင့် သတို့သမီးတို့အား တစ်ဦးနှင့်တစ်ဦး အကြင်လင်မယားအဖြစ် စွဲမှတ်ထားစေရန် ဆက်သွယ်ပေးခြင်းဖြစ်သည်ဟု ဆရာကြီးဦးဖိုးလတ်က မြန်မာစာ အဖွင့်ကျမ်းတွင် ရှင်းလင်းထားပါသည်။

ဆရာကြီး ဦးအုန်းမြွေကမူ သတ်ပုံအဘိဓာန် မိတ်လင်စုံကျမ်း၌ 'ထိမ်း' ဟူသော ပုဒ်ကို တိမ်းပါးအောင် ပြုခြင်းပင်ဖြစ်သည်ဟု အဓိပ္ပာယ်ဖော်၍ 'ထိမ်းမြားခြင်း' သည် သမီးကို မိမိမှ တိမ်းပါးအောင် ပြုခြင်းပင်ဖြစ်သည်ဟု မှတ်ချက်ပြုထားပေသည်။

ပါဠိအဘိဓာန်ဋီကာ နိဿယကျမ်းပြု ကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏ ဝေါဟာရတ္ထ ပကာသနီကျမ်း၌ကား 'ထိမ်း' ဟူသော ပုဒ်သည် ရည်မှတ်ခြင်း၊ မှန်းထားခြင်း အနက်ရှိသည်ဟု မိန့်ဆိုထားပါသည်။ မည်သို့ပင် ဖိန့်ဆိုကြစေကာမူ 'ထိမ်းမြားခြင်း' ဆိုသည်မှာ တာဝန်ရှိသူ လူကြီးမိဘများ၏ သဘောတူညီချက်အရ လက်ထပ်ခြင်း မင်္ဂလာဆောင်ခြင်း စုလျားရစ်ပတ်ခြင်းပင် ဖြစ်ပါသည်။

မင်္ဂလာဆိုသည်မှာ တိုးတက်ကြီးပွားကြောင်း၊ ပြည့်စုံကြောင်း ကောင်းသောလုပ်ငန်းဟု အဓိပ္ပာယ်ရသည်။ တစ်နည်းအားဖြင့် တင့်တင့်တယ်တယ်ရှိမှု၊ ကျက်သရေရှိမှုကိုလည်း မင်္ဂလာဟု ခေါ်ဆိုပါသည်။ ထိမ်းမြားခြင်းအမှုကိုပြုရာ၌ သတို့သား သတို့သမီး နှစ်ဦးစလုံးတို့မှာ ရှုမြင်ကြရသည့် မင်္ဂလာပရိသတ်များအဖို့ နှစ်သက်စဖွယ် တင့်တင့်တယ်တယ် ရှိကြသည်။ ကျက်သရေမင်္ဂလာ ရှိကြသည်။ နှစ်ဖက်သော မိဘဆွေမျိုး မိတ်သင်္ဂဟများထံမှ လက်ဖွဲ့မင်္ဂလာများကိုရရှိ၍ တိုးတက်လာကြသည်။ ထို့ကြောင့် ရှေးပညာရှင်ကြီးများက ထိမ်းမြားခြင်းကို မင်္ဂလာတစ်ပါးဟု သတ်မှတ်ကာ 'ထိမ်းမြားမင်္ဂလာ' ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြခြင်း ဖြစ်ပေသည်။

## ထိမ်းမြားမင်္ဂလာနှင့် လောကလူ့ဘောင်

လူ့ဘောင် လူ့လောကတွင် မြောက်ကျွန်းသူ မြောက်ကျွန်းသားများမှတစ်ပါး အခြားကျွန်းများတွင် အမျိုးသားနှင့် အမျိုးသမီးတို့ အိမ်ရာတည်ထောင်၍ ပေါင်းသင်းနေထိုင်ကြခြင်းသည် ကမ္ဘာဦးကာလကပင် ရှိခဲ့သော ကမ္ဘာ့နိယာမ အစဉ်အလာကြီးတစ်ခုပင် ဖြစ်ပါသည်။ သို့ရာတွင် သက်ဆိုင်ရာ မိဘတို့က သားသမီးတို့အား ထိမ်းမြားမင်္ဂလာပြုပေးခြင်း ဓလေ့ကား လူသားတို့ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလာချိန်ရောက်မှပင် စတင် ပေါ်ပေါက်လာခဲ့သည်ဟု ယူဆရပေသည်။

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်တို့ ပွင့်ပေါ်တော်မူလာ၍ လူ့ကျင့်ဝတ်များကို ဟောကြားသည့်အခါ၌မူ မိဘနှစ်ပါးတို့ ဧကန်လိုက်နာပြုကျင့်ရမည့် ကျင့်ဝတ်ငါးပါးတွင် 'ထိမ်းမြားပေးရခြင်း' မင်္ဂလာ

ကို ကျင့်ဝတ်တစ်ပါးအဖြစ် သတ်မှတ် ဟောကြားတော်မူခဲ့ပေသည်။

ရှေးဟောင်း လောကီပညာရှင်ကြီးများကလည်း လောကီရေး၌ ကြီးပွားတိုးတက်မည့် မင်္ဂလာနိမိတ်ကို ယူ၍ ပဋိသန္ဓေ တည်နေခြင်း (ဂဗ္ဘဝါသ) မင်္ဂလာ၊ ဖွားမြင်ခြင်း (ဝိဇာတ) မင်္ဂလာ၊ ခေါင်းဆေးကင်ပွန်း တပ်ခြင်း (သိရောဒက) မင်္ဂလာ၊ ဆံချခြင်း(ကေသစ္ဆေဒန)မင်္ဂလာ၊ ပုခက် တင်ခြင်း (ဒေါဠာကရဏ) မင်္ဂလာ၊ နာမည်မှည့်ခြင်း (နာမကရဏ)မင်္ဂလာ စသည်ဖြင့် ပဋိသန္ဓေနေချိန်မှစ၍ အိမ်ထောင်ပြုသည့်အထိ လောကီမင်္ဂလာ ၁၂ ပါးတို့ကို သတ်မှတ်ပြုလုပ်ခဲ့ကြရာ ထိမ်းမြားခြင်း (အာဝါဟ ဝိဝါဟ) မင်္ဂလာလည်း တစ်ပါးပါဝင်ခဲ့ပေသည်။

ထိုမင်္ဂလာ ၁၂ ပါးတွင် ထိမ်းမြားခြင်းမင်္ဂလာကား လောက လူ့ဘောင်တွင် အရေးအကြီးဆုံးနှင့် အကျယ်ဝန်းဆုံး မင်္ဂလာဖြစ်သကဲ့သို့ ကိစ္စအများဆုံး၊ ပြဿနာအပေါ်ဆုံး မင်္ဂလာတစ်ပါးလည်း ဖြစ်သည်။ ထို့ကြောင့် ယဉ်ကျေးမှုတိုးတက်လာသောခေတ်တွင် နိုင်ငံအုပ်ချုပ်သူများ သည် လက်ထပ်ထိမ်းမြားခြင်းကိစ္စ၌ ပြဿနာများ မပေါ်ပေါက်နိုင်စေရန် ဓလေ့ထုံးတမ်း တရားဥပဒေများကို ပြဋ္ဌာန်းလာကြရပေသည်။

ဥပမာ–မြန်မာဓလေ့ထုံးတမ်းဥပဒေများ၌ လက်ထပ်ထိမ်းမြားခြင်း ကိစ္စတွင် လက်ထပ်မည့် ယောကျ်ားနှင့်မိန်းမသည် အသက်အရွယ်အားဖြင့် လည်းကောင်း၊ စိတ်အသိဉာဏ်အားဖြင့် လည်းကောင်း အရွယ်ရောက် ပြည့်စုံသူများ ဖြစ်ရမည်။ စိတ်ပေါ့ရူးသွပ်သူများ မဖြစ်စေရ။ ထိမ်းမြား လက်ထပ်မည့် ယောကျ်ားနှင့်မိန်းမသည် ဆွေမျိုးရင်းချာများ မဖြစ်စေရ။ လက်ထပ်မည့် အမျိုးသမီးတွင် တရားဝင်အိမ်ထောင်မရှိစေရ စသည်တို့ ဖြစ်ပါသည်။

## ထိမ်းမြားခြင်း ၁၀ မျိုး

ထိုထိမ်းမြားခြင်း မင်္ဂလာနှင့် ပတ်သက်၍ ရှေးရှေးခေတ် လောကီ ပညာရှင်ကြီးများက ထိမ်းမြားခြင်း ဆယ်မျိုးကို သတ်မှတ်ပိုင်းခြား စီမံ ထားခဲ့ကြပါသည်။ ထိုဆယ်ပါးမှာ –

၁။ ပုဆိုးတန်းတင် ထိမ်းမြားခြင်း၊
၂။ လက်ဆုံစား၍ ထိမ်းမြားခြင်း၊
၃။ လက်စွပ်လဲ၍ ထိမ်းမြားခြင်း၊
၄။ အဝတ်လဲ၍ ထိမ်းမြားခြင်း၊
၅။ လက်ထပ်၍ ထိမ်းမြားခြင်း၊
၆။ ဒါလီဖွဲ့၍ ထိမ်းမြားခြင်း၊
၇။ စုလျားရစ်ပတ်၍ ထိမ်းမြားခြင်း၊
၈။ ပန်းကုံးစွပ်၍ ထိမ်းမြားခြင်း၊
၉။ ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားခြင်း၊
၁၀။ ဦးထိပ်၌ ရေစက်သွန်းချ၍ ထိမ်းမြားခြင်းတို့ဖြစ်ပါသည်။

ထိုဆယ်ပါးတွင် –

၁။ ပုဆိုးတန်းတင် ထိမ်းမြားခြင်းမှာ သတို့သား သတို့သမီး နှစ်ဦးတို့သည် ပရိသတ်အလယ်သို့ ကန်တော့ မထွက်တော့ဘဲ မိမိတို့ဘာသာ လွတ်လပ်စွာနေပြီးလျှင် သတို့သမီး၏အခန်းတွင်းရှိ ကြိုးတန်း ကြိမ်တန်းတို့တွင် သတို့သား၏ပုဆိုးအစရှိသည်တို့ကို တင်၍ ထိမ်းမြားခြင်း။

၂။ လက်ဆုံစား၍ ထိမ်းမြားခြင်းမှာ ထမင်း၊ သို့မဟုတ် ကောက်ညှင်း မုန့်ပဲ လက်ဖက်တို့ကို သတို့သား သတို့သမီးနှစ်ဦးတို့ လက်ဆုံစားစေ၍ ထိမ်းမြားခြင်း။

၃။ လက်စွပ်လဲ၍ ထိမ်းမြားခြင်းမှာ သတို့သား၏လက်စွပ်ကို သတို့သမီးသို့၊ သတို့သမီး၏လက်စွပ်ကို သတို့သားသို့ အချင်းချင်း လဲလှယ်ဝတ်စေ၍ ထိမ်းမြားခြင်း။

၄။ အဝတ်လဲ၍ ထိမ်းမြားခြင်းမှာ သတို့သားသည် သတို့သမီး အိမ်သို့အရောက်တွင် သတို့သမီး၏ ဆွေမျိုးတစ်စုက ရေချိုးပေး၍ အဝတ်၊ ပုဆိုးအသစ်တို့ကို ထုတ်ပေးလဲလှယ်စေ၍ ထိမ်းမြားခြင်း။

၅။ လက်ထပ်၍ ထိမ်းမြားခြင်းမှာ သတို့သမီး၏ လက်ယာ

လက်ဖဝါးကို ဖြန့်ခံထားစေ၍ သတို့သား၏ လက်ယာလက်ဖဝါးကို အပေါ်က တင်စေပြီးလျှင် ထိမ်းမြားခြင်းဖြစ်၏။ အဓိပ္ပာယ်မှာ ရွှေနှစ်ပြားကို တစ်ပြားတည်း ဂဟေစပ်ဘိသကဲ့သို့ နှစ်ကိုယ်တွင် တစ်ကိုယ်တည်း၊ နှစ်စိတ်တွင် တစ်စိတ်တည်းဖြစ်စေသတည်းဟူသော အထိမ်းအမှတ်ဖြင့် ထိမ်းမြားခြင်း ဖြစ်သည်။ (တချို့စာများ၌ သတို့သား၏ လက်ယာလက်ဖဝါးကို ဖြန့်ခံထားစေ၍ သတို့သမီး၏ လက်ယာလက်ကို ထည့်ပြီးလျှင် ထိမ်းမြားရာ၏ဟု အဆိုရှိလေသည်။ ဤနည်း၏ သာဓကကို ထောက်ရှု၍ ဘုရားအလောင်း ဝေဿန္တရာဘဝတွင် သိကြားမင်း ပုဏ္ဏားကမယ်မဒ္ဒီကို အလှူခံရာ ပုဏ္ဏား၏ဖြန့်ခံထားသော လက်ယာလက်ဖဝါးထဲသို့ မယ်မဒ္ဒီ၏ လက်ယာလက်ကိုကိုင်၍ ထည့်လှူလိုက်ခြင်းဖြစ်၍ အလှူခံပုဂ္ဂိုလ်သို့ အလှူပေး ပုဂ္ဂိုလ်က ပေးလှူခြင်း အဓိပ္ပာယ်မျှသာ သက်ရောက်လေသည်၊ လက်ထပ်ခြင်းမမည်။)

၆။ ဒါလီဖွဲ့၍ ထိမ်းမြားခြင်းမှာ ကွင်းလိုက် လေးတောင်ခန့်ရှိသော ရွှေကြိုးတစ်ကုံးကို သတို့သား သတို့သမီးနှစ်ဦးတို့၏ လည်ဝယ် ကွင်းလိုက်စွပ်၍ ထိမ်းမြားခြင်း။

၇။ စုလျားရစ်ပတ်၍ ထိမ်းမြားခြင်းမှာ သတို့သမီးကိုယ်ဝယ် လွှမ်းခြုံထားသော ဖြန့်လိုက်လျှင် အနံနှစ်တောင် အလျားခြောက်တောင်ခန့်ရှိသော ပဝါ၊ သို့မဟုတ် စုလျားတဘက်ဟူ၍ခေါ်လေသည်။ ထို စုလျားတဘက်ဖြင့် သတို့သား သတို့သမီးနှစ်ဦးတို့ကို ရစ်ပတ်ဖွဲ့၍ ထိမ်းမြားခြင်း။

၈။ ပန်းကုံးစွပ်၍ ထိမ်းမြားခြင်းမှာ သတို့သား၌ ပန်းကုံးတစ်ခု၊ သတို့သမီး၌ ပန်းကုံးတစ်ခု ရှေးဦးစွာ သတို့သမီးက သတို့သားကို ပန်းကုံးစွပ်၍၊ တစ်ဖန် သတို့သားက သတို့သမီးသို့ ပန်းကုံးစွပ်ပြီးလျှင် ထိမ်းမြားခြင်း။

၉။ ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားခြင်းမှာ လက်ယာရစ် ခရုသင်း၊ သို့မဟုတ် ရွှေ၊ ငွေ၊ ဖန် စသော ရေခွက်တစ်ခုခု ထဲသို့ သတို့သား သတို့သမီးနှစ်ဦးတို့၏ လက်ယာလက် များကို ချထားစေ၍ ထိမ်းမြားခြင်း။

၁၀။ ဦးထိပ်၌ ငွေစင်သွန်း၍ ထိမ်းမြားခြင်းမှာ လက်ယာရစ် ခရုသင်း၊ သို့မဟုတ် ရွှေ၊ ငွေ ဖန်စသော ရေခွက်ထဲသို့ နဝရတ်ကိုးပါးနှင့် နံ့သာမျိုးငါးပါးရည်တို့ကိုထည့်၍ သပြေ ညွန့်ကို စိုက်ပြီးလျှင် သတို့သား သတို့သမီး နှစ်ဦးတို့၏ ဦးထိပ်၌ သွန်းလောင်း၍ ထိမ်းမြားခြင်းဟူ၍ ဆယ်ပါးဖြစ် ပေသည်။

ထိုဆယ်မျိုးတွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ကြွရောက် လာကြသည့် မင်္ဂလာပရိသတ် ဗိုလ်ပုံအလယ်၌ အတင့်တယ်ဆုံး၊ အယဉ် ကျေးဆုံး ထိမ်းမြားခြင်းမှာ 'ဩဒပတ္တကိနီ' ခေါ် ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားခြင်းပင်ဖြစ်သည်။ ထို ဩဒပတ္တကိနီခေါ် ထိမ်းမြားခြင်းကား ရေဖလားကြီးတစ်လုံးထဲသို့ သတို့သား သတို့သမီး နှစ်ဦးစလုံး၏ လက် တစ်ဖက်စီကို ချစေပြီး 'ဤဖလားထဲကရေသည် မကွဲမပြား တစ်သား တည်းတည်နေသလို၊ သင်တို့ဇနီးမောင်နှံလည်း မကွဲမပြား တည်နေကြ ပါစေ' ဟု ထိမ်းမြားပေးသူက (ဝါ) ဘိသိက်ဆရာက ပြောဆို၍ ထိမ်းမြား ခြင်းမျိုးတည်းဟု ပါရာဇိကကဏ်အဋ္ဌကထာ၊ ဒု–၁၄ ၌ဖွင့်ပြထားပါသည်။

ယခုခေတ်၌ ကျင်းပပြုလုပ်နေကြသည့် ထိမ်းမြားမင်္ဂလာပွဲများကို ကြည့်လျှင် အထက်ပါ ထိမ်းမြားခြင်း ဆယ်မျိုးတွင် တစ်မျိုးတည်းသာ မဟုတ်ဘဲ နှစ်မျိုး သုံးမျိုးစသည် ရောနှော၍ ထိမ်းမြားနေကြသည်ကို လေ့လာတွေ့ရှိရပေသည်။ အချို့မင်္ဂလာပွဲများတွင် ရေဖလားကြီးတစ်ခုထဲ၌ ရွှေနှစ်ပြားကို တစ်ပြားတည်း ဂဟေစပ်ဘိသကဲ့သို့ သတို့သမီး၏ လက်ယာ လက်ဖဝါးကို ဖြန့်ထား၍ သတို့သား၏ လက်ယာလက်ဖဝါးကို အပေါ်က ထပ်ပြီးမှ လက်ထပ်ပေးသူက အထက်ပါအတိုင်းဆို၍ ထိမ်းမြားပေးလေ့ ရှိကြသည်။ ထိုထိမ်းမြားမင်္ဂလာပွဲကား ထိမ်းမြားခြင်းဆယ်မျိုးတွင် လက်

ထပ်ထိမ်းမြားခြင်းနှင့် ဩဒပတ္တကိနီခေါ် ရေခွက်၌ လက်စုံချ၍ ထိမ်းမြားခြင်းနှစ်မျိုးတို့ကို ရောနှောပြုလုပ်သော ထိမ်းမြားမင်္ဂလာပွဲတည်း။

တချို့ မင်္ဂလာပွဲများ၌မူ သတို့သား သတို့သမီးတို့၏ ထပ်ထားသည့်လက်များကို စုလျားခေါ် ပဝါငယ်ဖြင့် ရစ်ပတ်လျက် စုလျားရစ်ပတ်ထိမ်းမြားခြင်းမျိုးကိုပါ ထည့်စွက်၍ ထိမ်းမြားခြင်းသုံးမျိုးတို့ဖြင့် လက်ထပ်ထိမ်းမြားလေ့ ရှိကြပါသည်။ အချို့ကား သတို့သား သတို့သမီးများအား စံပယ်ပန်းကုံးများစွပ်၍ လည်းကောင်း၊ ကွင်းလိုက် လေးတောင်ခန့်ရှိသော ရွှေကြိုးကုံးကြီး၊ သို့မဟုတ် စံပယ်ကုံးကြီးကို သတို့သား သတို့သမီး နှစ်ဦးလုံး၏လည်၌ ကွင်းလိုက်စွပ်၍လည်းကောင်း ပန်းကုံးစွပ် ထိမ်းမြားခြင်း၊ ဒါလီဖွဲ့၍ ထိမ်းမြားခြင်းတို့ကိုပါ ရောနှောပြီး ထိမ်းမြားခြင်း လေးမျိုးငါးမျိုးတို့ဖြင့် ထိမ်းမြားမင်္ဂလာပွဲ ကျင်းပပြုလုပ်လေ့ရှိကြသည်ကို တွေ့ရပေသည်။

**ထိမ်းမြားမင်္ဂလာပွဲသုံးမျိုး**

အထက်ပါ ထိမ်းမြားခြင်း ၁၀ မျိုး၌လည်း ထိမ်းမြားမင်္ဂလာပွဲကျင်းပပြုလုပ်ရာဌာန၊ (ဝါ) သတို့သမီး ဆောင်ယူရာဌာနကို အကြောင်းပြု၍ –

၁။ အာဝါဟမင်္ဂလာ၊

၂။ ဝိဝါဟမင်္ဂလာ၊

၃။ စရမင်္ဂလာ

ဟူ၍ သုံးမျိုးသုံးစား ကွဲပြားသွားပေသည်။

ထိုတွင် အာဝါဟမင်္ဂလာဆိုသည်မှာ သတို့သမီးကို သတို့သားအိမ်သို့ ခေါ်ဆောင်ကာ သတို့သားအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာပွဲဖြစ်သည်။ သတို့သမီးအိမ်၌ မင်္ဂလာပွဲကျင်းပပြုလုပ်ပြီး သတို့သမီးကို သတို့သားအိမ်သို့ ပို့ဆောင်သော မင်္ဂလာပွဲကို ဝိဝါဟမင်္ဂလာဟုခေါ်သည်။

ဤနှစ်မျိုးမှာ ပါရာဇိကဏ် အဋ္ဌကထာ စသော ကျမ်းဂန်များ၌ လာရှိ၍ စရမင်္ဂလာမှာ ပညာရှိများ နောက်ထပ် ထည့်သွင်းထားသော ထိမ်းမြားမင်္ဂလာဖြစ်သည်။ မိမိတို့ နေရာအိမ်မှတစ်ပါး ကြီးကျယ်ခမ်း

နားသော ဟိုတယ်စသည့် အဆောက်အအုံကြီးများ၌ ကျင်းပပြုလုပ်သည့် ထိမ်းမြားမင်္ဂလာပွဲမျိုးကို စရမင်္ဂလာဟု ခေါ်ပါသည်။

## စေ့စပ်ကြောင်းလမ်း မင်္ဂလာပွဲ

ထို ထိမ်းမြားမင်္ဂလာပွဲများကို မကျင်းပမပြုလုပ်မီ ထိုမင်္ဂလာပွဲနှင့် ပတ်သက်၍ ပဏာမအနေဖြင့် ပြုလုပ်သည့် ရှေ့ပြေးမင်္ဂလာပွဲတစ်ပွဲ ရှိပါသေးသည်။ ထိုရှေ့ပြေးမင်္ဂလာပွဲကို စေ့စပ်ကြောင်းလမ်းပွဲဟု ခေါ်ကြသည်။ မြန်မာလူမျိုးတို့ကမူ ထိုပွဲကို စေ့စပ်ပွဲ၊ ကြောင်းလမ်းပွဲ၊ မြန်းပွဲဟု အမျိုးမျိုး ခေါ်ဝေါ်ကြသည်။ ထိုပွဲငယ်ကား ထိမ်းမြားမင်္ဂလာပွဲကြီးကို အဆင်ပြေပြေ မင်္ဂလာရှိရှိဖြင့် ထမြောက်အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် နှစ်ဦးနှစ်ဖက် တိုင်ပင်စေ့စပ်ကြပြီး ထိမ်းမြားမင်္ဂလာပွဲကြီး ကျင်းပရေးအစီအစဉ်ကို ကြိုတင်စီစဉ်ကြသည့်ပွဲပင် ဖြစ်ပါသည်။

ထို စေ့စပ်ကြောင်းလမ်းသည့်ပွဲတွင် ထိမ်းမြားမင်္ဂလာပွဲအခမ်းအနား ကျင်းပမည့်နေရာ နေ့ရက် အချိန်နာရီ စသည့်အစီအစဉ်များကို နှစ်ဖက်သော မိဘဆွေမျိုးတို့ တိုင်ပင်စီစဉ်လေ့ ရှိကြပါသည်။ ထိုစေ့စပ်ကြောင်းလမ်းပွဲသည် မင်္ဂလာပွဲကြီး ထမြောက်အောင်မြင် ပြီးစီးရေးအတွက် စီစဉ်ကြခြင်းဖြစ်ရာ ကောင်းမွန်သောလုပ်ငန်းဖြစ်သောကြောင့် ထိုစေ့စပ်ကြောင်းလမ်းပွဲကိုလည်း မင်္ဂလာပွဲဟုပင် ခေါ်ဆိုနိုင်ပါသည်။ ထိုစေ့စပ်ကြောင်းလမ်းပွဲကား ယခုခေတ်မှပေါ်လာသည့် မင်္ဂလာပွဲ မဟုတ်ပါချေ။ ဗုဒ္ဓမြတ်စွာမပွင့်လာမီ လောကလူသားတို့ ယဉ်ကျေးလာသည့် အချိန်ကပင် ထိမ်းမြားမင်္ဂလာပွဲနှင့်အတူ စတင်ပေါ်ပေါက်ခဲ့ဟန် ရှိပေသည်။

## ဘုရားလက်ထက်တော်က စေ့စပ်ပွဲ

ဗုဒ္ဓကျမ်းဂန်များ၌ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူချိန်က စေ့စပ်ကြောင်းလမ်းပွဲတစ်ပွဲကို တွေ့ရှိရပါသည်။ သာဝတ္ထိမြို့ရှိ မိန်းကလေးနေအိမ်၌ ကျင်းပ ပြုလုပ်ကြသည့် စေ့စပ်ကြောင်းလမ်းပွဲဖြစ်သည်။ သာဝတ္ထိမြို့သူကလေးတစ်ဦးကို တောသူဌေးသားတစ်ယောက်

နှင့် လက်ထပ်ထိမ်းမြားရန်အတွက် နှစ်ဖက်သော မိဘဆွေမျိုးများသည် နေ့ကောင်းရက်ကောင်း ရွေးချယ်ကြပြီး ထိမ်းမြား မင်္ဂလာပွဲ ကျင်းပမည့် နေ့ရက်ကို ထိုစေ့စပ်ကြောင်းလမ်းပွဲတွင် သတ်မှတ်လိုက်ကြပါသည်။

ထိုသို့ ရွေးချယ်သတ်မှတ်ပြီးမှ သတို့သား၏ မိဘများသည် သူတို့ ကိုးကွယ်သည့် တိတ္ထိရဟန်းကြီးထံမှောက်သို့ သွားရောက်ကြ၍ သတ်မှတ်ထားသည့်ရက် ကောင်းမကောင်းကို မေးမြန်းလျှောက်ထားကြသည်။ ထိုအခါ ရဟန်းကြီးက 'သူတို့ ငါ့ကို အရင်မမေးဘဲ ရက်ရွေးပြီးမှ လာမေးကြတယ်။ ဒီမင်္ဂလာပွဲကို မပျက်ပျက်အောင် ငါဖျက်မယ်' လို့ မကောင်းကြံပြီး –

"မင်းတို့ ရွေးထားတဲ့ရက်ဟာ နက္ခတ်မကောင်းဘူး။ မင်္ဂလာမှုကို မပြုကြနဲ့၊ ပြုရင် အားလုံးပျက်စီးကြလိမ့်မယ်၊ ငါပေးတဲ့ရက်မှာမှ လုပ်ကြ"

ဟု ရက်ရွေး အခါပေးလိုက်လေသည်။

သတို့သားမိဘများသည် ရဟန်းကြီး၏ ဟောပြောချက်ကို ယုံကြည်ကြပြီး သတ်မှတ်ထားခဲ့သည့်နေ့တွင် သာဝတ္ထိမြို့သို့ မင်္ဂလာဆောင် မသွားကြတော့ချေ။ ထိုနေ့တွင် သတို့သမီးအိမ်၌ မင်္ဂလာဆောင် အခမ်းအနားကိစ္စအဝဝကို အဆင်သင့် ပြုလုပ် ပြင်ဆင်ထားလေရာ အချိန်ကုန်သည် အထိ သတို့သားပေါ်မလာသောကြောင့် အခြား သင့်လျော်ရာ သာဝတ္ထိမြို့သားတစ်ဦးနှင့် လက်ထပ်ထိမ်းမြားလိုက်ရလေတော့သည်။

နောက်တစ်နေ့တွင် သတို့သားဘက်က ရောက်လာကြကာ သတို့သားမှာ အလာကောင်းသော်လည်း အခါနှောင်းသဖြင့် ဇနီးလောင်းကို လက်လွှတ်သွားရရှာပေသည်။ ထိုဇာတ်လမ်းကို အကြောင်းပြု၍ ဗုဒ္ဓရှင်တော်မြတ်ဘုရားက –

"မိုက်မဲသော သတို့သားသည် နက္ခတ်ကို ယုံကြည်၍ နက္ခတ်ကောင်းကို စောင့်မျှော်ခဲ့သည့်အတွက် သတို့သမီးရမှုဟူသော အကျိုးတရားကို လက်လွှတ်သွားရရှာပေပြီ။ အကျိုးရမှု အကျိုးပြီးစီးမှုသည်သာ လူတိုင်းအဖို့ နက္ခတ်ကောင်းဖြစ်လေသည်။ ကောင်းကင်တွင် သွားနေသည့် နက္ခတ်က မည်သည့် အကျိုးတရားကိုမျှ ဖြစ်ပွားပေါ်ပေါက်အောင် မပြုလုပ်နိုင်"

ဟူ၍ ဟောကြားတော်မူခဲ့ရာ ရက်ရာဇာ၊ ပြဿဒါး ရွေးသူများ သတိထားစရာ ကောင်းလှပေသည်။ သို့သော် မင်္ဂလာကိစ္စ ပြုသည့်အခါ၌ဖြစ်စေ၊ စီးပွားရေးစသော လုပ်ငန်းတစ်ခုခုကို ရွက်ဆောင်ကြရာ၌ဖြစ်စေ ဗေဒင်ပညာအရ ပြဿဒါးရက်၊ ဝါရမိတ္တုရက်များကို ရှောင်ရှားကြ၍ အမြိတ္တစုတ်ရက်၊ ရက်ရာဇာ စသော ရက်ကောင်းနေ့ကောင်းများ၌သာ ဆောင်ရွက်ပြုလုပ်ခြင်းဓလေ့သည် မြန်မာ့လူ့ဘောင်၏ ယဉ်ကျေးမှု အစဉ်အလာတစ်ခုကဲ့သို့ ဖြစ်နေပေသည်။

ထို့ကြောင့် ထိမ်းမြားမင်္ဂလာပွဲများကို ကျင်းပပြုလုပ်ကြသည့်အခါ၌ ဗေဒင်ပညာအရ 'ဝါ၊ ဝါ၊ တော်၊ တော်၊ ပြာ၊ ပေါင်းခေါ်၊ ခြောက်ဖော် မပေါင်းရ' ဆိုသကဲ့သို့ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလ၊ နတ်တော်လ၊ ပြာသိုလ၊ တပေါင်းလတို့၌ ထိမ်းမြားမင်္ဂလာပွဲ ကျင်းပခြင်းတို့ကို အများအားဖြင့် ရှောင်ရှားလေ့ရှိကြသည်။

ထိုသို့ ရှောင်ရှားကြခြင်းမှာ 'ဝါဆို၊ ဝါခေါင် ထိမ်းလျှင်လ၊ သေကိန်းပ ဆွေကြင်ဖော်၊ ခေါင်းပါးစွာ တော်သလင်းနှင့်၊ သားပုတ္တာ ခြွေရံကင်းပါလိမ့်၊ ကွင်းရှောင်ကြ လနတ်တော်၊ ပြာသိုမှာ ဥစ္စာယွင်းပါလို့၊ ကွေကွင်းကြ တပေါင်းနော်၊ မလျော်တဲ့ ခြောက်လ၊ ကြွင်းမာသေ၊ ထိမ်းမြားပါလေတော့ ရံခြွေရွေ ဆန်စပါးရယ်တို့၊ ပေါများကုံလုံလို့၊ လူ့ဘောင်မှာ အိုအောင်ပေါင်းရမယ်ကွယ် ကျောင်းကြီးအမ' ဆိုသည့် ဗေဒင်လင်္ကာအရ အပြစ်များ ဖြစ်တတ်သည်ဟု လက်ခံ ယုံကြည်ထားကြသောကြောင့် ဖြစ်ပါသည်။

## မြတ်ဗုဒ္ဓ၏ အိမ်ထောင်ရေးတရား

ဘဒ္ဒိယမြို့အနီး မြတ်လေးတော၌ ဗုဒ္ဓရှင်တော်မြတ်ဘုရား သီတင်းသုံးနေတော်မူသည့် အချိန်က ဖြစ်ပါသည်။

မေဏ္ဍကသူဌေးကြီး၏မြေး ဖြစ်သည့် ဘဒ္ဒိယမြို့သား ဥဂ္ဂဟ သူဌေးကြီးသည် နက်ဖြန်နံနက် သူ့အိမ်သို့ ဆွမ်းဘုဉ်းပေးကြွရန် ဗုဒ္ဓမြတ်စွာကို သွားပင့်ခဲ့သည်။

နောက်တစ်နေ့ ဆွမ်းဘုဉ်းပေးပြီးသည့်အခါ မြတ်စွာဘုရားကို –

"ရှင်တော်မြတ်ဘုရား... ဘုရားတပည့်တော်ရဲ့ ဒီသမီးပျိုကလေးများဟာ မကြာမီ ခင်ပွန်းသည်များရဲ့အိမ်သို့ အသီးသီး လိုက်ပါသွားကြရမှာ ဖြစ်ပါသည်။ ဒီကလေးမများ အခွန့်ရှည်စွာ ကြီးပွားချမ်းသာနိုင်ရန် ဆုံးမစကား မိန့်ကြားတော်မူပါဘုရား"

ဟု လျှောက်ထားပါသည်။ ထိုအခါ ရှင်တော်ဗုဒ္ဓက –

၁။ အိမ်ရှင်မဆိုသည်မှာ ခင်ပွန်းသည်၏နောက်မှ အိပ်ရာဝင်ပြီး ခင်ပွန်းသည်အိပ်ရာက မထမီ ထရသည်။ ခင်ပွန်းသည်အား လုပ်ပေးစေချင်သည့်အရာမေးမြန်းပြီး ကျေနပ်အောင် လုပ်ကိုင်ပြုစုပေးရမည်။ ခင်ပွန်းသည်ကို ချိုသာယဉ်ကျေးစွာ ဆက်ဆံပြောဆိုရမည်။

၂။ ခင်ပွန်းသည် လေးစားသည့် မိဘ ဆရာသမားများနှင့် ရဟန်းတော်များကို ရိုသေ လေးစားရမည်၊ ရှိခိုးပူဇော်ရမည်၊ ဧည့်သည်များကို နေရာထိုင်ခင်းပေးပြီး ကျွေးမွေး ဧည့်ခံရမည်။

၃။ ချက်ပြုတ်မှု၊ ချုပ်လုပ်မှု စသည့်အိမ်တွင်းမှု လုပ်ငန်းများကို ကိုယ်တိုင် ကျွမ်းကျင်တတ်မြောက်ပြီး စီမံခန့်ခွဲတတ်ရမည်။

၄။ အိမ်တွင်းရှိ အလုပ်သမားများ အလုပ် လုပ်၊ မလုပ်ကို အမြဲသိနေရမည့်အပြင် အလုပ်သမားများ၏ ကျန်းမာရေးနှင့် အခကြေးငွေ အပြည့်အစုံ ရ၊ မရကိုလည်း သိရှိနေရမည်။ မျှတမှုရှိစေရန် စီမံခန့်ခွဲပေးရမည်။

၅။ ခင်ပွန်းသည် ပေးအပ်လာသည့် ဥစ္စာပစ္စည်းများကို လုံခြုံအောင် ထိန်းသိမ်းတတ်ရမည်။ 'စီးတဲ့ရေ ဆည်တဲ့ကန်သင်း' ဆိုသကဲ့သို့ မကုန်သင့်သည်ကို မကုန်အောင် စီမံတတ်ရမည့်အပြင်၊ အပျော်အပါး လိုက်စားခြင်း စသည့်ပစ္စည်းဥစ္စာ ဆုတ်ယုတ်ကြောင်း အမှုမျိုးကိုလည်း ရှောင်ကြဉ်ရမည်။

စသော ဩဝါဒငါးချက် ဟောကြားဆုံးမတော်မူပါသည်။

ဤအိမ်ထောင်ရေးတရားကား အမျိုးသမီးများကို ဆုံးမသော တရားဖြစ်၍ အမျိုးသားများအတွက် မပါခြင်းဖြစ်ပါသည်။ အမျိုးသားများ အတွက် သိင်္ဂါလောဝါဒသုတ်၌ ဟောကြားတော်မူထားပါသည်။

## ဓနဥ္စယသူဌေး၏ ချစ်သမီးကိုပေးသော ဩဝါဒ ၁၀ ချက်

ထို့ပြင် ထိမ်းမြားမင်္ဂလာပြုခြင်းနှင့် စပ်လျဉ်း၍ သတို့သမီးများ လိုက်နာဖွယ်ရာအချက်များကို ဆက်လက် တင်ပြပါဦးမည်။

ဝိသာခါ ကျောင်းအမကြီးဆိုလျှင် ဗုဒ္ဓဘာသာဝင်များ လောက၌ ကလေးကအစ သိရှိကြပြီးဖြစ်ပါသည်။ ထို ဝိသာခါကျောင်းအမကြီး၏ ဖခင် ဓနဥ္စယသူဌေးကား ထိုခေတ်က သူဌေးကြီးငါးဦးတွင် တစ်ဦးဖြစ်သော မေဏ္ဍက သူဌေးကြီး၏သားတည်း။ ဓနဥ္စယသူဌေးသည် မိမိ၏ ချစ်သမီးကလေး ဝိသာခါကို မိဂါရသူဌေး၏သား ပုဏ္ဏဝဍ္ဎန သတို့သားနှင့် ထိမ်းမြားလက်ထပ်ခါနီး၌ မိမိ၏ ချစ်သမီးကလေး လင့်အိမ်၌ ချမ်းချမ်း သာသာ နေထိုင်နိုင်ရေးကိုမျှော်တွေးပြီး သမီးကလေးကို တိုက်ခန်းအတွင်း သို့ တစ်ဦးတည်းခေါ်ယူကာ ဤသို့ ဆုံးမစကား မှာကြားခဲ့ဖူးပါသည်။

"ချစ်သမီး… ခင်ပွန်းသည်ရဲ့အိမ်သို့ လိုက်နေကြရတဲ့ အမျိုးသမီး တိုင်းဟာ ယခု ဖေဖေပြောမယ့် ကျင့်ဝတ်တရားတွေကို မလွဲမသွေ လိုက်နာ ပြုကျင့်သင့်ကြပါတယ်။ ဒီကျင့်ဝတ်တွေကတော့ –

၁။ အတွင်းမီးကို အပြင်သို့ မထုတ်ဆောင်ရ၊
၂။ အပြင်မီးကို အတွင်းသို့ မသွင်းရ၊
၃။ ပေးကမ်းသူကိုသာ ပေးကမ်းရမည်၊
၄။ မပေးကမ်းသူကို မပေးကမ်းရ၊
၅။ ပေးကမ်းသူကိုဖြစ်စေ၊ မပေးကမ်းသူကိုဖြစ်စေ ပေးကမ်းရမည်။
၆။ ချမ်းသာစွာ နေထိုင်ရမည်၊
၇။ ချမ်းသာစွာ စားသောက်ရမည်၊
၈။ ချမ်းသာစွာ အိပ်ရမည်၊

၉။ မီးကို လုပ်ကျွေးရမည်၊

၁၀။ အိမ်တွင်းနတ်ကို ရိုသေမြတ်နိုး ရှိခိုးရမည်

ဆိုတဲ့ ကျင့်ဝတ်တွေဖြစ်တယ်၊ ဒီကျင့်ဝတ်တွေကို ရိုရိုသေသေ လိုက်နာပါ ချစ်သမီး"

ဟု ဆုံးမလိုက်ပါသည်။

ထိုဆယ်ချက်တွင် အတွင်းမီးကို အပြင်သို့ မထုတ်ဆောင်ရ ဆိုသည်မှာ မိသားစုထဲတွင် အိမ်ဦးနတ်များဟုခေါ်သည့် ယောက္ခမနှစ်ဦး နှင့် ခင်ပွန်းသည်တို့၏ ကျေးဇူးမဲ့ကဲ့ရဲ့စကားမျိုးကို ပြင်ပပတ်ဝန်းကျင်မှာ လုံးဝမပြောရဟု ဆိုလိုပါသည်။ ထိုစကားမျိုးကို ပြောဆိုခြင်းသည် မိမိကို ပြန်ပြီး ပူလောင်စေတတ်သောကြောင့် မီးနှင့်နှိုင်းထားခြင်း ဖြစ်ပါသည်။

အပြင်မီးကို အတွင်းမသွင်းရ ဆိုသည်မှာလည်း အိမ်နီးနားချင်းများ က ယောက္ခမများနှင့် ခင်ပွန်းသည်တို့၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားမျိုး ပြောကြားသည်ကို ကြားရသည့်အခါ ထိုစကားကို ယောက္ခမနှင့် ခင်ပွန်း သည်တို့ကို ပြန်လည်မပြောကြားရခြင်းဖြစ်ပါသည်။ ထိုပြင်ပစကားကို အိမ်တွင်းသို့ သယ်ဆောင်လာခြင်းမျိုးသည် မိမိနှင့်တကွ မိသားစုတစ်စု လုံးကို ပူလောင်စေတတ်သောကြောင့် အပြင်မီးဟု ဆိုခြင်းဖြစ်ပါသည်။

ပေးကမ်းသူကို ပေးကမ်းရမည်၊ မပေးကမ်းသူကို မပေးကမ်းရ ဆိုသည်မှာ ကြွေးမြီများ ချေးငှားယူထားပြီး ပြန်လည်ပေးဆပ်သူကိုသာ နောက်ထပ်ပေးရ၍ ပြန်လည်မပေးဆပ်သူကိုမူ မပေးရဟု ဆိုလိုပါသည်။ ပေးကမ်းသူကိုဖြစ်စေ၊ မပေးကမ်းသူကိုဖြစ်စေ ပေးရမည်ဆိုသည်ကား ဆင်းရဲနွမ်းပါးသော ဆွေမျိုး မိတ်သင်္ဂဟများ လာရောက်ချေးငှားပါလျှင်မူ ပြန်၍ ပေးဆပ်သည်ဖြစ်စေ၊ မပေးဆပ်သည်ဖြစ်စေ ပေးကမ်းလိုက်ရမည် ဟု အဓိပ္ပာယ်ရပေသည်။

ယောက္ခမနှစ်ပါးနှင့် လင်ယောကျ်ားတို့ မြင်တွေ့သွားလျှင် ထပေး ရမည့်နေရာမျိုး၌ မနေထိုင်ရခြင်းမျိုးကို ချမ်းသာစွာနေထိုင်ခြင်းဟု ခေါ် သည်။ ချမ်းသာစွာ စားသောက်ရမည်ဆိုသည်မှာ ယောက္ခမမိဘများနှင့် လင်ယောကျ်ားတို့မစားမီ ရှေးဦးစွာ မစားသောက်ရဘဲ နောက်ဆုံးမှ စား

သောက်ရမည်ဟု ဆိုလိုပါသည်။ ယောက္ခမ မိဘများနှင့် လင်ယောကျ်ား တို့ မအိပ်မီ အိပ်ရာမဝင်သေးဘဲ သူတို့အား ပြုသင့်ပြုထိုက်သည့် ဝတ်ကြီး ဝတ်ငယ်တို့ကိုပြုပြီး နောက်ဆုံးမှ အိပ်ရာဝင်ခြင်းကို ချမ်းသာစွာအိပ်ခြင်းဟု ခေါ်ပါသည်။

မီးကို လုပ်ကျွေးရမည် ဆိုသည်မှာ မိမိ၏ ခင်ပွန်းသည်နှင့် ယောက္ခမနှစ်ဦးတို့ကို မီးပုံကြီးကဲ့သို့ လည်းကောင်း၊ အဆိပ်ထန်ပြင်း နဂါး မင်းကဲ့သို့ လည်းကောင်း ကြောက်ရွံ့လေးစား သဘောထား၍ ကြည့်ရှု စောင့်ရှောက်ရမည်ဟု အဓိပ္ပာယ်ရသည်။ ခင်ပွန်းသည်၏ မိခင် ဖခင် တို့သည်လည်းကောင်း၊ ခင်ပွန်းသည် လင်ယောကျ်ားသည်လည်းကောင်း အိမ်တွင်းနတ်သဖွယ် ဖြစ်ကြ၏။ ထိုသူများကို နတ်ကဲ့သို့ ရိုသေညွတ်တွား ဦးထိပ် ထားရခြင်းကား အိမ်တွင်းနတ်ကို ရိုသေမြတ်နိုး ရှိခိုးခြင်း မည်ပါ သည်။ ဤသည်တို့ကား ဓနဥ္စယသူဌေးကြီးက ချစ်သမီး ဝိသာခါအား ဆုံးမမှာကြားလိုက်သည့် ဩဝါဒဆယ်ချက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ဖြစ်ပါသည်။

ဤကဲ့သို့ ထိမ်းမြားမင်္ဂလာပြုကာ အိမ်ထောင်သည် ဘဝသို့ ရောက်လာကြသည့် ဇနီးမောင်နှံနှစ်ဦးတို့သည် ရှင်တော်ဘုရား ဟောညွှန် ကြားခဲ့သည့် လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ်တို့ကို ကိုယ်စီကိုယ်င လိုက်နာ နိုင်ကြပါလျှင် လိုက်နာနိုင်သည်နှင့်အမျှ ထိုဇနီးမောင်နှံတို့၏ အိမ်ထောင် ရေးသည် ချမ်းမြေ့သာယာပျော်ရွှင်စရာကောင်းသည့် စံပြအိမ်ထောင်ရေးမျိုး ဖြစ်ပြီး နေထိုင်ကြသည့် အိမ်ဂေဟာမှာလည်း အလွန် ကျက်သရေမင်္ဂလာ ရှိသည့် သီရိဂေဟာမျိုး မလွဲဧကန် အမှန်ဖြစ်နိုင်ပါသည်။

အထူးသဖြင့် ဇနီးမောင်နှံတို့သည် တစ်ဦးအပေါ်တစ်ဦး အမှန် တကယ် ကြင်နာမှုရှိကြပြီး ထိုကြင်နာမှုကို လက်တွေ့ဖော်ဆောင်သည့် အနေဖြင့် တစ်ဦးအပေါ်တစ်ဦး သည်းခံခွင့်လွှတ်နိုင်မှုသည် အိမ်ထောင် သာယာရေး၏ ပဓာနအကြောင်း ဖြစ်ကြောင်း သိထားရန်ပင် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် လူသားတို့၏ ထိမ်းမြားမင်္ဂလာပြုခြင်း ယဉ်ကျေးမှု ဓလေ့ထုံးစံကို ဝေဖန်ဆန်းစစ်ကြည့်ပါလျှင် နှစ်ဖက်သော မိဘတို့သည်

ရှင်တော်ဗုဒ္ဓ လမ်းညွှန်ခဲ့သည့် မိဘတို့ဝတ္တရားအတိုင်း လိုက်နာပြုကျင့်သော အားဖြင့် ဗုဒ္ဓမြတ်စွာအား ဓမ္မပူဇာဖြင့် ပူဇော်ခြင်း ပူဇာစ ပူဇနေယျာန မင်္ဂလာ၊ သတို့သား သတို့သမီးတို့က ရတနာသုံးပါးနှင့် မင်္ဂလာပရိသတ်တို့အား လက်အုပ်ချီမိုး ရှိခိုးပူဇော်ခြင်း ပူဇာစ ပူဇနေယျာနမင်္ဂလာ၊ မင်္ဂလာဧည့်သည်တော်များအား စားဖွယ်သောက်ဖွယ်ရာတို့ဖြင့် ရိုသေလေးစားစွာ ဧည့်ခံကျွေးမွေးခြင်း၊ သာယာနာပျော်ဖွယ်ကောင်းသော သီချင်းတူရိယာတို့ဖြင့် ဖျော်ဖြေဧည့်ခံခြင်း ဒါန မင်္ဂလာ၊ ဂါရဝမင်္ဂလာတရားများ ဖြစ်ပွားသည့်အပြင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေများအရ တရားဝင်ဇနီးမောင်နှံဘဝသို့ရောက်ရှိခြင်း စသော အကျိုးသက်ရောက်မှုများရှိကြောင်း တွေ့ရှိရပေသည်။

ဤသို့ လောက ဓမ္မ နှစ်ဌာနစလုံး အကျိုးရှိသော ဓလေ့ထုံးစံဖြစ်သော မိမိတို့ သားငယ်သမီးငယ်များ အချိန်တန် အရွယ်ရောက်သည့်အခါတွင် ဤထိမ်းမြားမင်္ဂလာပြုခြင်းဟူသော ယဉ်ကျေးမှုဓလေ့ထုံးစံကို မြန်မာ့လူ့ဘောင်ရှိ မိဘတိုင်း စဉ်လာမပျက် ဆက်လက် ထိန်းသိမ်းသွားသင့်ကြပေသည်။

❑

# အိမ်တက်မင်္ဂလာပွဲ

## အိမ်တက်မင်္ဂလာပွဲ ဆိုသည်မှာ

ဗုဒ္ဓယဉ်ကျေးမှုဆိုသည်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ လမ်းညွှန်တော်မူချက်များ၊ သဘောတူ ခွင့်ပြုတော်မူချက်များအရ လိုက်နာပြုလုပ်သည့် လောကီမင်္ဂလာ၊ လောကုတ္တရာမင်္ဂလာ၊ ယဉ်ကျေးမှုအဖြာဖြာတို့ ဖြစ်ပါသည်။

ယခုတင်ပြမည့် အိမ်တက်မင်္ဂလာပွဲသည်လည်း ရှင်တော်ဗုဒ္ဓ သဘောတူ ခွင့်ပြုတော်မူချက်အရ ပြုလုပ်ကြသည့် မင်္ဂလာပွဲမျိုးဖြစ်ရကား ဗုဒ္ဓယဉ်ကျေးမှုပွဲတစ်ပွဲပင် ဖြစ်ပါသည်။ အိမ်တက်မင်္ဂလာပွဲဆိုသည်မှာ အိမ်စသော အဆောက်အအုံသစ်များကို မတက်ရောက်မနေထိုင်မီ ထို အဆောက်အအုံသစ်များ၌ ကြီးပွားချမ်းသာကြောင်း ကောင်းမှုမင်္ဂလာ အပေါင်းကို ကျင်းပပြုလုပ်သောပွဲမျိုး ဖြစ်ပါသည်။

'အိမ်တက်' ဟူသော အသုံးအနှုန်းသည် အိမ်ကိုခေါင်းတပ်၍ ပဓာနနည်း၊ ဥပလက္ခဏနည်းအားဖြင့် ဆိုထားသည့် အသုံးအနှုန်း ဖြစ်ရကား ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ ရုံး စသော အဆောက်အအုံသစ်များအားလုံး၌ ကျင်းပ ပြုလုပ်ကြသည့် ကျောင်းရေစက်ချပွဲ၊ ကျောင်းသစ်ဖွင့်ပွဲ၊ ဇရပ်၊ ဓမ္မာရုံဖွင့်ပွဲ၊ ရုံးသစ်ဖွင့်ပွဲ စသော ပွဲများသည်လည်း ဤအိမ်တက်မင်္ဂလာပွဲတွင် အကျုံးဝင်ကြပေသည်။

## မြန်မာလူမျိုးတို့၏ အိမ်တက်မင်္ဂလာပွဲ

မြန်မာလူမျိုးတို့သည် များသောအားဖြင့် အိမ် စသော အဆောက် အအုံသစ်များကို ဆောက်လုပ်ပြီးသည့်အခါ ထိုအဆောက်အအုံသစ်များ သို့ ရဟန်းသံဃာများကို ပင့်ဖိတ်ကာ ဆွမ်းစသော ခဲဖွယ်ဘောဇဉ် ချိုချဉ် ရသာ အဖြာဖြာတို့ကို ဆက်ကပ်ကျွေးမွေးခြင်း၊ လှူဒါန်းဖွယ်ရာ ပစ္စည်း ဝတ္ထုအဖြာဖြာတို့ကို လှူဒါန်းဆက်ကပ်ခြင်း၊ ဘုန်းတော်ကြီးများထံမှ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလတို့ကို ခံယူဆောက်တည်ခြင်း၊ ပရိတ် တရားတော်များကိုနာယူခြင်း၊ သတ္တဝါများအား အမျှပေးဝေခြင်း၊ သာဓု အနုမောဒနာပြုခြင်း စသည်ဖြင့် ဒါန သီလ ဘာဝနာ ကောင်းမှုမင်္ဂလာ အဖြာဖြာတို့ကို ယုံယုံကြည်ကြည်ဖြင့် အမြတ်တနိုး ပြုလုပ်လေ့ရှိကြ ပေသည်။

ရဟန်းသံဃာတော်များကလည်း ဤကဲ့သို့ မင်္ဂလာယူသည့်အခါ မျိုး၌ အိမ်သူအိမ်သားများ ချမ်းချမ်းသာသာ မင်္ဂလာရှိရှိ နေထိုင်နိုင်ကြရန် မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ပုဗ္ဗဏှသုတ် စသည့် အန္တရာယ်ကင်း ပရိတ်တရား တော်များကို ရွတ်ဖတ်ချီးမြှင့်ပေးလေ့ ရှိကြပါသည်။ သို့ရာတွင် တချို့ မိသားစုများမှာ ပစ္စည်းဥစ္စာ လွန်စွာဆင်းရဲကြ၍ ရဟန်းသံဃာများအား ဆွမ်းကပ်ခြင်း၊ ပစ္စည်းဝတ္ထုများကို လှူဒါန်းပူဇော်ခြင်းတို့ကို မပြုနိုင်ရှာ ကြချေ။ သို့သော် ယုံကြည်မှုသဒ္ဓါကား အပြည့်အဝ ရှိကြ၏။ အစဉ်အလာ ကိုလည်း လေးစားကြ၏။

ထို့ကြောင့် ညနေချမ်းတွင် ရဟန်းသံဃာများပင့်၍ အန္တရာယ်ကင်း ပရိတ်တရားနာယူခြင်း စသည်ဖြင့် အိမ်တက်မင်္ဂလာပွဲကို အကျဉ်းချုံး၍ ပြုလုပ်လေ့ရှိကြသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ကား အများ အားဖြင့် အစဉ်အလာကို လွန်စွာ လေးစားကြသူများ ဖြစ်ပေသည်။ ဤ အိမ်တက် မင်္ဂလာနှင့် စပ်လျဉ်း၍ ဆောက်လုပ်ပြီးစ အဆောက်အအုံသစ်များ၌သာ အိမ်တက်မင်္ဂလာမှုကို ပြုကြသည်မဟုတ်။ အဆောက်အအုံမှာ သစ်သည် ဖြစ်စေ၊ ဟောင်းသည် ဖြစ်စေ မိမိတို့ ပြောင်းရွှေ့နေထိုင်ကြသည့်အခါ၌ပင် အိမ်တက်မင်္ဂလာမှုကို ပြုလုပ်လေ့ ရှိကြလေသည်။

## သာကီဝင်မင်းသားတို့၏ အိမ်တက်မင်္ဂလာပွဲ

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ အစဉ်အလာအရ ပြုလုပ်လာခဲ့ကြသည့် အိမ်တက်မင်္ဂလာပွဲကား ကဆုန် ညောင်ရေသွန်းပွဲ၊ မီးပုံးပျံပွဲတို့ကဲ့သို့ ရှေးမြန်မာကြီးတို့ တီထွင်ပြုလုပ်ခဲ့သည့် ဘာသာယဉ်ကျေးမှုပွဲမဟုတ်၊ ဗုဒ္ဓရှင်တော်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ထွန်းကားခဲ့သည့် ပွဲ ဖြစ်ပါသည်။ သာဓကဆောင်၍ပြရလျှင် ကပိလဝတ်ပြည်၊ နိဂြောဓာရုံ ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ်အချိန်က ဖြစ်ပါသည်။ ထိုစဉ်အခါ သာကီဝင်မင်းသားတို့သည် အစည်းအဝေး ကျင်းပပြုလုပ်ရန် အတွက် လွှတ်တော် အဆောက်အအုံကြီးတစ်ခုကို စီမံပြုလုပ်ကြသည်။

အဆောက်အအုံကြီး ပြီးစီးသွားသည့်အခါ သွားရောက်ကြည့်ရှုကြပြီး '၎င်းအဆောက်အအုံကြီးကား နတ်ဗိမာန်ကြီးတမျှ လှပတင့်တယ် ရှုချင်စဖွယ်ရှိ၏၊ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံ၍ ပျော်မွေ့ဖွယ် ရာကောင်း၏။ ရဟန်း၊ ပုဏ္ဏား မည်သည့်လူသားမျှ အသုံးမပြုရသေး သဖြင့် အသစ်စက်စက်ဖြစ်၏။ အဘယ်သူအား ပထမဆုံး နေထိုင်အသုံး ပြုစေရလျှင် ငါတို့သာကီဝင် မင်းသားများအတွက် ကြာရှည်လေးမြင့်စွာ ချမ်းသာစီးပွားများ ဖြစ်ပွားပေါ်ထွက်လာနိုင်ပါသနည်း' ဟု တိုင်ပင်စဉ်းစား ကြရာ ဗုဒ္ဓမြတ်စွာကို သူတို့ဉာဏ်တွင် ထင်မြင်လာကြသည်။

'ရှင်တော်ဗုဒ္ဓသည် ငါတို့ ဆွေတော်မျိုးတော်များထဲတွင်လည်း အမြတ်ဆုံးဖြစ်သည်။ မြတ်သောအလှူကို ခံထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်လည်းဖြစ်သည်။ ဗုဒ္ဓမြတ်စွာအား ပထမဆုံး သီတင်းသုံးစေတော်မူ ရလျှင် ကောင်းမည်၊ ဗုဒ္ဓမြတ်စွာ ကြွလာတော်မူလျှင် ရဟန်း သံဃာတော်များလည်း ပါလာမည်။ ထိုအခါ ပိဋကတ်သုံးပုံဟူသော တရားတော်လည်း ရောက်လာသည်မည်၏။ ငါတို့သည် ညဉ့်သုံးယံပတ်လုံး ဘုရားရှင်ထံမှ တရားတော်ကို နာယူကြမည်။ ၎င်းနည်းအတိုင်း ၎င်းလွှတ်တော် အဆောက်အအုံသစ်ကြီးကို ရတနာသုံးပါးတို့အား ရှေးဦးစွာ အသုံးပြုစေပြီးမှ ငါတို့ အသုံးပြုရသော် ငါတို့အား စီးပွားချမ်းသာ ကျက်သရေ အဖြာဖြာ မင်္ဂလာအမျိုးမျိုးတို့ တိုးတက်ပွားများလာပေမည်' ဟု တညီ

တညွတ်တည်း ဆုံးဖြတ်ကြပြီး ဘုရားရှင်ထံမှောက်သို့ သွားရောက် ပင့်လျှောက်ကြလေသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သာကီဝင်မင်းသားတို့၏ ပင့်လျှောက်ခြင်းကို ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် လက်ခံတော်မူလိုက်ပါသည်။ သာကီဝင်မင်းသားတို့သည် ဘုရားရှင် လက်ခံတော်မူလိုက်သည်နှင့်တစ်ပြိုင်နက် လွှတ်တော်အဆောက်အအုံသစ်ကြီးသို့ သွားကြပြီး လွှတ်တော်ခန်းမကြီးအတွင်း၌ လှပဆန်းကြယ် အသွယ်သွယ်သော ကော်ဇောအခင်းကြီးများကို နေရာလပ်မရှိအောင် အပြည့်ခင်းကြသည်။ လွှတ်တော်ခန်းမကြီး၏ အလယ်ဗဟိုရှိ မင်္ဂလာတိုင်ကြီးကိုမှီ၍ ရှင်တော်ဘုရားသီတင်းသုံးတော်မူရန်အတွက် ပလ္လင်အခင်းကြီးကို ခင်းကြသည်၊ ပလ္လင်တော်အထက်၌ကား ရွှေကြယ်၊ ငွေကြယ်တို့ဖြင့် အဆန်းတကြယ် တန်ဆာဆင်ထားသည့် ဗိတာန်မျက်နှာကြက်ကြီးကို လှပစွာ တပ်ဆင်ထားကြ၏။

ခန်းမကြီး၏ အနောက်ဘက်နံရံ တစ်လျှောက်၌ ရဟန်းသံဃာတော်များအတွက် နေရာအသီးသီး ပြင်ဆင်ထားသကဲ့သို့၊ အရှေ့ဘက်နံရံတစ်လျှောက်၌လည်း လူပရိသတ်များအတွက် နေရာများခင်းထား၏။ မျက်နှာသစ်တော်ရေ၊ လက်ဆေးရေ၊ ခြေဆေးရေတို့အတွက် ရေပြည့်အိုးကြီးများကိုလည်း သူ့နေရာနှင့်သူ အံဝင်ခွင်ကျ တည်ထားကြ၏။ လွှတ်တော်ကြီး၏ အတွင်းအပြင် နှစ်ခုစလုံးတွင် ဆီမီးရောင်ရှိန် တထိန်ထိန်ညှိထွန်းထားကြသည်။

'ရှင်တော်ဗုဒ္ဓသည် ယနေ့ညတစ်ည လွှတ်တော် အဆောက်အအုံသစ်တွင် သီတင်းသုံးတော်မူပါသည်။ ဘုရားရှင်တို့မည်သည် တိတ်ဆိတ်မှုကို လိုလားနှစ်သက်တော်မူကြပါသည်။ နို့စို့ကလေးငယ်များကို မငိုရအောင် နို့တိုက်ထားကြပါ၊ ကလေးငယ်များကိုလည်း ထမင်းဝအောင်ကျွေးပြီး စောစောသိပ်ထားကြပါ၊ ဆူညံမှုများကို မလုပ်ကြပါနဲ့' ဟု မြို့တွင်း၌ စည်ဖြင့်လှည့်လည်၍ ကြေညာထားလေသည်။ ဤသို့ အားလုံးအဆင်သင့် ဖြစ်သည့်အခါ ဘုရားရှင်အား 'ကြွချိန်တန်တော်မူပြီ' ဖြစ်ကြောင်း သွားရောက်လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ကြွတော်မူကာ လွှတ်တော်ခန်းမကြီးအတွင်း ခင်းထားသည့် ဘုရားရှင်တို့၏နေရာတွင် အရှေ့ဘက်သို့ မျက်နှာမူကာ သီတင်းသုံးတော်မူ၏။ သံဃာတော်များမှာ အနောက်ဘက် နံရံကိုမှီ၍ အရှေ့ဘက်သို့ မျက်နှာမူကာ သီတင်းသုံးတော်မူကြသကဲ့သို့၊ မင်းပရိသတ်တို့သည်လည်း အရှေ့ဘက် နံရံကိုမှီလျက် ဘုရားအမှူးရှိသော သံဃာတော်ဘက်သို့ မျက်နှာမူကာ လက်အုပ်ချီလျက် နေကြ၏။ သာကီဝင်မင်းသားတို့သည် ညဦးယံ၌ ဘုရားအမှူးရှိသော သံဃာတော်များအား ပူဇော်သက္ကာရ ပြုကြသည်။ ထို့နောက် ဘုရားရှင်သည် မင်းပရိသတ်အား –

"ဤ အဆောက်အအုံကို ပေးလှူခြင်း မည်သည် အလွန်အကျိုးကြီး၏။ သင် မင်းသားတို့သည် ဤ အဆောက်အအုံသစ်၌ ငါဘုရားသီတင်းသုံးတော်မူသကဲ့သို့ ရဟန်းသံဃာအပေါင်းလည်း သီတင်းသုံးကြ၏။ ငါဘုရားနှင့် ရဟန်းသံဃာတို့ သီတင်းသုံးတော်မူကြခြင်းကား တရားတော်မြတ်၏ သီတင်းသုံးခြင်းပင်ဖြစ်၍ ရတနာသုံးပါးစလုံး သီတင်းသုံးခြင်းမည်ပေသည်၊ အဆောက်အအုံကို လှူဒါန်းခြင်းမှာ အလုံးစုံသော အလှူကို လှူဒါန်းခြင်းဖြစ်၏။ သစ်ခက်ကျောင်းကိုဖြစ်စေ၊ သစ်ခက်မဏ္ဍပ်ကိုဖြစ်စေ လှူဒါန်းခြင်း၏ အကျိုးကား ပိုင်းခြား၍မရနိုင်အောင်များပြားလှပေ၏..."

စသည်ဖြင့် အဆောက်အအုံ လှူကျိုး အနုမောဒနာတရားကို ညဥ့်ဝက်အထိ ဟောကြားတော်မူပါသည်။

ဤကဲ့သို့ အဆောက်အအုံသစ်ကို တစ်ညတာ လှူဒါန်းခြင်းနှင့်စပ်သည့် ဝမ်းမြောက်ဖွယ်ရာ အကျိုးတရားကို ဟောကြားပြီးသည့်အခါ သာကီဝင်မင်းသားတို့အား မင်္ဂလာဖြစ်စေခြင်းငှာ သေက္ခပုဂ္ဂိုလ်တို့၏ ကျင့်စဉ်တရားကို ဟောကြားရန် ညီတော်အရှင်အာနန္ဒာ မထေရ်အား တာဝန်ပေးတော်မူပါသည်။

မှန်ပါသည်၊ ဤသာကီဝင်မင်းသားတို့သည် မိမိတို့လွှတ်တော်အဆောက်အအုံသစ်ကြီး၌ မင်္ဂလာရှိမှုကို တောင့်တကြ၏။ ဤသေက္ခ

တို့၏ ကျင့်စဉ်တရားကိုလည်း ဘုရားရှင် သာသနာတော်၌ 'မင်္ဂလာပဋိပဒါ'(ဝါ) ကြီးပွားတိုးတက်မည့် ကျင့်စဉ်တရားဟု သတ်မှတ်ထားသည်။ တရားနာသူ မင်းပရိသတ်များမှာလည်း သေက္ခပုဂ္ဂိုလ်တို့ များကြသည်။ တရားဟောသည့် အရှင်အာနန္ဒာမထေရ်ကလည်း သေက္ခပဋိ သမ္ဘိဒါပတ္တ ပုဂ္ဂိုလ်ဖြစ်၏။

သို့ဖြစ်၍ သေက္ခတို့၏ ကျင့်စဉ်တရားကို ဟောကြားလျှင် ဤလွှတ်တော် အဆောက်အအုံသစ်မှာလည်း မင်္ဂလာဖြစ်သည်။ သာကီဝင်မင်းသားတို့အားလည်း ကြီးပွားတိုးတက်မှု မင်္ဂလာဖြစ်သည်။ တရားဟောသူ တရားနာသူ နှစ်ဦးစလုံးတို့အတွက်လည်း မပင်မပန်း ရွှင်လန်းလွယ်ကူစွာနာယူနိုင် ဟောပြောနိုင်ကြပေမည်ဟု ဘုရားရှင် ရည်ရွယ်၍ ဤသေက္ခတို့၏ ကျင့်စဉ်တရားကို ဟောကြားစေတော်မူခြင်း ဖြစ်ပေသည်။ ဤ သာကီဝင်မင်းသားတို့၏ အိမ်တက်မင်္ဂလာပွဲကား မဇ္ဈိမပဏ္ဏာသပါဠိတော်၊ သေခသုတ်၌ ဗုဒ္ဓမြတ်စွာကိုယ်တိုင် ဟောကြားတော်မူခဲ့သော မင်္ဂလာပွဲ ဖြစ်ပါသည်။

ထိုအိမ်တက်မင်္ဂလာပွဲခါ လွှတ်တော် အဆောက်အအုံသစ်ဖွင့်ပွဲ၌ ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ဆွမ်းကပ်သည့် အကြောင်း၊ ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းသည့် အကြောင်းတို့ကို မတွေ့ရချေ။ ညဥ့်ဦးယံ၌ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား ပူဇော်သက္ကာရ ပြုကြောင်းသာ တွေ့ရပေသည်။ သို့သော် သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ ဟောကြားတော်မူသည့် ပါဋလိပုတ်ပြည် တည်ထောင်ခန်း၌မူ ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဘောဇဉ်များကို ဆက်ကပ်ပြီး အိမ်တက်မင်္ဂလာပွဲ ပြုလုပ်ကျင်းပကြကြောင်းကို အောက်ပါအတိုင်း ဖတ်ရှုရပေသည်။

## မာဂဓတိုင်းသား အမတ်ကြီးများ၏ အိမ်တက်မင်္ဂလာပွဲ

ရှင်တော်ဗုဒ္ဓသည် နာလန္ဒာမြို့မှ ပါဋလိရွာသို့ကြွ၍ သီတင်းသုံးတော်မူစဉ် မဂဓမင်း၏ အမတ်ကြီးများ ဖြစ်ကြသော သုနိဓပုဏ္ဏားနှင့်

ဝေသာလီဘာရပုဏ္ဏားတို့သည် ပါဋ္ဌလိမည်သော ရွာငယ်ကလေးကို မြို့ကွက်ရိုက်၍ မြို့သစ်အဖြစ် တည်ဆောက်နေကြ၏။ ထိုအခါ နတ်တို့သည် တစ်ထောင်စီ တစ်ထောင်စီစုကာ အိမ်ရာမြေကွက်တို့ကို သိမ်းပိုက်ကြသည်။

တန်ခိုးကြီးနတ်တို့ သိမ်းပိုက်ထားကြသော မြေကွက်တို့၌ တန်ခိုးကြီးသော မင်းနှင့်အမတ်ကြီးများ အိမ်ရာတည်ဆောက်ရန် စိတ်ညွတ်ကြသကဲ့သို့၊ တန်ခိုးအလတ်စားနတ်နှင့် အငယ်စားနတ်တို့ သိမ်းပိုက်ထားသော မြေကွက်တို့၌ တန်ခိုးအလတ်စားနှင့်အငယ်စားရှိသော မင်းနှင့်အမတ်များ အိမ်ရာတည်ဆောက်ရန် စိတ်ညွတ်ကြလေသည်။

အမတ်ကြီးနှစ်ဦးတို့သည် စနစ်တကျ မြို့ကွက်ရိုက်၍ မြို့သစ်ကြီးတည်ဆောက်ပြီးစီးသည့်အခါ –

"ငါတို့ဘုရင်ကြီးသည် ဂေါတမဘုရားရှင်၏ ဒကာရင်းကြီးဖြစ်သည်။ ငါတို့ ဂေါတမဘုရားထံမရောက်လျှင် ဝါ ဂေါတမဘုရားအားမပင့်ဖိတ်လျှင် ငါတို့အား ဘုရင်ကြီး အပြစ်တင်ပေလိမ့်မည်။ အထူးသဖြင့် ဂေါတမဘုရားရှင် ရောက်ရာရောက်ရာ ဌာနတို့မှာ ကြမ်းကြုတ်ယုတ်မာသော သတ္တဝါများ ဖယ်ရှားသွားတတ်ကြသည်ဟု ဆိုသည်။ မြို့သစ်မင်္ဂလာဖြစ်အောင် ဂေါတမဘုရားရှင်အား တရားဟောကြားစေမည်"

ဟု အညီအညွတ် တိုင်ပင်ကြလေသည်။

ထို့နောက် ဘုရားရှင်ထံမှောက်သို့ သွားရောက်ကြကာ ဘုရားအမှူးရှိသည့် သံဃာတော်များအား မိမိတို့အိမ်သစ်များသို့ ဆွမ်းဘုဉ်းပေးကြွရန် ရိုသေစွာ ပင့်လျှောက်ကြ၏။ ဗုဒ္ဓမြတ်စွာသည် ဆိတ်ဆိတ်နေခြင်းဖြင့် သဘောကျလက်ခံ၍ ဆွမ်းစားချိန်နီးသောအခါ ရဟန်းသံဃာအပေါင်းခြံရံလျက် ထိုအမတ်ကြီးတို့၏ အိမ်သစ်များသို့ ကြွတော်မူလာလေသည်။

ဘုရားအမှူးရှိသော သံဃာတော်များသည် အမတ်ကြီးများဆက်ကပ်သည့် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်များကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးသည့်အခါ ဗုဒ္ဓမြတ်စွာသည် ပရိသတ်အား ဤသို့ ဆွမ်းအနုမောဒနာတရားကို ဟောကြားတော်မူပါသည်။

"ပုဏ္ဏားတို့... ပညာရှိသောသူသည် အကြင်အရပ်၌ အိမ်ရာဆောက်လုပ်နေထိုင်၏။ ထိုအရပ်၌ ကိုယ် နှုတ် နှလုံး စောင့်သုံး၍ မြတ်သောအကျင့်ရှိသည့် သီလဝန္တပုဂ္ဂိုလ်တို့ကို ဆွမ်းကျွေးပြီး ပတ်ဝန်းကျင်ရှိ နတ်အပေါင်းတို့အား ကုသိုလ်ကောင်းမှု၏အဖို့ကို အမျှပေးဝေရမည်။

ထိုအခါ နတ်တို့သည် အမျှပေးဝေခြင်းဖြင့် ပူဇော်မှုကိုခံကြရ၍ 'ဤလူသားတို့သည် ငါတို့နှင့်ဆွေမတော် မျိုးမစပ်ကြကုန်လင့်ကစား ငါတို့အား အမျှပေးဝေဖော်ရပေသည်' ဟု သဘောထား၍ အမျှပေးဝေသူတို့ကို ကောင်းမွန်စွာ စောင့်ရှောက်သောအားဖြင့် တုံ့ပြန်၍ ပူဇော်လေ့ရှိကြပေသည်။

ရံဖန်ရံခါ မိရိုးဖလာ ဗလိနတ်စာ ကျွေးမွေးပသသောအားဖြင့် နတ်တို့အား မြတ်နိုးမှုကို ပြုကြရမည်။ ထိုအခါ လူတို့၏ မြတ်နိုးမှုကို ခံရသော နတ်တို့သည် 'ဤလူတို့သည် ငါတို့၏ ဆွေမျိုးများမဟုတ်ကြသော်လည်း ငါတို့အား လေးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ် ပူဇော်ပသမှုကို ပြုကြပေသည်' ဟု ထိုသူတို့အပေါ် ကျရောက်လာမည့် ဘေးအန္တရာယ် ရန်အသွယ်သွယ်တို့ကို ဖယ်ရှားပေးသောအားဖြင့် ပြန်၍မြတ်နိုးတတ်ကြပေသည်။

ဥပမာအားဖြင့် ကျေးဇူးကြီးရှင် မွေးမိခင်သည် ရင်မှမွေးဖွား မိမိသားကို အစဉ်စောင့်ရှောက်သကဲ့သို့၊ နတ်တို့သည် ထိုအမျှပေးဝေသူ ပူဇော်ပသသူ ပညာရှိပုဂ္ဂိုလ်ကို ဘေးမသီရန်မခရအောင် စောင့်ရှောက်တတ်ကြသည်။ နတ်တို့စောင့်ရှောက်မှုကို ခံရသောသူသည် ကောင်းကျိုးချမ်းသာ ဣဋ္ဌမင်္ဂလာအဖြာဖြာတို့ကို အမြဲတစေ တွေ့ကြုံ ခံစားရပေသည်"

ဟု ဟောကြားဆုံးမတော်မူပြီး ရဟန်းအပေါင်းနှင့်အတူ ပြန်ကြွတော်မူလေသည်။

ဤဖော်ပြခဲ့ပြီးသော မဇ္ဈိမနိကာယ်၊ သေခသုတ်နှင့် ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်တို့လာ အိမ်တက်မင်္ဂလာပွဲ အကြောင်းအရာများကို အနှစ်ချုပ်၍ မှတ်ချက်ထုတ်ရသော် –

၁။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ စဉ်လာမပျက် ကျင်းပပြုလုပ်လျက်ရှိကြသော အိမ်တက်မင်္ဂလာပွဲသည် မြန်မာလူမျိုးတို့ ခေတ်ရောက်မှ ဖြစ်ပေါ်လာသည့်ပွဲမဟုတ်၊ ဗုဒ္ဓရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ဖြစ်ပွားပေါ်ပေါက်ခဲ့သော ပွဲဖြစ်သည်။ ထိုမင်္ဂလာပွဲကို ဗုဒ္ဓမြတ်စွာကိုယ်တိုင် ပါဝင်ပြုလုပ်တော်မူ၍ ဗုဒ္ဓမြတ်စွာ ခွင့်ပြုသဘောတူပြီးသောပွဲဖြစ်ရကား ထိုပွဲကို ဗုဒ္ဓယဉ်ကျေးမှုပွဲဟု ခေါ်ဆိုရသည်။

၂။ ယခုခေတ်၌ အဆောက်အအုံသစ်တွင် အိမ်ရှင်တို့ တက်ရောက်နေထိုင်ပြီး တစ်ပတ်ခန့်ကြာမှဖြစ်စေ၊ နှစ်လသုံးလကြာမှဖြစ်စေ အိမ်တက်မင်္ဂလာပွဲ ဆင်နွှဲပြုလုပ်လေ့ရှိကြ၏။ ထိုသို့ပြုလုပ်ခြင်းသည် အိမ်တက်မင်္ဂလာပွဲ ဖြစ်နိုင်ခွင့်ရှိသော်ငြားလည်း ရှေးအစဉ်အလာနှင့် မညီညွတ်ပါချေ။ ထို့ကြောင့် အိမ်တက်မင်္ဂလာပွဲ ကျင်းပပြုလုပ်သည့်အခါ ရှေးအစဉ်အလာနှင့်လည်း ညီညွတ်၍ ကောင်းမှုမင်္ဂလာအဖြာဖြာတို့လည်း ပို၍ တိုးပွားလာစေရန် –

(က) ရှေးဦးစွာ ဘုရားရှင်ကိုယ်စား မိမိတို့ ကိုးကွယ်ထားကြသည့် ရုပ်ပွားဆင်းတုတော်ကို ဘုရားကျောင်းဆောင်တော်နှင့်တကွ အိမ်သစ်သို့ ပင့်ဆောင်၍ ပန်း ရေချမ်း ဆီမီးတို့ဖြင့် ပူဇော်ကြရမည်။

(ခ) ထို့နောက် မိမိတို့ မတက်ရောက်မနေထိုင်ရသေးသဖြင့် အသစ်စက်စက်ဖြစ်သော အဆောက်အအုံကို သံဃာတော်များအား တစ်ညဉ့်တာမျှ သီတင်းသုံးတော်မူရန် လျှုဒါန်းပြီး ပရိတ်တရားတော်များ နာယူကြရမည်။

(ဂ) နံနက်ချိန်ရောက်သည့်အခါ မဂဓတိုင်းသားအမတ်ကြီးများအား ဘုရားရှင် ညွှန်ကြားတော်မူသည့်အတိုင်း ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ်ရမည်။

(ဃ) ထို့နောက် သံဃာတော်များထံမှ သရဏဂုံသုံးပါးနှင့် ငါးပါး သီလခံယူခြင်း၊ ပစ္စည်းဝတ္ထုများကို လှူဒါန်းခြင်း၊ ပရိတ်တရားတော် နာယူခြင်း၊ တရားတော် နာယူခြင်း၊ ရေစက်ချ၍ ပတ်ဝန်းကျင်ရှိ လူနတ် စသော သတ္တဝါတို့အား အမျှပေးဝေခြင်း၊ သာဓုအနုမောဒနာ ခေါ်ခြင်း စသော ကောင်းမှုမင်္ဂလာ အဖြာဖြာတို့ကို ပြုလုပ်ကြရမည်။

(င) အိမ်တက်မင်္ဂလာပွဲ ကျင်းပ ဆင်နွှဲပြီးသည့်အခါမှ မင်္ဂလာ ကျက်သရေရှိ သီရိဂေဟာ ခေါ်ဆိုထိုက်သည့် ထိုအိမ်သစ်သို့ မိသားစုအားလုံး ပြောင်းရွှေ့နေထိုင်ကြရမည်။

၃။ လောကတွင် လူတို့၏ ပကတိမျက်စိဖြင့် မမြင်ရသော နတ်ဆိုသည့် သတ္တဝါမျိုး အမှန်တကယ် ရှိသည်။ ထိုနတ်တို့သည် လူသားတို့ အိမ်တည်ဆောက်ရန် မြေနေရာသတ်မှတ်ချိန်မှစ၍ ထိုမြေနေရာ၌ သိမ်းပိုက် နေထိုင်လေ့ရှိကြသည်။ သူတို့အား ကုသိုလ်ကောင်းမှုအဖို့ကို အမျှပေးဝေရန်နှင့် ရံဖန်ရံခါ ပူဇော်ပသမှုပြုကြရန် နတ်တို့ လိုလားကြပေသည်။ လူသားတို့က သူတို့အား အမျှပေးဝေလျှင်သော်လည်းကောင်း၊ မိရိုးဖလာ ပူဇော်ပသမှုကို ပြုလျှင်သော်လည်းကောင်း ပူဇော်ခံရသော နတ်တို့က ထိုလူသားကို တုံ့ပြန်၍ စောင့်ရှောက်လေ့ရှိကြပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် အိမ်တက်မင်္ဂလာပွဲ ကျင်းပ ဆင်နွှဲကြသည့်အခါတွင် ကုသိုလ်များများရ၍ မင်္ဂလာအမျိုးမျိုး ဖြစ်နိုင်သည့် အထက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သင့်ကြပေသတည်း။

❒

# ရတုသဘင်ပွဲနှင့် မွေးနေ့မင်္ဂလာပွဲများ

## ရတုသဘင်ပွဲနှင့် မြန်မာ့ယဉ်ကျေးမှု

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ မြန်မာ့ယဉ်ကျေးမှုအနေဖြင့် ကျင်းပပြုလုပ်လျက်ရှိကြသော ရတုသဘင်ပွဲကား စာရေးသူ တင်ပြခဲ့သည့် ရှင်ပြုမင်္ဂလာပွဲ၊ အိမ်တက်မင်္ဂလာပွဲ၊ စတုဒိသာကျွေးပွဲနှင့် နိဗ္ဗာန်ဈေး အလှူပွဲများကဲ့သို့ မြတ်ဗုဒ္ဓ၏ ဒေသနာတော်အရ ကျင်းပပြုလုပ်သော ဗုဒ္ဓယဉ်ကျေးမှုပွဲမျိုး မဟုတ်၊ အနောက်တိုင်းယဉ်ကျေးမှုမှ ဆက်နွှယ်လာသည့် မြန်မာ့ယဉ်ကျေးမှု ပွဲမျိုးသာ ဖြစ်ပါသည်။

မှန်ပါသည်။ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတွင် ကိုးကွယ်မှု၊ ဘာသာတရားမှ ယဉ်ကျေးမှုများ ဖြစ်ပွားလာသကဲ့သို့ လူမျိုးတစ်မျိုး၏ စိုးမိုးအုပ်ချုပ်မှုကို ခံရသောအခါ၌လည်းကောင်း၊ လူမျိုးတစ်မျိုးနှင့် ကူးလူးဆက်ဆံမှုများ သည့်အခါ၌လည်းကောင်း လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုသည် အခြားလူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုသို့ ကူးပြောင်းဆက်နွှယ်လာလေ့ရှိသည်မှာ လောကသဘာဝပင်ဖြစ်ပါသည်။

သို့ရာတွင် လူတစ်မျိုးနှင့်တစ်မျိုးမှာ ကိုးကွယ်သည့် ဘာသာ၊ ဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု စသည်တို့ ခြားနားမှုကြောင့် ယဉ်ကျေးမှု ကူးပြောင်းရာတွင် တစ်ပုံစံတည်းဖြစ်မလာဘဲ၊ မိမိတို့လူမျိုး၏ ဓလေ့ထုံးစံအလိုက် ကူးပြောင်းလေ့ရှိသည်ကို တွေ့ရှိရပေသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် ခေတ်စားနေသည့် ရတုသဘင်ပွဲများကဲ့သို့ ဖြစ်ပါသည်။

## အနောက်တိုင်း ယဉ်ကျေးမှုနှင့် ဂျူဗလီ

ဤ ရတုသဘင်ပွဲ ဟူသော ဝေါဟာရသည် ဂျူဗီလီ (Jubilee) ဟူသော အင်္ဂလိပ်ဝေါဟာရကို ဘာသာ ပြန်ဆိုထားသော ဝေါဟာရ ဖြစ်သည်။ ဂျူဗီလီဆိုသည်မှာ –

၁။ ရဟူဒီခေါ် ဂျူးလူမျိုးတို့ အနှစ်ငါးဆယ် ပြည့်တိုင်း ကျေးမြို တလင်းလှဲ၍ ငွေဝယ်ကျွန်များလွတ်ရသည့် ယူဘီလပွဲ၊

၂။ နှစ်ပေါင်းငါးဆယ် တစ်ပတ်လည်နှစ်၊

၃။ အထူးတလည်ဆင်နွှဲသည့် ပျော်ပွဲရွှင်ပွဲ၊

၄။ နှစ်ဆယ့်ငါးနှစ် တစ်ပတ်လည်နှစ်၊

၅။ နှစ်ပေါင်းခြောက်ဆယ်တစ်ပတ်လည်နှစ် ဖြစ်သည်ဟု အင်္ဂလိပ် –မြန်မာအဘိဓာန်များ၌ ဖွင့်ဆိုထားပါသည်။

မှန်၏၊ ဤဂျူဗီလီဟူသော အင်္ဂလိပ်ဝေါဟာရသည် သိုးဦးချို(ခရာ) တို့ကို မှုတ်ခြင်းဟု အဓိပ္ပာယ်ရသည့် Yobel ဟူသော ဟီးဘရူးဝေါဟာရမှ ဆင်းသက်လာသောဝေါဟာရဖြစ်သည်။ ရှေးအခါက ကြွယ်ဝချမ်းသာကြသည့် ဂျူးသူဌေးကြီးများသည် မိမိတို့စေခိုင်းထားသည့် ငွေဝယ်ကျွန်များကို ခရာမှုတ်၍ ကျွန်စာရင်းကြေညာသည့်နေ့မှ ၂၅ နှစ်မြောက်တစ်ကြိမ်၊ ၅၀ နှစ်မြောက်တစ်ကြိမ် ကျွန်စာရင်းကလွတ်ပြီး လွတ်လပ်ရေး ပေးလေ့ရှိကြ၏။ ကြွေးမြီများကို ဖျက်သိမ်းခြင်း၊ အိုးအိမ် မြေယာ စသည့် ပစ္စည်းများကို မူလပိုင်ရှင်ထံသို့ ပြန်ပေးခြင်းများကိုလည်း ပြုလုပ်လေ့ရှိကြ၏။

ဤကဲ့သို့သော အချိန်မျိုး၌ လွတ်လပ်ရေးရသူ ကျွန်များနှင့် လွတ်လပ်ခွင့်ပေးသူ ကျွန်ပိုင်ရှင်ကြီးတို့သည် အထူးတလည် ဝမ်းမြောက်ပျော်ရွှင်သည့် အထိမ်းအမှတ်ဖြင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပပြုလုပ်လေ့ရှိကြသည်။ ဤပွဲကို ဂျူးဘာသာ အနေဖြင့် ယူဘီလပွဲ ခေါ်သည်ဟု ဒေါက်တာဘဟန်၏ 'တက္ကသိုလ် အင်္ဂလိပ်–မြန်မာ အဘိဓာန်ကြီး' ၌ ဖော်ပြထားသည်။

ထိုဟီးဘရူး ဝေါဟာရမှတစ်ဆင့် ပြင်သစ်လို ဂျူဗီလမ်၊ အင်္ဂလိပ်လို ဂျူဗီလီ၊ မြန်မာလို ဂျူဗလီဟု အသီးသီးဖြစ်လာသည်။ အမှန်စင်စစ်

ဤဂျူဗလီပွဲသည် ပထမတွင် ဂျူးလူမျိုးတို့၏ ယဉ်ကျေးမှုပွဲဖြစ်သည်။ ထိုယဉ်ကျေးမှုပွဲသည် တစ်စတစ်စ ကမ္ဘာနိုင်ငံများသို့ ပျံ့နှံ့သွားပြီး ကိုယ့်လူမျိုး၊ ကိုယ့်စရိုက်နှင့်အညီ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျင်းပပြုလုပ်လာကြရာမှ ပြင်သစ်ယဉ်ကျေးမှု၊ အင်္ဂလိပ်ယဉ်ကျေးမှု၊ မြန်မာ့ယဉ်ကျေးမှုပွဲများ ဖြစ်လာကြပါသည်။

## ဂျူဗလီအမျိုးမျိုး

ဂျူဗလီပွဲများမှာ –

၁။ ဆစ်လ်ဗား ဂျူဗလီပွဲ၊

၂။ ဂိုးလ်ဒင်း ဂျူဗလီပွဲ၊

၃။ ဒိုင်းမွန်းဂျူဗလီပွဲ

ဟူ၍ သုံးမျိုးသုံးစားရှိကြောင်း အင်္ဂလိပ်အဘိဓာန် စာအုပ်များ၌ ဖွင့်ဆိုထားကြသည်။

ထိုတွင် ၂၅ နှစ်မြောက်၊ ဝါ ၂၅ နှစ် တစ်ပတ်လည် အထိမ်းအမှတ်ပွဲကို ဆစ်လ်ဗားဂျူဗလီ၊ အနှစ် ၅၀ မြောက် အထိမ်းအမှတ်ပွဲကို ဂိုးလ်ဒင်းဂျူဗလီ၊ အနှစ် ၆၀ မြောက် အထိမ်းအမှတ်ပွဲကို ဒိုင်းမွန်းဂျူဗလီဟု အသီးသီး ခေါ်ဆိုထားပေသည်။ ဥပမာအားဖြင့် ဘုရင်မင်းမြတ်နန်းတက်၍ အနှစ် ၅၀ ပြည့်သည့် နှစ်၊ ရိုမန်ကက်သလစ် ဘုန်းကြီးမြောက်၍ အနှစ် ၅၀ ပြည့်သည့်နှစ်တို့၌ ဂိုးလ်ဒင်းဂျူဗလီကို ကျင်းပပြုလုပ်ကြသည့်နည်းတူ၊ အင်္ဂလန်ပြည့်ရှင် ဝိတိုရိယဘုရင်မကြီးနန်းစံသည့်နှစ်ပေါင်း ၆၀ ပြည့်တွင် ဒိုင်းမွန်းဂျူဗလီ ပွဲကို ကျင်းပသကဲ့သို့ ဖြစ်သည်။ ဤသည်မှာ ကမ္ဘာ့အနောက်နိုင်ငံများ၌ ကျင်းပပြုလုပ်လေ့ရှိသည့် အနောက်တိုင်းယဉ်ကျေးမှု ဂျူဗလီပွဲများ ဖြစ်သည်။

## ဂျူဗလီပွဲမှ ရတုသဘင်ပွဲသို့

စာရေးသူ လက်လှမ်းမီသလောက် သုတေသနပြုကြည့်ရာ မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် နောက်ပိုင်းမှသာ ဤဂျူဗလီပွဲ

ကဲ့သို့သော ပွဲမျိုးကို ကျင်းပပြုလုပ်ကြသည်ဟု သိရှိရပေသည်။ သို့ရာတွင် မြန်မာလူမျိုးတို့သည် မိမိတို့လူမျိုး၏ ဓလေ့ထုံးစံအလိုက် ထိုနှစ်ပတ်လည်ပွဲများကို ကျင်းပပြုလုပ်ကြသည်။

ဂျူဗလီဟူသော ဝေါဟာရကို 'ရတုသဘင်' ဟု မြန်မာ့အသွင်သို့ ပြောင်းလဲယူခဲ့ခြင်းမှာ အလွန်အံဝင်ခွင်ကျ ရှိလှပေသည်။ ပါဠိဝေါဟာရ မဟုတ်သော်လည်း ပါဠိဝေါဟာရကဲ့သို့ ခံ့ညားသည်။ ကျစ်လျစ်သိပ်သည်းသည်။ သုတိသာယာရှိသည်။ ဤသို့ ဂျူဗလီဟူသော ဝေါဟာရနှင့် အံဝင်ခွင်ကျဖြစ်၍ ပါဠိဝေါဟာရကဲ့သို့ လေးနက်ခံ့ညားသည့် မြန်မာဝေါဟာရစစ်စစ်ကို ရွေးချယ်ဘာသာပြန်ဆိုနိုင်ခဲ့သူ ပညာရှင်အား အထူးချီးကျူးထိုက်လှပေသည်။

ရှင်းပြဦးအံ့၊ ရတုဟူသော ဝေါဟာရသည် မြန်မာဘာသာတွင် စကားဟောင်း(ပေါရာဏကထာ) တစ်ခုဖြစ်ကြောင်း မုံရွေးဆရာတော်၏ ဂမ္ဘီရကထာ ရတနာကြေးမုံခေါ် ပေါရာဏကထာကျမ်းတွင် ဖော်ပြထားပါသည်။ ထို ရတုဟူသော ပေါရာဏကထာသည် –

၁။ ပွဲသဘင်၊

၂။ အခမ်းအနား၊

၃။ အခြေအနေ

ဟု အဓိပ္ပာယ်သုံးမျိုးရသည်။

ထိုတွင် ပွဲသဘင်နှင့်ပတ်သက်၍ စမွေယျပျို့၌ 'ရွှင်ပြုံးပျော်ပါး၊ နဂါးတို့မူ၊ရတုသဘင်၊ ပဍ္စင်တူရိယာ' ဟုလည်းကောင်း၊ သခင်ကြီးချေင်းတွင် 'သည်းကြားလွန်းကျင်၊ မိချစ်ရှင်ကား၊ သဘင်ရတု၊ မင်းမှုပိုက်ဖျား၊ ကျူးလျှောက်ကြားသည်'ဟု လည်းကောင်း၊ ဆီသည်ရွာစား ဦးအောင်ကြီး၏ ၁၂ ရာသီဘွဲ့လူးတားတွင် 'တော်သလင်းကား၊ မြစ်တွင်းရတု၊ ပန်းလုသဘင်၊ သစ်ဆင်းယင်လျက်' ဟုလည်းကောင်း ရတုကို ပွဲသဘင် အဓိပ္ပာယ်ဖြင့် ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

သက္ကတဘာသာ 'ရိတု'မှ ဖြစ်လာသော ရတုကား အခါရာသီဟု အဓိပ္ပာယ်ရ၍ ကဗျာလင်္ကာအရာ၌ အသုံးပြုသော 'ရတု' နှင့်သာ သက်

ဆိုင်၍ ဤနေရာ၌ မလိုအပ်ပါချေ။ ပွဲသဘင်နှင့် အခါရာသီ အဓိပ္ပာယ်များရှိသည်။ ရတုဟူသော ဝေါဟာရကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများနှင့် ပါဠိ အဘိဓာန်ကြီးများ၌ မတွေ့ရှိရသဖြင့် ပါဠိဘာသာ၌ 'ရတု' ဟူသော ဝေါဟာရမရှိဟု ဆိုရပါမည်။

သို့သော် ပါဠိသန်သည့် တချို့ပညာရှင်များကမူ သတ္တဝါတို့ မွေ့လျော်ပျော်ပိုက်ရာ ပျော်ပိုက်ကြောင်း ဖြစ်သောကြောင့်လည်းကောင်း (ရမန္တိ သတ္တာ ဧတ္ထ ဧတေနာတိ ဝါ ရတု)၊ လူတို့ကို နှစ်သက်စေတတ်သောကြောင့် လည်းကောင်း (ရတိံ ဇနေတီတိ ရတု) ရတုလင်္ကာခေါ်သည်ဟု ဖွင့်ဆိုကြပေသေးသည်။

ဤဂျူဗလီကို ဘာသာပြန်ဆိုသော ရတုသဘင်ကား 'ရတုသဘင်၊ ပဥ္စင်တူရိယာ' ၌ ဖွဲ့ဆိုထားသော ရတုပုဒ်ကဲ့သို့ ပွဲသဘင်ဟု အဓိပ္ပာယ်ရသော မြန်မာ့စကားဟောင်း(ပေါရာဏကထာ)တစ်ပုဒ်ပင် ဖြစ်ပါသည်။

## စိန်ရတုသဘင်နှင့် ရာပြည့်ပွဲများ

မြန်မာတို့သည် ဂျူဗလီခေါ် ရတုသဘင်ပွဲများကို ကျင်းပပြုလုပ်ကြရာ၌ ဆစ်လ်ဗားဂျူဗလီကို ငွေရတုသဘင်၊ ဂိုးလ်ဒင်းဂျူဗလီကို ရွှေရတုသဘင်၊ ဒိုင်းမွန်း ဂျူဗလီကို စိန်ရတုသဘင်ဟု အသီးသီး သတ်မှတ်ကျင်းပကြသည်။

ဤရတုသဘင်ပွဲများနှင့်ပတ်သက်၍ မြန်မာတို့၏ နှစ်ကာလပိုင်းခြားပုံမှာ ငွေရတုသဘင်၊ ရွှေရတုသဘင်တို့၌ အနောက်နိုင်ငံများနှင့်တူသော်ငြားလည်း စိန်ရတုသဘင်၌မူ ကွဲပြားခြားနားသည်။

အနောက်နိုင်ငံများ၌ ဒိုင်းမွန်းဂျူဗလီခေါ် စိန်ရတုသဘင်ကို အနှစ် ၆၀ ပြည့်ဟု သတ်မှတ်ကြသော်လည်း မြန်မာတို့က ၇၅ နှစ်ပြည့်မှ စိန်ရတုသဘင်ဟု သတ်မှတ်သည်။ မြန်မာတို့၏ ရတုသဘင်ပွဲသတ်မှတ်ပုံမှာ ၂၅ နှစ်စီ ပိုင်းခြားသတ်မှတ်ထားသဖြင့် မှတ်သားရလွယ်ကူပေသည်။ ၇၅ နှစ်ပြည့်သည့်အခါ စိန်ရတုသဘင်ပွဲကို ကျင်းပပြီး၊ နောက် ၂၅ နှစ် ကြာ၍ နှစ် ၁၀၀ ပြည့်သည့်အခါ ရာပြည့်အထိမ်းအမှတ်ပွဲအဖြစ် ကျင်းပ ပြုလုပ်

လေ့ရှိကြရာ ငွေရတုသဘင်မှ ရာပြည့်ပွဲအထိ ၂၅ နှစ်စီ သတ်မှတ်ကျင်းပ သည်ကို တွေ့ရပေသည်။

## ရတုသဘင်အစ ရန်ကုန်တက္ကသိုလ်က

မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ကျင်းပသည့် ရတုသဘင်ပွဲမှာ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာ အနုပညာအသင်းက ၁၉၄၈ ခုနှစ်တွင် ကျင်းပပြုလုပ်သည့် ငွေရတုသဘင်ပွဲဖြစ်သည်။ အသင်းတည်ထောင်သည်မှ ၂၅ နှစ် ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် ရန်ကုန်တက္ကသိုလ်တွင် ကျင်းပကြသော ငွေရတုသဘင်ပွဲဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် မကျင်းပနိုင်သောကြောင့် လူသိမများလှပေ။ သို့သော် ဤမြန်မာစာ အနုပညာအသင်း၏ ၂၅ နှစ်မြောက် အထိမ်းအမှတ်ပွဲမှစ၍ ဤငွေရတုသဘင် စသောဝေါဟာရသစ်များ ပေါ်လာသည်ဟု သိရပေသည်။

ဒုတိယကျင်းပသည့် ရတုသဘင်ပွဲမှာ ရန်ကုန်တက္ကသိုလ်ကြီး စတင်တည်ထောင်သည့် ၁၉၂၀ ပြည့်နှစ်မှ အနှစ် ၅၀ ပြည့်မြောက်သော ၁၉၇၀ ခုနှစ်တွင် ကျင်းပပြုလုပ်သည့် ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင်ပွဲကြီးဖြစ်ပါသည်။ ထိုရတုသဘင်ပွဲသည် ဒုတိယအကြိမ်ကျင်းပသည့် ရတုသဘင်ပွဲဖြစ်ခြင်း၊ ရန်ကုန်တက္ကသိုလ်ကြီးတစ်ခုလုံးနှင့် သက်ဆိုင်ခြင်းတို့ကြောင့် မြန်မာစာ အနုပညာအသင်း၏ ငွေရတုသဘင်ပွဲထက် ပို၍ကျယ်ပြန့်သည်။ ထင်ရှားသည်။ လူသိများသည်။

ယခုနောက်ပိုင်းခေတ်၌မူ ရတုသဘင်ပွဲများ အလွန်ခေတ်စားလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ မြို့ရွာအနှံ့အပြား၌ ငွေရတု၊ ရွှေရတု၊ စိန်ရတုနှင့် ရာပြည့်အထိမ်းအမှတ်ပွဲများကို အသီးသီးကျင်းပလျက် ရှိကြသည်။ အထူးသဖြင့် သာသနာရေးနယ်၌ ရတုသဘင်ပွဲများကို တခမ်းတနား ကျင်းပပြုလုပ်လျက် ရှိကြ၏။ ဆရာတော်သံဃာတော်များ၏ ဒကာဒကာမများက မိမိတို့ကိုးကွယ်သည့်ကျောင်းတိုက် တည်ထောင်ခြင်းကို အကြောင်းပြုပြီး ငွေရတု၊ ရွှေရတုနှင့် စိန်ရတုသဘင်ပွဲများကို ထိုက်သင့်သလို ကျင်းပကြသည်။

ဥပမာအားဖြင့် ၁၂၆၂ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် တည်ထောင်ခဲ့သည့် ညောင်တုန်းမြို့ ရွှေဟသာ တောရကျောင်းတိုက်ကြီးသည် ၁၃၃၇ ခုနှစ်တွင် ၇၅ နှစ်ပြည့်သဖြင့် ထိုနှစ်တွင် ရွှေဟသာတောရကျောင်းတိုက် စိန်ရတုသဘင်ပွဲကြီးကို ကြီးကျယ်ခမ်းနားစွာ ကျင်းပကြသည့်နည်းတူ၊ ၁၂၉၅ ခုနှစ်တွင် တည်ထောင်ခဲ့သည့် မြောင်းမြမြို့ ဇေယျမေဒနီစာသင် တိုက်ကြီးသည် ၁၃၄၅ ခုနှစ်တွင် အနှစ် ၅၀ ပြည့်သဖြင့် ဇေယျမေဒနီ စာသင်တိုက်ရွှေရတုသဘင်ပွဲကို ဆင်ယင်ကျင်းပကြသကဲ့သို့ ဖြစ်ပါသည်။

ဤရတုသဘင်ပွဲများကို အဆောက်အအုံများကိုသာ အစွဲပြု၍ ကျင်းပကြသည် မဟုတ်။ မြို့ကြီးများ၊ အသင်းအဖွဲ့များ၊ စာမေးပွဲများ၊ ဘွဲ့တံဆိပ်တော်ရခြင်းများနှင့် လက်ထပ်ခြင်းများ စသည်တို့ကိုလည်း အကြောင်းပြု၍ ကျင်းပလေ့ရှိကြပေသည်။

ဥပမာ အုတ်၊ ကျစ်၊ ကျော်၊ အေး၊ မန္တလေး ဆိုသည့်အတိုင်း မြန်မာသက္ကရာဇ် ၁၂၂၀ ခုနှစ်တွင် တည်ထောင်ခဲ့သည့် မန္တလေးမြို့သည် ၁၃၂၀ ခုနှစ်တွင် အနှစ် ၁၀၀ ပြည့်သဖြင့် မန်းရာပြည့် အထိမ်းအမှတ်ပွဲကို ကျင်းပပြုလုပ်ကြသကဲ့သို့ လည်းကောင်း၊ မော်လမြိုင်မြို့ ပရိယတ္တိ သဒ္ဓမ္မ ပါလအသင်းကြီး ရွှေရတုသဘင်၊ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် ဝိနယာနုဂ္ဂဟစာမေးပွဲ ရွှေရတုသဘင်၊ မင်းကွန်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ သာရ၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် ၂၅ နှစ်မြောက် အထိမ်းအမှတ် ငွေရတုသဘင်ပွဲများ ကျင်းပပြုလုပ်သကဲ့သို့ လည်းကောင်း ဖြစ်ပါသည်။

## ရတုသဘင်ပွဲများနှင့် အကျိုးအမြတ်

ဤ ရတုသဘင်ပွဲများ ကျင်းပခြင်းကို လေ့လာသုံးသပ်ကြည့်လျှင် မြို့ကြီးများ၊ လောကီအသင်းအဖွဲ့များ စသည်တို့ကို အကြောင်းပြု၍ ကျင်းပသော ရတုသဘင်ပွဲများ၌ လူမှုရေးနယ်တွင် လောကကျိုးများ အနည်းနှင့်အများ ရရှိသကဲ့သို့ ကျောင်းတိုက်ကြီးများ၊ စာသင်တိုက်ကြီး များ၊ ပရိယတ္တိအသင်းများနှင့် ပရိယတ္တိ စာမေးပွဲများကို အစွဲပြု၍ ကျင်းပ

ကြသည့် ရတုသဘင်ပွဲများ၌လည်း လောကကျိုး၊ တမလွန်ကျိုးများ များစွာ ရရှိနိုင်ပေသည်။

ထိုကျောင်းတိုက်ကြီးများ စသည်တို့ကို အစွဲပြု၍ ရတုသဘင်ပွဲများ ကျင်းပခြင်းသည် ပရိယတ္တိ သာသနာတော်ကို အားပေးရာရောက်သဖြင့် သာသနာတော်အတွက်လည်း ကျေးဇူးများသည်။ ဆရာတော် သံဃာတော်များအနေဖြင့်လည်း မိမိတို့ကျောင်းတိုက်ကြီး၏ အတိတ်က ဆောင်ရွက်ခဲ့သည့် သာသနာပြု လုပ်ငန်းများကို ပြန်လည်သုံးသပ်၍ မှတ်တမ်းတင်နိုင်ခြင်း၊ အနာဂတ်တွင် ဆောင်ရွက်ရမည့် သာသနာပြုလုပ်ငန်းများကို ချမှတ်နိုင်ခြင်း စသောအကျိုးများကို ရရှိနိုင်ပါသည်။

ဒကာ ဒကာမများမှာမူ ဆရာတော်ဘုရားကြီးများ၏ ဆုံးမဩဝါဒကို နာယူရသဖြင့် ဓမ္မသဝနကုသိုလ်လည်းဖြစ်သည်။ ပစ္စည်းလေးပါးတို့ကို ထောက်ပံ့လှူဒါန်းရခြင်း ဒါနကုသိုလ်၊ ငါးပါးသီလ ဆောက်တည်ရခြင်း သီလကုသိုလ်၊ အမှုကြီးငယ်တို့ ရွက်ဆောင်ရခြင်း ဝေယျာဝစ္စကုသိုလ် စသော ကုသိုလ်တရားများ ဖြစ်ပွားကြရပေသည်။

ဤနည်းအားဖြင့် သာသနာတော်အတွက်လည်း ကျေးဇူးများ၊ ဆရာတော် သံဃာတော်များအတွက်လည်း အကျိုးများ၊ ဒကာ ဒကာမများအတွက်လည်း ကုသိုလ်များနိုင်လေသောကြောင့် ဤ ရတုသဘင်ပွဲများကို ဆင်ယင်ကျင်းပကြခြင်းသည် မှန်မြတ်သော လုပ်ရပ်တစ်ခုဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် ဤပွဲများသည် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ထုံးတမ်းစဉ်လာအရ ကုသိုလ်ပြုပွဲ တီထွင်ကာ ဆရာနှင့်ဒကာ ပေါင်းစု၍ ကောင်းမှုပြုကြသည့်ပွဲများပင် ဖြစ်ပါသည်။

## မွေးနေ့မင်္ဂလာပွဲ

ရတုသဘင်ပွဲများအကြောင်းကို ဖော်ပြပြီးသည့်နောက် မွေးနေ့မင်္ဂလာပွဲအကြောင်းကို ဆက်လက် တင်ပြပါမည်။ မွေးနေ့မင်္ဂလာပွဲသည် ရတုသဘင်ပွဲများကဲ့သို့ အနောက်တိုင်း ယဉ်ကျေးမှုမှ ဆက်နွယ်လာသည့်ပွဲမဟုတ်၊ ဗြာဟ္မဏဝါဒမှ ဆက်နွယ်လာသည့် ပွဲတစ်ပွဲ ဖြစ်ပါသည်။

ဗြာဟ္မဏဝါဒ၌ ဇောတိသတ္တ၊ ရာဇမတ္တန် စသော ဝေဒ(ဗေဒင်) ကျမ်းများ ရှိပါသည်။ ထိုကျမ်းများ၌ လောကီမင်္ဂလာများကို ဖော်ပြထားသည်။

ရှေးခေတ် မြန်မာဘုရင်များထံပါး၌ ခစားလျက်ရှိကြသည့် ပုဏ္ဏား ပညာရှိကြီးများသည် ထိုဝေဒကျမ်းများမှ လောကီမင်္ဂလာ ၁၂ ပါးကို ဖော်ထုတ်ခဲ့ကြသည်။ ရှေးမြန်မာဘုရင်တို့သည် ထိုလောကီမင်္ဂလာ ၁၂ ပါးကို ထိုက်သလို ကျင်းပပြုလုပ်ခဲ့ကြသည်။

ထိုမင်္ဂလာများမှာ ပဋိသန္ဓေ တည်နေသည်မှ မီးရှူးသန့်စင် မဖွား မြင်မီအတွင်း ပဋိသန္ဓေသား၏ ကြီးပွားရာကြီးပွားကြောင်းကို ရည်စူး၍ အကြိမ်ကြိမ်အဖန်ဖန်ပြုလုပ်သော ဂဗ္ဘဝါသမင်္ဂလာ၊ မီးရှူးသန့်စင် ဖွားမြင်သည့်နေ့တွင် ပြုလုပ်သော 'ဝိဇာတမင်္ဂလာ'၊ ဖွားမြင်ပြီး၍ နေ့ရက်မကြာမီ အတွင်း တရော်ကင်ပွန်းတို့ ဖြင့် ဦးခေါင်းဆေးလျှော်၍ ကင်ပွန်းတပ်ခြင်း သိရောဒကမင်္ဂလာ စသည်တို့ဖြစ်ပါသည်။

ထိုမင်္ဂလာပွဲများတွင် 'ဝိဇာတမင်္ဂလာ' ဆိုသည်မှာ မွေးဖွားသည့်နေ့၌ ပြုလုပ်သော မင်္ဂလာပွဲဖြစ်၍ ယခု မြန်မာတို့ ပြုလုပ်ကျင်းပကြသည့် မွေးနေ့ မင်္ဂလာပွဲမှာလည်း ထိုမင်္ဂလာပွဲမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ ရှေးအခါက စတင်မွေးဖွားသည့်နေ့မှ ဝိဇာတမင်္ဂလာပွဲကို တစ်ကြိမ်သာ ကျင်းပ ပြုလုပ် လေ့ရှိပါသည်။ ယခုခေတ်၌မူ စတင် မွေးဖွားသည့်နေ့၌ မင်္ဂလာပွဲ ပြုလုပ် လေ့မရှိဘဲ အသက်အရွယ် ကြီးပြင်းလာသည့်အခါမှသာ မိမိမွေးရက် ရောက်ချိန်တွင် ဝိဇာတမင်္ဂလာခေါ် မွေးနေ့မင်္ဂလာပွဲကို ပြုလုပ်လေ့ ရှိကြ ပါသည်။

## ရှင်သီဝလိ၏ မွေးနေ့မင်္ဂလာပွဲ

စာရေးသူသည် ဘုရားရှင် လက်ထက်က မွေးနေ့မင်္ဂလာပွဲကို ကျင်းပပြုလုပ်လေ့ရှိခဲ့သလော၊ မွေးနေ့ မင်္ဂလာပြုလုပ်ရမည်ဟု ဘုရားရှင် ညွှန်ကြားခဲ့သလော စသည့် မေးခွန်းများ၏အဖြေကို ကျမ်းဂန်များ၌ ရှာဖွေကြည့်ရာ မူလက မွေးနေ့မင်္ဂလာပွဲပြုလုပ်ရန် မရည်ရွယ်သော်လည်း တိုက်တိုက်ဆိုင်ဆိုင် မွေးနေ့မင်္ဂလာပွဲ ပြုလုပ် ကျင်းပဖြစ်သွားသည့်

အကြောင်းအရာတစ်ခုကိုမူ အင်္ဂုတ္တရအဋ္ဌကထာပထမတွဲ တေဒဂ္ဂဝဂ်၌ တွေ့ရပါသည်။

ဘုရားရှင်လက်ထက်တော်က ကောလိယမင်းသမီး၏သမီး သုပ္ပါဝါသာ သာကီဝင်မင်းသမီးသည် ခုနစ်နှစ်နှင့် ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ဆောင်ရ၍ ခုနစ်ရက်တိုင်တိုင် ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေခြင်း ဆင်းရဲဒုက္ခတို့ကို အပြင်းအထန် ခံစားနေရသည်။ ဆွေတော်မျိုးတော်များမှာ 'မင်းသမီးကလေးတော့ သေမှာပါပဲ' ဟုစိုးရိမ်ပူပန်နေကြရသည်။ မျက်ရည်ဝိုင်းနေကြသော မျက်စိကိုယ်စီဖြင့် မင်းသမီးကလေးကို ဝိုင်းကြည့်နေကြရသည်။ မင်းသမီးကလေးကမူ ရတနာသုံးပါးတို့၏ ဂုဏ်တော်တို့ကို အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင်ကာ ထိုပြင်းထန်လှသည့် ဆင်းရဲဝေဒနာကြီးကို မညည်းမညူ သည်းခံနေရှာပေသည်။

ခုနစ်ရက်မြောက်သည့်နေ့မှာမူ 'ငါမသေခင် အလှူဒါနပြုခဲ့မည်' ဟု အကြံဖြစ်လာပြီး မိမိခင်ပွန်းသည် ကောလိယမင်းသားကို အနီးသို့ ခေါ်ပြီး 'ကျွန်မရဲ့ဖြစ်ပုံ အလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထားပြီး မြတ်စွာဘုရားကို ဆွမ်းစားပင့်ခဲ့ပါ။ ဘုရားရှင်ရဲ့ ပြောကြားချက်များကိုလည်း ကျွန်မကို ပြန်ပြောပြပါ' ဟု မှာကြားပြီး ဘုရားရှင်ထံ စေလွှတ်လိုက်သည်။

ဘုရားရှင်ထံမှောက်သို့ရောက်၍ ကောလိယမင်းသားက လျှောက်ထားသည့်အခါ မြတ်စွာဘုရားက 'သုပ္ပါဝါသာသည် ရောဂါမရှိ၊ ပကတိကျန်းမာချမ်းသာပါစေ၊ ရောဂါမရှိ ပကတိကျန်းမာချမ်းသာလျက် ရောဂါကင်းသော သားကို ဖွားမြင်ပါစေ' ဟု မေတ္တာပို့တော်မူသည်။ ထိုခဏ၌ပင် သုပ္ပါဝါသာ မင်းသမီးကလေးမှာ ရောဂါမရှိ၊ ပကတိကျန်းမာ ချမ်းသာလျက် ရောဂါကင်းသော သားတော်ကလေးကို ဖွားမြင်လေသတဲ့။

ထိုအခါ မင်းသမီးကလေးအနီး၌ စိုးရိမ်တကြီးဖြင့် ဝိုင်းရံနေကြသည့် ဆွေတော်မျိုးတော်များမှာ စိုးရိမ်ပူပန်နေကြရာမှ တစ်ခဏချင်း ဝမ်းသာပျော်ရွှင်သွားကြ၏။ မျက်နှာများ ကြည်လင်လာကြပြီး မဲ့ရာမှ ပြုံးလာနိုင်ကြတော့၏။ ဤကဲ့သို့ ဆွေမျိုးအပေါင်းတို့ စိုးရိမ်ပူပန်မှု ဖြစ်နေ

ကြခြင်းကို ကင်းပျောက်ငြိမ်းအေးလျက် ဖွားမြင်လာသောကြောင့် ထိုမင်းသားငယ်ကို 'သီဝလိ' ဟု နာမည်မှည့်ခေါ်ကြသည်။ သီဝလိ ဟူသောပါဠိမှာ မြန်မာလို 'အေးငြိမ်းစေတတ်သူ' ဟု အဓိပ္ပာယ်ရပါသည်။

ကောလိယမင်းသားသည် မြတ်စွာဘုရား၏ စကားကို မှတ်သားပြီးမြတ်စွာဘုရားကို ပင့်ဖိတ်ခဲ့သည်။ မင်းချင်းယောက်ျားတို့သည် ကောလိယမင်းသားကို အားရဝမ်းသာ ပြေး၍ ဆီးကြိုကြသည်။

မင်းသားသည် မင်းချင်းယောက်ျားတို့၏ အမူအရာကို မြင်ရလျှင်ပင် မေတ္တာတော်အတိုင်း မင်းသမီးကလေး ကျန်းမာချမ်းသာသွားပြီဖြစ်ကြောင်း ရိပ်စားမိလေသည်။ အိမ်တော်သို့ရောက်လျှင် မင်းသမီးထံပါးသို့သွား၍ မြတ်စွာဘုရား၏ မိန့်ကြားချက်တို့ကို ပြောကြားသည်။ မင်းသမီးကလေးက –

"အရှင့်သား ပင့်ဖိတ်ခဲ့တဲ့ အသက်ရှင်ဆွမ်းဟာ (အခုတော့ သားကလေးရဲ့မွေးနေ့) မင်္ဂလာဆွမ်းဖြစ်မယ်။ တစ်ခါပြန်ပြီး ခုနစ်ရက်ပတ်လုံးဆွမ်းဘုဉ်းပေးရန် မြတ်စွာဘုရားကို ပင့်ပေးပါ"

ဟု စေလွှတ်ပြန်၏။

ဤသို့ မင်းသားနှင့် မင်းသမီးကလေးတို့သည် ဘုရားအမှူး ရှိသောသံဃာတော်များအား သီဝလိသတို့သား မွေးဖွားသည့်နေ့မှစပြီး ခုနစ်ရက်ပတ်လုံး အလှူဒါန ကျင်းပပြုလုပ်သည်။

ဤသည်မှာ မူလက မွေးနေ့မင်္ဂလာ ဆွမ်းကျွေးရန် မရည်ရွယ်သော်လည်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားခဲ့သည့် ရှင်သီဝလီ၏ မွေးနေ့မင်္ဂလာ ဖြစ်သည်။ သို့ရာတွင် သာသနိကကျမ်းဂန်များ၌ မွေးနေ့မင်္ဂလာပြုလုပ်ရန် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ညွှန်ကြားချက်တစ်စုံတစ်ရာကို လည်းမတွေ့ရ၊ သာသနာတော်၌ မွေးနေ့မင်္ဂလာပွဲ ကျင်းပပြုလုပ်သည့် အစဉ်အလာလည်း မရှိချေ။

သို့ရာတွင် ဗေဒင်ပညာရှင်များ ဗေဒင်လာမေးသူအား ဝေဒခေါ်ဗေဒင်ကျမ်းများအရ 'မွေးနေ့မှာ သံဃာတော်ငါးပါးကို ဆွမ်းပင့်ကပ်ပါ။ မွေးနေ့မှာ ဘုရားမှာ မွေးနံထောင့်မှာ ဆီမီးသက်စေ့၊ ရေသက်စေ့၊ (မည်

သည့်) ပန်း သက်စေ့လှူဒါန်းပါ' စသည်ဖြင့် မွေးနေ့မှာ ယတြာအဖြစ် ကုသိုလ်ကောင်းမှု ပြုလုပ်ရန် ညွှန်ကြားလေ့ရှိသည်ကို ယခုတိုင် တွေ့မြင်နေရလေသည်။

ထို့ကြောင့် ဤဝိဇာတမင်္ဂလာခေါ် မွေးနေ့မင်္ဂလာပွဲသည် ဗြာဟ္မဏဝါဒမှ ဆင်းသက်လာသည့်ပွဲဖြစ်ကြောင်း ထင်ရှားပေသည်။

မြန်မာလူမျိုးတို့သည် မွေးနေ့မင်္ဂလာပွဲများကို ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအချိန်ကပင် ရံဖန်ရံခါ ကျင်းပပြုလုပ်ခဲ့ကြပေသည်။

## မွေးနေ့မင်္ဂလာလား၊ မွေးရက်မင်္ဂလာလား

မြန်မာစာပေ၌ နေ့နှင့်ရက်သည် တူသယောင်ယောင်ရှိသော်လည်း သုံးရာ၌ အနည်းငယ် ခြားနားပေသည်။ တနင်္ဂနွေနေ့၊ တနင်္လာနေ့၊ ဥပုသ်နေ့၊ လပြည့်နေ့၊ လကွယ်နေ့ စသောအသုံးများ၌ တနင်္ဂနွေရက်၊ ဥပုသ်ရက်၊ လပြည့်ရက်၊ လကွယ်ရက် စသည်ဖြင့် သုံးနှုန်းလေ့မရှိသကဲ့သို့ လဆန်း ၁ ရက်၊ ၂ ရက်၊ လဆုတ် ၁ ရက်၊ ၂ ရက်၊ လပြည့်ကျော် ၁ ရက်၊ ၂ ရက် စသည်တို့ကိုလည်း လဆန်း ၁ နေ့ ၂ နေ့ စသည်ဖြင့် သုံးနှုန်းရိုး မရှိပါချေ။

အမှန်စင်စစ် ဗေဒင်ကိန်းခန်းအရ မွေးနေ့ဆိုသည်မှာ တနင်္ဂနွေ၊ တနင်္လာစသော နေ့များဖြစ်သော်လည်း ယခုမြန်မာလူမျိုးတို့ ကျင်းပပြုလုပ်ကြသည့် မွေးနေ့မင်္ဂလာပွဲများမှာ မိမိတို့မွေးဖွားခဲ့ကြသည့် တနင်္ဂနွေစသောနေ့များနှင့် တိုက်ဆိုင်သည်ဖြစ်စေ၊ မတိုက်ဆိုင်သည်ဖြစ်စေ မိမိတို့မွေးဖွားခဲ့သည့်ရက်များ၌ (နှစ်ပတ်လည်အဖြစ်) ကျင်းပ ပြုလုပ်ကြသည့်ပွဲများ ဖြစ်လေသည်။

ထို့ကြောင့် နေ့နှင့်ရက်သည် အဓိပ္ပာယ် တူညီစေကာမူ လောကအသုံးအနှုန်းအရ မွေးနေ့မင်္ဂလာပွဲအစား၊ မွေးရက်မင်္ဂလာပွဲဟု သုံးနှုန်းသင့်ပေသည်။ ဤမွေးနေ့မင်္ဂလာပွဲသည် ဗြိတိသျှ ကိုလိုနီခေတ်တွင် စတင်ပေါ်ပေါက်လာသည့်ပွဲဖြစ်၍ (Birthday) ဟူသော အင်္ဂလိပ်ဝေါဟာရကိုမှီ၍ 'မွေးနေ့မင်္ဂလာပွဲ' ဟု သုံးနှုန်းခဲ့ကြသည်ဟု ယူဆရပေသည်။

## မွေးနေ့မင်္ဂလာပွဲ ကျင်းပပုံ

မြန်မာလူမျိုးတို့သည် မွေးနေ့မင်္ဂလာပွဲများကို မိမိတို့မွေးရက်၌ ဆွမ်း၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ စသည့်ခဲဖွယ်ဘောဇဉ်တို့တွင် တစ်မျိုးမျိုးကို သံဃာတော်များအား ပင့်ကပ်ပြီး သံဃာတော်များထံတွင် သရဏဂုံနှင့် ငါးပါးသီလ ခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြသည်။ ကြွလာသည့် ပရိသတ်တို့ကိုလည်း ဝမ်းမြောက်ဝမ်းသာ ဧည့်ခံကျွေးမွေးကြသည်။

မွေးနေ့မင်္ဂလာ ပြုလုပ်ရာ၌ အိမ်တွင် ဆွမ်းမကပ်ဘဲ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆွမ်းစသော ခဲဖွယ်ဘောဇဉ်များ လှူဒါန်းကြသူများ ရှိသကဲ့သို့၊ မွေးရက်တွင် ခဲဖွယ်ဘောဇဉ်များကို လှူဒါန်းခြင်းမပြုဘဲ ငါးသက်စေ့လွှတ်ခြင်း၊ ကဏန်းကောင်များကို လွှတ်ခြင်း၊ ဆေးပစ္စည်းများကို လှူဒါန်းခြင်း၊ ရေစစ်လှူခြင်း စသော ဇီဝိတဒါနတို့ကို ပြုကြသူများလည်း ရှိကြပေသည်။

လိုရင်းချုပ်၍ တင်ပြရလျှင် မိမိတို့အစစအရာရာ အဆင်ပြေသည့်အချိန်တွင် မိမိတို့၏ မွေးနေ့မင်္ဂလာများကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်လေ့ ရှိကြသကဲ့သို့ အဆင်မပြေသည့်အခါ၌မူ ကျဉ်းကျဉ်း ပြုလုပ်လေ့ရှိကြခြင်းပင် ဖြစ်ပါသည်။

## မွန်မြတ်သော အစဉ်အလာ

မွေးနေ့ မွေးရက်များတွင် မိမိတို့ တတ်စွမ်းနိုင်သမျှ မွေးနေ့မင်္ဂလာပွဲများ ပြုလုပ်ခြင်းသည် မွန်မြတ်သော အစဉ်အလာတစ်ခု ဖြစ်ပါသည်။ မွေးနေ့မွေးရက် မွေးဖွားသက္ကရာဇ်များသည် ဗေဒင်ကိန်းခန်းအားဖြင့်လည်း အရေးကြီးသည်။ လူမှုရေးအရလည်း အရေးပါသည်။ ထို့ကြောင့် ကမ္ဘာသူကမ္ဘာသား အားလုံးတို့သည် မိမိတို့၏ မွေးနေ့ မွေးရက်နှင့် မွေးဖွားသက္ကရာဇ်တို့ကို မမေ့အောင် မှတ်သားထားကြရခြင်း ဖြစ်သည်။

လူ့လောကသို့ ပထမဦးစွာ ရောက်လာခဲ့သည့် နေ့ရက်ဖြစ်၍ မိမိအဖို့ ရက်မြတ်ရက်ထူးပင်ဖြစ်သည်။ ထို ရက်ထူးရက်မြတ်၌ ရဟန်းသံဃာ

များအား ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်၍ မွေးနေ့အထိမ်းအမှတ် ပြုလုပ်ခြင်းသည် ကုသိုလ်လည်း ရသည်။ ဒါနမင်္ဂလာ၊ ပူဇာစ ပူဇနေယျာနမင်္ဂလာ၊ ဓမ္မအပ္ပမာဒ မင်္ဂလာ၊ ကာလေန ဓမ္မဿဝနမင်္ဂလာ စသော မင်္ဂလာများလည်း ဖြစ်ပွားရသည်။

ကုသိုလ်ဆိုသည်မှာ အပြစ်ကင်းစင်ခြင်း၊ ကောင်းကျိုးတရားများကို ဖြစ်ပွားစေခြင်း သဘောလက္ခဏာရှိသည်။ မင်္ဂလာ ဆိုသည်မှာလည်း 'မင်္ဂလန္တိ ဣဒ္ဓိကာရဏံ၊ ဝုဒ္ဓိကာရဏံ၊ သဗ္ဗသမ္ပတ္တိကာရဏံ' ဟူသော အဋ္ဌကထာဖွင့်နှင့်အညီ အစစအရာရာ ပြည့်စုံကြောင်း ကြီးပွားကြောင်း ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ စသော စည်းစိမ်ချမ်းသာတို့၏ အကြောင်းတရားများဖြစ်သည်။ ထို့ကြောင့် မွေးနေ့မင်္ဂလာပွဲပြုလုပ်သူအား ကုသိုလ်လည်းရ၊ မင်္ဂလာလည်းဖြစ်၍ အသက်ရှည်ခြင်း၊ အနာကင်းရှင်း ကျန်းမာခြင်း၊ ကြီးပွားချမ်းသာခြင်း၊ စည်းစိမ်ဥစ္စာတိုးပွားခြင်း၊ လူချစ်လူခင် ပေါများခြင်း စသော အကျိုးတရားများ ဘဝမခြား ဖြစ်ပွားနိုင်ပါသည်။

မှန်၏၊ လောကတွင် လှူဒါန်းမှု၊ သီလဆောက်တည်မှု၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းအားထုတ်မှုဟူသော ကုသိုလ်ကောင်းမှု၌ ပျော်မွေ့သူ လှူသူတော်ကောင်းများ ရှိသကဲ့သို့၊ အမြဲလို ခိုးဆိုးတိုက်ခိုက် လုယက်သတ်ဖြတ် စားသောက်နေသူ လူယုတ်မာများလည်း ရှိကြ၏။ ထိုသူနှစ်မျိုးတို့သည် သာမန် ကုသိုလ်ကံ တစ်ခုကို ကိုယ်စီကိုယ်င ပြုမိကြသည့်အခါ လှူသူတော်ကောင်း၌ အကုသိုလ်ကံမှာ အကျိုးပေးခွင့် မရတတ်ပေ။ များစွာသော ကောင်းမှုကံတို့က ထိုကံကို ဖုံးလွှမ်းလိုက်ကြ၏။ ယုတ်မာသောသူများ၌မူ ထိုအကုသိုလ်ကံကို ကာကွယ်ဖို့ရန် အားကိုးလောက်သည့် ကုသိုလ်ကံ မရှိရကား ထိုအနည်းငယ်သော အကုသိုလ်ကံသည်ပင် လွတ်လွတ်လပ်လပ် အကျိုးပေးနိုင်တော့၏။

ဥပမာအားဖြင့် ဆားကို ရေထဲချသည်နှင့်တူ၏။ ဆားတစ်ပိဿာကို ဧရာဝတီမြစ်ထဲ၌ချသော် ရေ၏ အရသာမပျက်သကဲ့သို့၊ ကုသိုလ်ကံများစွာရှိသူ၌ အကုသိုလ် အနည်းငယ်အတွက် မကောင်းကျိုး အရသာမပေါ်ထွက်နိုင်ချေ။ ထိုဆားတစ်ပိဿာကို ရေနည်းသည့် သောက်ရေအိုး

တစ်လုံးထဲ၌ ထည့်လိုက်လျှင် သောက်ရေများအားလုံး ပျက်စီးသွားသကဲ့သို့၊ ကုသိုလ်ကံအကာအကွယ် အနည်းငယ်မျှရှိသူ၌ အထိုက်အလျောက် အကုသိုလ်ဖြစ်လျှင်ပင် ထိုရှိရင်းကုသိုလ်ကလေးများပင် အကျိုးပေးခွင့်မရ ဖြစ်သွားတတ်ပေသည်။

ဤသို့ ကာမာဝစရ ကုသိုလ်ကံ အကုသိုလ်ကံတို့သည် 'ရေများ ရေနိုင်၊ မီးများမီးနိုင်' ဆိုသကဲ့သို့ များရာကနိုင်သော သဘော ရှိရကား များစွာသောကုသိုလ်များကို အနည်းငယ်သော အကုသိုလ်က မနှောင့်ယှက်နိုင်ပါသော်လည်း အနည်းငယ်သော ကုသိုလ်ကို အနည်းငယ်သော အကုသိုလ်ကပင် အနှောင့်အယှက် ပေးနိုင်သောကြောင့် လူတိုင်းလူတိုင်း ကုသိုလ်ခံတပ်ကြီးများကို တည်ဆောက်ထားသင့်ကြပေသည်။

ဤမွေးနေ့မင်္ဂလာပွဲပြုလုပ်ခြင်းမှာ တစ်နည်းတစ်လမ်းအားဖြင့် ကုသိုလ်ခံတပ်ကြီး တည်ဆောက်ခြင်းပင် ဖြစ်ပါသည်။ ကုသိုလ်ကောင်းမှု ပြုရန်နေ့ကို မွေးနေ့အဖြစ် အဓိဋ္ဌာန်ပြုကာ သတ်မှတ်ထားသဖြင့် ကုသိုလ်ကောင်းမှုကို ထိုနေ့ထိုရက်တွင် မလွဲမသွေ ပြုလုပ် ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ကုသိုလ်ကောင်းမှု ပြုလုပ်ဖြစ်ကြရန် မွေးနေ့မင်္ဂလာပွဲကို 'နှစ်စဉ် ပြုလုပ်မည်' ဟူသော အဓိဋ္ဌာန်ဖြင့် စွမ်းနိုင်သမျှ မိမိတို့၏ မွေးနေ့ မင်္ဂလာပွဲများကို ပြုလုပ်သင့်ကြပေသည်။

❑

## ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ

### ဘုရားရှင်လက်ထက် ဧတဒဂ်ဘွဲ့

ပညာအရာ၊ တန်ခိုးအရာ စသည်တို့၌ ထူးချွန်သည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မွန်တို့အား ဘွဲ့ထူးဂုဏ်ထူးတို့ဖြင့် ချီးမြှင့်သည့် အစဉ်အလာသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ရှိခဲ့ပေသည်။

ဗုဒ္ဓမြတ်စွာက ထူးချွန်သည့် တပည့်သာဝက အချို့တို့အား ချီးမြှောက်တော်မူခဲ့သည့် ဧတဒဂ်ဘွဲ့ဆိုသည်မှာ 'အမြတ်ဆုံး၊ အသာဆုံး၊ အထူးချွန်ဆုံး၊ ထိပ်ခေါင်တင်ပုဂ္ဂိုလ်' ဟု သတ်မှတ်ချီးကျူးသည့်ဘွဲ့ ဖြစ်သည် (ဧတဒဂ္ဂ=ဧတဒဂ်။ ဧတ=ဤပုဂ္ဂိုလ်သည်+အဂ္ဂ=အမြတ်ဆုံး အသာဆုံးပုဂ္ဂိုလ်)။

ထိုဧတဒဂ်ဘွဲ့ကို အသီးသီးရနိုင်ကြရန် ဗုဒ္ဓ၏တပည့်သာဝကတို့သည် ရှေးရှေးသော ဘုရားရှင်တို့ထံတော်၌ ထိုဆုကိုတောင်း၍ အနည်းဆုံး ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ကြရသည်။

ဥပမာဆောင်ပြရလျှင် ရဟန်းသိက္ခာ ဝါကြီးရင့်သည့်အရာ၌ အရှင်ကောဏ္ဍည၊ ပညာဉာဏ်ကြီးသည့်အရာ၌ အရှင်သာရိပုတ္တရာ၊ တန်ခိုးကြီးသည့်အရာ၌ အရှင်မဟာမောဂ္ဂလ္လာန်၊ ဓုတင်အကျင့်မြတ် ပဋိပတ်အရာ၌ အရှင်မဟာကဿပမထေရ်၊ လာဘ်ပေါများသည့်အရာ၌ အရှင်သီဝလိမထေရ် စသည်တို့ ဧတဒဂ်ဘွဲ့ အသီးသီးရကြသကဲ့သို့ ဖြစ်သည်။

ရှင်တော်ဗုဒ္ဓသည် သံဃာ့အစည်းအဝေး၊ သံဃာ့ပရိသတ် အလယ်၌ ဤ 'ဓေတဒဂ်' ဘွဲ့ထူးကို ချီးကျူးပေးအပ်တော်မူပါသည်။

ဘုရားရှင်လက်ထက်တော်က ဤဓေတဒဂ်ဘွဲ့ထူးမျိုး ချီးမြှင့်အပ်နှင်းခံကြရသည့် ပါရမီရှင်ပုဂ္ဂိုလ်ထူးကြီးများမှာ မထေရ်ကြီး ၄၁ ပါး၊ ထေရီ ၁၃ ပါး၊ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၀ ဦးတို့ဖြစ်ပါသည်။

## သီရိလင်္ကာ(သီဟိုဠ်) နိုင်ငံ ရဟန်းတော်များဆိုင်ရာ ဘွဲ့တံဆိပ်တော်များ

သီရိလင်္ကာနိုင်ငံ(သီဟိုဠ်ကျွန်း)၌ အစဆုံးမင်းမှ အင်္ဂလိပ်အစိုးရ မသိမ်းမီ သီရိဝိက္ကမသီဟမင်း လက်ထက်အထိ မင်းပေါင်း (၁၁၇) ဆက် အုပ်ချုပ်ခဲ့ကြပါသည်။ ထိုမင်းများတွင် ဗုဒ္ဓသာသနာကို ကြည်ညိုသည့် ဗုဒ္ဓဘာသာဝင်မင်းများလည်း အများအပြား ပါဝင်ကြသည်။ သီဟိုဠ်မင်းများသည် ကျမ်းဂန်တတ် သာသနာပြုရဟန်းတော်တို့အား အခါအားလျော်စွာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း၍ ကိုးကွယ်လေ့ရှိကြသည်။ ထိုဘွဲ့တံဆိပ်တော်များမှာ -

| | | |
|---|---|---|
| ၁။ | သံဃရာဇဘွဲ့ | = သံဃာတို့၏ မင်းဘွဲ့၊ |
| ၂။ | ရာဇဂုရုဘွဲ့ | = မင်းဆရာဘွဲ့၊ |
| ၃။ | မဟာသာမိဘွဲ့ | = ကြီးမြတ်သော အရှင်ဘွဲ့၊ |
| ၄။ | ကဝိစက္ကဝတ္တိဘွဲ့ | = တရားစက်ကို လည်နိုင်သော ပညာရှိဘွဲ့၊ |
| ၅။ | ဝါစိဿရသံဃရာဇဘွဲ့ | = ဝါစိဿရမည်သော သံဃာတို့၏ မင်းဘွဲ့ စသည်တို့ ဖြစ်ပါသည်။ |

အင်္ဂလိပ်တို့အုပ်စိုးသည့် အချိန်မှစ၍ ယခုအချိန်အထိ ဆက်ကပ်လှူဒါန်းသည့်ဘွဲ့မှာ 'ပဏ္ဍိတ် (ပဏ္ဍိတ)ဘွဲ့' ဖြစ်ပါသည်။ ပဏ္ဍိတ်ဘွဲ့ လှူဒါန်းပုံမှာ နှစ်မျိုးဖြစ်သည်။ သီဟိုဠ်၊ ပါဠိ၊ သက္ကတ ပင်ရင်း သုံးဘာသာနှင့် တမီလ်၊ ဟိန္ဒီ၊ အင်္ဂလိပ်၊ ဂဏန်း အက္ခရာသင်္ချာနှင့် ဂျီသြမေထရီ ဟူသော အပိုင်းဘာသာတွင် ကြိုက်ရာတစ်ဘာသာ ပေါင်း လေးဘာသာ ဖြေဆိုရပြီး ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် သုံးဆင့်ထားကာ

စာမေးပွဲ ကျင်းပပေးသည်။ သုံးဆင့်စလုံးအောင်မြင်မှ 'ပဏ္ဍိတ်(ပဏ္ဍိတ)' ဘွဲ့ကို ဆက်ကပ်သည်။

တစ်ခါတစ်ရံ စာပေပရိယတ္တိအရာ၌ တိုင်းသိပြည်သိ စာတတ်ပေတတ်အဖြစ် ကျော်စောထင်ရှားသည့် ပုဂ္ဂိုလ်များကိုလည်း စာမေးပွဲ မအောင်မြင်ခဲ့စေကာမူ ပဏ္ဍိတ်ဘွဲ့ ဆက်ကပ်လှူဒါန်း၍ နိုင်ငံ၏ပညာရှင်အဖြစ် အသိအမှတ်ပြုသည်ဟု ဆိုပေသည်။

## မြန်မာဘုရင်များလက်ထက် သာသနာရေးဆိုင်ရာဘွဲ့များ

မြန်မာနိုင်ငံသို့ သာသနာတော် ရောက်လာသည့်အခါ ဗုဒ္ဓဘာသာဝင် မြန်မာဘုရင်တို့သည် ဘုရားရှင်၏နည်းကို အတုယူ၍ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့်ပြည့်စုံသည့် စာပေကျမ်းဂန်တတ် သာသနာပြုဆရာတော်ကြီးများအား သင့်လျော်သည့်ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း၍ ကိုးကွယ်လေ့ရှိကြသည်။ ထိုတွင် ပုဂံခေတ်၌ ဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်အချို့မှာ –

| | | |
|---|---|---|
| ၁။ | ဓမ္မသေနာပတိဘွဲ့ | = တရားစစ်သူကြီးဘွဲ့၊ |
| ၂။ | မဟာအဂ္ဂပဏ္ဍိတဘွဲ့ | = ကြီးကျယ်မြင့်မြတ်သော ပညာရှိဘွဲ့၊ |
| ၃။ | အဂ္ဂမဟာပဏ္ဍိတဘွဲ့ | = မြင့်မြတ်ကြီးကျယ်သော ပညာရှိဘွဲ့၊ |
| ၄။ | အဂ္ဂပဏ္ဍိတဘွဲ့ | = မြင့်မြတ်သော ပညာရှိဘွဲ့၊ |
| ၅။ | ဒိသာပါမောက္ခဘွဲ့ | = အရပ်မျက်နှာအားလုံးတို့၏ အကြီးအမှူးဘွဲ့၊ |
| ၆။ | ဓမ္မဝိလာသဘွဲ့ | = တရားတော်၌ စံပယ်တော်မူသောဘွဲ့၊ |
| ၇။ | မဟာသာမိဘွဲ့ | = ကြီးမြတ်သော အရှင်ဘွဲ့၊ |
| ၈။ | အလင်္ကာရဘွဲ့ | = အဆင်တန်ဆာဘွဲ့ |

စသည်တို့ဖြစ်သည်။

အင်းဝခေတ်၌ ဆက်ကပ် လှူဒါန်းသည့် ဘွဲ့တံဆိပ်တော် တချို့မှာ –

၁။ မဟာဓမ္မရာဇဂုရုဘွဲ့ = ကြီးမြတ်သော တရားမင်း၏ ဆရာဘွဲ့၊
၂။ မဟာသံဃရာဇဘွဲ့ = များစွာသော သံဃာတော်တို့၏ မင်းဘွဲ့၊
၃။ သံဃရာဇဘွဲ့ = သံဃာတော်တို့၏မင်းဘွဲ့၊
၄။ အဘိနာထ သံဃနာယကဘွဲ့ = အလွန် ကိုးကွယ်ရာ သံဃာ့ ခေါင်းဆောင်ဘွဲ့၊
၅။ တိလောကာလင်္ကာရဘွဲ့ = လောကသုံးပါး၏ အဆင်တန်ဆာဘွဲ့၊
၆။ အဘိရာဇဂုရုဘွဲ့ = လွန်ကဲသောမင်း၏ဆရာဘွဲ့၊
၇။ တိပိဋကာလင်္ကာရဘွဲ့ = ပိဋကသုံးပုံ၏ အဆင်တန်ဆာဘွဲ့၊
၈။ တိသာသနဓဇာ လင်္ကာရဘွဲ့ = သာသနာသုံးရပ်၏ တံခွန်သဖွယ် အဆင်တန်ဆာဘွဲ့၊
၉။ မဟာတိပိဋကာ လင်္ကာရဘွဲ့ = မြင့်မြတ်သော ပိဋကသုံးပုံ၏ အဆင်တန်ဆာဘွဲ့၊
၁၀။ ရာဇဓိရာဇဂုရုဘွဲ့ = မင်းတို့ထက် မြတ်သော မင်း၏ ဆရာဘွဲ့

စသည်တို့ဖြစ်သည်။ ကုန်းဘောင်ခေတ်၌ ဆက်ကပ် လှူဒါန်းသည့် ဘွဲ့တံဆိပ်တော် အချို့မှာ –

၁။ ဂုဏာဘိလင်္ကာရဘွဲ့ = ဂုဏ်ဟူသော လွန်ကဲသော အဆင်တန်ဆာဘွဲ့၊
၂။ မဟာရာဇဂုရုဘွဲ့ = မြင့်မြတ်သော မင်း၏ဆရာဘွဲ့၊
၃။ အနန္တဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရုဘွဲ့ = အဆုံးမရှိ တံခွန်အလားထင်ရှားသော ကြီးမြတ်သော တရားမင်း

တို့ထက် မြတ်သောမင်း၏ ဆရာတော်ဘွဲ့၊

၄။ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့ = ကြီးမြတ်သော တရားမင်းတို့ထက် မြတ်သောမင်း၏ ဆရာတော်ဘွဲ့၊

၅။ အဘိဓဇမဟာရာဇဂုရုဘွဲ့ = ထူးကဲသော တံခွန်အလား ထင်ရှားသော မြင့်မြတ်သောမင်း၏ ဆရာဘွဲ့၊

၆။ သဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရုဘွဲ့ = သာသနာတော်၌ တံခွန်အလား ထင်ရှားသော မြင့်မြတ်သော တရားမင်း၏ ဆရာဘွဲ့

စသည်တို့ ဖြစ်ပါသည်။

ဘွဲ့တံဆိပ်တော်များကို ဖော်ပြရာတွင် အတုလဓိပတိ သိရိပဝရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုကဲ့သို့သော ဘွဲ့တံဆိပ်တော်အချို့ကို ရှည်လျားလှသဖြင့် ခြွင်းချန်ထားခဲ့ပါသည်။

## ရာဇဂုရုနှင့် ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်

မင်းတုန်းမင်းတရားကြီး လက်ထက်တွင် ပထမစာချအင်္ဂါနှင့် နေတ္တိပဟာရ ၁၆ ပါးစလုံးကို လည်းကောင်း၊ သံဝဏ္ဏနာခြောက်ပါး၊ နည်း ၄၀၊ ဥပစာ ၁၀ ပါး ပုဒ်စစ်နည်း၊ သဒ္ဒါစစ်နည်းတို့ကိုလည်းကောင်း နိုင်နင်းတတ်မြောက်ခြင်း၊ ပါဠိအဋ္ဌကထာဋီကာကျမ်းတို့ကို နှံ့စပ်သိမြင် ကျွမ်းကျင်လိမ္မာစွာ ချပို့နိုင်ခြင်း ဂုဏ်နှင့်ပြည့်စုံသော ရဟန်းသံဃာတော်များကို မင်းဧကရာဇ်က ရာဇဂုရုဘွဲ့နှင့် ရာဇာဓိရာဇဂုရုဘွဲ့ တံဆိပ်တော်များကို ထိုက်သလို ဆက်ကပ်၍ လစဉ်ဆွမ်းဆန်တော်ငွေ ၃၀ ကျပ်ကို လှူဒါန်းလေသည်။ ထို့ကြောင့် ဓမ္မဝါစကူပဒေသ စာတမ်း၌ –

'ကျမ်းဂန်တတ်ဟိတ်၊ ဘွဲ့တံဆိပ်၊ ခတ်နှိပ်မင်းဆရာ
သုံးဆယ်ဒင်္ဂါး၊ လစဉ်စား၊ ရငြား မင်းဆရာ

ဆရာတော်ရှင်၊ လူတိုင်းပင်၊ ခေါ်တွင်ဖြစ်ဖို့ရာ'
ဟု မှတ်တမ်းပြုခဲ့ပေသည်။

**စာတော်ချများ အင်္ဂါ**

ဤနေရာ၌ ပထမစာချအင်္ဂါနှင့်ပြည့်စုံမှ 'ရာဇဂုရု' စသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းသည်ဟုဆိုရာ မင်းတုန်းမင်းနှင့် သားတော် သီပေါမင်းလက်ထက်တို့၌ သတ်မှတ်ထားသည့် ပထမစာတော်ချ၊ ဒုတိယစာတော်ချနှင့် တတိယစာတော်ချအင်္ဂါများကို ဆက်လက်တင်ပြပါမည်။ ထိုတွင် ပထမ စာတော်ချ ရဟန်းတော်များ၏ အင်္ဂါရပ်များမှာ –

၁။ ဝါကျသွား ဝါကျလာတို့ကို အကျယ်ဝေဖန်နိုင်၍ ဓာတ်၊ ပစ္စည်း၊ ပုဒ်၊ ပါဠ်၊ ဝိဂ္ဂြိုဟ်၊ ဝစနတ်များကို မှန်ကန်စွာ ပြုနိုင်ခြင်း၊
၂။ ဂါထာ ပါဠိ ရေးသားဖွဲ့စီတတ်ခြင်း၊
၃။ ပဒဒေါသ စသော အလင်္ကာနည်းတို့ကို အကြွင်းမဲ့သိခြင်း၊
၄။ နေတ္တိနည်းကို အကျယ်သိခြင်း၊
၅။ ပဋ္ဌာန်းနည်းကို အကျယ်သိခြင်း
တို့ဖြစ်သည်။

အင်္ဂါငါးရပ်နှင့်ပြည့်စုံသည့် ကျမ်းဂန်တတ် ရဟန်းတော်များအား ပထမစာချအဖြစ် ဘွဲ့စာချွန်တော်များဆက်ကပ်၍ လစဉ် ဆွမ်းဆန်တော် ငါးတင်း၊ သို့မဟုတ် ဆွမ်းဆန်တော် ငါးတင်းတန် ဝတ္ထုငွေတို့ကို ကပ္ပိယကာရကထံ အပ်နှံလှူဒါန်းပါသည်။ ဤအကြောင်းကို ရည်ညွှန်း၍ ဓမ္မဝါစကူပဒေသ စာတမ်း၌ 'ငါးဖြာမချို့၊ ရှိသူတို့၊ စာပို့ပထမာ၊ ကေရာဇ်မင်း၊ ထောက်လှူသွင်း၊ ငါးတင်းဆန်တော်မှာ' ဟု ဖွဲ့ဆိုခဲ့ပေသည်။

ဒုတိယ စာတော်ချ၏ အင်္ဂါရပ်များမှာ –

၁။ ကျမ်းရိုးငါးချက် အထွက်အတက်တို့ကို နှုတ်တက်ပိုင်ပိုင် နိုင်နင်းခြင်း၊

၂။ ဇျာဥနဗုဒ္ဓိ ၁၀ ပါး၊ ဇျာဂုဏ်နယကိုးပါး၊ ဒဗ္ဗစသော သဒ္ဒါငါးပါး တို့ကို နားလည်ခြင်း၊

၃။ ဉာသ်ကောက်ခေါ်ဓာတ် ပစ္စည်း၊ အရကောက်တို့ကို နားလည် ကောက်ယူတတ်ခြင်း၊

၄။ ဂါထာ ပါဠိ စုဏ္ဏိယများကို မဖွဲ့ဆိုနိုင်သော်လည်း ဆန်း လက္ခဏာတို့ကို ကုန်စင်အောင်သိခြင်းတို့ဖြစ်သည်။

ဤ အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် ရဟန်းတော်များအား ဒုတိယ စာတော်ချအဖြစ် ကိုးကွယ်၍ ဆန်လေးတင်း၊ သို့မဟုတ် ဆန်လေးတင်း တန် ဝတ္ထုငွေ ရှစ်ကျပ်ကို လှူဒါန်းပါသည်။ ထို့ကြောင့် 'လေးဖြာမချို့၊ ရှိသူတို့၊ စာပို့ဒုတိယာ၊ လေးတင်းစားအပ်၊ လူတို့လာဘ်၊ ရှစ်ကျပ်ရသင့်ပါ' ဟုဓမ္မဝါစကူပဒေသ စာတမ်း၌ မိန့်ဆိုထားခြင်းဖြစ်သည်။

တတိယစာတော်ချ၏ အင်္ဂါရပ်များမှာ –

၁။ သဒ္ဒါ၊ ပညတ်၊ ပရမတ်စသော အထွက်အတက် အမျိုးမျိုးတို့၌ သမားရိုးကျထွက်တက်တတ်ခြင်း၊

၂။ ကာရက၊ အကာရက၊ ကြိယာ စသော စာစပ်အမျိုးမျိုးတို့ကို နားလည်ကျွမ်းကျင်ခြင်း၊

၃။ သံဝဏ္ဏနာခြောက်ရပ်၊ ပုဒ် ပါဠိတွေ့တိုင်း လှည့်လည်ဖွင့်ပြ နိုင်ခြင်းတို့ဖြစ်သည်။

ဤအင်္ဂါရပ် သုံးရပ်နှင့်ပြည့်စုံလျှင် တတိယစာတော်ချ အဖြစ်ဖြင့် ကိုးကွယ်ပြီး ဆန်သုံးတင်း၊ သို့မဟုတ် သုံးတင်းတန် ဝတ္ထုငွေများကို လှူဒါန်းသည်။ သို့ဖြစ်၍ ဓမ္မဝါစကူပဒေသ စာတမ်း၌ 'ထွက်တက်စာစပ်၊ ဖွင့်ခြောက်ရပ်၊ စုံအပ်တတိယာ။ ဆန်သုံးတင်းတန်၊ ပစ္စည်းမှန်၊ ဧကန် ရသင့်ပါ' ဟု မှတ်တမ်းတင်ခဲ့ပေသည်။

## ဗြိတိသျှအစိုးရက ဆက်ကပ်သောဘွဲ့

ဗြိတိသျှအစိုးရလက်ထက်တွင် တောင်ခွင်သာသနာပိုင် ဆရာတော် ဘုရားကြီးသည် သုဓမ္မာအဖွဲ့ဝင် ဆရာတော်ဘုရားကြီးများနှင့် တိုင်ပင်

ညီနိုင်း၍ 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ချီးမြှင့်ဆက်ကပ်ထိုက်သည့် ဆရာတော်များ၏ ဂုဏ်အင်္ဂါအရည်အချင်း ခုနစ်ရပ်တို့ကို သတ်မှတ်ခဲ့သည်။ ထိုဂုဏ်အင်္ဂါ ခုနစ်ရပ်တို့မှာ –

၁။ တိပိဋကဓရ ဂန္ထန္တရ ကောဝိဒ၊ ပရိယတ္တိ ဝိသာရဒ ပဋိပတ္တိ မာမက ဟူသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံလျက် အဆက်ဆက် ဆောင်အပ်သော ပရမ္ပရာဘာတဝိနိစ္ဆယ အဆုံးအဖြတ်များကို နားလည် ကျွမ်းကျင်ခြင်း၊

၂။ ပါဠိဘာသာဘာက်ဆိုင်ရာ ပိဋကတ်ကျမ်းစာများကို သင်ကြားအားထုတ်ရာဖြစ်သော စာသင်ကျောင်းတိုက်ကြီး တည်ထောင်ပြီးလျှင် ခိုဝင်ဆည်းကပ်ရောက်ရှိလာသော တပည့်တပန်း ရဟန်းသံဃာများစွာတို့အား ဆုံးမဩဝါဒပေး၍ ပညာသင်ကြားပေးရန် မွေးမြူစောင့်ရှောက် ထိန်းသိမ်းအုပ်ချုပ်ရသော ဏ္ဍသရိယနာယက ဂုဏ်ရှိခြင်း၊

၃။ အာစရိယ လဒ္ဓေါပဒေသ စသော ဂုဏ်ကျေးဇူးအထူးရှိသဖြင့် အာစရိယ ပရမ္ပသိဿာနုသိဿ၊ ဝံသမပျက် အဆက်အနွယ် မပြယ်အောင် တပည့်တပန်း ရဟန်းသာမဏေတို့အား စာပေကျမ်းဂန် သင်ကြားပို့ချခြင်း၊

၄။ ဆန်း အလင်္ကာ အဘိဓာန် ဗျာကရဏ်း စသော ကျမ်းဂန်တို့၌ မွေလုန်ပြွမ်းတီး၊ တတ်မြောက် ကျွမ်းကျင်ပြီး၍ သာသနာတော်၏ အကျိုးစီးပွား ထွန်းကားဖြိုးမည်၊ မြင့်ရှည်စွာတည်ကြောင်းကောင်းမြတ်သော ရှေးရှေးသော ဆရာကြီးတို့၏ သမာနဝါဒနိဿယကို ကျနစေ့ငှ အမှီပြု၍ ကျမ်းဂန်အသစ် ပြုစုရေးသားနိုင်ခြင်း၊

၅။ လိမ္မာယဉ်ကျေးခြင်းနှင့် သဂ္ဂမောက္ခပရာယဏ အကျိုးငှာ ရဟန်းရှင်လူတို့အား တရားဓမ္မ ဟောပြဆုံးမနိုင်ခြင်း၊

၆။ ပရိသတ်အလယ် ကြီးခန့်ထည်၍ ရှိသေလေးမြတ်ဖွယ်သော အရွယ် ဝုမိုဣ တည်ရှိခြင်း၊

၇။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်းဟူသော သီလဝန္တဂုဏ်၊ သမာဓိဂုဏ်တို့နှင့် ပြည့်စုံ၍ ကျမ်းဂန်များကို ရေးသားနိုင်ခြင်းတို့ ဖြစ်ပါသည်။

ဤဂုဏ်အင်္ဂါ အရည်အချင်း ခုနစ်ရပ်နှင့်ပြည့်စုံတော်မူသော သံဃာထေရ် တို့အား ရှေးရှေးသာသနာပြု မင်းကောင်းမင်းမြတ်တို့လက်ထက် ကျမ်းဂန်တတ် ပုဂ္ဂိုလ်ကျော်တို့အား ဘွဲ့တံဆိပ်တော်များ ချီးမြှင့်တော်မူသည့်နည်းတူ 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်သင့်ကြောင်း တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးက ဗြိတိသျှအစိုးရထံ တင်ပြချက်အရ ၁၂၆၇ ခုနှစ်မှစ၍ တစ်နှစ်လျှင် နှစ်ကြိမ် ဘုရင်ခံချုပ်ထံမှ ပေးပို့သည့် ဆာနတ် အမိန့်တော်နှင့်တကွ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်များကို ဗြိတိသျှအစိုးရက အခမ်းအနားဖြင့် ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများအား နှစ်စဉ် ဆွမ်းဆန်တော် ဝတ္ထုငွေ ၁၀၀ိ/(တစ်ရာကျပ်) လှူဒါန်းသည်။ ယင်းသို့ ဆက်ကပ်လှူဒါန်းခဲ့သော ဆရာတော်များ အရေအတွက်မှာ ၁၂၇၆ ခုနှစ်မှစ၍ ၁၃၀၂ ခုနှစ်အထိ ဆရာတော် ၉၅ ပါးတို့ဖြစ်သည်။ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးရှိစဉ်က ဗြိတိသျှအစိုးရ ကိုယ်စားသာသနာပိုင် ဆရာတော်ကြီးကိုယ်တိုင် ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဆက်ကပ်ပွဲ အခမ်းအနားကို ပထမဦး မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်တော်များ၌ ကျင်းပခဲ့သည်။ ၁၂၈၇ ခုနှစ်၊ မန္တလေးမြို့၊ အနောက်ပြင် သာသနဇောတိကာရာမ သာသနာပိုင်ကျောင်းတိုက်ကြီးပြီးသောအခါ ယင်းသာသနာပိုင် ကျောင်းတိုက်ကြီး၌ ကျင်းပသည်။

## သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့နှင်းသဘင်

ဤနေရာ၌ သာသနာပိုင် ဆရာတော် ဘုရားကြီး လက်ထက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲအကြောင်းကို သိနိုင်ရန် ၁၂၉၇ ခုနှစ်၊ တပေါင်းလဆုတ် ၂ ရက် (၁၉၃၆ ခုနှစ်၊ မတ် ၈ ရက်)

တနင်္ဂနွေနေ့ မွန်းလွဲ သုံးနာရီတွင် သာသနာပိုင် ဆရာတော်ဘုရားကြီး ကိုယ်တိုင် ကပ်လှူအပ်နှင်းသည့် ၁၈ ကြိမ်မြောက် အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲ အခမ်းအနားကို သိသာရုံတင်ပြပါမည်။

၁။ ထိုနေ့ မွန်းလွဲ နှစ်နာရီအချိန်တွင် ဘွဲ့တံဆိပ် ခံယူတော်မူကြမည့် –

(က) မန္တလေးမြို့ မြောက်ပြင် သစ်ဆိမ့်တိုက် သံဃနာယက ဆရာတော် ဦးသူရိယ၊

(ခ) မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်ဆရာတော် ဦးဉာဏ၊

(ဂ) ဟင်္သာတမြို့ ပိုးစာတောတိုက် ဒက္ခိဏာရာမဆရာတော် ဦးသိရိန္ဒာဘိဓေယျ၊

(ဃ) ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာ တို့သည် မန္တလေးမြို့ အနောက်ပြင် သန်လျက်မော်ရပ်ရှိ သာသနဇောတိကာ ရာမတိုက်တော်အတွင်း အထူး လုပတင့်တယ်စွာ ဆောက်လုပ်ထားသော မင်္ဂလာ မဏ္ဍပ်ကြီးသို့ အသင့်ရောက်ရှိတော်မူကြပြီး သီတင်း သုံး နေထိုင်တော်မူကြသည်။ မဟာမုနိ ဘဏ္ဍာတော် ထိန်းအဖွဲ့ဝင် အလှည့်ကျ အမှုဆောင်လူကြီးများက ပင့်ဆောင်လျှောက်ထား၍ နေရာချထားကြသည်။

၂။ ရဟန်း ပရိသတ်အဖြစ် ပင့်ဖိတ်ခြင်းခံတော်မူရသော မန္တလေး မြို့၊ သံဃနာယကဆရာတော်၊ သုဓမ္မာဝင် ဆရာတော်အပြင် ဌာနချုပ်ဆရာတော်၊ ဌာနအုပ်ဆရာတော်၊ အနုဝိဇ္ဇကဆရာ တော်မှစ၍ လေးပြင်ရှိ တိုက်အုပ် တိုက်ကြပ်ဆရာတော် သံဃာ တော်အရှင်မြတ်များသည်လည်းကောင်း၊ လူပရိသတ်အဖြစ် ဖိတ်ကြားခြင်းခံရသော မန္တလေး ခရိုင်ဝန်ရှင်တော်မင်းကြီး၊ အရေးပိုင်မင်း၊ ရာဇဝတ်ဝန်မင်း၊ ကမ္ပည်းကျောက်စာ ဝန်ထောက် မင်းစသော အစိုးရအရာရှိများနှင့် မင်းဆွေစိုးမျိုး ဝန်စုမှူးစု မြို့ရွာ လူကြီးလူကောင်း မင်းယောကျ်ား မင်းမိန်းမ အပေါင်း

တို့သည် လည်းကောင်း မင်္ဂလာမဏ္ဍပ်ကြီးသို့ အသင့်ရောက်ရှိကြကုန်၏။

၃။ ထိုနေ့ မွန်းလွဲ သုံးနာရီအချိန်တွင် မဟာသံဃရာဇာသာသနာပိုင်ဆရာတော်ဘုရားကြီးသည် နောက်ပါ ရဟန်းသံဃာတော်တို့ ခြံရံ၍ မင်္ဂလာမဏ္ဍပ်ကြီးသို့ ဆိုက်ရောက်တော်မူသည်နှင့်တစ်ပြိုင်နက် မင်္ဂလာစည်တော်ကြီး တီးရွမ်းစဉ် သီးသန့်ခင်းကျင်းထားသော အထူးနေရာ၌ သီတင်းသုံးတော်မူသည်။

၄။ သာသနာပိုင် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူသည်နှင့် တစ်ပြိုင်နက် မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် မြို့ဝန်မင်း ဦးတာရဲက ဤအခမ်းအနားသို့ ရဟန်းပရိသတ် လူပရိသတ်တို့ စုံလင်စွာ ရောက်ကြပြီဖြစ်၍၊ ဤဘွဲ့တံဆိပ်တော် ကပ်လှူမည့်အခမ်းအနားကို စတင် ဖွင့်လှစ်တော်မူပါမည့်အကြောင်း သာသနာပိုင် ဆရာတော်ဘုရားကြီးအား မတ်တတ်ရပ်ထ၍ ရိုသေစွာ လျှောက်ထားသည်။

၅။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် ဆာနတ်အမိန့်တော်များကို အစိုးရဂေဇက်တွင် ဖော်ပြပါဆရာတော်လေးပါးတို့အား အစိုးရမင်းတို့ လွှဲအပ်တော်မူချက်အရ ကပ်လှူတော်မူသည့်စာတမ်းလေးစောင်ကို မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီး သမာဓိမြို့ဝန် ဦးညွန့်က မတ်ရပ်ထလျက် ရိုသေစွာ လျှောက်ထားသည်။

၆။ မန္တလေးမြို့ မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင်လူကြီးတို့က အခမ်းအနားကို ကျင်းပ ဖွင့်လှစ်ပြီးလျှင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် ဆာနတ်အမိန့်တော်များကို နိုင်ငံတော်အစိုးရမင်းတို့ လွှဲအပ်တော်မူချက်အရ သာသနာပိုင်ဆရာတော်ဘုရားကြီးက လက်ရောက် အပ်နှင်းတော်မူသည့်အရာ သာသနာ ပညာ နှစ်ဖြာအကျိုး၊ တိုးပွားမြင့်မြတ်

သည့်အကြောင်း စပေါင်းရေးသားထားသော ထုတိမင်္ဂလာ ဩဘာစာကို မဟာမုနိဘုရားဘဏ္ဍာတော်ထိန်းလူကြီး မြို့ဝန် မင်းဦးဘက မတ်ရပ်ထ၍ ရိုသေစွာ ဖတ်လျှောက်တင်သွင်း သည်။

၇။ သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အမိန့်တော်ကို မဟာ မုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီး မြန်မာပညာရှိ ဝန်ထောက် မင်း ဦးကျော်ရန်က ဖတ်ကြားသည်။

၈။ မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီး ပိုက်ကျုံးလွှစက် ပိုင်ရှင် ပွဲစားကြီးဦးကြွယ်က ၁၈ ကြိမ်မြောက် ဘွဲ့တံဆိပ်တော် ကပ်လှူ တော်မူသည့် အခမ်းအနားကြီးကို ရပ်သိမ်းတော်မူရန် သင့်ပြီဖြစ်ကြောင်း မဟာသံဃရာဇ သာသနာပိုင် ဆရာတော် ဘုရားကြီးအား ဖတ်ကြား လျှောက်ထားသည်။

၉။ အခမ်းအနား ရပ်သိမ်းသောစာတမ်းကို ဖတ်လျှောက်ပြီး သည်နှင့်တစ်ပြိုင်နက် မင်္ဂလာစည်တော်ကိုတီးရွှမ်း၍ ရပ်သိမ်း လေသည်။

ဤသည်မှာ ဗြိတိသျှအစိုးရလက်ထက် ၁၂၉၇ ခု၊ တပေါင်း လဆုတ် ၂ ရက်နေ့တွင် သာသနာပိုင် ဆရာတော်ဘုရားကြီး ကြီးမှူးပြုလုပ် သည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်း အနားအစီအစဉ် သမိုင်းမှတ်တမ်း ဖြစ်ပါသည်။

## ခရိုင်ဝန်ရှင်တော်မင်းကြီးများ၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့နှင်းသဘင်

သာသနာပိုင် ဆရာတော်ဘုရားကြီး မရှိသည့်နောက်တွင် ဘုရင်ခံ မင်းတရားကြီးကိုယ်စား ခရိုင်ဝန်ရှင်တော်မင်းကြီးများက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်များကို ဆက်ကပ် လှူဒါန်းပါသည်။ ဤ ဆက်ကပ်လှူဒါန်းပွဲ အကြောင်း သိသာ ထင်ရှားစေရန် ၁၉၃၉ ခုနှစ်၊ ရန်ကုန်မြို့ ဘုရားဖြူ ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်း အနားကို အကျဉ်းချုပ် တင်ပြပါမည်။

၁။ ၁၉၃၉ ခု၊ ဇွန်လ ၁၈ ရက်၊ မွန်းလွဲ ၃း၃၅ နာရီ အချိန်တွင် ဆရာတော်ဘုရားကြီးများနှင့် ဘုရားဖြူဆရာတော်ဘုရားကို ဧည့်ခံအဖွဲ့ ဥက္ကဋ္ဌက အခမ်းအနား ခန်းမဆောင်ကြီးသို့ ပင့်ဆောင်လာသည်။ ထိုအခါ ပရိသတ်က မတ်တတ်ရပ် လက်အုပ်ချီကာ အရိုအသေပြုကြသည်။

၂။ ထို့နောက် ဧည့်ခံကော်မတီဥက္ကဋ္ဌသည် ပဲခူးခရိုင်ဝန်ရှင်တော် မင်းကြီးအား ကြိုဆို၍ မင်းကြီးနှင့် ကော်မတီတို့အား မိတ်ဖွဲ့ ပေးပြီးနောက် ဧည့်ခံမဏ္ဍပ်ကြီးသို့ ပင့်ဆောင်လာသည်။ ထိုအခါ ပရိသတ်က မတ်တတ် ရပ်နေသည်။

၃။ ပဲခူးခရိုင် ဝန်ရှင်တော်မင်းကြီးနှင့် ပရိသတ်တို့ အစုံအညီ ထိုင်မိ သည့်အခါ ဧည့်ခံအဖွဲ့ ဥက္ကဋ္ဌက ပရိသတ်စုံပြီဖြစ်၍ အခမ်း အနား ဖွင့်လှစ်ရန် မင်းကြီး၏အမိန့်ကို ခံယူ၍ အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာရာ ဧည့်ခံကော်မတီကိုယ်စား အငြိမ်း စားပညာဝန်ထောက်မင်းဝဇီရဗုဒ္ဓိဘွဲ့ရ ဦးဖိုးစိန်က ထုတိမင်္ဂလာ သြဘာစာကို ဖတ်ကြားပြီး မင်းကြီးအား ဆက်သသည်။

၄။ ပဲခူးတိုင်း ခရိုင်ဝန်ရှင်တော်မင်းကြီးသည် ထုတိမင်္ဂလာ သြဘာ စာကို အကြောင်းပြု၍ ထောမနာစကား မြွက်ကြားပြီးနောက် ဧည့်ခံအဖွဲ့ ဥက္ကဋ္ဌ ရှေ့ဆောင်မှုဖြင့် ဘုရားဖြူဆရာတော် အရှင် ရာဇိန္ဒမထေရ်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းသည်။

၅။ ထို့နောက် ရန်ကုန်မြို့ သာသနဝုမိုက သံဃမဟာနိကာယ အဖွဲ့ကြီး၏ ဦးစီးဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မင်္ဂလာဇေယျုံ ဆရာတော်ဘုရားကြီးက ဧည့်ခံကော်မတီနှင့် ဗုဒ္ဓဘာသာဝင်တို့အတွက် ကျေးဇူးတင်စကား မိန့်ကြားတော် မူသည်။

၆။ နောက်ဆုံးတွင် အရပ်ရပ် အလှူစာရင်းများကို ဖတ်ကြား၍ ဒါယကာ ဒါယိကာမအပေါင်းတို့က သက်န်းစသော လှူဖွယ်

ဝတ္ထုများကို လှူဒါန်းကြပြီး ဧည့်ခံအဖွဲ့ ဥက္ကဋ္ဌက အခမ်းအနား ပြီးစီးကြောင်း ကြေညာပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (အခမ်းအနား မစတင်မီကပင် ဘုန်းတော်ဘွဲ့စည်တော်သံ သီချင်းကိုသီဆို၍ စည်တော်ကြီး တခြိမ့်ခြိမ့်ရွမ်း၍ ပရိသတ်အား ဖြေဖျော်ပါသည်။)

ဤသည်မှာ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး မရှိသည့်နောက် ဝန်ရှင်တော်မင်းကြီး ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်းအနားသဘင် ဆင်ယင်ကျင်းပပုံဖြစ်ပါသည်။

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က ဆက်ကပ်သောဘွဲ့များ

**အဂ္ဂမဟာပဏ္ဍိတ** ။ ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ရှေးဗြိတိသျှအစိုးရ လက်ထက်ကကဲ့သို့ပင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။ ၁၃၁၂ ခုနှစ်မှစ၍ ဆက်ကပ်လှူဒါန်းရာ ၁၃၂၃ ခုနှစ်အထိ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၀၈ ပါးတို့ဖြစ်သည်။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား နှစ်စဉ် ဆွမ်းဆန်တော် ဝတ္ထုငွေ ၇၅၀ ကျပ်လှူဒါန်း၍ ဆရာတော်ပျံလွန်တော်မူလျှင် နိုင်ငံတော်အစိုးရက သင်္ဂြိုဟ်စရိတ် ၁၅၀၀ ကျပ် ထောက်ပံ့လှူဒါန်းသည်။

မီးရထား၊ မီးသင်္ဘောတို့၌ ပထမတန်းတွင် နောက်ပါတစ်ဦးနှင့်အတူ အခမဲ့ လိုက်ပါစီးနင်းနိုင်ရန် အခမဲ့စီးခွင့် ကတ်ပြားကလေးကို ကပ်လှူထားသည်။ ထိုအခမဲ့စီးခွင့်ကတ်ပြားများကို သက်တမ်းတိုးရန် တစ်နှစ်တစ်ကြိမ် သာသနာရေး ဦးစီးဌာနသို့ တင်ပြရသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ရေးနှင့်စပ်လျဉ်း၍–

၁။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ကျွမ်းကျင်လိမ္မာခြင်း၊

၂။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့ကို အမြဲမပြတ် ပို့ချနေခြင်း၊

၃။ အနည်းဆုံး သိက္ခာဝါ ၂၀ ရရှိခြင်း၊

၄။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ကျွမ်းကျင်လိမ္မာသည်ဟု ကျော်ကြားခြင်း၊

၅။ သီလဝန္တဖြစ်ခြင်း ဟူသော အင်္ဂါငါးရပ်နှင့် ပြည့်စုံတော်မူသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပိဋကတ္တယဆေက၊ ပရိယတ္တိဝိသာရဒ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလဝန္တဖြစ်တော်မူသည့် ဆရာတော်များအား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

| | |
|---|---|
| (ပိဋကတ္တယဆေက | = ပိဋကတ်သုံးပုံ၌ ကျွမ်းကျင်လိမ္မာသူ။ |
| ပရိယတ္တိဝိသာရဒ | = စာပေပရိယတ်၌ ရဲရဲတောက်ဖြစ်သူ။ |
| လဇ္ဇီ | = မကောင်းမှုကို ပြုလုပ်ရန် ရှက်သူ။ |
| ပေသလ | = သီလအကျင့်ကို ချစ်မြတ်နိုးသူ။ |
| သိက္ခာကာမ | = သိက္ခာသုံးပါးကို လိုလားသူ။ |
| သီလဝန္တ | = သီလရှိသူ။) |

**အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့** ။ ။ ၁၃၁၅ ခုနှစ်၊ ဘွဲ့တံဆိပ်တော် စီစဉ်သတ်မှတ်ရေးကော်မတီက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ရေးနှင့်စပ်လျဉ်း၍ –

၁။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ရရှိပြီးခြင်း၊

၂။ အနည်းဆုံး သိက္ခာဝါ ၄၀ ရရှိခြင်း၊

၃။ ဗဟုသုတ အကြားအမြင်များခြင်း၊

၄။ ရဟန်းရှင်လူတို့အား ကျေးဇူးများသော ဗုဒ္ဓဘာသာ စာပေကျမ်းဂန်ကို ရေးသားဖူးခြင်း

ဟူသော အင်္ဂါလေးရပ်နှင့် ပြည့်စုံသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပိဋကတ္တယပါရဂူ၊ ကာလညူ၊ ဓမ္မညူ၊ ရတ္တညူ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလဝန္တ၊ ဂဏပါမောက္ခ၊ သာသနာ့ဦးဆောင် ဆရာတော်ဘုရားကြီးများအား 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်

ဆက်ကပ်လှူဒါန်းရန် သတ်မှတ်၍ ထိုနှစ်၌ ရွှေကျင်ဂိုဏ်းမှတစ်ပါး၊ မဟာဒွါရဂိုဏ်းမှတစ်ပါး၊ သုဓမ္မာဂိုဏ်းမှတစ်ပါး၊ ပေါင်း ဆရာတော်ကြီး သုံးပါးတို့အား ပထမဆုံးအကြိမ် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့ပါသည်။ အဘိဓဇမဟာရဋ္ဌဂုရုဆိုသည်မှာ နိုင်ငံတော်၏ (ဝါ) ပြည်သူတို့၏ ထူးကဲသော တံခွန်အလား ထင်ရှားတော်မူသော ဆရာတော်ဟု အဓိပ္ပာယ်ရသည်။ (အဘိဓဇ=ထူးကဲသော တံခွန်ကဲ့သို့ဖြစ်သော+မဟာရဋ္ဌ=နိုင်ငံတော်၏(ဝါ) ပြည်သူတို့၏+ဂုရု=ဆရာတော်)

(ပိဋကတ္တယပါရဂူ=ပိဋကသုံးပုံကို တစ်ဖက်ကမ်းခတ် တတ်မြောက်သူ၊ ကာလညူ=မိမိပြုလုပ်ရမည့် အခါအခွင့်ကို သိနားလည်သူ။ ဓမ္မညူ=တရားသဘောကိုသိသူ။ ရတ္တညူ=ညဥ့်အပိုင်းအခြားကို သိသူ (ဝါ) သိက္ခာကြီးရင့်သူ။ ဂဏပါမောက္ခ=ဂိုဏ်းတို့၏ အကြီးအမှူးဖြစ်သူ။)

ဤကဲ့သို့ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ၁၃၁၅ ခုနှစ်မှစ၍ ၁၃၂၃ ခုနှစ် ယိုးဒယား၊ သီဟိုဠ်၊ လာအို၊ ကမ္ဘောဒီးယား ဆရာတော်များ အပါအဝင် ဆရာတော်ကြီး ၁၄ ပါးတို့အား ဆက်ကပ်ခဲ့သည်။ ထိုစဉ်က နိုင်ငံတော်အစိုးရသည် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများအား နှစ်စဉ်ဆွမ်းဆန်တော်ဝတ္ထုငွေ ၁၀၀၀ ကျပ် (တစ်ထောင်ကျပ်) လှူဒါန်း၍ ပျံလွန်တော်မူသည့်အခါ သင်္ဂြိုဟ်စရိတ်ငွေ ၃၀၀၀ ကျပ် (သုံးထောင်ကျပ်) ကို လှူဒါန်းပါသည်။

ကုန်းကြောင်း ရေကြောင်း လေကြောင်း ခရီးသုံးမျိုးစလုံး၌ အစိုးရပိုင်ယာဉ်များတွင် ပထမတန်း၌ နောက်ပါနှစ်ဦးနှင့်အတူ အခမဲ့စီးနိုင်ရန် အခမဲ့စီးခွင့် ကတ်ပြားကလေးများကို ရာသက်ပန် ကပ်လှူထားသည်။

ထိုအချိန်က ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲ အခမ်းအနားများ ကျင်းပပုံကို လေ့လာသိရှိနိုင်ရန် လွတ်လပ်ရေးရပြီးနောက် ပထမဆုံးအကြိမ် ကျင်းပ ပြုလုပ်ခဲ့သည့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်းအနားကို ဤနေရာ၌ မှတ်တမ်းတင်ပါမည်။

ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်းအနားကို ၁၃၁၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက် (၁၉၅၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်) စနေနေ့ ညနေ

သုံးနာရီအချိန်တွင် ရန်ကုန်မြို့၊ နိုင်ငံတော်သမ္မတအိမ်၌ ခမ်းနားစွာ ကျင်းပ ပါသည်။

ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသည့် ဆရာတော်ဘုရားကြီးများမှာ ၁၃၁၂ ခုနှစ်မှ ၁၃၁၄ ခုနှစ်အထိ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော ဆရာတော်ကြီး ၁၅ ပါးနှင့် ၁၃၁၅ ခုနှစ်အတွက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော ဆရာတော်ကြီး သုံးပါး၊ ပေါင်း ဆရာတော်ကြီး ၁၈ ပါးတို့ဖြစ်ပါသည်။ ထိုတွင် ပထမဆုံး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော ဆရာတော် ဘုရားကြီး သုံးပါးတို့မှာ –

၁။ ဆရာတော် အရှင်စာရိန္ဒ၊ ဟင်္သာတမြို့၊ ဘုရားကြီးတိုက် (မဟာဒွါရ)၊

၂။ ဆရာတော် အရှင်စန္ဒ၊ ဝိပဿနာဂန္ဓာရုံကျောင်း၊ စစ်ကိုင်း (ရွှေကျင်)၊

၃။ ဆရာတော် အရှင်ရေဝတ၊ ညောင်ရမ်းကျောင်း၊ မိုးကောင်းတိုက် မန္တလေး (သုဓမ္မာ) တို့ဖြစ်ပါသည်။

ထိုနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် နိုင်ငံတော်ဩဝါဒစရိယနှင့် ဝိနည်းဓိုရ်ဆရာတော်ကြီးများ၊ ပါဠိတက္ကသိုလ် ကျောင်းအုပ်ဆရာတော်များ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရပြီး ဆရာတော်များ၊ သံဃာ့ဝန်ဆောင် ဆရာတော်များ စုစုပေါင်း အပါး ၅၀ တို့ကို သမ္မတ၏ ကိုယ်ရံတော်များရုံးခန်းသို့ ပင့်ထား သည်။

သမ္မတအိမ်တော် ဧည့်ဆောင်ငယ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဆရာ တော်ကြီး သုံးပါးကို ပင့်ထား၍ ဧည့်ခံဆောင်ကြီးတွင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ၁၅ ပါးတို့ကို ပင့်ထားသည်။ ထိုအချိန်တွင် နိုင်ငံတော် တူရိယာ အဖွဲ့က ဘုန်းတော်ဘွဲ့သီချင်းခံကြီးများကို တီးမှုတ်သီဆိုနေသည်။ ၂း၄၅ နာရီတွင် သမ္မတအိမ်တော် ခန်းမဆောင်ကြီးတွင် ဧည့်သည်တော်များ အသင့် ရောက်ရှိနေသည်။ ၂း၅၀ နာရီတွင် ပင့်သံဃာ ဆရာတော်များကို ပါလီမန် အတွင်းဝန်နှင့် သာသနာ့ညွှန်ကြားရေးဝန်တို့က ပင့်ဆောင်လာသည်။

၂း၅၅ နာရီတွင် သာသနာရေးဝန်ကြီးက ပန်းကလပ်ကိုင်လျက် အဂ္ဂမဟာပဏ္ဍိတဘွဲ့ ခံယူရမည့် ဆရာတော်ကြီးများကို ပင့်ဆောင်လာသည်။ ဆရာတော်ကြီးများ၏ နောက်ပါးမှာ နိုင်ငံတော်ရှေ့နေချုပ်ကြီးက တံခွန် ကုက္ကားကိုင်လျက် လိုက်ပါလာသည်။ အိမ်တော်အတွင်း လှေကားအနီးသို့အရောက်တွင် ရွှေပြည်တော်ဦးဘတင်က 'အဂ္ဂမဟာပဏ္ဍိတ ဆရာတော်' ဟု ကြွေးကြော်လိုက်ရာ ပရိသတ်က လက်အုပ်ချီလျက် နေကြသည်။ ထိုအခါ မင်္ဂလာစည်တော်ရွမ်းသည်။

သုံးနာရီအချိန်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဟသ်ာတမြို့ အဂ္ဂမဟာပဏ္ဍိတ၊ ဒွါရနိကာယ ဥက္ကဋ္ဌ ဘုရားကြီး ဆရာတော်ကို ရှေ့ဆုံးက သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်က ပန်းကလပ်ကိုင်၍ လက်ထောက် သာသနာ့ညွှန်ကြားရေးဝန်က ဆရာတော်၏ အောင်လံတော် အဆောင်အယောင်ကို ကိုင်ဆောင်လျက် ပင့်ဆောင်လာရာ ဆရာတော် ဘုရားကြီးနောက်ပါးတွင် ပါလီမန်အတွင်းဝန်က တံခွန် ကုက္ကားကိုင်၍ ဦးသာတင်က ကွမ်းတောင်ကိုင်ကာ လိုက်ပါလာသည်။

အိမ်တော်အတွင်း လှေကားအနီးရောက်လျှင် ရွှေပြည်တော်ဦးဘတင်က 'အဘိဓဇမဟာရဋ္ဌဂုရု ဘုရားကြီးဆရာတော်' ဟု ကြွေးကြော်လိုက်ရာ ပရိသတ်က လက်အုပ်ချီလျက်နေသည်။ ထိုအခါ မင်္ဂလာစည်တော် ရွမ်းသည်။ ဤနည်းအတိုင်း အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ဆရာတော်နှင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ခံ ဆရာတော်တို့ကို တစ်ပါးစီ အသီးသီး ပင့်ဆောင်ကြသည်။

၃း၁၂ နာရီ အချိန်တွင် နောက်ဆုံး ကြွရောက်တော်မူသည့် ဆရာတော်နှင့် ၁၅ ပေအကွာတွင် ဆရာတော်များနှင့်တစ်ဆက်တည်း နိုင်ငံတော်သမ္မတကြီးသည် ကိုယ်ရံတော်အတွင်းဝန်၊ အိမ်တော်ဝန်များ ခြံရံလျက် ကြွရောက်လာသည်။ ၃း၁၅ နာရီတွင် အခမ်းအနားမှူးက အခမ်းအနား စတင်ကြောင်း ကြေညာသည်။

သာသနာရေး အရာရှိတစ်ဦးက သာသနာရေးဝန်ကြီးအား အခမ်းအနားဖွင့်လှစ်ရန် ဇကပိုဒ်ရတုဖြင့် ပန်ကြားသည်။ သာသနာရေးဝန်ကြီးက

အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြား၍ အခမ်းအနားဖွင့်လှစ်သည်။ သာသနာရေးဝန်ကြီး လျှောက်လွှာအဆုံး၌ အခမ်းအနား အလိုလို ပွင့်လာပြီး ရောင်ခြည်တော်ကွန့်မြူးနေသော ဗုဒ္ဓရုပ်ပွားတော် ပေါ်ထွက်လာသည်။

ထိုအခါ ဂဠုန်၊ နဂါး အမျိုးသမီးအဖွဲ့က 'ဇတဒဂ္ဂ ဘိက္ခဝေ' အစချီသော ပါဠိအနက်တို့ကို ရွတ်ဆိုကန်တော့ကြသည်။ သုဓမ္မဝတီ ဦးပန်းမောင်က ငါးပါးသီလ ချီးမြှင့်ရန် ဘုရားကြီးဆရာတော်ဘုရားအား အဘိယာစနဂါထာဖြင့် လျှောက်ထားပြီး ပရိသတ်က ငါးပါးသီလခံယူသည်။

ထို့နောက် သာသနာရေးဝန်ကြီးက အဂ္ဂမဟာပဏ္ဍိတနှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ရခြင်းအကြောင်း လျှောက်ထားသည်။ ပါဠိတက္ကသိုလ် ကွဲဖက်အတွင်းရေးမှူး ရွှေပြည်တော်ဦးဘတင်က အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်များ၏ ထေရုပ္ပတ္တိများကို ဖတ်ကြားပြီး လက်ထောက်သာသနာ့ ညွှန်ကြားရေးဝန်နှင့် သာသနာရေး အရာရှိတို့က အဂ္ဂမဟာပဏ္ဍိတ ဆရာတော်များ၏ ထေရုပ္ပတ္တိများကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော် သမ္မတကြီးက ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များကို အသီးသီး ဆက်ကပ်ပြီး လျှောက်ထားသည်။ နောက်ဆုံးတွင် ညောင်ရမ်းဆရာတော်ဘုရားကြီးက ဩဝါဒကထာ မြွက်ကြားတော်မူပြီး နိုင်ငံတော်သမ္မတကြီး အမျှပေးဝေအပြီးတွင် အခမ်းအနားပြီးကြောင်း အခမ်းအနားမှူးက ကြေညာသည်။

ဤသည်မှာ လွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ဆက်ကပ် လှူဒါန်းသည့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်းအနား ကျင်းပပုံ ဖြစ်ပါသည်။

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်က ဆက်ကပ်သောဘွဲ့များ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ခေတ်၌ နိုင်ငံ

တော်ကောင်စီသည် ၁၃၄၀ ပြည့်နှစ်၊ လွတ်လပ်ရေးနေ့မှစ၍ ရှေးကရှိရင်းစွဲ စည်းမျဉ်းစည်းကမ်းနှင့်အညီ သံဃာတော်အရှင်သူမြတ်တို့အား အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်များကို ဆက်လက်လှူဒါန်းခဲ့ရာ ယခုအချိန်အထိ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများမှာ ၁၂ ပါးဖြစ်၍ အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများမှာ ၄၈ ပါးရှိပြီ ဖြစ်ပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ခေတ်၌ အဂ္ဂ မဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား နှစ်စဉ် ဆွမ်းဆန် တော် ဝတ္ထုငွေ ၁၀၀၀ ကျပ် လှူဒါန်း၍ ပံ့လွန်တော်မူသည့်အခါ သင်္ဂြိုဟ် စရိတ် ၂၀၀၀ ကျပ်အထိ တိုးမြှင့်လှူဒါန်းပါသည်။ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများအား နှစ်စဉ်ဆွမ်းဆန်တော် ဝတ္ထုငွေ ၁၅၀၀ ကျပ်(တစ်ထောင့်ငါးရာကျပ်) တိုးမြှင့်လှူဒါန်း၍ ပံ့လွန် တော်မူသည့်အခါ သင်္ဂြိုဟ်စရိတ်ကို ရှေးအတိုင်းပင် ၃၀၀၀ ကျပ် (သုံး ထောင်ကျပ်) လှူဒါန်းပါသည်။

## ဘွဲ့တံဆိပ်တော် အဆောင်အယောင်များ

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားတွင် လှူဒါန်းရန် ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များမှာ –

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တစ်ပါးအတွက်

(က) ဘွဲ့ရဆရာတော်၏ ဘွဲ့အမည်နှင့် ဘွဲ့တံဆိပ်အမည် ပါရှိ သော ငွေရောင်ခံ ဆုံလည် ကြေးတံဆိပ် အဝိုင်းတစ်ခု၊

(ခ) ဘွဲ့ရဆရာတော်၏ ဘွဲ့အမည်နှင့် ဘွဲ့တံဆိပ်အမည် ပါရှိ သော ရိုးရိုးရော်ဘာတံဆိပ်တုံး အဝိုင်းတစ်ခု၊

(ဂ) တံဆိပ်ရိုက်မင်ခံနှင့် မင်ပုလင်းတစ်စုံ၊

(ဃ) အမှတ်စဉ် က–ခ–ဂ ရှိ ပစ္စည်းများထည့်ရန် ပိုးဖဲအတွင်းခံ လုပသော ကျွန်းသေတ္တာတစ်လုံး၊

( င ) ရွှေမင်နှင့် ရိုက်နှိပ်ထားသော ဘွဲ့ပုံလက်မှတ်သွင်းထားသော ခြသေ့်ခံခုံနှင့် အကောင်းစား မှန်ပေါင်တစ်ခု၊

( စ ) ပိုးဖဲကတ္တီပါ အဝါနုရောင်တွင် ဘွဲ့ရဆရာတော်အမည်နှင့် ဘွဲ့တံဆိပ်အမည်များကို ငွေချည်ထိုးဖြင့် ရေးသားပါရှိသော အလံတော်ကြီး (၄× ၂$\frac{၁}{၂}$) ပေ တစ်ခုနှင့် ယင်းအလံတော်ကြီး တပ်ဆင်ရန် ခြသေ့်ရုပ်ခံ ခုံကြီးတွင် ထိပ်ဆုံး၌ ကြာဖူးတပ်ဆင်လျက် ၅ ပေခန့်အမြင့်ရှိသော အလံတိုင် တစ်ခုတို့ ဖြစ်ပါသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် တစ်ပါးအတွက် –

(က) ဘွဲ့ရဆရာတော်၏ ဘွဲ့အမည်နှင့် ဘွဲ့တံဆိပ်တော် အမည်ပါရှိသော ငွေရောင်ခံ ဆုံလည် ကြေးတံဆိပ်တုံး အဝိုင်းတစ်ခု၊

( ခ ) ဘွဲ့ရဆရာတော်၏ ဘွဲ့အမည်နှင့် ဘွဲ့တံဆိပ်အမည် ပါရှိသော ရိုးရိုးရော်ဘာတံဆိပ်တုံးအဝိုင်းတစ်ခု၊

( ဂ ) တံဆိပ်ရိုက်မင်ခံနှင့် မင်ပုလင်းတစ်စုံ၊

(ဃ) အမှတ်စဉ် က–ခ–ဂ ရှိ ပစ္စည်းများထည့်ရန် ပိုးဖဲအတွင်းခံလှပသော ကျွန်းသေတ္တာတစ်လုံး၊

( င ) ရွှေမင်ဖြင့် ရိုက်နှိပ်ထားသော ဘွဲ့ပုံလက်မှတ်သွင်းထားသော ခြသေ့်ခံခုံနှင့် အကောင်းစား မှန်ပေါင်တစ်ခု၊

( စ ) ဘွဲ့ရဆရာတော်အား သင့်လျော်သော အလံနှင့်ခုံ (၁$\frac{၁}{၂}$ × ၁) ပေတို့ ဖြစ်ပါသည်။

## ခမ်းနားစည်ကားသည့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲကြီး

ဤနေရာ၌ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ခေတ်တွင် ပထမဆုံး ဆက်ကပ်သည့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပုံအကြောင်းကို အနည်းငယ်တင်ပြပါမည်။ ထိုဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲကြီးကို ၁၃၄၁ ခုနှစ်၊ နယုန်လပြည့်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ

ရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။ မကျင်းပမီ နယုန် လဆန်း ၁၄ ရက် အကြိုနေ့ ညနေပိုင်းမှစ၍ ကမ္ဘာအေးကုန်းမြေတစ်ခုလုံး၌ သာသနာ့အလံများ လွှင့်ထူထားရာ အလွန်ကျက်သရေ ရှိလှသည်။ လိုဏ်ဂူတော်ကြီးမှာ အတွင်းအပြင် မွမ်းမံပြင်ဆင်ထားရာ ကြည့်ချင်သဖွယ် အလွန်လှပတင့်တယ်လျက် ရှိပေသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၇၉) အရ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များ လျှုဒါန်းခြင်းခံရသော ပြည်မြို့ ပွင့်လှသိမ်ကုန်း ကျောင်းတိုက် ဆရာတော် အရှင်တိက္ခ၊ ချောင်းဆုံမြို့ မုဒွန်းရွာ၊ ပိဋကတ်ကျောင်းတိုက် ဆရာတော် အရှင်ကောသလ္လ၊ စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ် ဆရာတော် အရှင်ပဏ္ဍိတသိရီနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ဆက်ကပ်ခံရသော ဆရာတော် ၁၀ ပါးတို့အား သက်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်က ၁၃၄၁ ခုနှစ်၊ နယုန်လပြည့်နေ့ မွန်းလွဲ ၁း၄၀ နာရီတွင် အခမ်းအနားဖြင့် ဆက်ကပ် လျှုဒါန်းသည်။

မွန်းလွဲ တစ်နာရီတွင် ဆရာတော်ဘုရားကြီးများသည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးများ၏ ပင့်ဆောင်ချက် အစီအစဉ်ဖြင့် လိုဏ်ဂူတော်ခန်းမတွင်းသို့ ကြွရောက်တော်မူလာရာ အခမ်းအနားမှူး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်က 'အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ဆရာတော်ဘုရားကြီးများ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်ဘုရားကြီးများ ကြွရောက်လာပြီဖြစ်ကြောင်း' ကြေညာလိုက်သည့်အခါ ပရိသတ်အပေါင်းက လက်အုပ်ချီကန်တော့ကြသည်။ ထိုအချိန်တွင် နိုင်ငံတော်ဆိုင်းအဖွဲ့က မင်္ဂလာစည်တော်ရွမ်းသည်။

ထို့နောက် အခမ်းအနား အစီအစဉ် ၁ အရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းကျော်က အခမ်းအနား ဖွင့်စာတမ်း လျှောက်ထား၍ အခမ်းအနားဖွင့်လှစ်သည်။ အစီအစဉ် ၂ အရ သာသနာရေးဦးစီးဌာန အမျိုးသမီးများအဖွဲ့က ထုတိမင်္ဂလာရတုပိုဒ်စုံနှင့်

ရှစ်လုံးဘွဲ့ ကဗျာများကို ရွတ်ဆို၍ ပူဇော်ကန်တော့ကြသည်။ အစီအစဉ် ၃ အရ အဘိဓဇမဟာရဋ္ဌဂုရု မုဒ္ဒန်းဆရာတော်ဘုရားကြီးထံမှ ပရိသတ် အပေါင်းက ငါးပါးသီလ ခံယူကြသည်။

အစီအစဉ် ၄ အရ သာသနာရေး ဦးစီးဌာန လက်ထောက်ပြည်နယ် သာသနာရေးမှူးက အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် တော်ရ ဆရာတော်ဘုရားကြီးများ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်များကို တစ်ပါး ချင်းဖတ်ကြားအပြီး၊ ဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်က ဘွဲ့ခံ ဆရာတော် ဘုရားကြီးများအား ဘွဲ့တံဆိပ်တော်များကို တစ်ပါးချင်း ဆက်ကပ် လှူဒါန်းသည်။

အစီအစဉ် ၅ အရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်က ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ရခြင်း အကြောင်းကို လျှောက်ထားသည်။ အစီအစဉ် ၆ အရ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ် တော်ရဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတသိရီက ဩဝါဒစကား မြွက် ကြားတော်မူသည်။

အစီအစဉ် ၇ အရ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကျော်မြင့်က နိဂုံးချုပ်စကား လျှောက်ထားသည်။ အစီအစဉ် ၈ အရ ဝန်ကြီးဗိုလ်မှူးချုပ်စိန်လွင်က ရေစက်ချစာတမ်းကို ဖတ်ကြား၍ ရေစက်သွန်းချ အမျှပေးဝေလိုက်ရာ ပရိသတ်အပေါင်းက သာဓုသုံးကြိမ် ခေါ်ကြပြီး ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်းအနားကို မွန်းလွဲ ၂း၅၅ နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်ပေသည်။

ဤဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ရန်ကုန် မြို့ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်သံဃာတော်များ၊ နိုင်ငံတော် ကောင်စီဝင်များ၊ ဝန်ကြီးအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စာနယ် ဇင်းများမှ ပုဂ္ဂိုလ်များ၊ ဂေါပကအဖွဲ့ဝင်လူကြီးများ၊ သီလရှင်များ၊ ဗုဒ္ဓ

ဘာသာဆိုင်ရာ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် အခြားဖိတ်ကြားထား သူများ သိုက်မြိုက်စွာတက်ရောက်၍ ဆရာတော်ဘုရားကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ဤသည်မှာ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ခေတ်တွင် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သည့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲအခမ်းအနား ကျင်းပပုံဖြစ်ပါသည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့က ပြဋ္ဌာန်းပြီး ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်တစ်ရက် (၁၉၉၁ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်) နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၄၂/၉၁)ကို ထုတ်ပြန်၍ 'သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ' ကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုပြဋ္ဌာန်းချက်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ရဟန်းသံဃာတော်များအား လက်ရှိဆက်ကပ် လှူဒါန်းလျက်ရှိသော (က) အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊ (ခ) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များအပြင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓသာသနာတည်းဟူသော သာသနာတော်သုံးရပ် တိုးတက်ပြန့်ပွား စည်ပင်စေရန်အလို့ငှာ ဂန္ထဓူရ ပရိယတ္တိဝန်ဆောင် စာချ ဆရာတော်များ၊ ဝိပဿနာဓူရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်ခြင်းပြုနိုင်ရန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ပြဋ္ဌာန်း လိုက်သည်ဟူ၍ ဖြစ်သည်။ ထိုဘွဲ့တံဆိပ်တော်များမှာ –

၁။ ပထမစာချအား 'အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ'၊

၂။ ဒုတိယစာချအား 'မဟာဂန္ထဝါစကပဏ္ဍိတ'၊

၃။ တတိယစာချအား 'စူဠဂန္ထဝါစက ပဏ္ဍိတ'

ဟူ၍ စာချဆရာတော်များနှင့် ပတ်သက်ပြီး ဘွဲ့တံဆိပ်တော် သုံးမျိုး ဆက်ကပ်လှူဒါန်းသည်။

၁။ ပထမကမ္မဋ္ဌာန်းနည်းပြဆရာအား 'အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ'၊

၂။ ဒုတိယကမ္မဋ္ဌာန်းနည်းပြဆရာအား 'မဟာကမ္မဋ္ဌာနာစရိယ'၊

၃။ တတိယ ကမ္မဋ္ဌာန်းနည်းပြဆရာအား 'စူဠကမ္မဋ္ဌာနာစရိယ'

ဟူ၍ ကမ္မဋ္ဌာန်း နည်းပြဆရာများနှင့် ပတ်သက်ပြီး ဘွဲ့တံဆိပ်တော် သုံးမျိုး ဆက်ကပ် လှူဒါန်းသည်။

၁။ ပထမဓမ္မကထိကပုဂ္ဂိုလ်အား 'မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ'၊

၂။ ဒုတိယ ဓမ္မကထိက ပုဂ္ဂိုလ်အား 'ဓမ္မကထိကဗဟုဇနဟိတဓရ'

ဟူ၍ ဓမ္မကထိကပုဂ္ဂိုလ်နှင့် ပတ်သက်ပြီး ဘွဲ့တံဆိပ်တော်နှစ်မျိုး ဆက်ကပ်လှူဒါန်းသည်။

၁။ အဆင့်မြင့် သာသနာပြု ပုဂ္ဂိုလ်အား 'အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက'၊

၂။ ပထမဆင့်သာသနာပြုပုဂ္ဂိုလ်အား 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ'၊

၃။ ဒုတိယဆင့်သာသနာပြုပုဂ္ဂိုလ်အား 'မဟာသဒ္ဓမ္မဇောတိကဓဇ'၊

၄။ တတိယဆင့် သာသနာပြုပုဂ္ဂိုလ်အား 'သဒ္ဓမ္မဇောတိကဓဇ'ဘွဲ့

ဟူ၍ သာသနာပြုပုဂ္ဂိုလ်များနှင့် ပတ်သက်ပြီး ဘွဲ့တံဆိပ်တော် လေးမျိုး ဆက်ကပ်လှူဒါန်းသည်။

## အမျိုးသား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်လေးမျိုး

၁။ အဆင့်မြင့်သာသနာနုဂ္ဂဟ (သာသနာကို ချီးမြှင့်ထောက်ပံ့သူ) အမျိုးသားအား 'အဂ္ဂမဟာသိရီ သုဓမ္မဇောတိဇောတဓရ'၊

၂။ ပထမဆင့် သာသနာနုဂ္ဂဟ အမျိုးသားအား 'သိရီသုဓမ္မဇောတိ ဇောတဓရ'၊

၃။ ဒုတိယဆင့် သာသနာနုဂ္ဂဟ အမျိုးသားအား 'သီဟသုဓမ္မဇောတိကဓဇ'၊

၄။ တတိယဆင့် သာသနာနုဂ္ဂဟ အမျိုးသားအား 'သုဓမ္မဇောတိကဓဇ'

ဟူ၍ သာသနာနုဂ္ဂဟ အမျိုးသားများနှင့်ပတ်သက်ပြီး ဘွဲ့တံဆိပ်တော်လေးမျိုး ချီးမြှင့်သည်။

## အမျိုးသမီး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်လေးမျိုး

၁။ အဆင့်မြင့် သာသနာနုဂ္ဂဟ အမျိုးသမီးအား 'အဂ္ဂမဟာသိရီသုဓမ္မသင်္ဂီ'၊

၂။ ပထမဆင့် သာသနာနုဂ္ဂဟ အမျိုးသမီးအား 'သိရီသုဓမ္မသင်္ဂီ'၊

၃။ ဒုတိယဆင့် သာသနာနုဂ္ဂဟအမျိုးသမီးအား 'သီဟသုဓမ္မသင်္ဂီ'၊

၄။ တတိယဆင့် သာသနာနုဂ္ဂဟအမျိုးသမီးအား 'သုဓမ္မသင်္ဂီ'

ဟူ၍ သာသနာနုဂ္ဂဟ အမျိုးသမီးနှင့်ပတ်သက်ပြီး ဘွဲ့တံဆိပ်တော်လေးမျိုး ချီးမြှင့်သည်။

## ပထမစာချ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ၏ ဂုဏ်အင်္ဂါအရည်အချင်း

၁။ သီလဝန္တဖြစ်ခြင်း၊

၂။ ဝိဝါဒါဓိကရဏ်း၊ အနုဝါဒါဓိကရဏ်းမှုကင်းရှင်းခြင်း၊ လူပုဂ္ဂိုလ်စာချဆရာများအတွက် စာရိတ္တဆိုင်ရာ ပြစ်မှုကင်းရှင်းခြင်း၊

၃။ အနည်းဆုံး သက်တော် ၄၅ နှစ်ရှိခြင်း၊

၄။ အနည်းဆုံး ၁၅ နှစ် စာချခဲ့ခြင်း၊

၅။ တစ်နေ့တာပို့ချသော စာဝါများ၌ ဓမ္မာစရိယစာမေးပွဲဆိုင်ရာ ကျမ်းစာများ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို အနည်းဆုံး တစ်ဝါပို့ချဆဲဖြစ်ခြင်း၊

၆။ ဓမ္မာစရိယ စာချတန်းအောင်မြင်ခြင်း၊ သို့မဟုတ် ပိဋကတ်ကျမ်းရိုးပေါက် သင်ဖူး၍ သက်ဆိုင်ရာကျောင်းတိုက်၌ ဂဏဝါစက(စာချ) တင်မြှောက်ခံရခြင်း၊

၇။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အား ဆန့်ကျင်ဘက် မပြုသူဖြစ်ခြင်း၊

၈။ မြို့ကြီးများတွင် တစ်နေ့တာ ပို့ချသော စာဝါများ၌ စုစုပေါင်း စာလိုက်သံဃာ အနည်းဆုံး အပါး ၆၀ ရှိ၍ မြို့ငယ်များနှင့် ကျေးရွာကြီးများတွင် အနည်းဆုံး အပါး ၄၀ ရှိခြင်း။

မှတ်ချက် ။ ။ ဒုတိယစာချ၊ တတိယစာချများ၏ ဂုဏ်အင်္ဂါ အရည်အချင်းများနှင့်ပတ်သက်၍ ၁-၂-၇ မှာ ပထမစာချ အရည်အချင်းအတိုင်းဖြစ်၍ ၃-၄-၅-၆-၈ တို့မှာ အနည်းငယ် လျော့ပေါ့သတ်မှတ်ထားပါသည်။

**ပထမဆင့် ကမ္မဋ္ဌာန်းနည်းပြဆရာ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ ဂုဏ်အင်္ဂါများ**

၁။ အနည်းဆုံး ရဟန်းသိက္ခာ ၄၀ ဝါရှိခြင်း၊

၂။ သီလဝန္တဖြစ်ခြင်း၊

၃။ ပထမစာချ ဂုဏ်အင်္ဂါ ၂ အတိုင်းဖြစ်သည်၊

၄။ ဓမ္မာစရိယ စာချတန်းအောင်မြင်ခြင်း၊ သို့မဟုတ် ပိဋကတ်ကျမ်းစာများ သင်ယူဖူးခြင်း၊

၅။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အား ဆန့်ကျင်ဘက် မပြုသူဖြစ်ခြင်း၊

၆။ ထေရဝါဒ ပါဠိ၊ ပိဋကတ်တော်၌ လာရှိသော ကမ္မဋ္ဌာန်းနည်းများကိုသာ ပြသခြင်း၊

၇။ ဗုဒ္ဓဂိုဏ်း၊ ဓမ္မဂိုဏ်း၊ သံဃာ့ဂိုဏ်း၊ ရာဇဂိုဏ်း ကင်းလွတ်စွာဟောပြောပြသခြင်း၊

၈။ ၁၅ နှစ်တိုင် ကမ္မဋ္ဌာန်းနည်းပြဆရာအဖြစ် သီးခြားရိပ်သာ တစ်ခုကို ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်လျက် ကမ္မဋ္ဌာန်းပြသနေခြင်း၊

၉။ ရိပ်သာတွင် တစ်နှစ်အတွင်း တစ်ရက်ပျမ်းမျှ အချိန်ပြည့် ယောဂီ ၆၀ ဦး ဖြစ်စေ၊ အချိန်ပိုင်း ယောဂီ ၁၂၀ ဦး ဖြစ်စေ ရှိခြင်း။

မှတ်ချက် ။ ။ ၁။ အချိန်ပြည့်ယောဂီဆိုသည်မှာ တစ်နေ့လျှင် အနည်းဆုံး ၁၂ နာရီအထက် အားထုတ်သော ယောဂီကို ဆိုလိုသည်။ အချိန်ပိုင်း ယောဂီဆိုသည်မှာ တစ်နေ့လျှင် ၁၂ နာရီအောက် အားထုတ်သော ယောဂီကို ဆိုလိုသည်။

၂။ သီလရှင်နှင့် လူပုဂ္ဂိုလ် ကမ္မဋ္ဌာန်း နည်းပြဆရာများအတွက် အမှတ်စဉ် ၁ မှတစ်ပါး ဂုဏ်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံရမည်။

၃။ ဒုတိယဆင့်၊ တတိယဆင့် ကမ္မဋ္ဌာန်း နည်းပြဆရာများ ဂုဏ် အင်္ဂါအရည်အချင်းများနှင့် ပတ်သက်၍ ၂-၃-၄-၅-၆-၇ တို့မှာ ပထမဆင့် အရည်အချင်းအတိုင်း ဖြစ်၍ ၁-၈-၉ တို့မှာ အနည်းငယ်လျှော့ပေါ့သတ်မှတ်ထားပါသည်။

## ပထမဆင့် ဓမ္မကထိက(မဟာဓမ္မကထိကဗဟုဇနဟိတဓရ)၏ ဂုဏ်အင်္ဂါများ

၁။ သီလဝန္တဖြစ်ခြင်း၊

၂။ ပထမစာချ ဂုဏ်အင်္ဂါအရည်အချင်းနှင့်တူ၏၊

၃။ အနည်းဆုံး သက်တော် ၅၀ ရှိခြင်း၊

၄။ အနည်းဆုံး အနှစ် ၂၀ နယ်လှည့် တရားဟောခဲ့ခြင်း၊

၅။ အနိမ့်ဆုံးအားဖြင့် ပထမကြီးတန်းစာမေးပွဲ အောင်မြင်ပြီးခြင်း၊ သို့မဟုတ် ပိဋက အခြေပြုကျမ်းစာများ သင်ယူဖူးခြင်း၊

၆။ ပထမဆင့် ကမ္မဋ္ဌာန်းနည်းပြဆရာ ဂုဏ်အင်္ဂါ ၅ နှင့် တူ၏။
၇။ ပထမဆင့် ကမ္မဋ္ဌာန်းနည်းပြဆရာ ဂုဏ်အင်္ဂါ ၆ နှင့် တူ၏။
၈။ ပထမဆင့် ကမ္မဋ္ဌာန်းနည်းပြဆရာ ဂုဏ်အင်္ဂါ ၇ နှင့် တူ၏။

မှတ်ချက်။ ။ ဒုတိယဆင့် ဓမ္မကထိက၏ ဂုဏ်အင်္ဂါ အရည်အချင်းများမှာ ၃–အနည်းဆုံး သက်တော် ၄၀ ရှိခြင်း။ ၄–အနည်းဆုံး ၁၀ နှစ် နယ်လှည့်တရားဟောခဲ့ခြင်းဖြစ်၍ ကျန် ၁–၂–၅–၆–၇–၈တို့မှာ ပထမဓမ္မကထိက၏ ဂုဏ်အရည်အချင်းနှင့်တူ၏။

## အဆင့်မြင့်သာသနာပြု (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ၏ ဂုဏ်အင်္ဂါများ

၁။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အား ဆန့်ကျင်ဘက် မပြုသူဖြစ်ခြင်း၊
၂။ သာသနာပြုလုပ်ငန်းကို အနည်းဆုံး အနှစ် ၃၀ ဆောင်ရွက်ခဲ့ခြင်း၊
၃။ အနည်းဆုံး သက်တော် ၆၀ ရှိခြင်း၊
၄။ သာသနာ့ဝန်ထမ်းဖြစ်ခြင်း၊
၅။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် ရရှိပြီးဖြစ်ခြင်း

(သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ ထူးချွန်စွာ ဆောင်ရွက်နေသောပုဂ္ဂိုလ်များအတွက် ဤဂုဏ်အင်္ဂါကို လျှော့ပေါ့စဉ်းစားနိုင်သည်)။

## ပထမဆင့် သာသနာပြု (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ၏ ဂုဏ်အင်္ဂါများ

၁။ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ပို့ချသော သာသနာပြုသင်တန်း၊ မွမ်းမံသင်တန်း အောင်မြင်ခြင်း၊
၂။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အား ဆန့်ကျင်ဘက် မပြုသူဖြစ်ခြင်း၊
၃။ သာသနာပြုလုပ်ငန်းကို အနည်းဆုံး အနှစ် ၂၀ ဆောင်ရွက်ခဲ့ခြင်း၊

၄။ အနည်းဆုံး သက်တော် ၅၀ ရှိခြင်း၊

၅။ သာသနာ့ဝန်ထမ်းဖြစ်ခြင်း၊

၆။ ဘာသာတစ်ပါးမှ အနည်းဆုံး လူ ၃၀ ဦးကို ဗုဒ္ဓဘာသာသို့ ကူးပြောင်းအောင် ဆောင်ရွက်ခဲ့ခြင်း၊ သို့မဟုတ် လမ်းပန်း အဆက်အသွယ် ခက်ခဲ၍ ခေါင်းပါးသောဒေသများ၌ အနှစ် ၂၀ သာသနာပြုခဲ့ခြင်း၊ သို့မဟုတ် ဗုဒ္ဓဘာသာဆိုင်ရာ စာပေ ကျမ်းဂန် အနည်းဆုံး ၁၀ အုပ်ကို ရေးသားရိုက်နှိပ် ထုတ်ဝေ ဖူးခြင်း၊ သို့မဟုတ် အခြေခံဗုဒ္ဓဘာသာသင်တန်း၊ သို့မဟုတ် မူလတန်းပညာကို သင်တန်းသူ၊ သင်တန်းသား အနည်းဆုံး ၈၀ အား ၁၅ နှစ်တိုင်တိုင် သင်ကြားခဲ့ခြင်း။

## ဒုတိယဆင့် သာသနာပြု (မဟာသဒ္ဓမ္မဇောတိကဓဇ) ၏ ဂုဏ်အင်္ဂါများ

၁။ ၂–ပထမဆင့် သာသနာပြု ၁၊ ၂ နှင့်တူ၏။

၃။ သာသနာပြုလုပ်ငန်းကို အနည်းဆုံး ၁၀ နှစ် ဆောင်ရွက်ခဲ့ခြင်း၊

၄။ အနည်းဆုံး သက်တော် ၄၀ ရှိခြင်း၊

၅။ ဘာသာတစ်ပါးမှ အနည်းဆုံး လူ ၂၀ ဦးကို ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာအောင် ဆောင်ရွက်ခြင်း၊ သို့မဟုတ် အသွား အလာ ခက်ခဲ၍ ခေါင်းပါးသောဒေသများ၌ ၁၅ နှစ် သာသနာ ပြုခဲ့ခြင်း၊ သို့မဟုတ် ဗုဒ္ဓဘာသာဆိုင်ရာ စာပေကျမ်းဂန် အနည်းဆုံး ရှစ်အုပ်ကို ရေးသား ရိုက်နှိပ် ထုတ်ဝေဖူးခြင်း၊ သို့မဟုတ် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်း၊ သို့မဟုတ် မူလတန်းပညာကို သင်တန်းသူ၊ သင်တန်းသား ၄၀ ဦး တို့အား ၁၀ နှစ်တိုင်တိုင် သင်ကြားပေးခဲ့ခြင်း။

မှတ်ချက်။ ။ တတိယဆင့် သာသနာပြု(သဒ္ဓမ္မဇောတိကဓဇ) ပုဂ္ဂိုလ်၏ ၁–၂ ဂုဏ်အင်္ဂါတို့မှာ ဒုတိယသာသနာပြု ဂုဏ်အင်္ဂါ ၁–၂ နှင့်တူ၍ ၃–၄–၅ ဂုဏ်အင်္ဂါတို့ကို အနည်းငယ် လျှော့ပေါ့ သတ်မှတ်ထားပါသည်။

**အဆင့်မြင့် သာသနာနုဂ္ဂဟ အမျိုးသား**
**(အဂ္ဂမဟာသိရီသုဓမ္မ မဏိဇောတဓရ)**
**သာသနာနုဂ္ဂဟ အမျိုးသမီး (အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ)**
**တို့၏ ဂုဏ်အင်္ဂါများ**

၁။ ဥပါသကာဂုဏ်ရည် ၁၀ ပါးနှင့် ပြည့်စုံခြင်း၊

၂။ ရှင်သာမဏေ ၁၀၀ ပါးကျော်ကို တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးခြင်း၊

၃။ စာသင်သား သာမဏေ ၁၀ ပါးကို တစ်ဦးတည်း ဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါးကို ထာဝရဆက်လက် ထောက်ပံ့လျက် ရှိခြင်း၊

၄။ ဗုဒ္ဓသာသနာ မထွန်းကားသေးသော ဒေသများကို အထူးပြု၍ ကျောင်း၊ ကန်၊ ဘုရား၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် အသစ် တည်ဆောက်ခြင်း၊ မွမ်းမံ ပြုပြင်ခြင်း၊

၅။ ပရိယတ္တိစာသင်တိုက်စသည်တို့၌ ထာဝရငွေပဒေသာပင် စိုက်ထူခြင်း စသည်ဖြင့် အလှူတော်ငွေကျပ် ၇၅ သိန်းအထိ လှူဒါန်းပြီးသူ ဖြစ်ခြင်း၊

၆။ အကျင့်စာရိတ္တ ပျက်ပြားမှုဖြင့် ပြစ်ဒဏ်ကျခံရခြင်းမှ ကင်းလွတ်သူ ဖြစ်ခြင်း၊

၇။ နိုင်ငံတော်အစိုးရ၏ သတ်မှတ်ထားသော တရားဥပဒေဘောင် အတွင်း၌ တရားဥပဒေနှင့်အညီ နေထိုင်သူ ဖြစ်ခြင်း၊

၈။ သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသူ ဖြစ်ခြင်း။

မှတ်ချက် ။ ။ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် သာသနာနုဂ္ဂဟ အမျိုးသား အမျိုးသမီးတို့၏ဂုဏ်အင်္ဂါများနှင့် ပတ်သက်၍ ၁–၄–၆–၇–၈ ဂုဏ်အင်္ဂါတို့မှာ အဆင့်မြင့် သာသနာနုဂ္ဂဟ ၏ ဂုဏ်အင်္ဂါနှင့်တူ၍ ၂–၃–၅ ဂုဏ်အင်္ဂါတို့ကို အနည်းငယ် လျှော့ပေါ့သတ်မှတ်ထားပါသည်။

## ပထမအကြိမ် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဖော်ပြပါ ဘွဲ့တံဆိပ်အမျိုးအစား ၂၀ တို့ကို အသစ်တီထွင်ပြဋ္ဌာန်းပြီးနောက် ယခင်က ဆက်ကပ်လှူဒါန်းမြဲဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များနှင့် ဘွဲ့တံဆိပ်တော်အသစ်များ လှူဒါန်း ချီးမြှင့်ထိုက်သော ဆရာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာ သုံးကြိမ် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ယင်းသို့ ဆောင်ရွက်ခြင်းမှာ မြန်မာနိုင်ငံတွင် ယခင်က အုပ်ချုပ်ခဲ့ကြသော အစိုးရ အဆက်ဆက်တို့ထက် ပိုလွန်၍ တစ်မူထူးခြားစွာ အမျိုး၊ ဘာသာ၊ သာသနာကို အားပေးချီးမြှောက်ခြင်းပင် ဖြစ်ပါသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၃၅၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် (၁၉၉၂ ခုနှစ်၊ မတ် ၁၉ ရက်) နေ့တွင် ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမကြီး၌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဆရာတော် ၇၈ ပါးနှင့် သီလရှင်ဆရာကြီး ၁၁ ပါး၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ရ ဆရာတော် ၉၀ ပါးနှင့် သီလရှင်ဆရာကြီး ၁၃ ပါး၊ စူဠဂန္ထ ဝါစကပဏ္ဍိတ ဘွဲ့ရဆရာတော် ၃၁ ပါးနှင့် သီလရှင်ဆရာကြီးခြောက်ပါး၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့ရဆရာတော်လေးပါး၊ ဓမ္မကထိက ဗဟုဇန ဟိတဓရဘွဲ့ရဆရာတော်နှစ်ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့ရ ဆရာတော် ၁၁ ပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့ရဆရာတော် ၁၂ ပါး၊ စူဠကမ္မဋ္ဌာနာစရိယဘွဲ့ရ ဆရာတော် ခုနစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရ ဆရာတော် ၁၇ ပါးနှင့် လူပုဂ္ဂိုလ်ငါးဦး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာတော် ၁၇ ပါးနှင့် လူပုဂ္ဂိုလ် သုံးဦး၊ အဂ္ဂမဟာ သိရီသုဓမ္မမဏိ ဇောတဓရ ဘွဲ့ရ ပုဂ္ဂိုလ်တစ်ဦး၊ အဂ္ဂမဟာသိရီသုဓမ္မသင်္ဂီဘွဲ့ရပုဂ္ဂိုလ်တစ်ဦး၊ သိရီသုဓမ္မ သင်္ဂီဘွဲ့ရပုဂ္ဂိုလ်တစ်ဦး၊ သိရီသုဓမ္မမဏိ ဇောတဓရဘွဲ့ရ ပုဂ္ဂိုလ်နှစ်ဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့ရ ပုဂ္ဂိုလ်တစ်ဦး၊ သီဟသုဓမ္မသင်္ဂီ ဘွဲ့ရပုဂ္ဂိုလ် သုံးဦး၊ သုဓမ္မသင်္ဂီဘွဲ့ရ ပုဂ္ဂိုလ်နှစ်ဦး၊ စုစုပေါင်း ၃၁၉ ဦး တို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်း

အနားကျင်းပကာ ပထမဆုံးအကြိမ် ဘွဲ့တံဆိပ်တော်သစ်များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲများမှာ ရှင်တော်ဗုဒ္ဓ ကျင့်သုံးခဲ့သည့် နည်းကို အတုယူ၍ ကျင်းပသော ပွဲများဖြစ်ခြင်း၊ သာသနာတော်သုံးရပ်တွင် အရင်းမူလ ပဓာနဖြစ်သည့် ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ခြင်းဖြင့် သာသနာတော် ပြန့်ပွားထွန်းကားရေးကို အားပေးသောပွဲများဖြစ်ခြင်းတို့ကြောင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပွဲများ စဉ်လာမပျက် ဆက်လက်ကျင်းပရေးကို ဝိုင်းဝန်းအားပေးသင့်ကြပေသည်။

□

# နိဂုံး

ဤသို့ဖြင့် ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ပွဲတော်ပေါင်း ၂၀ တို့ကို အသေးစိတ် ဖွင့်ဆိုရေးသားပြီးပေပြီ။ စာရေးသူသည် အတန်းကျောင်းသားဘဝ ငယ်စဉ်ကပင် ဤပွဲတော်များအကြောင်းကို စိတ်ဝင်စားခဲ့ပါသည်။ ကျောင်းဆရာဘဝ ရောက်သည့်အခါမှာလည်း ထိုပွဲတော်များအကြောင်းကို ပို၍သိလိုလာသည်။ မိမိလိုပင် အခြားဗုဒ္ဓဘာသာဝင် လူ ရှင်၊ ရဟန်းတို့သည်လည်း သိလိုကြပေမည်ဟု စဉ်းစားမိသည်။ သို့ရာတွင် ထိုအကြောင်းအရာများကို စုဆောင်းရေးသားရန်မှာ လွယ်ကူသည့်အလုပ် မဟုတ်သဖြင့် ရေးသားနိုင်မည့် အခါအခွင့်ကိုသာ မျှော်လင့် တောင့်တခဲ့ရသည်။ ယခုသော် ထိုမျှော်လင့်တောင့်တချက်များ အကောင်အထည်ပေါ်လာပြီ ဖြစ်၍ စာရေးသူ၏ဆန္ဒ ပြည့်ဝသွားပေပြီ။

ဤ မြန်မာ့ဓလေ့ထုံးစံပွဲများမှာ အများအားဖြင့် ဗုဒ္ဓယဉ်ကျေးမှုပွဲများ ဖြစ်၍ အကြောင်းအရာတိုင်း၏ ရာခိုင်နှုန်းအများစုမှာ ဓမ္မကြောင်းများသာ ဖြစ်ပေသည်။ ဤစာအုပ် ရေးသားပြုစုသူသည် ဓမ္မကြောင်းများကို သက်ဆိုင်ရာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသော ပိဋကတ်စာပေများ၌ မည်ရွေ့မည်မျှ သုတေသနပြု၍ ကြိုးကြိုးစားစား ရှာဖွေစုဆောင်း တင်ပြထားကြောင်း စာရှုသူများ အကဲခတ်လေ့လာမိကြမည်ဟု ယူဆပါသည်။

နောက်ဆုံးတင်ပြလိုသည်မှာ နိဒါန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဤစာအုပ်ကို ရေးသားပြုစုခြင်းမှာ –

၁။ ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဝေလေ့ပွဲတော်များ၏ အဓိပ္ပာယ်ကို အသေးစိတ် သိမြင်နားလည်စေလိုခြင်း၊

၂။ မြန်မာ့ဓလေ့ပွဲတော်များ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း သိရှိနားလည်စေလိုခြင်း၊

၃။ ယင်းသို့ သိမြင်နားလည်သဖြင့် မြန်မာ့ဓလေ့ပွဲတော်များကို မြတ်နိုးသောစိတ်၊ အစဉ်တစိုက် ထိန်းသိမ်းလိုစိတ်များ ပေါ်လာစေလိုခြင်း တို့ဖြစ်ပါသည်။

ဤစာအုပ်ကို ရေးသားပြုစုသူသည် ဤစာအုပ်ကို ဖတ်ရှုကြသည့် စာဖတ်ပရိသတ်များသန္တာန်၌ ဤအချက်သုံးချက်စလုံးနှင့် ပြည့်စုံသွားပြီဟု ဆိုလျှင် စာအုပ်ပြုစုရကျိုးနပ်ပြီဟု ယူဆပါသည်။

□

## မှီငြမ်းပြုသည့် ကျမ်းကိုးစာရင်း

**ပါဠိတော်**

၁။ အပဒါနပါဠိ (ပထမဘာဂ) သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၃ ခုနှစ်။

၂။ အင်္ဂုတ္တရ၊ နဝက၊ ဒသက၊ ဧကာဒသက နိပါတပါဠိ။

၃။ ဣတိဝုတ္တကပါဠိ။

၄။ ဥဒါနပါဠိ။

၅။ ဥပရိပဏ္ဏာသပါဠိ။

၆။ ဧကက-ဒုက-တိက-စတုက္ကနိပါတပါဠိ။

၇။ ခုဒ္ဒကပါဌပါဠိ။

၈။ စူဠဝါပါဠိ။

၉။ ထေရီအပဒါနပါဠိ။

၁၀။ ဓမ္မပဒပါဠိ။

၁၁။ ပဉ္စက-ဆက္က-သတ္တက နိပါတ ပါဠိ။

၁၂။ ပါစိတ္တျယဝဂ္ဂပါဠိ။

၁၃။ ပါထိကဝဂ္ဂပါဠိ။

၁၄။ ပုဂ္ဂလပညတ္တိပါဠိ။

၁၅။ ပေတဝတ္ထုပါဠိ။

၁၆။ မဟာဝဂ္ဂပါဠိ(သုတ္တန္တ)။

၁၇။ မဟာဝဂ္ဂပါဠိ(ဝိနယ)။
၁၈။ မဟာဝဂ္ဂသံယုတ္တပါဠိ။
၁၉။ မိလိန္ဒပဥှာပါဠိ။
၂၀။ မူလပဏ္ဏာသပါဠိ။
၂၁။ မဇ္ဈိမပဏ္ဏာသပါဠိ။
၂၂။ ဝိမာနဝတ္ထုပါဠိ။
၂၃။ သဂါထာဝဂ္ဂသံယုတ္တပါဠိ။

**အဋ္ဌကထာ**

၁။ အင်္ဂုတ္တရအဋ္ဌကထာ(ပထမဘာဂ)သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၆ ခုနှစ်။
၂။ အဋ္ဌသာလိနီ အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၆ ခုနှစ်။
၃။ ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၆ ခုနှစ်။
၄။ ကင်္ခါဝိတရဏီ အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၆ ခုနှစ်။
၅။ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၆ ခုနှစ်။
၆။ စူဠဝဂ္ဂဒီ အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၆ ခုနှစ်။
၇။ ဇာတက အဋ္ဌကထာ(ပထမဘာဂ)၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၈။ ဇာတက အဋ္ဌကထာ(ဒုတိယဘာဂ)၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၉။ ဇာတက အဋ္ဌကထာ(စတုတ္ထဘာဂ)၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။

၁၀။ ဇာတက အဋ္ဌကထာ(ပဉ္စမဘာဂ)၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၁၁။ ဓမ္မပဒ အဋ္ဌကထာ(ပထမဘာဂ)၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၁၂။ ဓမ္မပဒ အဋ္ဌကထာ(ဒုတိယဘာဂ)၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၁၃။ ပါစိတျာဒိ အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၁၄။ ဝါထိကဝဂ္ဂ အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၁၅။ ပါရာဇိကကဏ္ဍ အဋ္ဌကထာ(ပထမဘာဂ)၊ သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်။
၁၆။ ပါရာဇိကကဏ္ဍ အဋ္ဌကထာ(ဒုတိယဘာဂ)၊ သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်။
၁၇။ ပေတဝတ္ထု အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၁၈။ မဟာဝဂ္ဂ အဋ္ဌကထာ (သုတ္တန္တ)၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၁၉။ မဟာဝဂ္ဂသံယုတ္တ အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၂၀။ ဝိမာနဝတ္ထု အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၂၁။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (ပထမဘာဂ)၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၂၂။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (ဒုတိယဘာဂ)၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၂၃။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၂၄။ သာရတ္ထသင်္ဂဟ အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။
၂၅။ သဠာယတနဝဂ္ဂသံယုတ္တ အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။

## ဋီကာ

၁။ ဓိနာလင်္ကာရ ဋီကာ၊ သုဓမ္မဝတီ စာပုံနှိပ်တိုက်၊ ၁၃၀၅ ခုနှစ်။
၂။ ပရိတ္တဋီကာ၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၃၂၅ ခုနှစ်။

၃။ ဝဇီရဗုဒ္ဓိဋီကာ၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၃၂၅ ခုနှစ်။
၄။ သာရတ္ထဒီပနီဋီကာ၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၃၂၅ ခုနှစ်။

## မြန်မာဘာသာကျမ်း


၁။ ကောလာသ၊ အရှင်၊ သာသနာဝင် ဘွဲ့တံဆိပ်တော်များ သမိုင်း။
၂။ ကျီးသဲလေးထပ် ဆရာတော်၊ ဖိနတ္ထပကာသနီကျမ်း။
၃။ ကျီးသဲလေးထပ် ဆရာတော်၊ ပဉ္စာဗျာကရဏ အဌတိသကျမ်း။
၄။ ကျီးသဲလေးထပ် ဆရာတော်၊ သဇ္ဈနဝိလာသနီကျမ်း။
၅။ ကျောက်စာညွှန့်ပေါင်းကျမ်း (၁၉၂၈–ခုနှစ်)။
၆။ စိန္တကျော်သူ၊ မိုးထားဝန်ထောက်၊ စမွေယျပျို့။
၇။ ဆဋ္ဌသင်္ဂါယနာ စာစောင်။
၈။ ဆန်းထွန်း၊ ဦး၊ ကဝိလက္ခဏာ ဝိသောဓနီကျမ်း၊ ၁၉၆၁ ခုနှစ်။
၉။ ဆယ့်နှစ်ရာသီဘွဲ့ပေါင်းချုပ်။
၁၀။ ဇနကာဘိဝံသ၊ အရှင်၊ ရတနာ့ဂုဏ်ရည်ကျမ်း၊ ၁၉၇၆ ခုနှစ်။
၁၁။ ထွန်းမြင့်၊ ဦး၊ ပါဠိသက် ဝေါဟာရ အဘိဓာန်။
၁၂။ ဒိဗ္ဗာဝဒနသက္ကတကျမ်း။
၁၃။ နံမော် ဆရာတော်(တတိယ)၊ သီလဝိသောဓနီကျမ်း၊ ၁၉၉၂ ခုနှစ်။
၁၄။ ပေါရာဏဒီပနီ။
၁၅။ ဖိုးလတ်၊ ဦး၊ မြန်မာစကားအဖွင့်ကျမ်း၊ ၁၉၆၉ ခုနှစ်။
၁၆။ မဓုရသဝါဟိနီ။
၁၇။ မဟာဓမ္မသင်္ကြံ၊ မင်းတိုင်ပင်အမတ်ကြီး၊ သာသနလင်္ကာရစာတမ်း၊ ၁၉၅၆ ခုနှစ်။
၁၈။ မင်းကွန်းတိပိဋကရဆရာတော်၊ ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ပထမတွဲ၊ ဒုတိယတွဲ။
၁၉။ မောင်းထောင်ဆရာတော် (ပထမ)၊ အမေးတော်ဖြေကျမ်း။
၂၀။ မောင်းထောင်ဆရာတော် (ဒုတိယ)၊ ဗုဒ္ဓနဝမပူဇာဝိနိစ္ဆယကျမ်း။
၂၁။ မောင်းထောင်ဆရာတော်၊ သာသနဝံသပ္ပဒီပိကာ၊ ၁၂၈၅ ခုနှစ်။

၂၂။ မုံရွေးဆရာတော်၊ သမန္တစက္ခုဒီပနီကျမ်း၊ ၁၉၈၅ ခုနှစ်။
၂၃။ ပေါရာဏကထာကျမ်း။
၂၄။ မြန်မာအဘိဓာန် အကျဉ်းချုပ်၊ အတွဲ-၁။
၂၅။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၅၊ အတွဲ-၈။
၂၆။ မှန်နန်းရာဇဝင်၊ ပထမတွဲ။
၂၇။ ရာဇမတ္တဏ်ကျမ်း၊ ၁၂၀၈ ခုနှစ်။
၂၈။ လောကပညတ္တိကျမ်း။
၂၉။ ဝေါဟာရတ္ထပကာသနီကျမ်း။
၃၀။ သခင်ကြီး ချေင်း။
၃၁။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ပြဋ္ဌာန်းခြင်း၊ ၁၉၉၂ ခုနှစ်။
၃၂။ သီရိမဟာဇေယျသူ၊ ကဝိလက္ခဏာဒီပနီ၊ ၁၉၆၁ ခုနှစ်။
၃၃။ သီရိဥဇနာ၊ ဝန်ကြီး၊ လောကဗျူဟာကျမ်းခေါ် အင်ရုံစာတမ်း၊ ၁၉၆၈ ခုနှစ်။
၃၄။ သုသောဓိတ မဟာရာဇဝင်ကြီး၊ ပထမတွဲ။
၃၅။ မဂ္ဂသမာဓိ၊ ရှင်၊ နေမိငရဲခန်းပျို့၊ ၁၉၅၃ ခုနှစ်။
၃၆။ အာလောက၊ ဦး၊ သောတတ္ထကီပါဠိနိဿယ၊ ၁၂၈၉ ခုနှစ်။
၃၇။ ဩ၊ ဦး၊ (စိန္တကျော်သူ)၊ ကဝိလက္ခဏာသတ်ပုံကျမ်း၊ ၁၉၆၁ ခုနှစ်။
၃၈။ အောင်ချိန်၊ သခင်၊ ဆရာဖြစ်သင် ဘိသိက်မင်္ဂလာကျမ်း၊ ၁၉၇၈ ခုနှစ်။
၃၉။ အုန်းရွှေ၊ ဦး၊ သတ်ပုံအဘိဓာန် မိတ်လင်စုံကျမ်း။

ENGLISH

1. Htin Aung, Dr; "Folk Elements In Burmese Buddhism".
2. Malakasekara, Dr; "Pali Proper Names of Dictionary".
3. Ba Han, Dr; "The University English-Burmese Dictionary".

□



ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)

❖ ၁၉၂၂ ခုနှစ် - ဒီဇင်ဘာလ ၂၄ ရက် (၁၂၈၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ တနင်္ဂနွေ) နေ့တွင် ဧရာဝတီတိုင်း၊ ပန်းတနော် မြို့နယ်၊ ခနွဲကဘိုရွာ ကုန်သည်ကြီး ဦးဘဖေ၊ ဒေါ်သော်တို့မှ ဖွားမြင်သည်။ ဆရာကြီး ဦးအေးနိုင် သည် စတုတ္ထသားရတနာ ဖြစ်သည်။

- သုံးနှစ်သားအရွယ်တွင် မိမိ၏အတိတ်ဘဝအကြောင်း ကို ပြန်ပြောင်းပြောနိုင်သော လူဝင်စားတစ်ဦးဖြစ် သည်။ သတ္တမတန်းအထိ ပညာသင်ယူပြီး ရှင် သာမဏေ ဝတ်ခဲ့သည်။ ထို့နောက် ရဟန်းပြုခဲ့သည်။
- သာသနာ့ဘောင်တွင် ရှင်သာမဏေအဖြစ် ငါးနှစ်၊ ရဟန်းအဖြစ် နှစ်ပေါင်း ၂၀ နေခဲ့သည်။ ထိုနေစဉ် အတွင်း 'သာသနဓဇသိရီပဝရ ဓမ္မာစရိယ(၁၃၁၁)၊ သာသနပါလ ဓမ္မာစရိယ (၁၃၀၉)၊ စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက (ရွှေတံဆိပ်ရ အဋ္ဌကထာပြန်အကျော် ဝင့်သကာ၊ ၁၃၁၂ ခု) ဟူ သော ဓမ္မာစရိယစာချဘွဲ့များကို ရရှိခဲ့၍ ရန်ကုန် တက္ကသိုလ်မှ ဥပစာတန်းကို အောင်မြင်ခဲ့သည်။

– ရိုးရိုးစာချအဖြစ် ၁၅ နှစ်၊ ပါဠိတက္ကသိုလ် ကထိက စာချအဖြစ် ဓမ္မာစရိယတန်း စာသင်သားများကို ခုနစ်နှစ် စာပေကျမ်းဂန်များ ပို့ချခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌လည်း ဆဋ္ဌသံဂီတိပါဠိဝိသောဓက၊ ဆဋ္ဌသံဂီတိကာရကအဖြစ် ရွက်ဆောင်၍ သာသနာပြုခဲ့သည်။

– အသက် ၄၀ တွင် သာသနာ့ဘောင်၌ မနေနိုင်လောက်အောင် လေရောဂါစွဲကပ်မှုကြောင့် လူဝတ်လဲခဲ့ရသည်။

❖ ၁၉၆၅ ခုနှစ် – တွင် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ အသက် ၄၂ နှစ်တွင် တောင်စွန်းမြို့သူ ဒေါ်အေးသိန်း (အထည်ကုန်သည်)နှင့် ထိမ်းမြားလက်ထပ်ခဲ့ရာ သားသမီးလေးယောက် ထွန်းကားခဲ့သည်။ အစိုးရပညာရေးဌာနတွင် မူလတန်းပြဆရာ၊ အလယ်တန်းပြဆရာ၊ အထက်တန်းပြဆရာများအဖြစ် ခြောက်နှစ် အမှုထမ်းခဲ့သည်။

❖ ၁၉၇၀ ပြည့်နှစ် – တွင် ပညာရေးဌာနမှ သာသနာရေးဌာနသို့ ပြောင်းရွှေ့၍ သာသနာရေးဌာနတွင် စာတည်းအယ်ဒီတာ၊ ကျမ်းပြုဌာနမှူး၊ လက်ထောက် ညွှန်ကြားရေးမှူးအဖြစ် ၁၉၈၆ ခုနှစ်အထိ အမှုထမ်းခဲ့သည်။ အငြိမ်းစားယူပြီးနောက် ပိဋကတ်တော် (အင်္ဂလိပ်) ဘာသာပြန်စာပေ ဖြန့်ချိရေးအဖွဲ့ကြီးတွင် ဓမ္မရေးရာ စာတည်းပညာရှင်အဖြစ် သုံးနှစ် တာဝန်ထမ်းဆောင်ခဲ့သည်။

❖ ၁၉၉၃ ခုနှစ် – မှ ၁၉၉၆ ခုနှစ်အထိ သာသနာရေးဝန်ကြီးဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် အမှုထမ်းခဲ့သည်။

❖ ၁၉၅၆ ခုနှစ် – တွင် စာပေဗိမာန်မှ အနာကင်းခြင်း၊ စောင့်ခြင်းသီလစသော ကြီးပွားကြောင်းခြောက်ပါးကို တစ်ပါးလျှင်ဆောင်းပါးတစ်စောင်ကျစီ ရေးသား ယှဉ်ပြိုင်နိုင်

ကြောင်း ကြေညာရာ၌ အနာကင်းခြင်း အကြောင်း အရာတစ်ခုနှင့်သာ ပတ်သက်၍ စာလုံးရေကန့်သတ်ချက်အတိုင်း ဆောင်းပါးရှည်ကြီးတစ်စောင် ရေးသားယှဉ်ပြိုင်ခဲ့ရာ တစ်နိုင်ငံလုံးတွင် ဒုတိယဆု ရရှိခဲ့သည်။ ပထမဆုရသူ လုံးဝမရှိ။ ထိုဆောင်းပါးမှစ၍ စာပေနယ်သို့ဝင်ရောက်ခဲ့ရာ ယခုအချိန်အထိ စာနယ်ဇင်းများတွင် ဆောင်းပါးများ ရေးသားလျက် ရှိသည်။

- ကျမ်းစာအုပ်များ၊ မြန်မာ့ယဉ်ကျေးမှု စာအုပ်များကိုလည်း ရေးသားထုတ်ဝေခဲ့ရာ ကိုးအုပ် ရှိသွားပြီဖြစ်သည်။
- သာသနာ့ရောင်ခြည် အယ်ဒီတာချုပ်၊ မြတ်ဆုမွန်မဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ် စာပေတာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။
- မြတ်ဆုမွန်မဂ္ဂဇင်းထွက်ချိန်မှစ၍ ဘာသာရေးအမေးအဖြေကဏ္ဍကို တာဝန်ယူကာ တစ်နိုင်ငံလုံးမှ မေးသမျှတို့ကို ထေရဝါဒပိဋက ကျမ်းဂန်နှင့်အညီ နှစ်ပေါင်းအတန်ကြာ ဖြေဆိုကာ ဓမ္မဒါနပြုခဲ့သည်။
- သာသနာပြုစိတ်ဓာတ် အပြည့်အဝဖြင့် ဝိုင်အမ်ဘီအေအသင်းကြီး၌ မင်္ဂလာသင်တန်းကို နှစ်ပေါင်း ၃၀၊ အဘိဓမ္မာသင်တန်းကို ၁၅ နှစ် ပို့ချသင်ကြားပေးခဲ့သည်။
- ပါဠိပိဋကစာပေပညာရှင်အဖြစ် စေတိယင်္ဂဏအသင်းကြီး၌ ၂၇ နှစ်၊ ပဲခူး ဝိနယာဓိက ပရိယတ္တိအသင်းကြီးတွင် ၂၂ နှစ်၊ မင်္ဂလာဗျူဟာ သာမဏေကျော် စာမေးပွဲကြီး၌ ငါးနှစ် ဆောင်ရွက် သာသနာပြုခဲ့သည်။

❖ ၁၉၉၄ ခုနှစ် – တွင် ဆရာကြီးအား မဟာသဒ္ဓမ္မဇောတိကဓဇ ဟူ

သော သာသနာပြုဘွဲ့တံဆိပ်ကို နိုင်ငံတော်အစိုးရက ချီးမြှင့်အပ်နှင်းခဲ့သည်။

- ၁၉၉၆ ခုနှစ် – မှစ၍ ဝိုင်အမ်ဘီအေအသင်း၊ မင်္ဂလာဗျူဟာ အသင်း၊ ညောင်တုန်းမြို့နယ်အသင်းနှင့် မင်္ဂလာဗျူဟာ သာမဏေကျော် စာတော်ပြန်ပွဲအဖွဲ့တို့၏ နာယကကြီးဖြစ်သော ဆရာကြီးဦးအေးနိုင်သည် သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ ပိဋကတ်တော် (အင်္ဂလိပ်) ဘာသာပြန် စာတည်းအဖွဲ့တွင် ဓမ္မရေးရာ စာတည်းပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ကာ သာသနာပြုခဲ့ပါသည်။
- ၂၀၀၉ ခုနှစ် – ဧပြီလ ၂၃ ရက်နေ့တွင် ဘာသာ သာသနာအကျိုးသယ်ပိုးထမ်းဆောင်ရင်း ကွယ်လွန်ခဲ့သည်။

❒

အလင်းသစ်စာပေမှ

## ထုတ်ဝေပြီးသောစာအုပ်များ


| | |
|---|---|
| ၁၂၀။ အသက် ၁၀၀ နေလိုပါသလား | ကြည်လွင်မြင့်(မုဒြာ) |
| ၁၂၁။ အံ့ဖွယ်လူ့ဝင်စားမှုများနှင့် ဘာသာရေးဆောင်းပါးများ | ခင်ဧ(စက်မှု) |
| ၁၂၂။ ၃၈ ဖြာမင်္ဂလာ ပုံပြင်များ | မင်းယုဝေ |
| ၁၂၃။ ဘဝအမြင့်သို့ တက်လှမ်းနိုင်ကြသူများ | မုံရွာဝင်းဖေ |
| ၁၂၄။ အဆင့်မြင့်အင်္ဂလိပ်စကားပြော | ချိုထွန်း |
| ၁၂၅။ အလင်းသစ်အရာရှိယော်ဝင်ခွင့်လမ်းညွှန် (အင်္ဂလိပ်စာ) | အလင်းသစ်စာတည်းအဖွဲ့ |
| ၁၂၆။ လူ့တိုင်းအတွက် အိမ်ခြံမြေလမ်းညွှန် | ဇော်မြင့်ဦး (GEOG) |
| ၁၂၇။ သမိုင်းရနံ့ ပျံ့ပျံ့သင်းသင်း | ဦးစိန်မောင်ဦး (ရှေးဟောင်းသုတေသန) |
| ၁၂၈။ ဗုဒ္ဓ၏အဆုံးအမတော်များ | မင်းနန်(မော်ကျွန်း) |
| ၁၂၉။ မျက်နှာသစ်ပြီးမှ သွားတိုက်ပါနှင့် နေ့စဉ်ဘဝ နေထိုင်နည်းများ | ကြည်လွင်မြင့်(မုဒြာ) |


## ယခု


| | |
|---|---|
| ၁၃၀။ ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ပွဲတော်များ | ဓမ္မာစရိယဦးအေးနိုင်(ဘီအေ) |


## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ


| | |
|---|---|
| ၁၃၁။ အမြတ်ဆုံးအမွေမိတ်ဆက် | မင်းနန်(မော်ကျွန်း) |
| ၁၃၂။ စကားတစ်ခွန်း အညွှန်းများစွာ | မြဝင်း(ဒဿန) |
| ၁၃၃။ ဘော့ကျန် | ရဲမြလွင် |
| ၁၃၄။ ဗုဒ္ဓနှင့်ဗုဒ္ဓဂုဏ်ရည် | အရှင်သံဝရာလင်္ကာရ ဓမ္မပိယဆရာတော် |
| ၁၃၅။ မိမ္မိသာရ | ပါရဂူ |

ဤစာအုပ်တွင် ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံပွဲများနှင့် ပတ်သက်၍
လောကီ၊ လောကုတ္တရာ ဗဟုသုတအဖြာဖြာတို့ကို ရှာဖွေစုဆောင်း တင်ပြထားသည်။

နှစ်ကျိုပ်ရှစ်ဆူပူဇော်ပွဲ၊ ဘုရားအနေကဇာတင်ပွဲ၊ ဘုရားကိုးဆူပူဇော်ပွဲ၊
ရှင်ဥပဂုတ်ပူဇော်ပွဲ၊ အာစရိယပူဇော်ပွဲ၊ သီတင်းကျွတ် သက်ကြီးဝါကြီးပူဇော်ကန်တော့ပွဲ၊
အသံမစဲ ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲ၊ ပရိတ်တရားတော် ရွတ်ဖတ်နာယူပွဲ၊ ဆွမ်းသွတ်တရားနာယူပွဲ၊
ဆွမ်းတော်ကြီး လောင်းလှူပွဲ၊ စတုဒိသာကျွေးပွဲနှင့် နိဗ္ဗာန်ဈေးအလှူပွဲ၊ မဟာဒုက် ဆွမ်းအလှူပွဲ၊
ရှင်ပြုမင်္ဂလာပွဲ၊ ထိမ်းမြားမင်္ဂလာပွဲ၊ အိမ်တက်မင်္ဂလာပွဲ၊ ရတုသဘင်ပွဲနှင့် မွေးနေ့မင်္ဂလာပွဲများ၊
ဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပွဲ တို့ ပါဝင်ပါသည်။

ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)

ဗုဒ္ဓယဉ်ကျေးမှု

# မြန်မာ့ဓလေ့ပွဲတော်များ

